မြန်မာ့ စီးပွားရေးဝန်းကျင် ညွှန်းကိန်း ၂၀၂၀

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအုပ်ချုပ်မှုကို တိုင်းတာခြင်း

Edmund Malesky, Dean Dulay, Ville Peltovuori

The Asia Foundation

DaNa Facility
Empowering Enterprise

UKaid
from the British people

ဦးဆောင်သုတေသီနှင့် စာရေးသူ

Edmund Malesky
Dean Dulay
Ville Peltovuori

အဓိက သုတေသနအဖွဲ့

ကျော်သူ
မရစ်ဂျာဒိမ်
ဉာဏ်ဝင်း
ဖြိုးဝေထွန်း
ဆန်းရီ
သီရိမောင်
ရဲဝဏ္ဏလှိုင်

ပြန်လည်သုံးသပ်ပေးသူများ

Jon Keesecker
Kim Ninh
Peter Yates

မြန်မာဘာသာပြန်နှင့် တည်းဖြတ်

အောင်နိုင်
ဝေဖြိုးမောင်
စောဆာဂေးဒို

ဂရပ်ဖစ်ဒီဇိုင်း

ရဲထွတ်ဦး
အိမွန်ကျော်

ဓာတ်ပုံ

ရဲထွတ်ဦး

အယ်ဒီတာ

John H. Rieger

© 2020 The Asia Foundation

အာရှဖောင်ဒေးရှင်း၏ တရားဝင်ခွင့်ပြုချက် တစုံတရာမပါဘဲ
ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ
ပြန်လည်ဖြန့်ဖြူးထုတ်ဝေခြင်း အလျဉ်းမပြုလုပ်ရ။

အမှတ် ၁၁၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း
အနောက်ငါးထပ်ကြီးရပ်ကွက်
ဗဟန်းမြို့နယ်၊ ရန်ကုန်

အမှာစာ

များမကြာမီက မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော ပြုပြင်ပြောင်းလဲမှုများသည် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ဖြစ်စဉ် တစ်ရပ်ဆီသို့ ဦးတည်လာခဲ့ပြီး ၎င်းဖြစ်စဉ်တွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် နိုင်ငံသားများ၏ နိုင်ငံရေးနှင့် စီးပွားရေး ဘဝတွင် ဆထက်ထမ်းပိုး အရေးကြီးသော အခန်းကဏ္ဍမှ ဆောင်ရွက်နိုင်သည့် အနေအထားသို့ ရောက်ရှိလာကြသည်။ မြောက်မြားစွာသော မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ပြည်ထောင်စု အဆင့်မှသာ အဆုံးအဖြတ် ပေးလျက်ရှိနေသေး သော်လည်း မြန်မာနိုင်ငံကဲ့သို့ စုံလင်ကွဲပြားလှသော တိုင်းပြည်တစ်ပြည်တွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ရှေ့ဆက်ရေးနှင့် ဒေသခံပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ရေး တို့တွင် အလွန်တရာအရေးကြီးသော ဇာတ်ကောင်များ ဖြစ်လာကြသည်ကို ပိုမိုရှင်သန်ရှိလက်ခံလာကြသည်။ ဆယ်စုနှစ်ချီ ဗဟိုမှချုပ်ကိုင်ထားသော တပ်မတော်အုပ်ချုပ်ရေးကာလအလွန်တွင် ဤသည်မှာ အံ့သြဖွယ်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်သော်လည်း လွန်စွာနုနယ်သည့် အဆင့်တွင်သာ ရှိနေသေးသည့်အလျောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေး ယန္တရားများ၊ ကျင့်ထုံးများနှင့် စွမ်းဆောင်ရည်တို့ကို ယခုထက်များစွာပိုမိုကောင်းမွန်လာအောင် ပြုလုပ်ရန်နှင့် အဆိုပါတာဝန်အသစ် များကို ဖြည့်ဆည်းနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေဦးမည် ဖြစ်ပါသည်။ အဆိုပါ ဒီမိုကရေစီအုပ်ချုပ်ရေး ဆင့်ကဲဖြစ်ပေါ်တိုးတက်မှုကို လုပ်ထုံးလုပ်နည်း ခိုင်မာလာသည်အထိ အချိန်များစွာပေးရဦးမည်ဖြစ်သော်လည်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် ၎င်းတို့၏အခန်းကဏ္ဍသစ်များတွင် ပိုမိုအထိုင်ကျလာသည့်အတွက် အမိလိုက်ပါဆောင်ရွက်မှုနှင့် ဆန်းသစ်တီထွင်နိုင်မှု လက္ခဏာရပ်များကိုပါ မြင်တွေ့နေရပြီးဖြစ်သည်။

ပြည်ထောင်စုနှင့် ပြည်နယ် / တိုင်းဒေသကြီးအဆင့်နှစ်ရပ်လုံးရှိ အစိုးရများအတွက် လွန်စွာ စိုးရိမ်ရသည့် ကိစ္စတစ်ခုမှာ ဝင်ငွေနှင့် စီးပွားရေးအခြေအနေ ကောင်းမွန်စေရေး၊ အလုပ်အကိုင်နှင့် လုပ်ငန်းသစ်များ ဖန်တီးနိုင်ရေးနှင့်၊ အစိုးရ အနေဖြင့် နိုင်ငံသားများအတွက် အခြေခံဝန်ဆောင်မှုများ ပြုလုပ်ပေးနိုင်ရန် အလို့ငှာ အခွန်ကို အခြေခံသည် ဘဏ္ဍာငွေများ တိုးတက်လာစေရေးအတွက် မရှိမဖြစ် လိုအပ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်ရလာစေရန် မည်သို့ပြုလုပ်မည် ဟူသောအချက် ဖြစ်သည်။ လှုပ်ရှားမှုအားကောင်းသော ပုဂ္ဂလိက ကဏ္ဍတစ်ရပ်သည် တည်ငြိမ်သော စီးပွားရေး ဖွံ့ဖြိုးမှုနှင့် တိုးတက် ထွန်းကားလားသော ရင်ရွှာအစုအဖွဲ့များအတွက် အခရာကျပြီး၊ ပို၍ သေချာရောရာမှုရှိသော စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ်သည်လည်း အစိုးရများအတွက်ရော နိုင်ငံသားများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုး ကျေးဇူးများစွာ ဆောင်ကြဉ်းလာနိုင်ပါသည်။ ဤအကျိုးကျေးဇူးများသည် ပုံသဏ္ဌာန်မျိုးစုံဖြင့် ထွက်ပေါ်လာနိုင်ပါသည်။ ဥပမာ ကုန်စည်၊ ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ပိုမိုလွယ်ကူချောမွေ့စွာ စီးဆင်းသွားလာနိုင်စေရေးအတွက် လမ်းတံတား များ ဆောက်လုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်စွမ်းအားမြင့်မားစေမည့် ကျွမ်းကျင်လုပ်သားများထွက်ပေါ် လာစေရေးကို အားပေးခြင်း၊ စီးပွားရေး စာချုပ်စာတမ်းများကို ဥပဒေဖြင့် အကာအကွယ်ပေးခြင်းနှင့် စီးပွားရေး အငြင်းပွားမှုများကို ပွင့်လင်းမြင်သာမှုရှိပြီး မျှတသောနည်းလမ်းဖြင့် ဖြေရှင်းပေးခြင်းတို့အပြင် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အခွန်ပေးဆောင်ခြင်း အစရှိသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် စီးပွားရေးလုပ်ငန်းများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေခြင်းတို့ ဖြစ်ပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် လျင်မြန်စွာဖွံ့ဖြိုးလာသော အီလက်ထရောနစ်ကုန်သွယ်မှု (e-commerce) ခေတ်တွင် အစိုးရဝန်ဆောင်မှုများ လျင်မြန်ချောမွေ့စေရန်နှင့် အစိုးရအဖွဲ့နှင့် ၎င်းဝန်ဆောင်မှု များကို နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းများထံ ညွှန်ကြားရာ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အသုံးချနိုင်ရန် လိုအပ်သည်ဟူသော အချက်ကို ကိုရိုနာဗိုင်းရပ် (Covid-19) ကပ်ရောဂါမှ ပို၍ပင် ထင်ရှားလာစေသည်။ အဆိုပါစီးပွားရေးပတ်ဝန်းကျင်၏ အစိတ်အပိုင်းများသည် နေရာတကျ ရှိမနေပါက စီးပွားရေး လုပ်ငန်းတစ်ခုစတင်ရန်နှင့် လည်ပတ်ရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးအသင်းအဖွဲ့များထံ ကျယ်ပြန့်စွာဖြန့်ချီပေးခဲ့ပါသည်။ မြန်မာအခြားဒေသများနှင့် နိုင်ငံရပ်ခြားရှိ စီးပွားရေးလုပ်ငန်းများကို ယှဉ်ပြိုင်ရန် လွန်စွာ ခက်ခဲလိမ့်မည်ဖြစ်သည်။

ယင်းသို့သော အနေအထားတွင် အာရှဖောင်ဒေးရှင်းမှ မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း (MBEI) ကို ၂၀၁၈ ခုနှစ်တွင် ပထမဆုံးစတင်မိတ်ဆက်လိုက်သည်။ အဆိုပါ ညွှန်ကိန်းတွင် နိုင်ငံအဝှမ်းရှိ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေး ကဏ္ဍများမှ မြန်မာ့စီးပွားရေးလုပ်ငန်းပေါင်း ၄,၈၇၄ ခုကို စစ်တမ်းကောက်ယူခဲ့သည့်အပြင် ၎င်းလုပ်ငန်းများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရန် အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပစ်မှတ်ထားဆောင်ရွက်ရမည့် နေရာများကို ဖော်ပြသော ပိုမိုပြီးပြည့်စုံပြီး အသေးစိတ်သည့် ကားချပ်တစ်ခုကို မြေပုံ ပြုနိုင်ဖို့ရာ အခြားသော hard data ပမာဏ မြောက်မြားစွာကိုလည်း စုစည်းခဲ့ပါသည်။ ရလဒ်များကို ၂၀၁၉ ခုနှစ် တွင် ပုံနှိပ်ထုတ်ဝေပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးရှိ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေး အသင်းအဖွဲ့များထံ ကျယ်ပြန့်စွာ ဖြန့်ချီပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းမှ MBEI ဒုတိယအကြိမ်ကို

ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်တွင် နိုင်ငံအဝှမ်းမှ လုပ်ငန်းပေါင်း ၅,၆၀၅ ခုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ နှစ်နှစ်ခြား၍ နှစ်ကြိမ်ပြုလုပ်ခြင်းကြောင့် ဤကြားကာလအတွင်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများ ရောက်ရှိခဲ့သည့် တိုးတက်မှုကို စတင်ခြေရာကောက်လာနိုင်ပါသည်။

၂၀၂၀ ခုနှစ် MBEI တွင် ပထမအကြိမ် MBEI မှ သုတေသန နည်းလမ်းပိုင်းအဆင့်မြှင့်ဆောင်ရွက်မှုများ ပါဝင်ပြီး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်အရာရှိများသာမက ဆုံးဖြတ်ချက်ပြုလုပ်သူများအတွက်ပါ စီးပွားရေးပတ်ဝန်းကျင်၏ မျက်နှာစာများကို ပိုမိုခိုင်မာစွာ တိုင်းတာနိုင်မည့် ညွှန်ကိန်းသစ်များကိုလည်း ထည့်သွင်းပေးထားပါသည်။ စီးပွားရေးပတ်ဝန်းကျင်ကို စံသတ်မှတ်မှုများ ပြုလုပ်ခြင်းဖြင့် အစိုးရများအား ပစ်မှတ်ထားရမည့် မူဝါဒပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာနိုင်စေခြင်းသည် နိုင်ငံများစွာတွင် ပြုလုပ်လျက်ရှိသည့် အာရှဖောင်ဒေးရှင်း၏ ထူးခြားသော အစီအစဉ် တစ်ရပ်ဖြစ်ပါသည်။ အအောင်မြင်ဆုံး သာဓကမှာ ဗီယက်နမ် ပြည်နယ်အဆင့် ပြိုင်ဆိုင်မှု အညွှန်းကိန်း (PCI) ဖြစ်သည်။ များမကြာမီကမှ ၎င်း၏ ၁၅ နှစ်မြောက် နှစ်ပတ်လည်ကို ပြုလုပ်ခဲ့ပြီး ယခုအခါ အစိုးရ၏ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုအစီအစဉ်တို့တွင် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လေပြီ။ PCI ကို အလွှာအားလုံးရှိ အစိုးရများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ မီဒီယာ၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများမှ ကျယ်ပြန့်စွာ အသုံးပြုနေကြပါသည်။ အဦးဆုံး MBEI စစ်တမ်းနှစ်ရပ်သည် မြန်မာ့စီးပွားရေး ပတ်ဝန်းကျင်ကို ပုံမှန်ကျိုးကြောင်းဇစ်မြစ်ရှာဖွေရေးကို အုတ်မြစ်ချပေးပြီး နောက်အနာဂတ်တွင်လည်း စဉ်ဆက်မပြတ် အသုံးပြုသွားကြစေရန် မျှော်လင့်ပါသည်။

MBEI နှင့် စပ်လျဉ်း၍ အာရှဖောင်ဒေးရှင်း၏ ပန်းတိုင်မှာ အစိုးရအရာရှိများအား ၎င်းတို့၏ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်တို့ရှိ စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုနားလည်စေရန် သတင်းအချက်အလက်များနှင့် နည်းလမ်းကိရိယာများ ပေးအပ်ပြီး၊ သက်ဆိုင်ရာ ဒေသန္တရနယ်ပယ်များရှိ စီးပွားရေးလုပ်ငန်းများ တိုးတက်ကြီးပွားလာစေရန် ပြုပြင်ပြောင်းလဲမှုများကို ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် ဦးစားပေးရွေးချယ်ခြင်းတို့တွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် အခြား သက်ဆိုင်သူများအတွက် ဤအစီရင်ခံစာသည် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ တန်ဖိုးရှိသော အရင်းမြစ်တစ်ခု ဖြစ်လာသည်ဟု မျှော်လင့်ပါသည်။ ဖော်ပြပါရလဒ်များသည် MBEI အတွက် တစ်စိတ်တစ်ဒေသ စုဆောင်းကောက်ယူခဲ့သည့် ဒေတာအစုအဝေးကြီး၏ တစ်စိတ်တစ်ပိုင်းမျှသာ ရှိပါသည်။ ညွှန်ကိန်းအားလုံး၏ အသေးစိတ်သော ဒေတာများကို စစ်တမ်းပါ မြို့နယ်များအတွက် မြို့နယ်အဆင့်ထိ ရရှိနိုင်သည်ဖြစ်၍ မည်သူမဆို ၎င်းတို့နှင့် သက်ဆိုင်သည့် လိုအပ်ချက်များ၊ စိတ်ပါဝင်စားမှုများနှင့် ပထဝီဝင် ဧရိယာများအတွက် ယင်းဒေတာများကို စူးစမ်းလေ့လာကြည့်ရန် တိုက်တွန်းလိုပါသည်။ MBEI ဒေတာများကို https://opendevelopmentmyanmar.net/mbei တွင် ကြည့်ရှုနိုင်ပါသည်။ အာရှဖောင်ဒေးရှင်းမှ ထုတ်ဝေသည့် အခြားသော ဆက်စပ်အစီရင်ခံစာများတွင် ပထမ MBEI အစီရင်ခံစာဖြစ်သည့် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း ၂၀၁၉ (ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး အုပ်ချုပ်မှုကို တိုင်းတာခြင်း) အပြင် နောက်ထပ် အစီရင်ခံစာ နှစ်စောင်ဖြစ်သည့် မြန်မာ့စီးပွားရေး စီမံအုပ်ချုပ်မှုအတွင်းရှိ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံဒေသန္တရ စီးပွားရေးအုပ်ချုပ်စီမံမှု၏ ကောင်းမွန်သော အလေ့အကျင့်များ (မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၁၉ မှ တွေ့ရှိချက်များ) တို့လည်း ပါဝင်ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ၌ Covid-19 အကျိုးဆက်ကို စီးပွားရေးလုပ်ငန်းများဒဏ်ခံနေကြရသည့်အတွက် အာရှဖောင်ဒေးရှင်းမှ မြန်မာ့ စီးပွားရေး လုပ်ငန်းများ ရင်ဆိုင်နေရသည့် ပြဿနာများကို သိရှိနိုင်ဖို့ရာ လုပ်ငန်းပေါင်း ၇၅၀ ကို အလျင်အမြန် စစ်တမ်းကောက်ယူပြီး ထွက်ပေါ်လာသော ရလဒ်များအား "စီးပွားရေး လုပ်ငန်းများအပေါ် Covid-19 ကမ္ဘာ့ကပ်ရောဂါ သက်ရောက်မှုကို လေ့လာဆန်းစစ်ခြင်း" ဟူသော အစီရင်ခံစာတစ်စောင်တွင် တင်ပြခဲ့ပါသည်။ ဖော်ပြပါ အစီရင်ခံစာများ အားလုံးကို အာရှဖောင်ဒေးရှင်း၏ ဝက်ဘ်ဆိုဒ် www.asiafoundation.org တွင် ရယူနိုင်ပါသည်။

MBEI စီမံကိန်းကို DaNa Facility မှတစ်ဆင့် UK Aid မှ ရက်ရောစွာ ဘဏ္ဍာငွေ ထောက်ပံ့ခဲ့ပါသည်။ အစီရင်ခံစာတွင် ဖော်ပြထားသည့် ထင်မြင်ချက်များသည် စာရေးသူများနှင့်သာ လုံးဝသက်ဆိုင်ပြီး မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၊ အာရှဖောင်ဒေးရှင်း၊ UK Aid နှင့် DaNa Facility တို့မှ ပုဂ္ဂိုလ်များနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိပါ။

Kim N. B. Ninh, Ph.D.
ယာယီ ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း၊ မြန်မာ

ကျေးဇူးတင်လွှာ

MBEI သည် အာရှဖောင်ဒေးရှင်း၊ DaNa Facility နှင့် စီမံကိန်း၏ ဘဏ္ဍာငွေ ထောက်ပံ့သူ DFID တို့ကြား စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာသော အသီးအပွင့် ဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အင်တိုက်အားတိုက်ကြီးကြပ်မှုနှင့် ကူညီထောက်ပံ့မှု တို့ကြောင့်သာ MBEI ကို ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ တွေ့ရှိချက်များကို အကောင်အထည်ဖော်ရန်မှာမူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ စိတ်ပါဝင်စားမှုနှင့် ကူညီထောက်ပံ့မှုအပေါ်များစွာ မူတည်လျက်ရှိပါသည်။ ဒေတာကောက်ယူရာတွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ပတ်သက်ဆက်နွယ်သူများကိုလည်း ကျွန်ုပ်တို့အနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါသည်။ အစီရင်ခံစာပါ တွေ့ရှိချက်များကို အသုံးချရာတွင် ၎င်းတို့သည် လွန်စွာအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြလိမ့်မည် ဖြစ်ပါသည်။

ဤသုတေသနစီမံကိန်းကို မြန်မာနိုင်ငံ အာရှဖောင်ဒေးရှင်း၏ ဌာနေကိုယ်စားလှယ်များ ဖြစ်ကြသော Dr. Kim N.B Ninh နှင့် Dr. Matthew B. Arnold တို့၏ ဦးဆောင်မှုအောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး Peter Brimble (အကြီးတန်း နည်းပညာ အကြံပေး၊ DaNa Facility၊) ဦးလင်းမောင်မောင် (ကုန်သွယ်ရေးမြှင့်တင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဦးဆောင်အရာရှိ၊ DaNa Facility) နှင့် Tom Coward (အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုများဆိုင်ရာ အဖွဲ့ခေါင်းဆောင်) နှင့် Priti Prajapati (ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကြံပေးအရာရှိ DFID) တို့၏ ကူညီဆောင်ရွက်မှုနှင့် ကြိုးစားအားထုတ်မှုတို့ကြောင့်လည်း များစွာအကျိုးဖြစ်ထွန်းခဲ့ရပါသည်။

Duke တက္ကသိုလ်မှ နိုင်ငံရေးဘောဂဗေဒ ပါမောက္ခနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၏ ညွှန်ကြားရေးမှူး ဖြစ်သူ Edmund Malesky မှ MBEI သုတေသနနည်းလမ်းဖော်ဆောင်မှုပိုင်းတွင် ဦးဆောင်မှုပေးခဲ့ပြီး စိစစ်လေ့လာမှု ထွက်ပေါ်လာသော တွေ့ရှိချက်များကို တင်ပြရာတွင်လည်း ပင်တိုင်စာရေးသူအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။ Duke တက္ကသိုလ်မှ ပါရဂူဘွဲ့ ကျမ်းပြုလျက်ရှိသူ Dean Dulay မှလည်း လက်ထောက်သုတေသီနှင့် အစီရင်ခံစာ တွဲဖက်ရေးသားသူအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။ Duke လက်ထောက်သုတေသီနှစ်ဦးမှလည်း တန်ဖိုးရှိလှစွာသော အကူအညီပေးခဲ့ကြပါသေးသည်။ Nitin Subramian မှ ဒေတာ သရုပ်ဖော်မှုပိုင်းတွင် အကူအညီပေးခဲ့ပြီး Alessandra Waggoner မှ နောက်ခံသုတေသန ပြုလုပ်ပေးခဲ့ပါသည်။

အလွန်တရာ အရေးကြီးလှသည် ဒေတာကောက်ယူမှုကို အာရှဖောင်ဒေးရှင်း (ရန်ကုန်) သုတေသနအဖွဲ့မှ Ville Peltovuori ခေါင်းဆောင်မှုဖြင့် ပြုလုပ်ပေးခဲ့ကြပါသည်။ ထို့အပြင် စစ်တမ်းကောက်ယူမှု အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ခြင်းနှင့် စစ်တမ်းသုတေသန နည်းလမ်းအချောသတ်ရာတွင် အကူအညီပေးခြင်းတို့ကို သာမက ဒေတာ စိစစ်လေ့လာမှုတွင်ပါ ၎င်းကိုယ်တိုင် ဆောင်ရွက်ပေးခဲ့ပါသည်။ MBEI စီမံကိန်း အဖွဲ့မှ ကျော်သူ၊ ဉာဏ်ဝင်း၊ Jon Keesecker၊ မရစ်ဂျာဒိမ်၊ ဆန်းရီ၊ ရဲဝဏ္ဏလှိုင်၊ ဖြိုးဝေထွန်းနှင့် သီရိမောင် တို့မှ တန်ဖိုးရှိလှသော နောက်ခံသုတေသနကို ပြုလုပ်ပေးခြင်း၊ စောင့်ကြည့်လေ့လာမှု ဒေတာများ ကောက်ယူပေးခြင်းများအပြင် အဆုံးသတ် အစီရင်ခံစာ အဆင်ပြေချောမွေ့စွာထွက်ပေါ်လာစေရေးအတွက် ထပ်တိုးအကြံပြုချက်နှင့် အခြေအနေ လေ့လာသုံးသပ်ချက်တို့ကိုပါ ပြုလုပ်ပေးခဲ့ကြပါသည်။

အစီရင်ခံစာ သို့မဟုတ် အစီရင်ခံစာပါ အချက်အလက်များကို ရည်ညွှန်းသည့်အခါတွင် ဤကိုးကားချက် အတိုင်း ဖော်ပြပေးပါရန် အကြံပြုအပ်ပါသည်။

Malesky, E.J., D.Dulay, V.Peltovuori. 2020. ***The Myanmar Business Environment Index: Measuring Economic Governance for Private- Sector Development.***
Yangon: Tthe DaNa Facility and The Asia Foundation: Yangon, MY.

အတိုကောက်မှတ်စု

ACC	အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်
CDC	မြို့တော်စည်ပင်သာယာရေးကော်မတီ
CEO	အမှုဆောင်အရာရှိချုပ်
CSO	ဗဟိုစာရင်းအင်းအဖွဲ့
DALMS	လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
DAO	စည်ပင်သာယာရေးအဖွဲ့
DFID	ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန
DICA	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန
DISI	စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
EGI	စီးပွားရေးအုပ်ချုပ်မှုအညွှန်းကိန်း
GAD	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
GDP	စုစုပေါင်းပြည်တွင်းထွက်ကုန်
IPCC	ရာသီဥတုပြောင်းလဲမှု အစိုးရများဆိုင်ရာအဖွဲ့
kW	ကီလိုဝပ်
LURC	မြေအသုံးချခွင့်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်
MBEI	မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း
MOLIP	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
MSIC	စီးပွားရေးလုပ်ငန်းများ အမျိုးအစား ခွဲခြားခြင်းဆိုင်ရာ မြန်မာ့စံပြု သင်္ကေတများ
MyCO	အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စနစ်
NLD	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
OSS	ပြည်သူ့ဝန်ဆောင်မှုရုံး
PCI	ပြည်နယ်အဆင့်ပြိုင်ဆိုင်မှုအညွှန်းကိန်း [ဗီယက်နမ်]
PPS	နမူနာအုပ်စုများ၏ ဦးရေအချိုးအစားအလိုက် ဖြစ်တန်စွမ်းပေး၍ [နမူနာရွေးချယ်ခြင်းနည်းလမ်း]
SD	စံတိမ်းချက်
S/R	ပြည်နယ်/တိုင်းဒေသကြီး
SRS	အလွှာလိုက် ကျပန်း နမူနာကောက်ယူခြင်း
SMEs	အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ
SOE	အစိုးရပိုင် စီးပွားရေး လုပ်ငန်းများ
TDI	မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုညွှန်ကိန်းများ

မာတိကာ

၄ အမှာစာ
၆ ကျေးဇူးတင်လွှာ
၇ အတိုကောက်မှတ်စု
၁၀ အစီရင်ခံစာ အနှစ်ချုပ်

အခန်း(၁)
၁၇ မိတ်ဆက်နှင့်အဓိက တွေ့ရှိချက်များ

၁၇ ၁.၁။ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် စီးပွားရေးအုပ်ချုပ်မှု အရေးပါခြင်းအကြောင်းရင်း
၁၉ ၁.၂။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု မြင့်မားစေရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး စီးပွားရေးအုပ်ချုပ်မှုကို တိုင်းတာခြင်း
၂၁ ၁.၃။ စီးပွားရေး အုပ်ချုပ်မှုဆိုသည်မှာ အဘယ်နည်း?
၂၂ ၁.၄။ MBEI ဦးစားပေးလေ့လာသည့် နယ်ပယ်နှင့် သုတေသန နည်းလမ်းအခြေခံ
၂၃ ၁.၄.၁။ MBEI တွင် ပါဝင်သည့် အကြောင်းအရာများနှင့် ညွှန်ကိန်းများ
၂၄ ၁.၄.၂။ အသုံးပြုသည့် သုတေသန နည်းလမ်းအကျဉ်းချုပ်

အခန်း(၂)
၃၀ ၂၀၂၀ MBEI ရလဒ်များ

၃၀ ၂.၁။ ပြည်နယ်နှင့်တိုင်းဒေသကြီး ရမှတ်များ
၃၅ ၂.၂။ မြို့နယ်အဆင့် ရမှတ်များ
၃၆ ၂.၃။ စီးပွားရေးတိုးတက်မှုအတွက် ပတ်သက်ဆက်စပ်မှုများ
၄၀ ၂.၄။ ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေး၏ ဤကြားကာလ အပြောင်းအလဲများကို မှတ်တမ်းတင်ခြင်း
၄၁ ၂.၄.၁။ မည်သည့် ပြည်နယ်/တိုင်းဒေသကြီးများသည် တိုးတက်မှု အရှိဆုံးဖြစ်သနည်း?
၄၃ ၂.၄.၂။ စီးပွားရေး အုပ်ချုပ်မှု၏ မည်သည့် အစိတ်အပိုင်းများမှာ တိုးတက်မှုအလျင်မြန်ဆုံး ဖြစ်သနည်း?
၄၉ ၂.၄.၃။ စီးပွားရေးအုပ်ချုပ်မှု၏ တိုးတက်မှု တုံ့ဆိုင်းနေသော နယ်ပယ်များ
၅၂ ၂.၄.၄။ စီးပွားရေးအုပ်ချုပ်မှု ကျဆင်းလာသည့် နယ်ပယ်များ
၅၄ ၂.၅။ တရားမဝင် ပေးချေရမှုများဆိုင်ရာ အထူးစိစစ်လေ့လာချက်
၆၀ ၂.၆။ ကောက်ချက်ချမှုများနှင့် မူဝါဒဆိုင်ရာ ပတ်သက်ဆက်စပ်မှုများ

အခန်း(၃)
၆၆ MBEI စစ်တမ်းကို မည်သူတို့က ဖြေဆိုပေးခဲ့ကြသနည်း?

၆၇ ၃.၁။ လုပ်ငန်းများ၏ သက်တမ်း
၆၉ ၃.၂။ အလုပ်သမားအရေအတွက်အရ လုပ်ငန်းများ၏ အရွယ်အစား
၇၀ ၃.၃။ ရှယ်ယာအရင်းအနှီးအရ လုပ်ငန်းများ၏ အရွယ်အစား
၇၂ ၃.၄။ တရားဝင်မှု အဆင့်
၇၄ ၃.၅။ ကဏ္ဍနှင့် လုပ်ငန်းအမျိုးအစား အထူးပြုချက်

အခန်း(၄)
၇၇ မြန်မာနိုင်ငံရှိစီးပွားရေးအုပ်ချုပ်မှု အခြေအနေ

၇၈ ၄.၁။ ကနဦး ကုန်ကျစရိတ်
၈၇ ၄.၂။ မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု
၉၇ ၄.၃။ မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
၁၀၅ ၄.၄။ တရားမဝင်ပေးချေရမှုများ

၁၁၁ ၄.၅။ အခြေခံ အဆောက်အအုံ
၁၂၁ ၄.၆။ ပွင့်လင်းမြင်သာမှု
၁၂၈ ၄.၇။ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
၁၃၄ ၄.၈။ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း
၁၃၉ ၄.၉။ လုပ်သားခန့်ထားနိုင်ရေး
၁၄၅ ၄.၁၀။ တရားဥပဒေစိုးမိုးမှု

အခန်း(၅)

၁၅၃ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စီးပွားရေးအုပ်ချုပ်မှု

၁၅၃ ၅.၁။ ကျိုးကြောင်းဆစ်မြစ်ရှာဖွေရေး နည်းလမ်းများ
၁၅၇ ၅.၂။ ပြည်နယ်နှင့် တိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၅၇ ကချင်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်
၁၅၈ ကယားပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်
၁၅၉ ကရင်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်
၁၆၀ ချင်းပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်
၁၆၁ စစ်ကိုင်းတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၆၂ တနင်္သာရီ တိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၆၃ ပဲခူးတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၆၄ မကွေးတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၆၅ မန္တလေးတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၆၆ မွန်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်
၁၆၇ ရခိုင်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်
၁၆၈ ရန်ကုန်တိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၆၉ ရှမ်းပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်
၁၇၀ ဧရာဝတီတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်
၁၇၁ နေပြည်တော်အပေါ် သရုပ်ခွဲလေ့လာချက်

အခန်း(၆)

၁၇၂ သုတေသန နည်းလမ်း

၁၇၂ ၆.၁။ ကောက်ယူခြင်း
၁၇၂ ၆.၁.၁။ လေ့လာစောင့်ကြည့်မှုနှင့် တရားဝင်ထုတ်ပြန်ထားသောဒေတာ
၁၇၃ ၆.၁.၂။ နိုင်ငံလုံးကျွတ် စီးပွားရေးစစ်တမ်း
၁၇၅ ၆.၁.၃။ နမူနာကောက်ယူသည့် မူဘောင်
၁၇၆ ၆.၁.၄။ ကျပန်းနမူနာကောက်ယူသော လုပ်ငန်းစဉ်
၁၇၉ ၆.၁.၅။ နမူနာ အရွယ်အစား
၁၈၃ ၆.၂။ အညွှန်းကိန်းခွဲများ တည်ဆောက်ခြင်း
၁၈၃ ၆.၂.၁။ ညွှန်ကိန်းများကို ပြန်လည်စကေးကိုက်ခြင်း
၁၈၃ ၆.၂.၂။ အညွှန်းကိန်းခွဲများဖန်တီးခြင်း
၁၈၄ ၆.၃။ ညွှန်းကိန်းခွဲများအား ညှိနှိုင်းပေါင်းစပ်ခြင်းနှင့် အရေးပါမှု အလေးတင်ကိန်းကို
တွက်ချက်သတ်မှတ်ခြင်း

၁၈၉ ကျမ်းကိုးစာရင်း
၁၉၄ အခန်းဆုံးမှတ်စု

အစီရင်ခံစာ အနှစ်ချုပ်

မြန်မာ့စီးပွားဝန်းကျင် ညွှန်းကိန်းသည် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းဆိုင်ရာ စည်းကြပ် ဆောင်ရွက်မှုများမှ အကန့်အသတ် အတားအဆီးများကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ပြီး၊ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ် စေမည့် ပြုပြင်ပြောင်းလဲရေး အခွင့်အလမ်းများကို ရှာဖွေရန် နည်းလမ်းတစ်ရပ်ကိုပါ တင်ပြသွားရန် ဖြစ်ပါသည်။

MBEI ဟူသည်မှာ စီးပွားရေးအုပ်ချုပ်မှု ညွှန်းကိန်း (EGI) တစ်ရပ်ဖြစ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်များ၏ လုပ်ကိုင်ဆောင်ရွက်ပုံကို တိုင်းတာရန်နှင့်၊ အရေအတွက် ညွှန်ကိန်းများမှတစ်ဆင့် ဒေသန္တရ စီးပွားဝန်းကျင်ကို ဆန်းစစ်လေ့လာရန် အာရှဖောင်ဒေးရှင်းမှ စွန့်ဦးတီထွင် ထားသည့်အထူးပြုနည်းလမ်းတစ်ရပ်ဖြစ်သည်။ EGI များကို အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ မွန်ဂိုလီးယားနှင့် ဗီယက်နမ် နိုင်ငံတို့တွင် အသုံးပြုလျက်ရှိပြီး၊ အဆိုပါ နည်းလမ်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နားလည်ရန်၊ ရင်းနှီးမြှုပ်နှံမည့်သူများကို ဆွဲဆောင်ရန်၊ အစိုးရ-ပုဂ္ဂလိက ဆွေးနွေးမှုများ ပြုလုပ်ရန်တို့အတွက် အစိုးရပေါင်းစုံမှ ကျယ်ပြန့်စွာ လက်ခံကျင့်သုံးလျက်ရှိကြ သည်။ EGI ပုံစံကို မြန်မာနိုင်ငံ အခြေအနေနှင့်ကိုက်ညီစွာ အသုံးပြုနိုင်ရန် အတွက်လည်းကောင်း၊ စစ်တမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဒေတာများမှတစ်ဆင့် အတားအဆီး များကို အကောင်းဆုံးတိုင်းတာနိုင်မည့် နည်းလမ်းများ ရှာဖွေရန်အတွက်လည်းကောင်း အာရှဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် တစ်ဆင့်ခံ သုတေသနများ ပြုလုပ် ခြင်း၊ ကျွမ်းကျင်ပညာရှင်များနှင့် လူတွေ့မေးမြန်းခြင်း၊ ဦးတည်အုပ်စုဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၁၉ ခုနှစ် MBEI အစီရင်ခံစာ ရေးသားခြင်းနှင့် စီးပွားရေး အုပ်ချုပ်မှု အဆင့်သတ်မှတ်ချက် ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ဖြစ်ခဲ့ပြီး ၎င်းတို့မှာ ၂၀၁၈ ခုနှစ် တွင် စုဆောင်းခဲ့သည့် ဒေတာများအပေါ် အခြေခံပါသည်။[1] ၂၀၁၉ ခုနှစ် အတွင်း အဆိုပါ အစီရင်ခံစာကို ထုတ်ဝေခဲ့ပြီး သည့်နောက်တွင်ဝင်းနှင့်သက်ဆိုင်ရာသုတေသနအမျိုးအစား၌ တဖန် ထပ်မံ၍ အားစိုက်ဆောင်ရွက်ခဲ့ကြပြီး၊ ပြည်ထောင်စု အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (ပြည်နယ်/ တိုင်းဒေသကြီး)နှင့် မြို့နယ်အဆင့်များတွင် အုပ်ချုပ်မှု ပိုမိုကောင်းမွန်စေရေး အတွက် မြန်မာနိုင်ငံ၏ အားထုတ် ကြိုးပမ်းမှုများကို လက်ဆုပ်လက်ကိုင် ဖော်ပြရန်အတွက် ဤညွှန်းကိန်းကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြပါသည်။

ပြည်နယ်အဆင့် EGI များကို အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ မွန်ဂိုလီးယားနှင့် ဗီယက်နမ်တို့တွင် အသုံးပြုကြပြီး အမျိုးမျိုးအဖုံဖုံသော အစိုးရများမှ အဆိုပါ နည်းလမ်းကိရိယာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နားလည်ရန်၊ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန်တို့အတွက် ကျယ်ပြန့်စွာ လက်ခံအသုံးပြုလျက်ရှိကြပါသည်။

ဗီယက်နမ် နိုင်ငံတွင် ပြည်နယ်အဆင့်ပြိုင်ဆိုင်မှုညွှန်းကိန်း (PCI) ကျင့်သုံးခြင်း ၁၅ နှစ်မြောက် နှစ်ပတ်လည်ကို များမကြာသေးမီက ကျင်းပပြုလုပ်ခဲ့ပြီး ယင်းညွှန်းကိန်း သည် ဒေသန္တရနှင့် ဗဟိုအစိုးရမူဝါဒများနှင့် စီမံကိန်းရေးဆွဲမှု များတွင် နက်နက်ရှိုင်းရှိုင်း ပေါင်းစပ်ပါဝင်နေလျက်ရှိပါသည်။ လက်ရှိအားဖြင့် ဗီယက်နမ် နိုင်ငံရှိ ပြည်နယ် ၆၃ ခုလုံးသည် ၎င်းတို့အသီးသီး၏ PCI အမှတ်များ မြင့်မားလာစေရေး အတွက်လုပ်ငန်းစီမံချက်များ ထုတ်ဝေပြီးဖြစ်ပြီး၊ ဗဟိုအစိုးရ ကိုယ်တိုင်လည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် တို့ကို လေ့လာစောင့်ကြည့်ရန် PCI ဒေတာများကို အသုံးပြုလျက်ရှိနေပါသည်။

MBEI သည် မြန်မာနိုင်ငံအဝှမ်းရှိ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ၏ အသံများကို ကိုယ်စားပြုထားပါသည်။

MBEI ကို စီးပွားရေးလုပ်ငန်း အရေအတွက် ၅,၆၀၅ ခု ပါဝင်သည့် နိုင်ငံလုံးကျွတ် စစ်တမ်းကောက်ယူမှု အပေါ် အခြေခံထားပြီး ၎င်းတို့အနက်များစွာမှာ မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုနှင့်ကုန်ထုတ်လုပ်ရေးကဏ္ဍများမှ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖြစ်ကြပါသည်။

(စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်းနှင့် သတ္တုတွင်း) အခြေခံ စီးပွားရေး ကဏ္ဍများနှင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်နေကြသည့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းများကိုမူ ထည့်သွင်းထားခြင်း မရှိပါ။ စီးပွားရေး လုပ်ငန်းများ၏ ထင်မြင်ယူဆချက်များကို ဖမ်းဆုပ်နိုင်ရန် အတွက် အလွှာခွဲ ကျပန်းနမူနာ ကောက်ခြင်းနည်းလမ်း (stratified random sample) ကို အသုံးပြုပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်သာမက မြို့နယ်အဆင့်မှ ကိုယ်စားပြု မှုများ ကျိန်းသေပါဝင်စေရန် ပြုလုပ်ထားပါသည်။ စစ်တမ်း မေးခွန်းပြန်လည်ဖြေကြားမှုများ နှင့်အတူ ကွင်းဆင်းအဖွဲ့၏ မြို့နယ်ရုံးများသို့သွားရောက်လေ့လာမှတ်တမ်းတင်မှု၊ နှစ်စဉ် မြန်မာစာရင်းအင်း စာစောင်များ၊ အစိုးရဝန်ကြီးဌာနများမှ ရရှိသည့် အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာ အရင်းမြစ်များမှ စုဆောင်းရရှိထားသည့် တွက်ချက်နှိုင်းယှဉ်၍ရသော အချက်အလက်များကို ပေါင်းစပ်ထားပါသည်။ အဆိုပါ ပေါင်းစပ်မှုမှသည် အလွန်တရာ အားကိုးအားထားပြုနိုင်သည့် ဒေသန္တရအဆင့် စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ ခန့်မှန်းချက် များကို ထွက်ပေါ်လာစေပါသည်။ ၎င်းတို့မှာ စီးပွားရေးဆိုင်ရာ ထင်မြင်ချက်များကို အခြေခံထားသည့်တိုင်ဓမ္မမိဌာန်ကျသော တိုင်းတာချက်များဖြင့် ထိန်းကျောင်းတည့်မတ်ပေးထား ပါသည်။

ကောင်းမွန်သော စီးပွားရေး အုပ်ချုပ်မှု၏ ပင်မ အစိတ်အပိုင်း ဆယ်ခုကို MBEI တွင် တိုင်းတာထားပါသည်။ MBEI ပျမ်းမျှ ရမှတ်ကို အညွှန်းကိန်းခွဲ ဆယ်ခုဖြင့် ပေါင်းစပ်ထားပါသည်။ MBEI တိုင်းတာမှုတွင် အနေအထား ကောင်းမွန်သည်ဟု ယူဆနိုင်သည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခု ဟူသည်မှာ ၁) စီးပွားရေးလုပ်ငန်းစတင်ရန် ကနဦး ကုန်ကျ စရိတ်နည်းခြင်း၊ ၂) မြေနေရာရရှိရန် လွယ်ကူပြီး လုပ်ငန်း အဆောက်အအုံ ဥပစာတွင် လုံခြုံမှုရှိခြင်း၊ ၃) ဗြူရိုကရေစီ လုပ်ထုံးလုပ်နည်းနှင့် စစ်ဆေးမှုများအတွက် အချိန်များစွာ မကြာမြင့်ခြင်း၊ ၄) တရားမဝင်ပေးချေရမှု နည်းပါးခြင်း၊ ၅) လုံလောက်မှုရှိပြီး ပြုပြင်ထိန်းသိမ်းမှုကောင်းသည့် ရုပ်ဝတ္ထုနှင့် တယ်လီဖုန်းဆက်သွယ်ရေး အခြေခံ အဆောက် အအုံ ရှိခြင်း၊ ၆) ပွင့်လင်းမြင်သာသော စီးပွားဝန်းကျင်နှင့် ညီမျှသော စီးပွားရေး သတင်းအချက်အလက်များ ရရှိနိုင် ခြင်း၊ ၇) အစိုးရပိုင်၊ နိုင်ငံခြားပိုင်၊ သို့တည်းမဟုတ် ဆက်စပ် စီးပွားရေးလုပ်ငန်းများအတွက် မူဝါဒအရ ဘက်လိုက် ခြင်းဖြင့် ပုဂ္ဂလိက လုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်မှု နည်းပါးခြင်း၊ ၈) သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ပျက်စီးမှုနည်းပါး ခြင်း၊ ၉) အလုပ်သမား လေ့ကျင့်ရေး မူဝါဒ များ ထိရောက်အားကောင်းခြင်း၊ ၁၀) အငြင်းပွားမှုများနှင့် စပ်လျဉ်းပြီး စီရင်ချက်ချမှတ်ရာတွင် တရားမျှတပြီး လျင်မြန်ထိရောက်ပြီး ဥပဒေစိုးမိုးမှုကို ထိန်းသိမ်းနိုင်သည့် ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းများရှိခြင်းဟူသာ အချက် များဖြင့် ပြည့်စုံရပါမည်။ လူမှု-စီးပွား အကြောင်းတရားများ ပါဝင်လျက်ရှိသည့် ဒေသန္တရစီးပွားရေး အုပ်ချုပ်မှုရုပ်လုံးကို ပိုမိုပေါ်လွင်စေရန် သဘာဝပတ်ဝန်းကျင်နှင့် အလုပ်သမား ခေါ်ယူစုဆောင်းမှုကိုပါ တိုင်းတာခြင်းဖြင့် ဤ MBEI တွင် သမရိုးကျ EGI ပုံစံကို ဆန်းသစ်အောင်ပြုလုပ်ထားပါသည်။

ဤအစီရင်ခံစာသည် MBEI ကို ဒုတိယအကြိမ် ပြုလုပ်ခြင်းမှ ထွက်ပေါ်လာသည့်ရလဒ်များကို အသေးစိတ်တင်ပြထားခြင်း ဖြစ်ပါသည်။ ယခုနှစ် MBEI တွင် ၂၀၁၉ ခုနှစ် MBEI ပေါ် အခြေခံ၍ တိုးတက်ကောင်းမွန်စေရန် ပြုပြင်မှုများစွာ ပြုလုပ်ထားပါသည်။ ဦးစွာပထမ ညွှန်ကိန်းအသစ်များ ဖြည့်စွက်ခြင်းဖြင့် အညွှန်းကိန်းခွဲများ၊ ပြည်နယ်/တိုင်း ဒေသကြီး များအနေဖြင့် ပိုမိုစုံလင်ကွဲပြားပြီး ပြီးပြည့်စုံသော စိစစ်လေ့လာမှုများ ပြုလုပ်လာနိုင်စေပြီး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို ခြေရာကောက်ကြည့်ရှုနိုင်ပါသည်။ မြန်မာနိုင်ငံအမျိုးသား အဆင့် ပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်ခြင်း မရှိခြင်း ကြောင့်သော်လည်းကောင်း၊ စီးပွားရေး အခြေအနေပေါ် ၎င်း ညွှန်ကိန်းများ၏ သက်ရောက်မှုမှာ သိသာမှု မရှိခြင်း ကြောင့် သော်လည်းကောင်း ကျွမ်းကျင်သူများမှ ပြဿနာ ရှုပ်ထွေးစေသည်ဟု ယူဆထားကြသည့် ညွှန်ကိန်း ၁၆ ခု ကိုလည်း ဖယ်ရှားပစ်ခဲ့ပါသည်။ ဒုတိယတစ်ခုမှာ ယခုနှစ် အစီရင်ခံစာတွင် ယခင်နှစ်တွင်ရော ယခုနှစ်တွင်ပါ စစ်တမ်း ကောက်ခံခဲ့သည့် မူလစီးပွားရေးလုပ်ငန်း ၁,၂၀၀ ကို အုပ်စုခွဲတစ်ရပ်အနေဖြင့် ထည့်သွင်းပေးထားပါသည်။ ပင်မညွှန်ကိန်းများ (၂၀၁၈ နှင့် ၂၀၂၀ ခုနှစ်များတွင် စဉ်ဆက်မပြတ် ကောက်ခံခဲ့သည့် ညွှန်ကိန်းများ) ပေါ်ရှိ ၎င်းတို့၏ စီးပွားရေးဆောင်ရွက်မှု အခြေအနေကို စိစစ် လေ့လာခြင်းအားဖြင့် ဤကာလအတွင်း ပြည်နယ်/တိုင်း ဒေသကြီးများ၏ တိုးတက်မှုများကို တိုင်းတာမှုပြုနိုင်ပါသည်။

စီးပွားရေး ယုံကြည်စိတ်ချမှုနှင့် ချေးထွင်မှုတို့ကို ထင်ဟပ်နိုင်စေဖို့ရာ MBEI တိုင်းတာချက်များကို အလေးတင် တွက်ချက်ထားပါသည်။ ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ညွှန်းကိန်းကို အလေးတင် တွက်ချက်ခြင်းဖြင့် အစိုးရအရာရှိများအတွက် မည်သည့် ကိစ္စရပ်များကို ဦးစားပေးမည်ဟူသော အချက်နှင့် စပ်လျဉ်း၍ ခိုင်မာသော မူဝါဒဆိုင်ရာ သတင်းအချက်အလက်များ ပေးစွမ်း နိုင်ပါသည်။ အလေးချိန်များတွက်ချက်ရန် လုပ်ငန်းထူထောင် သည့် အချိန်မှစ၍ နှစ်စဉ်ပျမ်းမျှ အလုပ်သမားအင်အား တိုးပွားမှုပေါ်တွင် အညွှန်းကိန်းခွဲများကို ဖော်ထုတ်မှုပြုလုပ် ပါသည်။ ဤတိုင်းတာချက်များနှင့်ဆက်စပ်မှုအားအကောင်းဆုံး သော အညွှန်းကိန်းခွဲများသည် ညွှန်းကိန်းတွင် အလေးတင် ရမှတ်ပိုမိုရရှိပါသည်။ (အသုံးပြုထားသည့် သုတေသန နည်းလမ်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်တွင် ညှိနှိုင်း သတ်မှတ်ခြင်းနှင့် သက်ရောက်မှုအကျိုးဆက်ရလဒ်များကို လေ့လာရန်အခန်း၅တွင်ကြည့်ပါ။) ဤအဆင့်ကြောင့်ဒေသန္တရ အစိုးရခေါင်းဆောင်များအနေဖြင့် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများကို ဦးစားပေးရွေးချယ်ရာ၌ ပိုမို ကောင်းမွန်စွာ ဆောင်ရွက်လာစေနိုင်ပါသည်။ အမျိုးသား အဆင့် ညွှန်ကိန်း၏ ၁၅% စီရင်ရှိထားသည့် အလေးတင်

ရမှတ်အများဆုံးသော အညွှန်းကိန်းခွဲလေးခုမှာ မြေယာအသုံးပြုခွင့်နှင့်လုံခြုံမှု (အညွှန်းကိန်းခွဲ ၂)၊ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆)၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း (အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉) တို့ ဖြစ်ကြပါသည်။

MBEI အဆင့်သတ်မှတ်ချက်များသည် ယေဘုယျစျေးကွက်သို့မဟုတ် အုပ်ချုပ်ရေးအရာရှိ တစ်ဦးချင်းစီ၏ ကြိုးပမ်းအားထုတ်မှု အစား စီးပွားရေး အုပ်ချုပ်မှုကြီး တစ်ခုလုံးစာကို ထင်ဟပ်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို နှိုင်းယှဉ်ရာ၌ MBEI ရည်ရွယ်ချက်ကို သတိပြုရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံအဝှမ်းရှိ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ တွေ့ကြုံနေရသည့် စီးပွားရေး အုပ်ချုပ်မှုကို တိုင်းတာရန် MBEI ကို ပုံစံချထားခြင်း ဖြစ်ပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းအများစုမှာ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) များဖြစ်ကြပြီး စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တောနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါ။ တစ်နည်းအားဖြင့် MBEI သည် စျေးကွက်တစ်ခုလုံးကို သော်လည်းကောင်း၊ အုပ်ချုပ်ရေးအရာရှိ တစ်ဦးချင်းစီ၏ လုပ်ဆောင်မှုကိုသော်လည်းကောင်း အဆင့်သတ်မှတ်ပေးရန် မရည်ရွယ်ပါ။ စျေးကွက်ဟူသည်မှာ ရေတိုအားဖြင့် အစိုးရများ၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်လျက်ရှိပြီး၊ မြန်မာနိုင်ငံတွင် စီးပွားရေး အုပ်ချုပ်မှုကို လောလောလတ်လတ် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးအရာရှိက ပုံဖော်သတ်မှတ်ခြင်းမဟုတ်ဘဲ သမိုင်းစဉ်တလျှောက်ပြုလုပ်ခဲ့သည့် မူဝါဒနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ပေါင်းစည်းမှုမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ မည်သူ သာသည် မည်သူနာသည်ကို လက်ညှိုးထိုးနေမည့်အစား ဒေသအလိုက် ပုဂ္ဂလိကကဏ္ဍ တိုးတက်ကြီးပွားရေးကို အထောက်အပံ့ ဖြစ်စေရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် အာရုံထားဆောင်ရွက်နိုင်မည့် စီးပွားရေး အုပ်ချုပ်မှုလုပ်ငန်း အစိတ်အပိုင်းများကို ညွှန်ပြနိုင်ရန် MBEI ကို ပုံစံချထားပါသည်။

စိန်ခေါ်မှုများသည့် အနေအထားတွင် လုပ်ကိုင်ဆောင်ရွက်နေကြရသည့်တိုင် စီးပွားရေးလုပ်ငန်းများသည် အကောင်းမြင်စိတ်ရှိနေကြသေးသည်ကို နိုင်ငံအဆင့် တွေ့ရှိချက်များအရ သိရသည်။ စီးပွားရေးအုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်ချက်များစွာ ရှိနေသေးသည့်တိုင်အောင် အားတက်စရာ အကြောင်းရင်းများစွာလည်း ရှိနေပါသည်။ ယခုစာတမ်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ ကွာဟချက်ကို ဖော်ပြရုံသာမကဘဲ တစ်နိုင်ငံလုံးရှိ စီးပွားရေး လုပ်ငန်းများအားလုံးနှင့် အကျုံးဝင်သည့် နိုင်ငံအဆင့် တွေ့ရှိချက်များကိုလည်း အသေးစိတ် တင်ပြထားပါသည်။ အတားအဆီးများစွာနှင့် ရင်ဆိုင်နေရသည့် အကြောင်းကို စီးပွားရေး လုပ်ငန်းများက ဖော်ပြကြသော်လည်း မြန်မာနိုင်ငံ၏ အနာဂတ်နှင့် စပ်လျဉ်း၍ နေရာတော်တော်များများတွင် အကောင်းမြင်စိတ်နှင့် ယုံကြည်မှု ရှိသည်ကို တွေ့ရသည်။ လေ့လာချက်မှတွေ့ရှိရသည်များ အနက်အောက်ပါတို့ကို အထူးပြု ဖော်ပြလိုပါသည်။

- *ရန်ကုန်၊ နေပြည်တော်၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် တစ်နိုင်ငံလုံးတွင် စီးပွားရေး အုပ်ချုပ်မှု အဆင့် အမြင့်ဆုံး၌ ရပ်တည်လျက်ရှိသည်။ ပြုပြင်ပြောင်းလဲမှုများစွာ ပေါင်းစု၍ ၎င်းတို့အနေဖြင့် ဤ ဂုဏ်ထူးဝိသေသကို ရရှိခဲ့ခြင်းဖြစ်ပါသည်။* ရန်ကုန်နှင့် နေပြည်တော် (မန္တလေး နှင့်အတူ) တို့သည် အခြေခံအဆောက်အအုံ၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း၊ နှင့် လုပ်သားခန့်ထားနိုင်မှုအပိုင်းတွင် အားကောင်းနေသည့်အတွက် မြို့ပြဖြစ်ထွန်းခြင်းနှင့် ၎င်းတို့တွင် ရှိသော ဒေသများ၌ လူသားအရင်းအမြစ်ပိုမိုကောင်းမွန်ခြင်းတို့ကို ထင်ဟပ်လျက်ရှိနေပါသည်။ လူဦးရေ သိပ်သည်းဆနည်းပါးသော စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ အခြေအနေနှစ်ရပ်လုံး၏ ဆက်သွယ်မှုအပေါ် မူတည်၍ မျက်နှာသာပေးမှု လျှော့ချနိုင်သောကြောင့် တရားရေးစနစ်များနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်တို့အပေါ် အများပြည်သူ၏ ယုံကြည်မှုခိုင်မာစေရန် ပြုလုပ်ရာ၌ လွန်စွာခရီးရောက်သည်ကို တွေ့ရှိရပါသည်။

- *အညွှန်းကိန်းခွဲများ အလိုက် ပြည်နယ်/တိုင်းဒေသကြီးများအကြား ကွာခြားချက်များအပေါ် ပြန်လည်သုံးသပ်ပါက မူဝါဒဆိုင်ရာ စိန်ခေါ်ချက်များ ရှိသည့်နေရာနှင့် ဒေသန္တရအစိုးရများအနေဖြင့် ဆန်းသစ်တီထွင်မှု လုပ်ဆောင်နိုင်မည့် နေရာတို့ကို ထုတ်ဖော်နိုင်မည် ဖြစ်သည်။*အချို့သော အညွှန်းကိန်းခွဲများအရ အမြင့်ဆုံးနှင့် အနိမ့်ဆုံးပြည်နယ်/တိုင်းများကြားရှိ သိသာထင်ရှားသော ကွာခြားချက်များကို ဖော်ပြနိုင်သော်လည်း အခြားသော အညွှန်းကိန်းခွဲ အမှတ်များမှာမူ ဒေသန္တရ အဆင့်များ၌ များစွာ ကွာဟမှု မရှိပေ။ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း (အညွှန်းကိန်းခွဲ ၇)၊ လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉) နှင့် အခြေခံအဆောက်အအုံ (အညွှန်းကိန်းခွဲ ၅) တို့တွင် အနည်းဆုံးနှင့် အများဆုံး ရမှတ်များကြား ကွာခြားချက်များမှာ အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရသည်။ တရားမဝင်ပေးချေရမှု (အညွှန်းကိန်းခွဲ ၄)၊ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆) နှင့် မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု (အညွှန်းကိန်းခွဲ ၂) တို့တွင်မူ အနည်းဆုံးနှင့် အများဆုံး ရမှတ်များကြား ကွာဟချက်နည်းပါးပြီး သေးငယ်သည့် ကွာခြားချက်ကို တွေ့ရသည်။ ကွာဟချက်မြင့်မားရခြင်းမှာ မြို့နယ်အစိုးရများအနေဖြင့် ဗဟိုမှ ချမှတ်သည့် မူဝါဒများကို အဓိပ္ပာယ်ကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင်သာမက လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်

ခြင်းခံပါ ကြီးမားသော ခြားနားမှုများ ရှိနေသည့် သဘောဖြစ်သည်။ ကွာဟချက် နည်းပါးရခြင်းမှာမူ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာရပ်များသည် ပြည်နယ်/တိုင်းဒေသကြီးများ ကြားခံ့ မနီးယိုးစွဲ ဖြစ်နေသည့် သဘောဖြစ်ပြီး၊ မြန်မာ့စီးပွားရေးစနစ် ဖွဲ့စည်းပုံ ပြဿနာများရှိနေခြင်းကို သော်လည်းကောင်း၊ ဗဟိုမှ ချမှတ်သည့် ဥပဒေများနှင့် စည်မျဉ်းစည်းကမ်းများတွင် ပြဿနာများရှိနေခြင်းကို သော်လည်းကောင်း ညွှန်ပြနေခြင်း ဖြစ်သည်။

- *မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု (အညွှန်းကိန်းခွဲ ၂)၊ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆)၊ သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း (အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉) တို့တွင်ရှိ ခြားနားချက်များသည် ပြန်လည်ဖြေကြားပေးခဲ့ကြ ပါသော စီးပွားရေး လုပ်ငန်းများကြားရှိ အလုပ်အကိုင် တိုးပွားမှုနှင့်သိသာထင်ရှားစွာအပေါင်းလက္ခဏာဆောင် သော ဆက်စပ်မှု ရှိပါသည်။* သို့ဖြစ်ပါ၍ ၎င်းတို့အား အဆုံးသတ် ၂၀၂၀ ခုနှစ် MBEI တွင် အမြင့်ဆုံးသော အလေးချိန်များ သတ်မှတ်ပေးထားပါသည်။ အုပ်ချုပ်ရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ ဦးစားပေးရွေးချယ်ရန် ကြိုးပမ်းလျက်ရှိကြသည့် ဒေသန္တရ ခေါင်းဆောင်များအတွက် အဆိုပါအညွှန်း ကိန်းခွဲများသည် စီးပွားရေးလုပ်ငန်းများ၏ တိုးတက် ကြီးပွားမှု၊ အလုပ်အကိုင်တိုးပွားမှုတို့မှ တစ်ဆင့် ဒေသန္တရစီးပွားဖူလုံမှုကို နှိုးဆော်ပေးရန် အမြင့်မားဆုံး သက်ရောက်မှု ဖြစ်ပေါ်စေနိုင်ပါမည်။

- *ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်းထက်စာလျှင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များ ကြားတွင်ရှိသော စီးပွားရေး အုပ်ချုပ်မှု ကွာခြားချက် များမှာပို၍သိသာပြီးဤအချက်သည်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်အာဏာ ပိုင်များ၏ အရေးကြီးပုံကို ညွှန်းဆိုလျက်ရှိပါသည်။* ထိပ်ဆုံးနှင့် အောက်ဆုံး ပြည်နယ်/တိုင်းဒေသကြီး ကြား ပိုင်းခြားထားသည်မှာ ကိုးမှတ်ပင် မပြည့်ဘဲ မတူညီသော ပြည်နယ်/တိုင်းဒေသကြီးများသည် မတူညီသော အုပ်ချုပ်ရေး မျက်နှာစာအသီးသီးတွင် ထူးချွန်မှု ရှိကြပါသည်။ မည်သည့် ပြည်နယ်/တိုင်း ဒေသကြီးမှ ညွှန်းကိန်းအားလုံး၏ နံပါတ်တစ်နေရာတွင် ရပ်တည်နေခြင်းလည်း မရှိပါ။ သို့ဖြစ်ပါ၍ ပြည်နယ်/ တိုင်းဒေသကြီးများကြား ကွာခြားချက်များသည် လုပ်ငန်းအဆင့် အုပ်ချုပ်ရေး အတွေ့အကြုံများ ဆိုင်ရာ ကွာဟချက်တွင် ၃၉% ရှိပါသည်။ ဤသို့ ဖြစ်ရခြင်းအကြောင်းမှာ မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းအများစု (တစ်ဆက်တည်း ဆိုရပါမူ MBEI ပြန်လည်ဖြေကြားပေးသူများ) သည် SME များဖြစ် ကြပြီး ၎င်းတို့၏ ယေဘုယျထိတွေ့ဆက်ဆံမှုမှာ မြို့နယ်အဆင့် ဖြူရိုကရက်များနှင့်သာ အဓိက ပြုလုပ်ရသောကြောင့် ဖြစ်သည်။ အဆိုပါ အစိုးရဌာန များသည်လည်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် တစ်စိတ်တစ်ဒေသအနေဖြင့် ပါဝင်မှသာလျှင် စီးပွားရေး အုပ်ချုပ်မှု မြှင့်တင်ရေး အောင်မြင်နိုင်စရာ ရှိပါသည်။

- *အုပ်ချုပ်ရေး ပိုမိုကောင်းမွန်သော မြို့နယ်များရှိ စီးပွားရေး လုပ်ငန်းများသည် စတင်ထူထောင်သည့် အချိန်မှစ၍ အလုပ်သမားသစ်များကို ပျမ်းမျှအားဖြင့် အုပ်ချုပ်ရေးပိုမို နိမ့်ကျသည့် လုပ်ငန်းများထက် ပိုမို၍ ၄ားရမ်းနိုင်ကြပြီး အုပ်ချုပ်ရေး ပိုမိုကောင်းမွန်သော မြို့နယ်များတွင် ညမီးရောင် ဒေတာ (night light data) တိုင်းတာချက်အရ စီးပွားဖူလုံမှု အဆင့် ပိုမို မြင့်မားကြသည်။* ဤဆက်စပ်မှုများသည်နောက်ကွယ်ရှိ အားသာချက်များ၊ အရပ်ဒေသနှင့် သက်ဆိုင်ရာ ဒေသ များ၏ကြွယ်ဝမှုတို့ကို ထည့်သွင်းတွက်ချက်ပြီးသည့်တိုင် မှန်ကန်လျက်ရှိသည်။ စီးပွားရေး အုပ်ချုပ်မှုသည် ဖူလုံရေးပိုင်းမှ တိုးတက်ကောင်းမွန်လာမှုများနှင့် မည်သို့ ချိတ်ဆက်လျက်ရှိသည်ကို ဤတွေ့ရှိချက်မှ ဖော်ပြလျက်ရှိပါသည်။

- *၂၀၁၈ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ၏ စီးပွားရေး အုပ်ချုပ်မှုမှာ ပိုမိုတိုးတက်လာခဲ့သည်။* ပင်မ MBEI ညွှန်းကိန်းသည် ၅.၄ မှတ် နီးပါးမျှ တိုးတက်လာခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ၅၅.၁ ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၆၀.၆ ဖြစ်လာသည့်အတွက် ဤကာလအတွင်း ၁၀% တိုးတက်မှုရှိလာခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအနေဖြင့်လည်း ဤစစ်တမ်း တစ်ခုနှင့် တစ်ခုကြား ပင်မ MBEI ပေါ်တွင် အပေါင်းလက္ခဏာ ဆောင်သော တိုးတက်မှုတစ်ရပ်ကို မှတ်တမ်းတင်နိုင် ခဲ့သည်။

- *ဤကာလအတွင်းတိုးတက်မှုများမှာ တညီတညာတည်း မဟုတ်ဘဲ အညွှန်းကိန်းခွဲ အနည်းငယ်စီတွင် ချွန်ထွက် နေခြင်းဖြစ်သည်။ MBEI တိုင်းတာချက်အရ အုပ်ချုပ် ရေးသည် နယ်ပယ်ခြောက်ခုတွင် တိုးတက်မှု ရှိသည်ကို တွေ့ရပါသည်။* ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ် များအပါအဝင် မြန်မာနိုင်ငံရှိ ဒေသန္တရအစိုးရများသည် မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်း စည်းကမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ခြင်း (အညွှန်းကိန်းခွဲ ၃)၊ အခြေခံ အဆောက်အအုံကို မြှင့်တင်ပေးခြင်း (အညွှန်း ကိန်းခွဲ ၅)၊ ပွင့်လင်းမြင်သာမှုကို အားကောင်းစေခြင်း (အညွှန်းကိန်းခွဲ ၆)၊ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်မှုကို

လျှော့ချနိုင်ခြင်း (အညွှန်းကိန်းခွဲ ၇)၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိစေရန် တင်းကြပ်ခြင်း (အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခန့်ထားနိုင်မှုပိုင်းတွင် အဆင်ပြေချောမွေ့အောင် ပြုလုပ်ပေးခြင်း (အညွှန်းကိန်းခွဲ ၉) တို့တွင် အပေါင်းလက္ခဏာဆောင်သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်နိုင်ခဲ့သည်ကို မှတ်တမ်းတင် တွေ့ရှိရပါသည်။

- *အုပ်ချုပ်ရေး နယ်ပယ်သုံးခု၌မူ သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုမျိုးကို ဤကာလအတွင်း မတွေ့ရှိရပါ။* ၎င်းတို့မှာ မှတ်ပုံတင်ရန် လွယ်ကူမှု (အညွှန်းကိန်းခွဲ ၁)၊ မြေယာ ပိုမိုကောင်းမွန်စွာ အသုံးချနိုင်မှု (အညွှန်းကိန်းခွဲ ၂) နှင့် တရားမဝင် ငွေပေးချေရမှုများကို လျော့ပါးစေခြင်း (အညွှန်းကိန်းခွဲ ၄) တို့ဖြစ်ကြပါသည်။

- *တရားဥပဒေစိုးမိုးမှု (အညွှန်းကိန်းခွဲ ၁၀) တွင်သာ အုပ်ချုပ်ရေးအရည်အသွေး ကျဆင်းလာခဲ့သည်ကို တွေ့ရသည်။*

- *ကနဦးကုန်ကျစရိတ်များမှာသင့်တင့်မျှတမှုရှိသော်လည်း အခြေအနေ ပိုမိုကောင်းမွန်လာခြင်း မရှိပါ။* စီးပွားရေးလုပ်ငန်းများ၏ အနည်းငယ်သော ပမာဏသာလျှင် လုပ်ငန်းလိုင်စင်လျှောက်ခြင်း၊ မှတ်ပုံတင်ခြင်းတို့ ပြုလုပ်ရာ၌ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ ရုံးလုပ်ငန်း ဝန်ပိခြင်းတို့ကို တွေ့ကြုံကြရပါသည်။ သို့သော်လည်း နှိုင်းယှဉ်နမူနာ အုပ်စုမှ ဒေတာများအရ ဤအတောအတွင်း စောင့်ဆိုင်းကာလများသည် သိသိသာသာ လျော့ပါးလာခြင်း မရှိကြောင်း တွေ့ရသည်။

- *မြေအမည်ပေါက် ကိစ္စရပ်များမှာမူ များစွာ ပြဿနာမရှိလှပေ။ သို့သော်လည်း စီးပွားရေး လုပ်ငန်းများအနေဖြင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြဿနာများ ကြုံတွေ့ရပါက မြေယာလုံခြုံမှုသည် ပြဿနာတစ်ရပ် အနေဖြင့် ရှိနေဆဲဖြစ်သည်။* ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများကြား မြေအမည်ပေါက် ပိုင်ဆိုင်သည့် နှုန်းမှာ အလွန်မြင့်မားပြီး တိုးမြင့်လျက်လည်း ရှိသည်။ သို့သော်လည်း စီးပွားရေး လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတည်ရာ အဆောက်အအုံ မြေနေရာ လုံခြုံမှုနှင့် ပတ်သက်၍ စိတ်အေးလက်အေး မရှိကြပေ။ မြေအမည်ပေါက် ပိုင်ဆိုင်သည့် လုပ်ငန်းများ၏ ထက်ဝက်သည် အစိုးရသိမ်းဆည်းခံရမည့်ဘေးကို စိုးရိမ်မှုရှိကြပြီး၊ မြေအမည်ပေါက်မရှိသည့် စီးပွားရေး လုပ်ငန်းများအားလုံးမှာမူ ၄ားရမ်းစာချုပ်များတွင် လုပ်ငန်းကို ဝန်ပိုစေမည့် အခကြေးငွေမျိုးပေးရမည်ကို စိုးရိမ်လျက်ရှိကြသည်။

- *မှတ်ပုံတင်ခြင်း အလွန် စည်းမျဉ်း စည်းကမ်းများဆိုင်ရာ အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများသည် စိတ်ကျေနပ်ဖွယ်ကောင်းပြီး တိုးတက်မှု ရှိလာသည်ဟု စီးပွားရေး လုပ်ငန်းများစွာက ထင်မြင်ယူဆကြသည်။* ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ၏ ဝန်ဆောင်မှုများမှာ များစွာ တိုးတက်လာခဲ့ပြီး ၎င်းရုံးဝန်ထမ်းများသည်လည်း ဖော်ရွေမှုရှိသည်ဟု စီးပွားရေးလုပ်ငန်းများမှ ပြောကြားကြသည်။ သုတေသနအဖွဲ့မှ လေ့လာသူများ ကိုယ်တိုင် တွေ့ရှိချက်အရ ရုံးချိန်အတွင်း OSS စားပွဲများတွင် လာရောက်သူ ပိုမိုများပြားလာသလို OSS နှင့် GAD ဝန်ထမ်းများမှာလည်း ဖော်ရွေပြီး အားကိုးရပါသည်။

- *မှတ်ပုံတင်ခြင်းအလွန်လုပ်ငန်းများ ဆောင်ရွက်ရသည့် အပိုင်းများတွင် တိုးတက်မှုများ ရှိလာသော်လည်း GAD နှင့် DAO ကဲ့သို့သော မြို့နယ်ရုံးများ၏ စွမ်းဆောင်ရည်နှင့် လျင်မြန်ထိရောက်မှုအပိုင်းတွင် ပြောစရာအချို့ ရှိနေသေးသည်။* စီးပွားရေးလုပ်ငန်းများက ၎င်းတို့သည် ဗြူရိုကရေစီ လုပ်ထုံးလုပ်နည်းများတွင် အချိန်ပိုမိုပေးလာရသည်ဟု ဆိုပြီး ဗြူရိုကရက်အရာရှိများ စာရွက်စာတမ်းကိုင်တွယ်ရာ၌ လျင်မြန်ထိရောက်မှု လျော့နည်းလာခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြသည်။

- *တရားမဝင်ပေးချေရမှုများမှ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေး SME များအတွက် အများထင်ထားသလောက် ပြဿနာမရှိလှသေးကြောင်း တွေ့ရသည်။* ၂၀၁၈ ခုနှစ်နှင့် အလားတူ ၂၀၂၀ ခုနှစ်တွင်လည်း လုပ်ငန်းမှတ်ပုံတင်သည့် ကိစ္စအပါအဝင် ရုံးလုပ်ငန်းစဉ်များ အတွင်း တရားမဝင် ငွေပေးပေးချေရမှု ပြုလုပ်ခဲ့ရသည်ဟု တိုက်ရိုက်မေးခွန်းများတွင် ဝန်ခံဖြေဆိုသည့်လုပ်ငန်းဟူ၍ အနည်းငယ်သာ ရှိပါသည်။ လာဘ်ပေးလာဘ်ယူ ပြုလုပ်ရသည့် အခါမျိုးခ၌ပင်လျှင် ငွေပမာဏမှာ အလွန်အမင်း များပြားလှသည် မဟုတ်ဘဲ ဝင်ငွေစုစုပေါင်းနှင့် ယှဉ်လျှင် အလွန်တရာ သေးငယ်သော ပမာဏမျှသာ ရှိသည်ကို တွေ့ရသည်။ အစိုးရ၏ ဝယ်ယူရေးစာချုပ်များ ရရှိရန်အတွက် လာဘ်ပေးလာဘ်ယူ ပြုလုပ်ရန် လိုအပ်သည်ဟူသော အချက်ကို အများသဘောတူနေခြင်းကို ထောက်သော် အဂတိလိုက်စားမှု အသေးအဖွဲများသည် အများအတွက် ဝန်မပိစေပါ၊ SME အများစု မသိဘဲ ဖြစ်ပွားနေသည့် အာဏာအလွဲသုံးစားလုပ်မှုများမှာ သာ၍ပင် အရေးကြီးသော ကိစ္စရပ်များ ဖြစ်နေပါသည်။

- *မြန်မာနိုင်ငံရှိ စစ်တမ်း ပြန်လည်ဖြေကြားပေးသူများ အတွက် အသေးစား အဂတိလိုက်စားမှုများမှာ အခက်အခဲ မဟုတ်သော်လည်း အကြီးစား အဂတိလိုက်စားမှုများမှာမူ အလွန်တရာမှ စိတ်ပူစရာ ကောင်းလှသည်ဟူသော တွေ့ရှိချက်ကို အဂတိလိုက်စားမှုဆိုင်ရာ အထူးစိစစ်လေ့လာချက်တစ်ခုမှလည်း အတည်ပြုလျှက်ရှိပါသည်။* လုပ်ငန်းမှတ်ပုံတင်ခြင်းအတွက် တရားမဝင်ပေးချေရမှု ရာခိုင်နှုန်းမှာ သုည ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ သို့သော်လည်း လုပ်ငန်း

၇၀% က ဆောက်လုပ်ခွင့် လိုင်စင်ရရှိရန်အတွက် တရားမဝင်ပေးဆောင်ခဲ့ရသည်ဟု ဖြေဆိုခဲ့ပြီး လုပ်ငန်းတစ်ခုလျှင် ကျပ် ၃.၄ သန်း (ကန်ဒေါ်လာ ၂၄၃၀) နှုန်းထားအထိ ကုန်ကျခဲ့သည်ဟု သိရပါသည်။

- *အခြေခံအဆောက်အအုံ၏ အရည်အသွေးမှာ များစွာတိုးတက်လာသော်လည်း အရေးကြီးသော ပြဿနာရပ်တစ်ခု ဖြစ်နေသေးသည်။ ဤအချက်မှာ အကြီးစားဆောက်လုပ်ရေး ပြုလုပ်ရသည့် ရုပ်ဝတ္ထုအခြေခံအဆောက်အအုံအတွက် အထူးမှန်ကန်သည်။* ခြောက်ဆယ် ရာခိုင်နှုန်းနီးပါးရှိသော စီးပွားရေးလုပ်ငန်းများမှ ကျေးလက်လမ်းများ၏အရည်အသွေးသည် ကောင်းမွန်သည် သို့မဟုတ် အထူးကောင်းမွန်သည်ဟု ယုံကြည် ယူဆကြသည်။ လုပ်ငန်းများအနေဖြင့် ရေကြီးခြင်း သို့မဟုတ် လမ်းပိတ်ဆို့ခြင်းများအတွက် တစ်နှစ်လျှင် သုံးရက်ခန့် ဆုံးရှုံးနေရဆဲ ဖြစ်သော်လည်း ၂၀၁၈ ခုနှစ် တွင် ၁၄ ရက် ဆုံးရှုံးခဲ့ရသည့်အတွက် ယင်းနှင့်နှိုင်းယှဉ်လျှင် ကြီးစွာသော တိုးတက်မှုပင် ဖြစ်သည်။ လျှပ်စစ်မီး၊ အင်တာနက်တို့နှင့် ပတ်သက်၍မူ စီးပွားရေးလုပ်ငန်းများမှ ယေဘုယျအားဖြင့် အကောင်းမြင်ကြပါသည်။ လျှပ်စစ်မီး၊ အင်တာနက်နှင့် တယ်လီဖုန်းလိုင်းများ ရယူသုံးစွဲနိုင်မှုမှာ ကောင်းမွန်သည် သို့မဟုတ် အလွန်ကောင်းမွန်သည်ဟု လုပ်ငန်းများအားလုံး၏ လေးပုံသုံးပုံမှ ယုံကြည်ကြပါသည်။ လျှပ်စစ်မီး ပြတ်တောက်မှုကြောင့် လုပ်ငန်းရပ်ဆိုင်းခြင်း၊ ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းတို့မှာမူ သိသာထင်ရှားစွာပင် ကျဆင်းလာခဲ့ပါသည်။

- *ပွင့်လင်းမြင်သာမှု တိုးတက်လာသော်လည်း ပြည်နယ်/တိုင်းဒေသကြီး များအားလုံးတွင် ညီတူမျှတူ နိမ့်ပါးလျက်ရှိနေပါသေးသည်။* မကွေးတိုင်းဒေသကြီးရှိ စီးပွားရေးလုပ်ငန်းများအားလုံး အနက် ၁၈.၅% မျှသာ လေယာဉ်ကွင်းနှင့် အမြန်လမ်း စီမံကိန်းများကဲ့သို့သော အစိုးရရင်းနှီးမြှုပ်နှံမှု စီမံချက်များကို သိရှိနိုင်စွမ်းရှိကြသည်။ ကယားပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများအားလုံး၏ ၁% ထက်လျော့နည်းသော ပမာဏကသာ အဆိုပါ စီမံချက်များကို သိရှိနိုင်ကြသည်။ အစိုးရစာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု မရှိသည့် ကိစ္စသည် အကြီးစားဆောက်လုပ်ရေး စီမံကိန်းများ အဆင့်တွင်လည်း တွေ့ရှိရဆဲ ဖြစ်သည်။ အလယ်ကိန်း[၂] ပြည်နယ်/တိုင်းဒေသကြီးရှိ လုပ်ငန်းများ၏ ၆.၉% သည်သာလျှင် ပြည်နယ် ဘတ်ဂျက်ကို သိရှိနိုင်သည်။ အမျိုးသားအဆင့် စာရင်းအင်း ကိန်းဂဏန်းများမှလည်း အဆိုပါ ရလဒ်များကို အတည်ပြုပေးပါသည်။ ရာဖွေရန် လွယ်ကူသည်ဟု ယူဆနိုင်သည့် အစိုးရသတင်းအချက်အလက်များ ဖြစ်ကြသော ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို စီးပွားရေးလုပ်ငန်းများ၏ ၁၈%ကသာ သိရှိကြပါသည်။ ဤအညွှန်းကိန်းခွဲတွင် တစ်ပုံစံတည်း ရမှတ်နိမ့်ပါးသည်ဟု ဆိုသော်ငြား (ရန်ကုန်တိုင်းဒေသကြီးက ပြုလုပ်ခဲ့သည့်) ရာဖွေရန် လွယ်ကူသည့် အွန်လိုင်းဝက်ဘ်ဆိုဒ်များတွင် သတင်းအချက်အလက်များတင်ပေးထားပြီးယင်းသို့သော သတင်းအချက်အလက်များ ရှိနေသည်ကို စီးပွားရေးလုပ်ငန်းများသိရှိလာအောင် သတင်းအချက်အလက်ဆိုင်ရာများ ထုတ်ပြန်ခြင်းစသည့် နည်းလမ်းများကို အစိုးရဘက်မှ ဆောင်ရွက်ပေးခြင်းဖြင့် ဤအညွှန်းကိန်းခွဲတွင်လည်း အကြီးအကျယ်တိုးတက်မှုများ ဖြစ်လာနိုင်စရာ ရှိပါသည်။

- *မိမိနှင့်ရင်းနှီးသည့် စီးပွားရေးလုပ်ငန်းများအားဘက်လိုက်မှုနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေခြင်းမရှိပါ။ အဆိုပါအညွှန်းကိန်းခွဲ၏စုစုပေါင်းအဆင့်တွင် ရမှတ်များမှာ ပိုမိုကောင်းမွန်လာပါသည်။* ယခုအညွှန်းကိန်းခွဲ၌ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး နှစ်ခုတို့သည် ရမှတ် ၁၀ မှတ်တွင် ၉ မှတ် ရရှိပါသည်။ လုပ်ငန်းများ၏သုံးသပ်ချက်အရ ရင်းနှီးသည့် လုပ်ငန်းများအား မျက်နှာသာပေးမှုမှာ ချေးငွေရရှိမှုနှင့် မြေယာအသုံးပြုခွင့် နယ်ပယ်များတွင်သာ တွေ့ရများပါသည်။ ယင်းနယ်ပယ်တွင်ယှဉ်ပြိုင်မှုတွင်ဘက်လိုက်ခြင်း ရှိနေသည်ဟု ယုံကြည်သော လုပ်ငန်းမှာ ၇% သာ ရှိပါသည်။

- *သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိခြင်းနှင့်ပတ်သက်၍ ဤကာလအတွင်း တိုးတက်မှုရှိလာသော်လည်း လုပ်စရာများစွာ ရှိနေပြန်သေးသည်။* သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ထိခိုက်စေလိမ့်မည်ဟု ယုံကြည်သည့် လုပ်ငန်းအရေအတွက်မှာ ၁၀ ရာခိုင်နှုန်းပင် မရှိချေ။ အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးရှိ လုပ်ငန်းအရေအတွက် ထက်ဝက်ကျော်ကမူ နိုင်ငံတော်၏ ထောက်ပံ့ကူညီမှု မရှိဟု ယုံကြည်ကြသည်။ တိုးတက်မှုများ ရှိလာသည့်တိုင် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးရန်အတွက်ကြီးကြပ်စစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ယုံကြည်သည့် လုပ်ငန်းအရေအတွက် ထက်ဝက်ကျော်သော ပြည်နယ်/တိုင်းဒေသကြီးတစ်ခုတစ်လေပင် မရှိပေ။ ထို့အပြင် ရေအရင်းအမြစ် ခြွေတာထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို အစိုးရမှ ထောက်ပံ့ကူညီပေးနေကို ယုံကြည်ကြသော လုပ်ငန်းအရေအတွက် သုံးပုံတစ်ပုံ ကျော်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီးဟူ၍လည်း တစ်ခုတစ်လေပင် မရှိပေ။

- *အရည်အသွေးမီ လုပ်သားအင်အားစုရရှိရေးမှာမူ တိုးတက်လာသော်လည်း အလုပ်သမားကောင်းရှာဖွေရန် ခက်ခဲလျက်ရှိနေသေးသည်။* နှိုင်းယှဉ်နမူနာအုပ်စုမှ ဒေတာများအရ လုပ်သားခန့်ထားနိုင်မှုနှင့် အရည်အသွေး

ပိုင်းတွင် တိုးတက်လာသော်လည်း စီးပွားရေးလုပ်ငန်းများမှာမူ စိုးရိမ်ပူပင်လျက် ရှိကြသေးသည်။ စီးပွားရေးလုပ်ငန်းများမှ လိုအပ်သည့်မည်သည့်ရာထူးအတွက်ပင် ဖြစ်စေ ကာမူ လုပ်သားခန့်ထားနိုင်မှုမှာ အခက်အခဲရှိနေဆဲပင် ဖြစ်သည်။ အမျိုးသားအဆင့်နမူနာတွင် ပြန်လည်ဖြေကြားသူများ၏ ၄၀.၃% ရာခိုင်နှုန်းကသာ မန်နေဂျာများ ခေါ်ယူရန် လွယ်ကူသည်ဟုဆိုပြီး၊ ၄၈.၃% ကသာ စာရင်းကိုင်များ ခေါ်ယူရန် လွယ်ကူသည်ဟု ဖြေကြားပေးခဲ့ကြသည်။ ကော်လံပြာ ရာထူးများအတွက်လည်း အခြေအနေမှာ နိမ့်ပါးလျက်ရှိနေပြန်သည်။ ပြန်လည်ဖြေကြားသူများအနက် ၄၅.၆% ကသာ အခြေခံအလုပ်သမားများ ခေါ်ယူသည့်ကိစ္စမှာ လွယ်ကူသည်ဟု ဆိုကြသည်။ ပိုဆိုးသည်မှာ ပြန်လည်ဖြေကြားသူများအနက် ၂၆.၅% ကသာ နည်းပညာရှင်များ ခေါ်ယူရန်လွယ်ကူသည်ဟုယူဆကြသည်။ အလုပ်သမား ခေါ်ယူရာ၌ အခက်အခဲရှိသည့်အတွက် လုပ်ငန်းများ အနေဖြင့် ကိုယ့်အလုပ်သမားကိုယ် လေ့ကျင့်သင်ကြားပေးရသည့် တာဝန်ပိုပိလာသည်။ ပျမ်းမျှအားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် အလုပ်သမားများကို အလုပ်လုပ်နိုင်သည်အထိ လုံလောက်စွာ ပြင်ဆင်လေ့ကျင့်ပေးရန်မှာ ၅၁ရက်ကြာမြင့်သည်။ အလုပ်သမားရှာဖွေခြင်းနှင့် လေ့ကျင့်ပေးခြင်းတို့တွင် အခက်အခဲကြုံရခြင်းအတွက် အကြောင်းရင်းများစွာ ရှိနိုင်သော်လည်း တစ်ခုသော အကြောင်းရင်းမှာမူ ပညာရေးအဆင့်အတန်း နိမ့်ပါးခြင်းကြောင့် ဖြစ်နိုင်စရာရှိသည်။ ဥပမာ တရားဝင်ထုတ်ပြန်ထားသော ဒေတာများအရ အထက်တန်းတက်ရောက်သည့် နှုန်းထားမှာ ၄၄% သာ ရှိသည်ဟု သိရသည် (CSO, UNDP, and WB (၂၀၁၈))

- *အာဏာရှိသော အစိုးရအရာရှိကြီးများသည် ဥပဒေအထက်ရှိနေသည်ဟု စီးပွားရေးလုပ်ငန်းများက ယုံကြည်ကြသည်။* စီးပွားရေး လုပ်ငန်းအများစုအနေဖြင့် အစိုးရအရာရှိများသည် ဥပဒေအထက်တွင် ရှိနေကြသည်ဟုထင်မြင်ယူဆကြဟန်တူပြီးယင်းအခြေအနေသည် ဤကာလအတွင်းပိုမိုဆိုးဝါးလာခဲ့သည်။ လုပ်ငန်းများ၏ ၂၆.၅%မျှသာလျှင်ပြဿနာဖြေရှင်းရာ၌ ၎င်းတို့အနေဖြင့် အထက်အစိုးရရုံးသို့အယူခံတက်နိုင်သည်ဟု ယုံကြည်ကြပြီး ၂၀.၁% သာလျှင် ခေါင်းဆောင်ဖြစ်သူသည် အပြစ်ကျူးလွန်သော လက်အောက်ဝန်ထမ်းကို အရေးယူလိမ့်မည်ဟု ယုံကြည်ကြသည်။

- *လုံခြုံရေးအခြေအနေမှာမူ တိုးတက်ရန် လိုအပ်နေပါသေးသည်။* လုပ်ငန်းများ၏ ၂၆.၂% သာလျှင် လုံခြုံရေးအခြေအနေ ကောင်းမွန်သည်ဟု ယုံကြည်ကြသည်။ အင်တာဗျူးရလဒ်များအရ ၈.၃%သော လုပ်ငန်းများသည် ယခင်နှစ်အတွင်းရာဇဝတ်တစ်ခုခု တွေ့ကြုံခံစားခဲ့ရသည်ဟု သိရသည်။ လုံခြုံရေးအခြေအနေ ညံ့ဖျင်းခြင်းသည် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအပေါ် မကောင်းသော သက်ရောက်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ မသေချာမှု ပိုမိုကြီးမားလာပါက ရင်းနှီးမြှုပ်နှံမှုကို လျော့ကျစေသည့် အပြင်အသစ်ပေါ်ထွန်းလာမည့်စီးပွားရေးလုပ်ငန်းသစ်များ အတွက်လည်း အကြမ်းဖက်ရာဇဝတ်မှုများကို ထိတ်လန့်ခြင်းကြောင့် အတားအဆီးတစ်ရပ် ဖြစ်လာနိုင်သည်။

MBEI ပါ ဒေတာများတွင် စီးပွားရေးအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် အဖိုးတန်လှသော အရင်းမြစ်တစ်ခုကို အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားသက်ဆိုင်သူများအတွက်ဖြည့်ဆည်းပေးထားပြီး ဤနည်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက်မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး အလားအလာများကို အားကောင်းစေရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံရှိပြည်ထောင်စုနှင့်ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ဒေသန္တရ စီးပွားရေးအုပ်ချုပ်မှုအပေါ် ပိုမိုနားလည်သဘောပေါက် လာနိုင်စေရန် MBEI သည် ကျိုးကြောင်းဇစ်မြစ်ရှာဖွေသည့် နည်းလမ်းတစ်ခုပင် ဖြစ်သည်။

ဤအစီရင်ခံစာသည် မြောက်မြားလှစွာသော MBEI ဒေတာများကို အနှစ်ချုပ်တင်ပြထားခြင်းဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်နှင့် အညွှန်းကိန်းခွဲအဆင့်တို့တွင် ပိုမိုအသေးစိတ်သည့် ကျိုးကြောင်းဇစ်မြစ်များ လေ့လာရန်အတွက်လည်း အသုံးပြုနိုင်ပါသည်။ ကြွယ်ဝလှစွာသော ဒေတာများကို အသုံးချ၍ နောက်တစ်ဆင့်တွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့ ကြားတွင် ဆွေးနွေးပွဲများ ပြုလုပ်လာနိုင်ပြီး၊ ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြထားသည့် အခက်အခဲများကို ဖြေရှင်းရန် ကြိုးပမ်းခြင်းဖြင့် မြန်မာ့ စီးပွားရေး ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်လာစေဖို့ရာ အဖြေများရှာကြရန် ဖြစ်ပါသည်။

MBEI တွင် ဥပဒေပြု ပုဂ္ဂိုလ်များအတွက် မူဝါဒနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အနာဂတ်တွင် ပြုလုပ်နိုင်စေရေးအတွက် အသိပညာများ ပေးထားသည့် အပြင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ အတွက်လည်း ရင်းနှီးမြှုပ်နှံခြင်းနှင့် လုပ်ငန်းချဲ့ထွင်ခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်စေရေးအတွက်လည်း သတင်းအချက်အလက် အရင်းမြစ်တစ်ခု ပေးထားပါသည်။ နောက်ဆုံးအနေဖြင့် စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အထောက်အပံ့ပေးရန် နည်းလမ်းရှာဖွေနေကြသည့် အလှူရှင်များနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများအတွက်လည်း အရင်းမြစ်တစ်ခု ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် ဆိုရသော် မြန်မာ့စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သည့် ပုဂ္ဂလိကဝန်ထမ်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးအတွက် အရင်းမြစ်တစ်ခုအဖြစ် MBEI ကို ပုံစံရေးဆွဲထားပါသည်။

၁

မိတ်ဆက်နှင့် အဓိက တွေ့ရှိချက်များ

၁.၁။ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် စီးပွားရေးအုပ်ချုပ်မှုအရေးပါရခြင်း အကြောင်းရင်း

မြန်မာနိုင်ငံသည် နိုင်ငံအဝှမ်းဘက်ပေါင်းစုံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံတော် အစိုးရသည်အရေးပါသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီး စီးပွားရေးကို ဖြေလျှော့ပေးသည့်အတွက် စီးပွားရေးဖွံ့ဖြိုးမှု လမ်းကြောင်းသစ်တစ်ရပ် အစပြုလာခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု တိုးပွားရေး၊ ငွေကြေးမူဝါဒနှင့် အခြားသော ကဏ္ဍများတွင် အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့်အတွက် အသစ်ပေါ်ထွန်းလာသော စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှုအတွက် လမ်းခင်းပေးခဲ့သည်။ ရလဒ်အနေဖြင့် ထွက်ပေါ်လာသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာမူ နိုင်ငံအဝှမ်းသို့အကျိုးသက်ရောက်မှု မရှိခဲ့ပေ။ များစွာသောပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆင်းရဲမွဲတေမှုနှုန်း မြင့်မားလျက်ရှိပြီး၊ အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း လုံလောက်မှု မရှိသည့် အတွက် စီးပွားရေးဖွံ့ဖြိုးမှုကို ပျံ့နှံ့အောင် ဆောင်ရွက်ရာ၌ အဟန့်အတား ဖြစ်လျက်ရှိသည်။ ဒေသန္တရ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးတွင် တိုးတက်မှု အရှိန်အဟုန်မြင့်မားသော ပုဂ္ဂလိကကဏ္ဍပေါ်ထွန်းလာစေရေး အိမ်နီးချင်းများ အရှေ့တောင်အာရှ တိုင်းပြည်များတွင် ဆောင်ရွက်ခဲ့ကြသည့်နည်းတူ အစိုးရ၏ လုပ်ထုံးလုပ်နည်းများ လိုအပ်လျက်ရှိပါသည်။

လက်ရှိမြန်မာနိုင်ငံတော် အစိုးရသည် စီးပွားရေးဝန်းကျင် ပြုပြင်ပြောင်းလဲမှုကို မူဝါဒရေးရာ ဦးစားပေးကိစ္စကြီး တစ်ရပ်အပြင်၊ အနာဂတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အစိတ်အပိုင်း တစ်ရပ်အနေနှင့်ပါသတ်မှတ်ထားသည်။ ၎င်း၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေး မူဝါဒဆိုင်ရာ ကြေညာစာတမ်းနှင့် ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ချက်တို့တွင် ထပ်လောင်းပြောဆိုချက်အရ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရသည် ပိုမိုကောင်းမွန်ပြီး တည်ငြိမ်မှုရှိသော စီးပွားရေးဝန်းကျင်သစ်တစ်ရပ် တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း တွေ့ရသည်။ ဖော်ပြပါ စာတမ်းနှစ်စောင်တွင် စီးပွားရေးဖွံ့ဖြိုးမှုအသစ်ကို ပြိုင်ဆိုင်မှုမြင့်မားသည့် အားကောင်းမောင်းသန် ပုဂ္ဂလိကကဏ္ဍအပေါ်တွင် အခြေပြုတည်ဆောက်ရန် တိုက်တွန်းထားသည်။ ၎င်းနှင့် စပ်လျဉ်း၍ NLD အစိုးရလက်ထက် အရေးပါဆုံးသော အောင်မြင်မှုများအနက် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၂၀၁၇ ခုနှစ် ကုမ္ပဏီများ ဥပဒေ တို့အပြင် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှု မြင့်မားလာခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်သည့် နည်းနာသစ်များ ပေါ်ထွက်လာခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်းတို့ကို တွေ့မြင်လာရသည်။ ၂၀၁၈ ခုနှစ်တွင်မူ အစိုးရသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)ကို ထုတ်ပြန် ခြင်းဖြင့် ၎င်းလုပ်ဆောင်ချက်ကို အားဖြည့်လိုက်သည်။ အဆိုပါစီမံကိန်းသည် အလွန်တရာ ကျယ်ပြန့် အရေးပါသည့် ဗျူဟာတစ်ရပ်ဖြစ်ပြီး ၂၀၃၀ ခုနှစ်တွင် ရေရှည်တည်တံ့ပြီး ဘက်ပေါင်းစုံလင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ရည်ရွယ်သည်။ MSDP ၏ ဒုတိယ မဏ္ဍိုင်တွင် အားကောင်းသော ပုဂ္ဂလိက ကဏ္ဍတစ်ရပ်၏ အရေးပါပုံနှင့်မြန်မာ့စီးပွားရေးဝန်းကျင်တိုးတက်ကောင်းမွန်လာစေရေးတို့ကို အလေးအနက် ဖော်ပြထားသည်။ ဤအချက်များအပြင် အခြားသော တိုင်းတာမှုများအရ မြန်မာနိုင်ငံတော် အစိုးရဘက်မှနေ၍ စီးပွားရေး ဖွံ့ဖြိုး

တိုးတက်မှုကို အားပေးရန်အတွက် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြင့်တင် လုပ်ဆောင်သွားမည့် အလားအလာကို တွေ့မြင်နေရသည်။ ၎င်းတို့ကြောင့် အမျိုးသားအဆင့်တွင် တိုးတက်မှုများ အတန်အသင့် ဖြစ်ပေါ်လာခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ ၂၀၂၀ ခုနှစ် Doing Business အစီရင်ခံစာတွင် အဆင့် ၁၉၀ ရှိသည့်အနက် ၁၆၅ တွင် ရပ်တည်လျက်ရှိပြီး ၂၀၁၉ ခုနှစ် အဆင့် ၁၇၁ မှ တက်လာခြင်း ဖြစ်သည်။

ပုဂ္ဂလိက ကဏ္ဍကို ဖွံ့ဖြိုးနိုးကြားလာစေနိုင်မည့် စီးပွားရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားပြီး နောက်ပိုင်းတွင် ပို၍ပင် အရေးပါလာပါသည်။ ကပ်ရောဂါ၏ စီးပွားရေး သွေးလန့်မှုနှင့် ပဋိပက္ခတို့ပြန်ရေးအတွက် ပြုလုပ်သည့် လူမှုရေးခြေချော်မခြင်းတို့ကြောင့် အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (SMEs) မှာ အကြီးအကျယ် အထိနာလျက်ရှိသည်။ MBEI တွင် ပြန်လည်ဖြေကြားပေးခဲ့ကြသူများအား အာရှဖောင်ဒေးရှင်းမှ နောက်ဆက်တွဲ စစ်တမ်းပြုလုပ်ရာ၌ ၂၉% သော ပြန်လည်ဖြေကြားသူများမှာ ၎င်းတို့၏ လုပ်ငန်းကို ယာယီပိတ်ထားလိုက်ရပြီး၊ နောက်ထပ် ၉၂% မှာမူ အရောင်းကျဆင်းမှုဒဏ်ကြားတွင် ကြိုးစားရုန်းကန်နေကြရသည်ကို သိရှိခဲ့ရသည်။ ဤသို့ ရုန်းကန်နေရစဉ်အတွင်း အဆိုပါထိခိုက်မှုဒဏ်ခံစားနေရသည့် စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့ လုပ်သားအင်အား၏ ၁၆% ကျော်ကို ထုတ်ပယ်ပစ်ခဲ့ရပြန်သည် (TAF ၂၀၂၀)။ အစိုးရ၏ အစီအစဉ်များသည် တစ်နည်းတစ်ဖုံ ထိရောက်မှုရှိသော်လည်း စစ်တမ်းကောက်ခံခဲ့သည့် လုပ်ငန်းများ၏ သုံးပုံနှစ်ပုံမှာမူ အဆိုပါ ထောက်ပံ့ရေး အစီအစဉ်များ ရှိမှန်း မသိကြပေ။ အဆိုပါ မသိနားမလည်မှုကို ထောက်ရှုပါက MBEI စီမံကိန်း ဖော်ဆောင်မှု ဗဟိုချက်ဖြစ်သော ပွင့်လင်းမြင်သာမှုနှင့် အုပ်ချုပ်ရေးပိုင်း၏ လျင်မြန်ထိရောက်မှုရှိရန် အရေးကြီးပုံကို တွေ့မြင်နိုင်ပါသည်။ (TAF ၂၀၂၀)

ပညာရပ်ဆိုင်ရာ သုတေသနအရ စီးပွားရေးလုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ရှိနေခြင်းသည် ဒေသန္တရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံတည်ဆောက်ရေး အုတ်မြစ်တစ်ခုဖြစ်သည်။ ပညာရှင်များ၏ ပြောဆိုချက်အရ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ပညာတတ်ဦးရေများပြီး အောင်မြင်သော စီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်သည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များစုဝေးရာ ဒေသများတွင် အများဆုံးဖြစ်နိုင်ချေရှိကြောင်း သိရသည် (Banerjee and Duflo, 2005; LaPorta and Shleifer, 2008)။ ဤသည်မှာ သိသာထင်ရှားသော အချက်ဖြစ်သည့်တိုင် ပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်နေရသူများသည် ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ဒေသန္တရ စီးပွားရေးဖွံ့ဖြိုးမှုကို အထက်စီးမှ ခြိုးခံကြည့်ရှုနေရပြီး၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ မညီမျှမှုနှင့် အလုပ်အကိုင်မရှိမှု အတိုင်းအတာပမာဏများနှင့် ချိန်ဆနေကြရသည့်အခါ အလွယ်တကူ မျက်စိလျှမ်းသွားနိုင်သည်။ အရေးကြီးသည်မှာ အချို့ဒေသများတွင်ရှိသော စီးပွားရေးလုပ်ငန်းများမှ ဆုံးဖြတ်ချက်များ ပြုလုပ်လိုက်သောအခါ အဆိုပါ ပမာဏများအပေါ် လွှမ်းမိုးမှုရှိသည်။ စီးပွားရေးလုပ်ငန်းများဟု ဆိုရာတွင် နိုင်ငံတကာ ကော်ပိုရေးရှင်းများ၊ နေးကွေးသော အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ (SOEs) မပါဝင်ပါ။ ဤအမျိုးအစားတွင် စိုက်ခင်းငယ်လေးများမှစ၍ အစားအသောက်တန်း၊ စျေးဆိုင်တန်း၊ မိဘလက်ရင်းလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နည်းပညာစွန့်ဦးလုပ်ငန်းများ၊ နိုင်ငံတကာကို ထိုးဖောက်နိုင်သော လုပ်ငန်းများအထိ ပါဝင်ပါသည်။ ၎င်းလုပ်ငန်းများသည် ရေရှည်စီမံကိန်းထားရှိ၍ ရင်းနှီးစွန့်စားမှုပြုမည်ဖြစ်ပြီး၊ အလုပ်သမား ခန့်အပ်ကာ၊ ကုန်ပစ္စည်းသစ်များ၊ ဝန်ဆောင်မှုသစ်များကို ဖန်တီးထုတ်လုပ်၍ အကောက်အခွန်အမြောက်အမြား ပေးဆောင်ကြမည်ဖြစ်သည်။ ၎င်းအကောက်အခွန်များကို အများပြည်သူသုံး ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ပြန်လည်ခွဲဝေရေးအစီအစဉ်များတွင် အသုံးပြုနိုင်မည် ဖြစ်သည်။

အားနည်းပြီး ရှုပ်ထွေးသော စီးပွားရေးအုပ်ချုပ်မှု နည်းနာများက မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုကို နှောင့်နှေးစေပြီး၊ ဖွံ့ဖြိုးရေးကိုလည်း အဟန့်အတားဖြစ်စေသည်။ တိကျရှင်းလင်းမှုမရှိသော စီးပွားရေးလုပ်ငန်းလိုင်စင်ချပေးသည့် လုပ်ထုံးလုပ်နည်းများကြောင့် စီးပွားရေးစီမံကိန်းရေးဆွဲရာတွင် ရှုပ်ထွေးစေပြီး၊ အခြေခံအဆောက်အအုံ လုံလောက်မှုမရှိခြင်းကလည်း ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အားနည်းစေသည်။ SME များသည်လည်း လုပ်ငန်းတိုးချဲ့ရန်နှင့် ဒေသကုန်စည်စီးဆင်းမှုတွင် ပါဝင်ပေါင်းစပ်ရန်အတွက် အရင်းအနှီးမရှိကြပေ။ ထို့ပြင် ပွင့်လင်းမြင်သာမှု အားနည်းပြီး၊ ရှုပ်ထွေးယှက်နွယ်နေသော အုပ်ချုပ်ရေးပုံစံများကြောင့် ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးအတွက် တစ်ပြေးညီ သတ်မှတ်ထားရှိရေးမှာ အခက်အခဲ ဖြစ်လျက်ရှိသည်။ စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်သည့် အချို့သော စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းကြပ်ဆောင်ရွက်ခြင်းများမှာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ပြီး၊ အချို့မှာမူ ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့် ရုံးများနှင့်သာ သက်ဆိုင်သည်။ ရလဒ်အားဖြင့် မြန်မာနိုင်ငံ၏ ဒေသန္တရ စီးပွားရေးအုပ်ချုပ်မှုသည် အများအားဖြင့် ထိရောက်မှုမရှိဘဲ၊ ၎င်း၏အကျိုးသက်ရောက်မှုကို ခံနေရသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ကိုယ်၌ပင်လျှင် စီးပွားရေး အုပ်ချုပ်မှုကို ကောင်းစွာနားမလည်နိုင်ကြပေ။

၁.၂။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု မြင့်မားစေရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး စီးပွားရေးအုပ်ချုပ်မှုကို တိုင်းတာခြင်း

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းထောင်ပေါင်းများစွာ (အများစုမှ လွန်စွာသေးငယ်ပြီး နိုင်ငံရေးပတ်သက်မှုလည်း မရှိ) မှ စစ်တမ်းရလဒ်များကို ပေါင်းစပ်ကာ ပြည်နယ်/တိုင်းနှင့် တစ်နိုင်ငံလုံးစာ စီးပွားရေးအုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် မြန်မာ့ပုဂ္ဂလိက စွန့်ဦးလုပ်ငန်းရှင်များ၏ စုပေါင်းအသံအဖြစ် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (MBEI) တွင် စုစည်းထားပါသည်။

၂၀၂၀ ခုနှစ် MBEI သည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းကြပ်ဆောင်ရွက်မှုဆိုင်ရာ အကန့်အသတ်အတားအဆီးများကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ပြီး၊ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ပြုပြင်ပြောင်းလဲရေး အခွင့်အလမ်းများကို ရှာဖွေရန် နည်းလမ်းတစ်ရပ်ကိုပါ တင်ပြသွားမည်ဖြစ်သည်။ MBEI ဟူသည် စီးပွားရေးအုပ်ချုပ်မှု ညွှန်းကိန်း (EGI) တစ်ရပ်ဖြစ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်များ၏ လုပ်ကိုင်ဆောင်ရွက်ပုံကို တိုင်းတာရန်နှင့်၊ အရေအတွက် ညွှန်ကိန်းများမှတစ်ဆင့် ဒေသန္တရစီးပွားဝန်းကျင်ကို ဆန်းစစ်လေ့လာရန် အာရှဖောင်ဒေးရှင်းမှ စွန့်ဦးတီထွင်ထားသည့် အထူးပြု နည်းလမ်းတစ်ရပ်ဖြစ်သည်။ EGI ပုံစံကို မြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီစွာအသုံးပြုနိုင်ရန်အတွက် လည်းကောင်း၊ စစ်တမ်းနှင့် တရားဝင်ထုတ်ပြန်ထားသော ဒေတာများမှတစ်ဆင့် အတားအဆီးများကို အကောင်းဆုံး တိုင်းတာနိုင်မည့် နည်းလမ်းများ ရှာဖွေရန်အတွက်လည်းကောင်း အာရှဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် တစ်ဆင့်ခံ သုတေသနများ ပြုလုပ်ခြင်း၊ ကျွမ်းကျင်ပညာရှင်များနှင့် လူတွေ့မေးမြန်းခြင်း၊ ဦးတည်အုပ်စု ဆွေးနွေးပွဲများပြုလုပ်ခြင်းတို့ကို ၂၀၁၈ ခုနှစ်တွင် ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၁၈ ခုနှစ် MBEI အစီရင်ခံစာနှင့် အဆင့်သတ်မှတ်ချက်များကို ပြုလုပ်ဖြစ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း အဆိုပါ အစီရင်ခံစာကို ထုတ်ဝေခဲ့ပြီးသည့်နောက်တွင် ၎င်းနှင့် သက်ဆိုင်ရာ သုတေသနအမျိုးအစား၌ တဖန်ထပ်မံ၍ အားစိုက်ဆောင်ရွက်ခဲ့ကြပြီး၊ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (ပြည်နယ်/တိုင်း) နှင့် မြို့နယ်အဆင့်များတွင် အုပ်ချုပ်မှု ပိုမိုကောင်းမွန်စေရေးအတွက် နိုင်ငံတော်၏ အားထုတ်ကြိုးပမ်းမှုများကို လက်ဆုပ်လက်ကိုင် ဖော်ပြရန် အတွက် ဤညွှန်းကိန်းကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြပါသည် (Bissinger ၂၀၁၉ တွင်ရှု)။

ပြည်နယ်အဆင့် EGI များကို အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ မွန်ဂိုလီးယားနှင့် ဗီယက်နမ်တို့တွင် အသုံးပြုကြပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နားလည်ရန်၊ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန်တို့အတွက် အစိုးရများက အဆိုပါနည်းလမ်းကိရိယာကို ကျယ်ပြန့်စွာ လက်ခံ အသုံးပြုလျက်ရှိကြပါသည်။ ဗီယက်နမ်နိုင်ငံတွင် ပြည်နယ်အဆင့်ပြိုင်ဆိုင်မှုညွှန်းကိန်း (PCI) ကျင့်သုံးခြင်း ၁၅ နှစ်မြောက် နှစ်ပတ်လည်ကို များမကြာသေးမီက ကျင်းပပြုလုပ်ခဲ့ရာ ယင်းညွှန်းကိန်းသည် ဒေသန္တရနှင့် ဗဟိုအစိုးရ မူဝါဒများနှင့် စီမံကိန်းရေးဆွဲမှုများတွင် နက်နက်ရှိုင်းရှိုင်း ပေါင်းစပ်ပါဝင်လျက်ရှိနေပြီးဖြစ်သည်။ လက်ရှိအားဖြင့် ဗီယက်နမ်နိုင်ငံရှိပြည်နယ် ၆၃ ခုလုံးသည် ၎င်းတို့အသီးသီး၏ PCI အမှတ်များ မြင့်မားလာစေရေး အတွက် လုပ်ငန်းစီမံချက်များ ထုတ်ဝေပြီးဖြစ်ပြီး၊ ဗဟိုအစိုးရကိုယ်တိုင်လည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တို့ကို လေ့လာစောင့်ကြည့်ရန် PCI ဒေတာများကို အသုံးပြုလျက်ရှိနေပါသည်။[၃]

ပြည်နယ် စီးပွားရေး အုပ်ချုပ်မှု တိုးတက်ကောင်းမွန်ခြင်းသည် အကျိုးအမြတ်ရှိသော စီးပွားရေးနှင့် ဘောဂဗေဒ ဆိုင်ရာရလဒ်များနှင့် အပေါင်းလက္ခဏာဆောင်သော ချိတ်ဆက်မှုရှိသည်ကို သက်သေပြနိုင်ရန် အလို့ငှာ မြောက်မြားစွာသော အလွတ်တမ်း သုတေသီများသည် PCI ၏ တစ်ဆယ့်ငါးနှစ်စာ ကာလအပိုင်းအခြား အလိုက် ဒေတာများကို အသုံးချခဲ့ကြပါသည်။ ယေဘုယျအားဖြင့် စီးပွားရေး အုပ်ချုပ်မှုသည် စီးပွားရေးလုပ်ငန်းသစ် မှတ်ပုံတင်ခြင်း၊ တရားဝင်အောင် ပြုလုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးပွားလာခြင်းနှင့် ပျမ်းမျှစီးပွားဖူလုံမှုတို့နှင့် ချိတ်ဆက်လျက်ရှိသည်ကို ပညာရှင်များမှ သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ အချို့သော ပညာရှင်များကမူ ပိုမိုကျယ်ဝန်းသော အစိုးရဝန်ဆောင်မှုနှင့် ဆက်စပ်မှုရှိလာစေရန် PCI တွင် အပြောင်းအလဲများ ပြုလုပ်သည်ကိုပင် တွေ့ရှိခဲ့ကြပါသည်။ ပိုမိုအသေးစိတ်သည့် လေ့လာမှုများအရ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ခိုင်မာအောင် ပြုလုပ်ခြင်း၊ အဂတိလိုက်စားမှု လျှော့ချခြင်းနှင့် ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေခြင်းတို့သည် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအတွက် အရေးကြီးဆုံးသော အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းတရားများ ဖြစ်ကြောင်းကို မီးမောင်းထိုးပြထားပါသည်။[၄]

MBEI ၏ ရည်ရွယ်ချက်မှာ အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ အကျိုးစီးပွား ဆက်စပ်နေသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း

များအား မြန်မာနိုင်ငံရှိ စီးပွားရေးအုပ်ချုပ်မှု အကြောင်းကို နားလည်စေခြင်းဖြင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အပံ့ဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများ အားကောင်းစေရန် ဖြစ်ပါသည်။ MBEI သည် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအရပ်ရပ်မှ ဒေသန္တရစီးပွားရေးအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲနှင့် အခွင့်အလမ်းများကို အခြေခံတိုင်းတာမှုပြုလုပ်ခြင်းဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ အတွက် အလားအလာကောင်းသော မူဝါဒနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖော်ထုတ်ပေးရန် ရည်ရွယ်ပြီး၊ ဒေသဆိုင်ရာ အာဏာပိုင်များအနေနှင့်လည်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် လူမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများကို ၎င်းတို့၏ စီးပွားရေးစီမံချက်များတွင် ထည့်သွင်းစဉ်းစားနိုင်ကြစေရန် ဖြစ်ပါသည်။ အဆုံးသတ်ဆိုရသော် MBEI သည် စီးပွားရေး လုပ်ငန်းများ အကျိုးဖြစ်ထွန်းစေမည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ကူညီဖန်တီးပေးခြင်းဖြင့် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှု ဖြစ်ထွန်းလာနိုင်ရန် ရည်ရွယ်ပါသည်။ လူမှု-စီးပွားအကြောင်း တရားများ ပါဝင်လျက်ရှိသည့် ဒေသန္တရစီးပွားရေးအုပ်ချုပ်မှု ရုပ်လုံးကို ပိုမိုပေါ်လွင်စေရန် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့် လုပ်သားခန့်ထားနိုင်မှု ကဲ့သို့သော အကြောင်းအရာများကို တိုင်းတာခြင်းဖြင့် ဤ MBEI တွင် သမရိုးကျ EGI ပုံစံအား မွမ်းမံထားပါသည်။

MBEI အဆင့်သတ်မှတ်ချက်များသည် ယေဘုယျသို့မဟုတ် အုပ်ချုပ်ရေးအရာရှိ တစ်ဦးချင်းစီ၏ ကြိုးပမ်းအားထုတ်မှု အစား စီးပွားရေးအုပ်ချုပ်မှုကြီး တစ်ခုလုံးစာကို ထင်ဟပ်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို နှိုင်းယှဉ်ရာ၌ MBEI ရည်ရွယ်ချက်ကို သတိပြုရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံအဝှမ်းရှိ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း စီးပွားရေး လုပ်ငန်းများ တွေ့ကြုံနေရသည့် စီးပွားရေးအုပ်ချုပ်မှုကို တိုင်းတာရန် MBEI ကို ပုံစံချထားခြင်း ဖြစ်ပါသည်။ အဆိုပါစီးပွားရေးလုပ်ငန်းအများစုမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) များ ဖြစ်ကြပြီး စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တောနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါသည်။ တစ်နည်းအားဖြင့် MBEI သည် ဈေးကွက်တစ်ခုလုံးကို သော်လည်းကောင်း၊ အုပ်ချုပ်ရေးအရာရှိ တစ်ဦးချင်းစီ၏ လုပ်ဆောင်မှုကိုသော်လည်းကောင်း အဆင့်သတ်မှတ်ပေးရန် မရည်ရွယ်ပါ။ ဈေးကွက်ဟူသည်မှာ ရေတိုအားဖြင့် အစိုးရများ၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်လျက်ရှိပြီး၊ မြန်မာနိုင်ငံတွင် စီးပွားရေးအုပ်ချုပ်မှုကို လောလောလတ်လတ် တာဝန်ထမ်းဆောင်လျက်ရှိသည် အုပ်ချုပ်ရေးအရာရှိက ပုံဖော်သတ်မှတ်ခြင်းမဟုတ်ဘဲ သမိုင်းစဉ်တလျှောက် ပြုလုပ်ခဲ့သည့် မူဝါဒနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ပေါင်းစည်းမှုမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ မည်သူ သာသည် မည်သူနာသည်ကို လက်ညှိုးထိုးနေမည့်အစား ဒေသအလိုက် ပုဂ္ဂလိကကဏ္ဍ တိုးတက်ကြီးပွားရေးကို အထောက်အပံ့ဖြစ်စေရန် ပြည်နယ်/တိုင်း အစိုးရများမှ အာရုံထားဆောင်ရွက်နိုင်စရာ စီးပွားရေးအုပ်ချုပ်မှု လုပ်ငန်း အစိတ်အပိုင်းများကို ညွှန်ပြနိုင်ရန် MBEI ကို ပုံစံချထားပါသည်။

ဤအစီရင်ခံစာသည် MBEI ကို ဒုတိယအကြိမ် ပြုလုပ်ခြင်းမှ ထွက်ပေါ်လာသည့် ရလဒ်များကို အသေးစိတ် တင်ပြထားခြင်း ဖြစ်ပါသည်။ ယခုနှစ် MBEI တွင် ၂၀၁၉ ခုနှစ် MBEI ပေါ် အခြေခံ၍ မြှင့်တင်ဆောင်ရွက်မှုများစွာ ပြုလုပ်ထားပါသည်။ ဦးစွာပထမ ညွှန်ကိန်းအသစ်များ ဖြည့်စွက်ခြင်းဖြင့် အညွှန်းကိန်းခွဲများ၊ ပြည်နယ်/တိုင်း ဒေသကြီးများအနေဖြင့် ပိုမိုစုံလင်ကွဲပြားပြီးပြည့်စုံသော စိစစ်လေ့လာမှုများ ပြုလုပ်လာနိုင်စေပြီး၊ မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အနီးကပ်ခြေရာကောက်နိုင်ကြည့်ရှုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်မှု မရှိခြင်းကြောင့်သော်လည်းကောင်း၊ စီးပွားရေးအခြေအနေပေါ် ၎င်းညွှန်ကိန်းများ၏ သက်ရောက်မှုမှာ သိသာမှုမရှိခြင်းကြောင့် သော်လည်းကောင်း ကျွမ်းကျင်သူများမှ ပြဿနာရှုပ်ထွေးစေသည်ဟု ယူဆထားကြသည့် ညွှန်ကိန်း ၁၆ ခု ကိုလည်း ဖယ်ရှားပစ်ခဲ့ပါသည်။ ဒုတိယတစ်ခုမှာ ယခုနှစ် အစီရင်ခံစာတွင် ယခင်နှစ်တွင်ရော ယခုနှစ်တွင်ပါ စစ်တမ်းကောက်ခံခဲ့သည့် နှိုင်းယှဉ်နမူနာအုပ်စုမှ စီးပွားရေး လုပ်ငန်း ၁,၂၀၀ ကို အုပ်စုခွဲတစ်ရပ်အနေဖြင့် ထည့်သွင်းပေးထားပါသည်။ ပင်မညွှန်ကိန်းများ (၂၀၁၈ နှင့် ၂၀၂၀ ခုနှစ်များတွင်စဉ်ဆက်မပြတ်ကောက်ခံခဲ့သည့်ညွှန်ကိန်းများ) ပေါ်ရှိ ၎င်းတို့၏ စီးပွားရေးဆောင်ရွက်မှု အခြေအနေကို စိစစ်လေ့လာခြင်းအားဖြင့် ဤကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီးများ၏ တိုးတက်မှုများကို တိုင်းတာမှု ပြုနိုင်ပါသည်။

အစီရင်ခံစာကို အခန်းခြောက်ခန်း ပိုင်းခြားထားပါသည်။ စီးပွားရေးအုပ်ချုပ်မှု ညွှန်းကိန်းတစ်ရပ်အား ယခုမှ ပထမဆုံးအကြိမ်အဖြစ် စတင်အသုံးပြုမည့်သူများအတွက် အရေးကြီးသော မေးခွန်းများအပေါ် အခြေတည်၍ အခန်း ၁ ကို ပြုစုရေးသားထားသည်။ ဦးစွာပထမ စီးပွားရေး အုပ်ချုပ်မှု၏ အဓိပ္ပါယ်နှင့် ပင်မပြဿနာရပ်များကို ဘောင်သတ်မှတ်ရာတွင် ဘာဝဗေဒပညာရှင်များ၊ စီမံခန့်ခွဲမှုပညာရှင်များ အသုံးပြုကြသည့် ချဉ်းကပ်နည်းကို ရှင်းလင်းတင်ပြထားသည်။ ယင်းနောက် MBEI နှင့် ၎င်းတိုင်းတာသည့် အုပ်ချုပ်ရေး လက္ခဏာသွင်ပြင်များကို အကျဉ်းချုပ် တင်ပြထားသည်။ တတိယအနေဖြင့် ညွှန်းကိန်းတည်ဆောက်ရာတွင် အသုံးပြုသည့် သုတေသန နည်းနိသယ ချဉ်းကပ်မှုပုံစံကို အနှစ်ချုပ်တင်ပြထားသည်။

အခန်း ၂ တွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်ယေဘုယျအဆင့်သတ်မှတ်ချက်များ၊ အညွှန်းကိန်းခွဲရမှတ်များ၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် လုပ်ငန်းအဆင့်အလုပ်အကိုင် တိုးပွားမှုတို့အပါအဝင် စီမံကိန်းမှ ထွက်ပေါ်လာသည့် အဓိကရလဒ်များကို တင်ပြထားသည့်အပြင် ဤကြားကာလအတွင်းမှ စီးပွားရေးအုပ်ချုပ်မှုဆိုင်ရာ အပြောင်းအလဲများကို စိစစ်လေ့လာထားပြီး မြန်မာနိုင်ငံရှိ တရားမဝင်ပေးချေရမှုများဆိုင်ရာ အထူးစုံစမ်းစစ်ဆေးချက် တစ်ရပ်ကိုပါ ထည့်သွင်းပေးထားပါသည်။ အခန်း ၃ တွင် MBEI စစ်တမ်းကို ဖြေကြားပေးခဲ့ကြသူများမှာ မည်သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်ကို စာဖတ်ပရိတ်သတ် သိစေရန် အခြေခံသတင်းအချက်အလက်များ ဖော်ပြပေးထားပါသည်။ အခန်း ၄ တွင် အညွှန်းကိန်းခွဲ ၁၀ ခု အနက် တစ်ခုချင်းစီနှင့် ပတ်သက်သည့် အဓိက တွေ့ရှိချက်များကို အသေးစိတ်ဖော်ပြပြီး ပြည်နယ်များ / တိုင်းဒေသကြီးများ၏ လုပ်ကိုင်ဆောင်ရွက်ပုံကို သက်ဆိုင်ရာ အညွှန်းကိန်းများအလိုက် ဖော်ထုတ်ဆန်းစစ်ထားပါသည်။ အခန်း ၅ တွင် စီးပွားရေးအုပ်ချုပ်မှုပိုင်းမှ မူဝါဒနှင့် စီမံအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုကို လမ်းညွှန်ချက်ပြုလုပ်ပေးနိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကျိုးကြောင်းဧစ်မြစ် ရှာဖွေမှုများ တင်ပြပေးထားပါသည်။ အခန်း ၆ တွင်မူ MBEI သုတေသန နည်းနိသယဆိုင်ရာ အသေးစိတ် ဆွေးနွေးရှင်းလင်းချက်ကို ဖော်ပြထားပါသည်။

၁.၃။ စီးပွားရေး အုပ်ချုပ်မှုဆိုသည်မှာ အဘယ်နည်း?

အမေရိကန် ဘောဂဗေဒ အသင်း၏ ဥက္ကဋ္ဌဖြစ်သူ Avanish Dixit ၏ ဟောပြောပို့ချချက်တွင် စီးပွားရေးအုပ်ချုပ်မှုကို "ပိုင်ဆိုင်မှု အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ စာချုပ်စာတမ်းများ အသက်ဝင်စေခြင်း၊ သင့်တင့်လျောက်ပတ်သော အဖွဲ့အစည်းအခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးနိုင်ရန် စုပေါင်း ဆောင်ရွက်ခြင်းတို့အားဖြင့် စီးပွားရေးလုပ်ကိုင်မှုနှင့် ကုန်စည်ဖလှယ်မှုများကို အထောက်အပံ့ပေးသည့် လုပ်ငန်းစဉ်များ" (Dixit, 2009, p. 5) ဟူ၍ အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။

စီးပွားရေး အုပ်ချုပ်မှုသည် ကျယ်ပြန့်သော စကားရပ်တစ်ခု ဖြစ်ပြီး မက်ခရို စီးပွားရေး မူဝါဒများမှသည် မိုက်ခရိုအဆင့် ဆင်းရဲမွဲတေမှု လျှော့ချရေးအစီအစဉ်ထိ အဓိပ္ပါယ်မျိုးစုံ ဖွင့်ဆိုနိုင်ပါသည်။ ဤအစီရင်ခံစာ၌မူ ကျွန်ုပ်တို့အနေဖြင့် Dixit ၏ စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို လိုက်နာ၍ ပုဂ္ဂလိက စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအတွက် သင့်တော်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာအောင် မူဝါဒချမှတ်သူများနှင့် အုပ်ချုပ်ရေး အရာရှိများဘက်မှ ပြုလုပ်နိုင်စရာရှိသည့် လုပ်ငန်းဆောင်တာများကို ရည်ညွှန်းထားပါသည်။ ပညာရပ်အလိုအားဖြင့် စီးပွားရေးအုပ်ချုပ်မှုသည် "စီးပွားဝန်းကျင်" နှင့် အဓိပ္ပာယ် ချွတ်စွပ်မတူညီချေ။ စီးပွားဝန်းကျင်တွင် အကြောင်းတရားများစွာ ပါဝင်လျက်ရှိပြီး ယင်းအကြောင်းတရားအားလုံးသည် အစိုးရ၏ လက်ငင်းလွှမ်းမိုးမှုအောက်တွင် ရှိမနေချေ။ ဥပမာအားဖြင့် ဈေးကွက်ကြီးများ၏ နီးကပ်မှုသည် ကုမ္ပဏီတစ်ခု၏ စီးပွားဝန်းကျင်ဆိုင်ရာ အရေးပါသော မျက်နှာစာ တစ်ခုဖြစ်သော်လည်း ၎င်းသည် အစိုးရ၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင် ရှိမနေချေ။ လူဦးရေ အရွယ်အစား၊ နှင့် ရန်ကုန် သို့မဟုတ် ဆိပ်ကမ်းများမှ ခရီးအကွာအဝေးတို့ကို နှစ်တို နှင့် နှစ်လတ်ကာလများတွင် ပြောင်းလဲလိုပါက ပြောင်းလဲရန် ခက်ခဲပါသည်။ တစ်ဖက်တွင်မူ အုပ်ချုပ်ရေးပိုင်း စည်းကြပ်မှုနှင့် သက်ဆိုင်ရာ စစ်ဆေးမှုများမှာမူ စီးပွားရေးအုပ်ချုပ်ရေး၏ လက္ခဏာရပ်များ ဖြစ်ကြပါသည်။ အကြောင်းမှာ အဆိုပါစီးပွားရေးဝန်းကျင် အစိတ်အပိုင်းများသည် အစိုးရထိန်းချုပ်မှု အောက်တွင် လုံးဝရှိနေသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ စီးပွားရေးအုပ်ချုပ်မှုဟု ဆိုရာတွင် နှစ်တိုနှင့် နှစ်လတ်ကာလများတွင် ဒေသန္တရအစိုးရက ပြောင်းလဲနိုင်စရာရှိသည့် အဆိုပါစီးပွားရေးဝန်းကျင် အစိတ်အပိုင်းများကို ရည်ညွှန်းပါသည်။

ကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် ပညာရှင်များမှ စီးပွားရေးအုပ်ချုပ်မှုကို နယ်ပယ် သို့မဟုတ် အကြောင်းတရားဆယ်ခုအဖြစ် ပိုင်းခြားထားပါသည်။ အဆိုပါ နယ်ပယ်ဆယ်ခုသည် အစိုးရယန္တရားများ / မူဝါဒများနှင့် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုကြားရှိ ဆက်စပ်မှုအကြောင်းကို ဖော်ပြသည့် နိုင်ငံတကာ ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းမျိုးစုံမှ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။[1] MBEI ကို ဖန်တီးရာ၌ ဘောဂဗေဒ၊ စီမံခန့်ခွဲမှုနှင့် နိုင်ငံရေး သိပ္ပံဆိုင်ရာ စာအုပ်စာတမ်းများမှ ရရှိသည့် ကျယ်ပြန့်သော တွေ့ရှိချက်များကို မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီအောင် ကြိုးပမ်းထားပါသည်။

MBEI ရမှတ်များသည် စီးပွားရေး အုပ်ချုပ်မှု၏ အလွန်တရာ အရေးပါလှသော မျက်နှာစာ ဆယ်ရပ်ကို ခြုံငုံထားပါသည်။ အခန်း ၃ တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ စီးပွားရေး အခြေအနေအတွက် အရေးကြီးဆုံးဖြစ်သော စီးပွားရေး အုပ်ချုပ်မှုပိုင်းမှ လက္ခဏာရပ်များကို ရွေးချယ်ပြီး မြန်မာနိုင်ငံရှိ ပြည်နယ်/ တိုင်းဒေသကြီးများ၏ ၎င်းကိစ္စရပ်များအပေါ် ဆောင်ရွက်မှု အခြေအနေကို ခြေရာကောက်နိုင်မည့် တိုင်းတာချက်များကို ရွေးချယ်ပါသည်။ မှတ်ပုံတင်သည်မှစ၍ မြေဝယ်ယူပြီး လုပ်ငန်းတိုးချဲ့ရန်

ဆုံးဖြတ်သည်အထိ အဆင့်ဆင့် ဖြတ်သန်းရာ၌ စီးပွားရေး စီမံခန့်ခွဲလုပ်ကိုင်နေကြသူများ ကြုံတွေ့ရသည့် ကိစ္စရပ်များပေါ် မူတည်၍ ကာလအစဉ်အတိုင်း အဆိုပါအုပ်ချုပ်ရေး မျက်နှာစာများကို သုံးသပ်ဆွေးနွေးထားပါသည်။ အတိအကျ ဆိုရသော် MBEI တွင် ဆောင်ရွက်မှု အခြေအနေ ကောင်းမွန်သည်ဟု ယူဆသည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုသည် ၁) ကနဦးစတင်သည့် လုပ်ငန်းအတွက် မှတ်ပုံတင်ကြေးနည်းပါးရမည်၊ ၂) စီးပွားရေး လုပ်ငန်း တည်နေရာအတွက် မြေအလွယ်တကူရရှိနိုင်ပြီး မြေယာလုံခြုံမှု ရှိရမည်၊ ၃) ဗြူရိုကရေစီ လုပ်ထုံးလုပ်နည်းများနှင့် စစ်ဆေးရေးတို့အတွက် လိုအပ်သော အချိန်များ နည်းပါးစေရမည်၊ ၄) တရားမဝင်ပေးချေရမှုများမှာ အနည်းဆုံး ပမာဏရှိရမည်၊ ၅) လုံလောက်ပြီး ကောင်းစွာ ထိန်းသိမ်းမှု ရှိသော ရုပ်ဝတ္ထုပိုင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ရှိရမည်၊ ၆) ပွင့်လင်းမြင်သာမှု ရှိသော စီးပွားရေးပတ်ဝန်းကျင်နှင့် သာတူညီမျှ ပေးအပ်ထားသော စီးပွားရေးသတင်းအချက်အလက်များ ရရှိရမည်၊ ၇) ယှဉ်ပြိုင်မှုတွင် ဘက်လိုက်မှုများ ပြုလုပ်ပြီး အစိုးရ (သို့) နိုင်ငံခြား (သို့) ပတ်သတ်မှုရှိသော စီးပွားရေးလုပ်ငန်းများသို့ လုပ်ပိုင်ခွင့်များ ပေးအပ်မှု နည်းပါးနိုင်သမျှ နည်းပါးစေရမည်၊ ၈) ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု နည်းပါးစေရမည်၊ ၉) အလုပ်သမားအား လေ့ကျင့်သင်ကြားမှု ကောင်းမွန်ရမည်၊ ၁၀) အငြင်းပွားမှုများ ဖြေရှင်းရာတွင်နှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရာ၌ မျှတပြီး ထိရောက်သော ဥပဒေလုပ်ထုံးနည်းနာများ ရှိရမည်။

၁.၄။ MBEI ဦးစားပေးလေ့လာသည့် နယ်ပယ်နှင့် သုတေသန နည်းလမ်းအခြေခံ

မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းသည် မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေး ကဏ္ဍများမှ တရားဝင်ပြည်တွင်း စီးပွားရေးလုပ်ငန်းများ တွေ့ကြုံနေရသည့် စီးပွားရေးအုပ်ချုပ်မှု အခြေအနေကို တိုင်းတာမှု ပြုပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း MBEI အနေဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေးကဏ္ဍအားလုံးကို ခြုံငုံရန်သော်လည်းကောင်း၊ မြန်မာ့စီးပွားဝန်းကျင်၏ မျက်နှာစာအားလုံးကို တိုင်းတာရန် သော်လည်းကောင်း ရည်ရွယ်ရင်းမရှိပါ။ MBEI တွင် ဝန်ဆောင်မှုများ (ဥပမာ- လက်လီလုပ်ငန်း၊ ဘဏ် လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း)နှင့် ကုန်ထုတ်လုပ်ရေး (ဥပမာ - အစားအသောက် သို့ အဝတ်အထည် ထုတ်လုပ်ရေး) တို့ ပါဝင်ပါသည်။ သို့သော်လည်း အခြေခံစီးပွားရေးကဏ္ဍ (ဥပမာ - စိုက်ပျိုးရေး၊ သတ္တုတွင်း၊ သစ်တောနှင့်ရေလုပ်ငန်း) မှာမူ မပါဝင်ပဲ ယင်းလုပ်ငန်းကဏ္ဍများ၏ ဥပဒေဆိုင်ရာ အုပ်ချုပ်မှု သီးသန့်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် နိုင်ငံခြားပိုင် စီးပွားရေးလုပ်ငန်းများထက်စာလျှင် ပြည်တွင်း စီးပွားရေး လုပ်ငန်း များ၏ ရှုထောင့်များကိုသာ ခြုံငုံမိအောင် အလေးပေးထားပါသည်။ ဥပမာ MBEI ၏ မြေအသုံးချမှုဆိုင်ရာ တိုင်းတာချက်တွင် တနင်္သာရီတိုင်းဒေသကြီးရှိ နိုင်ငံခြားပိုင် လယ်ယာစီးပွားရေး လုပ်ငန်းများကိုသော်လည်းကောင်း၊ ကချင်ပြည်နယ်ရှိ ပြည်တွင်းပိုင် တူးဖော်ရေး လုပ်ငန်းများကို သော်လည်းကောင်း ထည့်သွင်းထားခြင်း မရှိပါ။ ယင်းတို့အစား MBEI သည် ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေး ကဏ္ဍမှ ပြည်တွင်း စီးပွားရေး လုပ်ငန်းများကို အထူးပြုလေ့လာပြီး ၎င်းတို့အနက် အများစုမှာ မြန်မာနိုင်ငံအဝှမ်းရှိ မြို့ကြီးများနှင့် မြို့ငယ်များတွင် အခြေစိုက်သည့် SME လုပ်ငန်းများ ဖြစ်ကြသည်။ နောက်ဆုံးတွင် လူတွေ့မေးမြန်းမှု မပြုလုပ်ရသေးမီ အလုပ်သမား လေးဦးထက် လျော့နည်းသည့် စီးပွားရေးလုပ်ငန်းသစ်များကို ဖယ်ထုတ်လိုက်ပါသည်။ နမူနာမူဘောင်တွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုင်းတာချက် မပါဝင်သော်လည်း သမရိုးကျ လုပ်ထုံးလုပ်နည်းလုံးဝမရှိသည့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် စီမံအုပ်ချုပ်ရေးနှင့် နည်းဥပဒေဆိုင်ရာ လုပ်ထုံးများနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ဖြေဆိုပေးရန်အတွက် အစိုးရနှင့် ထိတွေ့ဆက်ဆံမှု လွန်စွာနည်းပါးနေမည်ကို ကျွန်ုပ်တို့အနေနှင့် စိုးရိမ်မကင်း ဖြစ်သည့်အတွက် ဤဆုံးဖြတ်ချက်ကို ချမှတ်ရန် လိုအပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အတွက် အဆိုပါလုပ်ငန်းစဉ် အချို့နှင့် ထိတွေ့ဆောင်ရွက်ဖူးသည့် စီးပွားရေးလုပ်ငန်းများ လိုအပ်ပါသည်။ ပုံမှန်လုပ်ထုံးလုပ်နည်းများကို ကြားခံ ရရှိရန်အတွက် အဆိုပါအလွန်သေးငယ်လှသော စီးပွားရေး လုပ်ငန်းများကို ဖယ်ထုတ်ပစ်ခဲ့ရပါသည်။

MBEI ကို ပုံစံရေးဆွဲရာတွင် ယေဘုယျ စျေးကွက်အရွယ်အစား (သို့) ဆွဲဆောင်မှုထက်စာလျှင် အုပ်ချုပ်မှုပိုင်းကို သီးသန့်တိုင်းတာရန် ဒီဇိုင်းပြုလုပ်ထားပါသည်။ MBEI ၏ ရည်ရွယ်ချက်မှာ မြန်မာ့စီးပွားဝန်းကျင်များ၏ ယေဘုယျ ဆွဲဆောင်မှုကို တိုင်းတာရန် မဟုတ်ပါ။ ယင်းအစား စီးပွားရေး အောင်မြင်မှုကို အရှိန်မြှင့်တင်ပေးမည့် အဖွဲ့အစည်း ယန္တရားများနှင့် မူဝါဒများ ချမှတ်ဖြည့်ဆည်းပေးရေးအတွက် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို စီးပွားဝန်းကျင် အစိတ်အပိုင်းတစ်ရပ်အဖြစ် အလေးထားတိုင်းတာပါသည်။ အထက်တွင် အဆိုပြုခဲ့သည့်အတိုင်း အုပ်ချုပ်ရေးကို နှစ်တိုနှင့် နှစ်လတ်ကာလများတွင် တိုးတက်

ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပြီး ၎င်းအုပ်ချုပ်ရေးသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးမှုတို့နှင့် ချိတ်ဆက်လျက် ရှိပါသည်။

၁.၄.၁။ MBEI တွင် ပါဝင်သည့် အကြောင်းအရာများနှင့် ညွှန်ကိန်းများ

စီးပွားရေး အုပ်ချုပ်မှု၏ တိကျသော အစိတ်အပိုင်းများနှင့် ဆက်စပ်နေသည့် အညွှန်းကိန်းငယ် ၁၅၁ ခုကို အခြေတည်၍ MBEI၏ အညွှန်းကိန်းခွဲဆယ်ခုကို တည်ဆောက်ထားပါသည်။ ညွှန်ကိန်း ၉၂ ခုမှာ ၂၀၁၉ ခုနှစ် MBEI အစီရင်ခံစာမှ ပြန်ယူထားသည့် တိုင်းတာချက်များ (*ပင်မ ညွှန်ကိန်းများ*) ဖြစ်ကြပြီး ပင်မ MBEI တွင် အသုံးပြုခဲ့ပါသည်။ ပင်မ MBEI သည် ဖြည့်စွက်ညွှန်းကိန်းတစ်ရပ်ဖြစ်ပြီး ဤကာလ အတွင်း ဖြစ်ပေါ်သည့် ပြောင်းလဲမှုကို တိုင်းတာကာ *ညွှန်ကိန်းအသစ်* ၆၁ ခုမှာမူ ၂၀၂၀ MBEI အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အညွှန်းကိန်းခွဲတစ်ခုချင်းစီတွင် အသုံးပြုထားသည့် ညွှန်ကိန်းများ၏ အရေအတွက်ကို ဇယား ၁.၂ တွင် ဖော်ပြထားပြီး အောက်ပါဇယား ၁.၁ တွင်မူ MBEI ပါ အညွှန်းကိန်းခွဲတစ်ခုချင်းစီကို ဖွဲ့စည်းပေးထားသည့် လက်တွေ့ဆောင်ရွက်နိုင်စရာ မူဝါဒညွှန်ကိန်းများကို တစ်ခုချင်းစီ အတိအကျ ဖော်ပြထားသည့် စာရင်းတစ်ခုကို တွေ့နိုင်ပါသည်။ အဆိုပါညွှန်ကိန်းတစ်ခုချင်းစီကို အခန်း ၄

ဇယား ၁.၁။

MBEI ဒေတာ ကောက်ယူပုံ၊ တွက်ချက်ပုံနှင့် ညှိနှိုင်းသတ်မှတ်ပုံ အကျဉ်းချုပ်

အညွှန်းကိန်းခွဲ	အဓိက ညွှန်ကိန်းများ	ညွှန်ကိန်းသစ်များ	မျက်နှာစာများ (အညွှန်းကိန်းခွဲအတွင်းမှ အလေးချိန်များ)	MBEI ပါ အလေးတင် ကိန်းများ(%)
ကနဦး ကုန်ကျစရိတ်များ	၇	၁၀	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၁၀
မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု	၆	၁၃	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၁၅
မှတ်ပုံတင်ခြင်း အလွန် စည်းမျဉ်း စည်းကမ်းများ	၁၁	၇	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၅
တရားမဝင် ပေးချေရမှုများ	၈	၁	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၅
အခြေခံ အဆောက်အအုံ	၁၃	၁၁	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၅
ပွင့်လင်းမြင်သာမှု	၁၄	၅	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၁၅
ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း	၇	၁	စစ်တမ်းဒေတာ (100%)	၅
သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း	၇	၅	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၁၅
လုပ်သားခန့်ထားနိုင်မှု	၇	၅	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၁၅
တရားဥပဒေစိုးမိုးမှု	၁၂	၃	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ(40%)	၁၀

တွင် အသေးစိတ် ဖော်ပြပေးထားပြီး ၎င်းတို့ကို ရွေးချယ်ရာတွင် နှင့် ညွှန်းကိန်းတွင် ပေါင်းစပ်ထည့်သွင်းရာတို့၌ အသုံးပြုသည့် နည်းလမ်းကို အခန်း ၆ တွင် ဖော်ပြပေးထားပါသည်။

အခန်း ၆ တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း MBEI ကို ညွှန်ကိန်း အမျိုးအစား သုံးရပ်ဖြင့် တည်ဆောက်ထားပါသည်။ ၎င်းတို့မှာ ၁) ပြည်နယ်/တိုင်းဒေသကြီး တစ်ဆယ့်လေးခုနှင့် နေပြည်တော်ရှိ စီးပွားရေးလုပ်ငန်းပေါင်း ၅၆၀၅ ကို ကောက်ခံထားသည့် အမျိုးသားအဆင့် ကိုယ်စားပြု စစ်တမ်းမှ ထုတ်ယူထားသည့် *ထင်မြင်ချက်ကို အခြေခံထားသည့် ဒေတာ*၊ ၂) ကျွန်ုပ်တို့၏ သုတေသနအဖွဲ့ကိုယ်တိုင် မြို့နယ်ရုံးများသို့ သွားရောက်၍ ဒေသန္တရအစိုးရဝန်ဆောင်မှုများ ရရှိနိုင်မှု၊ အရည်အသွေးနှင့် ပွင့်လင်းမြင်သာမှုတို့ကို မှတ်တမ်းတင်ခဲ့သည်များမှ ထုတ်ယူထားသည့် *လေ့လာစောင့်ကြည့်မှု ဒေတာ*၊ ၃) ၂၀၁၉ခုနှစ်သန်းခေါင်စာရင်းဒေတာ (MOLIP ၂၀၁၉) နှင့် အစိုးရလက်စွဲစာအုပ်များ အစရှိသည့် ထုတ်ဝေခဲ့ပြီးသော စီမံအုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ (*တရားဝင်ထုတ်ပြန်ထားသော ဒေတာ*) တို့ ဖြစ်ကြပါသည်။ ထင်မြင်ချက်ကို အခြေခံထားသည့် စစ်တမ်း တိုင်းတာချက်များနှင့် ကွဲပြားစေရန် လေ့လာစောင့်ကြည့်မှု ဒေတာနှင့် တရားဝင်ထုတ်ပြန်ထားသော ဒေတာတို့ကို ပေါင်းရုံ၍ hard data ဟု ရည်ညွှန်းခေါ်ဝေါ်ပါမည်။

၁.၄.၂။ အသုံးပြုသည့် သုတေသန နည်းလမ်း အကျဉ်းချုပ်

ညွှန်းကိန်းကို အဆင့်သုံးဆင့်ဖြင့် ပေါင်းစပ်ဖန်တီးထားပြီး ၎င်းအဆင့်သုံးဆင့်ကို "C သုံးလုံး" ဟု ခေါ်ပါသည်။ ၎င်းတွင် အောက်ပါတို့ပါဝင်ကြပါသည်။ ၁) စီးပွားရေးစစ်တမ်း ဒေတာများနှင့် ပုံနှိပ်ထုတ်ဝေပြီး ဒေတာ အရင်းမြစ်များကို *စုဆောင်းခြင်း* (collect)၊ ၂) အညွှန်းကိန်းခွဲဆယ်ခုကို *တွက်ချက်* (calculate) ပြီး ၁၀-မှတ် ဖိုးစနစ်တွင် စံကိုက်ခြင်းနှင့်၊ ၃) MBEI ကို အညွှန်းကိန်းခွဲဆယ်ခု၏ ချိန်ဆချက် စုစုပေါင်းအဖြစ် အမှတ် ၁၀၀ အမြင့်ဆုံးပေးကာ *ညှိနှိုင်းသတ်မှတ်* (calibrate) သည်။ သုတေသနဒီဇိုင်းတွင် လည်း အရေးကြီးသော ဒီဇိုင်းအစိတ်အပိုင်းများစွာပါဝင်ပြီး ၎င်းတို့သည် ရလဒ်များကို ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအဖြစ် ပြောင်းလဲဖော်ပြပေးသည်။ ဤခေါင်းစဉ်ခွဲတွင် ယေဘုယျလုပ်ငန်းစဉ်အနှစ်ချုပ်ကို ဖော်ပြပေးပြီး အခန်း ၆ တွင်မူ သုတေသန နည်းနိသယကို အပြည့်အစုံ ဆွေးနွေးတင်ပြထားသည်။

စုဆောင်းခြင်း – MBEI တွင်ထည့်သွင်းရန်အတွက် စစ်တမ်းမှ ရရှိသော ဒေတာနှင့် စစ်တမ်းမှ မဟုတ်သော ဒေတာများကို အာရှဖောင်ဒေးရှင်းမှ စုဆောင်းခဲ့ပါသည်။ ဦးစွာပထမ စစ်တမ်းကောက်ယူသည့် ကိရိယာသည် အညွှန်းကိန်းခွဲများ ခြုံငုံထားသည့် အဓိက ကိစ္စရပ်များကို ထင်ဟပ်စေပြီး စီးပွားရေးလုပ်ငန်းများ၊ မူဝါဒချမှတ်သူများနှင့် ဆွေးနွေးရာမှ ရရှိလာသော အချက်များကို ပေါင်းစပ်ထည့်သွင်းထားပါသည်။ ဤတွင် လူတွေ့မေးမြန်းမှု အခြေအနေများကို ဆန်းစစ်ရန် နောက်ဆုံးပိတ် ထိန်းညှိမေးခွန်းတစ်စုံနှင့် အတူ ခေါင်းစဉ်အလိုက် စုစည်းထားသည့် အပိုင်းငယ် တစ်ဆယ့်နှစ်ခု ပါဝင်ပါသည်။ ဒုတိယအနေနှင့် မိမိ၏ တန်ဖိုးနှင့် အတွေ့အကြုံအပေါ် မူတည်၍ တိုင်းတာသည့် အချက်အလက်များ (soft data) ကို ကွင်းဆင်းလေ့လာသည့် အဖွဲ့ငယ်မှ မှတ်တမ်းပြုစုထားသည့် မြို့နယ်ရုံးများသို့ စူးစမ်းလေ့လာမှုများ၊ နှစ်စဉ်ထုတ်စာရင်းအင်းစာအုပ်များနှင့် အစိုးရဝန်ကြီးဌာနများမှ ရနိုင်သမျှ အခြားသော တစ်ဆင့်ခံ အရင်းမြစ်များမှ နေ၍ စုဆောင်းရရှိသည့် ဓမ္မဓိဌာန်ကျသော (သို့) hard data နှင့် ပေါင်းစပ်သည်။ စူးစမ်းလေ့လာချက် ဒေတာများကို ကွင်းဆင်းအဖွဲ့ငယ်မှ စုဆောင်းပေးပြီး ၎င်းအဖွဲ့ငယ်သည် ဒေသဆိုင်ရာမြို့နယ်ရုံးများသို့ သွားရောက်၍ ဒေသန္တရရုံးများမှ ပေးသည့် အကူအညီ၊ ရုံးလုပ်ငန်းပြီးမြောက်ရန် စောင်းဆိုင်းရသည့်ကြာချိန်တို့နှင့် စပ်လျဉ်းသည့် သတင်းအမျိုးအစားများကို မှတ်တမ်းပြုစုပါသည်။ အဆိုပါ စူးစမ်းလေ့လာချက်များကို မြို့နယ်အချင်းချင်းနှိုင်းယှဉ်ကြည့်နိုင်သည့် စကေးသတ်မှတ်ချက်များဖြင့် မှတ်တမ်းတင်ပါသည်။ ထင်မြင်ယူဆချက်ကို ကိုင်တွယ်ရန်နှင့် ပြန်လည်ဖြေကြားချက်များမှ ဘက်လိုက်မှုများကို ဖမ်းယူနိုင်ရန် hard data များကို အသုံးပြုပါသည်။ နောက်ဆုံးအနေဖြင့် SME လုပ်ငန်းများစွာတို့တွင် ၎င်းတို့ဌာနေဖြစ်သည့် ပြည်နယ်/တိုင်းဒေသကြီးကို အမှတ်ငါးမှတ် အခြေခံဖြင့် အဆင့်ပေးရန်အတွက် အခြားသော နေရာများနှင့် ပတ်သက်သည့် လုံလောက်သောနားလည်မှု မရှိနိုင်ပေ။

MBEI စစ်တမ်းဒေတာကို ပြည်တွင်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ၅,၆၀၅ အတွက် ကောက်ခံခဲ့သည့် အမျိုးသားအဆင့် ကိုယ်စားပြု စစ်တမ်းပေါ်တွင် အခြေတည်၍ တည်ဆောက်ထားပါသည်။ ဤနမူနာကို မတူညီသော အုပ်စုနှစ်စုဖြင့် ပေါင်းစည်းထားပါသည်။ ပထမအုပ်စုတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ DAO နှင့် မြို့တော်စည်ပင်သာယာရေးကောင်စီ (CDC) မှ လုပ်ငန်းလိုင်စင်ရရှိထားသည့် စီးပွားရေးလုပ်ငန်းတစ်ခုစီတိုင်းကို မှတ်တမ်းတင်ထားသော ဗဟိုစာရင်းအင်းအဖွဲ့၏ စီးပွားရေး လုပ်ငန်းမှတ်ပုံတင် ဒေတာဘေ့စ် (Thien et al. 2019) ရှိ လုပ်ငန်းပေါင်း ၁၀၀,၃၉၆ ခု ပါဝင်သည့် နမူနာ မူဘောင်တစ်ရပ်မှ ထုတ်ယူထားသော လုပ်ငန်းပေါင်း ၄,၄၀၅ ပါဝင်ပါသည်။ ဤတွင် ရင်နှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှု ဦးစီးဌာန (DICA) သို့မဟုတ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (DISI) မှ မှတ်ပုံတင် စာရွက် ရရှိထားသည့် နမူနာစီးပွားရေးလုပ်ငန်းများလည်း ပါဝင်ပါသည်။ ဒုတိယအုပ်စုမှာ နှစ်နှစ်ဆက်တိုက်စစ်တမ်းဖြေကြားပေးခဲ့သည့်နှိုင်းယှဉ်နမူနာအုပ်စု ဒေတာစာရင်းတစ်ခု ဖန်တီးရန်နှင့် ဤကြားကာလအတွင်း အုပ်ချုပ်မှုပိုင်းတွင်ဖြစ်ပေါ်ခဲ့သည်အပြောင်းအလဲကို ဆန်းစစ်

နိုင်ရာ၌ ရှုထောင့်တစ်ရပ်ကို ရရှိနိုင်ရန် လုပ်ငန်းပေါင်း ၁,၂၀၀ ကို ၂၀၁၈ ခုနှစ် MBEI စစ်တမ်းပြန်လည်ဖြေကြားသူ ၄,၈၇၆ ထံမှ ကျပန်းနမူနာ ကောက်ယူပါသည်။ ၂၀၁၈ ခုနှစ် MBEI ဒေတာစာရင်းကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) မှ ပေးအပ်လာသည့် နမူနာမူဘောင်မှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ ပင်မ ညွှန်းကိန်းဆိုင်ရာ မေးခွန်းများအတွက် လုပ်ငန်းပေါင်း ၁,၂၀၀ မှ ဖြေကြားပေးထားသည့် အဖြေများကို နှိုင်းယှဉ် နမူနာအုပ်စု ဒေတာစာရင်းပြုစုရာ၌ အသုံးပြုခဲ့ပြီး ဤနည်းဖြင့် ကြားကာလအတွင်း ဖြစ်ပွားခဲ့သည့် အပြောင်းအလဲကို အတိအကျ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဒေသန္တရ အုပ်ချုပ်ရေး အရာရှိများနှင့် စီးပွားရေး လုပ်ငန်းများ လွယ်လင့်တကူ ခြေရာကောက်နိုင်၊ စောင့်ကြည့်လေ့လာနိုင်သော လုပ်ငန်းဆောင်ရွက်နိုင်စရာ မူဝါဒ သတင်းအချက်အလက်များပေးနိုင်ရန် ညွှန်ကိန်းတစ်ခုချင်းစီ ရွေးချယ်ထားပါသည်။ MBEI အဖွဲ့အနေဖြင့် ပွင့်လင်းမြင်သာမှု နိမ့်ပါးခြင်း ကဲ့သို့ လက်ဆုပ်လက်ကိုင် ပြရန်ခက်ခဲသည့် သဘောတရားအား အစီရင်ခံရန် သက်သက်မျှကို အလိုမရှိပါ။ ယင်းအစား ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များတွင် ပွင့်လင်းမြင်သာမှု အားကောင်းလာစေရန် မူဝါဒပိုင်းမှ တွန်းအားပေးနိုင်သည့် အရာများနှင့် စပ်လျဉ်းသည့် ရှင်းလင်းသော သတင်းအချက်အလက်များကို ပေးနိုင်ရန် အားထုတ်ထားပါသည်။ ဥပမာအားဖြင့် လုပ်ငန်းလိုင်စင်ကြေးကိုအများပြည်သူသိမြင်စေရန် ဒေသခံ စည်ပင်ရုံးများတွင် ကပ်ထားသည်ဟု စီးပွားရေးလုပ်ငန်းအရေအတွက် မည်မျှက အစီရင်ခံကြောင်း၊ ဒေသဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ကွက်စိပ်မြေပုံများကို လွယ်လင့်တကူ ကြည့်ရှုနိုင်သည်ဟု စီးပွားရေးလုပ်ငန်း အရေအတွက် မည်မျှက တင်ပြကြောင်းကိုသာ MBEI က ခေါင်းဆောင်များကို ပြောသည်။

၂၀၁၉ ခုနှစ် MBEI ကို အောင်မြင်စွာ မိတ်ဆက်ထုတ်ဝေပြီးနောက်ပိုင်းတွင် သုတေသနအဖွဲ့အနေဖြင့် အဆင့်သတ်မှတ်ရာတွင် အသုံးပြုသည် ညွှန်ကိန်းတစ်ခုချင်းစီကို စေ့စေ့စပ်စပ် ပြန်လည်သုံးသပ်ခဲ့ပါသည်။ ဤတွင် ကျွန်ုပ်တို့အနေဖြင့် ဒေသန္တရအစိုးရ အရာရှိများ၊ စီးပွားရေး လုပ်ငန်းများနှင့် ပညာရှင်သုတေသီများဖြင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ ဂရုတစိုက် စဉ်းစားဝေဖန်မှု ပြုလုပ်ပြီးသည့်နောက်တွင် ညွှန်းကိန်း ပိုမိုတိကျစေရန်အတွက် သုတေသနနည်းလမ်းကို အဆင့်မြှင့်တင်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြပါသည်။ ယခင်တိုင်းတာချက်များတွင်ပါဝင်သည့် အမှားအယွင်းများ သို့မဟုတ် နားလည်မှု လွဲမှားမှုများကို ပြင်ဆင် တည့်မတ်ရန်အတွက်သာမက အမျိုးသားအဆင့် ပြုပြင် ပြောင်းလဲမှုများအရ အချို့သတင်းအချက်အလက်များကို မလိုအပ်တော့သည့်အတွက်ပါ အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန် လိုအပ်လာခဲ့ပါသည်။ အချို့သော ညွှန်ကိန်းများကို ညွှန်းကိန်းမှ ဖယ်ထုတ်ခြင်း၊ ညွှန်ကိန်းသစ်များ ဖြည့်စွက်ခြင်းတို့အပြင် ညွှန်ကိန်းများစွာကိုလည်း စစ်တမ်းတွင် သုံးထားသည့် စကားလုံး အသုံးအနှုန်း အနည်းငယ် ပြင်ဆင်မွမ်းမံခြင်း သို့မဟုတ် ဒေသန္တရ အခြေအနေနှင့် ပိုမိုကိုက်ညီအောင် ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဥပမာ စီးပွားရေး လုပ်ငန်းများအား "မြေအမည်ပေါက်" ရှိမရှိ သာမန်ကာလျှံကာ မေးမည့် အစား မြို့ပြရှိ စီးပွားရေးလုပ်ငန်းများအတွက် မြေယာဂရံ စာရွက်စာတမ်း၊ စိုက်ပျိုးရေး ဧရိယာများတွင်ရှိသော်လည်း စိုက်ပျိုးရေးနှင့် မသက်ဆိုင်သော လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် စီးပွားရေး လုပ်ငန်းများအတွက် ဖောင်ပုံစံ ၇ အစရှိသည့် ၎င်းတို့ ပိုင်ဆိုင်သည့် မြေအမည်ပေါက် အမျိုးအစားကို တိတိကျကျ မေးမြန်းခဲ့ပါသည်။

သုတေသန နည်းလမ်းပိုင်းဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ခြင်းသည် ဤကြားကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် တိုးတက်ပြောင်းလဲမှုကို ခြေရာကောက်ရာ၌ အရေးကြီးသော အကျိုးဆက်များ ဖြစ်ပေါ်စေသည်။ ၂၀၁၉ MBEI နှင့် ၂၀၂၀ MBEI တို့တွင် အသုံးပြုထားသည့် ညွှန်ကိန်းများမှာ မတူညီသည့် အတွက် ပျမ်းမျှ ရမှတ်များကို ကြည့်ရုံမျှဖြင့် တိုးတက်ပြောင်းလဲမှုကို ခြေရာကောက်ရန် မဖြစ်နိုင်ပေ။ ရမှတ် ပြောင်းလဲမှုများသည် ပြည်နယ်အဆင့် ရမှတ်များတွင် အမှန်တကယ် တိုးတက်ပြောင်းလဲမှုများကို ကိုယ်စားပြုသလား၊ သို့တည်းမဟုတ် ညွှန်းကိန်း၏ ဖွဲ့စည်းပုံ ပြောင်းလဲခြင်းများကြောင့် ထွက်ပေါ်လာသော ရလဒ်မျှသာလော ဟူသည့် အချက်ကို ကျွန်ုပ်တို့ မပြောနိုင်တော့ပေ။ ဥပမာအားဖြင့် ပြည်နယ်များ ရမှတ်နိမ့်ပါးသည့် ညွှန်ကိန်းတစ်ခုကို ပယ်ဖျက်လိုက်ခြင်းကြောင့် MBEI ပျမ်းမျှရမှတ်များ တိုးတက်လာနိုင်စရာရှိသော်လည်း ဤသို့အမှတ်တက်လာခြင်းသည် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးဆိုင်ရာ အမှန်တကယ် တိုးတက်ပြောင်းလဲမှုကို ကိုယ်စားမပြုပေ။

ဤပြဿနာကို ဖြေရှင်းရန်အလို့ငှာ သုတေသနအဖွဲ့အနေဖြင့် သီးခြားညွှန်းကိန်းနှစ်ခု ဖန်တီးထားပါသည်။ *၂၀၂၀ MBEI* တွင် ညွှန်ကိန်းအသစ်နှင့် မွမ်းမံ စုစုပေါင်း ၁၅၃ ခုပါဝင်ပြီး မြန်မာနိုင်ငံ အုပ်ချုပ်ရေး အရည်အသွေးကို ဖော်ပြပေးထားပါသည်။ သို့သော်လည်း ဤညွှန်းကိန်းပေါ်ရှိရမှတ်များကို ယူနစ်အချင်းအချင်းကြား (လုပ်ငန်းများ၊ မြို့နယ်များနှင့် ပြည်နယ်များ) တွင်သာ နှိုင်းယှဉ်နိုင်ပြီး ၂၀၂၀ ဒေတာများကို ၂၀၁၈ ဒေတာများနှင့် နှိုင်းယှဉ်၍ မရနိုင်ချေ။ ထို့အပြင်လည်း ၂၀၁၈ နှင့် ၂၀၂၀ နှစ်နှစ်လုံးတွင် အသုံးပြုခဲ့သည် ညွှန်ကိန်း ၉၂ ခုကို အကျဉ်းချုပ်ထားသည့် ပင်မ *MBEI*ကို ပါ ဖန်တီးပေးထားပါသည်။ ပိုမိုတင်းကြပ်စွာ လိုက်နာဆောင်ရွက်သည့် ကိစ္စတစ်ခုမှာ ပင်မညွှန်ကိန်းများကို MBEI စစ်တမ်းကို နှစ်နှစ်လုံး ဖြေကြားပေးခဲ့ကြသည့် နှိုင်းယှဉ် နမူနာအုပ်စုမှ စီးပွားရေး လုပ်ငန်းများမှသာ ယူထားပါသည်။ တူညီသော စီးပွားရေးလုပ်ငန်းများကိုသာ

အသုံးပြုခြင်းဖြင့် တိုးတက်မှု၊ ဆုတ်ယုတ်မှု အားလုံးတို့သည် မူဝါဒပိုင်းဆိုင်ရာ အမှန်တကယ် ပြောင်းလဲမှုများမှ တိုက်ရိုက်ထွက်ပေါ်လာသော ရလဒ်များ ဖြစ်ကြပြီး၊ ပြန်လည်ဖြေကြားသည့် စီးပွားရေးလုပ်ငန်းများ၏ ဖွဲ့စည်းမှုပြောင်းလဲသွားခြင်းကြောင့် မဟုတ်ကြောင်း အာမခံနိုင်ပါသည်။

တွက်ချက်ခြင်း – ညွှန်ကိန်း ၁၅၃ ခု ပေါ်မှ MBEI ရမှတ်များကို အညွှန်းကိန်းခွဲ ဆယ်ခုအတွင်းသို့ ပေါင်းထည့်လိုက်ပါသည်။ ယင်းအညွှန်းကိန်းခွဲများကို သီအိုရီပိုင်းအရ အဓိပ္ပါယ်ရှိစေရန်၊ ကွဲပြားခြားနားစေရန်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိက ကဏ္ဍမှတ်ပုံတင်ခြင်းနှင့် တိုးတက်ဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်သည့် လက်တွေ့ပြုနိုင်စရာရှိသည့် မူဝါဒပိုင်း ဆောင်ရွက်ချက်များနှင့် ချိတ်ဆက်မှုရှိစေရန် များစွာ ကြိုးစားအားထုတ်ထားပါသည်။ အဆိုပါ အညွှန်းကိန်းခွဲ များ၌ တိုးတက် လာခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝမှုဆက်လက်ရှိနေဖို့ရာ လွန်စွာ အရေးကြီးသည်ဟု ယူဆပါသည်။ (ညွှန်ကိန်းတစ်ခုချင်းစီကို ရွေးချယ်ရခြင်းနှင့် တိုင်းတာခြင်းတို့အတွက် နောက်ကွယ်မှ အကြောင်းတရားနှင့် ပတ်သက်သည့် ဆွေးနွေးချက် အပြည့်အစုံကို အခန်း ၄ တွင် ကြည့်ပါ။)

အညွှန်းကိန်းခွဲများ ဖန်တီးရန် ညွှန်ကိန်းတစ်ခုချင်းစီကို အမှတ်တစ်မှ တစ်ဆယ်အထိ စံသတ်မှတ်ထားပြီး ဖြေဆိုသူမှ ဖြေကြားချက်များကို အမှတ်ပေးရာတွင် (၁)ကို အမှတ်အနည်းဆုံးဟု ယူဆပြီး (၁၀)ကို အမှတ်အများဆုံးဟု ယူဆပါသည်။ မြန်မာနိုင်ငံ၏ ရှိပြီးသား အလေ့အကျင့်ကောင်းများကို မူတည်၍ MBEI အမှတ်များကို သမရိုးကျအသွင် သွတ်သွင်းလိုက်သည် ဖြစ်ရာ ဤဆုံးဖြတ်ချက်မှာ အလွန်အရေးကြီးပါသည်။ MBEI သည် ပြည်နယ် / တိုင်းဒေသကြီး အစိုးရများကို ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် တိုက်တွန်းရာတွင်ပြီးပြည့်စုံလွန်းပြီး လက်တွေ့ဖြစ်နိုင်ရန် ခက်ခဲသော အုပ်ချုပ်မှုစနစ်ကောင်း နှုန်းစံများနှင့် မနှိုင်းစာဘဲ၊ တစ်ခုတည်းသော အမျိုးသားရေး နိုင်ငံရေး မူဘောင် အတွင်းရှိ ၎င်းတို့နှင့် အဆင့်အတန်းတူ ဒေသအဆင့် အစိုးရများ ကျင့်သုံးနေပြီး ဖြစ်သည့် အကောင်းဆုံး လုပ်ငန်းဆောင်ရွက်ပုံများနှင့်သာ နှိုင်းယှဉ်ထားပါသည်။ ဥပမာ မည်သည့် ပြည်နယ်/တိုင်းဒေသကြီးမဆို MBEI အမှတ် ၅၃ မှ ၆၁ ကြားရရှိသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများဖြစ်ပါက မြန်မာနိုင်ငံတွင် ကျင့်သုံးနေပြီးသားဖြစ်သော အကောင်းဆုံး လုပ်ငန်းဆောင်ရွက်မှုများ အားလုံးကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အမှတ် ၁၀၀ အပြည့်ရနိုင်သည့် သဘောဖြစ်ပါသည်။ ညွှန်ကိန်းများကို အမှတ်စကေးပြန်လည် ချိန်ညှိပြီးသည့်နောက် ချိန်ဆပြီး ပျမ်းမျှတန်ဖိုးကို ယူ၍ အညွှန်းကိန်းခွဲ ဖန်တီးပါသည်။ ချိန်ဆပြီး ပျမ်းမျှတန်ဖိုးများကို hard data များ ရရှိလာသောအခါ ပိုမိုကောင်းမွန်စွာ ပေါင်းစပ်ထည့်သွင်းနိုင်ရန် အသုံးပြုပါသည်။ ထင်မြင်ယူဆချက် ဘက်လိုက်မှုများကို လျှော့ချနိုင်ရန်အတွက် စစ်တမ်းဒေတာများ၏ အလေးတင်ကိန်းစီးမှုကို ၆၀% သတ်မှတ်ပြီး hard data များကို ၄၀% သတ်မှတ်ပါသည်။

MBEI ရမှတ်များကို တွက်ချက်ရာတွင် မတူညီသော အုပ်စုခွဲများအတွက် သီးခြား စိစစ်လေ့လာမှု ပြုနိုင်ရန် ဆောင်ရွက်ထားပါသည်။ အညွှန်းကိန်းခွဲများ အားလုံးကို စစ်တမ်းပြန်လည်ဖြေကြားပေးသည့် စီးပွားရေးလုပ်ငန်းများ၏ အဆင့်တွင် ဖန်တီးထားခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီတွင် ၎င်းတို့ဖြေကြားပေးသည့် စစ်တမ်းအဖြေများ၊ မြို့နယ်အဆင့် လေ့လာစောင့်ကြည့်မှု၊ တစ်ဆင့်ခံ ဒေတာများအရ ဖန်တီးထားသည့် တရားဝင်ထုတ်ပြန်ထားသော ဒေတာရမှတ်တစ်ခုစီရှိသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် မည်သည့်သုတေသနပန်းတိုင်မျိုး သတ်မှတ်စေကာမူ ယင်းအတွက် လိုအပ်သည့် အုပ်ချုပ်ရေး အဆင့်မျိုးရရှိသည်အထိ လုပ်ငန်းတစ်ခုချင်းစီမှ ဖြေကြားချက်များကို ပေါင်းစပ်၍ ရသွားစေသည်။ MBEI တွင် အဓိက ဦးစားပေးသည်မှာ ပြည်နယ်/တိုင်းဒေသကြီးအဆင့် လုပ်ငန်းဆောင်ရွက်မှု အနေအထားကို တစ်ပေါင်းတစ်စည်းတည်း လေ့လာနိုင်ရေး ဖြစ်ပါသည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်း၏ ကဏ္ဍအမျိုးအစား၊ လုပ်ငန်းပိုင်ရှင်၏ ကျား/မအုပ်စုတို့အပြင် စီးပွားရေးအုပ်ချုပ်မှုကို ကျင့်သုံးရာတွင် တွေ့ရသည့် မညီမျှမှုများကို ခြေရာကောက်၍ ရလာသလို အခြားလက္ခဏာရပ်များစွာတို့ အပေါ် အခြေခံသည့် စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ သီးခြားရမှတ်များကို တွက်ထုတ်၍လည်း ရလာပါသည်။

ဇယား ၁.၂။

MBEI တွင် အသုံးပြုထားသည့် အညွှန်းကိန်းခွဲအလိုက် ညွှန်ကိန်းအားလုံး၏ စာရင်း

အဓိက

စစ်တမ်းဒေတာ

လေ့လာစောင့်ကြည့်မှု ဒေတာ(သို့)

တရားဝင်ထုတ်ပြန်ထားသော ဒေတာ

အညွှန်းကိန်းခွဲ ၁။ ကနဦး ကုန်ကျစရိတ်များ

ပင်မညွှန်ကိန်းများ

၁။ အပြီးအပြတ်မှတ်ပုံတင်ရန် သုံးလ ထက်ပိုမိုစောင့်ဆိုင်းရသည် (%)
၂။ အပြီးအပြတ်မှတ်ပုံတင်ရန် စာရွက်စာတမ်း အရေအတွက် (#)
၃။ CDC သို့ DAO မှ လုပ်ငန်းလိုင်စင်ရှိရန် ရက်ပေါင်း (#)
၄။ DICA မှ စီးပွားရေး မှတ်ပုံတင် စာရွက်ရှိရန် ရက်ပေါင်း (#)
၅။ မည်သည့် မှတ်ပုံတင်ကိစ္စမဆို အခက်အခဲရှိ (%)
၆။ DAO စီးပွားရေး လုပ်ငန်းလိုင်စင်ရှိရန် လိုအပ်သော စာရွက်စာတမ်းပမာဏ (%)
၇။ DAO ဝန်ထမ်းများမှာ ကူညီတတ်ကြပြီး ဗဟုသုတရှိကြသည်ကိုသဘောတူ (%)

ညွှန်ကိန်းသစ်များ

၈။ CDC (သို့) DAO လုပ်ငန်းလိုင်စင်လျှောက်ရန် လိုအပ်သည့် လုပ်ငန်းအဆင့်ပေါင်း
၉။ DICA မှတ်ပုံတင် စာရွက်လျှောက်ရန် လိုအပ်သည့် လုပ်ငန်းအဆင့်ပေါင်း (#)
၁၀။ DISI မှတ်ပုံတင် စာရွက်လျှောက်ရန် လိုအပ်သည့် လုပ်ငန်းအဆင့်ပေါင်း (#)
၁၁။ လိုင်စင်လုပ်ထုံးလုပ်နည်းများလေ့လာရန်အတွက် သုတေသနအဖွဲ့သည် DAO ရုံး သို့ တစ်ကြိမ်မက သွားရောက်ခဲ့ရသည် (%)
၁၂။ DAO ရုံးသည် စွမ်းဆောင်ရည် ပြည့်ဝစွာ အလုပ်လုပ်သည်ဟု သဘောတူသည်(%)
၁၃။ DAO ရုံးသည် လိုအပ်သော ရုပ်ဝတ္ထုအရင်းခြစ်များရှိသည်ဟု သဘောတူသည် (%)
၁၄။ OSS ရုံးသည် စွမ်းဆောင်ရည် ပြည့်ဝစွာ လည်ပတ်ဆောင်ရွက်မှုရှိသည်ဟု သဘောတူသည်
၁၅။ OSS ရုံးသည် လိုအပ်သော ရုပ်ဝတ္ထုအရင်းခြစ်များရှိသည်ဟု သဘောတူသည် (%)
၁၆။ OSS ရုံးဝန်ထမ်းများမှာ အကူအညီပေးနိုင်ကြသည် (%)
၁၇။ DAO တွင် သတ်မှတ်ထားသော လျှောက်လွှာဖောင်ပုံစံရှိပြီး သွားယူ၍ရသည် (%)

အညွှန်းကိန်းခွဲ ၂။ ပြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု

ပင်မညွှန်ကိန်းများ

၁။ လုပ်ငန်းသည် မြေပိုင်ပြီး မြေအမည်ပေါက်ပါ ရှိသည် (%)
၂။ မြေစာရွက်စာတမ်းများရရှိရန် ကြာချိန် (ရက်ပေါင်း)
၃။ လုပ်ငန်းအနေဖြင့် အလယ်အလတ်ထက်မနည်းသော မြေသိမ်းခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု ယုံကြည်သည် (%)
၄။ လုပ်ငန်းအနေဖြင့် အလယ်အလတ်ထက်မနည်းသော ငှားရမ်းစာချုပ်ပြောင်းလဲနိုင်မှု အန္တရာယ်ရှိသည်ဟု ယုံကြည်သည် (%)
၅။ မြေသိမ်းခံရပါက လုပ်ငန်းအနေဖြင့် မျှတသော လျှော်ကြေးငွေ ရရှိလိမ့်မည်ဟု ယုံကြည်သည် (%)
၆။ လုပ်ငန်းအနေဖြင့် မြေနှင့်ဆိုင်သော ရုံးကိစ္စများ ဆောင်ရွက်ဖူးသော်လည်း အခက်အခဲတစ်စုံတစ်ရာမရှိပေ။ (%)

ညွှန်ကိန်းသစ်များ

၇။ လုပ်ငန်းအနေဖြင့် လွန်ခဲ့သော ၂ နှစ်အတွင်း မြေကိစ္စအငြင်းပွားမှု ဖြစ်ခဲ့ဖူးသည် (%)
၈။ လုပ်ငန်းတွင် မြေဂရန် (သို့) ပုံစံ ၇ ရှိသည် (%)
၉။ လုပ်ငန်းရှင်ပိုင်သောမြေမှာ အခြားသူ၏ အမည်ပေါက်နှင့် ဖြစ်သည် (%)
၁၀။ လုပ်ငန်းပရဝုဏ်ဝယ်ယူခြင်း သို့ ချဲ့ထွင်ခြင်းတို့တွင် အခက်အခဲများ ကြုံရသည် (%)
၁၁။ GAD မြေဂရန်ရရှိရန် လိုအပ်သော စာရွက်စာတမ်းပေါင်း (#)
၁၂။ DALMS ဝန်ထမ်းများမှာ ကူညီတတ်ကြသည် (%)
၁၃။ GAD တွင် သတ်မှတ်ထားသော လျှောက်လွှာဖောင်ပုံစံရှိပြီး သွားယူ၍ရသည် (%)
၁၄။ DALMS တွင် သတ်မှတ်ထားသော လျှောက်လွှာဖောင်ပုံစံရှိပြီး သွားယူ၍ရသည် (%)
၁၅။ GAD ရုံးသည် လိုအပ်သော ရုပ်ဝတ္ထုအရင်းခြစ်များရှိသည်ဟု သဘောတူသည် (%)
၁၆။ DALMS ရုံးသည် လိုအပ်သော ရုပ်ဝတ္ထုအရင်းခြစ်များရှိသည်ဟု သဘောတူသည် (%)
၁၇။ GAD ရုံးသည် စွမ်းဆောင်ရည် ပြည့်ဝစွာ အလုပ်လုပ်သည်ဟု သဘောတူသည် (%)
၁၈။ DALMS ရုံးသည် စွမ်းဆောင်ရည် ပြည့်ဝစွာ အလုပ်လုပ်သည်ဟု သဘောတူသည် (%)
၁၉။ DALMS ဖောင်ပုံစံ ၁၅ ရရှိရန် လိုအပ်သော စာရွက်စာတမ်းပေါင်း

အညွှန်းကိန်းခွဲ ၃။ မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်း စည်းကမ်းများ

ပင်မညွှန်ကိန်းများ

၁။ လုပ်ငန်းများ (သို့) စစ်ဆေးရေး ဝင်ရောက်သည့် အကြိမ်ရေ (#)
၂။ စစ်ဆေးမှုများကြောင့် လုပ်ငန်းကို စည်းကမ်းလိုက်နာစေသည် (% သဘောတူ)
၃။ လုပ်ငန်းများသည် ရုံးကိစ္စများ၌ ၎င်းတို့အချိန်၏ ၁၀% အောက်ကို ပေးရသည် (%)
၄။ အစိုးရ အရာရှိများသည် စာရွက်စာတမ်းများ ကိုင်တွယ်ရာ၌ လျင်မြန်ထိရောက်သည် (% သဘောတူ)
၅။ အစိုးရ အရာရှိများမှာ ခင်မင်စရာကောင်းသည် (% သဘောတူ)
၆။ တံဆိပ်တုံး ထုပေးရန်နှင့် လက်မှတ်ထိုးပေးရန် ရုံးသို့ မကြာခဏ မသွားရ (% သဘောတူ)
၇။ ရုံးစာရွက်စာတမ်းများမှာ ရိုးရှင်းသည် (% သဘောတူ)
၈။ ပေးဆောင်ရမည့်ငွေများကို အများမြင်သာအောင် ထားရှိပေးသည် (% သဘောတူ)
၉။ GAD ဝန်ထမ်းများမှာ အကူအညီ ပေးတတ်ကြသည် (%)
၁၀။ ပြည်သူ့ဝန်ဆောင်မှု ရုံးစားပွဲများတွင် ဝန်ထမ်းအသင့်ရှိနေတတ်သည် (#)
၁၁။ မြို့နယ်အတွင်း ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားရှိခြင်းသည် (%)

ညွှန်ကိန်းသစ်များ

၁၂။ အစိုးရ၏ ပွင့်လင်းမြင်သာမှုရှိခြင်းကြောင့် ပေးဆောင်ရမည့် ငွေနှုန်းထားများကို အလွယ်တကူ သိခွင့်ရလာသည် (%)
၁၃။ လုပ်ငန်းသုံးသပ်ရန်နှင့် ဝင်ရောက်စစ်ဆေးရန် ကြာချိန် (မိနစ်)
၁၄။ အစိုးရဌာနများမှာ နည်းပညာပိုင်းတွင် အစွမ်းအစရှိကြသည် (%)
၁၅။ စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုကို အခက်အခဲဖြစ်စေသည့် အကြိမ်ရေ (#)
၁၆။ DAO စီးပွားရေးလုပ်ငန်းလိုင်စင် သက်တမ်းတိုးရန် လိုအပ်သော စာရွက်စာတမ်းအရေအတွက် (#)
၁၇။ GAD စီးပွားရေးမြေဂရန်သက်တမ်းတိုးရန် လိုအပ်သော စာရွက်စာတမ်း အရေအတွက် (#)
၁၈။ DAO ဝန်ထမ်းများမှာ အကူအညီပေးတတ်ကြသည် (%)

အညွှန်းကိန်းခွဲ ၄။ တရားမဝင် ပေးချေရမှုများ

ပင်မညွှန်ကိန်းများ

၁။ လုပ်ငန်းများသည် ငွေကြေးတံဆိုးလက်ဆောင် ပေးရသည် (% သဘောတူ)
၂။ အရောင်းဝင်ငွေ၏ ၂% အောက် ပမာဏဖြင့် လာဘ်ထိုးရသည် (%)
၃။ လာဘ်ငွေ ပေးရမည့် ပမာဏကို ပုံမှန်အားဖြင့် ကြိုသိသည် (% သဘောတူ)
၄။ ငွေကြေးတံဆိုးလက်ဆောင် ပမာဏသည် အစိုးရဝန်ဆောင်မှုကို ပိုမိုလျင်မြန်စေသည် (% သဘောတူ)
၅။ အစိုးရ ပစ္စည်းဝယ်ယူရေး လေလံအောင်ဖို့ရာတွင် ငွေကြေးတံဆိုးလက်ဆောင်ပေးရန် လိုအပ်သည် (% သဘောတူ)
၆။ စစ်ဆေးရေးဝင်ပါက လက်ဆောင် (သို့) ငွေအပိုဆောင်းပေးရသည် (% သဘောတူ)
၇။ စစ်ဆေးမှုများသည် ကြီးကြပ်သူများအား လက်ဆောင်ဖြင့် ငွေရှာရန် အခွင့်အလမ်း ဖန်တီးပေးသည် (% သဘောတူ)
၈။ လူ ၁၀,၀၀၀ တွင်ရှိသော အဂတိတိုင်ကြားမှုပေါင်း(# ၂၀၁၉)

ညွှန်ကိန်းသစ်များ

၉။ ချေးငွေရရှိရန် တံဆိုးလက်ဆောင် သို့ ငွေပေးရန် လိုအပ် (%)

အညွှန်းကိန်းခွဲ ၅။ အခြေခံအဆောက်အအုံ

ပင်မညွှန်ကိန်းများ

၁။ ယခင်လအတွင်း တယ်လီဖုန်းနှင့် အခြားဆက်သွယ်ရေး ဝန်ဆောင်မှုများ ပြတ်တောက်သည့် နာရီ (နာရီပေါင်း)
၂။ ယခင်လအတွင်း မီးပြတ်သည့် နာရီ (#)
၃။ တစ်နှစ်အတွင်း လမ်းရေကြီး၍၊ ရွှံ့ထူ၍၊ လမ်းမကောင်း၍ လမ်းပိတ်သည့် ရက်ပေါင်း (#)
၄။ မမျှော်လင့်သော မီးပြတ်တောက်မှု သို့ မီးမမှန်မှုကြောင့် လုပ်ငန်းထိခိုက်သည် (% သဘောတူ)
၅။ ယခင်လအတွင်း မီးပြတ်သည့် အကြိမ်ရေ (#)
၆။ မီးလျှောက်သည့်ရက်နှင့် မီးရသည့် ရက်ကြား (စုစုပေါင်း, ရက်ပေါင်း)
၇။ မြို့ပြလမ်းများသည် ကောင်းသည် (သို့) အလွန်ကောင်းသည် (%)
၈။ တယ်လီဖုန်းများမှာ ကောင်း (သို့) အလွန်ကောင်း (%)
၉။ လျှပ်စစ်မီး ကောင်း (သို့) အလွန်ကောင်း (%)
၁၀။ အင်တာနက် ကောင်း သို့ အလွန်ကောင်း (%)
၁၁။ ရေအရည်အသွေး ကောင်း သို့ အလွန်ကောင်း (%)
၁၂။ ဆေးရုံ/ဆေးခန်း အရည်အသွေး ကောင်း သို့ အလွန်ကောင်း (%)
၁၃။ မိုဘိုင်းဖုန်း/လူဦးရေ (%)

ညွှန်ကိန်းသစ်များ

၁၄။ ကြိုတင်အသိပေးပြီး မီးဖြတ်သည့် နောက်ဆုံးအကြိမ် ၅ ကြိမ် (#)
၁၅။ ကျေးလက်လမ်းများ ကောင်းမွန် သို့ အလွန်ကောင်းမွန် (%)
၁၆။ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု လျှောက်ထားသည့် အချိန်မှ ရသည့်အချိန်ကြား ကြာမြင့်ချိန် (ပုဂ္ဂလိကနေအိမ်သုံးမီတာ၊ ရက်ပေါင်း)
၁၇။ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု လျှောက်ထားသည့် အချိန်မှ ရသည့်အချိန်ကြား ကြာမြင့်ချိန် (အစိုးရနေအိမ်သုံးမီတာ၊ ရက်ပေါင်း)
၁၈။ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု လျှောက်ထားသည့် အချိန်မှ ရသည့်အချိန်ကြား ကြာမြင့်ချိန် (ပုဂ္ဂလိကလုပ်ငန်းမီတာ၊ ရက်ပေါင်း)
၁၉။ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု လျှောက်ထားသည့် အချိန်မှ ရသည့်အချိန်ကြား ကြာမြင့်ချိန် (အစိုးရလုပ်ငန်းမီတာ၊ ရက်ပေါင်း)
၂၀။ ခြောက်သွေ့ရာသီတွင် ရေရရှိသည့် အိမ်ထောင်စုများ (%)
၂၁။ လွန်ခဲ့သော ၇ ရက်အတွင်း အင်တာနက် အသုံးပြုခဲ့သည့် အသက် ၁၅ နှစ်နှင့် အထက်လူများ (%)
၂၂။ ရထားလမ်းအရှည် (km/km2)
၂၃။ လမ်းအမျိုးအစားဖြင့် တွက်ချက်ထားသော လမ်းအရှည် (km/km2)
၂၄။ အစိုးရ သို့ ရပ်ရွာဓါတ်အားလိုင်းရှိသော အိမ်ထောင်စုပမာဏ (%)

အညွှန်းကိန်းခွဲ ၆။ ပွင့်လင်းမြင်သာမှု

ပင်မညွှန်ကိန်းများ

၁။ ပြည်နယ် သို့ တိုင်းဒေသကြီး ဘတ်ဂျက်ကို သိရှိနိုင်စွမ်း (%)
၂။ ပြည်ထောင်စု ဥပဒေများကို သိရှိနိုင်စွမ်း (%)
၃။ ပြည်ထောင်စုဝန်ကြီးဌာနများမှ အကောင်အထည် ဖော်သည့် စာရွက်စာတမ်းများ ၄ုင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်စွမ်း (%)
၄။ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်စွမ်း (%)
၅။ အခြေခံအဆောက်အအုံ စီမံကိန်းသစ်များကို သိရှိနိုင်စွမ်း (%)
၆။ ရေအားလျှပ်စစ်စီမံကိန်းများ၊ လေယာဉ်ကွင်းများ၊ အမြန်လမ်းများ အစရှိသည့် အစိုးရ ရင်းနှီးမြှုပ်နှံမှု အစီအမံများကို သိရှိနိုင်စွမ်း (%)
၇။ မြေအသုံးချမှုခွဲဝေရေး စီမံကိန်းများနှင့် မြေပုံများကို သိရှိနိုင်စွမ်း (%)
၈။ ပြည်နယ်/တိုင်းဒေသကြီးများ၏ စက်မှုလုပ်ငန်းများနှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းစာရွက်စာတမ်းများကို သိရှိနိုင်စွမ်း (%)
၉။ စည်းကြပ်ရေး လုပ်ထုံးများ ပြီးပြည့်စုံစေရန် ဖောင်ပုံစံများကို သိရှိနိုင်စွမ်း (%)
၁၀။ ပြည်ထောင်စုအဆင့် ဥပေဒနှင့် စည်းမျဉ်းစည်းကမ်းများ အပြောင်းအလဲကို ကြိုတင်သိရှိနိုင်စွမ်း (%)
၁၁။ ပြည်နယ်/တိုင်းဒေသကြီး အဆင့် စည်းမျဉ်းစည်းကမ်းများ အပြောင်းအလဲကို ကြိုတင်သိရှိနိုင်စွမ်း (%)
၁၂။ ပြည်နယ်/တိုင်းဒေသကြီး အဆင့် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်မှုကို ကြိုတင်သိရှိနိုင်စွမ်း (%)
၁၃။ လူသိရှင်ကြား ပြုလုပ်ပေးထားသည့် အချက်အလက်များပါသော GAD စာရွက်စာတမ်း ပမာဏ (%)
၁၄။ လူသိရှင်ကြား ပြုလုပ်ပေးထားသည့် အချက်အလက်များပါသော DAO စာရွက်စာတမ်း ပမာဏ (%)

ညွှန်ကိန်းသစ်များ

၁၅။ သာဓက ပြထားသော DAO စာရွက်စာတမ်း အရေအတွက်
၁၆။ သာဓက ပြထားသော DALMS စာရွက်စာတမ်း အရေအတွက်
၁၇။ အများပြည်သူသိစေရန် သတင်းအချက်အလက်ပြပေးထားသော DALMS စာရွက်စာတမ်း အရေအတွက်
၁၈။ DAO ပေးဆောင်ရင်ခွေစာရင်းအတွက် သတင်းအချက်အလက် အလွယ်တကူ ရရှိနိုင်မှု (၁-၃ မှတ်)
၁၉။ (အစိုးရဝက်ဘ်ဆိုဒ်များအတွက်) ပွင့်လင်းမြင်သာမှု စစ်တမ်း ရမှတ် (၁၅ မှတ်အထက်)

အညွှန်းကိန်းခွဲ ၇။ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

ပင်မညွှန်ကိန်းများ

၁။ အဆက်အစပ် အားကောင်းသော စီးပွားရေးလုပ်ငန်းများသို့ ဒေသန္တရ အာဏာပိုင်များသည် ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း မရှိ (%)
၂။ မြေအသုံးချမှုဆိုင်ရာ ဘက်လိုက်မှု (%)
၃။ ချေးငွေရရှိရေးတွင် ဘက်လိုက်မှု (%)
၄။ သတ္တုတူးဖော်ရေး လိုင်စင်တွင် ဘက်လိုက်မှု (%)
၅။ ရိုးရှင်းသော ရုံးလုပ်ငန်းကိစ္စတွင် ဘက်လိုက်မှု (%)
၆။ အစိုးရဌာန စာချုပ်စာတမ်းများတွင် ဘက်လိုက်မှု (%)
၇။ သတင်းအချက်အလက်ရရှိရေးတွင် ဘက်လိုက်မှု (%)

ညွှန်ကိန်းသစ်များ

၈။ အခြားသော အခွင့်အရေးများနှင့် ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း (%)

အညွှန်းကိန်းခွဲ ၈။ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း

ပင်မညွှန်ကိန်းများ

၁။ ညစ်ညမ်းမှုသည် လုပ်ငန်း၏ စီးပွားရေး အလားအလာများအပေါ် မကောင်းသော သက်ရောက်မှု အနည်းငယ် သို့ လုံးဝမရှိ (%)
၂။ ယေဘုယျအားဖြင့် သဘာဝပတ်ဝန်းကျင် အရည်အသွေးမှာ ကောင်းမွန် (%)
၃။ ဒေသန္တရ အာဏာပိုင်များသည် ညစ်ညမ်းမှုကို အချိန်မီကိုင်တွယ်ကြသည် (%)
၄။ ရေခြွေတာရေးကို ပြည်နယ်မှအားပေး (%)
၅။ စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးချရေးအတွက် အစိုးရက ထောက်ပံ့ကူညီမှုပေးသည် (%)
၆။ အစိုးရစစ်ဆေးရေးဝင်ခြင်း၏ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ဖြစ်သည် (%, သဘောတူ)
၇။ မိလ္လာသန့်ရှင်းမှု ကောင်းမွန်လာသော အိမ်ထောင်စု (%)

ညွှန်ကိန်းသစ်များ

၈။ လေညစ်ညမ်းမှု လျှော့ချရာတွင် ပြည်နယ်မှ အကူအညီပေး (%)
၉။ ရေညစ်ညမ်းမှု လျှော့ချရာတွင် ပြည်နယ်မှ အကူအညီပေး (%)
၁၀။ လျှပ်စစ်စွမ်းအင် ခြွေတာရန် ပြည်နယ်မှ အကူအညီပေး (%)
၁၁။ လူ ၁၀,၀၀၀ လျှင် အမှိုက်ကားအစီးရေ (#)
၁၂။ စီးပွားရေးတစ်ရပ်လုံး၏ လမ်းပန်းဆက်သွယ်ရေး ကာမွန် သိပ်သည်းဆ

ညှိနှိုင်းသတ်မှတ်ခြင်း – ခေါင်းစဉ်တစ်ခုချင်းစီ နှင့် အဓိက ဘောဂဗေဒရလဒ်များကြား နှိုင်းရအရေးကြီးမှုကို ထင်ဟပ်သည့် ချိန်ဆမှုများကို အသုံးပြု၍ အဆုံးသတ် MBEI ရလဒ်များကို ညှိနှိုင်းသတ်မှတ်ပါသည်။ ညွှန်းကိန်းခွဲ ဆယ်ခုကို ရိုးရိုးပေါင်းလိုက်ပါက အမှတ် ၁၀၀ အများဆုံး သတ်မှတ်ထားသည့် မချိန်ဆရသေးသော အညွှန်းကိန်း တစ်ခုရရှိလာသည်။ ဤသည်မှာ အဆုံးသတ် MBEI ကို တွက်ထုတ်ရန် အလွယ်ကူဆုံးနှင့် အရှင်းလင်းဆုံး နည်းလမ်း ဖြစ်သော်လည်း အချို့သော အညွှန်းကိန်းခွဲများသည် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြရာတွင် အခြားသော အညွှန်းကိန်းခွဲများထက် ပိုမိုအရေးကြီးသည် ဖြစ်ရာ အဆိုပါ နည်းလမ်းသည် မူဝါဒ ကိရိယာတစ်ခုအနေနှင့် မသင့်တော်ချေ။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းများ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အုပ်ချုပ်ရေးအပေါ် စိတ်ကျေနပ်မှုကို တိုင်းတာနိုင်စွမ်းရှိသည့်အပေါ် မူတည်၍ အညွှန်းကိန်းခွဲများကို ပြန်လည်ချိန်ဆရန် အရေးကြီးသည်။ ဤသို့ပြုလုပ်ရန် အတွက် သုတေသနအဖွဲ့ငယ်သည် ကိန်းရှင်စုံပြန်ပြောင်းစဉ်းစားနည်း စိစစ်လေ့လာချက် (multivariate regression analysis) ကို အသုံးပြုသည်။ အဆိုပါနည်းအရ မြန်မာနိုင်ငံရှိ သုတေသီများနှင့် လက်တွေ့ လုပ်ကိုင်နေကြသူများမှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးကြီးသော တိုင်းတာချက်များဟု ယူဆထားကြသည့် အဓိက စီးပွားရေးလည်ပတ်ဆောင်ရွက်ပုံ ကိန်းရှင်များအပေါ် အညွှန်းကိန်းခွဲ တစ်ခုချင်းစီသည် မည်သို့လွှမ်းမိုးမှုရှိသည်ကို သတ်မှတ်ဆုံးဖြတ်သည်။[6] အထူးသဖြင့် MBEI နှင့် နမူနာစီးပွားရေးလုပ်ငန်းများ၏ ပျမ်းမျှနှစ်စဉ်လုပ်သား အင်အားတိုးပွားလာမှုတို့ကြား ဆက်စပ်မှုကို ကျွန်ုပ်တို့ စောင့်ကြည့်ပါသည်။ အချုပ်ဆိုရသော် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့လုပ်ငန်း အရွယ်အစားကို တိုးချဲ့ချင်စိတ်နှင့် အလုပ်အကိုင် ဖန်တီးပေးလိုစိတ် ဖြစ်ပေါ်လာအောင် မည်သည့် မည်သည့် အညွှန်းကိန်းခွဲများက မက်လုံးပေးသည်ကို ကျွန်ုပ်တို့ လေ့လာပါသည်။ ဒေသခံ အရာရှိများ၏ အန္တိမ ပန်းတိုင်သည် ဒေသခံပြည်သူများ၏ စီးပွားဖူလုံမှုကို မြှင့်တင်ပေးရန်ဖြစ်သည့်အလျောက် အဆိုပါရလဒ်ကိန်းရှင်ကို ကျွန်ုပ်တို့ အသားပေးထားပါသည်။

ဇယား ၁.၁ တွင် တင်ပြထားသည့်အတိုင်း အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ထင်ထင်ရှားရှား အပေါင်းလက္ခဏာ ဆောင်သော ဆက်စပ်မှုရှိသည့် အညွှန်းကိန်းခွဲများမှာ ဖြစ်ကြသည့် မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု (အညွှန်းကိန်းခွဲ ၂)၊ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆)၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း (အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉) တို့ကို အလေးတင်ကိန်းအုပ်စု ၁၅% တွင် ထည့်သွင်းပါသည်။ မှတ်ပုံတင်ခြင်းအလွန်စည်းမျဉ်း စည်းကမ်းများ (အညွှန်းကိန်းခွဲ ၃)၊ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း (အညွှန်းကိန်းခွဲ ၇)၊ တရားမဝင်ပေးချေ ရမှုများ (အညွှန်းကိန်းခွဲ ၄) နှင့် အခြေခံအဆောက်အအုံ (အညွှန်းကိန်းခွဲ ၅) တို့ကဲ့သို့ ပုဂ္ဂလိကကဏ္ဍ တိုးတက်မှုရလဒ်များနှင့် ဆက်စပ်မှုအား အနည်းဆုံး အညွှန်းကိန်းခွဲများကို

အညွှန်းကိန်းခွဲ ၉။ လုပ်သားခန့်ထားနိုင်မှု

ပင်မညွှန်ကိန်းများ

၁။ သာမန်အခြေခံ အလုပ်သမား ခေါ်ယူရာ၌ လွယ်ကူ (%)
၂။ နည်းပညာရှင်များ ခေါ်ယူရာ၌ လွယ်ကူ (%)
၃။ စာရင်းစစ်များခေါ်ယူရာ၌ လွယ်ကူ (%)
၄။ ကြီးကြပ်ရေးမှူးများခေါ်ယူရာ၌လွယ်ကူ (%)
၅။ မန်နေဂျာများခေါ်ယူရာ၌လွယ်ကူ (%)
၆။ မူလတန်းကျောင်းတက်ရောက်နှုန်း (%)
၇။ အလယ်တန်းကျောင်းတက်ရောက်နှုန်း (%)

ညွှန်ကိန်းသစ်များ

၈။ လုပ်ငန်းအနေဖြင့် အလုပ်သမားအသစ်များ လေ့ကျင့်ပေးရန်လို (%)
၉။ လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသော ဒေသတွင်းရှိ အလုပ်သမားများ၏ အရည်အသွေး (%)
၁၀။ အလုပ်သမားငှားရမ်းပြီးနောက် ၎င်းအလုပ်လုပ်နိုင်ရန် ကြာသော ရက်ပေါင်း (#)
၁၁။ အထက်တန်းကျောင်းအပ်နှံသည့်နှုန်း (%)
၁၂။ လူ ၁ သောင်းလျှင် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးမှ နေရာချထားပေးသည့်နှုန်း (#)

အညွှန်းကိန်းခွဲ ၁၀။ တရားဥပဒေစိုးမိုးမှု

ပင်မညွှန်ကိန်းများ

၁။ အကယ်၍ အရာရှိတစ်ဦးမှ ဥပဒေချိုးဖောက်သော် ကျွန်ုပ်အနေဖြင့် အထက်မှ ဖြေရှင်းပေးရန် အယူခံနိုင်သည် (%)
၂။ အကယ်၍ ဥပဒေချိုးဖောက်မှုများ ထင်ရှားပါက အရာရှိများသည် ကျူးလွန်သူ ဝန်ထမ်းကို အရေးယူသည် (%)
၃။ ဥပဒေနစ်သည် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းများကို အကာအကွယ် ပေးသည် (% သဘောတူ)
၄။ ပြည်နယ် သို့ တိုင်းဒေသကြီး အဆင့်မျိုးစုံရှိ တရားရုံးများသည် စီးပွားရေး အငြင်းပွားမှုများကို ကြားနာစစ်ဆေးသည် (% သဘောတူ)
၅။ ပြည်နယ် သို့ တိုင်းဒေသကြီးအတွင်း တရားရုံးများသည် စီးပွားရေး အမှုကိစ္စများကို အစောတလျင် ကြားနာ / ဖြေရှင်းသည် (% သဘောတူ)
၆။ ပြည်နယ် သို့ တိုင်းဒေသကြီးအတွင်း တရားရုံးများသည် စီးပွားရေး အမှုကိစ္စများကို စီရင်ချက်အတိုင်း အစောတလျင် လိုက်နာဆောင်ရွက်စေသည် (% သဘောတူ)
၇။ အငြင်းပွားမှုများ ပေါ်ပေါက်သည့်အခါ ပြည်နယ်အဆင့် ဥပဒေ အထောက်အကူပြုရေး ဌာနများမှ အကူအညီပေးသည် (% သဘောတူ)
၈။ တရားရုံး ဆုံးဖြတ်ချက်များသည် မျှတမှုရှိသည် (% သဘောတူ)
၉။ လုံခြုံရေး အနေအထား ကောင်းမွန်သည် (% သဘောတူ)
၁၀။ ယခင်နှစ်အတွင်း ရာဇဝတ်မှုဘေးဒဏ် ခံစားခဲ့ရသည် (%)
၁၁။ ဒေသန္တရ ရဲဌာနသို့ တိုင်ကြားခဲ့ဖူး (%)
၁၂။ နိုင်ငံသား ၁၀,၀၀၀ လျှင် သတ်မှတ် ရာဇဝတ်မှုများကို ခံစားရသည့် စုစုပေါင်း အရေအတွက် (#)

ညွှန်ကိန်းသစ်များ

၁၃။ နိုင်ငံသား ၁၀၀,၀၀၀ လျှင် တရားသူကြီးဦးရေ (#)
၁၄။ နိုင်ငံသား ၁၀၀,၀၀၀ လျှင် ဖြစ်ပွားသည့် အဓိကရာဇဝတ်နှင့် ဆန္ဒပြမှု အရေအတွက် (#)
၁၅။ နိုင်ငံသား ၁၀၀,၀၀၀ လျှင် ဖြစ်ပွားသည့် လက်နက်ကိုင် ပဋိပက္ခ (#)

အနိမ့်ဆုံးအလေးတင်ကိန်းအုပ်စု ၅% တွင်ထည့်သွင်းပါသည်။ အလယ်အလတ်ရှိသော အလေးတင်ကိန်းအုပ်စု ၁၀% တွင်မူ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားမှုနှင့် အပေါင်းလက္ခဏာ ဆက်စပ်မှုရှိသော်လည်း စာရင်းအင်းကိန်းဂဏန်းအရ ဆက်စပ်မှု မထင်ရှားသည့် အညွှန်းကိန်းခွဲများကို ထည့်သွင်းပါသည်။ ၎င်းအမျိုးအစားတွင် မူဝါဒပိုင်းကနဦးကုန်ကျစရိတ်များ (အညွှန်းကိန်းခွဲ ၁) နှင့် တရားဥပဒေစိုးမိုးမှု (အညွှန်းကိန်းခွဲ ၁၀) တို့ပါဝင်ပါသည်။ အလေးတင်ကိန်း သတ်မှတ်မှု အားလုံးကို ဇယား (၁.၁) တွင် ဖော်ပြထားပါသည်။

J

၂၀၂၀ MBEI ရလဒ်များ

ဤအခန်းတွင် ၂၀၂၀ MBEI ၏ စာရင်းအင်း စိစစ်လေ့လာချက်မှ အဓိက ရလဒ်များကို တင်ပြထားပြီး အခန်းခြောက်ခန်း ပိုင်းခြားထားပါသည်။ ဦးစွာပထမ မြန်မာနိုင်ငံ ပြည်နယ်/တိုင်းဒေသကြီးများ ၁၄ ခုနှင့် နေပြည်တော်တို့၏ ပျမ်းမျှ MBEI အညွှန်းကိန်းခွဲရမှတ်များကို တင်ပြထားပါသည်။ ယင်းနောက် မြို့နယ်အဆင့် စီးပွားရေးအုပ်ချုပ်မှုကို လေ့လာရန် ရမှတ်များကို ခွဲခြားကြည့်ပါသည်။ တတိယအနေဖြင့် ဒေသန္တရအစိုးရများအဆင့်ရှိ စီးပွားရေးအုပ်ချုပ်မှုကြောင့် အလုပ်အကိုင်နှင့် ဖူလုံမှုအပေါ် သက်ရောက်မှုများကို လေ့လာပါသည်။ စတုတ္ထအားဖြင့် ဤကြားကာလအတွင်း အညွှန်းကိန်းခွဲများ အားလုံးတွင် စီးပွားရေးအုပ်ချုပ်မှု မည်သို့ပြောင်းလဲသွားသည်ကို လေ့လာပါသည်။ ပဉ္စမအားဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ တရားမဝင်ပေးချေရသည့် အကြိမ်ရေနှင့် ကုန်ကျစရိတ်ကို တိုင်းတာသည့် အထူး စစ်တမ်းကောက် စမ်းသပ်မှုများမှ ရလဒ်များကို တင်ပြထားပါသည်။ နောက်ဆုံးအပိုင်းတွင် ညွှန်ကိန်းအဆင့်မှ တွေ့ရှိချက်များ အကျဉ်းချုပ်နှင့် မူဝါဒပိုင်း အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

၂.၁။ ပြည်နယ်နှင့် တိုင်းဒေသကြီး ရမှတ်များ

စုစုပေါင်း MBEI တွင် စီးပွားရေး အုပ်ချုပ်မှု၏ မျက်နှာစာ ဆယ်ရပ်မှ မတူညီသော ညွှန်ကိန်း ၁၅၃ ခုပေါ်ရှိ ရမှတ်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ ရမှတ်မြင့်သော အရပ်ဒေသများမှာ လက်ရှိတွင် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေး လုပ်ငန်းများအတွက် အရည်အသွေးမြင့် စီးပွားရေး အုပ်ချုပ်မှု ပြုလုပ်ပေးနေကြသူများနှင့် အနာဂတ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖိတ်ခေါ်နိုင်သည့် အနေအထားတွင် ရပ်တည်လျက်ရှိကြသူများ ဖြစ်ကြပါသည်။ အနှစ်သာရအားဖြင့် အဘယ်ကြောင့် ပုဂ္ဂလိက ကဏ္ဍ ရှင်သန်လှုပ်ရှားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် မြန်မာနိုင်ငံ၏ အချို့သော အစိတ်အပိုင်းများသည် အခြားသော အစိတ်အပိုင်းများထက်စာလျှင် ဆောင်ရွက်မှု ပိုမိုကောင်းမွန်နေသနည်းဟူသော အချက်ကို MBEI သည် ရှင်းလင်းတင်ပြရန် ကြိုးစားကြည့်ခြင်း ဖြစ်သည်။ စီးပွားရေး လုပ်ငန်းများမှ ပြောကြားလာသည့် ဒေသန္တရစီးပွားရေး ပတ်ဝန်းကျင်ဆိုင်ရာ ထင်မြင်ချက်များမှ စစ်တမ်းဒေတာများ အပြင် ဒေသန္တရ အခြေအနေများနှင့် စပ်လျဉ်း၍ တရားဝင် အရင်းမြစ်များနှင့် အခြားသော အရင်းမြစ်များမှ ရရှိသည့် ယုံကြည်ရသော၊ နှိုင်းယှဉ်၍ ရနိုင်သော ဒေတာများကို အသုံးပြု၍ MBEI ၏ အမှတ် ၁၀၀ ဖိုးတွင် ပြည်နယ်/တိုင်းဒေသကြီးများကို အဆင့်သတ်မှတ်ထားပါသည်။

၂၀၂၀ MBEI တွင် လုပ်ငန်းဆောင်ရွက်မှု အကောင်းဆုံးသော ပြည်နယ်/တိုင်းဒေသကြီးများမှာ ရမှတ် ၁၀၀ ဖိုးပေးသည့်အနက် ၆၁.၁၃ ရရှိသော ရန်ကုန်၊ ၆၀.၈၄ ရရှိသော စစ်ကိုင်းနှင့် ၆၀.၆၇ ရရှိသော နေပြည်တော်တို့ ဖြစ်ကြပါသည်။ ပဲခူး အပါအဝင် ယင်းတိုင်းဒေသကြီးများသည် တစ်နိုင်ငံလုံးတွင် စီးပွားရေးအုပ်ချုပ်မှု အမြင့်ဆုံးအလွှာများ ဖြစ်ကြပြီး စီးပွားရေး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အကောင်းဆုံး ဖိတ်ခေါ်လျက်ရှိသည့်နေရာများလည်း ဖြစ်ကြသည်။ ရမှတ်များမှာ ၆၀ စွန်းစွန်းသာ ရှိသည့် အတွက် အဆင့်အမြင့်ဆုံး ရရှိထားသော နေရာများသည် ပင်လျင် ယခုထက်ပိုမိုတိုးတက်အောင် ပြုလုပ်နိုင်စရာ ရှိသေးကြောင်း တွေ့ရသည်။ ရမှတ် ၅၈ မှတ်ကျော်သည့် မန္တလေး၊ မကွေး၊ ဧရာဝတီနှင့် ကယား ပြည်နယ်တို့သည်လည်း စီးပွားရေးအုပ်ချုပ်မှု သင့်တင့်ကောင်းမွန်သည့် နေရာများအဖြစ် ရပ်တည်လျက်ရှိကြသည်။ ပုံ ၂.၁ တွင် ပြည်နယ်/တိုင်းဒေသကြီးများ အားလုံးအတွက် အဆင့်သတ်မှတ်ချက် အပြည့်အစုံကို ဖော်ပြပေးထားပါသည်။

ပုံ ၂.၁။
မြန်မာ့စီးပွားရေးပတ်ဝန်းကျင် ညွှန်းကိန်း



ဒေသန္တရအဆင့် စီးပွားရေးအုပ်ချုပ်မှု ညွှန်းကိန်းများ (EGIs) ကျင့်သုံးသည့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား စီးပွားရေးအုပ်ချုပ်မှုတွင် ကွဲလွဲချက်အနည်းငယ်သာ ရှိသည်။ အနိမ့်ဆုံးမှ အမြင့်ဆုံးအမှတ်ထိ ရမှတ်များကြား ကွာဟချက်မှာ ကိုးမှတ်ပင် မပြည့်ချေ။ ယင်းအချက်ကို ထောက်သော် အုပ်ချုပ်ရေးနှင့် စပ်လျဉ်းသည့် စီးပွားရေး အတွေ့အကြုံသည် ဥပမာ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ ထက်စာလျှင် ယေဘုယျ အားဖြင့် ပို၍ အဆင်တူ အသွေးတူသည့် သဘောဖြစ်သည်။ တစ်နည်းဆိုရပါမူ မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီး များ ပြုလုပ်ပေးသည့် စီးပွားရေးအုပ်ချုပ်မှုမှာ လုံလောက်မှု ရှိသော်လည်း အလယ်အလတ်မျှသာ ဖြစ်သည့် အတွက် သိသိသာသာ ထူးချွန်သူ သို့မဟုတ် နောက်ကျကျန်သူ ဟူ၍ အနည်းငယ်မျှသာ ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ တိုင်းပြည်သည် နှစ်ပေါင်းများစွာ ဗဟိုချုပ်ကိုင်မှု အားကောင်းစွာ ဖြင့် ပြည်ထောင်စုအဆင့် အစိုးရကသာ မူဝါဒနှင့် အုပ်ချုပ်ရေး လုပ်ငန်းများအပေါ် ထိန်းချုပ်ခဲ့ခြင်းကြောင့် ဖြစ်နိုင်သည်။ ဤအစီရင်ခံစာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအား တိုက်ရိုက် အဆင့်သတ်မှတ်ခြင်း ထက်စာလျှင် အခန်း ၄ ပါ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီ၏ ကျိုးကြောင်း ဇစ်မြစ်ကို ဦးစားပေး လေ့လာရခြင်းမှာ ယင်းကြောင့်လည်း တစိတ်တပိုင်း ပါဝင်သည်။ မည်သို့ပင်ဆိုစေ ပြည်နယ် များနှင့် တိုင်းဒေသကြီးများကြား စီးပွားရေး အုပ်ချုပ်မှုကို နှိုင်းယှဉ်လေ့လာရာတွင် စိတ်ဝင်စားဖွယ် အသိပညာ အချို့ ထွက်ပေါ်လာသည်မှာ အမှန်ပင်ဖြစ်သည်။

ပုံ ၂.၁ တွင် ပြထားသည့်အတိုင်း စီးပွားရေး အုပ်ချုပ်မှု၏ ပျမ်းမျှအရည်အသွေးနှင့် စပ်လျဉ်းပါက မြန်မာနိုင်ငံရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် အလွှာလေးလွှာ အတွင်းတွင် ပါဝင်နေသည်။ ပြည်နယ်များနှင့် တိုင်းဒေသ ကြီးများ အကြားမှ ကွာဟချက်မှာ အတော်အတန် သိမ်မွေ့မှု ရှိသော်လည်း အဆိုပါ အလွှာများမှာမူ MBEI ဒေတာစာရင်း အရ သိသာထင်ရှားသော စွမ်းဆောင်ရည်အဆင့်များကို ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။ ၎င်းတို့မှာ ပုံ ၂.၁ နှင့် ၂.၂ ပါ အရောင်များဖြင့် အုပ်ချုပ်ရေး အလွှာလေးလွှာကို သတ်မှတ်ထားပါသည်။ (၁) ပျမ်းမျှညွှန်းကိန်းတွင် ၆၀.၀ အထက်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများ၊ (၂) ၅၈.၀ နှင့် ၆၀.၀ ကြား ပြည်နယ်/တိုင်းဒေသကြီးများ၊ (၃) ၅၆.၅ နှင့် ၅၈.၀ ကြား ပြည်နယ်/တိုင်းဒေသကြီးများနှင့် (၄) ၅၆.၅ အောက်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများ ဖြစ်ကြ ပါသည်။ အဆိုပါ ပွိုင့်အမှတ်များကို ရွေးချယ်ပိုင်းဖြတ် ရခြင်းမှာ ဤနေရာများတွင် အလွှာများသည် သုတေသန နည်းလမ်း ပြောင်းလဲမှုများကို နှိုင်းရအားဖြင့် အတော်အတန် ခံနိုင်ရည်ရှိသောကြောင့် ဖြစ်သည်။

ညွှန်ကိန်းများ ဖယ်ရှားခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ညှိနှိုင်းသတ်မှတ်သည့် အလေးတင်ကိန်းများအား ပြောင်းလဲ ခြင်း အစရှိသည့် သုတေသန နည်းလမ်းပိုင်းတွင် စဉ်းငယ်မျှ ပြောင်းလဲရုံဖြင့် ကဏ္ဍအလိုက် အဆင့်များ ပြောင်းလဲမှုများ ရှိသော်လည်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို တစ်နေရာမှ အခြားတစ်နေရာသို့ ခုန်ပျံကျော်လွှား

ပြောင်းလဲစေမှုများ မဖြစ်စေပါ။ ဤအချက်ကို ပုံ ၂.၁ တွင် သရုပ်ပြထားပြီး ယင်းတွင် ဒေသန္တရနယ်ပယ်တစ်ခုချင်းစီ အတွက် ပျမ်းမျှ ရမှတ်များ ပတ်လည်မှ ၉၅%စိတ်ချကွက်လပ်များကို အစဉ်လိုက် ဘားတိုင်များဖြင့် ဖော်ပြထားပါသည်။ နမူနာအမှားနှင့် ညွှန်းကိန်းတည်ဆောက်ရာတွင်ဖြစ်ပေါ်သည့် ကွဲလွဲချက်ကို အဆိုပါစိတ်ချစည်းများတွင် ထည့်သွင်းထားသည်။ စိတ်ချစည်းများကို အဓိပ္ပာယ်ကောက်ယူရန်မှာရှုပ်ထွေးသော်လည်း ညွှန်းကိန်းပြုလုပ်သည့် နည်းလမ်းတစ်ခုလုံးကို အစအဆုံးပြန်လည်ဆောင်ရွက်ကြည့်မည်ဆိုပါက အသစ်ထွက်ပေါ်လာမည့် ပြည်နယ်/ တိုင်းဒေသကြီး တစ်ခုစီ၏ ဖြစ်တန်ရာသော MBEI ရမှတ်များအတွက် ကွာဟနိုင်ခြေ ဘောင်သတ်မှတ်ချက်အဖြစ် ၎င်းတို့ကို ယူဆနိုင်ပါသည်။ သာဓကအားဖြင့် လုပ်ငန်းစဉ်တစ်ရပ်လုံးကို ပြန်လည်တွက်ချက်ပြုလုပ်ပါက ဧရာဝတီ၏ ရမှတ်သည် ၅၈.၁၈ နှင့် ၅၈.၉၁ အတွင်း မည်သည့် တန်ဖိုးမဆို ဖြစ်နိုင်ပြီး ဖြစ်နိုင်ခြေ အများဆုံးသော ရမှတ်သည် ၅၈.၅၄ ပတ်လည်တွင် ရှိသည်။

အုပ်ချုပ်မှုအတွင်းရှိ အမှန်တကယ် ခြားနားချက်များ (စာရင်းအင်းပညာရှင်များ အခေါ်အရ ကိန်းဂဏန်းအားဖြင့် သိသာထင်ရှားသော ခြားနားချက်များ)နှင့် သုတေသန နည်းလမ်းပိုင်း ရွေးချယ်မှုများကြောင့် ထွက်ပေါ်လာသည့် အကျိုးဆက်များကို ခွဲခြားရာ၌ ဤအလွှာများမှာ အထောက်အကူ ဖြစ်စေပါသည်။ စစ်ကိုင်းနှင့် ရန်ကုန်တို့တွင်ကဲ့သို့ စိတ်ချကွက်လပ်များ ထပ်နေသည့်အခါမျိုးတွင်မူ စစ်ကိုင်းသည် ရန်ကုန်ထက် စီးပွားရေးအုပ်ချုပ်မှုတွင် ပိုမိုကောင်းမွန်သည်ကို ကျွန်ုပ်တို့အနေဖြင့် တိကျသေချာစွာ မပြောနိုင်တော့ပါ။ အကယ်၍သာ ကျွန်ုပ်တို့သည် ညွှန်းကိန်း လုပ်ငန်းအဆင့်ဆင့်ကို တဖန်ပြန်၍ ဆောင်ရွက်ကြည့်ပါက ၎င်းတို့၏ ရှေ့နောက်အစီအစဉ်မှာ ပြောင်းပြန်ဖြစ်သွားနိုင်စရာ ရှိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အနေဖြင့် ကျိန်းသေပြောနိုင်သည်မှာ စစ်ကိုင်းနှင့် ရန်ကုန်တို့နှစ်ခုလုံးသည် မန္တလေးထက် အုပ်ချုပ်ရေးသိသာစွာ ပိုမိုကောင်းမွန်သည် ဟူသော အချက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မန္တလေး၏ စိတ်ချကွက်လပ်သည် ရှေ့တိုင်းဒေသကြီးနှစ်ခု၏ စိတ်ချကွက်လပ်များအောက် ကောင်းစွာရောက်ရှိနေပြီး ထပ်ခြင်းပြုခြင်းလည်း မရှိသောကြောင့် ဖြစ်သည်။ ညွှန်းကိန်းကို အဖန်ဖန် ပြန်လည်ပြုလုပ်ရာ၌လည်း မန္တလေးသည် ၎င်းနှစ်ခုကို ကျော်တက်ရန် မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ ဤအချက်ကို သိရှိလာသောအခါ ကျွန်ုပ်တို့အနေဖြင့် ညွှန်းကိန်းပြုလုပ်ခြင်းသုတေသနနည်းလမ်းကို မပြောင်းမလဲ ကြံ့ကြံ့ခံနိုင်မည့် နေရာဒေသအလွှာများကို ပိုင်းဖြတ်ရွေးချယ်လာနိုင်သည်။

မတူညီသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် အုပ်ချုပ်ရေး၏ မတူညီသည့် အစိတ်အပိုင်းများတွင် ထူးချွန်မှုရှိကြသကဲ့သို့၊ ကောင်းစွာမစွမ်းဆောင်နိုင်သည်များလည်း ရှိကြပါသည်။ ပုံ ၂.၃ တွင် MBEI ရှိ အညွှန်းကိန်းခွဲတစ်ခုစီတွင် ရရှိသည့် အမြင့်ဆုံးနှင့်အနိမ့်ဆုံး ရမှတ်များကို တင်ပြထားခြင်းဖြင့် ဤအချက်ကို သရုပ်ပြထားသည်။ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ကဲ့သို့သော အရပ်ဒေသများသည် အချို့သော စံသတ်မှတ်ချက်များတွင် အဆင့်အမြင့်ဆုံး ပြည်နယ်များ/တိုင်းဒေသကြီးများ ဖြစ်လျက်ရှိပြီး အချို့၌မူ အဆင့်အနိမ့်ဆုံး ဖြစ်နေသည့်အချက်ကို သတိပြုပါ။ တစ်ဆက်တည်းမှာပင် များစွာသော ပြည်နယ်များ/တိုင်းဒေသကြီး တို့သည် အညွှန်းကိန်းခွဲ တစ်ခုမဟုတ် တစ်ခု၌ အမှတ်အများဆုံး ရနေသည်ကိုလည်း သတိပြုပါ။ အဆိုပါ ပြည်နယ်များ/ တိုင်းဒေသကြီးများ စီးပွားရေး အောင်မြင်မှု ရရှိရန် အသေချာဆုံးသော မူဝါဒများ ရှိပြီးအကောင်းဆုံး လုပ်ငန်းဆောင်ရွက်ပုံများကိုမြင်တွေ့ရမည့် နေရာများ ဖြစ်နေကြသည်။ သို့သော်လည်း ယခင်နှစ်အတွင်း အလုပ်အကိုင်ဖန်တီးမှုနှင့် ဆက်စပ်မှု အားအကောင်းဆုံးသော အညွှန်းကိန်းခွဲများဖြင့် ညွှန်းကိန်းကို အလေးတင်ကိန်းချိန်ပြီးနောက်မှသာ ပုံ ၂.၁ တွင် ပြထားသည့် MBEI အဆင့်သတ်မှတ်ချက်များကို ကျွန်ုပ်တို့ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

အညွှန်းကိန်းခွဲရမှတ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပြီးနောက် အလွှာ ၁ နှင့် ၂ တွင်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများတွင် ကောင်းမွန်သော အုပ်ချုပ်ရေးလမ်းကြောင်းကို ဦးတည်စေနိုင်သည့် လမ်းနှစ်သွယ်ရှိကြောင်း တွေ့ရသည်။ မြို့ပြအဆန်ဆုံးသော အရပ်ဒေသများ ဖြစ်ကြသည့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး တို့သည် ဒုတိယ လမ်းစဉ်ကို လိုက်ကြပြီး အခြေခံအဆောက်အအုံ၊ သဘာဝပတ်ဝန်းကျင်နှင့် လုပ်သားခေါ်ယူစုဆောင်းမှုတို့တွင် ဆောင်ရွက်မှု ကောင်းမွန်ကြသည်။ အဆိုပါ အုပ်ချုပ်ရေး အင်္ဂါရပ်များသည် ယင်းပြည်နယ်/တိုင်းဒေသကြီး တို့အား လူသားအရင်းအနှီး အဆင့်အတန်းမြင့်မားသည့် အရင်းမြစ်ကြွယ်ဝသော ဗဟိုချက်များ ဖြစ်လာစေရန် အားသာချက်များ ဖန်တီးပေးသည်။ မြောက်မြားစွာသော စည်းမျဉ်းစည်းကမ်းများကို အများပြည်သူ သိရှိစေရန် ပြုလုပ်ခြင်းဖြင့် ရန်ကုန်သည် ပွင့်လင်းမြင်သာမှုတွင် ပထမနေရာ ရယူထားသေးသည်။ လူဦးရေ သိပ်သည်းဆ နည်းပါးသော စစ်ကိုင်းနှင့် ပဲခူးတို့ ဒုတိယ လမ်းစဉ်ကို လိုက်ပြီး ရင်းနှီးသော စီးပွားရေး လုပ်ငန်းများအား မျက်နှာသာပေးမှုကို လျော့ချခြင်း၊ မှတ်ပုံတင်ပြီးနောက်ပိုင်း စည်းကြပ်စရိတ်များကို လျော့ပါးစေခြင်းနှင့် တရားရေးစနစ်များနှင့် ဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်တို့အပေါ် အများပြည်သူ၏ ယုံကြည်မှု တစ်စထက် တစ်စ ခိုင်မာစေရန် ပြုလုပ်ခြင်းတို့၌ လွန်စွာခရီးရောက်သည်ကို တွေ့ရှိရပါသည်။

ညွှန်းကိန်းအားလုံးတွင် အလယ်အလတ် ရမှတ်များ ရရှိထားကြသော သို့မဟုတ် အုပ်ချုပ်ရေးအစိတ်အပိုင်း တစ်ခုနှစ်ခုတွင် ထူးချွန်သော်လည်း အခြားနေရာများတွင် လွန်စွာအားနည်းသော ပြည်နယ်/တိုင်းဒေသကြီး များမှာမူ ဒုတိယနှင့်တတိယအလွှာများတွင်နေရာယူထားကြပါသည်။ ဥပမာအားဖြင့် ဧရာဝတီသည် မြေယာအသုံးချနိုင်မှု၊ မှတ်ပုံတင်ပြီးနောက်ပိုင်း စည်းမျဉ်းစည်းကမ်းများနှင့် ပွင့်လင်းမြင်သာမှု အပိုင်းတို့၌ တစ်နိုင်ငံလုံးတွင် ထိပ်ဆုံး

နီးပါးမျှရှိသော်လည်း အခြေခံအဆောက်အအုံပိုင်းတွင် ကြိုးစားရန်းကန်နေရပါသည်။ ရခိုင်၊ ချင်းနှင့် ရှမ်းပြည်နယ်များသည် ညွှန်းကိန်း ပျမ်းမျှ အဆင့်သတ်မှတ်ချက်များတွင် အနိမ့်ဆုံး၌ ရှိနေကြပြီး ဤသို့ဖြစ်ရခြင်းမှာ လက်ရှိဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် ဆုံးဖြတ်ချက် ပြုလုပ်သူများသည် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရေးတွင် အာရုံမစိုက်နိုင်တော့သောကြောင့် ဖြစ်နိုင်ပါသည်။ အထူးသတိပြုစရာမှာ ရခိုင်တွင် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း၊ စီးပွားရေး လုပ်ငန်းများအတွက် ကောင်းမွန်သော အခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးခြင်းတို့တွင် ရုန်းကန်နေရခြင်း ဖြစ်သည်။

ပုံ ၂.၂။
၂၀၂၀ ခုနှစ် မြန်မာ့စီးပွားရေး ပတ်ဝန်းကျင် အဆင့်သတ်မှတ်ချက်ပြ မြေပုံ



ပုံ ၂.၃။
MBEI အညွှန်းကိန်းခွဲ ဆယ်ခု အဆင့်သတ်မှတ်ချက်များ



ပုံ ၂.၄။
၂၀၂၀ MBEI အညွှန်းကိန်းခွဲများ၏ ရေဒါဂရပ်ပုံ



အချို့သော အညွှန်းကိန်းခွဲရမှတ်များတွင် ကွာဟချက်ကြီးမားနေပါက ပြည်နယ်နှင့် တိုင်းဒေသကြီး စီးပွားရေးပတ်ဝန်းကျင်များကြား ကြီးမားသော ခြားနားချက်များရှိနေပြီး တစ်ဆက်တည်းမှာပင် တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများ၏ အတွေ့အကြုံများသည်လည်း ကွာခြားချက်ကြီးမားမည့် သဘောဖြစ်သည်။ ကွာဟချက်မြင့်မားရခြင်းမှာ မြို့နယ်အစိုးရများအနေဖြင့် ဗဟိုမှချမှတ်သည့် မူဝါဒများကို အဓိပ္ပာယ်ကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် သာမက လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၌ပါ ကြီးမားသော ခြားနားမှုများ ရှိနေသည့်သဘောဖြစ်သည်။ ကွာဟချက် နည်းပါးရခြင်းမှာမူ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာရပ်များသည် ပြည်နယ်/တိုင်းဒေသကြီးများကြား၌ မနီးယိုးစွဲ ဖြစ်နေသည့် သဘောဖြစ်ပြီး၊ မြန်မာ့စီးပွားရေးအဆောက်အအုံ ဖွဲ့စည်းမှုပိုင်း ပြဿနာများရှိနေခြင်းကို သော်လည်းကောင်း၊ ဗဟိုမှ ချမှတ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြဿနာများရှိနေခြင်းကို သော်လည်းကောင်း ညွှန်ပြနေခြင်းဖြစ်သည်။ ပုံ ၂.၄ သည် အညွှန်းကိန်းခွဲ တစ်ခုချင်းစီပေါ်ရှိ အနိမ့်ဆုံး၊ အလယ်အလတ်နှင့် အမြင့်ဆုံးသော ရမှတ်များကို ဖော်ပြထားခြင်းဖြင့် အညွှန်းကိန်းခွဲများကြားရှိ ကွာဟချက်များကို သရုပ်ဖော်ထားသည့် ရေဒါဂရပ်ပုံတစ်ခု ဖြစ်ပါသည်။ ဂရပ်ပုံပါ လိုင်းသုံးလိုင်းကြားရှိ အကွာအဝေးကို ကြည့်ခြင်းဖြင့် ရမှတ်ကွာဟချက်များကို လေ့လာနိုင်ပါသည်။ လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉) နှင့် အခြေခံအဆောက်အအုံ (အညွှန်းကိန်းခွဲ ၅) တို့သည် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရမှတ်တို့ကြား ကွာဟချက်အများဆုံးရှိနေသည်။[7] အဆိုပါ တိုင်းတာချက်များကြား ကွာဟချက်ပိုမိုကြီးမားသည့် သဘောမှာ အချို့သော ပြည်နယ်/တိုင်းဒေသကြီးများသည် ယင်းနယ်ပယ်များတွင် ထူးချွန်ပြီး အခြားသော ပြည်နယ်/တိုင်းဒေသကြီးများမှာမူ ကြိုးစားရုန်းကန်နေကြရသည့် သဘောဖြစ်သည်။ တစ်ဖက်တွင်မူ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆)နှင့် မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု (အညွှန်းကိန်းခွဲ ၂) တို့မှာမူ အနိမ့်ဆုံးနှင့် အမြင့်ဆုံးရမှတ်တို့ကြား ကွာဟချက်အနည်းငယ်သာရှိသည်ကို တွေ့ရသည်။[8] ယင်းတိုင်းတာချက်များတွင် ပြည်နယ်/တိုင်းဒေသကြီးများ စုံပြုံလျက်ရှိနေပါက ယင်းအညွှန်းကိန်းခွဲများတွင် ပိုမိုကိုင်တွယ်ရခက်ခဲသော ပြည်ထောင်စုအဆင့် ပြုပြင်ပြောင်းလဲရေး အကျပ်အတည်းများ ရှိနေသည့် သဘောကို ဆောင်သည်။

၂.၂။ မြို့နယ်အဆင့် ရမှတ်များ

MBEI သည် အစိုးရများနှင့် စီးပွားရေး လုပ်ငန်းများအတွက် မြန်မာနိုင်ငံ မြို့နယ်အဆင့် စီးပွားရေး အုပ်ချုပ်မှုပုံစံကိုလည်း တင်ပြပေးနိုင်သည်။ ဒေသဆိုင်ရာ စီးပွားရေးအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက်အရေးယူ ဆောင်ရွက်

နိုင်လောက်သည့် သတင်းအချက်အလက်များကို ဒေသဆိုင်ရာ အစိုးရများအား ပေးနိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုင်းတာချက်များကို MBEI တွင် ပေါင်းစုထားပါသည်။ သို့သော် မြို့နယ်အဆင့်တွင်လည်း စီးပွားရေး အုပ်ချုပ်မှု တိုင်းတာချက်များ ပြုလုပ်ရန် ဖြစ်နိုင်ပြီး MBEI အတွက် နမူနာ စုဆောင်းရန် မြို့နယ်များအား ကျေးပန်းရွေးချယ်ပါသည်။ ဤတိုင်းတာချက်များသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် စီးပွားရေး အုပ်ချုပ်မှုကို ပို၍ ဒေသန္တရဆန်ပြီး သေးငယ်သည့် ပုံစံဖြင့် တင်ပြနိုင်ပါသည်။ စင်စစ် ပိုမိုအသေးစိတ်သော ဒေတာများသည် စီးပွားရေး အုပ်ချုပ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးမှုတို့ကြား ဆက်နွယ်မှုကို သုတေသနပြုရန် အထူးပင်အသုံးဝင်လှသည်။ ပုံ ၂.၅ တွင် MBEI နိုင်ငံလုံးကျွတ် နမူနာမှ မြို့နယ်ပေါင်း ၇၆ ခုစာ ပေါင်းစည်းထားသည့် ရမှတ်များကို ဖော်ပြထားပါသည်။ [၉]

ပြည်နယ်နှင့် တိုင်းဒေသကြီးများ အကြားထက်စာလျင် မြို့နယ်များကြားရှိ စီးပွားရေးအုပ်ချုပ်မှုတွင် စုံလင်ကွဲပြားမှုကို ပို၍မြင်တွေ့ရသည်။ ဥပဒေနှင့် မူဝါဒရေးရာ ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့် သည် ပြည်ထောင်စု အဆင့် သို့မဟုတ် ပြည်နယ် တိုင်းဒေသကြီး အဆင့်သာ ရှိသော်လည်း စီးပွားရေး လုပ်ငန်းများသည် မြို့နယ်အဆင့် စီးပွားရေး အုပ်ချုပ်မှုကို ကွဲပြားခြားနားစွာ တွေ့ကြုံနေကြရသည်။ ဤသည်မှာ အုပ်ချုပ်မှုနှင့် အကောင်အထည် ဖော်မှုကြားမှ ကွာဟချက်များ ရှိခြင်းကြောင့် ဖြစ်နိုင်သည်။ ကွာဟချက် စိစစ်လေ့လာမှုကို နောက်တစ်လှမ်းတက်၍ လေ့လာကြည့်ပါက ပြည်နယ်/တိုင်းဒေသကြီးများ၏ MBEI စံတိမ်းချက်မှာ ၂.၉၁ ရှိသည့်အတွက် ပြည်နယ်များနှင့် တိုင်းဒေသကြီးများကြား ကွာဟချက်များသည် လုပ်ငန်းအဆင့် စီးပွားရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ အတွေ့အကြုံများ၏ ကွာဟချက် ၂၈% ကို ရှင်းလင်းနိုင်သည့် သဘောသက်ရောက်သည်။ တစ်ဖက်တွင်မူ ပြည်နယ်/တိုင်းဒေသကြီးများ အတွင်းရှိ မြို့နယ်များ၏ စံတိမ်းချက်မှာ ၄.၅ ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီးများ အတွင်းရှိ မြို့နယ်များ၏ ခြားနားချက်များသည် လုပ်ငန်းအဆင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အတွေ့အကြုံများ၏ ကွာဟချက် ၄၀% ကို ရှင်းလင်းနိုင်သည်။[၁၀] မည်သို့ပင်ဆိုစေ မြို့နယ်များကြားတွင်လည်းအလွှာလေးလွှာ (အပေါ်အဆင့်၊ အလယ်အထက်အဆင့်၊ အောက်အထက်အဆင့်၊ အောက်အဆင့်)ဖြစ်ပေါ်နေသည်။ ယင်းအချက်သည် စီးပွားရေးအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ မြို့နယ်များကြား စွမ်းဆောင်ရည်ပိုင်းတွင် ကိန်းဂဏန်းအရ သိသာသော ကွာခြားချက်များကို ကိုယ်စားပြုနေသည် (ပုံ ၂.၅ တွင်ရှု)။

များစွာသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စွမ်းဆောင်ရည် ကောင်းမွန်သော မြို့နယ်များရော စွမ်းဆောင်ရည် အားနည်းသော မြို့နယ်များပါ ရှိနေကြသည်။ ပြည်နယ်/တိုင်းဒေသကြီးများ အများစုတွင် အဆင့်ကောင်းသော မြို့နယ်များရော အဆင့်နိမ့်သော မြို့နယ်များပါ ရှိနေကြသည်။ ယင်းစုံလင်ကွဲပြားမှုမှာ တစ်စိတ်တစ်ဒေသအားဖြင့် ပြည်နယ်/တိုင်းဒေသကြီး အများစု၏ ကြားကျသော ပျမ်းမျှရမှတ်များကြောင့် ဖြစ်သည်။ အချို့သော ပြည်နယ်များ (အထူးသဖြင့် ချင်းနှင့် ရခိုင်) တို့တွင် ၎င်းတို့၏ နမူနာ မြို့နယ်များသည် အများအားဖြင့် အောက်ဆုံး အဆင့်နီးပါးတွင် ရှိနေကြသည်။ ဤကြောင့်ပင် ယင်းပြည်နယ်များ၏ ပျမ်းမျှရမှတ် နည်းပါးရခြင်း ဖြစ်သည်။ အဆိုပါ တွေ့ရှိချက်များကို ပေါင်းရုံးကြည့်ပါက အုပ်ချုပ်မှုပိုမိုကောင်းမွန်စေဖို့ရာ ပြည်နယ် / တိုင်းဒေသကြီးအဆင့် ထိပ်ပိုင်းပြုပြင်ပြောင်းလဲမှုများ ထက်စာလျင် လုပ်ငန်းများနှင့် မြို့နယ် အဆင့် အုပ်ချုပ်ရေးရုံးများကြား ထိတွေ့ဆက်ဆံမှုပိုင်းတွင် ပိုမိုအားထုတ်သင့်ကြောင်း ညွှန်ပြနေသည် (Bissinger ၂၀၁၉)။

၂.၃။ စီးပွားရေးတိုးတက်မှုအတွက် ပတ်သက်ဆက်စပ်မှုများ

မြန်မာနိုင်ငံရှိ စီးပွားရေးအုပ်ချုပ်မှုနှင့် စီးပွားရေးတိုးတက်ဖူလုံခြင်းတို့ကြား ဆက်စပ်မှု၏ ထင်ရှားသော သက်သေသာဓကကို MBEI တွင် ဖော်ပြထားပါသည်။ MBEI ၏ဗဟိုချက်မှာ ဖော်ပြပါမေးခွန်းဖြစ်ပါသည်။ စီးပွားရေး အုပ်ချုပ်မှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာ အရေးကြီးပါသလော။ MBEI ညွှန်ကိန်း ၁၅၃ ခုအနက် မည်သည့်တစ်ခုတွင်မဆို ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီး တစ်ခု၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ တိုးတက်လာစေရေးအတွက် လိုအပ်သော အဆင့်များကို ဆောင်ရွက်ရာတွင် ခေါင်းဆောင်တစ်ဦး၏ တန်ဖိုးရှိလှစွာသော အချိန်နှင့် အရင်းမြစ်များ အပြင် ဘက်စုံထောင့်စုံမှ စီမံကိန်းရေးဆွဲရန်နှင့် ဒေသခံ အင်အားစုများကြား ညှိနှိုင်းဆောင်ရွက်မှုတို့လည်း လိုအပ်ပါသည်။ ဤသို့သော လုပ်ငန်းစဉ်များ အတွက် အားထုတ်ကြိုးပမ်းရန် ထိုက်တန်မှု ရှိမရှိဆိုသော အချက်ကို နားလည်ရန်မှာ အသေးအဖွဲ မဟုတ်ပါချေ။

ဤမေးခွန်းကို သုတေသနပြုရန်အတွက် ညွှန်းကိန်းနှင့် စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေတို့ကြား ဆက်စပ်မှုကို စီးပွားရေး အတိုင်းအတာ စိစစ်လေ့လာချက် အသုံးပြု၍ လေ့လာရန် ကြိုးစားထားပါသည်။ ကိန်းဂဏန်း စာရင်းအင်းများကို နောက်ပြန်ဆုတ်ခြင်းဖြင့် ကနဦး အခြေအနေများကြောင့်ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးတိုးတက်မှုကို သီးခြားခွဲထုတ်၍ ရနိုင်လာသည် (ဆိုလိုသည်မှာ ဖွံ့ဖြိုးမှု ဖြစ်ပေါ်စေသည့် အရပ်ဒေသ၊ ဈေးကွက်အရွယ်အစားနှင့်

ပုံ ၂.၅။
မြို့နယ်အဆင့် MBEI အဆင့်သတ်မှတ်ချက်



လူသားအရင်းမြစ် စသည့် အခြေခံအကျဆုံးသော အကြောင်းတရားများကို အချိန်တိုအတွင်း ကိုင်တွယ်ဆောင်ရွက်ရန်ခက်ခဲသည်သို့မဟုတ်မဖြစ်နိုင်ဟုဆိုရမည်)။ အထူးသဖြင့် ရန်ကုန်မှ အကွာအဝေး(ဈေးကွက်များနှင့် နီးစပ်မှုတိုင်းတာချက်တစ်ရပ်အဖြစ်)၊လူဦးရေသိပ်သည်းဆ (မြို့ပြဆန်ခြင်း၏ တိုင်းတာချက် တစ်ရပ်အဖြစ်)နှင့် စာတတ်မြောက်မှု (လူသားအရင်းအနှီး တိုင်းတာချက် တစ်ရပ်အဖြစ်) တို့ကို ကျွန်ုပ်တို့ ထိန်းချုပ်ကြည့်သည်။ အကျိုးဆက်အားဖြင့် အချို့ဒေသများသည် အခြားဒေသများထက်လုပ်ဆောင်မှုညံ့ဖျင်းသည်မှာ အုပ်ချုပ်ရေးလုပ်ထုံးများကြောင့် ဟုတ်မဟုတ်၊ အဘယ့်ကြောင့် အချို့ဒေသများသည် ကနဦးအခြေအနေများ လွန်စွာခြားနားသည့်တိုင် မတိမ်းမယိမ်း စီးပွားရေးရလဒ်များ ထွက်ပေါ်လာရသနည်း စသည်တို့ကို ကျွန်ုပ်တို့မြင်တွေ့ရန် မျှော်လင့်ပါသည်။ အဆိုပါ အုပ်ချုပ်ရေး လုပ်ထုံးများအတွင်း အမှန်တကယ် တိုးတက်ကောင်းမွန်လာမှုများသည် ပြည်နယ်/တိုင်းဒေသကြီး၏ ရုပ်ဝတ္ထုနှင့် လူသားအခြေခံအဆောက်အအုံ ပိုင်းတွင် သိသိသာသာ ပြောင်းလဲမှုများမရှိဘဲနှင့်ပင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ တိုးတက်ကောင်းမွန်လာမှုများ ဖြစ်ပေါ်စေသင့်ပါသည်။

တတ်နိုင်သမျှ အရှင်းလင်းဆုံး အခြေအနေကို တင်ပြနိုင်ရန် အလို့ငှာ မြို့နယ်အဆင့်ရှိ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် စီးပွားရေးအုပ်ချုပ်မှုတို့ကြား ဆက်နွယ်ချက်ကို စိစစ်လေ့လာထားပါသည်။ ကွာဟချက်နှင့် တိကျမှု ပိုမိုမြင့်မားစေရေးအတွက် အခြေခံနမူနာစုဆောင်းရေး ယူနစ်ဖြစ်သည့် မြို့နယ်အဆင့်သို့ MBEI ကို ခွဲထုတ်ထားပါသည်။ ကျွန်ုပ်တို့ အသုံးပြုခဲ့သည့် နမူနာစုဆောင်းသည့် လုပ်ငန်းအဆင့်ဆင့်အရ ဤအဆင့်တွင် စိတ်ချရလောက်သည့် ခန့်မှန်းချက်များ ရရှိထားပြီးဖြစ်၍ ဒေသအလိုက်စီးပွားရေး စွမ်းဆောင်မှုကို ပိုမိုကောင်းမွန်စွာ ခွဲထုတ်နိုင်ပါသည်။ မြို့နယ်အဆင့် ဒေတာများကို အသုံးပြုခြင်းဖြင့် မြို့နယ်များ ပါဝင်ပြီးဖြစ်သည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ပျမ်းမျှ ဖွံ့ဖြိုးတိုးတက်မှုကို (ပြည်နယ်တိုင်းပုံသေအကျိုးဆက်များ ဟုခေါ်သည့် နည်းလမ်းတစ်ရပ်ကို အသုံးပြုပြီး) ထိန်းချုပ်လာနိုင်သည်။ တစ်နည်းဆိုရသော် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များကို ချင်းပြည်နယ်ရှိ မြို့နယ်များနှင့် နှိုင်းယှဉ်မည့်အစား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အချင်းချင်းသာ နှိုင်းယှဉ်ခြင်း ဖြစ်သည်။ ဤနည်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး အုပ်ချုပ်မှုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ စီးပွားရေးတိုးတက်ဖူလုံမှု အဆင့်နှင့် ချိတ်ဆက်နေသည့်အချက်ကို သရုပ်ပေါ်လာစေသည်။

ကနဦးအခြေအနေများသည် ဒေသတစ်ခုနှင့်တစ်ခုကြား ကွဲပြားခြားနားသော်လည်း အုပ်ချုပ်မှုဆိုင်ရာ အလေ့အထများသည် အချို့ဒေသများထက် အဘယ်ကြောင့် ပိုမိုမြင့်မားသည်ကို (သို့မဟုတ်) ကွဲပြားမှု မရှိသည်ကို သိရှိနိုင်ရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည်နှင့် သက်ဆိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ယူဆထားသော ရလဒ်ကိန်းရှင်နှစ်ခု ရှိပြီး ၎င်းတို့မှာ ပျမ်းမျှနှစ်စဉ် တိုးပွားလာသော အလုပ်ခန့်အပ်မှုနှင့် ညီမီးရောင်တို့ ဖြစ်ကြပါသည်။ ဦးစွာ ပထမ ပျမ်းမျှနှစ်စဉ်တိုးပွားလာသော အလုပ်ခန့်အပ်မှု၊ တစ်နည်းအားဖြင့် မြို့နယ်တွင်းရှိ လုပ်ငန်းတစ်ခုချင်းစီ၏ လုပ်ငန်းစတင်ချိန်မှစ၍ ခန့်အပ်လိုက်သော အလုပ်သမား သစ်ဦးရေကို လုပ်ငန်း၏ သက်တမ်းဖြင့် စားသည်။ ဤတိုင်းတာချက်သည် စီးပွားဖူလုံမှုအတွက် ကောင်းမွန်သော ကြားခံတစ်ရပ်ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးလာမှုသည် အလုပ်အကိုင်အခွင့်အလမ်းကိုလည်း တိုးပွားလာစေပြီး နိုင်ငံသားများအား ဆင်းရဲတွင်းမှ ကယ်ထုတ်နေသည်ကို ပြသနိုင်သည်။ ဒုတိယအနေဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအတွက် ညီမီးရောင်ကို ကြားခံအဖြစ် အသုံးပြုထားပါသည်။ ဖူလုံမှုကို တိုင်းတာပါက ဘေးထွက်စိန်ခေါ်မှုတစ်ရပ် ထွက်ပေါ်လာနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုကို တိုင်းတာရာတွင် စံထားအသုံးပြုရသည့် စုစုပေါင်း ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု (GDP) ကို အလွတ်တမ်း စီးပွားရေးကဏ္ဍ ကျယ်ပြန့်ကြီးမားပြီး အစိုးရယန္တရားများ ထိန်းချုပ်မှု အားကောင်းသည့် ဖွံ့ဖြိုးဆဲ တိုင်းပြည်များတွင် ဒေတာကောက်ယူရန်နှင့် စိစစ်လေ့လာရာတွင် အသုံးပြုရန် အထူးသဖြင့် ခက်ခဲပါသည်။ ဤအချက်မှာ ဒေသအဆင့်တွင် သာ၍ပင် မှန်ကန်နေပါသည်။ အဆိုပါ ပြဿနာများကို ရှောင်ရှားရန် ကျွန်ုပ်တို့သည် နည်းပညာသစ်နှင့် စီးပွားရေးတွေ့ရှိချက်များ၏ အကူအညီကို ရယူထားပါသည်။ ၎င်းအရ ဂြိုဟ်တုမှတစ်ဆင့် မြင်တွေ့ရသည့် ညီမီးရောင်များသည် စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်မှုအတွက် လေ့လာစရာ အကောင်းဆုံး ကြားခံဖြစ်ပါသည်။ (Chen နှင့် Nordhaus, ၂၀၁၁; Henderson နှင့်အခြား, ၂၀၁၂; Bickenbach, ၂၀၁၆)။ [11]

MBEI မှ တိုင်းတာသော ရလဒ်များအရ အလုပ်ခန့်အပ်မှုတိုးပွားလာခြင်းနှင့် စီးပွားရေးအုပ်ချုပ်မှုကြား အပေါင်းလက္ခဏာဆောင်သော ဆက်စပ်မှုတစ်ရပ်ရှိသည်ကို တွေ့ရပြီး ၎င်းသည် .၀၅ အဆင့် အားဖြင့် ကိန်းဂဏန်းအလိုအရ သိသာထင်ရှားမှုရှိသည်။ ပုံ ၂.၆ ထိပ်ပိုင်းအကွက်တွင် အဆိုပါရလဒ်များကို ပုံနှင့်တကွ ဖော်ပြထားပါသည်။ ပင်ကိုအားသာချက်များ၊ ဖွဲ့စည်းမှုပိုင်း အခြေအနေများနှင့် ပြည်နယ်အဆင့် သက်ရောက်မှုများကို ဖယ်ရှားပြီးကြွင်းကျန်သည့် လုပ်သားအင်အား တိုးပွားမှုကို y ဝင်ရိုးစွန်းတွင် ပြထားပါသည်။ အလေးတင်ကိန်း ချိန်ပြီး MBEI အတွက် x ဝင်ရိုးကိုလည်း ဤအတိုင်း ပြုလုပ်ထားပါသည်။ အဆိုပါ ကိန်းရှင်နှစ်ခုကြား ဆက်နွယ်ချက်သည် ဖွဲ့စည်းမှုပိုင်း အခြေအနေများကို အသားတင် ဖယ်ရှားပြီးနောက်ပိုင်း အလုပ်အကိုင်နှင့် အုပ်ချုပ်ရေးကြား ဆက်စပ်မှုဖြစ်သော တစ်စိတ်တစ်ပိုင်းရီဂရက်ရှင်းကို ပြသနေသည်။ မြောက်ကိန်းမှ ဖော်ပြချက်အရ ကျန်အားလုံး ညီမျှနေပါက စီးပွားရေး အုပ်ချုပ်မှုပိုင်းတွင် တစ်မှတ်စာ တိုးတက်မှုသည် ပျမ်းမျှ နှစ်စဉ်အလုပ်အကိုင်တိုးပွားမှု ၀.၂၄% နှင့် ဆက်စပ်နေသည်။ ဤကိန်းဂဏန်းကို ရှုထောင့်တစ်မျိုးမှ ကြည့်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် အလုပ်သမား ၁၀ ဦးဖြင့် စတင်သော လုပ်ငန်းတစ်ခုကို မြင်ယောင်ကြည့်ပါ။ MBEI တွင် တစ်နိုင်ငံ

လုံးစာ အမှတ်အနိမ့်ဆုံး မြို့နယ် (၄၉.၉ မှတ်) မှ အမြင့်ဆုံး (၆၃.၉ မှတ်) သို့ ပြောင်းလဲသွားပါက ပျမ်းမျှ အလုပ်အကိုင် တိုးပွားမှု ၃.၄% ရှိလာမည် ဖြစ်ပြီး ငါးနှစ်ကျော်အကြာတွင် နောက်ထပ် အလုပ်သမား နှစ်ဦးနီးပါး ၄ားရမ်းမည့် အဓိပ္ပာယ် ဖြစ်သည်။

စီးပွားရေး အုပ်ချုပ်မှုသည် ညမီးရောင်အလင်း တိုးပွားမှုနှင့်လည်း ဆက်စပ်နေသည်။ ပုံ ၂.၆ ၏ အောက်ခြေ ကွက်တွင်လည်း ဖွဲ့စည်းမှု အခြေအနေများကို ကိန်းသေ ထားပြီးနောက်ပိုင်း ကိန်းဂဏန်းအရ ထင်ရှားသော ဆက်စပ်မှု တစ်ရပ်ကို ဖော်ပြလျက်ရှိသည်။ လျှောစောက်မျဉ်း၏ ဆိုလိုရင်းမှာ အကယ်၍ ကျန်အားလုံး ညီမျှပါက အမှတ်တစ်မှတ် တိုးလာတိုင်း ညမီးရောင် ၄% တိုးပွားလာစေမည် ဖြစ်ပြီး ယင်းသည်အရွယ်အစားအတော်အတန်ကြီးမားသော စီးပွားရေး

ပုံ ၂.၆။

စီးပွားရေး အုပ်ချုပ်မှုနှင့် မြို့နယ် အလုပ်အကိုင် ဖွံ့ဖြိုးမှုကြား ဆက်စပ်ချက်





ကြောင်းကျိုးဆက်စပ်မှုအတွက် ထိန်းချုပ်ထားခြင်း - ၁၀၀၀ စတုရန်းမီတာတွင်ရှိသည့် လူဦးရေသိပ်သည်းမှု၊ လုပ်ငန်း၏သက်တမ်း၊ အလင်းအား ၁၀၀၀ လူမင်(lumens) ဗုံးလွှမ်းနေသည့် မျက်နှာပြင်ဧရိယာ

တစ်ဦးချင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု(log scale)၊လုပ်ငန်းစတင်စဉ် ဝန်ထမ်းအင်အား(log scale)၊sector/SR အလိုက် ပုံသေထိရောက်မှု ထိန်းချုပ်ချက်

လုပ်ငန်းဆောင်ရွက်မှု ပမာဏကို ရည်ညွှန်းလျက်ရှိသည်။ အနိမ့်ဆုံးမှ အမြင့်ဆုံး ရမှတ်များသို့ တက်လာပါက မြို့နယ်တွင်းရှိ ညမီးရောင်ကို ၅၈% နှုန်း တိုးပွားလာစေမည် ဖြစ်သည်။

အတိုချုပ်ဆိုရသော် စီးပွားရေး အုပ်ချုပ်မှုနှင့် စီးပွားရေး တိုးတက်ဖူလုံမှုတို့မှာ ကောင်းစွာ ဆက်နွယ်လျက်ရှိနေသည်။ ဤဆက်နွယ်ချက်အတွင်းမှ အကျိုးအကြောင်းအပြည့်အစုံကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ဆက်လက်လုပ်ဆောင်ရန် များစွာလိုနေသေးသော်လည်း ပဏာမ ထွက်ပေါ်လာသည့် ခန့်မှန်းချက်များမှာမူ လွန်စွာကောင်းမွန်လှပေသည်။

၂.၄။ ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေး၏ ဤကြားကာလ အပြောင်းအလဲများကို မှတ်တမ်းတင်ခြင်း

ကြားကာလအတွင်း ပြောင်းလဲမှုကို တိုင်းတာရန်အတွက် ၂၀၁၈ နှင့် ၂၀၂၀ နှစ်နှစ်လုံးတွင် အသုံးပြုခဲ့သည် ညွှန်ကိန်း ၉၂ ကို အကျဉ်းချုပ်ထားသည့် ပင်မ MBEI ကိုပါ အသုံးပြုထားပါသည်။ ပင်မညွှန်ကိန်းများကို MBEI စစ်တမ်းကို နှစ်နှစ်လုံး ဖြေကြားပေးခဲ့ကြသည့် မူလစီးပွားရေး လုပ်ငန်း ၁,၂၀၀ မှသာ ယူထားပါသည်။ တူညီသော စီးပွားရေး လုပ်ငန်းများကိုသာ အသုံးပြုခြင်းဖြင့် တိုးတက်မှု၊ ဆုတ်ယုတ်မှုအားလုံးတို့သည်မူဝါဒပိုင်းဆိုင်ရာအမှန်တကယ် ပြောင်းလဲမှုများမှ တိုက်ရိုက်ထွက်ပေါ်လာသော ရလဒ်များ ဖြစ်ကြပြီး၊ ပြန်လည်ဖြေကြားသည့် စီးပွားရေး လုပ်ငန်းများ၏ ဖွဲ့စည်းမှု ပြောင်းလဲသွားခြင်းကြောင့် မဟုတ်ကြောင်း အာမခံနိုင်ပါသည်။ အဆိုပါညွှန်ကိန်းများကို နှစ်နှစ်လုံးတွင် တသမတ်တည်းသာ အတိအကျ တိုင်းတာခဲ့ပြီး တူညီသော လုပ်ငန်းနမူနာများမှသာ ထုတ်ယူထားခြင်းဖြစ်ပြီး ပင်ပ MBEI တွင်လည်း ဒေါင်လိုက် နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ခြင်းကြောင့် ကြားကာလအတွင်း အုပ်ချုပ်မှုပိုင်း တိုးတက်ကောင်းမွန်လာမှုများကို ကျွန်ုပ်တို့အနေဖြင့် တိကျစွာ ခြေရာကောက်နိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်ကြားတွင် မြန်မာနိုင်ငံ

အုပ်ချုပ်ရေး တိုးတက်ကောင်းမွန်မှုများ ရှိလာသည့် နိုင်မာသော သက်သေများကို တွေ့ရှိထားပါသည်။ ၎င်း အချက်ကို ပုံ ၂.၇ တွင် တွေ့နိုင်ပြီး ၎င်းတွင် လုပ်ငန်းအဆင့် ပင်မ MBEI/၈ရပ်ပုံတွင် အမျိုးသားအဆင့် ကိုယ်စားပြု ပျမ်းမျှကို ထင်ဟပ်ရန် စစ်တမ်းအလေးတင်ကိန်းသုံး ပျမ်းမျှလုပ်ငန်းအဆင့် ရမှတ်ကို တင်ပြထားပါသည်။ ပုံ ၂.၇ အရ ပင်မ MBEI သည် ၂၀၁၈ ခုနှစ်တွင် ၅၅.၁ မှ ၂၀၂၀ ခုနှစ်တွင် ၆၀.၆ အထိ ရမှတ် ၅ မှတ် တက်လာသည့်အတွက် ၁၀% တိုးတက်မှု ရှိလာခဲ့ပါသည်။ ဤတိုးတက်မှုသည် ကမ္ဘာ့ဘဏ်၏ Doing Business အညွှန်းကိန်း၊ World Economic Forum ၏ Global Competitiveness Rankings တို့နှင့်ပါ တိုက်ဆိုင်မှု ရှိသည့်အတွက် မြန်မာနိုင်ငံရှိ အာဏာပိုင်များမှ နိုင်ငံအဝှမ်း စီးပွားရေးအုပ်ချုပ်မှု တိုးတက်ကောင်းမွန်စေရန် ပြုလုပ်သည့် အရေးပါသော ကြိုးပမ်းအားထုတ်မှုများကို သက်သေခံလျက်ရှိနေပါသည်။

၂.၄.၁။ မည်သည့် ပြည်နယ်/တိုင်းဒေသကြီးများသည် တိုးတက်မှုအရှိဆုံး ဖြစ်သနည်း?

ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီသည် ဤကြားကာလအတွင်း အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲမှုရှိသည်ကို မှတ်တမ်းတင် တွေ့ရှိရပါသည်။ ဤအချက်ကို

ပုံ ၂.၇။
ပင်မ MBEI ၏ ကြားကာလအတွင်း ပြောင်းလဲမှု၊ လုပ်ငန်းအဆင့် တိုင်းတာချက်



ပုံ ၂.၈။
ပင်မ MBEI ၏ လုပ်ငန်းအဆင့် ပြောင်းလဲမှု။ ပြည်နယ် သို့ တိုင်းဒေသကြီးအလိုက်



ပုံ ၂.၈ တွင် တွေ့နိုင်ပြီး ယင်းတွင် နာမည်ကြီးပညာရှင် Edward Tufte တီထွင်ခဲ့သည့် "စုံလိုက် ဂရပ်ပုံ"ကို သုံးထားပါသည်။ ယင်းပုံတွင် ၂၀၁၈ ပင်မ MBEI ရမှတ်များကို အပြာနုရောင် တြိဂံများဖြင့် ပြထားပြီး ၂၀၂၀ ရမှတ်များကိုမူ မီးခိုးရောင် အဝိုင်းစက်များဖြင့် ပြထားသည်။ တြိဂံအောက်တွင် အဝိုင်းစက်များရှိနေသည့်အတွက် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုတစ်လေမှပင် နိမ့်ပါးမှု မရှိပေ။ ပြည်နယ်တစ်ခုချင်းစီအတွက် ရမှတ်များကို မျဉ်းကြောင်းဆွဲချိတ်ဆက်ပြီး ၂၀၁၈ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ နှစ်နှစ်စာ ကိုယ်စားပြုထားသည်။ မျဉ်းကြောင်းအရှည်သည် ဤကြားကာလအတွင်း ပြောင်းလဲသည့် အတိုင်းအတာကို ကိုယ်စားပြုသည်။ မျဉ်းကြောင်းရှည်လေလေ ပြောင်းလဲမှု ကြီးမားလေလေ ဖြစ်သည်။

အကြီးမားဆုံးသော ပျမ်းမျှ တိုးတက်မှုများကို ဧရာဝတီ (၉.၁ မှတ်)၊ ရန်ကုန် (၇.၉ မှတ်)၊ စစ်ကိုင်း (၇.၈ မှတ်) နှင့် နေပြည်တော် (၇.၇ မှတ်) တို့မှ ဒေသန္တရ ခေါင်းဆောင်များက ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ အသေးဆုံး တိုးတက်မှုများကို မွန် (၀.၂ မှတ်) နှင့် တနင်္သာရီ (၁.၂ မှတ်) တို့မှ မှတ်တမ်းတင်နိုင်ခဲ့ကြပြီး ၎င်းတို့သည် ၂၀၁၈ ပင်မ MBEI တွင် အဆင့်အကောင်းဆုံးသော ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ ပါဝင်ခဲ့ကြပါသည်။ ရခိုင် (၁.၁၀ မှတ်) သည်လည်း နှိုင်းရအားဖြင့် တိုးတက်မှု အနည်းငယ်ကို ပြသလျက်ရှိသည့်တိုင် အောက်ခြေတွင်သာ ရှိနေသေးသည်။

ပုံ ၂.၉။
ပင်မ MBEI ၏ လုပ်ငန်းအဆင့် ပြောင်းလဲမှုများ။ အညွှန်းကိန်းခွဲ အလိုက်



၂.၄.၂။ စီးပွားရေးအုပ်ချုပ်မှု၏ မည်သည့် အစိတ်အပိုင်းများမှာ တိုးတက်မှု အလျင်မြန်ဆုံး ဖြစ်သနည်း?

ကြားကာလအတွင်း တိုးတက်မှုများမှာ တညီတညွတ်တည်း မဖြစ်ဘဲ အညွှန်းကိန်းခွဲ အနည်းငယ်စီ၌သာ စုဝေးလျက်တွေ့ရသည်။ ပုံ ၂.၉တွင်ပြထားသည့်အတိုင်းနှစ်နှစ်ဆက်တိုက် စစ်တမ်းဖြေဆိုပေးခဲ့ကြသော နိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်း ၁၂၀၀ ၏ ပြောကြားချက်အရ ဝင်ကြေးပေးပြီးနောက်ပိုင်း နည်းဥပဒေပိုင်းတွင် ဝန်ပေါ့စေခြင်း (အညွှန်းကိန်းခွဲ ၃)၊ အခြေခံအဆောက်အအုံ တိုးချဲ့ခြင်း (အညွှန်းကိန်းခွဲ ၅)၊ ပွင့်လင်းမြင်သာမှု တိုးပွားလာစေခြင်း (အညွှန်းကိန်းခွဲ ၆)၊ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း လျော့ပါးစေခြင်း (အညွှန်းကိန်းခွဲ ၇)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာမှု ပိုမိုအားကောင်းစေခြင်း (အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခန့်ထားနိုင်မှုကို အဆင်ပြေချောမွေ့စေခြင်း (အညွှန်းကိန်းခွဲ ၉) တို့တွင် ပြည်နယ်/တိုင်း များသည် ကိန်းဂဏန်းအရ သိသာထင်ရှားပြီး အပြုသဘောဆောင်သော ပြောင်းလဲမှုများကို မှတ်တမ်းတင်ပြသနိုင်ခဲ့ကြပါသည်။ အဆိုပါ အညွှန်းကိန်းခွဲများမှ တိုးတက်မှုများကို အောက်တွင် အသေးစိတ်စူးစမ်းလေ့လာထားပါသည်။

၄ မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာမှု

ပျမ်းမျှ ပြည်နယ်/တိုင်းဒေသကြီး၏ ပျမ်းမျှ စွမ်းဆောင်ရည်ကို ဖော်ပြနိုင်ရန်အတွက် ဇယား ၂.၁ အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး ဤကြားကာလအတွင်း အပြောင်းအလဲများကို ညွှန်ကိန်းတစ်ခုစီအတွက် ဖော်ပြထားပါသည်။ ဇယား ၂.၁ အားသားချက်များမှ ပျမ်းမျှရမှတ်များပေါ်မှ အစွန်းရောက်တန်ဖိုးများ၏ လွှမ်းမိုးမှုများကို လျှော့ချထားခြင်းဖြစ်သည်။ သို့သော်လည်း ဤနေရာတွင် သတိပြုရန် အရေးကြီးသည့်အချက်မှာ ထိုသို့ပြုလုပ်ခြင်းကြောင့် ပုံ ၂.၉တွင် ပြထားသည့် အမျိုးသားအဆင့် အလေးတင်ကိန်းသတ်မှတ်ပြီး လုပ်ငန်းအဆင့်ရမှတ်များကို အသုံးပြုလျှင် ထွက်ပေါ်လာမည့်ရမှတ်များနှင့် အနည်းငယ်ကွဲပြားသည့် ရလဒ်များ ထွက်ပေါ်လာစေနိုင်သည်။

GAD နှင့် OSS ရုံးများမှ မှတ်ပုံတင်ကြေးများ သက်သာအောင် ပြုလုပ်ရုံမျှမကဘဲ စီးပွားရေးလုပ်ငန်းများ ထမ်းနေရသည့် ဝန်များကို လျော့ပါးသက်သောစေမည့် အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့ကြပါသည်။ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ရုံးများ၏ စွမ်းဆောင်မှုများကို ကြည့်ခြင်းဖြင့် ခုနှစ်ပျံတိုးတက်မှုများရှိသည်ကို တွေ့နိုင်ပါသည်။ ၂၀၁၈ ခုနှစ်တွင် အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးရှိ ၇၇% သော မြို့နယ်များတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ရုံးလုပ်ငန်းများကို ပြီးမြောက်အောင် ဆောင်ရွက်ရန် သက်ဝင်လည်ပတ်မှုရှိသော OSS တစ်ခုစီ ရှိကြသည်။ ၂၀၁၈ ခုနှစ်တွင် ပျမ်းမျှ OSS စားပွဲနှစ်လုံး (၂.၀၂) တွင် ပုံမှန်ရုံးချိန်အတွင်း ဝန်ထမ်းများ ရှိကြသည်။ ၂၀၂၀ ခုနှစ်တွင်မူ နှိုင်းယှဉ်ကြည့်ပါက အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးရှိမြို့နယ်များ၏ ၁၀၀%တွင် သက်ဝင်လည်ပတ်မှုရှိသော OSS တစ်ခုစီရှိကြပြီး ရုံးကိစ္စသွားရောက်သည့်အခါ ပျမ်းမျှစားပွဲလေးလုံးနီးပါး (၃.၄၅) တွင် ဝန်ထမ်းများရှိကြသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်တွင် GAD စည်းကြပ်ရေးဝန်ထမ်းများဖြင့် ထိတွေ့ဆောင်ရွက်မှုပြုရာ၌ ရုံးလုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ တောင်းခံခဲ့ရာတွင် ဝန်ထမ်းများ၏ ၅၀% မှာ အကူအညီပေးဖော်ရသည်ဟု ယူဆကြသည်။ ၂၀၂၀ ခုနှစ်တွင်မူ GAD စည်းကြပ်ရေးဝန်ထမ်းများ၏ ၇၃% မှာ အကူအညီပေးတတ်ကြသည်ဟု ယူဆကြသည်။

စည်းကြပ်ရေး လုပ်ငန်းများတွင် တိုးတက်မှုများရှိလာသည့် သက်သေသာဓကများကိုလည်း စစ်တမ်းဒေတာများတွင် တွေ့ရှိရပါသည်။ ကြီးကြပ်စစ်ဆေးရေး ပျမ်းမျှဝန်ထုပ်ဝန်ပိုးသည်လည်း လျော့ပါးလာခဲ့ရာ အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ်တွင် တစ်နှစ်လျှင် ပျမ်းမျှ ၂.၇ စစ်ဆေးမှုရှိရာမှ ၂၀၁၉ စစ်တမ်းတွင် တစ်နှစ်လျှင် ပျမ်းမျှစစ်ဆေးမှု ၁.၉၃ အထိ ရောက်ရှိလာခဲ့သည်။ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းများရှိ မြို့နယ်ရုံးသို့ နောက်ဆုံးအကြိမ် သွားရောက်ခဲ့စဉ် စည်းကြပ်ရေးအခွန်အခများကို အများမြင်သာအောင် ကပ်ထားသည်ကို တွေ့ခဲ့ရကြောင်း ခုနှစ်ဆယ့်သုံး ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများမှ ဖြေကြားပေးခဲ့ကြရာ ၂၀၁၈ ခုနှစ်တွင် ၅၁% ဖြစ်လာသည့်အတွက် များစွာတိုးတက်လာခြင်း ဖြစ်သည်။ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းများရှိ ခုနှစ်ဆယ့်ခုနှစ် ရာခိုင်နှုန်းသော လုပ်ငန်းများမှ ၂၀၂၀ ခုနှစ် ဖြေကြားချက်အရ ဗြူရိုကရေစီ အရာရှိများသည် ရုံးလုပ်ငန်းကိစ္စများ ဆောင်ရွက်ရာ၌ ဖော်ရွေမှုရှိသည်ဟု ဖြေကြားခဲ့ကြရာ ၂၀၁၈ ခုနှစ်တွင် ၇၂% မှ တိုးတက်လာခဲ့ခြင်း ဖြစ်သည်။

မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ ရုံးလုပ်ငန်းကိစ္စရပ်များမှာမူ စိတ်ပူပင်စရာ ရှိနေသေးသည်။ ၂၀၁၈ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးများရှိ နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ ၈၀% မှ အရာရှိများသည် ရုံးစာရွက်စာတမ်းများကို ကိုင်တွယ်ရာ၌ လျင်မြန်ထိရောက်မှုရှိသည်ဟု ဖြေကြားခဲ့ကြရာမှ ၂၀၂၀ ခုနှစ်တွင်မူ ၆၅% ကသာ ဤသို့ထင်မြင်ယူဆကြတော့သည်။ ဆက်စပ်ချက်အားဖြင့် လုပ်ငန်းမန်နေဂျာ အချိန်၏ ၁၀% အောက်ကို ရုံးလုပ်ငန်းကိစ္စရပ်များတွင် အသုံးပြုရသည့် လုပ်ငန်းများ၏ ပမာဏသည်လည်း ၉၅% မှ ၉၀% သို့ ကျဆင်းလာခဲ့သည်။ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းများရှိ ခြောက်ဆယ့်ငါးရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများမှ ရုံးကိစ္စပြီးမြောက်ရန် ရုံးသို့ကြိမ်ဖန်များစွာ သွားရောက်ခြင်းနှင့် တံဆိပ်တုံးထုခိုင်းခြင်းတို့ ပြုလုပ်ရန် မလိုအပ်ဟု ၂၀၂၀ ခုနှစ်တွင် ဖြေကြားကြသည့်အတွက် ၂၀၁၈ ခုနှစ်တွင် ၆၄% ရှိရာမှ တစ်မှတ်တက်လာခြင်းဖြစ်သည် (ဇယား ၂.၁)။

ဇယား ၂.၁။

ပင်မ မှတ်ပုံတင်ခြင်း အလွန်စည်းမျဉ်းစည်းကမ်းဆိုင်ရာ နှစ်အလိုက် ညွှန်ကိန်းများ

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ လုပ်ငန်းများသို့ စစ်ဆေးရေး ဝင်ရောက်သည့် အကြိမ်ရေ (#)	၂.၇	၁.၉
၂။ စစ်ဆေးမှုများကြောင့် လုပ်ငန်းကို စည်းကမ်းလိုက်နာစေသည် (% သဘောတူ)	၈၃.၁%	၈၀.၇%
၃။ လုပ်ငန်းများသည် ရုံးကိစ္စများ၌ ၎င်းတို့အချိန်၏ ၁၀% အောက်ကို ပေးရသည် (%)	၉၅.၁%	၈၉.၅%
၄။ အစိုးရ အရာရှိများသည် စာရွက်စာတမ်းများ ကိုင်တွယ်ရာ၌ လျင်မြန်ထိရောက်သည် (% သဘောတူ)	၇၉.၉%	၆၄.၈%
၅။ အစိုးရ အရာရှိများမှာ ခင်မင်စရာကောင်းသည် (% သဘောတူ)	၇၂.၀%	၇၆.၅%
၆။ တံဆိပ်တုံး ထုပေးရန်နှင့် လက်မှတ်ထိုးပေးရန် ရုံးသို့ မကြာခဏ မသွားရ (% သဘောတူ)	၆၃.၇%	၆၄.၇%
၇။ ရုံးစာရွက်စာတမ်းများမှာ ရိုးရှင်းသည် (% သဘောတူ)	၇၁.၂%	၇၁.၁%
၈။ ပေးဆောင်ရမည့်ငွေများကို အများမြင်သာအောင် ထားရှိပေးသည် (% သဘောတူ)	၅၀.၉%	၇၃.၀%
၉။ GAD ဝန်ထမ်းများမှာ အကူအညီ ပေးတတ်ကြသည် (%)	၅၀.၀%	၇၃.၃%
၁၀။ ပြည်သူ့ ဝန်ဆောင်မှု ရုံးစားပွဲများတွင် ဝန်ထမ်းအသင့်ရှိနေတတ်သည် (#)	၂.၀	၃.၅
၁၁။ မြို့နယ်ထဲတွင် ပြည်သူ့ ဝန်ဆောင်မှုရုံးရှိသည် (%)	၇၁.၀%	၁၀၀.၀%

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

အခြေခံအဆောက်အအုံ

စစ်တမ်းဒေတာနှင့် hard data နှစ်ရပ်လုံးတွင် အခြေခံအဆောက်အအုံ တိုးတက်မှုများစွာရှိခဲ့သည့် အထောက်အထားကို ပြသလျက်ရှိသည်။ ပင်မညွှန်ကိန်း အားလုံးနီးပါးမှလည်း ကြီးစွာသော တိုးတက်မှုကို ညွှန်ပြလျက်ရှိသည်။

အခြေခံအဆောက်အအုံ အားနည်းခြင်းကြောင့် ဖြစ်ပွားရသည့် အလုပ်ရပ်ဆိုင်းခြင်း၊ ပျက်စီးဆုံးရှုံးခြင်းတို့မှာလည်း သိသာစွာ လျော့ပါးလာခဲ့သည်။ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးတွင် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် အလုပ်ချိန် ဆုံးရှုံးရမှုမှာလည်း ၂၀၁၈ ခုနှစ်တွင် ပျမ်းမျှ နာရီ ၃၀ ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ပျမ်းမျှ ၁၇ နာရီ အထိ လျော့ပါးလာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးများရှိ လုပ်ငန်းပေါင်း ၄၈.၆% ၏ ဖြေကြားချက်အရ လျှပ်စစ်မီး ပြတ်တောက်မှုများကြောင့် ကုန်ပစ္စည်းများ ပျက်စီးခြင်း သို့ ပုပ်သိုးခြင်းတို့ ဖြစ်ပွားရသည်။ ၂၀၂၀ ခုနှစ်တွင်မူ ဤသို့ဆိုသည့် အချိုးအဆမှာ ၃၇.၂% သို့ ကျဆင်းလာခဲ့သည်။ လမ်းပိတ်ခြင်း သို့ လမ်းရေကြီးခြင်းတို့ကြောင့် အချိန်ကုန်ဆုံးမှုမှာ ၂၀၁၈ ခုနှစ် အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ် / တိုင်းဒေသကြီး တွင် ၁၄ ရက်ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၃ ရက်သို့ လျော့ပါးလာခဲ့သည်။ လုပ်ငန်းများမှ အခြေခံအဆောက်အအုံအရည်အသွေးကို အဆင့်သတ်မှတ်ရာတွင်လည်း အပြောင်းအလဲများကို တွေ့ရပြန်သည်။ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးများရှိ လုပ်ငန်းများမှ လမ်းအရည်အသွေး (၅၀% မှ ၆၄%)၊ တယ်လီဖုန်း ကွန်ယက်လွှမ်းခြုံမှု (၆၉% မှ ၈၇%)၊ လျှပ်စစ်မီး (၅၃% မှ ၇၇%) နှင့် အင်တာနက် ဝန်ဆောင်မှု (၅၇% မှ ၇၉%) တို့ကို ပေးသည့် အဆင့်သတ်မှတ်ချက်သည်လည်း မြင့်မားလာခဲ့သည်။ တစ်ချိန်တည်းမှာပင် MBEI ပါ စီးပွားရေး လုပ်ငန်းများကြားဆဲလ်ဖုန်း အသုံးပြုမှုမှာလည်း ၂၀၁၈ ခုနှစ် တွင် ၄၅% ရှိရာမှ ၂၀၂၀ ခုနှစ် တွင် ၉၀% အထိ တိုးပွားလာခဲ့သည် (ဇယား ၂.၂)။

ဇယား ၂.၂။

ပင်မ အခြေခံအဆောက်အအုံ ညွှန်ကိန်းများ။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ ယခင်လအတွင်း တယ်လီဖုန်းနှင့် အခြားဆက်သွယ်ရေး ဝန်ဆောင်မှုများ ပြတ်တောက်သည့် နာရီ (နာရီပေါင်း)	၁၁.၀	၁၂.၉
၂။ ယခင်လအတွင်း မီးပြတ်သည့် နာရီ (#)	၂၉.၇	၁၆.၇
၃။ တစ်နှစ်အတွင်း လမ်းရေကြီး၍၊ ရွှံ့ထူ၍၊ လမ်းမကောင်း၍ လမ်းပိတ်သည့် ရက်ပေါင်း (#)	၁၄.၃	၂.၈
၄။ မမျှော်လင့်သော မီးပြတ်တောက်မှု သို့ မီးမမှန်မှုကြောင့် လုပ်ငန်း ထိခိုက်သည် (% သဘောတူ)	၄၈.၆%	၃၇.၂%
၅။ ယခင်လအတွင်း မီးပြတ်သည့် အကြိမ်ရေ (#)	၇.၃	၆.၅
၆။ မီးလျှောက်သည့်ရက်နှင့် မီးရသည့် ရက်ကြား (စုစုပေါင်း, ရက်ပေါင်း)	၄၅.၅	၅၀.၉
၇။ မြို့လမ်းများမှ ကောင်း သို့ အလွန်ကောင်း (%)	၅၀.၁%	၆၄.၄%
၈။ တယ်လီဖုန်းများမှာ ကောင်း သို့ အလွန်ကောင်း (%)	၆၈.၉%	၈၁.၇%
၉။ လျှပ်စစ်မီး ကောင်း သို့ အလွန်ကောင်း (%)	၅၃.၁%	၇၆.၈%
၁၀။ အင်တာနက် ကောင်း သို့ အလွန်ကောင်း (%)	၅၆.၇%	၇၉.၄%
၁၁။ ရေအရည်အသွေး ကောင်း သို့ အလွန်ကောင်း (%)	၆၃.၇%	၇၂.၄%
၁၂။ ဆေးရုံ/ဆေးခန်း အရည်အသွေး ကောင်း သို့ အလွန်ကောင်း (%)	၄၁.၉%	၅၀.၉%
၁၃။ လူတစ်ဦးလျှင် မိုဘိုင်းဖုန်း ဦးရေ (%)[၁၂]	၄၄.၉%	၉၀.၀%

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

ပွင့်လင်းမြင်သာမှု

ပျမ်းမျှ ပွင့်လင်းမြင်သာမှုမှာ အတော်အတန် နိမ့်ပါးသော်လည်း သတင်းအချက်အလက် ရယူနိုင်မှုပိုင်းတွင် တိုးတက်လာခဲ့သည်။ ဦးစွာပထမ စီးပွားရေးလုပ်ရန် လိုအပ်သော ရုံးစာရွက်စာတမ်းများကို ပြည်ထောင်စုနှင့် ဒေသန္တရ အစိုးရများထံမှ ရယူနိုင်စွမ်းသိရှိရန် စီးပွားရေး လုပ်ငန်းများဆိုင်ရာ ဆန်းစစ်လေ့လာမှုကို ကြည့်ပါသည်။ ၂၀၁၈ ခုနှစ်တွင် အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးများရှိ လုပ်ငန်းများ၏ ၀.၄% ကသာ လုပ်ငန်းချဲ့ထွင်ရေး သို့မဟုတ် ပြောင်းရွှေ့ရေးအတွက် အစီအစဉ်ရေးဆွဲရန် မဖြစ်မနေလိုအပ်သော အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရရှိရန် လွယ်ကူသည် သို့မဟုတ် အလွန်လွယ်ကူသည်ဟု ဖြေကြားခဲ့ကြသည်။ ၂၀၂၀ ခုနှစ်တွင်မူ လုပ်ငန်းများ၏ ၁၄% မှ ယင်း သတင်းအချက်အလက်ကို ရယူဖို့ရာ ဖြစ်နိုင်သည်ဟု ဆိုကြသည်။ တစ်ဆယ့်လေး ရာခိုင်နှုန်းဆိုသည်မှာ နိမ့်ပါးသေးသော်လည်း တိုးတက်ကောင်းမွန်လာသည့် ပမာဏမှာ

ဇယား ၂.၃။

ပင်မ ပွင့်လင်းမြင်သာမှု ညွှန်ကိန်း။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/ တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ ပြည်နယ် သို့ တိုင်းဒေသကြီး ဘတ်ဂျက်ကို သိရှိနိုင်စွမ်း (%)	၃.၁%	၄.၄%
၂။ ပြည်ထောင်စု ဥပဒေများကို သိရှိနိုင်စွမ်း (%)	၅.၁%	၂၀.၄%
၃။ ပြည်ထောင်စု ဝန်ကြီးဌာနများမှ အကောင်အထည် ဖော်သည့် စာရွက်စာတမ်းများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်စွမ်း (%)	၁.၄%	၈.၁%
၄။ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်စွမ်း (%)	၀.၆%	၁၉.၀%
၅။ အခြေခံအဆောက်အအုံ စီမံကိန်းသစ်များကို သိရှိနိုင်စွမ်း (%)	၀.၄%	၁၄.၁%
၆။ ရေအားလျှပ်စစ် စီမံကိန်းများ၊ လေယာဉ်ကွင်းများ၊ အမြန်လမ်းများ အစရှိသည့် အစိုးရ ရင်းနှီးမြှုပ်နှံမှု အစီအမံများကို သိရှိနိုင်စွမ်း (%)	၃.၂%	၈.၆%
၇။ မြေအသုံးချမှုခွဲဝေရေး စီမံကိန်းများနှင့် မြေပုံများကို သိရှိနိုင်စွမ်း (%)	၆.၉%	၁၂.၀%
၈။ ပြည်နယ်/တိုင်းဒေသကြီးများ၏ စက်မှုလုပ်ငန်းများနှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုး တိုးတက်ရေး ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းစာရွက်စာတမ်းများကို သိရှိနိုင်စွမ်း(%)	၁.၃%	၁၀.၁%
၉။ စည်းကြပ်ရေး လုပ်ထုံးများ ပြီးပြည့်စုံစေရန် ဖောင်ပုံစံများကို သိရှိနိုင်စွမ်း (%)	၁၄.၅%	၂၉.၉%
၁၀။ ပြည်ထောင်စုအဆင့် ဥပေဒနှင့် စည်းမျဉ်းစည်းကမ်းများ အပြောင်းအလဲကို ကြိုတင်သိရှိနိုင်စွမ်း (%) at the Union level (%)	၆.၂%	၇.၃%
၁၁။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်းမျဉ်းစည်းကမ်းများ အပြောင်းအလဲကို ကြိုတင် သိရှိနိုင်စွမ်း (%)	၁၁.၃%	၆.၉%
၁၂။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်မှုကို ကြိုတင်သိရှိနိုင်စွမ်း (%)	၁၁.၂%	၇.၃%
၁၃။ လူသိရှင်ကြား ပြုလုပ်ပေးထားသည့် အချက်အလက်များပါသော GAD စာရွက်စာတမ်း ပမာဏ (%)	၀.၀%	၁၂.၅%
၁၄။ လူသိရှင်ကြား ပြုလုပ်ပေးထားသည့် အချက်အလက်များပါသော DAO စာရွက်စာတမ်း ပမာဏ (%)	၀.၀%	၉.၃%

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

အကောင်းမြင်နိုင်စရာ အကြောင်းတရား ဖြစ်သည်။ စာရွက်စာတမ်း ရယူနိုင်သည့်အပိုင်းမှ အလားတူ တိုးတက်မှုများကို အစိုးရ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ (၃.၂% မှ ၈.၆%)၊ မြေအသုံးချမှုခွဲဝေရေး စီမံကိန်းများနှင့် မြေပုံများ (၆.၉% မှ ၁၂%)၊ ပြည်နယ်/တိုင်းဒေသကြီး စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများ (၀.၆% မှ ၁၉%)၊ စည်းကြပ်ရေး လုပ်ထုံးများ ပြီးပြည့်စုံစေရန် ဖောင်ပုံစံများ (၁၄.၅% မှ ၂၉.၉%) နှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက် (၃.၁% မှ ၄.၄%) တို့တွင်လည်း တွေ့မြင်နိုင်ပါသည်။ ကျွန်ုပ်တို့ သုတေသီများ၏ ကိုယ်တိုင်ကိုယ်ကျ လေ့လာမှုအရ တွေ့ရှိရသည်မှာ အလယ်ကိန်းမြို့နယ်တွင် GAD သို့မဟုတ် DAO ရုံးများတွင် စည်းမျဉ်းစည်းကမ်းဆိုင်ရာ သတင်းအချက်အလက်များကို အများမြင်သာအောင် ကပ်ထားသည့် မြို့နယ်ဟူ၍ မရှိဟု ဆိုရမလောက်ပင် ဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင် မရှိမဖြစ် လိုအပ်သော စီးပွားရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်း၏ ၁၂% ကို GAD ရုံးများတွင် ကျွန်ုပ်တို့ တွေ့ရှိခဲ့ကြပြီး၊ ၉.၃% ကို DAO ရုံးများတွင် ကျွန်ုပ်တို့အဖွဲ့မှ တွေ့ရှိခဲ့သည်။ ဤတွင်လည်း ကိန်းဂဏန်းအရေအတွက် နည်းပါးသည့်တိုင် ၎င်းတို့သည် အပြုသဘောဆောင်သည့် လမ်းကြောင်းကို ပြသလျက်ရှိသည် (ဇယား ၂.၃)။

ပဟေဠိဆန်သော ကိစ္စတစ်ရပ်မှာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကြိုတင်ခန့်မှန်းနိုင်မှု ရှိ၊မရှိနှင့် စပ်လျဉ်း၍ လုပ်ငန်းများ၏ ယုံကြည်မှုသည် သတင်းအချက်အလက် လက်လှမ်းမီမှုပိုင်း တိုးတက်မှုများကို ခြေရာမခံနိုင်ချေ။ ၂၀၁၈ ခုနှစ်တွင် တစ်ဝက်ကိန်း ပြည်နယ်/တိုင်း ဒေသကြီးများ၌ လုပ်ငန်းများ၏ ၆.၂% က ပြည်ထောင်စု ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ အပြောင်းအလဲများကို ကြိုတင်ခန့်မှန်း၍ ရနိုင်သည်ဟု ဆိုကြသည်။ ၁၁% ကမူ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ အပြောင်းအလဲများအပြင် ယင်းတို့ကို အကောင်အထည်ဖော်ရာ၌ ဖြစ်ပေါ်လာမည့် အပြောင်းအလဲများကိုပါ ခန့်မှန်းနိုင်သည်ဟု ဆိုကြသည်။ ၂၀၂၀ ခုနှစ်တွင် ပြည်ထောင်စု ဥပဒေများကို ကြိုတင်ခန့်မှန်းနိုင်စွမ်းမှာ ၇.၃% အထိ မဆိုစလောက် မြင့်တက်လာသော်လည်း ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် ၎င်းတို့အား အကောင်အထည်ဖော်မှုများကို ကြိုမှန်းနိုင်စွမ်းမှာမူ ၆.၉% သို့ ကျဆင်းသွားသည်။ ခန့်မှန်းနိုင်စွမ်းမရှိခြင်း ဟူသည် တိုးတက်ကောင်းမွန်မှုများ ရှိလာသည့်တိုင် ပွင့်လင်းမြင်သာမှုမှ နိမ့်ပါးဆဲ ဖြစ်သည်ဟူသောအချက်ကို ထင်ဟပ်နေနိုင်စရာရှိသည်။

ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

၂၀၂၀ ခုနှစ်တွင် အဆက်အစပ်ရှိသော စီးပွားရေးလုပ်ငန်းများသို့ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်းများ လျော့ကျသွားဟန်ရှိသည်။ အဆက်အစပ်ရှိသော စီးပွားရေးလုပ်ငန်းများသို့ ဘက်လိုက်မှုမရှိဟု ဖြေကြားသော လုပ်ငန်းပမာဏမှာ ၂၀၁၈ ခုနှစ်တွင် ၇၄% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၈၉% သို့ ခုနှစ်တက်လာခဲ့သည်။ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်မှုဟု ထင်မြင်ယူဆသော ပုံစံများကို အတိအကျထပ်မံ၍ လေ့လာလိုက်သောအခါ မြေအသုံးချမှု (၂၀၁၈ ခုနှစ်တွင် ၁၆.၉% မှ

ဇယား ၂.၄။

ပင်မ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်မှု ညွှန်ကိန်းများ (ကြားကာလ)

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ အဆက်အစပ် အားကောင်းသော စီးပွားရေးလုပ်ငန်းများသို့ ဒေသန္တရအာဏာပိုင်များသည် ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်းမရှိ (%)	၇၄.၄%	၈၉.၄%
၂။ မြေအသုံးချမှုဆိုင်ရာ ဘက်လိုက်ခြင်း (%)	၁၆.၉%	၅.၅%
၃။ ချေးငွေရရှိရေးတွင် ဘက်လိုက်ခြင်း (%)	၁၀.၅%	၈.၃%
၄။ သတ္တုတူးဖော်ရေး လိုင်စင်တွင် ဘက်လိုက်ခြင်း (%)	၁.၄%	၀.၅%
၅။ ရိုးရှင်းသော ရုံးလုပ်ငန်းကိစ္စတွင် ဘက်လိုက်ခြင်း (%)	၄.၂%	၅.၅%
၆။ အစိုးရဌာန စာချုပ်စာတမ်းများတွင် ဘက်လိုက်ခြင်း (%)	၂.၆%	၀.၅%
၇။ သတင်းအချက်အလက်ရရှိရေးတွင် ဘက်လိုက်ခြင်း (%)	၃.၄%	၃.၇%

၂၀၂၀ ခုနှစ်တွင် ၅.၅% သို့ ကျဆင်း) စီးပွားရေး လုပ်ငန်းချေးငွေ (၂၀၁၈ ခုနှစ်တွင် ၁၀.၅% မှ ၈.၃% သို့ ကျဆင်း)၊ သတ္တုတူးဖော်ရေးပါမစ် (၂၀၁၈ ခုနှစ် ၁.၄% မှ ၀.၅% သို့ ကျဆင်း)နှင့် အစိုးရဌာနဆ၏စာချုပ်များ ရရှိရေးတွင် မျက်နှာသာပေးခြင်း (၂.၆% မှ ၀.၅% သို့ ကျဆင်း)တို့တွင် ဘက်လိုက်မှု လျော့နည်းလာသည်ကို တွေ့ရပါသည်။ မြေအသုံးချမှုတွင် ဘက်လိုက်မှု ကြီးစွာလျော့ပါးလာခြင်းသည် အထက်ဖော်ပြပါ မြေအသုံးပြုခွင့် အဆင်ပြေချောမွေ့စေရေးတွင် တွေ့ရှိရသည့် အပြုသဘောဆောင်သော တိုးတက်မှုများနှင့်လည်း ကိုက်ညီလျက်ရှိသည်။ သတင်းအချက်အလက်ရယူနိုင်ရေးပိုင်းတွင် ဘက်လိုက်မှုများမှာမူ ရပ်တန့်နေပြီး၊ ရိုးရှင်းသော ရုံးလုပ်ငန်းများတွင် အဆက်အသွယ်ရှိသော လုပ်ငန်းများသို့ ဘက်လိုက်ခြင်းကိစ္စကို ပြောကြားခဲ့သည့် လုပ်ငန်းအရေအတွက်မှာ ပိုမိုများပြားလာသည် (၂၀၁၈ ခုနှစ်တွင် ၄.၂% မှ ၅.၅% သို့ တိုးပွားလာခဲ့)။

သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း

သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်းတွင်လည်း တိုးတက်မှုရှိဟန်တူသည်။ ၂၀၁၈ ခုနှစ် အလယ်ကိန်း ပြည်နယ်/တိုင်းဒေသကြီးတွင် ၃၉% မျှသာရှိသော စီးပွားရေးလုပ်ငန်းများက ၎င်းတို့၏ သဘာဝပတ်ဝန်းကျင် အရည်အသွေးမှာ ကောင်းမွန်သည်ဟု ဖြေကြားခဲ့ကြပြီး၊ ၄၂% ကသာ ခေါင်းဆောင်များသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အချိန်မီ ကိုင်တွယ်သည်ဟု ထင်မြင်ကြကာ၊ ၇% သာ ပြန်လည်အသုံးပြုရေးကိစ္စတွင် လုပ်ငန်းများကို အကူအညီပေးသည့် ဒေသန္တရအစိုးရ အစီအစဉ်များရှိသည်ကို သိရှိကြသည်။ သို့တိုင် ၂၀၁၈ ခုနှစ်တွင် ၈% ရှစ်ဆယ့်လေးရာခိုင်နှုန်းသော လုပ်ငန်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ၎င်းတို့လုပ်ငန်းကို ထိခိုက်စေသည်ဟု မယူဆကြပါ။ ၂၀၂၀ ခုနှစ်တွင်မူ ယခင်ကဏ္ဍတွင်သာ လုပ်ကိုင်လျက်ရှိသည့် ယခင်လုပ်ငန်းများကြား၌ပင်လျှင် အဆိုပါ ညွှန်ကိန်းများအားလုံးအတွက် တိုးတက်မှုများကို တွေ့လာရသည်။ ဖြေကြားသူထက်ဝက်ကျော်၏ ပြောကြားချက်အရ သဘာဝပတ်ဝန်းကျင် အရည်အသွေးမှာ ကောင်းမွန်ပြီး (၅၂%)၊ ဒေသန္တရ အစိုးရများသည်လည်း သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် အချိန်မီ ဆောင်ရွက်မှုပြုလုပ်ကြသည် (၅၂%)။ ၁၈% ကမူ ပြန်လည်အသုံးချရေးအတွက် နိုင်ငံတော်မှ အကူအညီပေးသည်ဟု ယုံကြည်ကြသည်။ ထို့အပြင် ၂၀၂၀ ခုနှစ်တွင် အလယ်ကိန်း ပြည်နယ်/တိုင်းဒေသကြီးရှိ ၉၃% သော လုပ်ငန်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လုပ်ငန်းများထိခိုက်နေသည်ဟု ယုံကြည်ယူဆခြင်း မရှိကြပေ။ အနုတ်လက္ခဏာပြသည့် တစ်ခုတည်းသောနေရာမှာ ရေခြွေတာရေး နည်းပညာများကို နိုင်ငံတော်မှ အကူအညီပေးခြင်းနှင့် သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင် ညွှန်ကိန်းဖြစ်ပြီး ၁၀% တွင်သာ ရပ်တန့်နေသည် (ဇယား ၂.၅)။

ဇယား ၂.၅။

ပင်မ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း ညွှန်ကိန်းများ။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ ညစ်ညမ်းမှုသည် လုပ်ငန်း၏ စီးပွားရေး အလားအလာများအပေါ် မကောင်းသော သက်ရောက်မှု အနည်းငယ် သို့ လုံးဝမရှိ (%)	၈၃.၈%	၉၃.၀%
၂။ ပျမ်းမျှ သဘာဝပတ်ဝန်းကျင် အရည်အသွေးမှာ ကောင်းမွန် (%)	၃၉.၃%	၅၂.၀%
၃။ ဒေသန္တရ အာဏာပိုင်များသည် ညစ်ညမ်းမှုကို အချိန်မီ ကိုင်တွယ်ကြသည် (%)pollution (%)	၄၂.၁%	၅၁.၉%
၄။ ရေခြွေတာရေးကို နိုင်ငံတော်မှအားပေး (%)	၁၀.၂%	၉.၈%
၅။ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချရေးအတွက် အစိုးရက ထောက်ပံ့ကူညီမှုပေးသည် (%)[၁၃]	၆.၉%	၁၇.၇%
၆။ အစိုးရ စစ်ဆေးရေးဝင်ခြင်း၏ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ဖြစ်သည် (%, သဘောတူ)	၂၅.၇%	၂၂.၁%
၇။ မိလ္လာသန့်ရှင်းမှု ကောင်းမွန်လာသော အိမ်ထောင်စု (%)	၈၃.၆%	၉၁.၇%

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

လုပ်သား ခန့်ထားနိုင်မှု

လုပ်သားအရည်အသွေးမှာ နိမ့်ပါးဆဲဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများအနေဖြင့် ကျွမ်းကျင်လုပ်သားလိုအပ်သည့် လုပ်ငန်းများအတွက်ဖြစ်စေ၊ မကျွမ်းကျင်လုပ်သားများ လိုအပ်သည့် လုပ်ငန်းများအတွက် ဖြစ်စေ အရည်အသွေးမြင့် လုပ်သားများ ခေါ်ယူစုဆောင်းနိုင်သည်ဟု ပိုမိုယုံကြည်လာကြသည်။ ၂၀၂၀ ခုနှစ်တွင် အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသောပြည်နယ်/တိုင်းဒေသကြီးတွင် ၄၃% သော လုပ်ငန်းများသည် ကာယလုပ်သားခန့်ထားနိုင်မှု လွယ်ကူသည် သို့မဟုတ် အလွန်လွယ်ကူသည်ဟု ဖြေဆိုကြရာ ၂၀၁၈ ခုနှစ် ၃၇% မှ တိုးတက်လာခြင်းဖြစ်သည်။ ၂၀၁၈ အလွန် တိုးတက်မှုများကို နည်းပညာကျွမ်းကျင်သော အလုပ်သမားများ (၂၇% vs. ၂၀%၊ ၂၀၁၈)၊ စာရင်းကိုင်များ (၄၈% vs. ၃၈%)၊ အလယ်တန်း မန်နေဂျာများ (၄၅% vs. ၃၂%) နှင့် အထွေထွေ မန်နေဂျာများ (၄၀% vs. ၃၀%) ခေါ်ယူစုဆောင်းရာတွင်လည်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ ပြောင်းလဲမှုများသည် ပညာရေးတိုးတက်မှုများနှင့် ဆက်နွယ်လျက်ရှိပါသည်။

ဇယား ၂.၆။

လုပ်သားခန့်ထားနိုင်မှုဆိုင်ရာ ပင်မညွှန်ကိန်း။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/ တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ သာမန် အခြေခံ အလုပ်သမား ခေါ်ယူရာ၌ လွယ်ကူ (%)	၃၇.၄%	၄၃.၀%
၂။ နည်းပညာရှင်များ ခေါ်ယူရာ၌ လွယ်ကူ (%)	၂၀.၃%	၂၆.၉%
၃။ စာရင်းစစ်များခေါ်ယူရာ၌ လွယ်ကူ (%)	၃၈.၃%	၄၇.၈%
၄။ ကြီးကြပ်ရေးမှူးများခေါ်ယူရာ၌လွယ်ကူ (%)	၃၂.၃%	၄၄.၈%
၅။ မန်နေဂျာများခေါ်ယူရာ၌လွယ်ကူ (%)	၂၉.၉%	၄၀.၄%
၆။ မူလတန်းကျောင်းတက်ရောက်နှုန်း (%)[၁၄]	၈၉.၇%	၉၄.၉%
၇။ အလယ်တန်းကျောင်းတက်ရောက်နှုန်း (%)[၁၅]	၅၃.၄%	၇၂.၇%

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

၂.၄.၃။ စီးပွားရေးအုပ်ချုပ်မှု၏ တိုးတက်မှုတို့ဆိုင်းနေသော နယ်ပယ်များ

အညွှန်းကိန်းခွဲသုံးခုတွင် သိသာထင်ရှားသော တိုးတက်မှု မတွေ့ရဘဲ ရမှတ်များသည်လည်း ယခင်နှစ်က အတိုင်းသာ ရှိနေသည်။ ယင်းတို့မှာ မှတ်ပုံတင်ရာ၌ အဆင်ပြေခြင်း (အညွှန်းကိန်းခွဲ ၁)၊ မြေအသုံးပြုခွင့် (အညွှန်းကိန်းခွဲ ၂) နှင့် တရားမဝင်ပေးချေရမှုများ လျော့ပါးစေခြင်း (အညွှန်းကိန်းခွဲ ၄)တို့ ဖြစ်ကြပါသည်။ တိုးတက်မှု ရပ်ဆိုင်းရခြင်းမှာ အချို့သော အဓိကအညွှန်းကိန်းခွဲများတွင် ပြောင်းလဲမှုအနည်းငယ်ကြောင့် ဖြစ်နိုင်သကဲ့သို့ အပေါင်းရမှတ်များနှင့် အနုတ်ရမှတ်များ တွေ့ဆုံသည့် အညွှန်းကိန်းခွဲများစွာမှ ရလဒ်ရှုပ်ထွေးမှုကြောင့်လည်းဖြစ်နိုင်သည်။ တရားဥပဒေစိုးမိုးမှု (အညွှန်းကိန်းခွဲ ၁၀) တိုးတက်လာစေခြင်းဖြင့် ပျမ်းမျှညွှန်ကိန်းရမှတ်တွင် ယေဘုယျကျဆင်းမှုများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ကနဦး ကုန်ကျစရိတ်

ကနဦးကုန်ကျစရိတ်မှာ ယခင်ကတည်းကပင် သင့်တင့်သော ပမာဏတွင် ရှိပြီးဖြစ်သည့်အတွက် တိုးတက်မှု သိသိသာသာရရှိအောင် ပြုလုပ်ရန်ပင် ခက်ခဲ၍နေတော့သည်။ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/

တိုင်းဒေသကြီးတွင် ၂၀၁၈ နှင့် ၂၀၂၀ ခုနှစ် နှစ်ခုလုံးစာအတွက် ၂၄% သော လုပ်ငန်းများကသာ အပြီးအပြတ် မှတ်ပုံတင်ပြီးရန် သုံးလကျော် စောင့်ဆိုင်းရပြီး၊ လုပ်ငန်းလိုင်စင်လျှောက်ရာ၌ အထောက်အထားစာရွက်စာတမ်း ပျမ်းမျှ ၄.၅ ရွက်ထက်ကျော်လိုအပ်ကာ၊ လုပ်ငန်းများ၏ ၈% ခန့်သာလျှင် မှတ်ပုံတင်လုပ်ငန်းများတွင် ကိုက်ညီအောင် ဆောင်ရွက်ရန် အခက်အခဲရှိသည်။ DICA မှတ်ပုံတင်စာရွက်ရရှိရန် လိုအပ်သောအချိန်မှာ အနည်းငယ်မျှသာ လျော့ပါးခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ၃၁ ရက်ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ရက်ပေါင်း ၃၀ ဖြစ်လာခဲ့သည် (ဤတွင် ရှင်းပြ၍ ရနိုင်စရာတစ်ခုမှာ လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့စဉ်အတွင်း MBEI နမူနာပါ လုပ်ငန်းသုံးခုကသာ DICA အွန်လိုင်းလမ်းကြောင်း[၁၆] ကို အသုံးပြုသောကြောင့်ဖြစ်သည်)။ အရေးကြီးသည့်အချက်မှာ နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ ၇၆% သော စီးပွားရေးလုပ်ငန်းများသည် ၂၀၁၉ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းအဖြစ် မှတ်ပုံတင်ပြီးဖြစ်သည့်အတွက် ၂၀၂၀ ခုနှစ် ကိန်းဂဏန်းများသည် ၂၀၁၉ အကြိမ်ပြီးနောက်ပိုင်းဖြစ်ပွားခဲ့သည့် ကိစ္စရပ်များကို ဖော်ပြနိုင်သည်။

သတိပြုစရာ ကောင်းမွန်သော အချက်များလည်း ရှိပါသေးသည်။ DAO မှ သော်လည်းကောင်း CDC မှ သော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိရန် လိုအပ်သော ပျမ်းမျှအချိန်ကာလသည် ၃၁ ရက်မှ ၂၅ ရက်သို့ လျော့ပါးလာခဲ့သည်။ ထို့အပြင်လည်း ကျွန်ုပ်တို့၏ လေ့လာသူများ တွေ့ရှိခဲ့သော DAO ဝန်ထမ်းများသည် နှံ့စပ်ပြီး ဖော်ရွေမှုရှိသည်ဟု ယူဆသည့် မြို့နယ်များ၏ ပမာဏမှာ ၂၀၁၈ ခုနှစ်တွင် ၇၂% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၇၈% သို့ တိုးပွားလာခဲ့သည် (ဇယား ၂.၇)။

ဇယား ၂.၇။

ကနဦးကုန်ကျစရိတ်အတွက် ပင်မညွှန်ကိန်းများ။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/ တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ အပြီးအပြတ်မှတ်ပုံတင်ရန် သုံးလ ထက်ပိုမိုစောင့်ဆိုင်းရသည် (%)	၂၄.၂%	၂၄.၅%
၂။ အပြီးအပြတ်မှတ်ပုံတင်ရန် စာရွက်စာတမ်း အရေအတွက် (#)	၄.၅	၄.၆
၃။ CDC သို့ DAO မှ လုပ်ငန်းလိုင်စင်ရရှိရန် ရက်ပေါင်း (#)	၃၁.၀	၂၄.၈
၄။ DICA မှ စီးပွားရေး မှတ်ပုံတင် စာရွက်ရရှိရန် ရက်ပေါင်း (#)(#)	၃၁.၂	၃၀.၁
၅။ မည်သည့် မှတ်ပုံတင် ကိစ္စမဆို အခက်အခဲရှိ (%)	၈.၂%	၈.၈%
၆။ DAO စီးပွားရေး လုပ်ငန်းလိုင်စင်ရရှိရန် လိုအပ်သော စာရွက်စာတမ်း ပမာဏ (%)	၇၂.၀%	၇၈.၂%
၇။ DAO ဝန်ထမ်းများမှာ ကူညီတတ်ကြပြီး ဗဟုသုတ ရှိကြသည်ကို သဘောတူ (%)(%)	၅၀.၀%	၈၁.၅%

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု

ပျမ်းမျှညွှန်းကိန်းတွင် သိသာသော တိုးတက်မှုမရှိသော်လည်း မြေအသုံးပြုခွင့်ဆိုင်ရာ ညွှန်ကိန်းအားလုံးနီးပါးတွင် တိုးတက်မှု အနည်းငယ် ရှိလာခဲ့ပါသည်။ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးရှိ အဓိကလုပ်ငန်းပရဝုဏ်အတွက် မြေအမည်ပေါက် တစ်မျိုးမျိုးရှိကြသည့် နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများသည် ၂၀၁၈ ခုနှစ်တွင် ၇၀% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၈၀% သို့ တိုးပွားလာခဲ့ပါသည်။ မြေအမည်ပေါက် လျှောက်ထားသည့် လုပ်ငန်းများအတွက်လည်း မြေအမည်ပေါက်ရရှိရေးအတွက် ပျမ်းမျှ စောင့်ဆိုင်းချိန်သည် ၂၀၁၈ ခုနှစ်တွင် ၁၂၇ ရက်ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၁၂၁ ရက်သို့ ကျဆင်းလာခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် မြေသိမ်းခံရမည့်ဘေးကို အတော်အတန် စိုးရိမ်သည့် လုပ်ငန်းပမာဏသည် ၂၀၁၈ ခုနှစ်တွင် ၅၆% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၄၅% သို့ ကျဆင်းလာခဲ့ပါသည်။ သို့သော် ခြေရာကောက် လေ့လာနေရသည့် စိတ်ပူစရာ နယ်ပယ်တစ်ရပ်မှာမူ မြေပိုင်ဆိုင်ခွင့်တွင် တိုးတက်ကောင်းမွန်မှု

ရှိလာသော်လည်း အဓိက စီးပွားရေး အဆောက်အအုံနေရာများအတွက် မြေငှားရမ်းထားသည့် လုပ်ငန်းများမှာမူ စိတ်ပူပင်မှု တိုးပွားလျက်ရှိသည်။ ငှားရမ်းသူ ကိုးဆယ့်တစ် ရာခိုင်နှုန်းသည် အငှားစာချုပ်ပါ အချက်အလက်များတွင် အပြောင်းအလဲများ ဖြစ်ပေါ်ပြီး လုပ်ငန်းထိခိုက်မည်ကို အတော်အတန် စိုးရိမ်မှုရှိကြသည်။ နှိုင်းယှဉ်ကြည့်ပါက ၂၀၁၈ ခုနှစ်တွင် ၈၅% သာရှိခဲ့သည် (ဇယား ၂.၈)။

ဇယား ၂.၈။

ပင်မ မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှုဆိုင်ရာ ညွှန်ကိန်း။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ လုပ်ငန်းသည် မြေပိုင်ပြီး မြေအမည်ပေါက်ပါ ရှိသည် (%)	၆၉.၆%	၇၉.၅%
၂။ မြေစာရွက်စာတမ်းများရရှိရန် ကြာချိန် (ရက်ပေါင်း)[၁၇]	၁၂၆.၉၆	၁၂၁.၇၉
၃။ လုပ်ငန်းအနေဖြင့် အလယ်အလတ်ထက်မနည်းသော မြေသိမ်းခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု ယုံကြည်သည် (%)	၅၆.၄%	၄၅.၂%
၄။ လုပ်ငန်းအနေဖြင့် အလယ်အလတ်ထက်မနည်းသော ငှားရမ်းစာချုပ် ပြောင်းလဲနိုင်မှု အန္တရာယ်ရှိသည်ဟု ယုံကြည့်သည် (%)	၈၅.၄%	၉၀.၆%
၅။ မြေသိမ်းခံရပါက မျှတသော လျော်ကြေးရနိုင်စရာရှိသည်ဟု လုပ်ငန်းအနေဖြင့် ယုံကြည်	၈၆.၀%	၇၃.၉%
၆။ လုပ်ငန်းအနေဖြင့် မြေကိစ္စများဆောင်ရွက်ရာ၌ အခက်အခဲမရှိ (%)	၆၆.၁%	၁၀၀.၀%

တရားမဝင် ပေးချေရမှု

တရားမဝင်ပေးချေရမှုများကို တိုက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ တိုးတက်မှုမှာ ယခုနှစ်အတွင်း သိသာမှုရှိပါသည်။ (ပုံ ၃.၄ တွင် အသေးစိတ်ရှု။) အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးတွင် ၂၀၂၀ ခုနှစ်အတွင်း လုပ်ငန်းများ၏ ၈၈% သည် လုပ်ငန်းလည်ပတ်ရန် ငွေကြေးတစိုးလက်ဆောင်ပေးရန်မလိုဟု ဖြေကြားပေးခဲ့ကြသည့်အတွက် ၂၀၁၈ ခုနှစ် ၇၉% မှ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ငွေကြေးတစိုးလက်ဆောင်ပေးခဲ့ကြသူများအနက် ၉၆% ၏ ပြောကြားချက်အရ ငွေပမာဏ စုစုပေါင်းမှာ အရောင်းဝင်ငွေ၏ ၂% အောက်တွင်သာ ရှိသည်ဟု သိရသည်။ ယင်းပမာဏမှာ လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသည့် လာဘ်ငွေ အချိုးအစားများအတွက် သတ်မှတ်ပေးထားသော ယေဘုယျ စံသတ်မှတ်ချက်တစ်ရပ်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းများ၏ ၈၈% သည် ဝင်ငွေ၏ ၂% အောက် ပမာဏကို တရားမဝင်ပေးချေရမှုတွင် အသုံးပြုခဲ့ကြသည်။ ၂၀၂၀ ခုနှစ်အတွင်း အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးတွင် စည်းကြပ်ရေးအရာရှိများအား တစိုးလက်ဆောင်ပေးခဲ့ကြသည့်လုပ်ငန်းပမာဏမှာ ၂.၈%ရှိသည့်အတွက် ၂၀၁၈ခုနှစ် ၄.၁%မှ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ဆက်စပ်ကြည့်ပါက ၂၀၁၈ ခုနှစ်အတွင်းတွင် လုပ်ငန်းများ၏ ၅% ကျော်သည် စည်းကြပ်ရေး လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ အရာရှိများ လာဘ်ငွေကောက်ခံရန် ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ၂၀၂၀ ခုနှစ်တွင်မူ ဤပမာဏသည် ၂% အောက်သို့ ကျဆင်းလာခဲ့သည်။ အဂလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) မြို့နယ်ရုံးခွဲများ၏ တိုင်ကြားချက်များ လျှောခ့ျချရေးဆိုင်ရာ တရားဝင်ထုတ်ပြန်ထားသော ဒေတာများမှာ အကြမ်းအားဖြင့် တသမတ်တည်းသာဖြစ်နေပြီး နိုင်ငံသား ၁၀,၀၀၀ လျှင် တိုင်ကြားမှု သုံးမှုအောက်သာ ပျမ်းမျှရှိသည်။

အကြီးစား အဂတိလိုက်စားတွင်မူ တိုးတက်မှု နည်းပါးသည်။ ၂၀၁၈ နှင့် ၂၀၂၀ ခုနှစ် နှစ်ခုလုံးတွင် အစိုးရစာချုပ်များ ရရှိရန် ယှဉ်ပြိုင်ခဲ့ကြသော လုပ်ငန်းများ၏ ၁၀၀% က လေလံအောင်ဖို့ရာအတွက် လာဘ်ထိုးရန် မဖြစ်မနေ လိုအပ်သည်ဟု ဖြေကြားခဲ့ကြသည် (ဇယား ၂.၉)။

ဇယား ၂.၉။

ပင်မ တရားမဝင်ပေးချေရမှုများဆိုင်ရာ ညွှန်ကိန်း။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ လုပ်ငန်းများသည် ငွေကြေးတံစိုးလက်ဆောင် ပေးရသည် (% သဘောတူ)	၇၈.၅%	၈၇.၆%
၂။ အရောင်းဝင်ငွေ၏ ၂% အောက် ပမာဏဖြင့် လာဘ်ထိုးရသည် (%)	၈၇.၆%	၉၆.၁%
၃။ လာဘ်ငွေ ပေးရမည့် ပမာဏကို ပုံမှန်အားဖြင့် ကြိုသိသည် (% သဘောတူ)	၅၄.၈%	၃၈.၆%
၄။ ငွေကြေးတံစိုးလက်ဆောင် ပမာဏသည် အစိုးရဝန်ဆောင်မှုကို ပိုမိုလျင်မြန်စေသည် (% သဘောတူ)	၈၄.၉%	၈၁.၆%
၅။ အစိုးရ ပစ္စည်းဝယ်ယူရေး လေလံအောင်ဖို့ရာတွင် ငွေကြေးတံစိုးလက်ဆောင် ပေးရန် လိုအပ်သည် (% သဘောတူ)	၁၀၀.၀%	၁၀၀.၀%
၆။ စစ်ဆေးရေးဝင်ပါက လက်ဆောင် သို့ ငွေအပိုဆောင်းပေးရသည် (% သဘောတူ)	၄.၁%	၂.၈%
၇။ စစ်ဆေးမှုများသည် ကြီးကြပ်သူများအား လက်ဆောင်ဖြင့် ငွေရှာရန် အခွင့်အလမ်း ဖန်တီးပေးသည် (% သဘောတူ)	၅.၄%	၁.၈%
၈။ နိုင်ငံသား ၁၀,၀၀၀ လျှင် တိုင်ကြားမှုပေါင်း	၂.၆	၂.၄

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

၂.၄.၄။ စီးပွားရေးအုပ်ချုပ်မှု ကျဆင်းလာသည့် နယ်ပယ်များ

လုပ်ငန်းအဆင့် အညွှန်းကိန်းခွဲ စိစစ်လေ့လာမှုကို အသုံးပြုပါက ပုံ ၂.၉ တွင် ပြထားသည့်အတိုင်း တရားဥပဒေစိုးမိုးမှု (အညွှန်းကိန်းခွဲ ၁၀) ပေါ်ရှိ စုပေါင်းရမှတ်များမှာ ပို၍ပင် ဆိုးရွားလာသည်။ အောက်တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါကျဆင်းမှုသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်ကြား မြောက်မြားစွာသော ပင်မညွှန်ကိန်းများတွင်လည်း ထင်ဟပ်လျက်ရှိသည်။[၁၈]

တရားဥပဒေစိုးမိုးမှု

တရားဥပဒေစိုးမိုးမှုတွင် ဆုတ်ယုတ်မှုများ ဖြစ်လာခြင်းသည် မြန်မာ့စီးပွားရေး ပတ်ဝန်းကျင်အတွက် အကြီးမားဆုံး စိတ်ပူပင်စရာ ဖြစ်သည်ဟူသောအချက်မှာ ထင်ရှားပေသည်။ ၂၀၁၈ ခုနှစ်ထက်စာလျှင် ၂၀၂၀ ခုနှစ်တွင် လုပ်ငန်းများအနေဖြင့် တရားရေးစနစ်သည် ၎င်းတို့အတွက် တရားမျှတမှု ရှာဖွေရာတွင် အကူအညီပေးလိမ့်မည်ဟု ယုံကြည်ရန်များစွာခဲယဉ်းသွားသည်။ ၂၀၁၈ ခုနှစ်တွင် နှိုင်းယှဉ်နမူနာအုပ်စုမှ ဖြေကြားပေးသူများ၏ ၅၁% သည် အရာရှိငယ်များ ဥပဒေချိုးဖောက်သောအခါ အထက်အာဏာပိုင်များထံ အယူခံနိုင်သည်ဟု ပြောကြားခဲ့ကြသည်။ ၂၀၂၀ ခုနှစ်တွင်မူ နှိုင်းယှဉ်နမူနာအုပ်စုမှ ဖြေကြားပေးသူများ၏ ၂၇% သာ ဤသို့ယူဆကြတော့သည်။ ၂၀၁၈ ခုနှစ်တွင် ဥပဒေချိုးဖောက်သည်ကို တွေ့ရှိပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှ ကျူးလွန်သူဝန်ထမ်းကို အရေးယူလိမ့်မည်ဟု ဖြေကြားသူများ၏ ထက်ဝက်နီးပါး (၄၄%)မှ ပြောကြားခဲ့ကြသည်။ ယနေ့အချိန်တွင်မူ ဤသို့ယုံကြည်သူမှာ (၁၉%) ငါးပုံတစ်ပုံပင် မရှိတော့ချေ။

တရားရုံးများအပေါ် ယုံကြည်မှုမှာလည်း ကျဆင်းလာခဲ့သည်။ စီးပွားရေး အမှုကိစ္စများကို တရားရုံးများမှ ကြားနာပေးလိမ့်မည် (၂၀၁၈ ခုနှစ်တွင် ၈၄% မှ ၂၀၂၀ ခုနှစ် ၇၇% သို့ ကျဆင်း)၊ အမှုလက်ခံလျှင်လည်း အစောတလျင် ဖြေရှင်းပေးလိမ့်မည် (၅၇% မှ ၅၀% သို့ ကျဆင်း)၊ မျှတသော စီရင်ချက်ချမှတ်လိမ့်မည် (၆၆% မှ ၅၃% သို့ ကျဆင်း)၊ စီရင်ချက်များအတိုင်း အသက်ဝင်အောင် ပြုလုပ်လိမ့်မည် (၇၄% မှ ၅၁% သို့ ကျဆင်း) ဟု ယုံကြည်သည့် လုပ်ငန်းအရေအတွက်မှာ နည်းပါးလာခဲ့သည်။ ထို့အပြင် အငြင်းပွားမှုများ ဖြေရှင်းရာတွင် ဒေသန္တရ တရားရုံးများမှ ဥပဒေအထောက်အကူရရှိလိမ့်မည်ဟု ယုံကြည်သည့် လုပ်ငန်းအရေအတွက်မှာလည်း နည်းပါးလာခဲ့သည် (၂၀၁၈ ခုနှစ်တွင် ၇၇% မှ ၂၀၂၀ ခုနှစ်တွင် ၇၃% သို့ ကျဆင်း)။

ရာဇဝတ်မှုနှင့် ပဋိပက္ခများသည် လုပ်ငန်းအောင်မြင်ရေးကို ထိခိုက်လျက်ရှိသည်ဟု စီးပွားရေးလုပ်ငန်းများမှ ယုံကြည်ကြသည်။ ၂၈% သာ လုံခြုံရေး အခြေအနေကောင်းမွန်သည်ဟု ယုံကြည်ကြပြီး နှိုင်းယှဉ်ကြည့်ပါက ၂၀၁၈ ခုနှစ်တွင်

ဇယား ၂.၁၀။

ပင်မ တရားဥပဒေစိုးမိုးမှု ညွှန်ကိန်းများ။ နှစ်အလိုက်

ပင်မ MBEI ညွှန်ကိန်း	အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီး။ နှစ်အလိုက်	
	၂၀၁၈	၂၀၂၀
၁။ အကယ်၍ အရာရှိတစ်ဦးမှ ဥပဒေချိုးဖောက်သော် ကျွန်ုပ်အနေဖြင့် အထက်မှ ဖြေရှင်းပေးရန် အယူခံနိုင်သည် (%)	၅၁.၁%	၂၇.၁%
၂။ အကယ်၍ ဥပဒေချိုးဖောက်မှုများ ထင်ရှားပါက အရာရှိများသည် ကျူးလွန်သူ ဝန်ထမ်းကို အရေးယူသည် (%)	၄၄.၁%	၁၉.၂%
၃။ ဥပဒေစနစ်သည် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းများကို အကာအကွယ် ပေးသည် (% သဘောတူ) (% agree)	၇၁.၂%	၇၈.၆%
၄။ ပြည်နယ် သို့ တိုင်းဒေသကြီး အဆင့်မျိုးစုံရှိ တရားရုံးများသည် စီးပွားရေး အငြင်းပွားမှုများကို ကြားနာစစ်ဆေးသည် (% သဘောတူ)	၈၄.၁%	၇၇.၀%
၅။ ပြည်နယ် သို့ တိုင်းဒေသကြီးအတွင်း တရားရုံးများသည် စီးပွားရေး အမှုကိစ္စများကို အစောတလျင် ကြားနာ / ဖြေရှင်းသည် (% သဘောတူ)	၅၆.၆%	၄၉.၄%
၆။ ပြည်နယ် သို့ တိုင်းဒေသကြီးအတွင်း တရားရုံးများသည် စီးပွားရေး အမှုကိစ္စများကို စီရင်ချက်အတိုင်း အစောတလျင် လိုက်နာဆောင်ရွက်စေသည် (% သဘောတူ)	၇၄.၂%	၅၀.၉%
၇။ အငြင်းပွားမှုများ ပေါ်ပေါက်သည့်အခါ ပြည်နယ်အဆင့် ဥပဒေ အထောက်အကူပြုရေး ဌာနများမှ အကူအညီပေးသည် (% သဘောတူ)	၇၆.၆%	၇၂.၇%
၈။ တရားရုံး ဆုံးဖြတ်ချက်များသည် မျှတမှုရှိသည် (% သဘောတူ)	၆၆.၀%	၅၃.၀%
၉။ လုံခြုံရေး အနေအထား ကောင်းမွန်သည် (% သဘောတူ)	၃၈.၈%	၂၈.၄%
၁၀။ ယခင်နှစ်အတွင်း ရာဇဝတ်မှုဘေးဒဏ် ခံစားခဲ့ရသည် (%)	၁၁.၆%	၅.၈%
၁၁။ ဒေသန္တရ ရဲဌာနသို့ တိုင်ကြားခဲ့ဖူး (%)	၅၀.၀%	၂၉.၉%
၁၂။ နိုင်ငံသား ၁၀,၀၀၀ လျှင် သတ်မှတ် ရာဇဝတ်မှုများကို ခံစားရသည့် စုစုပေါင်း အရေအတွက်	၀.၅	၁.၅

အရောင်ချယ်ထားသော အတန်းများသည် စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများကို ရည်ညွှန်းသည်။

၃၉%ရှိခဲ့သည်။ တရားဝင်ထုတ်ပြန်ထားသော ဒေတာများမှလည်း ဤအချက်ကို အတည်ပြုလျက်ရှိပြီး နိုင်ငံသား ၁၀,၀၀၀ လျှင် ကြုံတွေ့ရသည့် ရာဇဝတ်မှု ၀.၅၈ မှ ၂၀၂၀ ခုနှစ်တွင် ၁.၄၈ သို့ တိုးပွားလာခဲ့သည်။ (ဇယား ၂.၁၀) သို့သော်လည်း ကောင်းမွန်သော လက္ခဏာရပ်တစ်ခုမှာ အလယ်ကိန်းတွက်ချက်မှုနှင့်ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးမှ ရာဇဝတ်မှုတစ်ခုခု တွေ့ကြုံခံစားခဲ့ကြရသည့် နှိုင်းယှဉ်နမူနာအုပ်စုမှ ဖြေကြားပေးသူများ၏ ပမာဏမှာ ၂၀၁၈ ခုနှစ်တွင် ၁၂% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၆% သို့ ကျဆင်းလာခဲ့သည်။ တစ်နည်းဆိုရပါမူ ရာဇဝတ်မှုဒဏ်ခံခဲ့ကြရသည့် နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ အချိုးအဆမှာ ကျဆင်းလာခဲ့သည့်တိုင် လုံခြုံရေးအခြေအနေနှင့် ပတ်သက်၍ အကြမ်းဖျင်းထင်မြင်ယူဆချက်မှာမူ ပိုမိုဆိုးရွားလျက်ရှိနေသေးသည်။ ထင်မြင်ယူဆချက် အပြောင်းအလဲဖြစ်စေသည့် အကြောင်းရင်းခံမှာ လက်နက်ကိုင်ပဋိပက္ခအန္တရာယ်နှင့် ပတ်သက်သည့် ထင်မြင်ယူဆချက် ဖြစ်နိုင်စရာရှိသည်။

၂.၅။ တရားမဝင် ပေးချေရမှုများဆိုင်ရာ အထူးစိစစ်လေ့လာချက်

ဤအထူးစိစစ်လေ့လာချက်တွင် ဖြေဆိုသူများအား အဂတိလိုက်စားမှုတွင် ပါဝင်ခဲ့ပါသည်ဟု ဝန်ခံခြင်းကို ကာကွယ်ပေးရန် ပြုလုပ်ထားသော MBEI စစ်တမ်းတွင် ထည့်သွင်းအသုံးပြုခဲ့သော ကွယ်ဝှက် ဖြေဆိုချက်များကို အသုံးပြုထားပါသည်။ အဆိုပါ နည်းလမ်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေး လုပ်ငန်းများအနက် သုညတန်ဖိုးနီးပါးရှိသော ရာခိုင်နှုန်းတစ်ရပ်သည် လုပ်ငန်းလိုင်စင်များ ရရှိရန် တရားမဝင်ပေးချေရမှုများ ပြုလုပ်ခဲ့ရသည်ကို ကျွန်ုပ်တို့အတည်ပြုနိုင်ခဲ့ပါသည်။ ဤပမာဏသည် လုပ်ငန်းအဟောင်းများနှင့် အသစ်များကြား ဤကြားကာလအတွင်းတွင် တသမတ်တည်း ဖြစ်လျက်ရှိပါသည်။ သို့သော်လည်း ဆောက်လုပ်ရေး လိုင်စင်များ ရရှိရန် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းကို လေ့လာကြည့်သောအခါ ရရှိလာသော အဖြေများမှာ များစွာကွာခြားပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ဆောက်လုပ်ရေး လိုင်စင် လျှောက်ထားခဲ့ကြသည့်ပြန်လည် ဖြေကြားသူ ၁၂၉ ဦးအနက် ၆၈% ကျော်သည် လိုင်စင်ရရှိရန်အတွက် လုပ်ငန်းတစ်ခုလျှင် မြန်မာကျပ်ငွေ ၃.၄ သန်း (အမေရိကန်ဒေါ်လာ ၂,၄၃၀) နှုန်းဖြင့် တရားမဝင်ပေးချေရမှုများ ပြုလုပ်ခဲ့ရပါသည်။ ဆောက်လုပ်ရေး လိုင်စင်ဟူသည်မှာ အကြီးဆုံးဖြစ်သော၊ ရှုပ်ထွေးနက်နဲသော လုပ်ငန်းကြီးများသာ ပြုလုပ်နိုင်သည့် ရှားပါးလုပ်ငန်းဖြစ်ရာ ဤသည်မှာ အကြီးစား အဂတိလိုက်စားမှုများ ဖြစ်နိုင်စရာ လမ်းကြောင်းကြီး တစ်ခုဖြစ်သည်။

အထက်ပါ ဇယား ၂.၉ တွင် ဖော်ပြထားသည့် နှိုင်းယှဉ်နမူနာအုပ်စုမှ စိစစ်လေ့လာချက်တွင် ဖော်ပြထားသည့်အတိုင်း တရားမဝင်ပေးချေရမှုများနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ တိုက်ရိုက်မေးမြန်းချက်များဖြင့်တိုင်းတာကြည့်ပါက အသေးစား အဂတိလိုက်စားမှုသည်အနည်းငယ်သာရှိပြီး ဤကြားကာလ အတွင်း လျော့ပါးလျက်ရှိသည်ဟု ကောက်ချက်ချနိုင်ပါသည်။ ဤကောက်ချက်တွင် သတိပြုရမည့် အချက်နှစ်ချက် ရှိနေပါသည်။ ပထမတစ်ခုမှာ အဂတိလိုက်စားမှုဟူသည် လွန်စွာအကဲဆတ်သော အကြောင်းအရာဖြစ်ပြီး အဂတိလိုက်စားမှုအတွက်ပြစ်ဒဏ်များမှာလည်းကြီးလေးလှသည့် အတွက် ဖြေဆိုပေးကြသော စီးပွားရေးလုပ်ငန်းများသည် ပွင့်ပွင့်လင်းလင်း ဖြေဆိုပေးခြင်းကြောင့် ဗြူရိုကရက်အရာရှိများဘက်မှ လက်တုံ့ပြန်လာမည်ကို ကြောက်ရွံ့နိုင်စရာ ရှိပါသည်။ လုပ်ငန်းများအနေဖြင့် အဂတိလိုက်စားမှု လျော့ပါးစေလိုစိတ်ဖြင့် ဖြေကြားလိုကြသည့်တိုင် ၎င်းတို့ကိုယ်တိုင်လာဘ်ပေးလာဘ်ယူ ပြုလုပ်ခဲ့ခြင်းကြောင့် အပြစ်မကင်းသည်ကိုလည်း ဝန်ခံလိုခြင်းမရှိပေ။ ဒုတိယ အနေဖြင့် ဇယား ၂.၉ တွင် ဖော်ပြထားသည့် မေးခွန်းများသည် အစိုးရပစ္စည်းဝယ်ယူခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းတစ်ခုမှအပ ကျန်မေးခွန်းများသည် အသေးစားအဂတိလိုက်စားမှု လျော့ပါးရေးနှင့်သာ သက်ဆိုင်နေသည်။ အကြီးစား အဂတိလိုက်စားမှုများသည် ပိုမိုရှိ မြင်ရန် ခက်ခဲသည့်အလျောက် ထောက်လှမ်းရန်လည်း မလွယ်ကူပေ။ ယင်းကိစ္စရပ်မျိုးတွင် ပုံမှန်အားဖြင့် အစိုးရပစ္စည်းဝယ်ယူရေးတွင် ပါဝင်ခွင့်ရလိုသော၊ ကန့်သတ်စီးပွားရေး ကဏ္ဍများသို့ ဝင်ရောက်ရန် ကြိုးစားနေသော၊ အကြီးစား လုပ်ငန်းချဲ့ထွင်မှု ပြုလုပ်ရန် ကြံစည်နေသော ထိပ်တန်း စီးပွားရေး လုပ်ငန်းများ ပါဝင်တတ်ကြသည်။[၁၉]

အဆိုပါ ပြင်းထန်ဆိုးရွားသည့် လူမှုရေး စိတ်ဆန္ဒပိုင်းဘက်လိုက်မှုပုံစံကို ကိုင်တွယ်ဖြေရှင်းရန် စမ်းသပ်စာရင်းနှစ်ခုကို စစ်တမ်းတွင် ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ တစ်ခုမှာ လုပ်ငန်းမှတ်ပုံတင်နေစဉ်အတွင်း လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခဲ့ဖူးသည့် လုပ်ငန်းများကို ဦးတည်ပြီး (ကောက်နုတ်ချက် ၂.၁) နောက်တစ်ခုမှာ ယခင်နှစ်အတွင်း လုပ်ငန်းတည်ရာ ပရဝုဏ်အတွင်းရှိ စီမံကိန်းများအတွက် ဆောက်လုပ်ရေး လိုင်စင်များ လျှောက်ထားခဲ့ဖူးသည့် လုပ်ငန်းများ (ကောက်နုတ်ချက် ၂.၂) ကို ဦးတည်ပါသည် (Malesky နှင့် အခြား ၂၀၁၅ တွင် သုတေသနနည်းလမ်း အသေးစိတ် တင်ပြချက်ကို ကြည့်ပါ)။ ကောက်နုတ်ချက် နှစ်ခုပါ မေးခွန်းများ၏ စကားအသွားအလာ အတိုင်း ဖြေကြားပေးသူများကို အုပ်စုနှစ်စု အဖြစ်ကျပန်းခွဲခြားလိုက်ပါသည်။ ပုံစံ A ပါ လုပ်ငန်းဆောင်တာ လေးခုစာရင်းနှင့် ကျပန်းသက်ဆိုင်သူများနှင့် ပုံစံ B နှင့် ကျပန်းသက်ဆိုင်သူများတို့ ဖြစ်ကြပါသည်။

ပုံစံနှစ်ခုလုံးတွင် အကဲမဆတ်သော မေးခွန်းသုံးခုကို စာရင်းပြုစုထားသည်။ ယင်းတို့မှာ လုပ်ငန်းလိုင်စင် သို့မဟုတ် ဆောက်လုပ်ရေးပါမစ် ရရှိရေးနှင့် ဆက်စပ်နေသည့် သာမန် လုပ်ရိုးလုပ်စဉ်များဖြစ်ကြပြီး ကျပန်းစီစဉ်ဖော်ပြထားသည်။ ဥပမာ ကောက်နုတ်ချက် ၂.၁ ပါ အကဲမဆတ်သော လုပ်ငန်းစဉ်တစ်ခုမှာ "သက်ဆိုင်ရာဌာန ဝက်ဘ်ဆိုဒ်တွင် လုပ်ငန်းမှတ်ပုံတင်ပုံ အဆင့်ဆင့်နှင့် ပတ်သက်သည့် သတင်းအချက်အလက် ရှာဖွေ"ခြင်း ဖြစ်သည်။ သို့သော်လည်း ပုံစံ A တွင် "လျှောက်လွှာကိစ္စမြန်အောင် တရားမဝင် ပေးဆောင်မှုပြုသည်" ဟူသော လာဘ်ပေးလာဘ်ယူနှင့် ပတ်သက်သည့် အကဲဆတ်သော ကိစ္စရပ်တစ်ခု ပါဝင်သည်။ ပုံစံ B တွင် (လုပ်ငန်းလိုင်စင်နှင့် ပတ်သက်သည့် ကိစ္စအတွက်) သို့မဟုတ် "နိုင်ငံခြား ကုမ္ပဏီမှ ရေးဆွဲပေးသော ဆောက်လုပ်ရေး စီမံကိန်း သုံးဖက်မြင် ပုံစံအတွက် ပိုက်ဆံ ပေးသည်"

"လုပ်ငန်းမှတ်ပုံတင်သည့် လုပ်ထုံးများကို လေ့လာရန် ဥရောပသို့ ခရီးသွားသည်" ဟူသော အပိုစာသား ပါရှိသည်။ ယင်းစာသားအပိုများသည် သေချာရေရာသော အဖြေပေးနိုင်စရာ သုညမှတ်နီးပါး ရှိသည်။

ဖြေကြားသူသော်လည်းကောင်း၊ ဖြေကြားသူနှင့် ဆက်ဆံရပြီး ဒေတာဖြည့်သွင်းရသည့် စစ်တမ်းကောက်ယူသူ သော်လည်းကောင်း မည်သည့်ပုံစံကို ဖြေဆိုသူ လက်ခံရရှိသည်ကို မသိရသည့်အပြင်စစ်တမ်းတွင်လည်းဖြေကြားသူအား ၎င်းဆောင်ရွက်ဖူးသည့် လုပ်ငန်းစဉ် အရေအတွက်ကိုသာ

ကောက်နုတ်ချက် ၂.၁။

လုပ်ငန်းမှတ်ပုံတင်စဉ် လာဘ်ပေးလာဘ်ယူမှုကို တိုင်းတာသည့် စမ်းသပ်စာရင်း

မေး ၂၉။ စီးပွားရေးလုပ်ငန်းများ လုပ်ငန်းလိုင်စင်လျှောက်သည့်အခါ သို့ လုပ်ငန်းမှတ်ပုံတင်သည့်အခါ ပုံမှန်အားဖြင့် ပြုလုပ်ရန် လိုအပ်သော အောက်ပါကိစ္စရပ်များ စာရင်းကိုကြည့်ပါ။ ယင်းစာရွက်စာတမ်းများကို လျှောက်ထားသည့်အခါ သို့ သက်တမ်းတိုးသည့်အခါ သင့်လုပ်ငန်းအနေဖြင့် အရေအတွက်မည်မျှကို ပြုလုပ်ခဲ့ဖူးသည်ကို ဖြေဆိုပေးပါ။ မည်သည့်ကိစ္စရပ်များ ပြုလုပ်ခဲ့သည်ကို မဖြေကြားပါနှင့်။ သင်ပြုလုပ်ခဲ့ဖူးသည့် လုပ်ငန်းကိစ္စ အရေအတွက် စုစုပေါင်းကိုသာ ကျွန်ုပ်တို့ သိလိုပါသည်။

(ပုံစံ A)	(ပုံစံ B)
• သက်ဆိုင်ရာဌာန ဝက်ဘ်ဆိုဒ်တွင် လုပ်ငန်းမှတ်ပုံတင်ပုံ အဆင့်ဆင့်နှင့် ပတ်သက်သည့် သတင်းအချက်အလက် ရှာဖွေသည်။ • ပွဲစား / ကြားလူ ငှားရမ်း၍ ရုံးလုပ်ငန်းဆောင်ရွက်သည်။ • ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် အကြံပေးရန် ရှေ့နေ / ဥပဒေ အကျိုးဆောင် ငှားရမ်းသည်။ • ရုံးကိစ္စ မြန်မြန်ပြီးရန် သက်ဆိုင်ရာ အရာရှိကို တရားမဝင် ပေးဆောင်မှု ပြုသည်။ ☐ 0 ဆောင်ရွက်မှုများ ☐ 1 ဆောင်ရွက်မှုများ ☐ 2 ဆောင်ရွက်မှုများ ☐ 3 ဆောင်ရွက်မှုများ ☐ 4 ဆောင်ရွက်မှုများ	• သက်ဆိုင်ရာ ဌာန ဝက်ဘ်ဆိုဒ်တွင် လုပ်ငန်းမှတ်ပုံတင်ပုံ အဆင့်ဆင့်နှင့် ပတ်သက်သည့် သတင်းအချက်အလက် ရှာဖွေသည်။ • ပွဲစား / ကြားလူ ငှားရမ်း၍ ရုံးလုပ်ငန်းဆောင်ရွက်သည်။ • ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် အကြံပေးရန် ရှေ့နေ / ဥပဒေ အကျိုးဆောင် ငှားရမ်းသည်။ • လုပ်ငန်းမှတ်ပုံတင်သည့် လုပ်ထုံးများကို လေ့လာရန် ဥရောပသို့ ခရီးသွားသည်။ ☐ 0 ဆောင်ရွက်မှုများ ☐ 1 ဆောင်ရွက်မှုများ ☐ 2 ဆောင်ရွက်မှုများ ☐ 3 ဆောင်ရွက်မှုများ ☐ 4 ဆောင်ရွက်မှုများ
☐ *888-[မဖြေဆိုပါ]* ☐ *999-[မသိ]*	☐ *888-[မဖြေဆိုပါ]* ☐ *999-[မသိ]*

မေးမြန်းထားသည်။ ဤနည်းဖြင့် ဖြေကြားသူများသည် ၎င်းတို့ကိုယ်တိုင် အပြစ်ရှိသည့် သဘောမရောက်ဘဲ အကဲဆတ်သော သတင်းအချက်အလက်များကို ဖွင့်ဟလာကြပြီး လိမ်လည် ဖြေကြားလိုစိတ်လည်း မရှိကြတော့ချေ။ စမ်းသပ်စာရင်း၏ အားသာချက်မှာ ပုံစံများကြားရှိ ပျမ်းမျှ အလယ်ကိန်းတွက်ချက်မှုနှင့် ခြားနားချက်သည် အကဲဆတ်သော လုပ်ငန်းကိစ္စရပ်များ ပြုလုပ်ခဲ့ကြသည့် လုပ်ငန်းအရေအတွက် ဖြစ်သည်။ ဤနေရာ၌မူ လုပ်ငန်းလိုင်စင်ရရှိရန် တရားမဝင်ပေးချေရမှုပြုကြခြင်း ဖြစ်သည်။ သာဓကအားဖြင့် ဗီယက်နမ် PCI ပါ အလားတူမေးခွန်းတွင် ပုံစံ A လက်ခံရရှိသူများ ပြုလုပ်ခဲ့သည့် လုပ်ငန်းကိစ္စ အရေအတွက်သည် ၂.၆ ရှိပြီး ပုံစံ B ၌မူ ၂.၃ ရှိသည်။ အလယ်ကိန်းများကြား ခြားနားချက်မှာ ၀.၃ ဖြစ်သည့်အတွက် ၃၀% သော လုပ်ငန်းများသည် မှတ်ပုံတင်စဉ်အတွင်း လာဘ်ပေး လာဘ်ယူ ပြုလုပ်ခဲ့သည့် သဘောဖြစ်သည် (Malesky နှင့် အခြား ၂၀၁၅)။

ကောက်နုတ်ချက် ၂.၂။
ဆောက်လုပ်ရေးပါမစ်များအတွက် လာဘ်ပေးလာဘ်ယူမှုကို တိုင်းတာသည့် စမ်းသပ်စာရင်း

မေး၁၀၆။ ဆောက်လုပ်ရေး ပါမစ်လျှောက်သည့်အခါ လူများပုံမှန်ပြုလုပ်လေ့ရှိကြသည့် ကိစ္စရပ်များ စာရင်းကို ဖတ်ရှုပါ။ ယင်းစာရွက်စာတမ်းများကို လျှောက်ထားသည့်အခါ သို့ သက်တမ်းတိုးသည့်အခါ သင့်လုပ်ငန်းအနေဖြင့် အရေအတွက်မည်မျှကို ပြုလုပ်ခဲ့ဖူးသည်ကို ဖြေဆိုပေးပါ။ မည်သည့်ကိစ္စရပ်များ ပြုလုပ်ခဲ့သည်ကို မဖြေကြားပါနှင့်။ သင်ပြုလုပ်ခဲ့ဖူးသည့် လုပ်ငန်းကိစ္စ အရေအတွက် စုစုပေါင်းကိုသာ ကျွန်ုပ်တို့ သိလိုပါသည်။

(ပုံစံ A)	(ပုံစံ B)
• လျှောက်လွှာကြေးပေးသည်။ • တရားဝင် စာရွက်စာတမ်းများ အသိအမှတ်ပြုခံရအောင် ပြုလုပ်သည်။ • လုပ်ငန်းခွင် စစ်ဆေးကြေး ပေးသည်။ • လျှောက်လွှာကိစ္စမြန်အောင် တရားမဝင် ပေးဆောင်မှုပြုသည်။	• လျှောက်လွှာကြေးပေးသည်။ • တရားဝင် စာရွက်စာတမ်းများ အသိအမှတ်ပြုခံရအောင် ပြုလုပ်သည်။ • လုပ်ငန်းခွင် စစ်ဆေးကြေး ပေးသည်။ • နိုင်ငံခြား ကုမ္ပဏီမှ ရေးဆွဲပေးသော ဆောက်လုပ်ရေး စီမံကိန်း 3D မော်ဒယ်အတွက် ပိုက်ဆံပေးသည်။
☐ 0 ဆောင်ရွက်မှုများ ☐ 1 ဆောင်ရွက်မှုများ ☐ 2 ဆောင်ရွက်မှုများ ☐ 3 ဆောင်ရွက်မှုများ ☐ 4 ဆောင်ရွက်မှုများ	☐ 0 ဆောင်ရွက်မှုများ ☐ 1 ဆောင်ရွက်မှုများ ☐ 2 ဆောင်ရွက်မှုများ ☐ 3 ဆောင်ရွက်မှုများ ☐ 4 ဆောင်ရွက်မှုများ
☐ *888-[မဖြေဆိုပါ]* ☐ *999-[မသိ]*	☐ *888-[မဖြေဆိုပါ]* ☐ *999-[မသိ]*

ပုံ ၂.၁၀။
လုပ်ငန်းလိုင်စင်များအတွက် လာဘ်ပေးခဲ့ရသော လုပ်ငန်းအရေအတွက်



လုပ်ငန်းလိုင်စင် ကိစ္စရပ်များ ဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းများ ပြုလုပ်ကြရသည့် ကိစ္စရပ်များကို စာရင်းပြုပြီး မည်ရွေ့မည်မျှ ကို မေးမြန်းသည့် ပုံစံနှစ်ခု၏ တစ်ဝက်ကိန်း ရမှတ်များကြား ခြားနားချက်ကို လာဘ်ပေးရသည့် အကြိမ်ရေအဖြစ် တွက်ချက်ထားပါသည်။

အထက်ပါ လုပ်ငန်းလိုင်စင်များအတွက် စမ်းသပ်စာရင်းကို အသုံးပြုခြင်းအားဖြင့် အသေးစားအဂတိလိုက်စားမှုများသည် သုညမှတ်နီးပါးရှိသည်ဟူသော ပုံ ၂.၁၀ ပါ ကျွန်ုပ်တို့၏ တွေ့ရှိချက်များကို အတည်ပြုနိုင်ပါသည်။ ၂၀၁၈ ခုနှစ် နှိုင်းယှဉ်နမူနာအုပ်စုမှ ဖြေကြားသူများ (အထက်)၊ ၂၀၂၀ ခုနှစ် မူလဖြေကြားသူများ (အလယ်) နှင့် ၂၀၂၀ ဖြေကြားသူ အသစ်များ (အောက်ခြေ) ဟူသော လုပ်ငန်းအုပ်စု သုံးစုလုံး အတွက် မှတ်ပုံတင်ပြုလုပ်စဉ်အတွင်း ကိန်းဂဏန်းအရ ခြားနားသည့် လုပ်ဆောင်မှုဟူ၍ မရှိသည်ကို ကျွန်ုပ်တို့ လေ့လာတွေ့ရှိရပါသည်။ သာဓကအားဖြင့် ၂၀၂၀ ခုနှစ် နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၊ ပုံစံ A လက်ခံရရှိသော လုပ်ငန်းများ၏ ဖြေကြားချက်အရ လုပ်ငန်းစဉ်ပေါင်း ၁.၃၇၃ ခု ပြုလုပ်ခဲ့ပြီး နှိုင်းရအားဖြင့် ပုံစံ B လက်ခံရရှိသော လုပ်ငန်းများသည် ၁.၄၀၇ ခု ပြုလုပ်ခဲ့ပါသည်။ စိတ်ချ ကွက်လပ်များ ထပ်သည့်နေရာအရ အဆိုပါခြားနားချက် များသည်ကိန်းဂဏန်းအလိုအရတစ်ခုနှင့်တစ်ခု ခြားနားခြင်း မရှိသည်ကိုလည်း ဖော်ပြနေပါသည်။ စင်စစ်အားဖြင့် အကဲမဆတ်သော စာရင်းကို လက်ခံရရှိခဲ့ကြသူများသည် လုပ်ငန်းစဉ်အရေအတွက် စဉ်းငယ်မျှ ပိုမိုပြုလုပ်ခဲ့ကြ ပါသည်။ သို့ဖြစ်ပါ၍ ခန့်မှန်းလာဘ်ပေးလာဘ်ယူမှု အရေအတွက်သည် -၂% နှင့် -၄% စီ အသီးသီးရှိကြပါသည်။ အချုပ်အားဖြင့် ကိန်းဂဏန်းသက်သေအရ လုပ်ငန်းများသည် လုပ်ငန်းအတွက် လိုင်စင်များ ပြုလုပ်ကြရာ၌ အပိုဆောင်း ငွေကြေးမပေးဆောင်ခဲ့ရဟု ဖော်ပြနေပါသည်။

သို့သော်လည်း ဆောက်လုပ်ရေးပါမစ်များရရှိရန် ပြုလုပ်ခဲ့ကြသည့် တရားမဝင်ပေးချေမှုများမှာမူ အလွန်တရာ အကြိမ်ရေစိတ်ပါသည်။ ဆောက်လုပ်ရေးလိုင်စင်ပြုလုပ်စဉ် အတွင်း လာဘ်ပေးလာဘ်ယူမှုများကို ကြည့်ပါက ပုံ ၂.၁၁ အရ ရှေ့တစ်ခုနှင့် လွန်စွာခြားနားကြောင်း တွေ့ရသည်။ ၂၀၁၉ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းပေါင်း ၃၃၂ မှ ဆောက်လုပ်ရေးစီမံကိန်းများ စတင်ခဲ့ကြပြီး ၎င်းတို့အနက် ၁၃၇ ခုမှာ ၎င်းတို့စီမံကိန်းချထားသော အဆောက်အအုံများအတွက် ဆောက်လုပ်ခွင့်ပါမစ်များ လျှောက်ထားခဲ့ကြသည်။ ယင်းတို့အနက် လုပ်ငန်းသုံးခုသာ ပွဲစားဖြင့် ဆောင်ရွက်ခဲ့ကြပြီး ကျန်လုပ်ငန်းများမှာ တိုက်ရိုက် လျှောက်ထားခဲ့ကြခြင်းဖြစ်သည်။ ယင်းလုပ်ငန်းသုံးခုနှင့် မေးခွန်းဖြေကြားပေးရန် ငြင်းဆိုခဲ့သည့် လုပ်ငန်း၁ခုကို ဖယ်ထုတ်လိုက်ပါက ဆောက်လုပ်ရေးကိစ္စရပ်များတွင် တရားမဝင်ပေးဆောင်ရမှုများသည် လုပ်ရိုးလုပ်စဉ် ဖြစ်သည် မဖြစ်သည်ကို ဆုံးဖြတ်ရန်အတွက် ကျွန်ုပ်တို့တွင် လုပ်ငန်းပေါင်း ၁၂၉ ခု ပါဝင်သော နမူနာအရွယ်အစား တစ်ခု ရရှိပါသည်။

ပုံ ၂.၁၁ နှင့် စပ်လျဉ်း၍ သတိပြုရမည့် အချက်သုံးချက် ရှိပါသည်။ ပထမတစ်ခုမှာ တရားမဝင်ပေးဆောင်မှုများနှင့် ပတ်သက်သည့် အကဲဆတ်သော ကိစ္စရပ်တစ်ခု ပါဝင်သော ပုံစံ A တွင် လုပ်ငန်းကိစ္စရပ်များ ပြုလုပ်ဆောင်ရွက်သည့် အလယ်ကိန်းအကြိမ်ရေမှာ မြင့်မားနေခြင်း ဖြစ်သည်။ ဒုတိယအားဖြင့် ပုံစံ A ၏ အလယ်ကိန်းတွက်ချက်မှု (၂.၄၂) သည် ပုံစံ B ၏ အလယ်ကိန်း (၁.၇၂) ထက် များပြားနေပြီး တရားမဝင်ပေးချေမှုများ ပြုလုပ်သည့် လုပ်ငန်းအရေအတွက်မှာ ၇၀% ဖြစ်သည်ကို ဖော်ပြလျက် ရှိသည်။ တတိယအားဖြင့် ပုံ ၂.၁၀ ပါ ရလဒ်များနှင့်မတူဘဲ ပုံစံ A နှင့် ပုံစံ B ရလဒ်များ၏ စိတ်ချယုံကြည်မှုကိန်းများသည် ထပ်ခြင်းပြုခြင်းမရှိသည်ကို တွေ့ရသည့်အတွက် လုပ်ငန်းဆောင်ရွက်မှုများ၏ အလယ်ကိန်းနံပါတ်ကြား ခြားနားချက်မှာ ကိန်းဂဏန်းအလိုရ ထင်ရှားနေသည်။

တစ်နည်းဆိုရသော်ဆောက်လုပ်ရေးပါမစ်လျှောက်ထားသည့် လုပ်ငန်း ၁၀ ခုတွင် ခုနစ်ခုမှာ ပါမစ်ရရန်အတွက် တရားမဝင်ပေးချေမှုများ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ဗီယက်နမ် PCI ပါ အလားတူ မေးခွန်းတစ်ခုတွင် စစ်တမ်းကောက်ယူခဲ့သည့် လုပ်ငန်းပေါင်း ၁,၇၀၀ အနက် ၁၀ ခုလျှင် သုံးခုသည် တရားမဝင်ပေးချေမှုများ ပြုလုပ်ခဲ့ကြကြောင်းကို စိစစ်လေ့လာမှုအရ တွေ့ရှိရသည်။

ပုံ ၂.၁၁။
ဆောက်လုပ်ရေး ပါမစ်များအတွက် လာဘ်ပေးခဲ့ကြသည့် လုပ်ငန်းအရေအတွက်



Chart legend

- ၉၅% CI ပုံစံ A
- ၉၅% CI ပုံစံ B
- ၉၅ % CI လာဘ်ပေးမှု အကြိမ်ရေ
- သမတ်ကိန်း
- သမတ်ကိန်း

ဆောက်လုပ်ရေး ပါမစ်ရရှိရေး ရုံးကိစ္စရပ်များ ဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းများ ပြုလုပ်ကြရသည့် ကိစ္စရပ်များကို စာရင်းပြုပြီး မည်ရွေ့မည်မျှကို မေးမြန်းသည့် ပုံစံနှစ်ခု၏ တစ်ဝက်ကိန်း ရမှတ်များကြား ခြားနားချက်ကို လာဘ်ပေးရသည့် အကြိမ်ရေအဖြစ် တွက်ချက်ထားပါသည်။

ကောက်နုတ်ချက် ၂.၃။

ဆောက်လုပ်ရေးလုပ်ငန်း လာဘ်ပေးလာဘ်ယူမှုများ၏ အရွယ်အစားကို တိုင်းတာသည့် စမ်းသပ်စာရင်း

D၅။ မေးခွန်း ၆.၁ ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရာ၌ သင့်လုပ်ငန်းအတွက် စုစုပေါင်း ကုန်ကျစရိတ်ကို ပြောပြပါ။ ကျွန်ုပ်တို့အနေဖြင့် စုစုပေါင်း ကုန်ကျစရိတ်ကိုသာ သိလိုပြီး တစ်ခုချင်းစီအတွက် စရိတ်ကို သိရန် မလိုသည်ကို သတိပြုပါ။

(ပုံစံ A)	(ပုံစံ B)
• လျှောက်လွှာကြေးပေးသည်။ • တရားဝင် စာရွက်စာတမ်းများ အသိအမှတ်ပြုခံရအောင် ပြုလုပ်သည်။ • လုပ်ငန်းခွင် စစ်ဆေးကြေး ပေးသည်။ • လျှောက်လွှာကိစ္စမြန်အောင် တရားမဝင် ပေးဆောင်မှုပြုသည်။ ☐ Kyat	• လျှောက်လွှာကြေးပေးသည်။ • တရားဝင် စာရွက်စာတမ်းများ အသိအမှတ်ပြုခံရအောင် ပြုလုပ်သည်။ • လုပ်ငန်းခွင် စစ်ဆေးကြေး ပေးသည်။ • ဒစ်ဂျစ်တယ်နည်းပညာဖြင့်ပုံစံထုတ်သော ကုမ္ပဏီကို ဆောက်လုပ်ရေး စီမံကိန်း ပုံစံတူအတွက် ငွေပေးချေသည်။ ☐ Kyat
☐ *888-[မဖြေဆိုပါ]* ☐ *999-[မသိ]*	☐ *888-[မဖြေဆိုပါ]* ☐ *999-[မသိ]*

၂၀၂၀ ခုနှစ်တွင် စိစစ်လေ့လာမှုကို နောက်တစ်လှမ်းတိုး၍ စာရင်းပါ ကိစ္စရပ်တစ်ခုချင်းစီကို ဆောင်ရွက်ရာ၌ မည်မျှ ပေးဆောင်ရသည်ကို လုပ်ငန်းများအား မေးမြန်းကြည့်သည်။ အထက်ပါ ဆောက်လုပ်ရေးမေးခွန်းနှင့် ဆိုင်သည့် ထပ်တူညီသော မေးခွန်းများကို အသုံးပြုပြီး လုပ်ငန်းများ အနေဖြင့် ကိစ္စရပ်တစ်ခုချင်းစီတွင် ကျပ်ငွေမည်မျှ ပေးဆောင်ခဲ့ရသည်ကို ကျွန်ုပ်တို့ မေးမြန်းခဲ့ပါသည်။

ကွာဟချက်ကြီးမားသော လုပ်ငန်းပေါင်းစုံနှင့် ဆောက်လုပ်ရေး စီမံကိန်းအရွယ်အစားတို့နှင့် ဆက်စပ်နေသည့် ကုန်ကျစရိတ်များကို သက်သက်စီ ထုတ်ယူတွက်ချက်ရန် ကျွန်ုပ်တို့အနေဖြင့် natural log ကို အသုံးပြုပြီး နံပါတ်အဖြစ် ပြောင်းလဲယူခဲ့ပါသည်။ ကုန်ကျစရိတ် မေးခွန်းကို ဖြေကြားပေးခဲ့သည့် လုပ်ငန်း ၅၉ ခု စာအတွက် ဆောက်လုပ်ရေး ပါမစ်ရရေး အတွက် ရုံးလုပ်ငန်း ကုန်ကျစရိတ် စုစုပေါင်းကို ပုံ ၂.၁၂ ဖော်ပြထားပါသည်။[၂၀] ပုံစံ B ဖြေဆိုပေးခဲ့ကြသည့် လုပ်ငန်းများအတွက် အလယ်ကိန်း natural log သည် ၁၂.၉၁ ဖြစ်ပြီး ၎င်းကို နှစ်ထပ်ကိန်းပြုလိုက်သောအခါ ဆောက်လုပ်ရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များအားလုံးအတွက် ၄၀၄,၃၃၅ကျပ် (US$ ၂၈၉) ရရှိလာသည်။ ပုံစံ A အတွက် ဖြေကြားပေးခဲ့ကြသော လုပ်ငန်းများအတွက် အလယ်ကိန်းသည် ၁၅.၁၆ ဖြစ်ပြီး ယင်းသည်ဆောက်လုပ်ရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များအားလုံး စာ ၃,၈၃၆,၂၂၇ ကျပ် (US$ ၂,၇၄၂) နှင့် ညီမျှသည်။ စိတ်ချကွက်လပ်များသည် ထပ်ခြင်းပြုခြင်း မရှိသည့်အတွက် ပုံတွင်အဆိုပါအလယ်ကိန်းများသည် တစ်ခုနှင့်တစ်ခုများစွာခြားနားလွန်းလှသည်။

ပုံစံ A ရလဒ်များမှ ပုံစံ B ရလဒ်များကို နုတ်လိုက်သောအခါ လုပ်ငန်းတစ်ခုလျှင် ဆောက်လုပ်ရေး ပါမစ်တစ်ခု ရရှိရေး အတွက် ပျမ်းမျှ လာဘ်ငွေ အရွယ်အစားသည် မြန်မာ ကျပ်ငွေပေါင်း ၃.၄ သန်း (US$ ၂,၄၃၀) ရှိသည်ဟု ထွက်ပေါ်လာသည်။ ဤကိန်းဂဏန်းသည် ဗီယက်နမ် PCI စစ်တမ်းပါ ဆောက်လုပ်ရေး ပါမစ်ပျမ်းမျှလာဘ်ငွေ၏ နှစ်ဆသာသာရှိသည်။

ပုံ ၂.၁၂။
ဆောက်လုပ်ရေးပါမစ်များအတွက် လာဘ်ပေးခဲ့ရသည့် ကုန်ကျမှု



Chart legend

- ၉၅% CI ပုံစံ A
- ၉၅% CI ပုံစံ B
- ၉၅ % CI လာဘ်ပေးမှု အကြိမ်ရေ
- သမတ်ကိန်း
- သမတ်ကိန်း

ဆောက်လုပ်ရေး ပါမစ်ရရှိရေး ရုံးကိစ္စရပ်များ ဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းများ ပြုလုပ်ကြရသည့် ကိစ္စရပ်များကို စာရင်းပြုပြီး ပမာဏကို မေးမြန်းသည့် ပုံစံနှစ်ခု၏ တစ်ဝက်ကိန်း ရမှတ်များကြားခြားနားချက်ကို လာဘ်ပေးရသည့် ပမာဏအဖြစ် တွက်ချက်ထားပါသည်။

၂.၆။ ကောက်ချက်ချမှုများနှင့် မူဝါဒဆိုင်ရာ ပတ်သက်ဆက်စပ်မှုများ

MBEI သည် နိုင်ငံအတွင်းရှိ ပုဂ္ဂလိက စွန့်ဦးလုပ်ငန်းရှင်များနှင့် မန်နေဂျာများ၏ စုပေါင်းအသံကို တင်ပြရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်သည်ဟု ရှေ့တွင် ကျွန်ုပ်တို့ပြောကြားခဲ့ပါသည်။ ဤသို့ဆိုလျှင် စီးပွားရေးလုပ်ငန်းများသည် မည်သည်တို့ကို ပြောကြားလျက်ရှိနေပါသနည်း?

- **ရန်ကုန်၊ စစ်ကိုင်း၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့သည် တစ်နိုင်ငံလုံးတွင် စီးပွားရေးအုပ်ချုပ်မှု အဆင့်အမြင့်ဆုံး၌ ရပ်တည်လျက်ရှိသည်။ အဆိုပါဒေသများသည် မတူညီသည့်စုံလင်သော ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ ရှိကျပါသည်။** ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးများမှာမူ အခြေခံအဆောက်အအုံ၊ လုပ်သားခန့်ထားနိုင်မှုနှင့် ပွင့်လင်းမြင်သာမှုပိုင်းတွင် အားကောင်းနေသည့်အတွက် မြို့ပြဆန်ခြင်းနှင့် ၎င်းတို့တွင်ရှိသော ဒေသများ၌ လူသားအရင်းအနှီး ပိုမိုကောင်းမွန်ခြင်းတို့ကို ထင်ဟပ်လျက်ရှိနေပါသည်။ လူဦးရေသိပ်သည်းဆ နည်းပါးသော စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စီးပွားရေးလုပ်ငန်းကနဦးကုန်ကျစရိတ်နှင့် မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုပိုင်း နှစ်ရပ်လုံးအတွက် ရုံးလုပ်ငန်းစည်းကြပ်မှုပိုင်း ကုန်ကျစရိတ်များ လျှော့ချရာ၌ အားကောင်းသည့် အပြင် တရားဥပဒေစိုးမိုးမှုလုပ်ငန်းစဉ်တို့အပေါ် အများပြည်သူ၏ ယုံကြည်မှု တစ်စထက်တစ်စ ခိုင်မာစေရန် ပြုလုပ်ရာ၌ လွန်စွာခရီးရောက်သည်ကို တွေ့ရှိရပါသည်။ အဆက်အစပ်ရှိသော၊ နိုင်ငံပိုင်ဖြစ်သော လုပ်ငန်းများသို့ မျက်နှာလိုက်ခြင်းကို လျှော့ချခြင်းအားဖြင့် မကွေးတိုင်း

ဒေသကြီးသည် ဒုတိယအလွှာသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

- **မတူညီသော အညွှန်းကိန်းခွဲများပေါ်မှ ပြည်နယ်/တိုင်းဒေသကြီးများ၏ စွမ်းဆောင်ရည် ကွာဟမှုသည် မည်သည့်နေရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ ဆန်းသစ်လုပ်ကိုင်မှုများ ပြုလုပ်နိုင်ပြီး၊ မည်သည့်နေရာများတွင်ဗဟိုမှ ချမှတ်သောမူဝါဒများနှင့် ပတ်သက်၍ စိန်ခေါ်မှုများ ရှိနေသည်ကို ရည်ညွှန်းလျက်ရှိသည်။** အချို့သော အညွှန်းကိန်းခွဲများအရ အမြင့်ဆုံးနှင့် အနိမ့်ဆုံး ပြည်နယ်/တိုင်းဒေသကြီးများကြားရှိ သိသာထင်ရှားသော ကွာခြားချက်များကို ဖော်ပြနိုင်သော်လည်း အခြားသော အညွှန်းကိန်းခွဲ အမှတ်များမှာမူ ဒေသန္တရအဆင့်များ၌ များစွာ ကွာဟမှု မရှိပေ။ လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉) နှင့် အခြေခံအဆောက်အအုံ (အညွှန်းကိန်းခွဲ ၅) တို့တွင် အနည်းဆုံးနှင့် အများဆုံး ရမှတ်များကြား အကွာအဝေးများမှာ အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရသည်။ တရားမဝင်ပေးချေရမှုများ (အညွှန်းကိန်းခွဲ ၄)၊ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆) နှင့် မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု (အညွှန်းကိန်းခွဲ ၂) တို့တွင်မူ အနည်းဆုံးနှင့် အများဆုံး ရမှတ်များကြား ကွာဟချက်နည်းပါးပြီး အကွာအဝေးများလည်း သေးငယ်သည်ကို တွေ့ရသည်။ ကွာဟချက်မြင့်မားရခြင်းမှာ မြို့နယ်အစိုးရများအနေဖြင့် ဗဟိုမှ ချမှတ်သည့် မူဝါဒများကို အဓိပ္ပါယ်ကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင်သာမက လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၌ပါ ကြီးမားသော ခြားနားမှုများ ရှိနေသည့် သဘောဖြစ်သည်။ ကွာဟချက်နည်းပါး ရခြင်းမှာမူ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာရပ်များသည် ပြည်နယ်/တိုင်းဒေသကြီးများ ကြား၌ မနီးပိုးစွဲဖြစ်နေ သည့် သဘောဖြစ်ပြီး၊ မြန်မာ့စီးပွားရေး အဆောက်အအုံ ဖွဲ့စည်းမှုပိုင်း ပြဿနာများရှိနေခြင်းကို သော်လည်းကောင်း၊ ဗဟိုမှ ချမှတ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြဿနာများရှိနေခြင်းကို သော်လည်းကောင်း ညွှန်ပြနေခြင်းဖြစ်သည်။

- **မြေယာအသုံးပြုခွင့်မှ (အညွှန်းကိန်းခွဲ ၂)၊ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆)၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း (အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉) တို့တွင်ရှိ ခြားနားချက်များသည် ပြန်လည်ဖြေကြားပေးခဲ့ကြပါသော စီးပွားရေး လုပ်ငန်းများကြားရှိ အလုပ်အကိုင်တိုးပွားမှုနှင့် သိသာထင်ရှားစွာ အပေါင်းလက္ခဏာဆောင်သော ဆက်စပ်မှု ရှိပါသည်။** သို့ဖြစ်ပါ၍ ၎င်းတို့အား အဆုံးသတ် ၂၀၂၀ ခုနှစ် MBEI တွင် အမြင့်ဆုံးသော အလေးတင်ကိန်းများ သတ်မှတ်ပေးထားပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ ဦးစားပေးရွေးချယ်ရန် ကြိုးပမ်းလျက်ရှိကြသည့် ဒေသန္တရ ခေါင်းဆောင်များအတွက် အဆိုပါအညွှန်းကိန်းခွဲများသည် စီးပွားရေးလုပ်ငန်းများ၏ တိုးတက်ကြီးပွားမှု၊ အလုပ်အကိုင်တိုးပွားမှုတို့မှတစ်ဆင့် ဒေသန္တရစီးပွားဖူလုံမှုကို နှိုးဆော်ပေးရန် အမြင့်မားဆုံး သက်ရောက်မှု ဖြစ်ပေါ်စေနိုင်ပါမည်။

- **ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်းထက်စာလျင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များ ကြားတွင်ရှိသော စီးပွားရေးအုပ်ချုပ်မှု ကွာခြားချက်များမှာ ပို၍ သိသာပြီး ဤအချက်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ် အာဏာပိုင်များ၏ အရေးကြီးပုံကို ညွှန်းဆိုလျက်ရှိပါသည်။** ထိပ်ဆုံးနှင့် အောက်ဆုံး ပြည်နယ်/တိုင်းဒေသကြီးကြား ပိုင်းခြားထားသည်မှာ ကိုးမှတ်ပင် မပြည့်တဲ့ မတူညီသော ပြည်နယ်/တိုင်းဒေသကြီးများသည် မတူညီသော အုပ်ချုပ်ရေး မျက်နှာစာအသီးသီးတွင် ထူးချွန်မှု ရှိကြပါသည်။ မည်သည့် ပြည်နယ်/တိုင်းဒေသကြီးမှ ညွှန်းကိန်းအကုန်လုံး၏ နံပါတ်တစ်နေရာတွင် ရပ်တည်နေခြင်းလည်း မရှိပါ။ သို့ဖြစ်ပါ၍ ပြည်နယ်/တိုင်းဒေသကြီးများကြား ကွာခြားချက်များသည် လုပ်ငန်းအဆင့် အုပ်ချုပ်ရေး အတွေ့အကြုံများ ဆိုင်ရာ ကွာဟချက်တွင် ၂၈%သာ ရှိပါသည်။ နှိုင်းယှဉ်ကြည့်ပါက တစ်ဖက်တွင် ထိပ်ဆုံးနှင့် အောက်ဆုံးအဆင့် မြို့နယ်များကြား ၁၅ မှတ် ကွာဟမှု ရှိနေပြီး ပြည်နယ်/တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များကြား ကွာခြားချက်များမှာမူ လုပ်ငန်းအဆင့် အုပ်ချုပ်ရေး အတွေ့အကြုံ များဆိုင်ရာ ကွာဟချက်တွင် ၄၀% ရှိပါသည်။ ဤသို့ ဖြစ်ရခြင်း အကြောင်းမှာ မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းအများစု (တစ်ဆက်တည်း ဆိုရပါမူ MBEI ပြန်လည်ဖြေကြားပေးသူများ) သည် SME များ ဖြစ်ကြပြီး ၎င်းတို့၏ယေဘုယျ ထိတွေ့ဆက်ဆံမှုမှာ မြို့နယ်အဆင့် ဗြူရိုကရက်များနှင့်အသာ အဓိက ပြုလုပ်ရသောကြောင့် ဖြစ်သည်။ အဆိုပါအစိုးရဌာနများသည်လည်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် တစ်စိတ်တစ်ဒေသအနေဖြင့် ပါဝင်မှသာလျှင် စီးပွားရေး အုပ်ချုပ်မှု မြှင့်တင်ရေး အောင်မြင်နိုင်စရာ ရှိပါသည်။

- **အုပ်ချုပ်ရေး ပိုမိုကောင်းမွန်သော မြို့နယ်များရှိ စီးပွားရေး လုပ်ငန်းများသည် စတင်ထူထောင်သည့် အချိန်မှစ၍ အလုပ်သမားသစ်များကို ပျမ်းမျှအားဖြင့် အုပ်ချုပ်ရေးပိုမို နိမ့်ကျသည့် လုပ်ငန်းများထက် ပိုမို၍ ၄ဘေးရမ်းနိုင်ကြပြီး အုပ်ချုပ်ရေး ပိုမိုကောင်းမွန်သော မြို့နယ်များတွင် ညမီးရောင် ဒေတာ တိုင်းတာချက်အရ စီးပွားဖူလုံမှုအဆင့် ပိုမိုမြင့်မားကြသည်။** ဤဆက်စပ်မှုများသည်နောက်ကွယ်ရှိအားသာချက်များ၊ အရပ်ဒေသနှင့် သက်ဆိုင်ရာ ဒေသများ၏ ကြွယ်ဝမှုတို့ကို ထည့်သွင်းတွက်ချက်ပြီးသည့်တိုင် မှန်ကန်လျက်ရှိသည်။ စီးပွားရေး အုပ်ချုပ်မှုသည် ဖူလုံရေးပိုင်းမှ တိုးတက်ကောင်းမွန်လာမှုများနှင့် မည်သို့ ချိတ်ဆက်လျက်ရှိသည်ကို

ဤတွေ့ရှိချက်မှ ဖော်ပြလျက်ရှိပါသည်။

- **၂၀၁၈ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ၏ စီးပွားရေး အုပ်ချုပ်မှုမှာ ပိုမိုတိုးတက်လာခဲ့သည်။** ပင်မ MBEI အညွှန်းကိန်းသည် ၅.၄ နီးပါးမျှ တိုးတက်လာခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ၅၅.၁ ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၆၀.၆ ဖြစ်လာသည့်အတွက် ဤကာလအတွင်း ၁၀% တိုးတက်မှုရှိလာခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအနေဖြင့်လည်း ဤစစ်တမ်းတစ်ခုနှင့်တစ်ခု ကြားပင်မ MBEI ပေါ်တွင် အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုတစ်ရပ်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

- **ဤကာလအတွင်း တိုးတက်မှုများမှာ တညီတညာတည်း မဟုတ်ဘဲ အညွှန်းကိန်းခွဲ အနည်းငယ်စီတွင် ချွန်ထွက်နေခြင်း ဖြစ်သည်။ MBEI တိုင်းတာချက်အရ အုပ်ချုပ်ရေးသည် နယ်ပယ်ငါးခုတွင် တိုးတက်မှုရှိသည်ကို တွေ့ရပါသည်။** ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များအပါအဝင် မြန်မာနိုင်ငံရှိ ဒေသန္တရအစိုးရများသည် မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်း စည်းကမ်းများ၏ ဝန်ကို လျှော့ချနိုင်ခြင်း (အညွှန်းကိန်းခွဲ ၃)၊ အခြေခံ အဆောက်အအုံကို မြှင့်တင်ပေးခြင်း (အညွှန်းကိန်းခွဲ ၅)၊ ပွင့်လင်းမြင်သာမှုကို အားကောင်းစေခြင်း (အညွှန်းကိန်းခွဲ ၆)၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိစေရန် တင်းကြပ်ခြင်း(အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခေါ်ယူ စုဆောင်းမှုပိုင်းတွင် အဆင်ပြေချောမွေ့အောင် ပြုလုပ်ပေးခြင်း (အညွှန်းကိန်းခွဲ ၉) တို့တွင် အပေါင်းလက္ခဏာ ဆောင်သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်နိုင်ခဲ့သည်ကို မှတ်တမ်းတင် တွေ့ရှိရပါသည်။

- **အုပ်ချုပ်ရေး နယ်ပယ်သုံးခုမှ သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုမျိုးကို ဤကာလအတွင်း မတွေ့ရှိရပါ။** ၎င်းတို့မှာ မှတ်ပုံတင်ရလွယ်ကူမှု (အညွှန်းကိန်းခွဲ ၁)၊ မြေယာပိုမိုကောင်းမွန်စွာ အသုံးချနိုင်မှု (အညွှန်းကိန်းခွဲ ၂) နှင့် တရားမဝင် ငွေပေးချေရမှုများကို လျော့ပါးစေခြင်း (အညွှန်းကိန်းခွဲ ၄) တို့ ဖြစ်ကြပါသည်။

- **အုပ်ချုပ်မှုအရည်အသွေးသည် တရားဥပဒေစိုးမိုးရေး (အညွှန်းကိန်းခွဲ ၁၀) ဟူသည့် အညွှန်းကိန်းခွဲတခု တွင်သာ ကျဆင်းလာပါသည်။**

- **ကနဦးကုန်ကျစရိတ်များမှာ သင့်တင့်မျှတမှုရှိသော်လည်း အခြေအနေ ပိုမိုကောင်းမွန်လာခြင်း မရှိပါ။** စီးပွားရေး လုပ်ငန်းများ၏ အနည်းငယ်သော ပမာဏသာလျှင် လုပ်ငန်းလိုင်စင်လျှောက်ခြင်း၊ မှတ်ပုံတင်ခြင်းတို့ ပြုလုပ်ရာ၌ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ ရုံးလုပ်ငန်းဝန်ပိခြင်းတို့ကို တွေ့ကြုံကြရပါသည်။ သို့သော်လည်း နှိုင်းယှဉ်နမူနာအုပ်စုမှ ဒေတာများအရ ဤအတောအတွင်း စောင့်ဆိုင်းကာလများသည် သိသိသာသာ လျော့ပါးလာခြင်းမရှိကြောင်း တွေ့ရသည်။

- **မြေအမည်ပေါက် ကိစ္စရပ်များမှာမူ များစွာ ပြဿနာမရှိလှပေ။ သို့သော်လည်း စီးပွားရေး လုပ်ငန်းများအနေဖြင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြဿနာများ ကြုံတွေ့ရပါက မြေယာလုံခြုံမှုသည် ပြဿနာတစ်ရပ် အနေဖြင့် ရှိနေဆဲဖြစ်သည်။** ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများကြား မြေအမည်ပေါက် ပိုင်ဆိုင်သည့် နှုန်းမှာ အလွန်မြင့်မားပြီး တိုးမြင့်လျက်လည်း ရှိသည်။ သို့သော်လည်း စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတည်ရာ အဆောက်အအုံ မြေနေရာ လုံခြုံမှုနှင့် ပတ်သက်၍ စိတ်အေးလက်အေး မရှိကြပေ။ မြေအမည်ပေါက် ပိုင်ဆိုင်သည့် လုပ်ငန်းများ၏ ထက်ဝက်သည် အစိုးရသိမ်းဆည်းခံရမည့်ဘေးကို စိုးရိမ်မှုရှိကြပြီး၊ မြေအမည်ပေါက်မရှိသည့် စီးပွားရေး လုပ်ငန်းများ အားလုံးမှာမူ ၄ားရမ်းစာချုပ်များတွင် လုပ်ငန်းကို ဝန်ပိုစေမည့် အခကြေးငွေမျိုးပေးရမည်ကို စိုးရိမ်လျက်ရှိကြသည်။

- **မှတ်ပုံတင်ခြင်း အလွန် စည်းမျဉ်း စည်းကမ်းများ ဆိုင်ရာ ရုံးလုပ်ငန်းများသည် စိတ်ကျေနပ်ဖွယ်ကောင်းပြီး တိုးတက်မှု ရှိလာသည်ဟု စီးပွားရေး လုပ်ငန်းများစွာမှ ထင်မြင်ယူဆကြသည်။** ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)၏ ဝန်ဆောင်မှုများမှာ များစွာတိုးတက်လာခဲ့ပြီး ၎င်းရုံးဝန်ထမ်းများသည်လည်း ဖော်ရွေမှုရှိသည်ဟု စီးပွားရေးလုပ်ငန်းများမှ ပြောကြားကြသည်။ သုတေသန အဖွဲ့မှ လေ့လာသူများကိုယ်တိုင် တွေ့ရှိချက်အရလည်း ရုံးချိန်အတွင်း OSS စားပွဲများတွင် လာရောက်သူ ပိုမို များပြားလာပြီး OSS နှင့် GAD ဝန်ထမ်းများမှာလည်း ဖော်ရွေပြီး အားကိုးရပါသည်။

- **မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ ဆောင်ရွက်ရသည့်အပိုင်းများတွင် တိုးတက်မှုများ ရှိလာသော်လည်း GAD နှင့် DAO တို့ကဲ့သော မြို့နယ်ရုံး များ၏ စွမ်းဆောင်ရည်နှင့်လျင်မြန်ထိရောက်မှုအပိုင်းတွင် ပြောစရာအချို့ ရှိနေသေးသည်။** စီးပွားရေးလုပ်ငန်း များ၏ ပြောကြားချက်အရ ရုံးဖြူရိုကရေစီ လုပ်ငန်း ပိုင်းတွင် အချိန်ပိုမိုပေးလာရသည့်အတွက် ဖြူရိုကရက် အရာရှိများ စာရွက်စာတမ်း ကိုင်တွယ်ရာ၌ လျင်မြန် ထိရောက်မှု လျော့နည်းလာခြင်းကြောင့်ဖြစ်သည်ဟု ဆိုကြသည်။

- **တရားမဝင်ပေးချေရမှုများမှ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေး SME များအတွက် အများထင်ထား သလောက် ပြဿနာမရှိလှသေးကြောင်း တွေ့ရသည်။** ၂၀၁၈ ခုနှစ်နှင့် အလားတူ ၂၀၂၀ ခုနှစ်တွင်လည်း လုပ်ငန်းမှတ်ပုံတင်သည့် ကိစ္စအပါအဝင် ရုံးလုပ်ငန်းစဉ် များအတွင်း တရားမဝင် ငွေပေးချေမှု ပြုလုပ်ခဲ့ရသည်

ဟု တိုက်ရိုက်မေးခွန်းများတွင် ဝန်ခံပြောကြားသည့် လုပ်ငန်းဟူ၍ အနည်းငယ်သာ ရှိပါသည်။ လာဘ်ပေး လာဘ်ယူပြုလုပ်ရသည့်အခါမျိုးဌာ်ပင်လျှင်ငွေပမာဏမှာ အလွန်အမင်းများပြားလှသည်မဟုတ်ဘဲ ဝင်ငွေစုစုပေါင်းနှင့် ယှဉ်လျှင် အလွန်တရာ သေးငယ်သော ပမာဏမျှသာ ရှိသည်ကို တွေ့ရသည်။ အစိုးရ၏ ဝယ်ယူရေး စာချုပ်များ ရရှိရန်အတွက် လာဘ်ပေး လာဘ်ယူ ပြုလုပ်ရန် လိုအပ်သည်ဟူသော အချက်ကို အများသဘောတူ နေခြင်းကို ထောက်သော် အဂတိလိုက်စားမှု အသေးအဖွဲ့များသည် အများအတွက် ဝန်မပိစေဘဲ SME အများစု မသိဘဲ ဖြစ်ပွားနေသည့် အာဏာအလွဲသုံးစားလုပ်မှုများမှာသာ၍ပင် အရေးကြီးသော ကိစ္စရပ်များ ဖြစ်နေပါသည်။

- **မြန်မာနိုင်ငံရှိ စစ်တမ်း ပြန်လည်ဖြေကြားပေးသူများ အတွက် အသေးစား အဂတိလိုက်စားမှုများမှာ အခက်အခဲ မဟုတ်သော်လည်း အကြီးစား အဂတိလိုက်စားမှုများမှာမူ အလွန်တရာမှ စိတ်ပူစရာ ကောင်းလှသည်ဟူသော တွေ့ရှိချက်ကို အဂတိလိုက်စားမှုဆိုင်ရာ အထူးစိစစ်လေ့လာချက်တစ်ခုမှလည်း အတည်ပြုလျှက်ရှိပါသည်။** ဤသည်ကို အဆုံးအဖြတ်ပေးနိုင်ရန် ပြန်လည် ဖြေကြားပေးသူများအား စွပ်စွဲပြစ်တင်မှု၊ ဂုဏ်သိက္ခာညှိုးနွမ်းမှုတို့မှ ကာကွယ်ရန် MBEI စစ်တမ်းတွင် ထည့်သွင်းထားသည့် မေးခွန်းဝှက်များကို အသုံးချခဲ့ပါသည်။ ဤနည်းလမ်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအနက် သုညတန်ဖိုးနီးပါးရှိသော ရာခိုင်နှုန်းတစ်ရပ်သည် လုပ်ငန်း လိုင်စင်များရရှိရန် တရားမဝင်ပေးချေမှုများ ပြုလုပ်ခဲ့ရသည်ကို ကျွန်ုပ်တို့အတည်ပြုနိုင်ခဲ့ပါသည်။ ဤပမာဏသည် လုပ်ငန်းအဟောင်းများနှင့် အသစ်များကြား ဤကြားကာလအတွင်းတွင် တသမတ်တည်း ဖြစ်လျက်ရှိပါသည်။ သို့သော်လည်း ဆောက်လုပ်ရေး လိုင်စင်များရရှိရန် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းကို လေ့လာကြည့်သောအခါ ရရှိလာသော အဖြေများမှာ များစွာကွာခြားပါသည်။ ၂၀၁၉ခုနှစ်အတွင်း ဆောက်လုပ်ရေးလိုင်စင်လျှောက်ထားခဲ့ကြသည့်ပြန်လည်ဖြေကြားသူ ၁၂၉ဦးအနက် ၆၈%ကျော်သည် လိုင်စင်ရရှိရန်အတွက် လုပ်ငန်းတစ်ခုလျှင် မြန်မာကျပ်ငွေ ၃.၄သန်း (အမေရိကန်ဒေါ်လာ ၂,၄၃၀) နှုန်းဖြင့် တရားမဝင်ပေးချေရမှု ပြုလုပ်ခဲ့ရပါသည်။ ဆောက်လုပ်ရေးလိုင်စင်ဟူသည်မှာ ရှားပါးလုပ်ငန်းဖြစ်ပြီး အကြီးဆုံးဖြစ်သော၊ ကြွယ်ဝသော လုပ်ငန်းကြီးများသာ ပြုလုပ်ကြသည်ဖြစ်ရာ ဤသည်မှာ အကြီးစားအဂတိလိုက်စားမှုများ ဖြစ်နိုင်စရာ လမ်းကြောင်းကြီးတစ်ခုဖြစ်သည်။

- **အခြေခံအဆောက်အအုံ၏ အရည်အသွေးမှာ များစွာ တိုးတက်လာသော်လည်း အရေးကြီးသော ပြဿနာရပ်တစ်ခု ဖြစ်နေသေးသည်။ အကြီးစား ဆောက်လုပ်ရေး ပြုလုပ်ရသည့် ရုပ်ဝတ္ထုအခြေခံအဆောက်အအုံအတွက် ဤအချက်မှာ အထူးမှန်ကန်သည်။** ခြောက်ဆယ်ရာခိုင်နှုန်းနီးပါးရှိသော စီးပွားရေး လုပ်ငန်းများမှ ကျေးလက်လမ်းများ၏ အရည်အသွေးသည် ကောင်းမွန်သည် သို့မဟုတ် အထူးကောင်းမွန်သည်ဟု ယုံကြည်ယူဆကြသည်။ လုပ်ငန်းများအနေဖြင့် ရေကြီးခြင်း သို့မဟုတ် လမ်းပိတ်ဆို့ခြင်းများအတွက်တစ်နှစ်လျှင်သုံးရက်ခန့်ဆုံးရှုံးနေရဆဲ ဖြစ်သော်လည်း ၂၀၁၈ ခုနှစ်တွင် ၁၄ ရက် ဆုံးရှုံးနေရသည့်အတွက် ကြီးစွာသော တိုးတက်မှုပင် ဖြစ်သည်။ လျှပ်စစ်မီး၊ အင်တာနက်တို့နှင့် ပတ်သက်၍မူ စီးပွားရေး လုပ်ငန်းများမှ ယေဘုယျအားဖြင့် အကောင်းမြင်ကြပါသည်။ လျှပ်စစ်မီး၊ အင်တာနက်နှင့် တယ်လီဖုန်းလိုင်းများ ရယူသုံးစွဲနိုင်မှုမှာ ကောင်းမွန်သည် သို့မဟုတ် အလွန်ကောင်းမွန်သည်ဟု လုပ်ငန်းများအားလုံး၏ လေးပုံသုံးပုံမှ ယုံကြည်ကြပါသည်။ လျှပ်စစ်မီး ပြတ်တောက်မှုကြောင့် လုပ်ငန်းရပ်ဆိုင်းခြင်း၊ ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းတို့မှာမူ သိသာထင်ရှားစွာပင် ကျဆင်းလာခဲ့ပါသည်။ အဆိုပါရလဒ်များအရ အစိုးရဝန်ဆောင်မှုများ မိတ်ဆက်ကျင့်သုံးရန် အစီအစဉ်ရေးဆွဲသည့်အခါ အကြီးစားအခြေခံ အဆောက်အအုံပိုင်းကို မေ့မထားသင့်ပါချေ။

- **ပွင့်လင်းမြင်သာမှု တိုးတက်လာသော်လည်း ပြည်နယ်/တိုင်းဒေသကြီး များအားလုံးတွင် ညီတူမျှတူ နိမ့်ပါးလျက်ရှိနေပါသေးသည်။** ဥပမာ ထိပ်တန်း MBEI တိုင်းဒေသကြီးဖြစ်သည့် မကွေးတိုင်းဒေသကြီးရှိ စီးပွားရေး လုပ်ငန်းများအားလုံး အနက် ၁၈.၅%မျှသာ လေယာဉ်ကွင်းနှင့် အမြန်လမ်း စီမံကိန်းများကဲ့သို့သော အစိုးရ ရင်းနှီးမြှုပ်နှံမှု စီမံချက်များကို သိရှိနိုင်စွမ်းရှိကြသည်။ ကယားပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများအားလုံး၏ ၁% ထက်လျော့နည်းသော ပမာဏကသာ အဆိုပါ စီမံချက်များကို သိရှိနိုင်ကြသည်။ အစိုးရစာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု မရှိသည့် ကိစ္စသည် အကြီးစားဆောက်လုပ်ရေး စီမံကိန်းများ အဆင့်ထိ ကျဆင်းမလာချေ။ အလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော[၂၁] ပြည်နယ်/တိုင်းဒေသကြီးတွင်ရှိ လုပ်ငန်းများ၏ ၆.၉% သည်သာလျင် ပြည်နယ်ဘတ်ဂျက်ကို သိရှိနိုင်သည်။ အမျိုးသားအဆင့် စာရင်းအင်းကိန်းဂဏန်းများမှလည်း အဆိုပါရလဒ်များကို အတည်ပြုပေးပါသည်။ ရှာဖွေရန် လွယ်ကူသည်ဟု ယူဆနိုင်သည့် အစိုးရသတင်းအချက်အလက်များ ဖြစ်ကြသော ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို စီးပွားရေး လုပ်ငန်းများ၏ ၁၈% ကသာ သိရှိကြပါသည်။ ဤအညွှန်းကိန်းခွဲတွင် ညီတူမျှတူ ရမှတ်နိမ့်ပါးသည်ဟု ဆိုသော်ငြားရန်ကုန်တွင် အကြီးအကျယ် တိုးတက်ပြောင်းလဲမှုများ ရှိလာသည်ကို ထောက်ရှုသော်အကောင်းဘက်မှ မြင်နိုင်စရာရှိသည်မှာ ရှာဖွေရန် လွယ်ကူသည့် အွန်လိုင်းဝက်ဘ်ဆိုဒ်များတွင်

သတင်းအချက်အလက်များတင်ပေးထားပြီးယင်းသို့သော သတင်းအချက်အလက်များ ရှိနေသည်ကို စီးပွားရေးလုပ်ငန်းများသိရှိလာအောင် သတင်းအချက်အလက်ဆိုင်ရာ လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်း ကဲ့သို့သော အတော်အတန်လွယ်ကူသည့်အစိုးရဘက်မှဝင်ဆောင်ရွက်ပေးမှုများ ပြုလုပ်ပေးခြင်းဖြင့် ဤ အညွှန်းကိန်းခွဲတွင် လည်း အကြီးအကျယ် တိုးတက်မှုများ ဖြစ်လာနိုင်စရာ ရှိပါသည်။

- **ပတ်သက်မှုရှိသော လုပ်ငန်းများအပေါ် ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ပေးမှုမှာ ကျယ်ပြန့်လာခြင်းမရှိဘဲ စုစုပေါင်း ပျမ်းမျှညွှန်ကိန်းမှာ တိုးတက်လာပါသည်။** ရှမ်းပြည်နယ်နှင့် မကွေးတိုင်းနှစ်ခုသာ ဤအညွှန်းကိန်းခွဲ ၁၀ မှတ်တွင် ၉မှတ်အောက် ရောက်ရှိနေပါသည်။ စီးပွားရေးလုပ်ငန်းများ၏ ထင်မြင်ချက်များအရ ပတ်သက်မှုရှိသော လုပ်ငန်းများအပေါ် ဘက်လိုက်ပေးမှုမှာ ချေးငွေရရှိမှုနှင့် မြေယာအသုံးပြုခွင့်တို့ဖြစ်ပါသည်။ အဆိုပါအညွှန်းကိန်းခွဲ ၂ ခုပင်လျှင် စီးပွားရေးလုပ်ငန်းများ၏ ၇% သာ ဘက်လိုက်ပေးမှုရှိကြောင်း ယုံကြည်ကျပါသည်။

- **သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိခြင်းနှင့်ပတ်သက်၍ ဤကြားကာလအတွင်း တိုးတက်မှု ရှိလာသော်လည်း လုပ်စရာများစွာ ရှိနေပြန်သေးသည်။** သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ထိခိုက်စေလိမ့်မည်ဟု ယုံကြည်သည့် လုပ်ငန်းအရေအတွက်မှာ ၁၀ ရာခိုင်နှုန်းပင် မရှိချေ။ ပျမ်းမျှအလယ်ကိန်းတွက်ချက်မှုနှင့် ရလဒ်တူသော ပြည်နယ်/တိုင်းဒေသကြီးရှိ လုပ်ငန်းအရေအတွက် ထက်ဝက်ကျော်ကမူ နိုင်ငံတော်၏ ထောက်ပံ့ကူညီမှု မရှိဟု ယုံကြည်ကြသည်။ တိုးတက်မှုများရှိလာသည့်တိုင် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးရန်အတွက် ကြီးကြပ်စစ်ဆေးမှုများ ပြုလုပ်ရခြင်း ဖြစ်သည်ဟု ယုံကြည်သည့် လုပ်ငန်းအရေအတွက် ထက်ဝက်ကျော်သော ပြည်နယ်/တိုင်းဒေသကြီး တစ်ခုတစ်လေပင် မရှိပေ။ ထို့အပြင် ရေခြွေတာရေး လုပ်ငန်းစဉ်များကို အစိုးရမှ ထောက်ပံ့ ကူညီပေးနေကို ယုံကြည်ကြသော လုပ်ငန်းအရေအတွက် သုံးပုံတစ်ပုံ ကျော်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီး ဟူ၍လည်း တစ်ခုတစ်လေပင် မရှိပေ။

- **အရည်အသွေးမီ လုပ်သားအင်အားစုရရှိရေးမှာမူ တိုးတက်လာသော်လည်း အလုပ်သမားကောင်းရှာဖွေရန် ခက်ခဲလျက်ရှိနေသေးသည်။** မူလဒေတာများအရ လုပ်သားခေါ်ယူစုဆောင်းမှုနှင့် အရည်အသွေးပိုင်းတွင် တိုးတက်လာသော်လည်း စီးပွားရေး လုပ်ငန်းများမှာမူ စိုးရိမ်ပူပင်လျက် ရှိကြသေးသည်။ စီးပွားရေး လုပ်ငန်းများမှ လိုအပ်သည့် မည်သည့်ရာထူးအတွက်ပင်ဖြစ်စေ ကာမူ လုပ်သားခေါ်ယူစုဆောင်းမှုမှာ အခက်အခဲ ရှိနေဆဲပင်ဖြစ်သည်။ အမျိုးသားအဆင့် နမူနာတွင် ပြန်လည်ဖြေကြားသူများ၏ ၄၀.၃% ရာခိုင်နှုန်းကသာ မန်နေဂျာများ ခေါ်ယူရန် လွယ်ကူသည်ဟုဆိုပြီး၊ ၄၈.၃% ကသာ စာရင်းကိုင်များ ခေါ်ယူရန် လွယ်ကူသည်ဟု ဖြေကြားပေးခဲ့ကြသည်။ ကော်လံပြာ ရာထူးများအတွက်လည်း အခြေအနေမှာ မနီးယိုးစွဲ နိမ့်ပါးလျက်ရှိနေပြန်သည်။ ပြန်လည်ဖြေကြားသူများ အနက် ၄၅.၆% ကသာ အခြေခံအလုပ်သမားများ ခေါ်ယူသည့်ကိစ္စမှာ လွယ်ကူသည်ဟု ဆိုကြသည်။ ပိုဆိုးသည်မှာ ပြန်လည်ဖြေကြားသူများအနက် ၂၆.၅% ကသာ နည်းပညာရှင်များ ခေါ်ယူရန်လွယ်ကူသည်ဟု ယူဆကြသည်။ အလုပ်သမား ခေါ်ယူရာ၌ အခက်အခဲရှိသည့်အတွက် လုပ်ငန်းများ အနေဖြင့် ကိုယ့်အလုပ်သမားကိုယ် လေ့ကျင့်သင်ကြားပေးရသည့် တာဝန်ပိုပိလာသည်။ ပျမ်းမျှအားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် အလုပ်သမားများကို အလုပ်လုပ်နိုင်သည်အထိ လုံလောက်စွာ ပြင်ဆင်လေ့ကျင့်ပေးရန်မှာ ၅၁ရက်ကြာမြင့်သည်။ အလုပ်သမားရှာဖွေခြင်းနှင့် လေ့ကျင့်ပေးခြင်းတို့တွင် အခက်အခဲကြုံရခြင်းအတွက် အကြောင်းရင်းများစွာ ရှိနိုင်သော်လည်း တစ်ခုသော အကြောင်းရင်းမှာမူ ပညာရေးအဆင့်အတန်း နိမ့်ပါးခြင်းကြောင့် ဖြစ်နိုင်စရာရှိသည်။ ဥပမာ အုပ်ချုပ်ရေးဆိုင်ရာ ဒေတာများအရ အထက်တန်းတက်ရောက်သည့် နှုန်းထားမှာ ၄၄% သာ ရှိသည်ဟု သိရသည် (CSO, UNDP, and WB (၂၀၁၈))။

- **အာဏာကြီးသော အစိုးရအရာရှိကြီးများသည် ဥပဒေအထက်ရှိနေသည်ဟု စီးပွားရေး လုပ်ငန်းများက ယုံကြည်ကြသည်။** စီးပွားရေးလုပ်ငန်းအများစုအနေဖြင့် အစိုးရအရာရှိများသည် ဥပဒေအထက်တွင် ရှိနေကြသည်ဟု ထင်မြင်ယူဆကြဟန်တူပြီး ယင်းအခြေအနေသည် ဤကာလအတွင်း ပိုမိုဆိုးဝါးလာခဲ့သည်။ ပြဿနာဖြေရှင်းမှုပြုရာတွင် အထက်အစိုးရရုံးသို့ အယူခံတက်နိုင်သည့်ဟု ယုံကြည်သည့် လုပ်ငန်းအရေအတွက်မှာ မည်သည့်ပြည်နယ်/တိုင်းဒေသကြီးတွင်မဆို ထက်ဝင်ပင်မရှိပေ။ ခေါင်းဆောင်ဖြစ်သူသည် အပြစ်ကျူးလွန်သော လက်အောက်ဝန်ထမ်းကို အရေးယူလိမ့်မည်ဟု ယုံကြည်သည့် စီးပွားရေးလုပ်ငန်းအရေအတွက်မှာ မည်သည့်ပြည်နယ်/တိုင်းဒေသကြီး၌ပင် ဖြစ်စေ ထက်ဝက်အောက် လျော့နည်းသည်။ လုပ်ငန်းများ၏ ၂၆.၅%မျှသာလျှင်ပြဿနာဖြေရှင်းရာ၌ ၎င်းတို့အနေဖြင့် အထက်အစိုးရရုံးသို့ အယူခံတက်နိုင်သည့်ဟု ယုံကြည်ကြပြီး ၂၀.၁%သာလျှင် ခေါင်းဆောင်ဖြစ်သူသည် အပြစ်ကျူးလွန်သော လက်အောက်ဝန်ထမ်းကို အရေးယူလိမ့်မည်ဟု ယုံကြည်ကြသည်။

- **လုံခြုံရေး အခြေအနေမှာမူ အားရလောက်စရာမရှိပေ။** လုပ်ငန်းများ၏ ၂၆.၂% သာလျှင် လုံခြုံရေး အခြေအနေ ကောင်းမွန်သည်ဟု ယုံကြည်ကြသည်။ အမျိုးသားအဆင့်

ရာဇဝတ်မှု ဖြစ်ပွားနှုန်းမှာ မြင့်တက်လျက်ရှိပြီး ၈.၃% သော လုပ်ငန်း၏ အဆိုအရ ယခင်နှစ်အတွင်း ရာဇဝတ်တစ်ခုခု တွေ့ကြုံခံစားခဲ့ရသည်ဟု သိရသည်။ လုံခြုံရေး အခြေအနေ ညံ့ဖျင်းခြင်းသည် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအပေါ် မကောင်းသော သက်ရောက်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ မသေချာမှုပိုမိုကြီးမားလာပါက ရင်းနှီးမြှုပ်နှံမှုကို လျော့ကျစေသည့်အပြင် အသစ်ပေါ်ထွန်းလာမည့် စီးပွားရေးလုပ်ငန်းသစ်များ အတွက်လည်း အကြမ်းဖက် ရာဇဝတ်မှုများကို ထိတ်လန့်ခြင်းကြောင့် အတားအဆီးတစ်ရပ် ဖြစ်လာနိုင်သည်။

၂

MBEI စစ်တမ်းကို မည်သူတို့က ဖြေဆိုပေးခဲ့ကြသနည်း ?

နမူနာ ကောက်ယူထားသော စစ်တမ်း ပြန်လည်ဖြေကြားပေးခဲ့ကြသည့် လုပ်ငန်းပေါင်း ၅,၆၀၅ ခုသည် ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များတွင်ရှိ လုပ်ငန်းဦးရေအမှန်ကို တိကျစွာ ထင်ဟပ်မှုရှိစေရေးအတွက် လွန်စွာ စေ့စပ်တိကျသော နမူနာကောက်ယူသည့် လုပ်ငန်းစဉ် တစ်ရပ်ကို MBEI တွင် အသုံးပြုထားပါသည်။ တိကျမှုရှိမှသာလျှင် စီးပွားရေးပတ်ဝန်းကျင်များကို ဒေသန္တရ အလိုက် တိကျစွာ နှိုင်းယှဉ်နိုင်မည်ဖြစ်ပြီး ကောက်ချက်ပြုလုပ်မှုအရ မည်သည့်လုပ်ငန်းသည် မည်သည့်ဒေသတွင် စစ်တမ်းဖြေဆိုခဲ့သည်ဟူသော ဘက်လိုက်မှုမျိုး မရှိသည်ကို သိရှိနိုင်မည်ဖြစ်သည်။

ဤကြားကာလအတွင်းမှ အပြောင်းအလဲကို တိုင်းတာနိုင်ရန်အတွက် ၂၀၁၈ ခုနှစ်အတွင်း စစ်တမ်းဖြေဆိုပေးခဲ့ကြပါသော လုပ်ငန်း ၁၂၀၀ ကိုလည်း ၂၀၂၀ MBEI တွင် ထပ်မံ ထည့်သွင်းခဲ့ပါသည်။ ယင်းလုပ်ငန်းများမှာ စစ်တမ်းဖြေဆိုထားပြီးသူများ ဖြစ်ကြသည့်အတွက် ၎င်းတို့၏ ဒေသန္တရ စီးပွားရေး ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများကို ပိုမိုတိကျစွာ တိုင်းတာနိုင်စွမ်း ရှိကြပါသည်။ ၎င်းတို့ကို လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့အနေဖြင့်လည်း စစ်တမ်းနှစ်ခုကြား အဆိုပါ လုပ်ငန်းများ မည်သို့ တိုးတက်ကြီးပွားလာသည်ကို သိရှိနိုင်ပါသည်။

ယေဘုယျအားဖြင့်မူ MBEI အတွက် ပြန်လည်ဖြေကြားပေးသည့် ပျမ်းမျှ စီးပွားရေးလုပ်ငန်းတစ်ရပ်သည် အလုပ်သမားအရေအတွက်အရရောရင်းနှီးမြှုပ်နှံထားသည့် ငွေအရင်းအနှီးအရပါ အတန်အသင့် သေးငယ်ပါသည်။ ၎င်းတို့သည် ဝန်ဆောင်မှု သို့မဟုတ် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်ပြီး DAO မှ ရရှိသည့် လုပ်ငန်းလိုင်စင်ဖြင့် လုပ်ငန်းတရားဝင်အောင် ပြုလုပ်ထားပါသည်။ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ရေး ကဏ္ဍပေါင်းစုံရှိ အလတ်စားနှင့် အကြီးစား စီးပွားရေး လုပ်ငန်းများသည် MBEI နမူနာတွင် ပါဝင်ကြသော်လည်း ၎င်းတို့သည် တစ်နိုင်ငံလုံး အတိုင်းအတာနှင့်မူ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှုကြီး တစ်ရပ်လုံး၏ သေးငယ်သော အစိတ်အပိုင်းမျှသာ ရှိပါသည်။

လုပ်ငန်းဆက်လက်ရှင်သန်နိုင်ရန် အစွဲရှိခြင်းအပြင် မူလ နမူနာမူဘောင်နှင့် ခြားနားချက်များကြောင့် နှိုင်းယှဉ် နမူနာအုပ်စုမှ ပြန်လည်ဖြေကြားပေးသူများသည် လုပ်ငန်းသက်ပိုမိုရှည်ကြာခြင်း၊ လုပ်ငန်းပိုမိုကြီးမားခြင်း၊ ပိုရှိ်တရားဝင်မှုရှိခြင်းတို့အပြင် ကုန်ထုတ်လုပ်မှုပိုင်းနှင့် လက်လီလက်ကားရောင်းချမှုများတွင် ပိုမိုရှိ ခရီးရောက်သည့် အနေအထားများကို တွေ့ရှိရတတ်ပါသည်။ နှိုင်းယှဉ် နမူနာအုပ်စုမှ လုပ်ငန်းများ၏ ဤကြားကာလ ဖြတ်သန်းမှုကို ကြည့်ခြင်းဖြင့် စစ်တမ်းနှစ်ခုကြား လုပ်ငန်းပိုမိုအဆင့်မြင့်မားလာသည့် သက်သေ သာဓကများကို တွေ့ရှိရပါသည်။ ပြန်လည်ဖြေကြားပေးခဲ့ကြသူများလည်း ၎င်းတို့စီးပွားရေး ဆောင်ရွက်မှုများကို မှတ်တမ်းထားရှိရာ၌ ပိုမိုကောင်းမွန်လာကြသည့်အပြင် အလုပ်သမား ဦးရေလည်း တိုးပွားလာပြီး၊ အဆင့်နိမ့်သော ဝန်ဆောင်မှုများမှသည် ကုန်ထုတ်လုပ်မှုပိုင်းသို့ ရွှေ့လျားလာကြသည်။ ဤလမ်းကြောင်းပေါ်တွင်မှ ခြွင်းချက်ကို ဆိုရပါမူ စစ်တမ်းနှစ်ကြိမ် ပြုလုပ်သည့် ကြားကာလအတွင်း လုပ်ငန်းအရွယ်အစား သာတူညီမျှမှု နိမ့်ပါးလာခြင်း ဖြစ်သည်။

ဤအခန်းတွင် MBEI အစီရင်ခံစာပါ ကိုယ်စားပြု လုပ်ငန်းများ၏ ဖြန့်ကျက်နေရာချထားမှုကို လေ့လာတင်ပြသွားပါမည်။

၃.၁။ လုပ်ငန်းများ၏ သက်တမ်း

MBEI စစ်တမ်းပါ အလယ်အဆင့်ရှိ နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ စီးပွားရေးလုပ်ကိုင်လာခဲ့သည့် သက်တမ်းမှာ ၁၀ နှစ်ကျော်ရှိပြီး ၎င်းလုပ်ငန်းလိုင်စင်ကို ၂၀၁၉ တွင် သက်တမ်းတိုးခဲ့ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းများသည် အတွေ့အကြုံများရှိကြပြီး လက်ရှိမှတ်ပုံတင်သည့် လုပ်ငန်းကိစ္စအဝဝကိုလည်း ပြည့်စုံစွာ ပြောကြားနိုင်ကြပါသည်။ ပုံ ၃.၁ တွင် လုပ်ငန်းများ၏ သက်တမ်းကို အမျိုးမျိုး ဖော်ပြထားသည့် အကွက်ခြောက်ကွက်ကို ဖော်ပြထားပါသည်။ ပုံဘယ်ဘက်အခြမ်းပါ အကွက်သုံးကွက်တွင် လုပ်ငန်းသစ် ၄,၄၀၅ ခုကို ဖော်ပြထားပါသည်။ ညာဘက်အခြမ်းအကွက်သုံးကွက်မှာမူ နှိုင်းယှဉ်နမူနာအုပ်စု လုပ်ငန်း ၁၂၀၀ အတွက် ယင်းနည်းတူဒေတာများကို ဖော်ပြပေးထားပါသည်။ ပုံ၏တစ်ဖက်စီ၌ လုပ်ငန်းသက်တမ်း အတိုင်းအတာ သုံးရပ်ကို မြင်တွေ့နိုင်ပါသည်။ ၎င်းတို့မှာ (၁) တရားဝင် သို့မဟုတ် တရားမဝင်သေးဘဲ လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့သည့် နှစ်၊ (၂) လုပ်ငန်းလိုင်စင် သို့မဟုတ် လုပ်ငန်းမှတ်ပုံတင် စတင်ရရှိသည့် နှစ်၊ (၃) လုပ်ငန်းလိုင်စင် သို့မဟုတ် လုပ်ငန်းမှတ်ပုံတင်အား နောက်ဆုံးသက်တမ်း

ပုံ ၃.၁။
MBEI နမူနာပါ ဖြေကြားပေးသည့် လုပ်ငန်းများ၏ သက်တမ်း



တိုးခဲ့သည့်နှစ်တို့ ဖြစ်ကြပါသည်။

ပုံတွင် ပထမဦးဆုံး သတိထားမိစရာအချက်မှာ နှိုင်းယှဉ် နမူနာအုပ်စုလုပ်ငန်းများသည် လုပ်ငန်းသစ်များထက် သိသိသာသာ သက်တမ်းရင့်ခြင်းပင် ဖြစ်သည်။ အလယ်အဆင့်ရှိ နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများသည် ၂၀၀၃ ခုနှစ်တွင် စီးပွားစတင်လုပ်ကိုင်ခဲ့ပြီး မူလလုပ်ငန်းများ၏ ၇%သာလျှင် သက်တမ်းငါးနှစ်အောက်တွင် ရှိသည်။ တစ်ဖက်တွင်မူ အသစ်နမူနာကောက်ယူထားသည့် အလယ်အဆင့်ရှိ နှိုင်းယှဉ်နမူနာအုပ်စုမှလုပ်ငန်းများသည် ၂၀၀၇ ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့ပြီး လုပ်ငန်းသစ်များ၏ ၁၅%သည်သက်တမ်းငါးနှစ်အောက်တွင် ရှိသည်။ အလားတူပုံစံကို မှတ်ပုံတင်စာရွက်စာတမ်းများနှင့် လုပ်ငန်းလိုင်စင်များတွင်လည်း တွေ့မြင်နိုင်သည်။ အလယ်အဆင့်ရှိနှိုင်းယှဉ်နမူနာ အုပ်စုမှ လုပ်ငန်းများသည် ၂၀၀၆ ခုနှစ်တွင် ပထမဆုံးတရားဝင် လုပ်ငန်းဖြစ်ခဲ့ပြီး နှိုင်းယှဉ်ကြည့်ပါက လုပ်ငန်းသစ်များတွင် ၂၀၁၁ ခုနှစ် ဖြစ်သည်ကို တွေ့ရသည်။ လုပ်ငန်းသစ်များ၏ တစ်ဆယ့်ခုနှစ်ရာခိုင်နှုန်းမှာ ၂၀၁၅ နောက်ပိုင်းတွင် တရားဝင်ဖြစ်လာသော်လည်း နှိုင်းယှဉ်နမူနာအုပ်စုလုပ်ငန်းများတွင်မူ ၈%သာ ဖြစ်လာသည်ကို တွေ့ရသည်။ နောက်ဆုံးကိန်းဂဏန်းများ (နောက်ဆုံးသက်တမ်းတိုးခြင်း)အရ လုပ်ငန်းလိုင်စင်များအားလုံးသည် နှစ်စဉ်သက်တမ်းတိုးရသည့်အတွက် နမူနာနှစ်ရပ်လုံးတွင် ပျမ်းမျှအလယ်ကိန်းနှစ်သည် ၂၀၁၉ ခုနှစ် ဖြစ်သည်ကို တွေ့ရသည်။

သက်တမ်းခြားနားချက်သည် သုတေသန အဆင်အသွေးသုံးရပ်ကို ထင်ဟပ်သည်။ ဦးစွာပထမ နှိုင်းယှဉ်နမူနာအုပ်စု လုပ်ငန်းများအဖြစ်ထည့်သွင်းတွက်ချက်နိုင်ဖို့ရာ ၂၀၁၇ ခုနှစ်မတိုင်မီ လုပ်ငန်းကို MOLIP မှ အသိအမှတ်ပြုရန် လိုအပ်ပြီး သို့မှသာ အလုပ်သမားစစ်ဆေးရေး ဒေတာစာရင်းတွင် ယင်းလုပ်ငန်း ပါဝင်လာမည်ဖြစ်သည်။ ဤနည်းဖြင့် ၎င်းတို့သည် ၂၀၁၈ MBEI အတွက်အရွေးချယ်ခံခဲ့ကြရသည်။ ထို့ကြောင့် နှိုင်းယှဉ်နမူနာအုပ်စုမှ စီးပွားရေးလုပ်ငန်းများသည် ၂၀၁၇ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ခဲ့ကြသူများ ဖြစ်သည်။ ၎င်းတို့အား မူလနမူနာအတွက် သာမက ၂၀၂၀ နှိုင်းယှဉ် နမူနာအုပ်စုမှ စိစစ်လေ့လာမှုအတွက်ပါ ထပ်မံ၍ ကျပန်းရွေးချယ်ခဲ့ပါသည်။ ဒုတိယအားဖြင့် နှိုင်းယှဉ် နမူနာအုပ်စုမှ ဒေတာများသည် လုပ်ငန်းဆက်လက်ရပ်တည်မှုဆိုင်ရာ ဘက်လိုက်မှု အချို့ကို ထင်ဟပ်လျက်ရှိပါသည်။ နှိုင်းယှဉ် နမူနာအုပ်စုလုပ်ငန်းများသည် ၂၀၁၈ ခုနှစ်မှ ယနေ့အထိ လုပ်ငန်းရပ်ဆိုင်းမှု မရှိမှသာလျှင် စိစစ်လေ့လာမှု အသစ်တွင် ထည့်သွင်းပါသည်။ တတိယအားဖြင့် CSO ဒေတာများသည် နောက်ဆုံးသော လုပ်ငန်းမှတ်ပုံတင်များ ပါဝင်ဟန်တူပြီး MOLIP ဒေတာစာရင်းမှာမူ အသစ်ဖြည့်စွက်ရန် လိုအပ်နေပါသည်။

ပုံ ၃.၂။
MBEI လုပ်ငန်းသစ်များ၏ အလုပ်သမား အရွယ်အစား



၃.၂။ အလုပ်သမားအရေအတွက်အရ လုပ်ငန်းများ၏ အရွယ်အစား

မြန်မာနိုင်ငံရှိ သာမန်ပုဂ္ဂလိက လုပ်ငန်းတစ်ခုသည် အတန်အသင့် သေးငယ်လေ့ရှိပါသည်။ နမူနာသစ် (ပုံ ၃.၂) တွင်နှင့် နှိုင်းယှဉ်နမူနာအုပ်စုမှ နမူနာ (ပုံ ၃.၃) တို့တွင် ပြန်လည်ဖြေကြားပေးသူများ၏ ၉၅%ကျော်မှာ အလုပ်သမား ဦးရေ ၅၀ ထက် နည်းပါးသည်ကိုတွေ့ရသည်။ လုပ်ငန်းသစ်များတွင် ကြည့်ပါက ၇၆% သည် အလုပ်သမားဦးရေ ၁၀ ဦး ထက် နည်းသည်ကို တွေ့ရသည်။ ၂၀၂၀ ခုနှစ်တွင် နှိုင်းယှဉ် နမူနာအုပ်စုမှလုပ်ငန်းများသည် အတန်ငယ်ကြီးထွားလာပြီး ၅၆% သာ အလုပ်သမား ၁၀ ဦးအောက် ရှိသည်။ ဤနံပါတ်များသည် နိုင်ငံတကာ နှိုင်းယှဉ်လေ့လာမှုများနှင့် ချိန်ထိုး၍ ရနိုင်ပါသည်။ Hsieh နှင့် Olken (၂၀၁၄) တို့၏ တင်ပြချက်အရ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် မက္ကဆီကိုတို့တွင် ၉၈%၊ ၉၇% နှင့် ၉၂% အသီးသီးစီရှိကြသော လုပ်ငန်းများသည် အလုပ်သမား ဦးရေ ၁၀ ဦးအောက်ရှိပြီး ယင်းလုပ်ငန်းများသည် အလုပ်သမား အင်အားထုကြီး၏ ၆၅%၊ ၅၄% နှင့် ၂၂% စီကို အလုပ်ပေးထားကြသည်။

အလုပ်သမား လေးဦးအောက်ရှိသော လုပ်ငန်းများ၊ လေးဦးမှ ကိုးဦးရှိသော လုပ်ငန်းများနှင့် ၁၀ ဦးမှ ၅၀ ဦးထိ ရှိသော လုပ်ငန်းများကို နှိုင်းယှဉ်ကြည့်ရာ၌မူ လုပ်ငန်းအသစ်နှင့် နှိုင်းယှဉ်နမူနာအုပ်စုမှလုပ်ငန်းများတို့ကြား အရေးကြီးသော ခြားနားချက်တစ်ချို့ကို သတိပြုမိလာသည်။ ဒီဇိုင်း ပုံစံအရ ကြည့်ပါက MBEI နမူနာအသစ်တွင် အလုပ်သမား လေးဦးအောက်ရှိသော လုပ်ငန်းများကို ထည့်သွင်းခြင်း မပြုသော်လည်း ၂၀၂၀ ခုနှစ် မူလလုပ်ငန်းများ၏ ၁၄% မှာမူ အလုပ်သမား လေးဦးထက် လျော့နည်းလျက်ရှိသည်။ လုပ်ငန်းသစ်များ၏ ၄၇%၊ သို့သော်နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ ၃၂% သည်သာ အလုပ်သမား ငါးဦးမှ ကိုးဦးအထိ ရှိကြသည်။ နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်း (၃၅%) သည်လုပ်ငန်းသစ် (၂၃%) ထက်စာလျှင် အလုပ်သမား ၁၀ ဦးမှ ၅၀ ဦးထိ ခန့်အပ်ထားနိုင်ခြေပိုရှိသည်။

နှိုင်းယှဉ် နမူနာအုပ်စုမှလုပ်ငန်းများသည် ဤကြားကာလ အတွင်း သိသိသာသာကြီးထွားလာကြသည်။ သတိပြုရန်မှာ ၎င်းတို့သည် ယခင်ဖြေကြားပေးခဲ့ကြသည့် လုပ်ငန်း ၁၂၀၀ သာ ဖြစ်ကြသည့်အတွက် အလုပ်သမားဦးရေ တိုးပွားလာပါက အလုပ်သမားသစ်များ ၄ားရမ်းခြင်းကြောင့်သာ ဖြစ်နိုင်ပြီး နမူနာကောက်ယူသည့် လုပ်ငန်းစဉ်မှ ကွာခြားချက်

ပုံ ၃.၃။
၂၀၁၈ နှင့် ၂၀၂၀ ခုနှစ်များမှ နှိုင်းယှဉ်နမူနာအုပ်စု ဖြေဆိုပေးခဲ့ကြသူများ၏ အလုပ်သမား အရွယ်အစား


နှိုင်းယှဉ်နမူနာ အုပ်စုမှလုပ်ငန်း (n = ၁၂၀၀)
၂၀၁၈ တိုင်းထွာခြင်း
၂၀၂၀ တိုင်းထွာခြင်း
လုပ်ငန်းအရည်အတွက် (%)
၄.၆၃
၁.၂၄
၀.၁၆
၀.၁၂
၀.၁၁
၀.၀ဝ
၀.ဝ၇
ဂ.ဂ၃
ဂ.ဂ
ဂ.ဂ
ဂ.ဂ

ပုံ ၃.၄။
MBEI လုပ်ငန်းသစ်များ၏ ရှယ်ယာအရင်းအနှီး အရွယ်အစား



ပုံ ၃.၅။
၂၀၁၈ နှင့် ၂၀၂၀ ကြား နှိုင်းယှဉ် နမူနာအုပ်စုမှလုပ်ငန်းများ၏ ရှယ်ယာအရင်းအနှီးအရွယ်အစား



အချိုးအစားမြင့်မားသည်။ နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ ခြောက်ရာခိုင်နှုန်းသည် ရှယ်ယာအရင်းအနှီး ကျပ်သိန်း ၁၀,၀၀၀ အထက်ရှိပြီး (US$၇၁၆,၀၀၀) နှိုင်းယှဉ်ကြည့်ပါက လုပ်ငန်းသစ်များတွင် ဤပမာဏမှာ ၂% သာ ရှိသည်။

ပျမ်းမျှ ရင်းနှီးမြှုပ်နှံမှု အရွယ်အစားသည် ဤကြားကာလ အတွင်း နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများအတွင်း သိသိသာသာ ကျဆင်းလာခဲ့သည်။ ဤဖြစ်စဉ်သည် အလုပ်သမားအရွယ်အစားနှင့် ဆန့်ကျင်ရပ်တည်လျက် ရှိသည်။ ၂၀၁၈ ခုနှစ်တွင် နှိုင်းယှဉ် နမူနာအုပ်စုမှ ဖြေကြားပေးသူ လုပ်ငန်း ၁၂၀၀ အနက် ၆၂% သာ ရှယ်ယာ အရင်းအနှီး ကျပ်သိန်း ၅၀၀ အောက်ရှိကြပြီး ၃၄% မှာ အလယ်အလတ် အရွယ် အစားဖြစ်ကာ ရှယ်ယာအရင်းအနှီးအားဖြင့် ကျပ် သိန်း ၅၀၀ မှ ၅၀၀၀ ကြား (US$၃၅၇,၀၀၀) ရှိကြသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ်တွင် ဖြေကြားသူများ၏ ၆၈% သည် ရှယ်ယာအရင်းအနှီး ကျပ်သိန်း ၅၀၀ အောက် ရှိပြီးယင်းတို့၏ ၂၆%ကိုသာရင်းနှီးမြှုပ်နှံမှုအရအလယ်အလတ် အရွယ်အစားဟု စဉ်းစား၍ရသည်။ အဆိုပါ ကျဆင်းမှု၏ တစ်စိတ်တစ်ဒေသမှာ စစ်တမ်းနှစ်ခုကြား နှစ်စဉ်ငွေကြေး ဖောင်းပွမှု ၈% နှင့် သက်ဆိုင်သည်မှာ သေချာသော်လည်း ယင်းအချက်ကို စစ်တမ်းမေးခွန်းတွင် ဖမ်းဆုပ်နိုင်ခဲ့ခြင်း မရှိပေ။ သို့သော်လည်း ကျဆင်းမှု တစ်ရပ်လုံးအတွက်မူ ငွေကြေးဖောင်းပွမှုကိုသာ လွှဲချ၍ မရချေ။

၃.၄။ တရားဝင်မှု အဆင့်

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် တရားဝင်မှတ်ပုံတင်ရန် အဓိကအားဖြင့် နည်းလမ်းလေးရပ်ရှိပါသည်။ ၎င်းတို့မှာ (၁) မြို့နယ်စည်ပင် (DAO) မှ လုပ်ငန်းလိုင်စင်ရရှိခြင်း၊ (၂) မြို့တော်များတွင် လုပ်ငန်းလိုင်စင်ကို မြို့တော်စည်ပင်ကော်မတီ (CDC) မှ ရရှိခြင်းနှင့် ကုမ္ပဏီ မှတ်ပုံတင် စာရွက်ကို (၃) ပြည်ထောင်စု အဆင့် DICA (သို့မဟုတ်) (၄) DISI မှ ရရှိခြင်းတို့ ဖြစ်ကြပါသည် (Bissinger ၂၀၁၆)။ ပုံ ၃.၆ နှင့် ၃.၇ တို့တွင် MBEI နမူနာ၏ ပျမ်းမျှ တရားဝင်မှုအဆင့်ကို သရုပ်ဖော်ထားပါသည်။

လုပ်ငန်းအများစုတွင် DAO လုပ်ငန်းလိုင်စင်သာ ရှိကြသည်။ ဤအချက်မှာ လုပ်ငန်းသစ်နှင့် လုပ်ငန်းဟောင်း နမူနာနှစ်ရပ်လုံးအတွက် (၇၀% နှင့် ၆၅% စီ အသီးသီး) မှန်ကန်သည်။ လုပ်ငန်းများ၏ လေးပုံတစ်ပုံခန့်သည် (အသစ် ၂၅%၊ နှိုင်းယှဉ် နမူနာအုပ်စုမှလုပ်ငန်း ၂၃%) ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့ကဲ့သို့သော မြို့ပြဧရိယာများရှိ မြို့တော်စည်ပင် (CDC) များမှ လုပ်ငန်းလိုင်စင်များ ရရှိထားကြပြီး၊ ယင်းမှာ မြို့နယ်စည်ပင် (DAO) လိုင်စင် နည်းတူ လိုင်စင်မျိုးဖြစ်သည်။ လုပ်ငန်းသစ်များ၏ ၂၁% မှာ DICA သို့ DISI မှ မှတ်ပုံတင် စာရွက်များ ရရှိထားကြသည်။ နှိုင်းယှဉ်ကြည့်ပါက နှိုင်းယှဉ် နမူနာအုပ်စုမှ ဖြေကြားသူများ၏ ၃၇% တွင် ဤ မှတ်ပုံတင်စာရွက်များရှိကြပြီး ၎င်းသည် အဆိုပါလုပ်ငန်းများ၏ ကြီးမားသော အရွယ်အစား၊ သက်တမ်းနှင့် အဆင့်မြင့်ရှုပ်ထွေးမှုတို့နှင့်လည်း ကိုက်ညီပါသည်။

CSO နမူနာ၏ တစ်ဆယ့်သုံးခုနှစ် ရာခိုင်နှုန်းနှင့် နှိုင်းယှဉ် နမူနာအုပ်စုမှ လုပ်ငန်းများ၏ ၂၄% တို့တွင် လုပ်ငန်းလိုင်စင် မရှိကြပါ။ အဆိုပါ လုပ်ငန်းများတွင် စာရွက်စာတမ်း လုံးဝ မရှိခြင်း (လုပ်ငန်းသစ်များ၏ ၅% နှင့် နှိုင်းယှဉ်နမူနာ အုပ်စုမှ လုပ်ငန်းများ၏ ၈%) သို့တည်းမဟုတ် မြို့နယ် SME အသင်းဝင်ကဒ် တစ်ခုတည်းသာလျှင် လည်းကောင်း ရှိတတ်ကြပါသည် (၁၂% အသစ်၊ ၁၆% နှိုင်းယှဉ်နမူနာ အုပ်စုမှ လုပ်ငန်း)။ လုပ်ငန်းသစ်များစွာ တရားမဝင် ဖြစ်နေသည်ကို တွေ့ရခြင်းမှာ လွန်စွာ ပဟေဠိဆန်ပေသည်။ အဘယ့်ကြောင့်ဆိုသော် နမူနာမူဘောင်တွင် လုပ်ငန်းလိုင်စင် တစ်မျိုးမဟုတ် တစ်မျိုးရှိသော လုပ်ငန်းများသာ လျှောင်ပါဝင်သောကြောင့် ဖြစ်သည်။ အဆိုပါ လုပ်ငန်းများကြား တရားမဝင် ဖြစ်နေသည့် ပုံစံမှာ ၎င်းတို့သည် ကုန်သွယ်ခွန် သို့မဟုတ် ပစ္စည်းခွန်တို့ကို ပေးနေသော်လည်း လုပ်ငန်း လိုင်စင်မရရှိသည့် သဘောဖြစ်နေသည်။

နှိုင်းယှဉ်နမူနာအုပ်စု လုပ်ငန်းဒေတာများအရ တရားဝင် မှတ်ပုံတင်ခြင်းမှာ ဤကြားကာလအတွင်း တိုးပွားလာသည်။ တရားမဝင်မှုမှာ ၁၀.၄% မှ ၈% သို့ လျော့နည်းလာပြီး လုပ်ငန်းများအနက် ကြီးစွာသော ပမာဏသည် မြို့တော်စည်ပင်ကော်မတီ (CDC) မှ လုပ်ငန်းလိုင်စင်များ (၂၀၁၈ ခုနှစ် ၁၇.၆%မှ ၅%တိုးတက်) သော်လည်းကောင်း၊ DICA မှ မှတ်ပုံတင် စာရွက်များ (၂၀၁၈ ခုနှစ် ၆.၇% မှ ၃.၇% တိုးတက်)သော်လည်းကောင်း ရရှိလာကြသည်။ ထို့အပြင် လုပ်ငန်းများ၏ ခြောက်ဆသည် စာရွက်စာတမ်း တစ်ခု ထက်မကရှိသည်ဟု ဖြေကြားပေးခဲ့ကြသည့်အတွက် ၎င်းတို့မှာပိုမို၍ တရားဝင်မှုရှိလာပြီး ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှုများမှာလည်း ပြည်နယ် စည်းကြပ်ရေးအရာရှိ များအတွက်ပို၍ပွင့်လင်းမြင်သာမှုရှိလာခဲ့သည်ဟု အဓိပ္ပာယ် ကောက်ယူနိုင်သည်။ DISI စာရွက်စာတမ်းများအကြောင်း ကိုမူ ၂၀၂၀ ခုနှစ်မှာသာ မေးမြန်းခဲ့သည်ဖြစ်၍ ဤကြားကာလ အတွက် နှိုင်းယှဉ်ကြည့်၍ မရပေ။

ပုံ ၃.၆။
MBEI လုပ်ငန်းသစ်များ၏ တရားဝင်မှု



ပုံ ၃.၇။
၂၀၁၈ နှင့် ၂၀၂၀ ခုနှစ်ကြား နိုင်းယှဉ် နမူနာအုပ်စုမှလုပ်ငန်းများ၏ တရားဝင်မှု



၃.၅။ ကဏ္ဍနှင့် လုပ်ငန်းအမျိုးအစား အထူးပြုချက်

နမူနာ နှစ်ရပ်လုံးတွင် ဖြေကြားသူများ၏ သုံးပုံတစ်ပုံသည် ကုန်ထုတ်လုပ်ရေး သို့မဟုတ် ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်ကြပြီး ကျန်သုံးပုံနှစ်ပုံမှာ ဝန်ဆောင်မှုလုပ်ငန်း တစ်မျိုးမျိုးတွင် လုပ်ကိုင်လျက်ရှိကြသည်။ ပုံ ၃.၈ နှင့် ၃.၉ တွင် မြင်တွေ့ရသည့်အတိုင်း ကုန်ထုတ်လုပ်ရေး လုပ်ငန်းများ၏ အချိုးအဆမှာ MBEI လုပ်ငန်းသစ်များ (၂၁%) ထက်စာလျှင် နှိုင်းယှဉ် နမူနာအုပ်စုမှ လုပ်ငန်းဒေတာစာရင်း (၃၀%) ၌ အနည်းငယ် ပိုမိုများပြားသည်။

ဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်မှုကို ကြည့်ပါက နမူနာ နှစ်ရပ်မှာ များစွာကွာခြားသည်ကို တွေ့ရသည်။ MBEI ဖြေကြားသူအသစ်များ၏ ၄၉% သည် စားသောက်ဆိုင်သို့ ဟော်တယ်လုပ်ငန်းများဖြစ်ကြပြီး နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ ၃၀% သာ ဤအမျိုးအစားတွင် ပါဝင်ကြသည်။ တစ်ဖက်တွင်မူ လက်လီ/လက်ကား ကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသည့် နှိုင်းယှဉ် နမူနာအုပ်စုမှလုပ်ငန်းများ အချိုးအဆ (၂၇%)မှာ လုပ်ငန်းသစ် အချိုးအဆ (၂၀%) ထက် ပိုမိုကြီးမားသည်။ မူလလုပ်ငန်း ၁,၂၀၀ တွင် စားသောက်ကုန်နှင့် တည်းခိုခန်းလုပ်ငန်းများမှ ကုန်ထုတ်လုပ်ရေးလုပ်ငန်းသို့ ပြောင်းရွှေ့သွားသည့် ပမာဏအနည်းငယ် ရှိသည်ကိုလည်း တွေ့ရသည်။[JJ]

ပုံ ၃.၈။
MBEI လုပ်ငန်းသစ်များ။ ကဏ္ဍကြီးအရ



ပုံ ၃.၉။
၂၀၁၈ နှင့် ၂၀၂၀ ကြား နှိုင်းယှဉ်နမူနာအုပ်စု ဖြေကြားသူများ။ ကဏ္ဍကြီးအရ



ပုံ ၃.၁၀။
ကုန်ထုတ်လုပ်ရေး လုပ်ငန်းသစ်များ။ လုပ်ငန်းအမျိုးအစားအရ



ပိုမိုစေ့စပ်စွာ လေ့လာကြည့်ပါက လုပ်ငန်းသစ်များအနက် အကြီးဆုံး ကုန်ထုတ်လုပ်ရေးကဏ္ဍမှာ ပုံ ၃.၁၀ တွင် ပြထားသည့်အတိုင်း စက်ပစ္စည်း ပြုပြင်ရေးဖြစ်သည်။ နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများအနက် အလွန်သေးငယ်သော ပမာဏသာ ယင်းလုပ်ငန်းအမျိုးအစားတွင် ပါဝင်ကြပါသည်။

CSO ဒေတာစာရင်းပါ လုပ်ငန်းသစ်များတွင်ရော နှိုင်းယှဉ်နမူနာအုပ်စုမှလုပ်ငန်းများပါ စားသောက်ကုန် ထုတ်လုပ်ရေး ဘက်သို့ များစွာတိမ်းညွတ်မှုရှိကြပြီး အလွန်တရာ သေးငယ်သော ပမာဏသာ အခြားကဏ္ဍများသို့ တိမ်းညွတ်ကြသည်။

လုပ်ငန်းသစ်များ၏ ၂၄% နှင့် နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ၏ ၂၆% တို့၏ ဖြေကြားချက်အရ စားသောက်ကုန် ထုတ်လုပ်ရေးသည် ၎င်းတို့၏ ပင်မလုပ်ငန်းဖြစ်သည်ဟု သိရသည်။ လုပ်ငန်းသစ်များအတွက်ရော နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများအတွက်ပါ နောက်ထပ်အကြီးစားကဏ္ဍမှာ အခြေခံသံသတ္တုလုပ်ငန်းများဖြစ်ကြပြီး နှိုင်းယှဉ်နမူနာအုပ်စုမှလုပ်ငန်းများအတွက် ၁၅%၊ အသစ်ဖြေကြားသူများအတွက် ၁၂%စီ ရှိကြသည်။ ပုံနှိပ်လုပ်ငန်း၊ ပရိဘောဂနှင့် သစ်အချောထည်များအားလုံးတို့မှာ သေးငယ်သော ကိုယ်စားပြုမှုသာ ရှိကြသည်။

နှိုင်းယှဉ် နမူနာအုပ်စုမှ လုပ်ငန်းများသည် ဤကြားကာလ အတွင်း လုပ်ငန်းအထူးပြုဆောင်ရွက်မှုပိုင်းတွင် ပြောင်းလဲမှု အချို့ရှိဟန်တူသော်လည်း ဤသည်တို့မှာ စီးပွားရေးအာရုံ စူးစိုက်မှု အမှန်တကယ် ပြောင်းလဲခြင်းလော၊ သို့တည်းမဟုတ် ကုန်ပစ္စည်း ကုဒ်သင်္ကေတနှင့် ဖော်ပြချက် ကွဲပြားခြင်း မျှသာလော ဟူသောအချက်ကို ဆုံးဖြတ်ရန် အတွက် လေ့လာမှုများ ပိုမိုပြုလုပ်ရန် လိုအပ်ပါသည်။

ပုံ ၃.၁၁။

၂၀၁၈ နှင့် ၂၀၂၀ ခုနှစ်များကြား နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ။ လုပ်ငန်းအမျိုးအစားအရ

နှိုင်းယှဉ်နမူနာ အုပ်စုမှ လုပ်ငန်း (n = ၄၀၀)



၄

မြန်မာနိုင်ငံရှိ စီးပွားရေးအုပ်ချုပ်မှု အခြေအနေ

ဤအခန်းတွင် MBEI ၏ အညွှန်းကိန်းခွဲ (Sub-index) နှင့် ညွှန်ကိန်း (Indicator) တစ်ခုစီ နောက်ကွယ်ရှိ ယုတ္တိဗေဒ နှင့် တိုင်းတာမှု များအား ဖော်ပြသွားမည် ဖြစ်သည်။ အပိုင်း ၁၀-၃ အနက် တစ်ခုစီကို အောက်ပါအတိုင်း ပထမဦးစွာ ညွှန်ကိန်းတစ်ခုချင်းစီကို ဖန်တီးရန် လှုံ့ဆော်ပေးသည့် အကြောင်းရင်းကို စီးပွားရေးပညာရှင်များနှင့် လေ့ကျင့်သူ များ၏သဘောတရားအရအရေးပါမှုနှင့်မြန်မာနိုင်ငံ၏အခြေခံ မူဝါဒပြဿနာများနှင့် ပတ်သက်သော သီးခြားမူဝါဒဆိုင်ရာ ဆွေးနွေးမှုများအပေါ် အမြင်အကျဉ်းချုပ်ကို အသေးစိတ် အခြေခံထား သုံးသပ်၍စုစည်းဖော်ပြထားသည်။ ထို့နောက် ကျွန်ုပ်တို့သည် အညွှန်းကိန်းငယ် တစ်ခုချင်းစီ၏ အဆင့်များ အားလုံးမှ မှတ်သားဖွယ်ရမှတ်များကို အကျဉ်းချုပ်ဖော်ပြပြီး အထူးသဖြင့် စွမ်းဆောင်ရည်ကို မီးမောင်းထိုးပြသည်။

အညွှန်းကိန်းခွဲ (Sub-index) တစ်ခုစီတွင်ညွှန်ကိန်း (Indicator) သုံးမျိုး ပါဝင်မှုရှိပါသည်။ ပထမဆုံးညွှန်ကိန်း အမျိုးအစားမှာ လုပ်ငန်းပေါင်း ၅၆၀၅ ခုအား တွေ့ဆုံမေးမြန်း၍ စစ်တမ်း ကောက်ယူရာမှ ရရှိလာသည့် စစ်တမ်းဆိုင်ရာ ညွှန်ကိန်းများ (survey indicators) များဖြစ်သည်။ ယင်းညွှန်ကိန်းများက လုပ်ငန်းများနှင့် ဒေသဆိုင်ရာ အစိုးရများအကြား ထိတွေ့ ချိတ်ဆက်ရမှု အတွေ့အကြုံ နှင့် သဘောထားအမြင်များကို ဖော်ပြပါသည်။ ဒုတိယ ညွှန်ကိန်းမှာ စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများ (observational indicator) ဖြစ်သည်။ ကျွန်ုပ်တို့၏ သုတေသနအဖွဲ့သည် မြို့နယ်အဆင့်ရုံးများသို့ သွားရောက်၍ ၎င်းရုံးများ၏ လုပ်ငန်းလက်ခံ ဆောင်ရွက်မှုနှင့် ပတ်သက်သော သူတို့ကိုယ်ပိုင်လေ့လာတွေ့ရှိချက်များ၊ သတင်းအချက်အလက်ရရှိနိုင်မှု အခြေအနေနှင့် ဌာန အဆောက်အအုံများ၏ အရည်အသွေးကို မှတ်တမ်းတင်ခြင်း ဖြင့် ဤညွှန်ကိန်းများကို စုဆောင်းခဲ့သည်။ စီမံအုပ်ချုပ်မှု ဆိုင်ရာ ညွှန်ကိန်းများ (administrative indicators) ဟု ကျွန်ုပ်တို့ရည်ညွှန်းသော နောက်ဆုံးညွှန်ကိန်းများကို အများပြည်သူ အရင်းအမြစ်များမှ ကောက်ယူပါသည်။ ကျွန်ုပ်တို့၏ အဖွဲ့သည် တိုက်ရိုက်စုဆောင်းခြင်းမဟုတ်ပဲ၊ သန်းခေါင်စာရင်း ဒေတာဘေ့စ်၊ စာရင်းအင်း လက်စွဲစာအုပ် များနှင့် အများဆိုင်ရာ ဒေတာဘေ့စ်များ အပါအဝင် လူသိ ရှင်ကြား ရရှိနိုင်သော အရင်းမြစ်များမှ စုစည်းထားခြင်း ဖြစ်သည်။ စောင့်ကြည့်လေ့လာမှု ညွှန်ကိန်းများနှင့် စီမံ အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကိန်းများကို ပေါင်းစည်း၍ အမာခံ ဒေတာ (hard data) များအဖြစ် သတ်မှတ်လိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော်လုပ်ငန်းများအပေါ် အကဲဖြတ်ခြင်းမှ ၎င်းတို့ကိုရရှိလာခြင်း မဟုတ်သောကြောင့် ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံ၏စီမံအုပ်ချုပ်ခြင်းဆိုင်ရာအရည်အသွေး ကို လေ့လာဖော်ထုတ်နိုင်ရန် ၂၀၂၀ MBEI ၌ အသစ် ပြန်လည်မွမ်းမံထားသည့် ညွှန်ကိန်း ၁၅၃ ခု ပါဝင်ပါသည်။ သို့သော်လည်း MBEI ၂၀၂၀ တွင် ဤညွှန်ကိန်း ရမှတ် များအား မြန်မာနိုင်ငံ၏ ယူနစ်များတွင် (လုပ်ငန်းစုများ၊ မြို့နယ်များနှင့် ပြည်နယ်များ) ကဏ္ဍအလိုက် နှိုင်းယှဉ်နိုင်ပါ သော်လည်း၊ ၂၀၁၈အချက်အလက်များနှင့် နှိုင်းယှဉ်၍ မရပါ။ ထို့အပြင် ကျွန်ုပ်တို့သည် ၂၀၁၈ နှင့် ၂၀၂၀ နှစ်များတွင် အသုံးပြုခဲ့သည့် အနှစ်ချုပ် ညွှန်ကိန်း (၉၀) ခုကို ထည့်သွင်း ထားသော Core MBEI စနစ်ကို ဖန်တီးခဲ့ပါသည်။ နှစ်ကြိမ် စလုံးတွင် တူညီသော လုပ်ငန်းနမူနာများအား တူညီသော နည်းလမ်းဖြင့် တိုင်းတာ၍ ရရှိခဲ့သည့် ညွှန်ကိန်းများ ဖြစ်ပါသည်။ ထို့ကြောင့် Core MBEI စနစ်ကို အသုံးပြု၍ အချက်အလက် ဒေတာများအား ရေပြင်ညီ နှိုင်းယှဉ်နိုင်မည် ဖြစ်ပြီး အချိန်ကြာလာသည်နှင့်အမျှ အုပ်ချုပ်မှုဆိုင်ရာ တိုးတက်မှုများကို တိကျစွာ စောင့်ကြည့်လေ့လာနိုင်မည် ဖြစ်သည်။ အောက်တွင် ကျွန်ုပ်တို့သည် ၂၀၁၈ နှင့် ၂၀၂၀ MBEI တွင် ပါဝင်သော အဓိက ညွှန်ကိန်းများနှင့် MBEI အသစ်တွင်သာပါဝင်လာသည့် ညွှန်ကိန်းအသစ်များအား ခွဲခြားနှိုင်းယှဉ်ပြသထားပါသည်။

အောက်ဖော်ပြပါ ဤအခန်း၏ ကဏ္ဍတစ်ခုစီတွင် ပြည်နယ် နှင့်တိုင်းဒေသကြီး၏ စွမ်းဆောင်ရည်ကို (၁၀) မှတ် နှုန်းထား ဖြင့် ဖော်ပြထားသည့် ဘားဂရပ်တစ်ခုနှင့်အတူ ညွှန်ကိန်း တစ်ခုစီကို အကျဉ်းချုပ် ဖော်ပြထားသည်။ ဇယားကွက်ရှိ အရောင်ရင့်သော ဘားများသည် စစ်တမ်းဆိုင်ရာ ညွှန်ကိန်း

များအတွက် ပျမ်းမျှရမှတ်ကို ဖော်ပြထားပြီး၊ အရောင်ဖျော့သောဘားများသည် အမာခံဒေတာ (hard data) များအတွက် ပျမ်းမျှရမှတ်ကို ဖော်ပြသည်။

ကဏ္ဍာတစ်ခုချင်းစီအတွက် တိုင်းပြည်အတွင်း ဖြစ်နိုင်ချေရှိသော စွမ်းဆောင်နိုင်မှု အတိုင်းအတာကို နားလည်စေရန် ပြည်နယ်အဆင့် တိုင်းတာချက်တစ်ခုစီ အတွက် ဖော်ပြသော အညွှန်းတိုင်းတွင် (အနိမ့်ဆုံး၊ အလယ်အလတ်၊ အမြင့်ဆုံး) စာရင်းအင်း အချက်အလက်ဇယားများ ပါဝင်သည်။ မတူကွဲပြားခြားနားသော MBEI ဒေတာတန်ဖိုးများကို နှိုင်းယှဉ်နိုင်ရန် အလို့ငှာ MBEI ဒေတာသုံးမျိုး ပေးထားပါသည်။ (၁) ၂၀၁၈-ခုနှစ် တွင် Panel MBEI (၂) ၂၀၂၀ တွင် Panel MBEI (၃) ၂၀၂၀ ပြည့်နှစ်တွင် MBEI ဒေတာအစုများ ဟူ၍၊ သုံးမျိုးအပေါ် နှိုင်းယှဉ်နိုင်ရန် အပြည့်အဝပေါ် လွင်သော ဒေတာတန်ဖိုးပြဇယားများလည်း ပေးပါသည်။ အချိန်ကြာလာသည်နှင့်အမျှ နမူနာအသစ်များ နှင့် panel လုပ်ငန်းများ အကြား အညွှန်ကိန်းတစ်ခုစီ၏ တည်ငြိမ်မှုကို သရုပ်ဖော်နိုင်ရန် (Bivariate correlations) အပြန်အလှန် ဆက်စပ်မှုများကိုလည်း ဖော်ပြထားပါသည်။

၄.၁။ ကနဦး ကုန်ကျစရိတ်

ထိရောက်သော စည်းမျဉ်းစည်းကမ်းများသည် စီးပွားရေး လုပ်ငန်းများ၌ အကျိုးကျေးဇူးများစွာ ရရှိစေ၏။ မြန်မာနိုင်ငံနှင့် အခြားထွန်းသစ်စ ဈေးကွက်များရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒ၏ အဓိကအချက်အချာမှာ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး ဝန်ထုပ်ဝန်ပိုး ဖြစ်လာသည်။ သီအိုရီအရ စည်းမျဉ်း စည်းကမ်းများသည် ပြည်သူလူထုအား လုံခြုံစိတ်ချရမှု၊ လုံခြုံသောထုတ်ကုန်လုပ်မှုများနှင့် ကျန်းမာသန့်ရှင်းသော အစားအစာအရည်အသွေးကို သေချာစေရန်နှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ကို ကန့်သတ်ရန်ရည်ရွယ်သည်။ သို့သော်လက်တွေ့တွင် စည်းမျဉ်းစည်းကမ်းများသည် စီးပွားရေးလုပ်ငန်းများကိုကြိုးနီစနစ်ဖြင့် ချည်နှောင်နိုင်သည် ဖြစ်၍၊ လုပ်ငန်းချဲ့ထွင်မှု အားနည်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားစေနိုင်သည်။ စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းခြင်းကြောင့် ကနဦးကုန်ကျစရိတ်မြင့်တက်မှု၊ စီးပွားရေးဆိုင်ရာ စွန့်ဦးတီထွင်မှု အားနည်းမှုနှင့် မထိရောက်သော လက်ဝါးကြီးအုပ်ခြင်းများအား ကာကွယ်နိုင်မှုတို့ကို တွေ့ရှိရ၏။ Djankov et al.(2002) က စီးပွားရေး စတင်ရန် ကြာချိန်နှင့် ကုန်ကျစရိတ်၊ နှင့် စာရင်းဘောင် မဝင်သည့် စီးပွားရေး (informal economy) အရွယ်အစားအကြား အားကောင်းသော အပြန်အလှန် ဆက်စပ်မှုရှိကြောင်း ဖော်ထုတ်ခဲ့သည်။ ယင်းနှင့်ဆက်စပ်သည့်အခြားသော အငယ်စား လေ့လာမှုများ အရလည်း လုပ်ငန်းအသစ် မှတ်ပုံတင်ခြင်းနှင့် စီးပွားရေး စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတားအဆီးများ လျော့နည်းသွားပါက လုပ်ငန်းအသစ်များ ဝင်ရောက်မှု ပိုမိုမြင့်မားကြောင်း ဖော်ပြသည်။ အထူးသဖြင့် စည်းမျဉ်းစည်းကမ်း ကန့်သတ်မထားလျှင် ဝင်ရောက်နိုင်သော ကုန်ထုတ်လုပ်ငန်းများဖြစ်သည့် - ဥပမာ၊ ပိုမိုဈေးကြီးသော ပစ္စည်းကိရိယာများ သို့မဟုတ် အခြားသွင်းအားစုများ ဝင်ရောက်မှု ပိုမိုမြင့်မားနိုင်ပြီး ယင်းနယ်ပယ်များမှာ နည်းပညာများနှင့် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား အပြောင်းအလဲများ ဖြစ်ပေါ်နေသော နေရာများလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန် ကြိုးပမ်းနေချိန် သို့မဟုတ် လုပ်ငန်းစတင်ပြီးနောက်၊ ကျွန်ုပ်တို့အနေဖြင့် ကနဦးကုန်ကျစရိတ်ဟုခေါ် ဆိုသည့် စည်းမျဉ်းစည်းကမ်းများအရ ထိန်းချုပ်မှုများ ခံရနိုင်ဖွယ်ရှိသည်။ ဤအညွှန်းကိန်းခွဲတွင် မြန်မာနိုင်ငံရှိ ဒေသအဆင့် လုပ်ငန်းများ၏ စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ်အပေါ် အခြေခံ၍ ကျွန်ုပ်တို့က အကဲဖြတ်သည်။ ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်း အစီရင်ခံစာ ၂၀၂၀တွင် စီးပွားရေးစတင်ရန် ကောင်းမွန်ခြင်းနှင့် ပတ်သက်၍ နိုင်ငံ (၁၉၀) အနက်တွင် (ထိပ်ပိုင်း ၄၀%တွင် ပါဝင်သည်) နံပါတ် (၇၀) အဖြစ်သတ်မှတ်ခံရသည်။ သို့သော် Doing Business နည်းစနစ်သည် ရန်ကုန်ရှိ အကန့်အသတ်ဖြင့်သာရှိသော တာဝန်ယူမှုရှိသည့် ကုမ္ပဏီများကို အဓိကထားသည်၊ အရင်းအနှီးကြီးသည့် ကုမ္ပဏီများ အပြင်ဘက်ရှိသေးငယ်သော လုပ်ငန်းငယ်များကို ချန်လှပ်ခဲ့သည်။ (World Bank 2016) ကမ္ဘာ့ဘဏ်၏ စစ်တမ်း ကောက်ယူမှုတွင်၊ ဖြေဆိုသူများက စည်းမျဉ်းစည်းကမ်းများသည် လုပ်ငန်း စတင်ခြင်းအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ဟု ဖြေဆိုကြပါသည်။ ထို့ကြောင့် MBEI သည် အရည်အသွေးခွဲ အနည်းငယ် ကွာခြားသလိုကြီးမားသော ကနဦးကုန်ကျစရိတ်များကို ရင်ဆိုင်ရန် အခက်အခဲ ပိုမိုဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းငယ်များကိုပါ စိစစ်လေ့လာ၍ နိုင်ငံအတွင်းရှိ ကနဦးကုန်ကျစရိတ် အမျိုးမျိုးကို ဆန်းစစ်ခြင်းဖြင့် ကွဲပြားခြားနားသော၊ ပိုမိုပြည့်စုံသော ရုပ်ပုံလွှာတစ်ခု ပေးထားပါသည်။

မကြာသေးသော နှစ်များအတွင်း မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရတို့သည် စီးပွားရေး လုပ်ငန်းများ၏ ကနဦးကုန်ကျမှု စရိတ်နှင့်၊ အထူးသဖြင့် စီးပွားရေး လုပ်ငန်းမှတ်ပုံတင်ခြင်း ကိစ္စရပ်အပေါ် အလေးထားစိတ်ဝင်စားလာခဲ့ပါသည်။ အချို့ဖြစ်ရပ်များတွင် မြန်မာနိုင်ငံရှိ မူဝါဒချမှတ်သူများသည် မြန်မာနိုင်ငံတွင်စီးပွားရေး လုပ်ငန်းတစ်ခု စတင်ရန်အတွက် မှတ်ပုံတင်ခြင်းနှင့် လိုင်စင်လုပ်ထုံးလုပ်နည်းများကို လွယ်ကူ ချောမွေ့စေရန် အတွက် အလွန်ကောင်းမွန်သော အလုပ်တစ်ခုကိုပြုလုပ်ခဲ့သည်။ (Trautwein, 2014) ဥပမာအားဖြင့် DICA တွင်

ကုမ္ဍဏီမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးရန်နှင့် စီးပွားရေး လုပ်ငန်းများ ဝင်ရောက်မှုနှင့် လိုင်စင်လုပ်ငန်းတို့အတွက် အွန်လိုင်းပေါ်တယ်ကို ဖွင့်ပေးရ၍ ကြန့်ကြာသောအချိန် ကာလကို လျှော့ချပေးရန် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့သည်။ အလားတူ ကြိုးပမ်းမှုများအဖြစ် နိုင်ငံအဝှမ်းရှိ အချို့သော စည်ပင်အဖွဲ့များတွင် အချိန်မကုန် လူလည်း သက်သာအောင် လိုင်စင်ချထားပေးခြင်းဖြင့် လုပ်ငန်းကို တိုးတက်စေရန် လုပ်ဆောင်ပေးခဲ့ပါသည်။ အချုပ်အားဖြင့် ဤညွှန်ကိန်းသည် လုပ်ငန်းစုများ ရင်ဆိုင်နေရသော ဝန်ထုပ်ဝန်ပိုးများကို တိုင်းတာဖော်ပြသည့်ပြင် အစိုးရအေဂျင်စီများ၏ စွမ်းဆောင်နိုင်ရည် ကန့်သတ်ချက်များကိုပါ ဖော်ထုတ်ပြသ ပါသည်။

ပုံ(၃-၁)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စီးပွားရေး လုပ်ငန်းများ လွယ်ကူစွာဝင်ရောက်နိုင်ရန်အတွက် ရမှတ်များကိုဖော်ပြထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး များ၌ ရမှတ်များကို အမှတ်ပြည့် (၁၀)မှတ်ဟု စံနှုန်း သတ်မှတ်သည်။ အပြာရောင်ဘားများသည် စီးပွားရေး အတွေ့အကြုံများနှင့် သဘောထားအမြင်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုစတင်ရန် စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်သည့် မေးခွန်းများဖြင့် စစ်တမ်း ကောက်ယူသည့် အဖြေများမှ ရရှိသော တိုးပွားလာသော ရမှတ်ကို ကိုယ်စားပြုသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းများအား လုပ်ငန်းစတင်ရန်အတွက် တရားဝင် စာရွက်စာတမ်းများရရှိရန် အချိန်မည်မျှ၊ အဆင့် မည်မျှနှင့် အထောက်အကူပြုစာရွက်စာတမ်းမည်မျှ လိုအပ်သည်ကို မေးမြန်းခဲ့သည်။ ဤညွှန်ကိန်းများကို အောက်တွင် အသေးစိတ် ဖော်ပြထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ဤညွှန်ကိန်းများမှ အများဆုံး ရမှတ်(၆)မှတ် ရရှိနိုင်သည်။ ကျန်သည့် အမှတ်(၄) မှတ် မှာမူ ကျွန်ုပ်တို့အဖွဲ့၏ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုစီ၌ စီးပွားရေးလုပ်ငန်းများ ကနဦးစတင်နိုင်မှု အခြေအနေအား တိုက်ရိုက် လေ့လာထားသည် တွေ့ရှိချက် များအပေါ် မူတည်ပါသည်။ ဤညွှန်ကိန်းများအတွက် လုပ်ငန်းကိစ္စ လုပ်ဆောင်ရမည် ရုံးများ၏ စွမ်းဆောင်ရည်၊ သင့်တော်သော အရင်းအမြစ်များရှိမှု၊ ဝန်ထမ်းများ၏ ဖော်ရွေမှု၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေရန် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရမည့်အဆင့်များ လျှော့ချ နိုင်မှု နှင့် တစ်နေရာတည်းတွင် အပြီး မှတ်ပုံတင်နိုင်သည့် လုပ်ထုံး လုပ်နည်းများ ရှိခြင်း စသည့်တို့အပေါ် အကဲဖြတ် အမှတ်ပေးပါသည်။

ပြည်နယ်/တိုင်း တို့၏ စွမ်းဆောင်ရည်ဆိုင်ရာ ညွှန်ကိန်းများ မတူညီရခြင်းမှာ ကျွန်ုပ်တို့ သုတေသနအဖွဲ့၏ စောင့်ကြည့် လေ့လာမှု ကွဲပြားခြင်းကြောင့် ဖြစ်သလို မြို့တော်စည်ပင် ကော်မတီများ၏ ဝိသေသ လက္ခဏာများကြောင့် ကွာခြား ရခြင်းလည်း ဖြစ်နိုင်ပါသည်။ ပုံ-၄.၁ နှင့် ပတ်သက်၍ သတိပြု ရမည့် အချက်မှာ စစ်တမ်းရမှတ်များ စုစည်းထားခြင်းကို လေ့လာရေးရမှတ်များထက်ပို၍ အာရုံစိုက်ထားသည်။ ပထမဦးဆုံးပြည်နယ်/တိုင်းရရှိစစ်တမ်းရမှတ်များအနိမ့်ဆုံး နှင့် အမြင့်ဆုံး အကြားခြားနားချက်မှာ အမှတ်(၀.၅)ခန့် (၄.၉၉ မှ ၅.၅၉) မျှသာဖြစ်သည်ကို တွေ့ရသော်လည်း၊ စူးစမ်းလေ့လာမှုရမှတ်များ ကွာခြားချက်မှာ ၂.၉ မှတ် (၁.၆၀ မှ ၃.၄၆) ဖြစ်သည်ကိုတွေ့ရ၏။ ဒုတိယအချက်မှာ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး မြူနီစီပယ် ဒေသများသည် စစ်တမ်းညွှန်းကိန်းတွင် အနည်းငယ်ပို၍ဆိုးဝါးသည်။ အကြောင်းမှာ ဤတည်နေရာများ၌ လုပ်ငန်းများ ပိုမို ရှုပ်ထွေးသော လိုအပ်ချက်များရှိခြင်းကြောင့် မှတ်ပုံတင် အရာရှိများက တောင်းဆိုရန် လိုအပ်ချက်များ ပိုမိုများပြား လာခြင်းနှင့် သူတို့၏ စီးပွားရေး လုပ်ငန်းများတွင် မြို့တော် စည်ပင်ကော်မတီများ သို့မဟုတ် DICA ရုံးများ အသုံး ပြုရန် လိုအပ်ခြင်းကြောင့် ဖြစ်ဖွယ်ရှိသည်။ ထို့အပြင် မြို့တော်စည်ပင်ကော်မတီများရှိ လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်းများသည် အနည်းငယ်ကွဲပြားပြီး နည်းပညာ ကျွမ်းကျင်မှုနှင့် စာရွက်စာတမ်းများ ပိုမိုလိုအပ်သည်။

ပုံ ၄.၁။
ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ကနဦးကုန်ကျစရိတ် အညွှန်းကိန်းခွဲအဆင့်များ - ၁



ပုံ (၄.၁) အရ ရခိုင်နှင့် ကရင်ပြည်နယ်တို့သည် စီးပွားရေး ဝင်ရောက်မှုကို လွယ်ကူချောမွေ့စေရန် အကောင်းဆုံး လုပ်ဆောင်ခဲ့ရာ၊ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ လုပ်ငန်း များသည် စစ်တမ်းအချက်အလက်များအရ အပြုသဘော ဆောင်ကြသည်။ ကချင်ပြည်နယ်သည် အဆိုးရွားဆုံး လုပ်ဆောင်မှုပြသည်။ ၎င်းသည် စူးစမ်းလေ့လာမှုဒေတာ အနိမ့်ဆုံး ၁.၆ တွင်လည်း ရှိသည်။ ဤကွဲပြားခြားနားမှု များသည်ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအေဂျင်စီများ၏ စွမ်းဆောင်နိုင်မှုကြောင့် ဖြစ်သည်။ ဥပမာအားဖြင့်၊ ကရင်ရှိ မြို့နယ်အားလုံးသည် လုပ်ငန်းအဖွဲ့များက စည်ပင်ရုံး အတွင်းသို့ဝင်လိုက်သည်နှင့် ချက်ချင်းရရှိနိုင်သည့် စည်ပင် စံပုံစံလျှောက်လွှာများ ရရှိကြသည်။ အခြားတစ်ဖက်၌ ကြည့်လျှင် ဤအခြေအနေသည် ကချင်ပြည်နယ်ရှိမြို့နယ် များတွင် ၁၆% အတွက်သာ ထိုသို့ရရှိနိုင်၏။ ကရင်ပြည်နယ် ရှိမြို့နယ်များ စည်ပင်အဖွဲ့အားလုံးတွင် သူတို့၏လုပ်ငန်း များကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန်အတွက် စာသင်ခန်းများ၊ စာရွက်စာတမ်းများနှင့် ကွန်ပျူတာများ စသည့် ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များရှိသည်။ ကချင် ပြည်နယ်ရှိ မြို့နယ်စည်ပင်အဖွဲ့များတွင် ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ လုံလုံလောက်လောက်မရှိဟုသော ဆန့်ကျင်ဘက်အနေထားကို ကျွန်ုပ်တို့ကွင်းဆင်းအဖွဲ့မှ တွေ့ရှိခဲ့ရသည်။ **အပြုသဘောဆောင်သော အဖြေတစ်ခု ထုတ်ယူရလျှင် စည်ပင်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို ပိုမိုမြန်ဆန်လျင်မြန်စွာ တိုးတက်စေခြင်းအတွက်၊ ၄င်း အခြေအနေ မရှိသေးသော ဒေသခံရုံးများသို့စံပုံစံလျှောက်လွှာ များ သို့မဟုတ် စာရွက်စာတမ်းများနှင့် ကွန်ပျူတာများကို ဖြည့်ဆည်းပေးပို့ခြင်းဖြင့် ထိုဒေသများ၌ စွန့်ဦးတီထွင် လုပ်ငန်းရှင်အသစ်များ ဝင်ရောက်နိုင်ရန်အတွက်အတားအဆီး များကို သိသိသာသာ လျော့နည်းသွားစေပါမည်။**

စစ်တမ်းကောက်ယူခြင်းမှတစ်ဆင့် လုပ်ငန်းစုများ၏ လုပ်ငန်း များစတင်ဝင်ရောက်ရန် လိုအပ်သော စာရွက်စာတမ်းများ ရရှိနိုင်ရန်နှင့်တကွ အခြားအတွေ့အကြုံများအပေါ် ပိုမို အသေးစိတ်ကျသော အချက်အလက်များကိုသိရှိရသည်။ လက်ရှိတွင် တနင်္သာရီရှိ လုပ်ငန်းများသည် လုပ်ငန်း လည်ပတ်ခွင့်လိုင်စင်ရရှိရန် (၁၁)ရက်အောက်သာကြာသည်။ ရန်ကုန်တွင်မူ ဆန့်ကျင်ဘက်အနေဖြင့် မြို့တော်စည်ပင် ကော်မတီမှ စာရွက်စာတမ်းများကို လက်ခံရရှိနိုင်ရန် (၄၁)- ရက်ခန့်ကြာသည်။ DICA မှတ်ပုံတင်ခြင်းသည် ဧရာဝတီတိုင်း နှင့် ရခိုင်ပြည်နယ်တို့တွင် (၁၁) ရက်မျှသာကြာသော်လည်း၊ ကရင်ပြည်နယ်ရှိ လုပ်ငန်းများအတွက် (၉၈)-ရက်အထိ ပို၍ကြာသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ပျမ်းမျှ ကျသော ရှမ်းပြည်နယ်တွင် စည်ပင်အဖွဲ့ လည်ပတ်ခွင့် လိုင်စင်များရရန် ပျမ်းမျှအားဖြင့် (၃၁)-ရက် လိုအပ်သည်။ အလယ်အလတ်အဆင့် ပြည်နယ်/တိုင်းဖြစ်သော် မန္တလေး တိုင်းဒေသကြီး လုပ်ငန်းစုများအတွက် DICA လက်မှတ်များ ရရှိရန်မှာ ပို၍ခက်ခဲသည်။ ဤစာရွက်စာတမ်းများကို ရရှိရန်ပျမ်းမျှအားဖြင့် လုပ်ထုံးလုပ်နည်းများ (၁.၄၁)ဆင့် ရှိသည်ဟု ဆိုကြသည်။ စည်ပင်အဖွဲ့ သို့မဟုတ် မြို့တော် စည်ပင်ကော်မတီ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရယူခြင်းသည် ပိုမိုလွယ်ကူစေသည်။ ပျမ်းမျှလုပ်ထုံးလုပ်နည်းအရေအတွက် ပြည်နယ်/တိုင်း အလယ်အလတ်အဆင့်ရှိ စစ်ကိုင်းအတွက် (၁.၀၉) သာလျှင်ဖြစ်သည်။ စစ်တမ်းကောက်ယူမှု၌ ကြာချိန် စစ်ဆေးရန် စာရွက်စာတမ်းများကို အသုံးပြုခြင်း၏ အကျိုး ကျေးဇူးမှာ- တိုင်းပြည်တစ်ဝှမ်းရှိလုပ်ငန်းများအတွက် ဤစာရွက်စာတမ်းများကို မည်သို့လျှောက်ထားရယူသည်ကို လေ့လာခြင်းဖြင့် (မခိုင်မာသော) သာမန်အသိမဟုတ်တော့ပဲ လက်တွေ့မည်သို့ရယူရသည်ကို အပြည့်အစုံ ကိုယ်စားပြု ပုံဖော်ထားနိုင်ခြင်းသက်သေအထောက်အထားဖြစ်စေသည်။ နောက်ပိုင်း စာမျက်နှာ အနည်းငယ်တွင် ကျွန်ုပ်တို့သည် ကနဦးကုန်ကျစရိတ်ညွှန်ကိန်းခွဲအတွက်ရမှတ်များ ဖန်တီးရာ တွင် ကျွန်ုပ်တို့အသုံးပြုခဲ့သော သီးခြားညွှန်ကိန်းများကို ထပ်မံမှတ်တမ်းတင်ထားသည်။ ဇယား (၄.၁)တွင် ဤဆွေးနွေးချက်ကို အကျဉ်းချုပ်ဖော်ပြထားသည်။

၂၀၁၈ နှင့် ၂၀၂၀ (၂)နှစ်စလုံး ကောက်ယူခဲ့သည့် အဓိက MBEI ညွှန်ကိန်းများ

ဤကနဦးကုန်ကျစရိတ်အညွှန်းကိန်းခွဲ စုစည်းမှုသည် ၂၀၁၈ -ခုနှစ်နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ တိုင်းတာခဲ့သည့် အဓိက(အနှစ်ချုပ်) ညွှန်ကိန်း (၇) မျိုးစလုံး ပါဝင်သည်။

၁။ အပြည့်အဝ တရားဝင်ဖြစ်စေရန် သုံးလကျော် စောင့်ဆိုင်းခြင်း (%)

သက်ဆိုင်ရာ စာရွက်စာတမ်းများ၊ လိုင်စင်များနှင့် တံဆိပ် ခတ်နှိပ်မှုများ အားလုံးရရှိရန် လိုအပ်သော အချိန်ကာလ တိုင်းတာ မှတ်တမ်းတင်ခြင်းသည် ကနဦးကုန်ကျစရိတ် ညွှန်ကိန်းငယ် ဖော်ထုတ်ရာ၌ အထောက်အကူဖြစ်စေသည့် အညွှန်း သင်္ကေတဖြစ်သည်။ ရက်ကြာမှုနည်းလေ ကုန်ကျ စရိတ် နည်းလေဖြစ်သည်။ ဤညွှန်းကိန်းကိုဖော်ပြရာ၌ လိုအပ်သည့် စာရွက်စာတမ်းများ အားလုံးကိုရယူရန် သုံးလ ထက်ပို၍ ကြာသော လုပ်ငန်းများ၏ ဝေစုပမာဏ(%) အဖြစ် သတ်မှတ်ဖော်ပြထားသည်။ (ကမ္ဘာ့ဘဏ်၊ ၂၀၁၈) ၏ ထင်မြင်ချက်တွင် - စီးပွားရေးလုပ်ငန်းများ ဝင်ရောက်ရာ၌ စာရွက်စာတမ်းများကိုရယူရန် မလိုအပ်ပဲ သုံးလကျော် အချိန်ယူရသောကြောင့် လုပ်ငန်းများအနေဖြင့် မလိုလား အပ်သော ကုန်ကျစရိတ်များခြင်း၊ စီးပွားရေး အခွင့်အလမ်း ဆုံးရှုံးမှုများ၊ ငွေကြေးဆုံးရှုံးမှုများနှင့် မသေချာ မရေရာမှု များကြောင့် လုပ်ငန်းများ စတင်တာထွက်ရန် အခြေခံ ကျသော ကနဦးကုန်ကျစရိတ်အလွန်အမင်းမြင့်မားစေခြင်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု ယုံကြည်ကြောင်း ဖော်ပြပါရှိသည်။ ဤညွှန်ကိန်းသည်ကြိုးနီ စနစ်များနှင့် စွမ်းဆောင်ရည်နိမ့်မှု များရှိကြောင်း ဖော်ပြနိုင်သော်လည်း သတင်းအချက်အလက် အပြည့်အဝ မရရှိခဲ့သည့်သဘောလည်း ဖြစ်နိုင်သည်။ ဗျူရိုကရက်များနှင့် လုပ်ငန်းရှင်များ နှစ်မျိုးစလုံးက

တရားဝင်မှတ်ပုံတင်ရန်အလို့ငှာ မည်သည့်စာရွက်စာတမ်းများ လိုအပ်သည် သို့မဟုတ် တရားဝင်မှတ်ပုံတင်ရန် အဆင့်ဆင့် မည်သို့ဆောင်ရွက်ရန် လိုအပ်သည်ကို မသိ၍ လည်းဖြစ်နိုင်သည်၊ (Lambert et al., 2012)။ ဤညွှန်ကိန်းနှင့် သက်ဆိုင်သည့် နောက်ထပ်အချက်တစ်ခုမှာ အချို့သော လုပ်ငန်းရှင်များသည် ၎င်းတို့၏ တရားဝင်တာဝန်ဝတ္တရားများကို နားမလည်နိုင်ခြင်းကြောင့် လိုအပ်ချက်များကို ခန့်မှန်းတွက်ချက် နားလည်ခြင်းမ၌ လျှော့တွက်ခြင်း သို့မဟုတ် လွန်ကဲစွာ ခန့်မှန်းခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။

၂။ အပြည့်အဝ တရားဝင်ရန်အတွက် ထပ်တိုးစာရွက်စာတမ်းများ အရေအတွက် (#)

အပြည့်အဝ တရားဝင်မှတ်ပုံတင်ရန်အတွက် နောက်ထပ်အပိုစာရွက်စာတမ်းများ အရေအတွက်များလေ စီးပွားရေးလုပ်ငန်း၏ကနဦးကုန်ကျစရိတ်များလေဖြစ်သည်။ဤညွှန်ကိန်းအတွက် ကျိုးကြောင်းဆင်ခြင်နည်းက ရိုးရှင်းပါသည်။ အပိုဆောင်းစာရွက်စာတမ်းတစ်ခုချင်းစီ လိုအပ်တိုင်းလုပ်ငန်းရှင်၏ အချိန်နှင့် ငွေကြေးကုန်ကျခံရသည်။ ထိုစာရွက်စာတမ်းရ/မရမသေချာမရေရာ ဖြစ်သည်။ (ရလာခဲ့လျှင်လည်း) စာရွက်စာတမ်းကိုအချိန်မီ လက်ခံရရှိပါမည်လားနှင့် ပတ်သက်၍ လည်း စိတ်ပူဖြစ်သည်။ ဤသို့ဖြင့် စာရွက်စာတမ်းတစ်ခုစီ တိုးလာသည်နှင့်အမျှကနဦးကုန်ကျစရိတ်ကလည်းတိုးလာသည် အလျောက် စာရွက်စာတမ်း စုစုပေါင်းအရေအတွက်သည် စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ရန် စုစုပေါင်း ကနဦးကုန်ကျစရိတ်၏ညွှန်ကိန်းကိုပြသရန်အတွက်အသုံးဝင်သည်။ (Ciccone and Pappaioannou, 2007).

၃။ မြို့တော်စည်ပင် ကော်မတီ (သို့) စည်ပင်အဖွဲ့တွင် လိုင်စင်လုပ်ရန် ကြန့်ကြာသည့် နေ့ရက် အရေအတွက် (#)

၄။ DICA တွင် မှတ်ပုံတင်လက်မှတ်ရရှိရန် ကြန့်ကြာသည့် နေ့ရက် အရေအတွက် (#)

ဤညွှန်ကိန်းနှစ်ခုသည် မြို့တော် စည်ပင်ကော်မတီ (မြို့တော်စည်ပင်ကော်မတီ) သို့မဟုတ်မြို့နယ်စည်ပင်အဖွဲ့တို့မှ သက်ဆိုင်ရာ လုပ်ငန်းစုတခု၏ စာရွက်စာတမ်းများ လျှောက်ထားရရှိရန်အတွက် ကြာခဲ့သောအချိန်ကာလ နေ့ရက် အရေအတွက်ကိုဖော်ပြသည် (Bissinger,2019)။ ကျွန်ုပ်တို့သည်ဤကိစ္စ၌ စီးပွားရေးလုပ်ငန်းများမှ နောက်ဆုံး မကြာသေးမီက ရရှိခဲ့သည်ဟုဆိုသော စာရွက်စာတမ်းဆိုင်ရာ အချက်အလက်များကို အသုံးပြုသည်။ အဘယ်ကြောင့် ဤညွှန်ကိန်းများသည် စီးပွားရေးလုပ်ငန်းတစ်ခုအတွက် ကနဦးကုန်ကျစရိတ်ကို တိုင်းတာပေးသည်ဟုဆိုသော်၊ စာရွက်စာတမ်းလက်ခံရရှိရန် အချိန်ကြာလေလေ စီးပွားရေးလုပ်ငန်းထူထောင်ရန် ကုန်ကျစရိတ် အခွင့်အလမ်းပို၍ များလေဖြစ်၍ ဖြစ်ပါသည်။ (World Bank, 2018)။

၅။ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း တခုခု၌ အခက်အခဲရှိခြင်း (%)

ဤညွှန်ကိန်းသည် စီးပွားရေးလုပ်ငန်းစတင်ရန်လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများ (ဥပမာ- လုံခြုံစိတ်ချရမှု လက်မှတ် သို့မဟုတ် ကြော်ငြာလိုင်စင်) ရယူရန် အခက်အခဲရှိသော လုပ်ငန်းများ၏ ဝေစုပမာဏ (%)ကို တိုင်းတာသည်။ လိုအပ်ချက်များသည် မြို့နယ်၊ ကဏ္ဍ၊ နှင့် စာရွက်စာတမ်း အမျိုးအစားများအရ ကွဲပြားသော်လည်း စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်အတွက် လျှောက်ထားရန် အထောက်အထား စာရွက်စာတမ်းများစွာရရှိရန် မကြာခဏ လိုအပ်နိုင်သည်။ တစ်ခါတစ်ရံ အရက်ဆိုင် သို့မဟုတ် စားသောက်ဆိုင်ဖွင့်ရန် ပတ်ဝန်းကျင် အိမ်နီးချင်းထံမှ သဘောတူ လက်မှတ်များ စုဆောင်းရန် လိုအပ်သည့် ကိစ္စတို့၌ ၎င်းတို့ကိုရရှိနိုင်ရန် အလွန်ရှုပ်ထွေးနိုင်သည်။ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန် လိုအပ်သော စာရွက်စာတမ်းများကို ရရှိရန်ပို၍ခက်ခဲလေ အရင်းအမြစ်များနှင့် အချိန်များများ ကုန်လေဖြစ်ပြီး၊ ကုန်ကျစရိတ်များလေဖြစ်သည် (World Bank, 2018)။ ထို့အပြင်၊ လုပ်ငန်းတစ်ခုသည် လုပ်ငန်းမစမီ အုပ်ချုပ်ရေးဆိုင်ရာ စာရွက်စာတမ်းများ အားလုံးပြီးစီးရန် စောင့်ဆိုင်းရန် လိုအပ်သောကြောင့် အချိန်ကုန်သလို၊ အကယ်၍ ဖွင့်ခွင့် မရနိုင်ခဲ့လျှင် ထိုစီးပွားရေးလုပ်ငန်းသည် ကြိုတင်သုံးစွဲထားသော ငှားရမ်းခနှင့် အခြားသတ်မှတ်ထားသော ကုန်ကျစရိတ်များ ဆုံးရှုံးနိုင်သည်။

၆။ စည်ပင်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် လိုအပ်သော စာရွက်စာတမ်းများဝေစု (%)

ဤစောင့်ကြည့်စစ်ဆေးမှု အညွှန်းကိန်းသည် ပြည်နယ်/တိုင်း တိုင်းတာမှု တစ်ခုစီအတွက် မြို့နယ် စည်ပင်အဖွဲ့ မှ လိုင်စင် သို့မဟုတ် လက်မှတ်တစ်ခုခုကို လျှောက်ထားရန် လိုအပ်သော အထောက်အထား စာရွက်စာတမ်း ပမာဏကို တိုင်းတာသည်။ ယခုကိစ္စ၌မူ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အတွက် တိုင်းတာခြင်းဖြစ်သည်။ စာရွက်စာတမ်းများ၏ အချိုးအစားကို ကြိုတင်စာရင်းပြုစု သတ်မှတ်ထားသော စာရွက် စာတမ်း(၉)ခုအနက်မှ မြို့နယ် စည်ပင်အဖွဲ့မှ လိုအပ်သောစာရွက်စာတမ်း အရေအတွက် (%)ကို တွက်ချက်၍ပြဆိုသည်။ ထည့်သွင်းစဉ်းစားသည့်အထောက်အကူပြု စာရွက်စာတမ်းများတွင် လျှောက်လွှာပုံစံများ၊ အစိုးရရုံးများမှ အခြားထောက်ခံစာများနှင့် အိမ်နီးချင်း လက်မှတ်ပုံစံများလည်း ပါဝင်သည်။ ဤအထောက်အကူပြု စာရွက်စာတမ်းများအတွက် ကျွန်ုပ်တို့၏ စစ်တမ်းတွင် အကြိုးဝင် ပါဝင်သော လုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည့် အထွေထွေအထောက်အကူပြု စာရွက်စာတမ်းများကို ကျွန်ုပ်တို့က အဓိကထားပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန် အထောက်အကူပြု စာရွက်စာတမ်း များများ လိုအပ်လေ လုပ်ငန်းစဉ် ပို၍ခက်ခဲလေဖြစ်၍၊ ကနဦး

ကုန်ကျစရိတ်လည်း ပိုမိုမြင့်မားလေဖြစ်မည်။

၇။ စည်ပင်အဖွဲ့ ဝန်ထမ်းများသည် ကျွမ်းကျင်မှု ရှိကြောင်းနှင့် ကူညီတတ်ကြောင်း သဘောတူညီမှု (%)

ဤညွှန်ကိန်းကို စည်ပင်အဖွဲ့ အရာရှိများအား စီးပွားရေး လုပ်ငန်းများ မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ တိုက်ရိုက်ဆက်သွယ်လေ့လာသော ခရီးစဉ်များအတွင်း စုဆောင်းခဲ့ခြင်းဖြစ်သည်။ မြို့နယ်ရှိ စီးပွားရေး လုပ်ငန်းတစ်ခု မည်သို့စတင်ရမည်ကိစ္စနှင့် ပတ်သက်၍ စံသတ်မှတ်ထားသော မေးခွန်းများပြုစု၍ အသုံးပြုခဲ့ပါသည်။ မေးမြန်းခံရသူများတို့ကို တာဝန်ရှိသူများက သူတို့အပေါ် မည်ကဲ့သို့ တုံ့ပြန်ခဲ့သည်ကို မှတ်တမ်းတင် စာရင်းပြုစုခဲ့ပါသည်။ ဤညွှန်ကိန်းသည် ထိုမြို့နယ် စည်ပင်အဖွဲ့မှ ဝန်ထမ်းများသည် အကူအညီပေးကြခြင်းနှင့် ကျွမ်းကျင်မှု ရှိကြောင်း လက်ခံဖြေကြားခဲ့သော အရေအတွက် (%)ကို တွက်ချက်၍ ပြဆိုသည်။ မြို့နယ်စည်ပင်အဖွဲ့များ၏ ပြည်နယ်/တိုင်း အခြေခံကို တိုင်းတာစာရင်းကောက်ယူမှုများဆိုင်ရာ စံနှုန်းဟုယူဆနိုင်သည်။ ကျွမ်းကျင်သော စည်ပင်အဖွဲ့ဝန်ထမ်းများသည် အလားအလာရှိသော စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏မှတ်ပုံတင်ခြင်းကို အချိန်နှင့်တပြေးညီဖြစ်စေရန် ပိုမိုလွယ်ကူစေလိမ့်မည် ဖြစ်၏။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများ ဝင်ရောက်မှု လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ လုပ်ငန်းစုများ၏ ကနဦးကုန်ကျစရိတ်အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ညွှန်ကိန်းအသစ် (၁၀)-ခုကို ထပ်မံထည့်သွင်းခဲ့သည်။ ၎င်းတို့မှာ အောက်ပါ အတိုင်းဖြစ်သည် -

၈။ မြို့တော်စည်ပင် ကော်မတီ (သို့) စည်ပင်အဖွဲ့ လုပ်ငန်းလိုင်စင်လျှောက်ထားရန် လိုအပ်သော လုပ်ထုံး လုပ်နည်း လုပ်ငန်းစဉ်အဆင့် အရေအတွက် (#)

၉။ DICA မှတ်ပုံတင်လက်မှတ် လျှောက်ထားရန် လိုအပ်သော လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်အဆင့် အရေအတွက် (#)

၁၀။ DISI မှတ်ပုံတင်လက်မှတ် လျှောက်ထားရန် လိုအပ်သော လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်အဆင့် အရေအတွက် (#)

ဤညွှန်ကိန်းသုံးရပ်သည် မြို့တော်စည်ပင် ကော်မတီ (သို့) စည်ပင်လုပ်ငန်းလည်ပတ်ခွင့် လိုင်စင်၊ (သို့) DICA မှတ်ပုံတင် လက်မှတ် (သို့) DISI မှတ်ပုံတင် လက်မှတ်တစ်ခုခု စသည်တို့ကို ရယူနိုင်ရန် လိုအပ်သော တရားဝင်အဆင့်များကို တိုင်းတာသည်။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ ရည်ညွှန်းစာ တစ်စောင်ရယူခြင်း၊ ဆူညံသံများနှင့် အခြားအနှောင့်အယှက် ဖြစ်စေမှုများနှင့် ပတ်သက်၍ အိမ်နီးနားချင်းများကို စစ်တမ်းကောက်ယူခြင်း၊ ပိုင်ရှင်များ၊ မန်နေဂျာများ နှင့် အခြားတို့၏ ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးမှုများ၊ တံဆိပ်ခေါင်းခွန် နှင့် ဘဏ်စာရင်းများ စသည်တို့ပါဝင်သည်။ ၎င်းလိုအပ်ချက်အားလုံးသည် လူထုအားကာကွယ်ရန် တရားဝင်သော်လည်း ဤစာရွက်စာတမ်းများကို ရယူရန် လုပ်ထုံး လုပ်နည်းများ ပိုမိုလိုအပ်လာ၍ လုပ်ငန်းစုတစ်ခုစီ အတွက် ကနဦးကုန်ကျစရိတ် များလာစေမည် ဖြစ်သည်။ လုပ်ထုံးလုပ်နည်းအဆင့်နည်းလေ၊ ကနဦးကုန်ကျစရိတ် နည်းလေဖြစ်သည်။ ဤညွှန်ကိန်းများသည်ကြာချိန်ညွှန်ကိန်း နှင့် သဘောတရားအရဆင်တူသည်။ အလားအလာရှိသော စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ထုံးလုပ်နည်းများ ပြီးမြောက်ရန် အားစိုက်ထုတ်မှုများ (နှင့်ကုန်ကျစရိတ်) များစွာဖြုန်းရမည်ကို စိုးရိမ်၍ လုပ်ငန်းတစ်ခု မစတင်လိုခြင်း လည်းဖြစ်နိုင်သည်။ အနိမ့်ဆုံးအဆင့် လုပ်ငန်းစဉ်ပြီး/မပြီး၊ မည်သည့်အချိန်တွင်ပြီးစီးမည် ဟူသောကိစ္စတို့သည်လည်း စတင်ရန် အဟန့်အတားဖြစ်စေနိုင်သည်။ ထို့အပြင်၊ လုပ်ထုံးလုပ်နည်းများ အရေအတွက်များလျှင် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန် အဟန့်အတားပိုဖြစ်စေပြီး၊ လုပ်ငန်းရှင်သည် တရားမဝင်လုပ်ကိုင်ရန် ရွေးချယ်ခြင်း သို့မဟုတ် လက်ရှိ စည်းမျဉ်းစည်းကမ်းများကို ကျော်လွှားခြင်း ဖြစ်နိုင်ခြေ လည်းရှိသည်။ ထို့အပြင် အစိုးရအတွက်အခွန် စည်းကြပ်မှု လျှော့ချခြင်းနှင့် လုပ်ငန်းစုအတွက် ပြည်သူ့ဝန်ဆောင်မှုများ လက်လှမ်းမီမှု နည်းပါးစေသည်။ တစ်နည်းပြောလျှင်အစိုးရနှင့် လုပ်ငန်းစု နှစ်ဖက်စလုံးအတွက် (win-win) မဟုတ်ပဲ (lose-lose) အခြေအနေဖြစ်စေသည်။ ထို့အပြင် လုပ်ထုံးလုပ်နည်း များလွန်းလျှင် ပိုမိုရှုပ်ထွေးပြီး အခက်အခဲမျိုးစုံ တွေ့နိုင်သည်။ ပွင့်လင်းမြင်သာမှု နိမ့်ကျခြင်းသည်၎င်း၊ လုပ်ထုံးလုပ်နည်းများ အတွက်လိုအပ်သည့် နောက်ခံလိုအပ်ချက်များကိုင၊ မည်သည့်လုပ်ထုံးလုပ်နည်းများ၌ မည်သည့်လုပ်ငန်း အဆင့်ဆင့်လိုအပ်သည်ကိုင၊ သတင်းအချက်အလက်များကို လူသိနည်းသော ပတ်ဝန်းကျင်၌ ၎င်း၊ သတင်းအချက်အလက် မရရှိနိုင်ခြင်းသည်၎င်း၊ အမှားများကို ပို၍ဖြစ်ပေါ်စေပြီး လုပ်ငန်းစု၏ အချိန် နှင့် ငွေကြေးများကို ဖြုန်းတီးစေသည်။

၁၁။ လိုင်စင်လုပ်ထုံးလုပ်နည်းများကိစ္စအတွက် သုတေသနအဖွဲ့သည် စည်ပင်အဖွဲ့ သို့ တစ်ကြိမ်မက သွားရောက်ခဲ့ရသည် (%)

ကျွန်ုပ်တို့၏ သုတေသနအဖွဲ့မှ တစ်စုံတစ်ဦးဦးက လိုင်စင် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် သတင်းအချက် အလက်များကိုရရှိရန် မြို့နယ်စည်ပင်အဖွဲ့ ရုံးများသို့ တစ်ကြိမ်ထက်ပိုပြီး သွားရောက်ခဲ့ရခြင်း၏ တူညီသော binary variable တစ်ခုမှ တွက်ချက်သည့်စူးစမ်းလေ့လာရေး

ညွှန်ကိန်းဖြစ်သည်။ ဤပြည်နယ်/တိုင်း တစ်ခုစီ၏ ညွှန်ကိန်းကို တွက်ချက်ရန် မြို့နယ်များသို့ တစ်ကြိမ်ထက်ပို၍ သွားရောက်ခဲ့ရခြင်း ရှိ/မရှိ အချိုးအစားကို ကျွန်ုပ်တို့စုစည်းသည်။ ကျွန်ုပ်တို့၏ သုတေသနအဖွဲ့သည် ပုံမှန်အလုပ်ချိန်အတွင်း သွားရောက်ခဲ့ပြီး စီးပွားရေးလိုင်စင်ကိစ္စကို ဝန်ထမ်းများနှင့် ရှာဖွေဆွေးနွေးခဲ့သည်။ ထို့ကြောင့် အကယ်၍ လုပ်ငန်းရှင်/ကိုယ်စားလှယ်သည် အလုပ်ချိန်အတွင်း စည်ပင်အဖွဲ့ရုံးသို့ သွားရောက်ခဲ့ပါက ထိုသူမှ ရရှိသောတွေ့ထိမှုသည် ဤအစီအမံနှင့်အလားတူဆင်တူမည်ဖြစ်သည်။ အကျိုးသက်ရောက်မှုများမှာ ရိုးရှင်းပါသည်။ စည်ပင်အဖွဲ့ ရုံးသို့တစ်ကြိမ်ထက်မက ပို၍သွားရောက်ရခြင်းသည် လုပ်ငန်းရှင်အတွက် ကုန်ကျစရိတ်များနှင့် အားစိုက်ထုတ်မှုများကို ပိုမိုဖြစ်စေသည်။ သဘောတရား အားဖြင့် ၎င်းသည် အခြားညွှန်းကိန်းများနှင့် ဆင်တူသည်။ ဤညွှန်ကိန်းသည် စည်ပင်အဖွဲ့ ရုံး၏ အခြေခံ အရည်အသွေးများကိုလည်း ဖော်ပြသည်။ အကယ်၍ လုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်များသည် စည်ပင်အဖွဲ့ သို့ တစ်ကြိမ်မက၊ ပိုပြီးသွားရပါက ၎င်းရုံးသည် စနစ်တစ်ကျ ဖွဲ့စည်းထားခြင်း မရှိ သို့မဟုတ် လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိဟုဆိုနိုင်သည်။ ဤကြိုးနီစနစ်နှင့် စွမ်းရည်ညံ့ဖျင်းမှုသည် လုပ်ငန်းစုများ၏ အချိန်ကိုကုန်စေခြင်းအားဖြင့် စီးပွားရေး စွမ်းဆောင်ရည်အပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေသည်။

၁၂ ။ စည်ပင်အဖွဲ့ ရုံး၏ စွမ်းရည်အပြည့် အလုပ်လုပ်သည်ဟု သဘောတူညီမှု (%)

၁၄။ ပြည်သူ့ဝန်ဆောင်မှုရုံး၏ စွမ်းဆောင်နိုင်မှု ပမာဏ (%)

ဤအစီအမံများကို မြို့နယ်တစ်ခုချင်းစီသို့ စူးစမ်းလေ့လာရေးခရီးစဉ်တွင် စာရင်းကောက်သူများက ကောက်ယူခဲ့ခြင်းဖြစ်သည်။ ဤအညွှန်ကိန်း(၂)ခုသည် ပြည်နယ်/တိုင်းဒေသများ တစ်ခုချင်းစီအတွင်းရှိ မြို့နယ်တစ်ခုစီ၏ စည်ပင်အဖွဲ့(စည်ပင်သာယာရေး)/ပြည်သူ့ဝန်ဆောင်မှုရုံး) အဖွဲ့က စွမ်းဆောင်ရည်အားအပြည့်အဝဖြင့် (၀၊) ရှိရင်းရှပ်ပိုင်းဆိုင်ရာသွင်းအားစုများကို အပြည့်အဝအသုံးချ လည်ပတ်နေပါသည် ဟုသုတေသနပြုအဖွဲ့မှ ဆုံးဖြတ်ချက်ချသည့် ထိုပြည်နယ်/တိုင်း ရှိ မြို့နယ်များ၏ အချိုးအစားကို တိုင်းတာသည်။ ဤညွှန်ကိန်းများသည် ကနဦးကုန်ကျစရိတ်ကို နည်းလမ်းနှစ်မျိုးဖြင့် ဆက်စပ်လျက်ရှိသည်။ ပထမအချက်အနေဖြင့် ၎င်းတို့သည် စည်ပင်အဖွဲ့/ပြည်သူ့ဝန်ဆောင်မှုရုံး၏ အခြေခံစွမ်းရည်ကို ကိုယ်စားပြုသော အစီအမံများ ဖော်ပြခြင်းဖြစ်သည်။ ဤအေဂျင်စီများ၏ စွမ်းဆောင်ရည်မြင့်မားလေလေ၊ လိုင်စင်များ၊ သက်သေခံလက်မှတ်များ နှင့် အခြားစာရွက်စာတမ်း လုပ်ငန်းစဉ်များကို သူတို့ကပိုမိုထိရောက်စွာ နိုင်ပါတယ်။ ထို့ကြောင့် တရားဝင်မြန်ဆန်စွာ လည်ပတ်နေသော လုပ်ငန်းစုများအဖြစ်သို့ ဦးတည်သွားမည် ဖြစ်သဖြင့် အထက်တွင် ဆွေးနွေးခဲ့သည့် အတိုင်း အကျိုးကျေးဇူး အမျိုးမျိုးရရှိစေနိုင်ပါသည်။ ဒုတိယ အချက်မှာ ဤညွှန်ကိန်းသည် စာရင်းကောက်များ၏ ဒေသဆိုင်ရာအေဂျင်စီများ၏ စွမ်းဆောင်နိုင်မှုအပေါ် အကဲဖြတ်ခြင်းကို တိုင်းတာ၍၊ ထိုဒေသရှိ လုပ်ငန်းစုများသို့ မျှဝေဖြန့်ဖြူးပေးနိုင်ဖွယ်လည်းရှိပါသည်။ အကယ်၍ ဒေသရှိ လုပ်ငန်းစုများက ဤအေဂျင်စီများသည် ထိရောက်သော စွမ်းဆောင်ရည်မရှိဟု ထင်မှတ်လာလျှင် စီးပွားရေးစတင်ရန် စိတ်ဓာတ်တက်ကြွမှု လျော့နည်းသွားကြလိမ့်မည် ဖြစ်၍၊ အကယ်၍ လုပ်ငန်းတစ်ခု စတင်ပါကလည်း အလွတ်သဘော လုပ်ရန် ရွေးချယ်လာနိုင်ဖွယ်ရှိ၏။ လိုင်စင်နှင့် လိုအပ်သော စာရွက်စာတမ်းများ မပါသော စီးပွားရေးလုပ်ငန်းများသည် ပိုင်ဆိုင်မှုအခွင့်အရေးများ အားနည်းနေမည်။ သူတို့၏ အနာဂတ်(၆)လအထိ တည်မြဲပါ့မည့်လားဟူသော စိုးရိမ်မှုနှင့် မည်သို့ရှိမည်ကို မသေချာမရေရာ မသိနိုင်သောကြောင့် ၎င်းတို့သည် အမြတ်အစွန်းရရှိ၍ ရေရှည်တည်တံ့စေနိုင်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အတားအဆီး ဖြစ်နိုင်သည်။

၁၃။ DAO ရုံးသည် လိုအပ်သော ရုပ်ဝတ္ထုအရင်းမြစ်များ ရှိသည်ဟု သဘောတူသည် (%)

၁၅။ OSS ရုံးသည် လိုအပ်သော ရုပ်ဝတ္ထုအရင်းမြစ်များ ရှိသည်ဟု သဘောတူသည် (%)

၁၆။ ပြည်သူ့ဝန်ဆောင်မှုရုံး ဝန်ထမ်းများသည် ဖော်ရွေပြီး အထောက်အကူပြုကြသည် (%)

ဤညွှန်ကိန်းသည် ပြည်သူ့ဝန်ဆောင်မှုရုံးရှိ ဝန်ထမ်းများသည် လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များကို ရှင်းပြရာ၌ အထောက်အကူပြုကြောင်း သုတေသနအဖွဲ့က ဆုံးဖြတ်ထားသော ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ မြို့နယ်များကို (%)ဖြင့် တိုင်းတာထားခြင်း ဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုရုံး ဝန်ဆောင်မှုများနှင့် ပတ်သက်သော ဝန်ထမ်းများ ရုံးတွင်၌ ရှိ/မရှိ၊ မေးခွန်းများကို ဖြေဆိုလိုသော ဆန္ဒရှိ/မရှိ၊ ဖြေဆိုနိုင်ခြင်းရှိ/မရှိ ပေါ်တွင် အခြေခံ၍ ဝန်ထမ်းများ၏ အထောက်အကူပြုမှုကို အကဲဖြတ်ခဲ့သည်။ စာရင်းကောက်သူသည် ပြည်သူ့ဝန်ဆောင်မှု ရုံးဝန်ထမ်းများအနေနှင့် အထောက်အကူဖြစ်စေသည်ဟု သဘောတူလျှင် binary စနစ်အားဖြင့်ညွှန်ကိန်း(၁)သို့မဟုတ်မတူပါက (၀)ဟုထား၍ တွက်ချက်သည်။ ဝန်ထမ်းများသည် အလားအလာရှိသော စွန့်ဦးတီထွင်သူများ၊ ရှိရင်းစွဲလုပ်ငန်းစုများ၏ သတင်းအချက်အလက်များကို လွယ်လွယ်ကူကူနှင့် ပိုမိုလွယ်ကူစွာ မျှဝေနိုင်ပါက ဝန်ထမ်းများအနေဖြင့် ပွင့်လင်းမြင်သာမှု ပိုမိုရှိသော သဘောဆောင်ပါသည်။ အထောက်အကူပြုကူညီတတ်သော ဝန်ထမ်းများက လုပ်ငန်းများကို ပိုမိုလွယ်ကူကြောင်းပြသ၍၊ လုပ်ငန်းရှင်များအတွက်ပိုမိုလွယ်ကူစွာ ပြီးစေခြင်းဖြင့် သူတို့၏အချိန်နှင့် ကုန်ကျစရိတ်သက်သာ

စေသည်။ အထောက်အကူပြု ကူညီတတ်သော ဝန်ထမ်းများ သည် လိုအပ်သော စာရွက်စာတမ်းများကို အလွယ်တကူ ထောက်ပံ့ပေးနိုင်ပြီး ထိုစာရွက်စာတမ်းများဆိုင်ရာ လုပ်ငန်း များကို ပိုမိုလျင်မြန်စွာပြီးစီးရန် ကူညီကြသည်။

၁၇။ စည်ပင်အဖွဲ့ ရုံးများတွင် စံ ပုံစံလျှောက်လွှာများရှိပြီး၊ ရရှိနိုင်သည် (%)

ဤညွှန်ကိန်းသည် သုတေသနပြုလေ့လာသူများက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ (စည်ပင်အဖွဲ့) ရုံးများ၌ စံချိန်ကိုက် လျှောက်လွှာပုံစံများ ပြင်ထားရှိပြီး ဝင်ရောက်သူ လုပ်ငန်းစု အားလုံးရရှိနိုင်သည် ဟု မှတ်ချက်ပြုခဲ့သည့်ဝေစုကို (%)ဖြင့် တိုင်းတာသည်။ ဤညွှန်ကိန်း၏ အနက် နှင့် အဓိပ္ပါယ်က အလွန် ရိုးရှင်းပါသည်။ ပြည်နယ်/တိုင်း တစ်ခုအတွက် မြို့နယ် စည်ပင်အဖွဲ့အဖွဲ့ရုံးတို့၌ စံသတ်မှတ်ထားသော လျှောက်လွှာပုံစံ ရှိသည့်ရုံးပို့၍များလေ ကနဦးကုန်ကျစရိတ် လျော့နည်းလေ ဖြစ်သည်။ စည်ပင်အဖွဲ့ တွင်အလွယ်တကူ ရနိုင်သောလျှောက်လွှာပုံစံမရှိပါက လုပ်ငန်းရှင်များသည် တရားဝင် ပုံစံတကျရှိရှိ အလွယ်တကူ ဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးကို မခံစားရနိုင်ပါ။ အလားအလာရှိသော ထိုသူတို့၏ အချိန်ကို ကုန်လွန်သွားစေပြီး စည်ပင်အဖွဲ့ သို့ အကြိမ်ပေါင်းများစွာ သွား/ပြန် မလုပ်လိုရ၍ လုပ်ငန်းလိုင်စင် မပါဘဲ လုပ်ကိုင်လည်ပတ်စေရန် တွန်းပို့သကဲ့သို့ဖြစ်သွားနိုင် သည်။ ထိုသို့လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းသည် တရားလည်း မဝင်သလို ဒေသခံအစိုးရအတွက်လည်း အကျိုးယုတ်စေမည် ဖြစ်ပါသည်။ ဤညွှန်ကိန်း၏ ထပ်ဆင့်တန်ဖိုးမှာ ဖြေရှင်းချက် အလွန်ရိုးရှင်းခြင်းပင် ဖြစ်ပါ၏။ အကယ်၍ ထို ပြည်နယ်/ တိုင်း သည် ဤညွှန်ကိန်းငယ်၌ နိမ့်ကျနေလျှင် စည်ပင်အဖွဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အတွက် စံချိန်မီလျှောက်လွှာ ပုံစံများကို ပိုမိုလွယ်ကူကျယ်ပြန့်စွာ ရရှိနိုင်စေနိုင်မှုကို သေချာအောင်ပြုလုပ်ရန် လိုအပ်သည်။

ဇယား ၄.၁ ။

ကနဦးကုန်ကျစရိတ်ဆိုင်ရာ အညွှန်းကိန်းခွဲ နှိုင်းယှဉ်ခြင်း (၂၀၁၀-၂၀၂၀)

ဤအဓိက ညွှန်ကိန်းများကို ၂၀၁၈ နှင့် ၂၀၂၀ MBEI မှတ်တမ်းများမှ စုဆောင်းထားသည်					
ညွှန်ကိန်း	အရင်းအမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
ကနဦး ကုန်ကျစရိတ်ဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆.၅၀ ၇.၄၂ ၈.၇၉	၆.၀၉ ၇.၆၂ ၉.၂၀ ၀.၁၁	၇.၀၂ ၈.၀၂ ၈.၆၄ ၀.၅၈
စစ်တမ်းညွှန်ကိန်းများ	တိုင်းတာပြီး စစ်တမ်း ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅.၀၈ ၅.၃၇ ၅.၆၀	၄.၈၂ ၅.၃၅ ၅.၅၈ -၀.၁၆	၄.၉၉ ၅.၃၄ ၅.၅၉ ၀.၆၀
အမာခံ ညွှန်ကိန်းများ	တိုင်းတာပြီး အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၁၈ ၁.၉၈ ၃.၄၂	၀.၇၅ ၂.၃၇ ၃.၈၃ ၀.၁၁	၁.၆၀ ၂.၅၈ ၃.၄၆ ၀.၅၉
၁ ။ အပြည့်အ၀တရား၀င်ရန် သုံးလစောင့်ဆိုင်းခြင်း (%)	MBEI စစ်တမ်း မေးခွန်းများ Q ၂၇ အရ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၉% ၂၄.၂% ၃၈.၀%	၄.၀% ၂၄.၅% ၅၅.၅% ၀.၂၈	၆.၈% ၂၁.၁% ၄၆.၂% ၀.၈၃

၂။ အပြည့်အဝတရားဝင်ရန် အတွက် လိုအပ်သော စာရွက်စာတမ်း အရေအတွက် (#)	MBEI စစ်တမ်း မေးခွန်းများ Q ၂၈ အရ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၈၆ ၄.၅၀ ၆.၂၃	၃.၃၆ ၄.၅၉ ၇.၆၉ ၀.၄၄	၂.၅၈ ၄.၂၇ ၅.၉၁ ၀.၇၇
၃။ မြို့တော်စည်ပင် ကော်မတီ (သို့) စည်ပင် အဖွဲ့တွင် လိုင်စင်လုပ်ရန် ကြန့်ကြာသည့် နေ့ရက် အရေအတွက် (#)	MBEI စစ်တမ်း မေးခွန်းများ Q25_r1 / Q25_r2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၈.၁၅ ၃၀.၉၅ ၆၃.၂၆	၁၆.၇၈ ၂၄.၈၂ ၄၁.၅၀ ၀.၃၂	၁၀.၃၀ ၂၂.၉၄ ၄၁.၀၂ ၀.၇၆
၄။ DICA တွင် မှတ်ပုံတင် လက်မှတ်ရရှိရန် ကြန့်ကြာသည့် နေ့ရက် အရေအတွက် (#)	MBEI စစ်တမ်း မေးခွန်းများ - Q25_r3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇.၀၀ ၃၁.၂၂ ၁၈၈.၅၀	၁.၀၀ ၃၀.၁၀ ၁၀၅.၀၀ ၀.၁၆	၁၀.၇၃ ၃၁.၀၄ ၉၈.၁၁ ၀.၆၈
၅။ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတခုခု၌ အခက်အခဲရှိခြင်း (%)	MBEI စစ်တမ်း မေးခွန်းများ t_q26_2_1 မှ t_q26_2_8 အထိ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၇% ၈.၂% ၂၄.၈%	၀.၀% ၈.၈% ၃၂.၄% -၀.၀၃	၂.၄% ၆.၉% ၃၀.၇% ၀.၉၁
၆။ စည်ပင်အဖွဲ့ လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိရန် လိုအပ်သော စာရွက်စာတမ်းများ ဝေစု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : စည်ပင်အဖွဲ့ QA4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄၄.၇% ၇၂.၀% ၁၀၀.၀%	၃၇.၈% ၇၈.၂% ၁၀၀.၀% ၀.၅၇	၄၅.၂% ၇၈.၇% ၁၀၀.၀% ၀.၉၇
၇။ စည်ပင်အဖွဲ့ ဝန်ထမ်းများသည် ဗဟုသုတရှိကြောင်းနှင့် ကူညီတတ်ကြောင်း သဘောတူညီမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာမေးခွန်း : စည်ပင်အဖွဲ့ Z5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၀.၀% ၅၀.၀% ၁၀၀.၀%	၃၉.၄% ၈၁.၅% ၁၀၀.၀% -၀.၁၄	၃၇.၈% ၈၀.၄% ၁၀၀.၀% ၀.၉၇

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်သွင်းသည့် ညွှန်ကိန်းအသစ်များ

ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၈။ မြို့တော်စည်ပင် ကော်မတီ (သို့) စည်ပင်အဖွဲ့ လုပ်ငန်းလိုင်စင် လျှောက်ထားရန် လုပ်ထုံး လုပ်နည်းလုပ်ငန်းစဉ်အဆင့် အရေအတွက် (#)	MBEI စစ်တမ်း မေးခွန်းများ- Q25r1_6_1 မှ Q25r1_6_8 နှင့် Q25r2_6_1 မှ Q25r2_6_6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၅၀ ၁.၀၉ ၃.၁၀

၉။ DICA မှတ်ပုံတင် လက်မှတ်လျှောက်ထားရန် လိုအပ်သော လုပ်ထုံး လုပ်နည်းလုပ်ငန်းစဉ် အဆင့် အရေအတွက် (#)	MBEI စစ်တမ်း အချက်အလက်- Q25r3_6_1 မှ Q25r3_6_6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၇၂ ၁.၄၁ ၂.၆၅
၁၀။ DISI မှတ်ပုံတင် လက်မှတ် လျှောက်ထားရန် လိုအပ်သော လုပ်ထုံး လုပ်နည်း လုပ်ငန်းစဉ် အဆင့် အရေအတွက် (#)	MBEI စစ်တမ်း အချက်အလက်- Q25r4_6_1 မှ Q25r4_6_6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၈၉ ၁.၃၈ ၂.၁၀
၁၁။ လိုင်စင်လုပ်ထုံး လုပ်နည်းများ ကိစ္စအတွက် သုတေသနအဖွဲ့သည် စည်ပင်အဖွဲ့ သို့ တစ်ကြိမ်မက သွားရောက်ခဲ့ရသည် (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း - စည်ပင်အဖွဲ့ Q2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၄၅.၄% ၈၅.၈%
၁၂ ။ စည်ပင်အဖွဲ့ ရုံး၏ စွမ်းရည်အပြည့် အလုပ်လုပ်သည်ဟု သဘောတူညီမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း - စည်ပင်အဖွဲ့ Z4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၄၅.၇% ၁၀၀.၀% ၁၀၀.၀%
၁၃။ စည်ပင်အဖွဲ့ ရုံးတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ ရှိပါ၏ဟု သဘောတူကြသူ (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း - စည်ပင်အဖွဲ့ Z6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၆၆.၄% ၁၀၀.၀%
၁၄။ ပြည်သူ့ဝန်ဆောင်မှုရုံး၏ စွမ်းဆောင်နိုင်မှု ပမာဏ (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : ပြည်သူ့ ဝန်ဆောင်မှုရုံး Z4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၅၃.၆% ၁၀၀.၀%
၁၅။ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များရှိပါ၏ဟု သဘောတူကြသူ (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : ပြည်သူ့ဝန်ဆောင်မှုရုံး Z6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၃၃.၃% ၁၀၀.၀%
၁၆။ ပြည်သူ့ဝန်ဆောင်မှုရုံး ဝန်ထမ်းများသည် ဖော်ရွေပြီး အထောက်အကူ ပြုကြသည် (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : ပြည်သူ့ဝန်ဆောင်မှုရုံး Z5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၇၈.၄% ၁၀၀.၀%
၁၇။ စည်ပင်အဖွဲ့ ရုံးများတွင် စံချိန်ကိုက် ပုံစံလျှောက်လွှာများရှိပြီး၊ ရရှိနိုင်သည် (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း - စည်ပင်အဖွဲ့ A1a	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂၃.၂% ၁၀၀.၀% ၁၀၀.၀%

၄.၂။ မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု

မြေယာများ၊ အရင်းအနှီးများ သို့မဟုတ် ဥာဏ်ပစ္စည်းများကို နိုင်ငံတော်က နိုင်ငံပိုင် ပစ္စည်းများအဖြစ် သိမ်းပိုက်ခြင်းမှ ကာကွယ်ပေးသော ပိုင်ဆိုင်မှုအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကြောင့် စီးပွားရေးလုပ်ငန်းများသည်အကျိုးခံစားရပါသည် (North 1981, Acemoglu နှင့် Johnson 2005, Johnson et al. 2002)။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးများကို တရားဝင်အမိန့် သို့မဟုတ် ရိုးရှင်းသောတရားဝင်ခွင့်ပြုချက်ဖြင့် ကတိပေးသည့်သဘော ပြုလုပ်၍မရနိုင်ပါ။ ၎င်းကိစ္စရပ်တို့ကို စီးပွားရေးအသိုင်းအဝိုင်း၏ ကိုယ်စားပြုမှု ပါဝင်၍ လည်းကောင်း၊ အခွင့်အရေး အပြည့်အဝရှိ/မရှိ အပြန်အလှန် ထိန်းချုပ်ပေးသည့် အဖွဲ့အစည်းများပါဝင်၍ လည်းကောင်း ပြည်နယ်၌ အာဏာအရ စစ်ဆေးခွင့်ရှိကြောင်း အသိအမှတ်ပြုပြီးမှ ထိုပြည်နယ်က စစ်ဆေးစိစစ် ဆုံးဖြတ်ချက် ချမှတ်ကြောင်း ထင်ရှား သေချာစေရမည်။ ၎င်းကိစ္စအတွက် စီးပွားရေးလုပ်ငန်းများဖက်မှ ပြည်နယ်၌တာဝန်ခံဆောင်ရွက်နေသူများ၏ ဆုံးဖြတ်ချက်များကို လွတ်လပ်သော တရားရုံးများ၌ အယူခံဝင်ခွင့်လည်း ရှိစေရမည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများက မိမိဒေသအတွင်းစီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုအခွင့်အရေးများနှင့် ရေရှည်အန္တရာယ်များကို ပိုမိုကာကွယ်သည့်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုကြီးထွားမှုရှိကြောင်းကို (Deninger and Jin 2006, Field 2005, Li et. al. 1998) ၏ ပြည်နယ်များအတွင်း လေ့လာမှုများစွာတို့က ထင်ရှားစေခဲ့ပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများအတွက် ပိုင်ဆိုင်မှုဆိုင်ရာ အခြေခံအခွင့်အရေးများ၊ မြေ နှင့် မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာလုံခြုံမှု ရှိ/မရှိ ကိစ္စသည် သူတို့၏ လုပ်ကိုင်နိုင်မှုစွမ်းအားကို များစွာလွှမ်းမိုးစေသည်။ စီးပွားရေးလုပ်ငန်းတစ်ခုမှ လုပ်ဆောင်ရမည့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများ၊ အမြတ်အစွန်းနှင့် စီးပွားရေးလုပ်ငန်းလည်ပတ်မှုတစ်ခုလုံးသည် မြေယာအခွင့်အရေးများ အဆင့်အခြေအနေအပေါ် မူတည်၍ စတင်လုပ်ကိုင်ရန်ပင် သင့်/မသင့် ဆုံးဖြတ်ကြသည် (Leckie and Simperingham 2009, Guyitt, 2014)။

မြန်မာနိုင်ငံတွင် မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှုကိစ္စသည် ရှုပ်ထွေးမှု ရှိပါသည်။ မြန်မာနိုင်ငံတွင် မြေယာရရှိနိုင်မှု/ပိုင်ဆိုင်မှုသည် ကာလရှည်စွာကပင် တိုင်းပြည်၏နေရာအနှံ့၌ အစိုးရကထိန်းချုပ်ခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများသို့ မြေယာလွှဲပြောင်းပေးခြင်းနှင့် ကြာမြင့်စွာ ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင် ပဋိပက္ခများကြောင့် ရှုပ်ထွေးလျှက်ရှိစေခဲ့ပါသည်။ နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် မြေယာပိုင်ဆိုင်ခွင့်နှင့် တရားဝင်လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ပြင်းထန်သော ပြဿနာများရှိကြောင်း သုတေသနပြုမှုများက ပြသလျှက်ရှိသည်။ နိုင်ငံသားများအနေဖြင့် လုပ်ကိုင်စားသောက်ရန် လုံလောက်သော မြေယာရရှိရန်အခက်အခဲများစွာနှင့် ရင်ဆိုင်ရပြီး အကယ်၍ရရှိသွားလျှင်လည်း ပိုင်ဆိုင်မှုတရားဝင်ဖြစ်စေရန် လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကလည်း ရှုပ်ထွေးခက်ခဲပြဿနာများစွာရှိကြောင်းပြသလျှက်ရှိသည်။ (Leckie and Simperingham, 2009; Guyitt, 2014)။ အရေးကြီးသော လေ့လာမှုများက မြန်မာနိုင်ငံတွင် လုံခြုံစိတ်ချရသော ပိုင်ဆိုင်မှုအခွင့်အရေးများမရှိခြင်းကြောင့် လူမှုဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်လည်း ခြိမ်းခြောက်မှုများစွာ ရှိနေကြောင်းကို မီးမောင်းထိုးပြခဲ့သည် (Myanmar Center for Responsible Business, 2018)။ မလုံခြုံသော မြေယာပိုင်ဆိုင်မှုများသည် မသေချာမရေရာမှုများ ဖြစ်ပေါ်စေသည်။ ဆိုလိုသည်မှာ စီးပွားရေးလုပ်ငန်းများသည် မိမိတို့အကျိုးခံစားရမည့် လုပ်ငန်းများမှ အမြတ်အစွန်းရရှိသည့်အချိန်အထိ ဆက်လက်လုပ်ကိုင်ခွင့်ရှိရန် မသေချာမရေရာ မလုံခြုံသောကြောင့် မြေယာပိုင်ဆိုင်မှု မခိုင်မာလျှင် ရေရှည်၌ တိုးတက်သည့် ရင်းနှီးမြှုပ်နှံမှုများကို မပြုလုပ်ဘဲနေကြမည်ဖြစ်ကြောင်း သိစေလိုပါသည်။ ဖြစ်နိုင်ခြေရှိသော အဆိုးဆုံးအဆင့်အထိတွေးလျှင် ရင်းနှီးမြှုပ်နှံလိုသော အလားအလာရှိလုပ်ငန်းရှင်တို့သည် အစိုးရက သူတို့၏မြေများကို အချိန်မရွေးသိမ်းယူခြင်း ပြုနိုင်သည်ဟု ထင်မြင်လျှင် လုပ်ငန်းများကို မစတင်မီကပင် ရှောင်ပြေးဖွယ်ရာရှိပါသည်။ မြန်မာနိုင်ငံတွင် မြေယာနှင့်သက်ဆိုင်သော ပြဿနာများသည် ကြီးမားသောပြဿနာတစ်ခု ဖြစ်သည်။ သို့သော် ဤသုတေသနသည် စီးပွားရေးလုပ်ငန်းများထက် နိုင်ငံသားတစ်ဦးချင်းစီ၊ လယ်သမားများနှင့် အလုပ်သမားများ၏ ရှုထောင့်အပေါ် အဓိကထား အာရုံစိုက်ထားကြောင်း သတိပြုရန် အရေးကြီးပါသည်။ MBEI သည် စစ်တမ်း၊ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များနှင့် စူးစမ်းလေ့လာရေး အချက်အလက်များအပေါ် အခြေခံ၍ စီးပွားရေးလုပ်ငန်းများ၏ မြေယာလိုအပ်ချက်များကို အထူးအာရုံစိုက်ထားခြင်း ဖြစ်သည်။

ဤအညွှန်းကိန်းခွဲတွင် မြေယာဆိုင်ရာ စာရွက်စာတမ်းများ ရရှိခြင်းမှာ လွယ်/မလွယ် နှင့် သူတို့၏မြေယာ ပိုင်ဆိုင်မှုအပေါ် လုပ်ငန်းစုများမှ ခံစားရသောလုံခြုံမှုအပေါ် တွင်အဓိကထားသည့် စစ်တမ်းမေးခွန်းများ၏ အဖြေများကို ပေါင်းစပ်ထားသည်။ ဤစစ်တမ်းကောက်ယူမှုများကို မြေယာပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများကို ကိုင်တွယ်သော အစိုးရအေဂျင်စီနှစ်ခုဖြစ်သော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS) နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်သည့် စူးစမ်းလေ့လာရေး အချက်အလက်များဖြင့် ဖြည့်စွက်ထားသည်။ ဤအညွှန်းကိန်းခွဲသည် လုပ်ငန်းစု၏ (DALMS) ဆိုင်ရာ မြေယာလုံခြုံမှု၊ လက်ရှိတရားဝင် အဆင့်အတန်း၊ မြေယာ ပိုင်ဆိုင်ခွင့်များ စီမံခန့်ခွဲခြင်းနှင့် လိုအပ်သော ပိုင်ဆိုင်မှု

(မြေပုံကဲ့သို့) စာရွက်စာတမ်းများ ထုတ်ပေးနိုင်သည့် စွမ်းရည်နှင့်တကွ GAD ၏စွမ်းရည်တို့အပေါ် အကဲဖြတ်မှုနှစ်ခုလုံးကို ကြန့်ကြာချိန်နှင့် ထိရောက်သော လုပ်ငန်းဆောင်ရွက်ပုံဆိုင်ရာ ဆက်စပ်သော ကိစ္စများရပ်များကို တိုင်းတာသည်။

ပုံ (၄.၂) က မြေယာပိုင်ဆိုင်လုပ်ကိုင်မှုနှင့် လုံခြုံမှု အညွှန်းကိန်းခွဲကဏ္ဍတွင် ကယားပြည်နယ်သည် အကောင်းဆုံး စွမ်းဆောင်ရည်ကိုပြသပြီး မွန်ပြည်နယ်သည် အနိမ့်ဆုံး လုပ်ဆောင်မှုကို ပြသသည်။ တစ်နည်းဆိုလျှင်၊ ဤကွဲပြားခြားနားမှုအများစုသည် သုတေသနဆိုင်ရာ အချက်အလက် ကောက်ယူမှု အပြောင်းအလဲများ ပေါ်တွင် မူတည်နေသည်။ ယခင်အညွှန်းကိန်းများနည်းတူ ဤကွဲပြားခြားနားမှုများသည် သက်ဆိုင်ရာ အစိုးရ အေဂျင်စီများ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် (ရှိ/မရှိ) ကွာခြားမှု သို့မဟုတ် မပြည့်ဝမှုကို ထင်ဟပ်ပေါ်လွင်စေသည်။ ဥပမာအားဖြင့်၊ ကယားရှိမြို့နယ်ထွေအုပ်များက မြေဂရမ် မထုတ်ပေးမီ လုပ်ငန်းစုများသည် ပျမ်းမျှစာရွက်စာတမ်း-(၁.၇) ခုမျှသာ သာလိုအပ်သည်။ အခြားတစ်ဖက်တွင်မူ မွန်ပြည်နယ်တွင် ထွေအုပ်များက မြေဂရမ် မထုတ်ပေးမီ လုပ်ငန်းစုများသည် ပျမ်းမျှစာရွက်စာတမ်း (၄)-ခု လိုအပ်သည်။ ကြိုးနီစနစ်ကို ထိပ်တန်းတင်ခြင်းနှင့် တာဝန်ရှိသူများ၏ စွမ်းဆောင်ရည်အားနည်းခြင်းတို့ကြောင့် ရှုပ်ထွေးခက်ခဲသော အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်း အခြေအနေများကို ပိုမိုဆိုးရွားစေနိုင်ပါသည်။ ကွင်းဆင်းလေ့လာချက်များအရ ၎င်းလျှောက်လွှာပုံစံများကို မွန်ပြည်နယ်ရှိ မည်သည့်မြို့နယ် ထွေအုပ်ရုံး၌မျှ အလွယ်တကူ မရရှိနိုင်သော်လည်း ကယားဧရိယာ ထွေအုပ်ရုံးအားလုံးနီးပါး (၈၆%)၌ အလွယ်တကူရနိုင်သည်ကို တွေ့ရှိရပါသည်။

ပြည်နယ်နှင့်တိုင်း ဒေသကြီးအလိုက် သီးခြားစစ်တမ်း ညွှန်းကိန်းကိစ္စများ၌ ကြီးမားသော ကွဲပြားခြားနားမှု များစွာရှိကြပါသည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လုပ်ငန်းစုများသည်မြေယာ ပိုင်ဆိုင်ခွင့် နှင့် မြေယာပိုင်ဆိုင်ကြောင်း အထောက်အထားရရှိရန် ရက်-(၅၀) သို့မဟုတ် ရက်အနည်းငယ် ပိုကြာမြင့်သည်။ အခြားတစ်ဖက်တွင်မူ ကရင်ပြည်နယ်တွင် လုပ်ငန်းစုများအတွက် မည်သည့်မြေအမျိုးအစားအတွက် ဖြစ်စေ အလားတူအခွင့်အရေးရရှိရန် ရက်ပေါင်း-(၂၀၀) ကျော်ကြာသည်။ ဤအညွှန်းကိန်းသည် အစိုးရအေဂျင်စီများက အထူးသဖြင့် ပဂ္ဂလိကကဏ္ဍကြီးထွားမှု ရှိနိုင်သော လူဦးရေထူထပ်သည့် ဒေသများတွင် ဝင်ရောက်သည့် လျှောက်လွှာပမာဏနှင့်ညီမျှသော လုပ်အားစွမ်းရည်များကို လုံလောက်စွာ အသုံးမပြုခြင်းနှင့် လိုက်နာရန် ခွင့်ပြုနည်းလမ်းကောင်းများ မရှိခြင်းကိုပြသည်။ ထို့အပြင် လုပ်ငန်းစုများသည် အခြေခံ အစီအမံများ၌ အတော်အတန် ညံ့ဖျင်းနေကြ၍လည်း ဖြစ်နိုင်သည်။ ရခိုင်ပြည်နယ်ရှိ ကုမ္ပဏီများ၏ ၆၁%မျှသာ မြေယာ ဂရန် (သို့) ပုံစံ-၇ ရရှိထားကြပြီး၊ ၎င်းပမာဏသည် ပြည်နယ်/တိုင်း အားလုံးတွင် အမြင့်ဆုံးဖြစ်သည်။ ဤအချက်သည် မြေယာတရားဝင်ပိုင်ဆိုင်မှု ခေါင်းစဉ်၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်နိမ့်ကျနေကြောင်း ဖော်ပြနေပါသည်။

ပုံ ၄.၂ ။

ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု အညွှန်းကိန်းခွဲဆိုင်ရာ အဆင့်များ -



မြေယာတရားဝင်ပိုင်ဆိုင်ခွင့်က အချိန်ကြာလာသည်နှင့်အမျှ တိုးတက်လာခဲ့သော်လည်း မြေယာလုံခြုံမှုသည် အဓိကစိုးရိမ်စရာဖြစ်နေဆဲပါ။ ၂၀၁၈ ၏ ပျမ်းမျှ ပြည်နယ်နှင့် တိုင်းဒေသကြီးများ ခေါင်းစဉ်နှိုင်းယှဉ်နမူနာ အုပ်စု ဒေတာအရ (၆၉.၆%) မျှသာ ရှိခဲ့သော်လည်း ယခုအခါ လုပ်ငန်းစုများ၏ (၇၉.၅%)တို့၌ မြေယာပိုင်ဆိုင်မှုရှိနေသည်။ ဤတိုးတက်မှုအတွက် အကြောင်းပြချက်တစ်ခုမှာ မြေယာပိုင်ဆိုင်ခွင့်ရရှိရန် အချိန်ကြာမြင့်ခြင်းကို အနည်းငယ် လျှော့ချနိုင်ခြင်းကြောင့် ဖြစ်နိုင်သည်။ ဤအကြောင်းကို ထပ်မံသုံးသပ်ရာ၌ ၂၀၁၈ ခုနှစ်တွင် စာရင်းသွင်းသတ်မှတ် (နှိုင်းယှဉ်နမူနာအုပ်စု) လုပ်ငန်းစုများအတွက် လုပ်ငန်းစုတစ်ခု၏ မြေယာပိုင်ဆိုင်ခြင်း သို့မဟုတ် (ပုံစံ-၇)ဖြင့် မြေယာအသုံးပြုခွင့် လက်မှတ်ရရှိရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ပျမ်းမျှကာလမှာ (၁၂၇)- ရက်ဖြစ်ခဲ့ပြီး၊ ၂၀၂၀ ခုနှစ်တွင် (၁၂၂) ရက်ဟုတွေ့ခဲ့ရာ အသင့်အတင့် တိုးတက်မှုရှိသည်ဟု ဆိုနိုင်သည်။ သို့သော်လည်း မြေယာပိုင်ဆိုင်မှုများ ရှိစေကာမူ လုပ်ငန်းစုများသည် သူတို့၌ မြေယာလုံခြုံမှု ရှိသည်ဟု မခံစားရပါ။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ခုချင်းစီတွင်

အနည်းဆုံးလုပ်ငန်းစု ၃၁.၂% တို့က သိမ်းဆည်းခံရမည့် အန္တရာယ်ကို အသင့်အတင့်ကြောက်ရွံ့နေပြီး၊ ၇၅.၇%သော လုပ်ငန်းစုများတို့က အနိမ့်ဆုံးဌားရမ်းခအန္တရာယ်ကို ကြောက်ရွံ့နေကြသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် အဓိက MBEI ညွှန်ကိန်းများ

ဤမြေယာပိုင်ဆိုင်လုပ်ကိုင်မှု နှင့် လုံခြုံရေးအညွှန်းကိန်းခွဲ ကဏ္ဍပါ အညွှန်းကိန်းခွဲ စုစည်းမှုသည် ၂၀၁၈-ခုနှစ်နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ တိုင်းတာခဲ့သည့် အဓိက (အနှစ်ချုပ်) ညွှန်ကိန်း (၆) မျိုးစလုံး ပါဝင်သည်။

၁။ လုပ်ငန်းစုသည် မြေယာပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအထောက်အထား ရှိ၏(%)။

ဤညွှန်ကိန်းသည် ၎င်းတို့ပိုင်ဆိုင်သည့် မြေယာအတွက် တရားဝင်မြေယာပိုင်ဆိုင်ခွင့်ရှိသည့် လုပ်ငန်းစုများ၏ ဝေစုကို တိုင်းတာသည်။ သူတို့လုပ်ကိုင်သောမြေကို ငှားရမ်းထားသည့် စီးပွားရေးလုပ်ငန်းများကို တိုင်းတာမှုတွင် မထည့်သွင်းပါ။ လုပ်ငန်းစုများ၏ မြေယာပိုင်ဆိုင်မှု မြင့်တက်လာခြင်းဖြစ်နိုင်ခြေသည် ထိုဒေသတွင် မြေယာများ အလွယ်တကူ ရရှိနိုင်ကြောင်းကိုပြသသည် (De Soto, 2000)။ ၎င်းသည် အကြောင်းပြချက်များစွာကြောင့်ဖြစ်နိုင်သည်- အသုံးမပြုရသေးသောမြေယာများဖြစ်၍ ဝယ်ယူရာတွင် လွယ်ကူနိုင်သည် သို့မဟုတ် မြေယာဝယ်ယူခြင်းလုပ်ငန်း၌ သတင်းအချက်အလက်များပြည့်စုံ၍ ဗျူရိုကရေစီနည်းပါးသောကြောင့် ရိုးရိုးရှင်းရှင်းနှင့် အဟန့်အတားမရှိဖြစ်နိုင်သည်။ လုပ်ငန်းရှင်တစ်ဦး၏ တရားဝင်မြေယာပိုင်ဆိုင်ခွင့် မရှိခြင်းသည် သူပိုင်ဆိုင်သော ပိုင်ဆိုင်မှုများထက် နိမ့်ကျသော လုံခြုံမှု မရှိသည့် မြေယာပိုင်ဆိုင်မှုကိုပြသသည်။ စီးပွားရေးလုပ်ငန်းရှင်၏ မြေယာပိုင်ဆိုင်ခွင့် တရားဝင် မဖြစ်ခြင်းသည် ထိုမြေကို အစိုးရက ပိုမိုလွယ်ကူစွာသိမ်းယူနိုင်သည်သို့မဟုတ် ၎င်းကိုရယူလိုသူများမှ လွယ်ကူစွာ ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ဘဏ်လုပ်ငန်း အရောင်းအဝယ်များတွင် အပေါင်ပစ္စည်းအဖြစ် မကြာခဏအသုံးပြုလေ့ရှိသဖြင့် မည်သည့် အထောက်အထားမျှမရှိသော မြေယာများအပေါ် ငွေအရင်းအနှီးကို ရယူသုံးစွဲနိုင်ရန် နှင့် ရင်းနှီးမြှုပ်နှံမှု များချဲ့ထွင်ရန် အတွက် စွမ်းဆောင်နိုင်မှုကို အကန့်အသတ်ဖြစ်စေသည်။

၂။ မြေယာစာရွက်စာတမ်းများ ရရှိရန်အချိန်ကာလ (ရက်ပေါင်း)

မည်သည့်မြေယာပိုင်ဆိုင်ခွင့်ကိုမဆို ရရှိရန် အချိန်ယူရသည့် ကာလသည် လုပ်ငန်းစုများ၏ တရားဝင် ပိုင်ဆိုင်မှုရရှိရန် နှောင့်နှေးခြင်းများရှိ/မရှိ(သို့မဟုတ်) လုပ်ငန်းစဉ်ကြာရှည်ခြင်းရှိ/မရှိကို ညွှန်ပြရန် အသုံးဝင် သော အချက်တစ်ခုဖြစ်သည်။ ထို့ပြင် ဤစာရွက်စာတမ်းကို ရယူရန် အချိန်ကြာလျှင် စီးပွားရေးလုပ်ငန်းပိုင်ရှင်များအတွက် အချိန်လည်းကုန်၊ ကုန်ကျစရိတ်လည်း ပိုမိုများပြားလာမည်ဖြစ်သည်။

၃။ လုပ်ငန်းစုများတွင် သိမ်းဆည်းခံရမှုအတွက် စိုးရိမ်စိတ် အသင့်အတင့်ရှိကြောင်း (%)

ဤညွှန်ကိန်းသည် binary စနစ်(၀/၁)ဖြင့် တိုင်းတာခြင်းဖြစ်ပြီး၊ လုပ်ငန်းစုအနေဖြင့် အသိမ်းခံရမည်ဟု အသင့်အတင့် (မြင့်မားစွာ အပါအဝင်) စိုးရိမ်မှုနှင့် ရင်ဆိုင်ရသည်ဟု ထင်မြင်ခြင်းရှိ/မရှိ ကိုပြသသည်။ ဤညွှန်ကိန်းသည် လုပ်ပိုင်ခွင့်တည်ငြိမ်မှု နှင့် သက်ဆိုင်သည့်ပြဿနာများစွာ၏ အချက်အချာဖြစ်သည်။ တည်ငြိမ်သော သက်တမ်းဆိုသည်မှာ လုပ်ငန်းစုအနေဖြင့် အနာဂတ်တွင် မြေယာပိုင်ဆိုင်ရန်နှင့် လည်ပတ်ရန် မျှော်လင့်ကြောင်း ဖော်ပြသည်၊ သိမ်းဆည်းခံရမှု အတွက်စိုးရိမ်မှု (လုပ်ငန်းစု၏ မြေယာသည် ၎င်း၏ဆန္ဒနှင့် ဆန့်ကျင်သော သို့မဟုတ် ၎င်း၏မြေယာစာချုပ်ပါ စည်းကမ်းချက်များပြင်ပမှ သိမ်းယူခြင်းခံရနိုင်သည့်ပူပန်မှု)လုံလောက်စွာ မြင့်မားနေပါက လုပ်ငန်းစုသည်၎င်း၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မသေချာတော့ပါ(Feder and Feeny, 1991)။ ၎င်း၏ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မသေချာသော စီးပွားရေးလုပ်ငန်းများ သို့မဟုတ် လုပ်ငန်းစုတစ်ခုသည် ရေရှည်မှသာ အကျိုးအမြတ်ရှိသည့် ရင်းနှီးမြှုပ်နှံမှုများ (ဥပမာ - စက်ယန္တရား) အတွက်မသင့်လျော်တော့သည့်အလျောက် ကာလရှည်ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်မည်မဟုတ်ဘဲ (သို့မဟုတ်) လုပ်ငန်းစု၏သက်တမ်းအပေါ် လုံခြုံမှုကင်းမဲ့လျှင် ဤရေရှည်ရင်းနှီးမြှုပ်နှံမှုများ အပေါ် မဖြစ်မနေအမြတ်ရရှိမည်ဟု မယုံကြည်နိုင်၍ ရင်းနှီးမြှုပ်နှံမည်မဟုတ်ဟု ဆိုလိုသည်။

၄။ လုပ်ငန်းစုများတွင် ငှားရမ်းခ အန္တရာယ်အတွက် စိုးရိမ်စိတ် အသင့်အတင့်ရှိကြောင်း (%)

ဤညွှန်ကိန်းသည်ငှားရမ်းခဖြင့် လုပ်ကိုင်နေသော ပြည်နယ်/တိုင်းတစ်ခုစီရှိ လုပ်ငန်းစုများအတွက်သာ သက်ဆိုင်ပါသည်။ နှစ်တိုင်ငှားရမ်းခြင်း သို့မဟုတ် နှစ်ရှည်ငှားရမ်းခြင်းစာချုပ်တွင် မျှော်လင့်မထားသော ပြောင်းလဲမှု ဖြစ်နိုင်ခြေအတွက် လုပ်ငန်းစု၏ စိုးရိမ်မှုသည် နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ ဖြစ်/မဖြစ် ကိုသာ တိုင်းတာသည်။ မြေယာသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်းများ နှင့် ပတ်သက်၍ မသေချာ မရေရာမှုများကဲ့သို့ပင် လုပ်ငန်းစုတစ်ခုသည် မြေယာစာချုပ်အား မမျှော်လင့်သော ပြောင်းလဲမှုများ နှင့်လည်း ရင်ဆိုင်ရနိုင်သည့် အန္တရာယ်များရှိရာ ထိုအန္တရာယ်ပိုမိုမြင့်မားလေ ရေရှည် တည်မြဲမှုအတွက် အန္တရာယ် ပို၍ကြီးလေဖြစ်သည် (Feder and Feeny, 1991)။ မြေယာစာချုပ်ပါ စည်းကမ်းချက်များ ရုတ်တရက်ပြောင်းလဲရန် အလားအလာများလေ တည်ငြိမ်မှု နည်းပါးလေဖြစ်သည်။ ဥပမာ အားဖြင့် - စည်းကမ်းချက်များ ရုတ်တရက် ပြောင်းလဲမှုမတိုင်မီ အမြတ်အစွန်းဖြစ်နိုင်ခဲ့ သော်လည်း နောက်ပိုင်းတွင် အမြတ်အစွန်းမထွက်ဖြစ်နိုင်သည်။ ဤကဲ့သို့သော ကိစ္စမျိုးတွင် စီးပွားရေး

ဆက်လက်လုပ်ကိုင်ရန် အဓိပ္ပာယ်မရှိတော့သော အခြေအနေသို့ ဆိုက်ရောက်သွားနိုင်ပါသည်။ အဆုံးစွန်ဆိုလိုသည်မှာ စာချုပ်ပါစည်းကမ်းချက်များနှင့် ပတ်သက်၍ မသေချာမရေရာမှုများရှိနေပြီး စီးပွားရေးစွမ်းဆောင်ရည်ထိခိုက်နိုင်မည့် မျှော်လင့်မထားသည့် အပြောင်းအလဲများကို ပြုလုပ်မှုများရှိတတ်ပါက အလားအလာရှိသော စီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေးလုပ်ငန်းတစ်ခု စတင်မလုပ်မီ အတားအဆီးဖြစ်နိုင်သလို အမြတ်အစွန်းနှင့် အရှယ်အစားကြီးမားသည့် စီးပွားရေးလုပ်ငန်းများကို စိတ်ပျက်စေပြီး ၎င်းတို့ကိုလည်း အဟန့်အတား ဖြစ်စေနိုင်သည်။

၅။ မြေယာအသိမ်းခံရလျှင် မျှတသောလျော်ကြေးငွေ ရရှိလိမ့်မည်ဟု ယုံကြည်သည့် လုပ်ငန်းစု (%)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ဝေစုကို တိုင်းတာသည်။ ရံဖန်ရံခါတွင် အစိုးရအရာရှိများသည် ထင်ရှားသော လှုပ်ရှားမှုဒိုမိန်း(Domain)တွင် ပါဝင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ အများပြည်သူအတွက် အသုံးပြုရန်အတွက် မြေများကို အသုံးပြုခြင်း၊ ဥပမာ-လမ်းများတိုးချဲ့ခြင်း သို့မဟုတ် စက်မှုဇုန်များတည် ထောင်ခြင်းအတွက် အသုံးပြုရန် ဖြစ်သည်။ ဤလုပ်ဆောင်မှုများသည် စီးပွားရေးအတွက် အကျိုးစီးပွားဖြစ်ထွန်းမှု အများဆုံးဖြစ်သော်လည်း စီးပွားရေးသမားတစ်ဦးချင်းစီကို ထိခိုက်စေနိုင်သည်။ ထိုသို့သော အခြေအနေများတွင် လက်ရှိပိုင်ဆိုင်မှုရှိသူများကို သူတို့၏မြေအတွက် မျှတစွာလျော်ကြေးပေးခြင်း ရှိ/မရှိ သိရန်လိုအပ်ပါသည်။ တရားမျှတသော လျော်ကြေးပေးခြင်းနှင့် ပတ်သက်၍ မသေချာမရေရာမှုသည် စီးပွားရေးအကျိုးအမြတ်နှင့် ပတ်သက်၍ မသေချာမရေရာ မှုဖြစ်သောကြောင့် မြေဝယ်ယူရန် ကုန်ကျစရိတ်ကို မြင့်တက်စေသည် (McMullen and Shepherd, 2006)။ အကယ်၍ မျှတသော လျော်ကြေးပေးခြင်း မရှိပါက လုပ်ငန်းရှင်သည် လုပ်ငန်းစတင်ရန် ကုန်ကျစရိတ်နှင့် လုပ်ငန်းလည်ပတ်မှုအတွက် အကုန်အကျခံငွေကြေးအပေါ် ပြန်လည်ရရှိရန် ဝင်ငွေစီးဆင်းမှု အကျိုးခံစားခွင့်ကိုလည်း ဆုံးရှုံး၊ နစ်နာကြေးလည်း အနည်းငယ်မျှသာ ရသလိုဖြစ်ပါလိမ့်မည်။ မသေချာမရေရာမှု မြင့်မားသောအခြေအနေများတွင် စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းအတွက် အပြည့်အဝ ရင်းနှီးမြှုပ်နှံခြင်းကို မပြုလုပ်၊ စောင့်ကြည့်လေ့လာခြင်းကိုသာ ဦးစားပေး၍ နေနိုင်ပါသည်။ ဤသို့အားစိုက်ထုတ်မှု မရှိခြင်းသည် စီးပွားရေးလုပ်ဆောင်မှုများကို လျော့နည်းစေပြီး နောက်ဆုံးတွင် အလုပ်အကိုင်ရှားပါးမှုနှင့် အခွန်ဝင်ငွေများ လျော့နည်းခြင်းကို ဖြစ်စေနိုင်ပါသည်။ အတိအလင်းမရှိသော်လည်း ဤညွှန်ကိန်းသည် အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် အယူခံဝင်ခြင်းတို့ကို ဖော်ပြထားသည့် မြေအသုံးချမှုမူဝါဒအပိုင်း ၆ (၂၀၁၆) ပါ အချက်နှင့်ကိုက်ညီသည်။

၆။ လုပ်ငန်းစုမှ မြေယာလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ပြီး မည်သည့်အခက်အခဲမျှ မကြုံတွေ့ခဲ့ပါ(%)

ဤအညွှန်းကိန်းသည် မြေယာနှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်သည့်အခါ အခက်အခဲကြုံတွေ့မှု မရှိခဲ့သည့် ပြည်နယ်/တိုင်း တစ်ခုစီရှိ လုပ်ငန်းစုများ၏ဝေစုကို တိုင်းတာသည်။ ၎င်းသည် လုပ်ငန်းစုများအနေဖြင့် မြေယာအသုံးချနိုင်မှုအတွက် လွယ်/မလွယ် အရိုးရှင်းဆုံးပြသသော အညွှန်းကိန်းဖြစ်သည်။ အကယ်၍ လုပ်ငန်းစုတစ်ခုအနေဖြင့် အခက်အခဲများကြုံတွေ့ရပါက ဤအခြေအနေသည် မြေယာရယူရန် လုပ်ထုံးလုပ်နည်းများ ခက်ခဲရှုပ်ထွေးပြီး လွယ်ကူမှုမရှိဟု အလွယ်တကူ ဆိုနိုင်သည်။ (Ciccone and Pappaioannou, 2007).

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ ခုနှစ်တွင် စီးပွားရေး လုပ်ငန်း များ၏ မြေယာပိုင်ဆိုင်မှုနှင့် လုံခြုံမှုဆိုင်ရာ အတွေ့အကြုံ များကို ပိုမိုကောင်းမွန်စွာ

လေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ညွှန်ကိန်းအသစ် (၁၃) ခုကို ထပ်မံထည့်သွင်းခဲ့သည်။ ယင်းတို့မှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

၇။ လွန်ခဲ့သော ၂ နှစ်တာကာလအတွင်း လုပ်ငန်းစု အနေဖြင့် မြေယာအငြင်းပွားမှု ဖြစ်ပွားခဲ့သည် (%)

ဤညွှန်ကိန်းသည် ပြီးခဲ့သည့် ၂ နှစ်အတွင်း လုပ်ငန်းစု အနေဖြင့် မြေယာအငြင်းပွားမှု ရှိခဲ့သည်။ ပြည်နယ်/တိုင်း တစ်ခုချင်းစီ၏ လုပ်ငန်းစုများ၏ ဝေစုကို တိုင်းတာသည်။ အငြင်းပွားမှုဖြစ်သော လုပ်ငန်းစုများ ပိုမိုများပြားလျှင် မြေယာပိုင်ဆိုင်မှုနှင့် လုံခြုံရေးအပေါ် ရမှတ်နိမ့်ကျသည်။ အငြင်းပွားမှု ဝေစုနိမ့်လေ ရမှတ်များလေ ဖြစ်သည်။ မြေယာ အငြင်းပွားမှုများသည် မြေယာပိုင်ဆိုင်ခွင့်သက်တမ်းနှင့် ပတ်သက်၍ ပြဿနာများစွာ ဖြစ်စေသည်။ ပထမအချက် အနေဖြင့် အငြင်းပွားမှုများသည် အခြေခံအားဖြင့် အားနည်း သော ပိုင်ဆိုင်မှု အခွင့်အလမ်းများဖြစ်နေသည်ကို ပြလိမ့် မည်။ လုပ်ငန်းစုတစ်ခုသည်၎င်း၏ပိုင်ဆိုင်မှုကို အလွယ်တစ်ကူ ဆုံးရှုံးနိုင်သည်ဟု ပြင်ပမှထင်မြင်လျှင် ၎င်းမြေယာကို ရယူလိုသူများက အငြင်းပွားမှုကို စတင်ဆောင်ရွက်နိုင်သည်။ ဒုတိယအချက်မှာ အကယ်၍ လုပ်ငန်းစုသည်လွန်ခဲ့သော ၂နှစ်အတွင်းပဋိပက္ခတွင် ပါဝင်ခဲ့ရပါက ၎င်းလုပ်ငန်းစုသည် ၎င်း၏ ရေရှည်လုံခြုံရေးအတွက် မရေရာမှုများပိုမိုခံစားရ နိုင်သည်။ ဤသို့ခံစားရသည့်အတွက် အလယ်အလတ်နှင့် ရေရှည်တွင်သာ အမြတ်အစွန်းရရှိသော ရင်းနှီးမြှုပ်နှံမှုများကို မပြုလုပ်ပါက အမှန်တကယ်လိုအပ်သော ရင်းနှီးမြှုပ်နှံမှု အပြည့်အဝမရှိခြင်းကိုဖြစ်စေသည်။ တတိယအချက်အနေဖြင့် မြေယာအငြင်းပွားမှုများမည်ဖြစ်ခဲ့လျှင် ဥပဒေအရ အားနည်း သောမြေဟု အများကမှတ်ယူနိုင်သောကြောင့် အခြေအနေ ပိုမိုဆိုးရွားနိုင်သည်။ ဤအငြင်းပွားမှုများကို တရားရုံးများတွင် အရှိန်မြှင့်တင်နိုင်ပြီး လုပ်ငန်းစုအား တရားစွဲဆိုခြင်းဖြင့် ငွေကြေးဆုံးရှုံးစေနိုင်သည်။ ဥပဒေအငြင်းပွားမှုများကို အဆုံးသတ်နိုင်ခြင်း မရှိသောအခါ လုပ်ငန်းစုအနေဖြင့် ၎င်း၏စီးပွားရေးတိုးတက်မှုကို အာရုံမစိုက်နိုင်ပါ။

၈။ လုပ်ငန်းစုတွင် မြေယာဂရမ် (သို့မဟုတ်) ပုံစံ-၇ ရှိသည် (%)[၂၃]

ဤညွှန်ကိန်းသည်မြေယာမည်မျှလုံခြုံမှုရှိသည်ကို တိုင်းတာရန် မြေဂရမ် သို့မဟုတ် ပုံစံ-၇ စာရွက်စာတမ်းများရှိသည့် လုပ်ငန်းစုများကို ရမှတ်(၁)မှတ် နှင့် အခြားလုပ်ငန်းစုများ အားလုံးကို (သုည)အဖြစ် သတ်မှတ်ရန်ဖြစ်သည်။ ၎င်းသည် ၂၀၁၈ ခုနှစ်မှ ပထမညွှန်ကိန်း ပြဆိုမှုထက် ပိုမိုကောင်းမွန် စေသည်။ ဟိုစဉ်က ယေဘုယျအားဖြင့် မြေယာပိုင်ဆိုင်ခွင့် အကြောင်းကိုသာ မေးမြန်းခဲ့သော်လည်း ၎င်းတို့ကိုင်ဆောင် ထားသည့် စာရွက်စာတမ်းများ ခိုင်မာမှု-ရှိ/မရှိနှင့် စပ်လျဉ်း၍ လုပ်ငန်းစုများကိုသာ ဆုံးဖြတ်စေခဲ့သည်။ ဤသည်က ပိုင်ဆိုင်မှုလုံခြုံမှု အဆင့်နှင့်ပတ်သက်၍ရှုပ်ထွေးစေခဲ့သည်။ လက်တွေ့တွင် ဤကိစ္စသည် အလွန်ရှုပ်ထွေးနိုင်သည်။ အကြောင်းမှာ မြန်မာနိုင်ငံတွင် ကွဲပြားခြားနားသော မြေယာစာရွက်စာတမ်းများသည် ၎င်းတို့၏လုံခြုံမှုအဆင့် ကွဲပြားသောကြောင့်ဖြစ်သည်။ လုံခြုံစိတ်ချရသော စာရွက် စာတမ်းနှစ်မျိုးမှာ မြို့ပြအခြေအနေများအတွက်မြေဂရမ်နှင့် စိုက်ပျိုးရေးနေရာများအတွက်ပုံစံ-၇ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂရမ်မြေကို အစိုးရက တရားဝင် ပိုင်ဆိုင်သည်။ သို့သော်၊ ပုံမှန်အားဖြင့် မြို့တော်စည်ပင် (CDC) သို့မဟုတ် ထွေအုပ် (GAD) မှတဆင့် ပုဂ္ဂလိက အသုံးပြုသူများကို အချိန်ကာလ သတ်မှတ်၍ ငှားရမ်းနိုင်သည်။ ဂရန်မြေစာရွက်စာတမ်း ရှိလျှင် ၎င်းမြေကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ အပေါင် ထားခြင်းအတွက် အသုံးချနိုင်သောကြောင့် ပစ္စည်း ပိုင်ဆိုင် ခွင့်ကဲ့သို့ အလားတူ အသုံးဝင်သည်။ မြေယာခွင့်ပြု စာရွက် စာတမ်းများကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်းပြုခဲ့လျှင်ထိုမြေကို ဒေသအာဏာပိုင်များက ပြန်လည် သိမ်းယူနိုင်သော်လည်း လက်တွေ့တွင် ဤဖြစ်ရပ်မျိုး များစွာမတွေ့ရှိရပါ။ မြေယာ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဖြေဆိုလေ့ရှိကြသော ဖြေဆိုသူ၏ ၇၃ ရာခိုင်နှုန်းထံတွင် မြေဂရမ်ရှိကြသည်။

ကျေးလက်ဒေသများတွင် မြန်မာအာဏာပိုင်များသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက်ပုံစံ(၇)ကိုထုတ်ပေးကြသည်။ ၎င်းကိုများသောအားဖြင့် မြေယာအသုံးပြုခွင့်လက်မှတ် (LURC) အဖြစ် ရည်ညွှန်း ပြောဆိုလေ့ရှိသည်။ ပုံစံ(၇)ကို မူလအားဖြင့် စိုက်ပျိုးရေးဇရိယာများတွင် အသုံးပြုရန် ရည်ရွယ်သည်။ သို့သော် MBEI Datasets ရှိဖြေဆိုသူ ၄% ကျော်မျှ (လုပ်ငန်းစု-၁၄၇-ခု) သည် ၎င်းတို့၏မြေယာပိုင်ဆိုင်မှု အဖြစ် ပုံစံ(၇)ရှိကြသည်။ <u>အရေးကြီးသည်မှာ ပုံစံ(၇)ဟု ဖြေဆိုသူသည် MBEI ဖြေဆိုသူ ငါးဦးမျှသာ ၎င်းတို့၏အဓိက လုပ်ငန်းကဏ္ဍကို စိုက်ပျိုးရေးဟုဖော်ပြသည်။</u> ၃၅ ရာခိုင်နှုန်း (လုပ်ငန်းစု ၅၂-ခု) က ၎င်းတို့၏လုပ်ငန်းကို ထုတ်လုပ်မှု ကဏ္ဍဟု ဖော်ပြပြီး အဓိကအားဖြင့် စားနပ်ရိက္ခာထုတ်လုပ်မှု ကဏ္ဍတွင် အများဆုံးပါဝင်သူများဖြစ်ကြသည်။ ၄၆% (လုပ်ငန်းစု ၆၇-ခု) က သူတို့၏အဓိကလုပ်ငန်းကို လက်လီ လက်ကားရောင်းဝယ်ရေး လုပ်ငန်းအဖြစ်ဖော်ပြကြသည်။ ၁၂% (လုပ်ငန်းစု ၁၇-ခု) က သူတို့၏ အဓိကလုပ်ငန်းကို နေရာထိုင်ခင်းနှင့် အစားအစာဝန်ဆောင်မှုများဟု ပြကြ ပါသည်။ အခြေခံအားဖြင့် ဤလုပ်ငန်းစုများသည် ကျေးလက် ဒေသများတွင် လယ်ယာမဟုတ်သော အခြားလုပ်ငန်းများ လုပ်ကိုင်ခွင့်ရပုံစံ(၇)ကို အသုံးပြုနေကြသည်။ ပုံစံ(၇)သည် မြေဂရမ် နှင့် အလားတူအခွင့်အရေးရှိသောကြောင့် ၎င်းအား လုံခြုံစိတ်ချရသောအရာအဖြစ် ကျွန်ုပ်တို့သတ်မှတ်ပါသည်။

များစွာသော လုပ်ငန်းစုများသည် ပုံစံ(၇) နှင့် မြေဂရမ်တို့ကဲ့သို့ လုံခြုံမှု အခိုင်အမာရှိသည်ဟု ၎င်းတို့ကမှားယွင်းစွာယူဆသော အခြားစာရွက်စာတမ်းများသာ လက်ဝယ်ရှိကြသည်။ ထိုအခြား စာရွက်စာတမ်းများသည် ပုံစံ(၇) နှင့် မြေဂရမ် နည်းတူ လုံခြုံမှုရှိသော်လည်း တူညီသော အခွင့်အရေးများ မပိုင်ဆိုင်ကြပါ။ မြေပိုင်ဆိုင်မှုရှိသည်ဟုဆိုသူ MBEI ဖြေဆိုသူ

၁၄.၅% သည်သူတို့၏ အဓိက စာရွက်စာတမ်းအဖြစ် ပုံစံ ၁၀၅ ကို သတ်မှတ်ပြီး ရယူထားကြသော်လည်း ပုံစံ ၁၀၅ သည် ပုံစံ(၇) ကိုရယူရန် လိုအပ်သောကြိုတင်လိုအပ်ချက် တစ်ခုမျှသာဖြစ်သည်။ ၎င်းတို့တွင်ပိုင်ရှင် သို့မဟုတ် ငှားရမ်းသူအမည်ကို ဖော်ပြထားပြီး မြေကွက်၏နံပါတ်၊ မြေအနေအထား (စီးပွားရေး၊ အစိုးရ၊ စိုက်ပျိုးရေး ဖော်ပြ) မြေအမျိုးအစားနှင့် မြေပြင်မြေပုံလည်းပါဝင်သည်။

အခြားစာရွက်စာတမ်းများသည်လည်း လုံခြုံစိတ်ချရသော မြေအသုံးပြုခွင့် အခွင့်အရေးများနှင့် ရှုပ်ထွေးနေသည်။ ခန့်မှန်းခြေအားဖြင့် MBEI ဖြေဆိုသူ ၉၅-ဦး သည် မြေယာ၏ သမိုင်းကြောင်းဆိုင်ရာတရားဝင်စာရွက်စာတမ်းပုံစံ(၁၀ဖ) ကို ၎င်းတို့၏အဓိက မြေယာစာရွက်စာတမ်းများအဖြစ် စာရင်း သွင်းကြသည်။ လုပ်ငန်းစု ၂၂-ခုသည် အဓိကအားဖြင့် စိုက်ပျိုးမြေများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော ပုံစံ (၁၅) ကိုစာရင်းပြုစုထားသည်။ ထို့အပြင် လုပ်ငန်းစု ၂၃-ခုသည် စိုက်ပျိုးမြေများကို အခြားအသုံးပြုမှုသို့ လွှဲပြောင်းခွင့်ပြုပြီး နောက်ဆုံးတွင် မြေဂရမ် သို့ အဆင့်မြှင့်နိုင်သည့် ပုံစံ (၃၉) မျှကိုသာ ပိုင်ဆိုင်ကြသည်။[J6]

ပုံစံများ ၁၀၅၊ ၁၀ဖ၊ ၁၅၊ ၃၉ တို့တွင် သီးခြားလွတ်လပ်စွာ လွှဲပြောင်းခွင့်မရှိဘဲ မြေဂရမ် (သို့မဟုတ်) ပုံစံ(၇) နည်းတူ ပိုင်ဆိုင်ခြင်းနှင့် ပေါင်နှံခွင့်လည်းမရှိသည့်အလျောက် ဤအညွှန်းကိန်းအတွက် ၎င်းတို့၏ binary စနစ်တန်ဖိုး (သုည) အဖြစ်သတ်မှတ်ထားသည်။

မြေဂရမ် နှင့် ပုံစံ၇ စာရွက်စာတမ်းနှစ်မျိုးလုံးသည် ပိုင်ဆိုင် သူများနှင့် လုပ်ငန်းစုများအား ပိုင်ဆိုင်မှုလုံခြုံမှုရှိစေပြီး ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏မြေများကို ပေါင်နှံခြင်း၊ ပစ္စည်းလဲလှယ်ခြင်း၊ သို့မဟုတ် ရောင်းချခြင်းကို ခွင့်ပြု ထားသည်။ ထို့ကြောင့် ဤညွှန်းကိန်းသည် မြေလုံခြုံရေးကို တိုက်ရိုက်တိုင်းတာသည်။ စာရွက်စာတမ်းများပိုမိုခိုင်မာလေ လုပ်ငန်းစုတစ်ခုသည်နောင်လာမည့်ကာလတွင်သူတို့မြေယာ လက်ဝယ်ရှိ/မရှိနှင့်ပတ်သက်၍ စိုးရိမ်မှုလျှော့နည်းခြင်း ကြောင့် ရေရှည်ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်နိုင်လေဖြစ်သည်။

၉။ လုပ်ငန်းရှင်သည် အခြားသူတစ်ဦး၏အမည်ဖြင့် မြေကို ပိုင်ဆိုင်သည် (%)

ဤညွှန်းကိန်းသည် အခြားသူတစ်ဦး၏အမည်ဖြင့် ပိုင်ဆိုင် သောမြေနေရာ တစ်ခုတွင် လုပ်ကိုင်နေသော လုပ်ငန်းရှင် များ၏ ဝေစုကို တိုင်းတာသည်။ အခြားသူတစ်ဦး၏ အမည် ပေါက် ပိုင်ဆိုင်မြေယာအပေါ် လုပ်ကိုင်သူ ပိုများလေလေ လုံခြုံစိတ်ချရမှု နည်းလေလေ ဖြစ်သည်။ အခြားသူတစ်ဦး ၏အမည်ဖြင့် မြေပိုင်ဆိုင်သော လုပ်ငန်းစုတစ်ခုသည် သူတို့၏ ကိုယ်ပိုင်အမည်ဖြင့် မြေယာပိုင်ဆိုင်ခြင်းလောက် မူလကတည်းကပင် လုံခြုံခိုင်မာမှုပို၍မရှိပါ။ အများအားဖြင့် သိသာထင်ရှားသည့် အချက်မှာ မြေယာပိုင်ဆိုင်ခွင့် အမည် ပေါက်ရရှိထားသူသည်မြေယာပေါ်တွင်တရားဝင်အခွင့်အရေး ရှိသည်။ လုပ်ငန်းရှင်သည် အတိုင်းအတာတစ်ခုအထိ မြေပိုင်ရှင်၏ စိတ်ကူးများကို လက်ခံလိုက်နာရသည်။ အဆုံးတွင် မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အနာဂတ်တွင် အငြင်းပွားမှုများဖြစ်ပေါ်နိုင်သည်။ အရေးကြီးသော အချက်မှာ စာရွက်ပေါ်ရှိ မြေအမည်ပေါက် ပိုင်ရှင်သည် အသုံးပြုမှု စည်းမျဉ်းများကို ပြောင်းလဲကောင်း ပြောင်းလဲနိုင်သည်။ ဥပမာ - မြေပိုင်ရှင်သည် ငှားရမ်းခ တိုးမြှင့်နိုင်သည်။ ညှိနှိုင်း ခြင်းမပြုနိုင်သော လုပ်ငန်းပိုင်ရှင်များသည် မတတ်သာ၍ ကုန်ကျစရိတ်ကို ကျခံကြရသည်။ ထို့အပြင်ဤညွှန်းကိန်းသည် မြေယာခေါင်းစဉ် တပ်ခြင်းလုပ်ငန်းစဉ်တွင် မည်မျှခက်ခဲ ကြောင်း သွယ်ဝိုက်၍ဖော်ပြသည်။

၁၀။ လုပ်ငန်းမြေရရှိခြင်း သို့မဟုတ် ချဲ့ထွင်ခြင်းများ၌ အခက်အခဲများနှင့် ရင်ဆိုင်ရခြင်းရှိသည် (%)

ဤညွှန်းကိန်းအတွက် လုပ်ငန်းရှင်များအား မြေယာရရှိရန် (သို့) သူတို့၏လုပ်ငန်းနယ်ပယ်တိုးချဲ့ရန် အခက်အခဲ ရှိပါသလားဟု မေးမြန်းခဲ့သည်။ အတားအဆီးများနှင့် ရင်ဆိုင်ရသောလုပ်ငန်းစုများ၏ အချိုးအစားများလေ မြေယာဝယ်ယူလုပ်ကိုင်ရန် ခက်ခဲလေဖြစ်သည်။ ဤအညွှန်း ကိန်းများအတွက် ကျိုးကြောင်းဆင်ခြင်မှုမှာ ရိုးရှင်းသည်။ အကယ်၍ လုပ်ငန်းရှင်သည် မြေယာရရှိရန် သို့မဟုတ် မိမိ၏မြေယာကိုတိုးချဲ့ရန် စိန်ခေါ်မှုများရှိခဲ့လျှင် ၎င်းသည် ထိရောက်မှုမရှိသော ဗျူရိုကရေစီ ဖြစ်စဉ်များ (ကြိုးနီစနစ်) ကြောင့် သို့မဟုတ် မြေယာ မည်သို့ရယူရမည်ကိုမသိ၍ သို့မဟုတ် တိုးချဲ့ရန်နှင့် ပတ်သက်သည့် သတင်းအချက် အလက် ရရှိနိုင်မှုနည်းပါးခြင်းကြောင့် ဖြစ်နိုင်သလို ဝယ်ယူ နိုင်သော မြေမရှိ၍လည်းဖြစ်နိုင်ပါသည်။ (Demsetz,1974; Knight, 2012)။ ဤညွှန်းကိန်းကို မြေအသုံးချမှု မူဝါဒ (၂၀၁ဖ) ၏ အပိုင်း ၅ ပါ မြေယာရရှိနိုင်ရေးအတွက် ပွင့်လင်း မြင်သာစွာ ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ချိတ်ဆက်နိုင်သည်။

၁၁။ ထွေအုပ်၏မြေဂရမ် ရရှိရန် လိုအပ်သော စာရွက်စာတမ်းများအရေအတွက် (#)

ဤလေ့လာရေးညွှန်းကိန်းတွင်ပြသထားသောတန်ဖိုးများသည် ပြည်နယ်/တိုင်း တခုချင်းစီအတွက်မြို့နယ် အသီးသီး၏ ထွေအုပ်မြေဂရမ်ရရှိနိုင်ရန်အတွက်လျှောက်လွှာတင်သွင်းရာ၌ လိုအပ်သော အထောက်အပံ့စာရွက်စာတန်းအရေအတွက်၏ သမတ်ကိန်း (mean number) ဖြစ်ပါသည်။ ဤတိုင်းတာ မှုသည် အဆိုပါပြည်နယ်၏ မြို့နယ်ထွေအုပ်ရုံးများတွင် ကောက်ယူရရှိခဲ့သော ပျမ်းမျှအမှတ်ဖြစ်သည်။ ထည့်သွင်း စဉ်းစားသော အထောက်အကူပြု စာရွက်စာတမ်းများတွင် ထွေအုပ် လျှောက်လွှာ ပုံစံများ၊ မြေပုံများ၊ ဘဏ္ဍာရင်းတမ်း များနှင့်စည်ပင်ထောက်ခံစာများပါဝင်သည်။ ညွှန်းကိန်းအမှတ် များကို (၀)မှ (၅)အထိဖြင့် ရည်ညွှန်းပြဆိုထားသည်။

စာရွက်စာတမ်း မလိုအပ်လျှင် ရမှတ် (၀) ဟူ၍လည်းကောင်း အများဆုံးလိုအပ်လျှင် ရမှတ် (၅) ဟူ၍လည်းကောင်း ပြဆိုထားသည်။ လိုအပ်သောစာရွက်စာတမ်းများ ပိုမိုများလေ ကုန်ကျစရိတ်လည်း များမည်ဖြစ်ပြီး မြေယာရရှိရန်လည်း ခက်ခဲပါမည်။

၁၂။ DALMS ဝန်ထမ်းများသည် ကူညီထောက်ပံ့တတ်သည်။(%)

ဤစူးစမ်းလေ့လာရေးညွှန်ကိန်းသည်ပြည်နယ်/တိုင်း တခုချင်းစီအတွက်ပြည်နယ်/တိုင်းအတွင်းရှိမြို့နယ်အသီးသီး၏ ထွေအုပ်ရုံး ဝန်ထမ်းများ၏ အလုပ်ချိန်မှန်ခြင်း/မမှန်ခြင်းနှင့် လျှောက်ထားသူများကို လုပ်ထုံး လုပ်နည်းများအပါအဝင် လိုအပ်ချက်များနှင့်ပတ်သက်၍ ထောက်ပံ့ကူညီဝန်ဆောင်မှုပေးခြင်းနှင့် သက်ဆိုင်သော မေးခွန်းများကို ကောင်းမွန်ရှင်းလင်းစွာဖြေဆိုခြင်း ရှိ/မရှိကို တိုင်းထားသည်။ ကူညီထောက်ပံ့မှုရှိလျှင် ရမှတ်ကို (၁) ဟူ၍လည်းကောင်း ကူညီထောက်ပံ့မှု မရှိလျှင် (၀) ဟူ၍လည်းကောင်း Binary စနစ်ဖြင့် အမှတ်ပေးထားသည်။ ကူညီထောက်ပံ့တတ်သော ဝန်ထမ်းများ ရှိခြင်းသည် လုပ်ငန်းသစ် ဝင်ရောက်လုပ်ကိုင်လိုသော စီးပွားရေးလုပ်ငန်းရှင်များအတွက် သတင်းအချက်စုံလင်စွာ အလွယ်တကူ ရရှိနိုင်သောကြောင့် ပွင့်လင်းမြင်သာမှုရှိ၍ ထိုဒေသတွင် လုပ်ငန်းလုပ်ကိုင်ရန် ဆန္ဒပိုရှိကြမည်။ ဝင်ရောက်လုပ်ကိုင်ကြသည့် အခါ၌လည်း ကုန်ကျစရိတ်များစွာမရှိဘဲ လုပ်ငန်းများ အလျင်အမြန် ဝင်ရောက်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

၁၃။ GAD (အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန) တွင် စံပုံစံ ရှိသည်၊ ရနိုင်သည်။(%)

၁၄။ DALMS(လယ်ယာမြေစံမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)တွင် စံ ပုံစံရှိသည်၊ ရနိုင်သည်။(%)

ဤစောင့်ကြည့်လေ့လာမှုညွှန်ကိန်းနှစ်ခုသည်ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ လျှောက်လွှာပုံစံရှိပြီး၊ ရယူနိုင်သည့်မြို့နယ် GAD/DALMS ၏ ဝေစုကို တိုင်းတာသည်။ ထွေအုပ်သည် မြေဂရမ်ရရှိရေးကိစ္စ လျှောက်လွှာပုံစံနှင့် DALMS သည် ပုံစံ(၁၀၅)အတွက် ရည်ညွှန်းသည်။ မြို့နယ် GAD/DALMS မှရရှိနိုင်သော လျှောက်လွှာပုံစံရှိသည့် ပြည်နယ်/တိုင်းအတွက် လုပ်ငန်းစတင်ဝင်ရောက်ရန် ကုန်ကျစရိတ် လျော့နည်းမည်။ ပုံစံရရှိနိုင်မှု အခွင့်အရေးနည်းလေ လုပ်ငန်းဝင်ရောက်ရန် ကုန်ကျစရိတ်မြင့်လေ ဖြစ်သည်။ အကယ်၍ GAD/DALMS တို့တွင် ထိုပုံစံများ မရှိပါက လုပ်ငန်းစုများသည် တရားဝင် ပုံစံတကျ လျှောက်လွှာတင်သွင်းခြင်း ပြုလုပ်နိုင်မည် မဟုတ်ပါ။ ထိုသို့ဖြစ်ခြင်းသည် လုပ်ငန်းရှင်များကို GAD/DALMS သို့ အခေါက်အခေါက် အခါခါ သွားရသည့်အတွက် အချိန် ကုန်ကျမည်ဖြစ်၍ ထိုအခြေအနေသည် လုပ်ငန်းရှင်များကို တရားဝင် စာရွက်စာတမ်းမပါပဲ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် တွန်းပို့သကဲ့သို့ ဖြစ်နိုင်သည်။ ၎င်းကိစ္စသည် တရားလည်းမဝင် သကဲ့သို့ ဒေသအစိုးရများ အတွက်လည်းအကျိုးမရှိပါ။ ဤညွှန်ကိန်း၏ တွဲဖက်တန်ဖိုးမှာ ဖြေရှင်းရန် အဖြေအလွယ်ရှိခြင်းပင်ဖြစ်သည်။ အကယ်၍ ဤညွှန်ကိန်းရမှတ် နိမ့်နေလျှင် လိုင်စင်နှင့်မှတ်ပုံတင် လက်မှတ်များ လွယ်ကူကျယ်ပြန့်စွာ ရရှိနိုင်ရန် GAD/DALMS တို့က လျှောက်လွှာ ပုံစံများအပါအဝင် လုပ်ငန်းကိစ္စရပ်များ ပိုမိုကျယ်ကျယ်ပြန့်ပြန့် လွယ်လွယ်ကူကူ လျင်မြန်စွာရရှိမှု သေချာအောင်ကြပ်မတ်ပေးလိုက်ရုံမျှသာလိုအပ်၏။ အချုပ်ပြောရလျှင် ဤညွှန်ကိန်းတိုင်းတာမှု နှစ်ခုသည်အထက်အလားတူ အညွှန်းကိန်း၂ခု(၁) နှင့် ဆက်စပ်မှု ရှိပါသည်။ သို့သော်အခြေခံအကြောင်းတရားကွာခြားမှု ရှိပါသည်။ ဤအညွှန်းကိန်း၂၅ ရမှတ်နိမ့်ကျနေလျှင် အဝင်စရိတ်အပြင် မြေယာရရှိရေးနှင့် လုံခြုံမှုကြောင့် အခြေအနေပိုမိုနိမ့်စေသော သဘောသို့ သက်ရောက်စေပါသည်။ ဖော်ပြပြီး လျှောက်လွှာပုံစံများ ရရှိရေးပိုမိုခက်ခဲလျှင် လုပ်ငန်းအဆင့်ဆင့် လုပ်ကိုင်ရာတွင် တရားဝင်လုပ်ထုံးလုပ်နည်းများ ပိုမိုရှုပ်ထွေးပိုမိုခက်ခဲသွားလိမ့်မည်။ အထက်တွင် ဆွေးနွေးခဲ့သော မြေပိုင်ဆိုင်မှုစသော မြေယာဆိုင်ရာ တရားဝင် စာရွက်စာတမ်းများ မရှိခြင်းသည် လုပ်ငန်းစုအတွက် လုံခြုံရေးနှင့်တကွ ထုတ်လုပ်မှုများကိုပါ ထိခိုက်စေသည်။

၁၅။ GAD ရုံးတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များရှိ၏ဟု သဘောတူကြသူ (%)

၁၆။ DALMS ရုံးတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များရှိ၏ဟု သဘောတူကြသူ (%)

ဤအညွှန်းကိန်းနှစ်ခုသည် တိုင်းနှင့်ပြည်နယ်ရှိ မြို့နယ်ရုံးများတွင် လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ပစ္စည်းကိရိယာများနှင့် အထောက်အကူပစ္စည်းများ လုံလောက်စွာရှိကြောင်း ကျွန်တော်တို့၏ သုတေသနအဖွဲ့က လက်ခံသောအချိုးအစားကို ရာခိုင်နှုန်းဖြင့် တိုင်းတာခြင်း ဖြစ်သည်။ ဤတိုင်းတာမှုသည် ဒေသန္တရ ရုံးများရှိ ရုပ်ဝတ္ထုပစ္စည်းများကို အထူးပြု မေးမြန်းထားခြင်း ဖြစ်၍ ထပ်ဆောင်း အကျိုးကျေးဇူးရှိပါသည်။ ကွန်ပျူတာ၊ ဖက်စ်စက်များ၊ စာရွက်စာတမ်းများနှင့် မိတ္တူကူးစက်များကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များသည် ရုံး၏ လုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်နိုင်ရန် လိုအပ်ကြောင်း ထင်ရှားပါသည်။ ဝန်ထမ်းများသည် အဆင့်မြင့် လေ့ကျင့်သင်ကြားခံထားရသည့်တိုင် ၎င်းတို့တွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အခြေခံထောက်ပံ့ပစ္စည်းများ မရှိခဲ့လျှင် သူတို့၏ လုပ်ငန်းများကို ထိရောက်ကောင်းမွန်စွာ မလုပ်နိုင်ပါ။ ဤအညွှန်းကိန်း၂၅ ရမှတ်များ နိမ့်ကျစွာ ရှိပါက ရုပ်ပိုင်းဆိုင်ရာအရင်းမြစ်များ အဟန့်အတားကြောင့် ဤအေဂျင်စီများက စွမ်းရည်အပြည့်ဝဆောင်ရွက်နိုင်ခြင်း မရှိကြောင်းနှင့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရန် လိုအပ်နေသည်ဟူသောရှင်းလင်းပြတ်သားသည့်အဖြေတခုကို ဖော်ပြသည်။

၁၇။ GAD ရုံးသည် စွမ်းရည်အပြည့် အလုပ်လုပ်သည်ဟု သဘောတူညီမှု (%)

၁၈။ DALMS ရုံးသည် စွမ်းရည်အပြည့် အလုပ်လုပ်သည်ဟု သဘောတူညီမှု (%)

ဤလေ့လာတွေ့ရှိချက်နှစ်ခုသည်တိုင်းနှင့်ပြည်နယ်အလိုက်၊ GAD/DALMS မြို့နယ်အဆင့်များသည် လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ရှိရင်းပစ္စည်းကိရိယာများနှင့် အထောက်အကူပြုပစ္စည်းများကို ထိထိရောက်ရောက် အသုံးချ၍ စွမ်းရည်အပြည့်အဝ အလုပ်လုပ်နေသည်ဟု ကျွန်ုပ်တို့၏ သုတေသန အဖွဲ့က လက်ခံသော အချိုးအစား (%)ဖြင့် တိုင်းတာခြင်းဖြစ်သည်။ ဤညွှန်ကိန်းတိုင်းတာမှု နှစ်ခုသည်လည်း အထက် အလားတူအညွှန်းကိန်း၂ခု(၁)နှင့် ဆက်စပ်မှု ရှိပါသည်။ သို့သော် အခြေခံ အကြောင်းတရား ကွဲပြားခြားနားမှုမှာ ဤညွှန်ကိန်းနှစ်ခုပေါ်တွင် ရမှတ်များ နိမ့်ကျနေပါက မြေယာလုံခြုံမှုနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်း များမပြည့်စုံ၊ထိရောက်စွာမရှိခြင်းကြောင့် မြေယာပိုင်ဆိုင်မှု အခွင့်အရေး မခိုင်မာသော လုပ်ငန်းစုများဖြစ်ပြီး ထိုလုပ်ငန်း စဉ်များကို ကျော်လွှားရန် ရွေးချယ်လိုပါက ရွေးချယ်နိုင် သော်လည်း လုံခြုံမှုလျော့နည်းသွားလိမ့်မည် ဖြစ်သည်။

၁၉။ DALMS ပုံစံ-၁၀၅ (မြေပုံ) ရရှိရန် လိုအပ်သော စာရွက်စာတမ်းများ အရေအတွက် (#)

ဤလေ့လာရေးညွှန်ကိန်းတွင်ပြသထားသောတန်ဖိုးများသည် ပြည်နယ်/တိုင်း တခုချင်းစီအတွက်မြို့နယ် အသီးသီး၏ DALMSရုံးမှ သီးခြားလိုင်စင်သို့မဟုတ်သက်သေခံလက်မှတ်-ဤကိစ္စတွင်ပုံစံ(၁၀၅) (မြေပုံ)ရရှိနိုင်ရန်အတွက်လျှောက်လွှာ တင်သွင်းရာ၌ လိုအပ်သော အထောက်အပံ့ စာရွက်စာတမ်း အရေအတွက်၏အလယ်ကိန်းဖြစ်ပါသည်။ဤတိုင်းတာမှုသည် အဆိုပါပြည်နယ်၏ DALMSရုံးများတွင်ကောက်ယူရရှိခဲ့သော ပျမ်းမျှအမှတ်ဖြစ်သည်။ ထည့်သွင်းစဉ်းစားသော အထောက် အကူပြုစာရွက်စာတမ်းများတွင် DALMSရုံး လျှောက်လွှာပုံစံ များနှင့် အခြားဝန်ကြီးဌာနများမှ ထောက်ခံစာများ ပါဝင်သည်။ ညွှန်ကိန်းအမှတ်များကို (၀)မှ (၇) အထိဖြင့် ရည်ညွှန်းပြဆိုထားသည်။ စာရွက်စာတမ်း မလိုအပ်လျှင် ရမှတ် (၀) ဟူ၍ရင်း၊ အများဆုံးလိုအပ်လျှင် ရမှတ် (၇) ဟူ၍ လည်းကောင်းပြဆိုထားသည်။ လိုအပ်သော စာရွက်စာတမ်း များပိုမိုများလေ လုပ်ငန်းစဉ် ပိုမိုရှုပ်ထွေးပြီး ကုန်ကျစရိတ် လည်းပိုများမည်၊ မြေယာရရှိရန်လည်း ပို၍ ခက်ခဲပါမည်။

ဇယား ၄-၂။

မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု အညွှန်းကိန်းခွဲ နှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

ဤအဓိက ညွှန်ကိန်း ဂဏန်းများကို ၂၀၁၈ နှင့် ၂၀၂၀ MBEI မှတ်တမ်းများမှ စုဆောင်းထားသည်					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှုဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅.၁၆ ၅.၇၅ ၆.၇၂	၄.၉၁ ၅.၈၂ ၆.၅၃ ၀.၀၃	၆.၁၇ ၆.၈၃ ၇.၅၃ ၀.၂၄
စစ်တမ်း ညွှန်ကိန်းများ	ကောက်ယူပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅.၁၆ ၅.၇၅ ၆.၇၂	၄.၉၁ ၅.၈၂ ၆.၅၃ ၀.၀၃	၃.၈၅ ၄.၁၆ ၄.၅၂ ၀.၄၈
အမာခံ ညွှန်ကိန်းများ	အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁.၉၉ ၂.၅၄ ၃.၁၄
၁။ လုပ်ငန်းစုသည် မြေယာ ပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှု အထောက်အထားရှိ၏ (%)	ကောက်ယူပြီးသော စစ်တမ်းဒေတာ MBEI စစ်တမ်း မေးခွန်း: Q33_a	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၂.၁% ၆၉.၆% ၈၉.၃%	၅၅.၅% ၇၉.၅% ၉၆.၉% ၀.၂၄	၅၇.၁% ၇၉.၈% ၉၂.၉% ၀.၄၇

၂။ မြေစာရွက်စာတမ်းများ ရရှိရန် အချိန်ကာလ (ရက်ပေါင်း)	MBEI စစ်တမ်း မေးခွန်း- Q36ar1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆၇.၃၃ ၁၂၇.၉၆ ၁၉၆.၆၂	၂၅.၀၆ ၁၂၁.၇၉ ၂၂၄.၁၅ ၀.၃၆	၄၄.၆၇ ၉၇.၀၄ ၂၀၁.၁၄ ၀.၇၅
၃။ လုပ်ငန်းစုများတွင် သိမ်းပိုက်ခံရမှုအတွက် စိုးရိမ်စိတ် အသင့်အတင့် ရှိကြောင်း (%)	MBEI စစ်တမ်း - မေးခွန်း ၃၈	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂၄.၄% ၅၆.၄% ၆၈.၂%	၂၅.၇% ၄၅.၂% ၆၂.၈% ၀.၂၇	၃၁.၂% ၅၀.၀% ၇၂.၉% ၀.၂၆
၄။ လုပ်ငန်းစုများတွင် ၄ားရမ်းခ အန္တရာယ် အတွက် စိုးရိမ်စိတ် အသင့်အတင့်ရှိကြောင်း (%)	MBEI စစ်တမ်း မေးခွန်း - Q44	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇၀.၀% ၈၅.၄% ၉၆.၁%	၇၈.၅% ၉၀.၆% ၉၈.၂% ၀.၆၂	၇၅.၇% ၈၆.၈% ၉၆.၀% ၀.၈၆
၅။ မြေယာ အသိမ်းခံရလျှင် မျှတသော လျော်ကြေးငွေ ရရှိလိမ့်မည်ဟု ယုံကြည်သည့် လုပ်ငန်းစု (%)	MBEI စစ်တမ်း မေးခွန်း - Q39	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆၄.၁ % ၈၆.၀ % ၉၈.၃ %	၃၃.၉ % ၇၃.၉ % ၉၁.၈ % ၀.၅၂	၆၀.၁% ၇၆.၀% ၉၃.၅% ၀.၉၀
၆။ လုပ်ငန်းစုမှ မြေယာ လုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်ခဲ့ပြီး မည်သည့်အခက်အခဲမျှ မကြုံတွေ့ခဲ့ပါ(%)	MBEI စစ်တမ်း မေးခွန်း - Q43_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၆၆.၁% ၁၀၀.၀%	၅၀.၀% ၁၀၀.၀% ၁၀၀.၀% -၀.၀၃	၆၁.၆% ၈၃.၆% ၁၀၀.၀% ၀.၃၈

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်သွင်းသည့် ညွှန်ကိန်းအသစ်များ

ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၇။ လွန်ခဲ့သော ၂ နှစ်တာကာလအတွင်း လုပ်ငန်းစုအနေဖြင့် မြေယာအငြင်းပွားမှု ဖြစ်ပွားခဲ့သည် (%)	MBEI စစ်တမ်း မေးခွန်း - Q45	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၀.၇% ၄.၉%
၈။ လုပ်ငန်းစုတွင် မြေယာဂရမ် (သို့မဟုတ်) ပုံစံ-၇ ရှိသည် (%)	MBEI စစ်တမ်း မေးခွန်း - a_q34a_1 & a_q34a_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂၃.၉% ၄၃.၄% ၆၁.၂%
၉။ လုပ်ငန်းရှင်သည် အခြားသူတစ်ဦး၏ အမည်ဖြင့် မြေကို ပိုင်ဆိုင်သည် (%)	MBEI စစ်တမ်း မေးခွန်း - Q33_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၂.၈% ၂၉.၇% ၇၀.၁%

၁၀။ လုပ်ငန်းမြေ ရရှိခြင်း သို့မဟုတ် ချေးထွင်ခြင်းများ၌ အခက်အခဲများနှင့် ရင်ဆိုင်ရခြင်းရှိသည် (%)	MBEI စစ်တမ်း မေးခွန်း - Q41	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၁% ၅.၀% ၁၀.၇%
၁၁။ ထွေအုပ်၏မြေဂရမ် ရရှိရန် လိုအပ်သော စာရွက်စာတမ်းများ အရေအတွက် (#)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : GAD A4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၄၇ ၃.၉၄ ၅.၁၄
၁၂။ DALMS ဝန်ထမ်းများသည် ကူညီထောက်ပံ့တတ်သည်။ (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DALMS Z5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂၃.၂% ၁၀၀% ၁၀၀%
၁၃။ GAD (အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန)တွင် စံပုံစံ ရှိသည်၊ ရနိုင်သည်။ (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : GAD A1 နှင့် A1a	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၄၅.၀% ၉၁.၅%
၁၄။ DALMS (လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)တွင် စံပုံစံရှိသည်၊ ရနိုင်သည်။(%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DALMS A1 နှင့် A1a	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၈.၂% ၁၀၀.၀% ၁၀၀.၀%
၁၅။ GAD ရုံးတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ ရှိသည်ဟု သဘောတူကြသူ (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : GAD Z6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၂.၄% ၈၂.၃% ၁၀၀.၀%
၁၆။ DALMS ရုံးတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ ရှိသည်ဟု သဘောတူကြသူ (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DALMS Z6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၅၈.၂% ၁၀၀.၀%
၁၇။ GAD ရုံးသည် စွမ်းရည်အပြည့် အလုပ်လုပ်သည်ဟု သဘော	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : GAD Z4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၄၅.၇% ၁၀၀.၀% ၁၀၀.၀%
၁၈။ DALMS ရုံးသည် စွမ်းရည် အပြည့် အလုပ်လုပ်သည်ဟု သဘောတူညီမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DALMS Z4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀ % ၉၉.၁% ၁၀၀.၀%
၁၉။ DALMS ပုံစံ-၁၀၅ (မြေပုံ) ရရှိရန် လိုအပ်သော စာရွက်စာတမ်း အရေအတွက် (#)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DALMS A4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂.၂၈ ၄.၀၈ ၇.၀၀

၄.၃။ မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းလည်ပတ်နေသမျှ ကာလပတ်လုံး စည်းမျဉ်း စည်းကမ်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ်များကို စဉ်ဆက်မပြတ် ခံစားရသည်။ လိုင်စင်သက်တမ်းတိုးခြင်း၊ ပုံစံများနှင့် အထောက်အကူပြု စာရွက်စာတမ်းများရယူခြင်း၊ စည်းမျဉ်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ရခြင်း၊ စစ်ဆေးမှုခံရခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်းတို့သည် စီးပွားရေးစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရန်အတွက် လိုအပ်သည်။ ဤတာဝန်တာရားများသည် အရေးကြီးသော်လည်း မကြာခဏဆိုသလို အရေးမပါသော ကိစ္စများ ဖြစ်နိုင်ကာ စီးပွားရေးလုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုးလည်း ဖြစ်စေနိုင်သည်။

ကမ္ဘာ့ဘဏ်၏ အခွန်ပေးဆောင်မှု ညွှန်ကိန်းအရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၉၀ အနက် ၁၂၉ အဆင့်တွင် ရှိသည်။ ဤအချက်သည် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို (ဤကိစ္စတွင်အခွန်များ) ကိုင်တွယ်ရာတွင် လုပ်ငန်းစဉ်များ လေးလံရှုပ်ထွေး မလွယ်ကူသောကြောင့် အချိန်ကုန်ပြီး မတတ်သာသော အခြေအနေများသို့ ရောက်ရှိသွားစေပြီး ထိရောက်မှုမရှိ ဖြစ်တတ်ပါသည်။ ဤလုပ်ထုံးလုပ်နည်းများတွင် အလုပ်သမားလုံခြုံရေး၊ မီးဘေးလုံခြုံမှု လက်မှတ်နှင့် ပတ်ဝန်းကျင်လုံခြုံရေး ဆိုင်ရာလိုက်နာမှုများ စစ်ဆေးခြင်း ခံရခြင်းများ ပါဝင်သလို ၎င်းတို့တွင် အခွန်ပေးဆောင်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် စက်ရုံချဲ့ထွင်ရန်အတွက် ဆောက်လုပ်ရေးပါမစ်များရရှိရန် ကိစ္စရပ်များအတွက် အုပ်ချုပ်ရေးရုံးများသို့ အပြန်ပြန်အလှန်လှန် ဆက်သွယ်ရခြင်းတို့လည်း ပါဝင်ပါသည်။ ဤအညွှန်းကိန်းခွဲတွင် အစိုးရ၏ ထိရောက်မှု၊ အစိုးရဝန်ထမ်းများ၏ အသုံးဝင်မှုနှင့် အစိုးရရုံးများ၏ စွမ်းဆောင်ရည်နှင့် သက်ဆိုင်သော အခြားအရည်အသွေးများအပေါ် လုပ်ငန်းစုများ၏ အမြင်များနှင့်တကွ ကျွန်ုပ်တို့၏ ကွင်းဆင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ခိုင်မာသည့်စစ်တမ်း အချက်အလက်များဖြင့် ပေါင်းစပ်ထားပါသည်။

လုပ်ငန်းစုများက အစိုးရ၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခွင့်အာဏာရှိမှုအပေါ် လက်ခံသော်လည်း အစိုးရအေဂျင်စီများသည် စွမ်းဆောင်ရည်မြင့်မားစွာနှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိဟု ယုံကြည်ကြသည်။ ပြည်နယ်/တိုင်း အဆင့်တိုင်းတာမှုတွင် အလယ်ကိန်းပြည်နယ်/တိုင်းရှိ လုပ်ငန်းစုများ၏ ၉၈.၁% သည် အစိုးရအပေါ် ယုံကြည်မှုရှိ၏။ အလယ်ကိန်းပြည်နယ်/တိုင်းရှိ လုပ်ငန်းများ၏ ၈၃.၉% သည် အစိုးရအေဂျင်စီများက အရည်အချင်းရှိကြောင်းကို သဘောတူကြ၏။ လုပ်ငန်းစုများက စစ်ဆေးခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် စည်းမျဉ်းများနှင့် ကိုက်ညီစေရန် ကူညီသည် ဟူ၍လည်း ယုံကြည်ကြသည်။ သို့သော် အေဂျင်စီများ၏ ဗျူရိုကရေစီ စွမ်းဆောင်ရည်သည် အဆိုးဝါးဆုံး အခြေအနေတွင် ရှိနေပါသည်။ ဥပမာအားဖြင့် လုပ်ငန်းစု ၅၈ ရာခိုင်နှုန်းကသာ တံဆိပ်ခေါင်း/တံဆိပ်ခတ်နိုပ်ရန်နှင့် လက်မှတ်များရရှိရန် အကြိမ်များစွာ သွားစရာမလိုဟု ဆိုသည်။ အလယ်အလတ်အဆင့် ပြည်နယ်/တိုင်းရှာရာတွင် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS-Operational Support Systems) OSS လုပ်ငန်းအတွက် ဝန်ထမ်းစားပွဲ ၁၀.၀ ထက်ပိုလိုအပ်သော်လည်း တက်ကြွသော ဝန်ထမ်းများနှင့်အတူ ပျမ်းမျှအားဖြင့် ၃.၀၈ မျှခန့်သာရှိသည်ဟု လေ့လာတွေ့ရှိရသည်။ ရှင်းလင်းသော မူဝါဒသက်ရောက်မှု သဘောတရားမှာ အစိုးရများသည် သူတို့ရုံးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းအားဖြင့် မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းများကို သိသိသာသာ တိုးတက်ထိရောက်စေနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးသည် ဤအညွှန်းကိန်းခွဲ၌ အကောင်းဆုံးဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် အဆိုးဆုံးဖြစ်သည် (ပုံ-၄.၃)။ ကျွန်ုပ်တို့၏ ကွင်းဆင်းလေ့လာရေးအဖွဲ့မှ အကဲဖြတ်သည့် လုပ်ငန်းစု အေဂျင်စီများ၏ စွမ်းဆောင်ရည်နှုန်းနှင့် လုပ်ငန်းများ၏ သဘောထားအမြင်နှင့် အတွေ့အကြုံ ဆိုင်ရာ စစ်တမ်းဒေတာ နှစ်မျိုးလုံးတွင် ကွဲပြားနေခြင်းသည် ပြည်နယ်/တိုင်း ရမှတ်နှင့် ညွှန်ကိန်းများ ကွဲပြားခြားနားမှုကို ထင်ဟပ်နေပါသည်။ သာဓကအားဖြင့် ကျွန်ုပ်တို့၏ ကွင်းဆင်းအဖွဲ့သည် ပြည်နယ်/တိုင်း များစွာရှိမြို့နယ်ထွေ/အုပ်တို့တွင် အထောက်အကူပြုတတ်သော ဝန်ထမ်းများစွာ ရှိကြောင်း သတိပြုခဲ့ပါသည်။ သို့သော်လည်း တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်ထွေ/အုပ်များ၏ သုံးပုံတစ်ပုံသာ အထောက်အကူပြု ဝန်ထမ်းများရှိသည်ဟု သတိပြုမိခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ညွှန်ကိန်းများ ကွဲပြားခြားနားမှုများ ရှိပါသည်။ ဥပမာအားဖြင့် ကယားပြည်နယ်တွင် ၉၁%သော လုပ်ငန်းစုများက တံဆိပ်ခေါင်း/တံဆိပ်ခတ်နိုပ်နှင့် လက်မှတ်များရရှိရန်အတွက် အကြိမ်ကြိမ်သွားရသည်ဟု ဆိုကြသည်။ သို့သော်ပဲခူးတိုင်းတွင် ၂၃% သောလုပ်ငန်းစုများကသာ ဤတိုင်ကြားချက်ကို ပြုလုပ်ကြသည်။ အပြုသဘောအားဖြင့် ဆိုရလျှင် တိုင်းပြည်ရှိ လုပ်ငန်းစုအများစုက စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စာရွက်စာတမ်းများသည် အလွန်ရိုးရှင်းသည်ဟု ယုံကြည်ကြသည်။ အနိမ့်ဆုံးပြည်နယ်/တိုင်းတွင် ၅၆%မှ အများဆုံး ပြည်နယ်/တိုင်းတွင် ၉၀% ကျော်အထိ ရှိသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် အဓိက MBEI ညွှန်ကိန်းများ

ဤမှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ

အညွှန်းကိန်းခွဲ ကဏ္ဍာတွင် ၂၀၁၈-ခုနှစ် နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ တိုင်းတာခဲ့သည့် အဓိက(အနှစ်ချုပ်) ညွှန်ကိန်း (၁၁) မျိုးစလုံး ပါဝင်သည်။

၁။ စီးပွားရေးလုပ်ငန်းများကို ဌာနအားလုံးမှ ဝင်ရောက်စစ်ဆေးသည့် အကြိမ်ပေါင်း(#)

ဤညွှန်ကိန်းသည် စီးပွားရေးလုပ်ငန်းများအနက် လုပ်ငန်းစုတစ်ခုချင်းအား စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုနှင့် ပတ်သက်၍ ဝင်ရောက်စစ်ဆေးခဲ့ရသော အကြိမ်အရေအတွက်ဖြစ်၏။ စစ်ဆေးမှု ခံရသူများလျှင် ရမှတ်နိမ့်ပြီး၊ စစ်ဆေးခံရသူနည်းလျှင် ရမှတ်မြင့်သည်။ ယခုညွှန်ကိန်း၏အနက် အဓိပ္ပာယ်ကို ထည့်သွင်း စဉ်းစားရကျိုးနပ်၏။ စစ်ဆေးရေးမှူးများသည် လုံ့လဝီရိယရှိကြောင်းနှင့် စီးပွားရေးကို စေ့စေ့စပ်စပ် ဆန်းစစ်နေကြကြောင်း သိရှိရသည်။ အခြားတစ်ဖက်တွင်မူ လိုအပ်သော စည်းမျဉ်းများအားလုံးကို စိစစ်သည့် စစ်ဆေးမှုတစ်ခုသည်လုံလောက်သောကြောင့် စစ်ဆေးမှုများစွာပြုလုပ်ခြင်းက စစ်ဆေးရေးမှူးများ၏ အခြားစီးပွားရေးလုပ်ငန်းများကို စစ်ဆေးနိုင်သည့် အချိန်ဖြုန်းတီးခြင်းသဘောဖြစ်နိုင်သလို စစ်ဆေးခံနေရစဉ် ကာလအတွင်း အစစ်ခံလုပ်ငန်းစုက စီးပွားရေးမလုပ်နိုင်သည့်အတွက် သူတို့၏အချိန်ကိုလည်း ဖြုန်းတီးခြင်းသဘောဖြစ်နိုင်သည်။ ဤညွှန်ကိန်းများအတွက် နောက်ပိုင်းဖွင့်ဆိုသော အနက်အဓိပ္ပာယ်ကို အသုံးပြုပါသည်။ နောက်ဆုံးကောက်ချက်မှာ အကောင်းဆုံး သင့်တင့်မျှတဆုံး အကြိမ်အရေအတွက်ကို ရှာဖွေပြီး ပတ်ဝန်းကျင်အတွက် သင့်မြတ်ဆုံးအတိုင်းအတာ တစ်ခုတည်ဆောက်ရန်ဖြစ်သည်။ သို့သော်ရှင်းလင်းသော သီအိုရီဆိုင်ရာမျှတမှုမရှိပဲ လုပ်ဆောင်မရနိုင်သေးသောကြောင့် ကျွန်ုပ်တို့သည် ထိုတိုင်းတာခြင်းကို ဆိုင်းငံ့ထားသည်။ ထို့ကြောင့် ဤညွှန်ကိန်း၌ စစ်ဆေးချိန်ကြာလေ မှတ်ပုံတင်ခြင်းအလွန်စည်းမျဉ်းစည်းကမ်းများကြောင့် ပို၍ပင်ပန်းစေမည်ဖြစ်ကြောင်း အကြံပြုအပ်သည်။ အဆိုပါ ယုတ္တိဗေဒဿနသည် စစ်ဆေးရေးမှူးနှင့် လုပ်ငန်းစု နှစ်ဖက်လုံး၏အချိန်နှင့်စွမ်းအင်ထက်ကျော်လွန်သော အနက်အဓိပ္ပာယ်ဆောင်ပါသည်။ ဤအတိုင်းအတာသည် အေဂျင်စီများနှင့် သူတို့၏စစ်ဆေးရေးအရာရှိများအကြား အကောင်းဆုံး အလေ့အကျင့်များကို ပြဋ္ဌာန်းရန် စွမ်းဆောင်နိုင်စွမ်း မရှိခြင်းကိုလည်း ဖော်ပြနေသည်။

၂။ စစ်ဆေးမှုသည် စီးပွားရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီစေရန် အကူအညီဖြစ်စေသည် %

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်းတစ်ခုစီရှိ လုပ်ငန်းစုများ၏-စစ်ဆေးမှုများသည် စီးပွားရေးလုပ်ငန်းများကို စည်းမျဉ်းများလိုက်နာစေရန် ကူညီသည်ဟု ယုံကြည်သော သူတို့၏ ဝေစုကို တိုင်းတာသည့် ရာခိုင်နှုန်း ဖြစ်သည်။ ဤအရာကို ယုံကြည်သော လုပ်ငန်းစုများ၏ ဝေစုများလေ အညွှန်းကိန်းခွဲ-၃ အပေါ် ရမှတ်များလေဖြစ်သည်။ ဤတိုင်းတာမှု၌ အယူအဆ(၂)မျိုးကို လွှမ်းခြုံသည်။ အများအားဖြင့် သိသာထင်ရှားသည့်အချက်မှာ ဒေသန္တရအစိုးရအပေါ် ယုံကြည်မှုရှိခြင်းကို ပြခြင်းဖြစ်သည်။ ဒေသန္တရအစိုးရအပေါ် ပိုမိုယုံကြည်မှုရှိခြင်းသည် လုပ်ငန်းစုများအနေဖြင့် အနိမ့်ဆုံး အဆင့်တရားဝင်လုပ်ကိုင်ရန်နှင့်သက်တမ်းတိုးခြင်းလိုအပ်ချက်များကို ပိုမိုလိုက်လျောညီထွေဖြစ်ရန်နှင့် တရားမဝင်လုပ်ကိုင်ရန် အလားအလာနည်းပါးသည်ကို ဆိုလိုသည်။ ဤအတိုင်းအတာသည် အမှန်တကယ်စစ်ဆေးခြင်း၏ အရည်အသွေးကိုလည်းပြသသည်။ လုပ်ငန်းစုများသည် ဤဖော်ပြချက်ပါ စစ်ဆေးခြင်းများကို သဘောတူခြင်းသည် တန်ဖိုးထားမှုကို ကိုယ်စားပြုခြင်းကို ပြသခြင်းလည်းဖြစ်နိုင်သည်။ လိုက်နာမှုနှင့်အတူ ကူညီသောစစ်ဆေးမှုများက လုပ်ငန်းစုများသည်ဥပဒေနှင့် စည်းမျဉ်းကို လိုက်နာသေချာစေခြင်းဖြင့် လုပ်သားများ၊ စားသုံးသူ၊ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သည်။

၃။ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းလည်ပတ်ချိန်၏ ၁၀ % အောက်ကိုသာ သုံးရသည် %

ပုံ ၄.၃။
ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ အညွှန်းကိန်းခွဲဆိုင်ရာ အဆင့်များ



စည်းမျဉ်းများနားလည်သဘောပေါက်ရန်နှင့် ၎င်းတို့နှင့်အညီ လိုက်နာရန် လိုအပ်သည့် အချိန်သည် စီးပွားရေးလုပ်ငန်းတစ်ခု လည်ပတ်ရန်အတွက် ကုန်ကျစရိတ်နှင့် တိုက်ရိုက်ဆက်နွယ်သောကြောင့် စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များအတွက် အသုံးဝင်သော အညွှန်းဖြစ်သည်။ ပိုင်ရှင်သို့မဟုတ်မန်နေဂျာသည် နားလည်မှုနှင့်စည်းမျဉ်းများကို လိုက်နာရန် အချိန်ပို၍ လိုအပ်လေ ကုန်ကျစရိတ်လျှော့ချခြင်း၊ ကုန်ပစ္စည်းပြုပြင်ခြင်း သို့မဟုတ် ဈေးကွက်မြှင့်တင်ခြင်း စသည့် စီးပွားရေးလုပ်ငန်းလည်ပတ်ခြင်းနှင့်သက်ဆိုင်သော အခြားကိစ္စရပ်များကို သူတို့ကိုင်တွယ်ရန် အချိန်နည်းသွားလေဖြစ်သည်။ ၎င်းကြောင့် အကျိုးအမြတ် လျော့နည်းစေနိုင်သည် (Amin 2009)။ ဤနေရာတွင်ရည်ညွှန်းသော ကုန်ကျစရိတ်များသည် အများအားဖြင့် အခွင့်အလမ်းဆိုင်ရာ ကုန်ကျစရိတ်များ ဖြစ်သည်။ ဆိုလိုသည်မှာ စည်းမျဉ်းများကိုနားလည်ခြင်းနှင့် လိုက်နာခြင်းတို့သည် ဝင်ငွေရရှိစေသော စီးပွားရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်အချိန်မှ မျှဝေပေးလိုက်ရသောကြောင့်ဖြစ်သည်။

၄။ လုပ်ထုံးလုပ်နည်းစာရွက်စာတမ်းများ စစ်ဆေးလုပ်ဆောင်ရာတွင် အစိုးရအရာရှိများမှာ ကျွမ်းကျင်မှုရှိသည် %

အစိုးရအရာရှိများသည်ထိရောက်မှုရှိသည်ဟု ယုံကြည်သော ပြည်နယ်/တိုင်း တစ်ခုစီရှိ လုပ်ငန်းစုများ၏ ဝေစုကို ဤညွှန်ကိန်းက တိုင်းတာပါသည်။ ပိုမိုထိရောက်သော အရာရှိများသည် စည်းမျဉ်းစည်းကမ်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ်များကို လျော့ကျစေသည်။ ဤကြေညာချက်ကို ထိရောက်မှုရှိ၏ဟု သဘောတူညီချက်နှင့် ထင်မြင်ယူဆချက်များသည် လက်တွေ့တွင် အမှန်တကယ် နီးစပ်နေလျှင်၊ အစိုးရအရာရှိများသည်လာဘ်ပေးလာဘ်ယူမှုနည်းပါးပြီး ပုံစံတကျ ကြိုတင်ခန့်မှန်းသည့်ကာလအတိုင်းနှင့် အချိန်မီ ကိုင်တွယ်ဖြေရှင်းနေခြင်းကြောင့် လုပ်ငန်းစုများအနေဖြင့် ကုန်ကျစရိတ်များ ဘက်စုံသက်သာစေမည်ဖြစ်၏။ အစိုးရအရာရှိများ ထိရောက်မှု မရှိဟူသော ထင်မြင်ချက်သည် လုပ်ငန်းစု ပိုင်ရှင်များကို စည်းမျဉ်းစည်းကမ်း လိုက်နာမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းမှ တားဆီးသည့် သဘောလည်းဖြစ်၊ တရားဝင် လုပ်ကိုင်သူတို့၏ ကုန်ကျစရိတ်များကိုလည်း တိုးမြင့်စေသော အကျိုးရလဒ်ဖြစ်စေသည် (Afonso et al. 2005)။

၅။ စစ်ဆေးမှုတွင်အစိုးရအရာရှိများမှာ ရင်းနှီးဖော်ရွေမှုရှိသည်%

အစိုးရအရာရှိများသည် ဖော်ရွေသည်ဟု ယုံကြည်သော ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ ဝေစုကို ဤညွှန်ကိန်းကတိုင်းတာပါသည်။ သဘောတူသည့်လုပ်ငန်းပို၍ များလေ အညွှန်ကိန်းရမှတ်မြင့်မားလေဖြစ်ပြီး သဘောတူသည့် လုပ်ငန်း ပို၍နည်းလေ ညွှန်ကိန်းရမှတ် နိမ့်ပါးလေ ဖြစ်ပါသည်။ ဖော်ရွေပြီး ချဉ်းကပ်ရလွယ်ကူသော အစိုးရအရာရှိများသည် လျှောက်ထားသူများကို လွယ်ကူချောမွေ့စေသည်။ လုပ်ငန်းစု ကိုယ်စားလှယ်များသည် မေးခွန်းများမေးမြန်းရန် ပိုမိုဆန္ဒရှိလာနိုင်ပြီး နားလည်မှုလွဲခြင်း လျှော့နည်း လာနိုင်ပါသည်။ ရလဒ်အနေဖြင့် ၎င်းတို့သည် လုပ်ထုံးလုပ်နည်းများနှင့် အဆင့်မီကျင့်ဝတ်များဆိုင်ရာ ပိုမိုရှင်းလင်းသော အဓိပ္ပာယ်များကို သိရှိမည်ဖြစ်သည်။ ဤအတိုင်းအတာ ညွှန်ကိန်းသည် အစိုးရနှင့် ဆက်ဆံရာတွင် အရည်အချင်းပြည့်ဝမှုနှင့် လုပ်ငန်းစုက ခံစားရသော အထွေထွေကျေနပ်မှု ကိုယ်စားပြုကြားခံတစ်ခုဖြစ်သည်။

၆။ တံဆိပ်ခေါင်း/တံဆိပ်ခတ်နိုပ်နှင့် လက်မှတ်ရရှိရန် အကြိမ်များစွာမသွားရပါ (သဘောတူ %)

ဤညွှန်ကိန်းသည် တံဆိပ်ခတ်နိုပ်မှု နှင့် လက်မှတ် ရရှိရန် အကြိမ်ကြိမ်မသွားရောက်ရပါကြောင်းပြောဆိုသော လုပ်ငန်းစုများ၏ ဝေစုကို တိုင်းတာသည်။ လုပ်ငန်းစုများက လုပ်ထုံးလုပ်နည်းများကို ပြီးမြောက်ရန်အတွက် အစိုးရရုံးများသို့ အကြိမ်ကြိမ်သွားရပါက ဝင်ငွေရစေသော လှုပ်ရှားမှုများမှ အချိန်ကို ထုတ်နုတ်သုံးစွဲလိုက်ရသည့်အတွက် နစ်နာစေသည်။ လုပ်ထုံးလုပ်နည်းများကို ပြီးမြောက်ရန်ခရီးများစွာ သွားခြင်းသည် ရန်ပုံငွေများနှင့် အခြားစီးပွားရေးအရင်းအမြစ်များကိုစားသွား၏ (World Bank 2018)။ အကြိမ်များစွာ သွားရောက်ရန် အတွက် လိုအပ်မှုသည် လုပ်ငန်းရှင်အား ဤပြဿနာကို အချိန်မီဖြေရှင်းနိုင်ခြင်း ရှိနိုင်/မရှိနိုင်နှင့် ပတ်သက်၍ မသေချာမရေရာမှုဖြစ်စေနိုင်သည်။ ဤညွှန်ကိန်းသည် နိုင်ငံတော်မြေယာအသုံးချမှုမူဝါဒ (၂၀၁၆) ဖော်ပြပါ - "မြေယာလွှဲပြောင်းခ နှင့် တံဆိပ်ခေါင်းများသည် မျှတမှု၊ ညီမျှမှု၊ သင့်လျော်မှုနှင့် ပွင့်လင်းမြင်သာမှု ရှိရမည်။" ဟူသော မူဝါဒနှင့်လည်း ကိုက်ညီသည်။

၇။ လုပ်ထုံးလုပ်နည်းစာရွက်စာတမ်းများမှာ ရိုးရှင်းလွယ်ကူသည်%

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိလုပ်ငန်းစုများ၏ စာရွက်စာတမ်း လုပ်ငန်းများသည် ရိုးရှင်းပါသည်ဟု သဘောတူသော ဝေစုကို တိုင်းတာပါသည်။ အကယ်၍ စာရွက်စာတမ်း လုပ်ငန်းများသည် ရိုးရှင်းပါက စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ်များသည် ပိုမိုနိမ့်ကျ လျော့နည်းသည်။ အချိန်ဖြုန်းတီးခြင်းမရှိ၊ အတိုင်ပင်ခံ သို့မဟုတ် ရှေ့နေများကို အကူအညီအတွက် ငှားရန် မလိုအပ်နိုင်ပါ။ ရိုးရှင်းသော စာရွက်စာတမ်း လုပ်ငန်းများသည် အကြောင်းအမျိုးမျိုးကြောင့် ကုန်ကျစရိတ်များကို လျှော့ချသက်သာစေနိုင်သည်။ ရိုးရှင်းသော စာရွက်စာတမ်းများသည် နားလည်မှု၊ သုံးစွဲခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းအတွက် လိုအပ်သော အချိန်ကို လျှော့ချနိုင်သည် (အထက်ပါ ညွှန်ကိန်း (၃) ကို ကြည့်ပါ)။ စာရွက်စာတမ်း

လွယ်ကူရိုးရှင်းခြင်းကြောင့် လုပ်ငန်းစုနှင့် ဗျူရိုကရေစီ ယန္တရားနှစ်ခုစလုံး အမှားနည်းနိုင်ဖွယ်ရှိသည်။ ၎င်းသည် လုပ်ငန်းစု၏ အချိန်နှင့် ငွေကို သက်သာစေသည် (World Bank 2018)။ လိုအပ်သော စာရွက်စာတမ်းများ၏ စာရင်းကို စစ်တမ်းဒေတာတွင် ဖော်ပြထားခြင်းမရှိသော်လည်း လိုအပ်သော ပုံစံများနှင့် တင်ပြခြင်း လုပ်ထုံးလုပ်နည်းများကို DICA ဝက်ဘ်ဆိုဒ်နှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။

၈။ ကျသင့်ငွေများ သိသာထင်ရှားစွာဖော်ပြထားသည် %

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ စည်းမျဉ်း စည်းကမ်းများ နှင့် အုပ်ချုပ်မှုဆိုင်ရာ အခကြေးငွေများကို သက်ဆိုင်ရာ အစိုးရဌာနရုံးများတွင် လူသိရှင်ကြားသတ်မှတ် ဖော်ပြ ကြေညာထားကြောင်း မှန်ကန်ပါသည်ဟု သဘောတူသော လုပ်ငန်းစုများ၏ ဝေစုကိုတိုင်းတာသည်။ လူသိရှင်ကြားဖော်ပြထားသော အခကြေးငွေများသည် စည်းမျဉ်း စည်းကမ်းများနှင့် လိုက်နာရမည့်အချိန်နှင့် ပတ်သက်၍ မသေချာမှုများကို သိသိသာသာ လျှော့ချပေးသည်။ လူသိရှင်ကြား အခကြေးငွေစာရင်း ကြေညာထားခြင်းဖြင့် လုပ်ငန်းစုနှင့် ဗျူရိုကရေစီယန္တရားတို့၏ အမှားအယွင်းကို နည်းပါးစေ၏။ (Knight 2012).

၉။ ထွေအုပ်ဝန်ထမ်းများ၏ထိရောက်သော ကူညီပံ့ပိုးမှု %

ဤလေ့လာတွေ့ရှိမှု ညွှန်ကိန်းသည် မြို့နယ်ထွေ/အုပ်ရုံးများရှိ ဝန်ထမ်းများ၏ ကူညီပံ့ပိုးပေးမှု ပျမ်းမျှနှုန်းကို တိုင်းတာသည်။ ထွေအုပ်၏ ဝန်ထမ်းများသည် ဝန်ဆောင်မှု နှင့် သက်ဆိုင်သော မေးခွန်းများကို ဖြေဆိုနိုင်ရန် ရုံးတွင်း၌ ရှိခြင်း၊ အသင့်ဖြစ်ခြင်း နှင့် ဖြေဆိုနိုင်သော စွမ်းရည်ရှိခြင်းတို့ကို အခြေခံ၍ စာရင်းကောက်ထားပြီး၊ binary(၀/၁)စနစ်ဖြင့် ရမှတ်ဖော်ပြထားသည်။ အထောက်အကူပြုသည်ဆိုပါက ညွှန်ကိန်းအတိုင်းအတာကို (၁) နှင့် ညီမျှ၍ သို့မဟုတ်ပါက (၀) ဖြစ်၏။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရမှတ် ဆိုသည်မှာ စစ်တမ်းကောက်ယူခဲ့သော ရုံးများကို ကွင်းဆင်း အဖွဲ့က အထောက်အကူပြုသည်ဟု သတ်မှတ်ထားသော ပြည်နယ်/တိုင်းရှိ ပျမ်းမျှရမှတ်ဖြစ်သည်။ ပြည်နယ်/တိုင်းရှိ စစ်တမ်းကောက်ယူခဲ့သော ရုံးများ၏ ရာခိုင်နှုန်းအဖြစ်လည်း ဖော်ဆိုနိုင်သည်။ အထောက်အကူပြုသော ဝန်ထမ်းများ သည် ပြည်သူလူထုအား သတင်းအချက်အလက်များကို ပိုမိုလွယ်ကူစွာ ဝေမျှသောကြောင့် ပိုမိုပွင့်လင်းမြင်သာမှု ရှိပါကြောင်းကို ရည်ညွှန်းဖော်ဆိုလိုပါသည်။ အထောက်အကူပြုသော ဝန်ထမ်းများသည် စာရွက်စာတမ်းများကို ပိုမိုလွယ်ကူစွာ ပံ့ပိုးပေးပြီး လိုအပ်သည်တို့ကို ပိုမိုမြန်ဆန်စွာ လုပ်ဆောင်ပေးကြသည်။ ဆိုလိုသည်မှာ မှတ်ပုံတင်ပြီးနောက် လုပ်ငန်းများကို ပိုမိုလွယ်ကူစေပြီး လုပ်ငန်းရှင်တို့၏ အချိန်နှင့် ငွေကို သက်သာစေကြောင်း ဖြစ်၏။

၁၀။ ပြည်သူ့ဝန်ဆောင်မှုရုံးမှ ဝန်ထမ်းများ ဝန်ဆောင်မှုပေးရန်အသင့်ရှိနေကြခြင်း(အရေအတွက်)

ဤညွှန်ကိန်းသည် မြို့နယ်တစ်ခုတွင် ဝန်ထမ်းလည်းရှိ လုပ်ငန်းစုံလည်း ပြီးနိုင်ကာ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း (OSS) ပျမ်းမျှနှုန်းကို တိုင်းတာသည်။ ဤညွှန်ကိန်းအတွက် လေ့လာရေးခရီးစဉ်တွင် - DAO မှစ၍ ရဲဌာန၊ မီးသတ်ဌာန စသည့်ဖြင့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးနိုင်မှု အရေအတွက် မည်မျှရှိသည်ကို ကျွန်ုပ်တို့၏ လေ့လာရေးအဖွဲ့က ရေတွက်ပါသည်။ ဝန်ထမ်းများ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံ ဝန်ဆောင်မှုပေးခြင်းသည် မှတ်ပုံတင်ခြင်းကို ပိုမိုလွယ်ကူ၍ လုပ်ငန်းရှုပ်ထွေးမှု နည်းပါးစေသည်။ အကယ်၍ လုပ်ငန်းပိုင်ရှင်များသည် OSS ကိုသွားပြီး စားပွဲခုံ၌ လူမရှိပါက သူတို့၏အချိန်သည်အလဟသဖြစ်သွားမည်။ ဤတိုင်းတာမှုသည် OSS ၏ ထိရောက်မှု နှင့် စွမ်းရည်ကိုလည်း ဖော်ဆိုသည်။ အကယ်၍ စားပွဲခုံများတွင် ဝန်ထမ်းများမရှိပါက OSS ၏ စွမ်းဆောင်ရည် နည်းပါးနေသည်ဟု ယူဆခြင်းက မျှတပါသည်။

၁၁။ မြို့နယ်အတွင်း၌ ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားရှိခြင်း%

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိမြို့နယ်များအနက် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ရှိ၍ ဧည့်သည်များ အတွက် ပုံမှန်အလုပ်ချိန်အတိုင်း အလုပ်လုပ်ကြသည့် မြို့နယ်များ၏ ရာခိုင်နှုန်းကို တိုင်းတာသည်။ OSS စစ်တမ်း ကောက်ယူခဲ့သည့် မြို့နယ်များတွင် တစ်နေရာတည်းပြီး OSS များသည်နှင့်အမျှ ဤညွှန်ကိန်းရာခိုင်နှုန်းသည် မြင့်မားပါသည်။ OSS ရှိခဲ့ပြီးသော အချို့သော မြို့နယ်များတွင် အများပြည်သူအတွက် လပေါင်း အတန်ကြာစွာ ဖွင့်မထားနိုင်ခဲ့ပါ။ OSS တစ်ခုသည် လိုင်စင်နှင့် သက်တမ်းတိုးခြင်း လုပ်ငန်းစဉ်ကိုလွယ်ကူချောမွေ့စေသည်။ ထို့ကြောင့်စီးပွားရေး လုပ်ငန်းများသွားနိုင်သည့် အလုပ်လုပ်သော OSS များ နေရာများပိုများလာလျှင်ဥပဒေနည်းလမ်းကျလုပ်ကိုင်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို ပိုမိုလွယ်ကူစေပါသည်။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ခုနှစ်တွင် ဤမှတ်ပုံတင်ခြင်းအလွန်စည်းမျဉ်းစည်းကမ်းများ အညွှန်းကိန်းခွဲ (၃) နှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ညွှန်ကိန်းအသစ် (၇) ခုကို ထပ်မံထည့်သွင်းခဲ့သည်။ ယင်းတို့တွင် အောက်ဖော်ပြပါတို့ ပါဝင်သည် -

၁၂။ ကျေးလက်ဒေသများ အစိုးရရုံးများတွင် သီသာထင်ရှားစွာဖော်ပြထားခြင်း (%)

ဤညွှန်ကိန်းသည် အစိုးရထံ ပေးဆောင်ရမည့် အခကြေးငွေ အစီအစဉ်များကို ထုတ်ဖော်ပြသသည့် ပိုစတာများ၊ လက်ကမ်း စာစောင်များ၊ ဝက်ဘ်ဆိုက်များ၊ တရားဝင်ပြန်တမ်းများ ရှိသည့်အတွက် လုပ်ငန်းစုများက သိရှိနိုင်ပါသည်ဟု ဆိုသော ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ မြို့နယ်များမှ လုပ်ငန်းစုများ၏ ဝေစုကို တိုင်းတာသည်။ အစိုးရထံ ပေးဆောင်ရမည့် အခကြေးငွေနှုန်းထားအတိအကျကို အလွယ်တကူ ရှာဖွေနိုင်သည့်အခါ မှတ်ပုံတင်ခြင်းနှင့် စာရွက်စာတမ်းများ သက်တမ်းတိုးခြင်းတို့သည် လွယ်ကူသည်။ အခကြေးငွေများကို မထုတ်ပြန်ထားပါက လုပ်ငန်းစုများသည် မေးတစ်ခေါက်၊ ပေးတစ်ခေါက် သွားရ၍ ကုန်ကျစရိတ်ပိုများလာသည်။ အကယ်၍ လုပ်ငန်းစုအနေဖြင့် ဌာနများသို့ အကြိမ်ပေါင်းများစွာသွားရန် လိုအပ်လျှင် ဤကုန်ကျစရိတ်ကို ပိုဆိုးစေသည်။ ထို့အပြင် တရားဝင် အခကြေးငွေများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု မရှိခြင်းသည် ရုံးကိစ္စတွင် မှားယွင်းစွာပြုမူခြင်းနှင့် အကျင့်ပျက်ခြစားမှုများအတွက် အခွင့်အလမ်းများ စေပါသည်။

၁၃။ စီးပွားရေးလုပ်ငန်းကို စစ်ဆေးမှုကြာမြင့်ချိန် (မိနစ်)

ဤညွှန်ကိန်းသည် စစ်ဆေးမှုအရေအတွက်ကို တိုင်းတာမှုနှင့် ဆက်စပ်သည်။ မိနစ်ကို အသုံးပြုခြင်းသည် အထက်ပါ အတိုင်းအတာအပေါ် သာမက စစ်ဆေးမှုတစ်ခုစီ၏ ကြာချိန်ကိုပါ တိုင်းတာခြင်း ဖြစ်သောကြောင့် ပိုမိုတိကျသည်။ ဥပမာအားဖြင့် လုပ်ငန်းစုတစ်ခုသည် စစ်ဆေးခြင်းတစ်ကြိမ်တည်းကိုသာ လိုအပ်နိုင်သည်။ သို့သော် ၎င်းစစ်ဆေးမှုဖြင့် အလွန်အမင်းကြာမြင့်စွာ အချိန်ယူရသည့် စစ်ဆေးခြင်းမျိုးစုံ ပြုခြင်းသည် အကြိမ်ကြိမ်စစ်ဆေးမှုများ နည်းတူပင် ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်သည်။

၁၄။ အစိုးရဝန်ထမ်းများ အရည်အသွေးပြည့်ဝမှုရှိခြင်း %

အစိုးရအေဂျင်စီများသည် နည်းပညာအရ အရည်အချင်းပြည့်ဝသည်ဟု ယုံကြည်သော မြို့နယ်တစ်ခုစီရှိ လုပ်ငန်းစုများ၏ ဝေစုကို ဤညွှန်ကိန်းက တိုင်းတာသည်။ ဤတိုင်းတာမှုသည် စည်းမျဉ်းစည်းကမ်းများ စစ်ဆေးခြင်း၏ တရားဝင်မှုကို ခြေရာခံသောကြောင့် အရေးကြီးသည်။ လုပ်ငန်းစုများသည် စစ်ဆေးရေးအရာရှိများနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု စစ်ဆေးခံရန် လုပ်ငန်းများကို ပိတ်လိုက်သောအခါ ၎င်းတို့သည် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းအတွက် အကာအကွယ်များ တိုးတက်လာလိမ့်မည်ဟု ယုံကြည်မှုရှိ၍ ၎င်းတို့ကို ပိတ်ထားပေးခြင်းဟုတ်ပါသလော။ လုပ်ငန်းစုများသည် စစ်ဆေးသူတစ်ဦးကို အရည်အချင်းပြည့်မီသည်ဟု ယုံကြည်မှုမရှိပါက ၎င်းလိုက်နာ စစ်ဆေးခံခြင်းစရိတ် အကုန်အကျခံရမှု တန်မတန်ကို သူတို့သံသယရှိမည် ဖြစ်ပါသည်။ လုပ်ငန်းစုများကို ဤအေဂျင်စီများမှ အရည်အချင်းကောင်း အပြုသဘော ဆက်ဆံမှုရှိလျှင် အစိုးရအေဂျင်စီများကို အရည်အချင်းပြည့်ဝသည်ဟု ယုံကြည်လာကြမည်ဖြစ်ရာ ၎င်းသည် အစိုးရ၏စွမ်းဆောင်ရည်ကို ကိုယ်စားပြုသော ကြားခံအဖြစ် အဓိပ္ပါယ်ဆောင်သည်။ တစ်နည်းပြောရလျှင် လုပ်ငန်းစုများက အစိုးရအေဂျင်စီများသည် အရည်အချင်းမပြည့်မီဟု ယူဆပါက ၎င်းတို့သည် စည်းကမ်းချက်များကို ချိုးဖောက်လျှင် အေဂျင်စီများသည် သူတို့ကိုဖမ်းဆီးနိုင်မည် မဟုတ်ဟုယုံကြည်ပြီး အေဂျင်စီများအား လုံးဝရှောင်ကွင်း လှည့်စားရန် နည်းလမ်းများကို ရှာဖွေလိမ့်မည်။

၁၅။ စစ်ဆေးမှုများကြောင့် လုပ်ငန်းလည်ပတ်မှု အနှောင့်အယှက် ဖြစ်ရခြင်း(%)

စစ်ဆေးမှု အရေအတွက်သည် သူတို့၏ လုပ်ငန်းလည်ပတ်မှုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟုဆိုသော ပြည်နယ်/တိုင်း တစ်ခုစီရှိ စစ်တမ်းပါ လုပ်ငန်းစုများ၏ ရာခိုင်နှုန်းကို ဤညွှန်ကိန်းက တိုင်းတာသည်။ သူတို့၏ စစ်ဆေးမှု အရေအတွက်သည် ဤညွှန်ကိန်း၌ တိုက်ရိုက်နှင့် သွယ်ဝိုက်နှစ်မျိုး စလုံး သက်ရောက်မှုများ ရှိပါ၏။ စစ်ဆေးရေးမှူး၏ အရည်အချင်းမပြည့်ဝမှု၊ စိတ်အနှောက်အယှက်ပေးမှု သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုတို့ကြောင့် စစ်ဆေးခြင်းများသည် မည်ကဲ့သို့ ဝန်ထုပ်ဝန်ပိုး ဖြစ်၍ မည်ကဲ့သို့ အမြင်ခံရခြင်း ရှိသည်ကို တိုက်ရိုက်တိုင်းတာသည်။ သွယ်ဝိုက်ကြည့်လျှင် စစ်ဆေးရေးမှူးများနှင့် လုပ်ငန်းပိုင်ရှင်များအကြား ပဋိပက္ခ ဖြစ်နိုင်ခြေရှိသည်ကို ကြိုတင်သတိပေးသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းစုများသည် လည်ပတ်မှုများကို အနှောင့်အယှက်ပေးသည်ဟုယူဆသော စစ်ဆေးရေးအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု နည်းပါးသောကြောင့် ဖြစ်၏။ ၎င်းကိစ္စသည် စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းစုနှစ်ဖက်စလုံး တို့၏ ကုန်ထုတ်စွမ်းအားကို ထိခိုက်စေသည်။

၁၆။ လုပ်ငန်းလိုင်စင် သက်တမ်းတိုးရန်အတွက်စည်ပင်သို့ တင်သွင်းရသော စာရွက်စာတမ်းအရေအတွက် (#)

၁၇။ မြေ ပိုင်ဆိုင်/ငှားရမ်းခြင်း သက်တမ်းတိုးရန်အတွက် ထွေအုပ် သို့ တင်သွင်းရသော စာရွက်စာတမ်းအရေအတွက် (#)

ဤစူးစမ်းလေ့လာရေးညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုစီရှိ မြို့နယ် ထွေ/အုပ်ဦးစီးဌာန နှင့် DAO စည်ပင်ရုံးများတွင် ထွေ/အုပ်မြေဂရန် (Land Grant) နှင့် စည်ပင်လုပ်ငန်းလိုင်စင် သက်တမ်းတိုးရန် လိုအပ်သော အထောက်အထားပြု စာရွက်စာတမ်း အရေအတွက်များကို တိုင်းတာသည်။ အထောက်အကူပြု စာရွက်စာတမ်းများတွင် DAO နှင့် DALMS မှလျှောက်လွှာပုံစံများ နှင့် ထောက်ခံစာများလည်း ပါဝင်သည်။ ညွှန်ကိန်းကို ၀မှ ၅အထိရမှတ်သတ်မှတ်ထားပြီး၊

ရမှတ်များက လိုအပ်သော စာရွက်စာတမ်းအရေအတွက်ကို ဖော်ညွှန်းသည်။ လိုအပ်သော စာရွက်စာတမ်းများလေ အကုန်အကျများလေဖြစ်ပြီး ပိုမို ရှုပ်ထွေးသည့် လုပ်ငန်းစဉ်များနှင့် မြေယာရရှိရန် ပိုမိုခက်ခဲသည်။

၁၈။ စည်ပင်ဝန်ထမ်းများ၏ ထိရောက်သော ကူညီပံ့ပိုးမှု %

ဤစောင့်ကြည့်လေ့လာမှုညွှန်းကိန်းသည် ပြည်နယ်/တိုင်း တစ်ခုစီရှိမြို့နယ်စည်ပင်ရုံးများရှိဝန်ထမ်းများ၏ပျမ်းမျှအားဖြင့် ကူညီမှုကိုတိုင်းတာသည်။ ကွင်းဆင်းအဖွဲ့များသည် ဝန်ထမ်းများရှိခြင်း၊ လိုလိုလားလားရှိခြင်း နှင့် စည်ပင်ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်းပေါ်မူတည်၍ binary စနစ်ရမှတ်ကို - အထောက်အကူပြုလျှင် (၁) သို့မဟုတ် အထောက်အကူမပြုလျှင် (၀) ဟု သတ်မှတ်၍ အမှတ်ပေးသည်။ ပြည်နယ်/တိုင်း ရမှတ်သည် စစ်တမ်းကောက်ယူခဲ့သော မြို့နယ်အားလုံး၏ ပျမ်းမျှရမှတ် ဖြစ်သည်။ ၎င်းသည်အထောက်အကူပြု စည်ပင်ဝန်ထမ်းများရှိသည့် မြို့နယ်များ၏ ရာခိုင်နှုန်းနှင့်တူညီသည်။ အထောက်အကူပြုသောဝန်ထမ်းများသည်ပြည်သူလူထုအားသတင်းအချက်အလက်များကို ပိုမိုလွယ်ကူစွာ ဝေမျှသောကြောင့် ပိုမိုပွင့်လင်းမြင်သာမှု ရှိသည်ဟု ဆိုလိုပါသည်။ ဝန်ထမ်းများက ဗျူရိုကရေစီဆိုင်ရာ လုပ်ငန်းများကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းစုများအတွက် အချိန်နှင့် ငွေကိုချွေတာရာ ရောက်စေပါသည်။

ဇယား ၄.၃ ။

မှတ်ပုံတင်ခြင်းအလွန်စည်းမျဉ်းများ အညွှန်းကိန်းခွဲ နှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

ဤအဓိက ညွှန်ကိန်း ၈ဏန်းများကို ၂၀၁၈ နှင့် ၂၀၂၀ MBEI မှတ်တမ်းများမှ စုဆောင်းထားသည်					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅.၀၄ ၆.၂၀ ၇.၂၇	၅.၁၇ ၆.၈၀ ၈.၈၇ ၀.၁၅	၆.၄၅ ၇.၃၂ ၈.၅၃ ၀.၇၂
စစ်တမ်း ညွှန်ကိန်းများ	ကောက်ယူပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၃၄ ၄.၁၇ ၄.၆၁	၃.၂၅ ၄.၂၅ ၄.၉၈ ၀.၂၈	၄.၀၄ ၄.၅၃ ၅.၁၆ ၀.၈၆
အမာခံ ညွှန်ကိန်းများ	ကောက်ယူပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၆၁ ၂.၀၅ ၂.၆၇	၁.၁၆ ၂.၅၂ ၃.၈၉ ၀.၂၉	၂.၂၃ ၂.၆၁ ၃.၆၄ ၀.၇၃
၁။ စီးပွားရေး လုပ်ငန်းများကို ဌာနအားလုံးမှ ဝင်ရောက်စစ်ဆေးသည့် အကြိမ်ပေါင်း	MBEI စစ်တမ်း မေးခွန်း - Q72	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၇၂ ၂.၇၀ ၄.၄၇	၁.၃၇ ၁.၉၃ ၃.၇၀ ၀.၀၈	၁.၀၂ ၁.၇၈ ၂.၆၅ ၀.၆၆
၂။ စစ်ဆေးမှုသည် စီးပွားရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစေရန် အကူအညီ ဖြစ်စေသည် %	MBEI စစ်တမ်း မေးခွန်း A _ Q77 _1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၈.၀% ၈၃.၂% ၈၉.၇%	၆၄.၃% ၈၀.၇% ၉၆.၇% ၀.၃၆	၄၈.၅% ၈၃.၉% ၉၅.၁% ၀.၇၅

၃။ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အတွက် စီးပွားရေး လုပ်ငန်းများသည် လုပ်ငန်း လည်ပတ်ချိန်၏ ၁၀ % အောက်ကိုသာ သုံးရသည်	MBEI စစ်တမ်း မေးခွန်း - Q69	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇၆.၇% ၉၅.၁% ၉၈.၉%	၄၉.၅% ၈၉.၅% ၁၀၀.၀% ၀.၀၄	၇၂.၃% ၉၀.၇% ၉၉.၆% ၀.၈၄
၄။ လုပ်ထုံးလုပ်နည်း စာရွက်စာတမ်းများ စစ်ဆေးလုပ်ဆောင်ရာ တွင်အစိုးရအရာရှိများမှာ ကျွမ်းကျင်မှုရှိသည် (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - T _ Q 71_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄၇.၀% ၇၉.၉% ၈၈.၂%	၂၈.၈% ၆၄.၈% ၈၉.၁% ၀.၂၄	၄၆.၅% ၆၇.၉% ၈၄.၆% ၀.၈၃
၅။ စစ်ဆေးမှုတွင် အစိုးရအရာရှိများမှာ ရင်းနှီးဖော်ရွေမှုရှိသည် %	MBEI စစ်တမ်း မေးခွန်း: _ Q 71_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၂.၈% ၇၂.၀% ၈၁.၅%	၄၅.၁% ၇၆.၅% ၉၆.၇% ၀.၅၁	၆၂.၄% ၇၆.၉% ၉၃.၀% ၀.၆၉
၆။ တံဆိပ်ခေါင်း/ တံဆိပ်ခတ်နိုပ်နှင့် လက်မှတ်ရရှိရန် အကြိမ်များစွာမသွားရပါ (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - T _ Q 71_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၂.၁% ၆၃.၇% ၈၀.၉%	၀.၀% ၆၄.၇% ၇၃.၈% -၀.၀၈	၈.၄% ၆၀.၁% ၇၉.၂% ၀.၉၄
၇။ လုပ်ထုံးလုပ်နည်း စာရွက်စာတမ်းများမှာ ရိုးရှင်းလွယ်ကူသည် (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - T _ Q 71_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၁.၂% ၇၁.၂% ၈၃.၅%	၃၈.၄% ၇၁.၁% ၁၀၀.၀% ၀.၀၆	၅၅.၅% ၇၁.၇% ၉၀.၃% ၀.၈၃
၈။ ကျသင့်ငွေများ သိသာထင်ရှားစွာ ဖော်ပြထားသည် (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - T _ Q 71_5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၈.၀% ၅၀.၉% ၇၄.၆%	၂၇.၉% ၇၃.၀% ၈၆.၅% ၀.၄၅	၃၉.၆% ၆၈.၀% ၇၉.၉% ၀.၉၄
၉။ ထွေအုပ်ဝန်ထမ်းများ၏ ထိရောက်သော ကူညီပံ့ပိုးမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : GAD Z5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂၀.၄% ၅၀.၀% ၁၀၀.၀%	၇.၇% ၇၃.၃% ၁၀၀.၀% ၀.၁၆	၁၂.၄% ၆၆.၇% ၁၀၀.၀% ၀.၉၆
၁၀။ ပြည်သူ့ဝန်ဆောင်မှု ရုံးမှ ဝန်ထမ်းများ ဝန်ဆောင်မှုပေးရန် အသင့်ရှိနေကြခြင်း (One-stop-shopdesks) (အရေအတွက်)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : OSS Z7	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀၀ ၀.၇၁ ၁.၀	၀.၁၆ ၃.၄၅ ၁၀.၀၀ ၀.၅၂	၀.၁၉ ၃.၀၈ ၉.၄၁

၁၁။ မြို့နယ်အတွင်း ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားရှိခြင်း(%)	လေ့လာရေးဒေတာ မေးခွန်း: OSS I5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၇၀.၈% ၁၀၀.၀%	၂၇.၇% ၁၀၀.၀% ၁၀၀.၀% ၀.၆၀	၃၃.၄% ၁၀၀.၀% ၁၀၀.၀% ၀.၉၇

၂၀၂၀ MBEI တွင် ထပ်မံထည့်သွင်းထားသည် ညွှန်ကိန်းအသစ်များ

ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၁၂။ ကျသင့်ငွေများ အစိုးရရုံးများတွင် သိသာထင်ရှားစွာ ဖော်ပြထားခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T _ Q 71_6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၄၄.၅% ၇၀.၆% ၈၁.၀%
၁၃။ စီးပွားရေးလုပ်ငန်းကို စစ်ဆေးမှုကြောင့်ချိန် (မိနစ်)	MBEI စစ်တမ်း မေးခွန်း - Q80	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၆.၈၁ ၂၂.၃၁ ၃၄.၂၉
၁၄။ အစိုးရဝန်ထမ်းများ အရည်အသွေး ပြည့်ဝမှုရှိခြင်း (%)	MBEI စစ်တမ်း မေးခွန်း - Q81	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၈၃.၂% ၉၈.၁% ၁၀၀.၀%
၁၅။စစ်ဆေးမှုများကြောင့် လုပ်ငန်းလည်ပတ်မှု အနှောင့်အယှက်ဖြစ်ရခြင်း (%)	MBEI စစ်တမ်း မေးခွန်း - Q74	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၁.၀% ၃.၆%
၁၆။ လုပ်ငန်းလိုင်စင် သက်တမ်းတိုးရန်အတွက် စည်ပင် သို့ တင်သွင်းရသော စာရွက်စာတမ်း အရေအတွက်(#)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DAO B5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁.၀၀ ၃.၃၀ ၄.၈၆
၁၇။ မြေ ပိုင်ဆိုင်/ ငှားရမ်းခြင်း သက်တမ်း တိုးရန်အတွက် ထွေအုပ် သို့ တင်သွင်းရသော စာရွက်စာတမ်း အရေအတွက် (#)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : GAD B5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀၀ ၅.၁၈ ၆.၀၇
၁၈။ စည်ပင်ဝန်ထမ်းများ၏ ထိရောက်သော ကူညီပံ့ပိုးမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : GAD Z5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၃၇.၈% ၈၀.၅% ၁၀၀.၀%

၄.၄။ တရားမဝင် ပေးချေရမှုများ

ဌာနဆိုင်ရာရုံးများ၏ အဂတိလိုက်စားမှုကို လျှော့ချနိုင်ပါက စီးပွားရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေပါသည်။ ပညာရှင်များသည် မပြောပလောက်သော အဂတိလိုက်စားမှုနှင့် ကြီးမားသော အဂတိလိုက်စားမှုကို ခွဲခြားသတ်မှတ်ကြသည် (Ackerman 1978, Lederman et al. 2005)။ အသေးအဖွဲ အဂတိလိုက်စားမှုများသည် အဓိကအားဖြင့် လာဘ်ပေးလာဘ်ယူမှုငယ်များ နှင့် တစ်ဦးချင်းစီထံ ပုံမှန်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက်ပေးရသည့် အလွတ်သဘော အခကြေးငွေများဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် တရားဝင်သတ်မှတ်ထားသော လိုက်နာရမှုများကို လွယ်ကူချောမွေ့စေရန် သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုများရရှိရန် တရားဝင်သတ်မှတ်ထားသော ဝန်ဆောင်ခများထက်ကျော်လွန်၍တရားမဝင်အခကြေးငွေများကို ပေးရသည့်အခါတွင်လည်း အဂတိလိုက်စားမှုဖြစ်ပွားသည်။ အကြီးစား အကျင့်ပျက်ခြစားမှုက နိုင်ငံတော်အဆင့် နှင့် ဒေသန္တရအစိုးရများ အဆင့်၌ဖြစ်ပြီး သာမာန်နိုင်ငံသားများက တိုက်ရိုက်မြင်တွေ့ လေ့လာခြင်း မပြုနိုင်သော်လည်း ၎င်းဖြစ်စဉ်များသည် အများပြည်သူ သက်သာချောင်ချိရေးကို ထိခိုက်နစ်နာစေပါသည်။ ကြီးမားသော အဂတိလိုက်စားမှုတွင် များသောအားဖြင့် (၁) အစိုးရ (ဥပမာ - ဆောက်လုပ်ရေး၊ ပစ္စည်းကိရိယာများ သို့မဟုတ် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ) ပစ္စည်းဝယ်ယူရေး နှင့် လုပ်ငန်းကန်ထရိုက်တို့တွင် လာဘ်ငွေ လက်ခံရယူခြင်း၊ (၂) စီးပွားရေးလုပ်ငန်း တစ်ဦးချင်း/တစ်ဖွဲ့ချင်းအတွက် အထူးအခွင့်အရေး ဦးစားပေးမှု ရရှိစေနိုင်သော မူဝါဒများ ထည့်သွင်းပေးရေးအတွက် လာဘ်ယူခြင်း၊ (၃) မူဝါဒ ချမှတ်သူများနှင့် နီးကပ်သော ဆက်ဆံရေးရှိသူများ၊ မိသားစုဝင်များနှင့် သူငယ်ချင်းများကို အကျိုးဖြစ်ထွန်းစေရန် အကန့်အသတ် ရှိသော အရင်းအမြစ် (ဥပမာ- သဘာဝ သယံဇာတများ၊ ဆက်သွယ်ရေး လှိုင်းနှုန်းများ၊ တင်ပို့မှု သို့မဟုတ် ထုတ်လုပ်မှု ခွဲတမ်းများနှင့် အဆင့်မြင့် ရာထူးများ)များအား ဈေးကွက်အပေါ် အခြေခံခြင်း မရှိပဲ ခွဲဝေသတ်မှတ်ခြင်း တို့ ပါဝင်ပါသည်။

တရားဝင်မဟုတ်သော ငွေပေးဆောင်ရမှုများသည် စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး အရေးကြီး ဦးစားပေးကိစ္စရပ်အဖြစ် မြန်မာနိုင်ငံ အစိုးရက အသိအမှတ်ပြုထားသည်။ မထိရောက်သော လုပ်ငန်းများ မလျော်ကန်သည့် နည်းလမ်းဖြင့် ကန်ထရိုက်ရရှိလာပြီး ဝန်ဆောင်မှု ပေးအပ်သည့် အခါ စီးပွားရေးလုပ်ငန်းများ၏ ကုန်ကျစရိတ် ပိုမိုမြင့်တက်လာပြီး ပြည်သူ့ဝန်ဆောင်မှုကို နိမ့်ကျစေသလို မသေချာမရေရာသည့် မူဝါဒများကို ဖန်တီးရာ ရောက်ပါသည် (Olken and Pande 2012)။ အဆင့်တစ်ခု အနေဖြင့် အလွတ်သဘော ငွေပေးကမ်းရမှုများကို မြန်မာနိုင်ငံ တွင်ဝန်ထုပ်ဝန်ပိုးအဖြစ်အသိအမှတ်ပြုပြီး အစိုးရက ၎င်းတို့ကို ပြုပြင်ပြောင်းလဲရေးအတွက် ဦးစားပေးကိစ္စ ဖြစ်သည်ဟု သတ်မှတ်ထားသည်။ Transparency International ၏ *အကျင့်ပျက်ခြစားမှု ဆိုင်ရာအမြင် အညွှန်းကိန်း-၂၀၁၉*တွင် နိုင်ငံပေါင်း (၁၈၃) နိုင်ငံအနက် မြန်မာကို အဆင့် (၁၃၀) ဟု သတ်မှတ်ထားသည်။ သို့သော်နှိုင်းယှဉ်ပါက ကမ္ဘာ့ဘဏ်၏ စစ်တမ်းကောက်ယူမှုတွင် အလွတ်သဘော ငွေပေးကမ်းမှုများသည်မြန်မာနိုင်ငံရှိ လုပ်ငန်းစုများအတွက် ကြီးမားသော အဟန့်အတားမဟုတ်ကြောင်း (World Bank 2016) ဖော်ပြခဲ့ပြီး ဖြစ်ပွားမှုနှုန်း နိမ့်ပါးသလို ပမာဏ အားဖြင့်လည်း နည်းပါးကြောင်း ဖော်ပြထားပါသည်။ အလွတ်သဘော ပေးကမ်းမှုများနှင့် ပတ်သက်၍ လုပ်ငန်းစုများနှင့် သော်လည်းကောင်း၊ တစ်ဦးချင်းစီအနေဖြင့်သော်လည်းကောင်း၊ အချက်အချာအာရုံစိုက် အုပ်စုများနှင့် လည်းကောင်း စကားပြောပြီးနောက် ကျွန်ုပ်တို့သည် ထိုခွဲခြမ်းစိတ်ဖြာမှုများအပေါ် သံသယရှိခဲ့ကြပြီး စစ်တမ်းမေးခွန်းများပြုစုစုစည်း၍ မေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံတွင်ကြာရှည်စွာ စစ်တပ်ထိန်းချုပ်မှုနှင့် စစ်တပ်ကျောထောက် နောက်ခံပေးထားသော စီးပွားရေး လုပ်ငန်းများအပေါ် မျက်နှာသာပေးမှုတို့ကြောင့် စစ်တမ်းဖြေဆိုသူများက လွတ်လပ်စွာပြောဆိုရန် တွန့်ဆုတ်ခြင်း ရှိနေခဲ့ခြင်းသည် အရေးကြီးမှတ်သားသင့်သော ကိစ္စတစ်ခုဖြစ်လာပါသည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် သတင်းမှန် ပိုမိုရရှိနိုင်ရန် မျှော်လင့်ချက်ဖြင့် "လာဘ်ထိုး" အစား "လက်ဆောင်များ" ကဲ့သို့သော စကားစုတို့ကို ရွေးချယ်ပြောင်းလဲ သုံးစွဲခဲ့ရပါသည်။

ကျွန်ုပ်တို့၏တွေ့ရှိချက်များသည် ကမ္ဘာ့ဘဏ်၏ အကဲဖြတ်ခြင်း၌ ဖော်ပြထားသလို စီးပွားရေးလုပ်ငန်းများအတွက် တရားမဝင် ငွေပေးချေမှုများသည် ပမာဏနည်းပါးပြီး ခဏခဏဖြစ်လေ့မရှိ ဟူသော သုံးသပ်ချက် ကို ယေဘုယျ အားဖြင့် အတည်ပြုသည်။ အလယ်ကိန်း ပြည်နယ်/တိုင်း တွင် လုပ်ငန်းစု ၈၀% နီးပါးက လာဘ်ပေးရန်မလိုကြောင်းနှင့် ၉၉% က လာဘ်ပေးငွေသည် ရောင်းရငွေ၏ ၂% အောက်သာ ရှိသည်ဟု ပြောဆိုခဲ့သည်။ ဤကဏ္ဍ၌ အများနှင့်မတူသော ဖြေဆိုချက်တစ်ခုမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး ၂၅% သော လုပ်ငန်းစုများက လာဘ်ငွေပေးရမှုသည် ရောင်းရငွေ၏ ၂% ထက်ပို၍ပေးရသည်ဟု ဆိုသည်။ ပြည်နယ်/တိုင်း ရှိ လုပ်ငန်းစုများကို စည်းမျဉ်းစည်းကမ်းဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်နေစဉ်ကာလအတွင်း ၎င်းတို့၏ အလယ်မှတ်ပျမ်းမျှ ၂.၄% မျှသာ လာဘ်ပေးခဲ့ကြရသည်။ အဆိုးရွားဆုံးသော ပြည်နယ်/တိုင်း တွင် လုပ်ငန်းစုများ၏ ၉.၂% က စည်းမျဉ်းစည်းကမ်းများကိုစစ်ဆေးခြင်းကာလတွင် လာဘ်ထိုးကြသည်။ ကျွန်ုပ်တို့က အခန်း-၂ အပိုင်း-၄ တွင် ဖော်ပြထားပြီးသည့်အတိုင်း လုပ်ငန်းစုများ၏ အမည်ကို လျှို့ဝှက်

ပုံ ၄.၄။
ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ တရားမဝင် ပေးချေရမှုဆိုင်ရာ အညွှန်းကိန်းခွဲ -၄ ရမှတ်များ


ကရင်ပြည်နယ်
နေပြည်တော်
ပဲခူးတိုင်းဒေသကြီး
စစ်ကိုင်းတိုင်းဒေသကြီး
မကွေးတိုင်းဒေသကြီး
တနင်္သာရီတိုင်းဒေသကြီး
ရှမ်းပြည်နယ်
ကယားပြည်နယ်
ရခိုင်ပြည်နယ်
ဧရာဝတီတိုင်းဒေသကြီး
ကချင်ပြည်နယ်
မွန်ပြည်နယ်
ချင်းပြည်နယ်
ရန်ကုန်တိုင်းဒေသကြီး
မန္တလေးတိုင်းဒေသကြီး
၅.၉၀
၃.၆
၅.၆၉
၃.၆
၅.၆
၅.၅
၅.၃
၅.၃
၅.၃

သော အချက်အလက်များကို ရှာဖွေရန်မှာ များသောအားဖြင့် အလွန်ခက်ခဲပါသည်။ လာဘ်ပေးလာဘ်ယူမှု ခံစားနေရသော ပိုင်ရှင်များနှင့် မန်နေဂျာများ၏ အတွေ့အကြုံများ သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုများကြောင့် သူတို့၏လုပ်ငန်းခွင်တွင် ထင်မြင်ယူဆချက်များကိုစစ်တမ်းရယူနိုင်ပါက ထိုကဲ့သို့သော အတိုင်းအတာသည် ကျွန်ုပ်တို့အား ထိုအုပ်ချုပ်ရေး၏ အရေးကြီးသော လက္ခဏာကို တွက်ချက်ပြရန် ခွင့်ပြုပေးနိုင်ပါသည်။ ၎င်းဖြင့် လက်ဆောင်တစ်ခု ပေးခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန်အတွက် တရားဝင် လုပ်ထုံးလုပ်နည်းလည်း မဟုတ်သလို လုပ်ငန်းစု၏ လုပ်ငန်းလည်ပတ်မှုအတွက် ရရှိနိုင်သော အရင်းအမြစ်များကိုလည်း လျော့နည်းသွားစေသည် (Shleifer and Vishny 1993) ။

၂။ ဝင်ငွေ၏ ၂% အောက်ပမာဏကို လာဘ်အနေဖြင့် ပေးရသည့် လုပ်ငန်း %

ဤညွှန်ကိန်းသည် အရောင်းဝင်ငွေ၏ (၂%) ထက်ကျော်လွန်သည့် လာဘ်ပေးမှု များကို မပေးခဲ့ရပါဟု တုန့်ပြန်ဖြေကြားသည့် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ ရာခိုင်နှုန်းကို တိုင်းတာသည်။ စီးပွားရေးလုပ်ငန်းများအတွက် အကျိုးသက်ရောက်မှုများမှာ ရိုးရှင်းပါသည်။ လုပ်ငန်းစုအနေဖြင့် အမြတ်ငွေမှ လာဘ်ငွေများစွာကို ပေးဆောင်ရလျှင်ငှားရမ်းခြင်း သို့မဟုတ် စျေးကွက်ရှာဖွေခြင်း စသည့် လုပ်ငန်း၏အခြားအစိတ်အပိုင်းများအတွက် အမှန်တကယ်လိုအပ်သော ငွေအရင်းအမြစ်များ ဆုံးရှုံးပါသည်။ လာဘ်ပေးလာဘ်ယူမှုနှင့် ဝင်ငွေ အချိုးအစားသည် မတန်တဆ ဖြစ်လာခဲ့လျှင် လုပ်ငန်းစုသည် အကျိုးအမြတ် မဖြစ်ထွန်းဘဲ လုပ်ငန်းလည်ပတ်မှုကို ရပ်တန့်ရမည်ဖြစ်သည် (Bardhan 1997)။ ဤတိုင်းတာမှုကို ယခင်အတိုင်းအတာမှုများ နှင့် မတူကွာခြားသောနည်းဖြင့် (တရားမဝင် ပေးကမ်းရခြင်းဖြစ်ပွားမှုများကို အမိအရရှာဖွေ) တွက်ချက်ခြင်းဖြင့် ပြည်နယ်အတွင်းရှိ အကျင့်ပျက်ခြစားမှု လုပ်ဆောင်မှုများ၏ ပြင်းထန်မှုနှင့် အတိုင်းအတာကို သိရှိနိုင်သည်။ ၎င်းရှုထောင့်ကို အာရုံထား၍ Aterido et al (၂၀၀၉) သည် နိုင်ငံပေါင်း ၉၀ ရှိလုပ်ငန်းစု ၅၆၀၀၀ အတွက် တူညီသောမေးခွန်းများကို အသုံးပြုမေးမြန်းခဲ့ရာ ပျမ်းမျှ အားဖြင့် ၁.၅% သော ဝင်ငွေအား လာဘ်ပေးလာဘ်ယူမှု ပြုသည်ကို တွေ့ရှိခဲ့သည် (SD = 4.2)။ ဗီယက်နမ်နိုင်ငံတွင် အလားတူ မေးခွန်းတစ်ခုက နိုင်ငံအတွင်း လာဘ်ပေးလာဘ်ယူမှု၏ ပျမ်းမျှ (သမက်ကိန်း)ပေးငွေသည် နှစ်စဉ် ဝင်ငွေ၏ ၂.၉၉%ဖြစ်သည်ကို တွေ့ရှိခဲ့ရသည် (Malesky et al. 2020)။

၃။ ပေးရမည့် လာဘ်ငွေပမာဏ ကြိုသိသည် (သဘောတူသည့် %)

ဤညွှန်ကိန်းသည် လာဘ်ပေးလာဘ်ယူမှုအတွက် ပေးရမည့်ပမာဏကို သိပါ၏ဟု ဖြေဆိုသော ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ အချိုးအစားကို တိုင်းတာသည်။ အလွတ်သဘော ပေးကမ်းသည့် လာဘ်ငွေများသည် ပြဿနာဖြစ်သလို မျှော်လင့်ထားသည့် ပမာဏကို သိခြင်းသည် မသိခြင်းထက် ပိုကောင်းသည်။ ၎င်းသည် လုပ်ငန်းစုအား ၎င်း၏ကုန်ကျစရိတ်များကို ပိုမိုကောင်းမွန်စွာ စီမံခွင့်ပြုသည်။ လေ့လာသုံးသပ်သူအချို့က လာဘ်ပေးလာဘ်ယူမှု ပမာဏကို သိခြင်းသည် လုပ်ငန်းစုများအား သူတို့၏ရေရှည်စီမံကိန်းရေးဆွဲခြင်းတွင် အခွန်နည်းတူ ထည့်သွင်းတွက်ချက်ရန် ခွင့်ပြုသည်ဟု အကြံပြုကြသည်။ လာဘ်ထိုးခြင်းအတွက် ပေးရမည့်ငွေ ပမာဏကို မသိသော အခါ လုပ်ငန်းစုများသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုများကို စီစဉ်ရန် အခက်အခဲများစွာရှိသည် (Campos et. al. 1999, Malesky and Samphantharak 2008)။

၄။ ငွေကြေးကို လက်ဆောင်အနေဖြင့် ပေးလျှင် ဝန်ဆောင်မှု ပိုမိုကောင်းမွန်သည် (သဘောတူသည့် %)

ဤအချက်သည် ကြိုတင်ခန့်မှန်းနိုင်သည့် အတိုင်းအတာ တစ်ခုဖြစ်ပြီး လာဘ်ပေးလိုက်သောအခါ လုပ်ငန်းစုများ အနေဖြင့် သူတို့မျှော်လင့်ထားသည့် အရာများကိုရရှိခြင်း ရှိ/မရှိ မေးမြန်းရန် အဓိကလိုအပ်ချက်ဖြစ်လာသည်။ လုပ်ငန်းစု

များက ဤဖော်ပြချက်ကို သဘောတူလက်ခံခြင်းများလေ သူတို့၏ ကြိုတင်ခန့်မှန်း လာဘ်ပေးမှုများသည် စည်းမျဉ်း အတားအဆီးများကို ကျော်လွှားရာတွင် အကျိုးဖြစ်ထွန်းစေ သည့် ရည်ရွယ်ချက်ကို ပြသသောကြောင့် တရားမဝင် ပေးဆောင်ရမှု ညွှန်ကိန်း ပိုကောင်းလေဖြစ်၏။

၅။ တင်ဒါအောင်မြင်မှု အခွင့်အရေး ပိုများလိုလျှင် ငွေကြေးကို လက်ဆောင်အနေဖြင့် ပေးခြင်းသည် လိုအပ်သည် (သဘောတူသည့် %)

ဤညွှန်ကိန်းသည် ဝယ်ယူရေး လေလံဆွဲရာ၌ အခွင့်အလမ်း ပိုမို ကောင်းမွန်စေရန် လာဘ်ပေးလာဘ်ယူမှု လိုအပ်ကြောင်း ဖော်ပြချက်အပေါ် သဘောတူသော ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ဝေစုကို တိုင်းတာသည်။ ဤသဘောတူညီမှုကိုကြည့်၍ လုပ်ငန်းစုများက "လာဘ်ပေး ခြင်းဖြင့် လုပ်ငန်းများ ပြီးမြောက်အောင် လုပ်ကိုင်နိုင်သည်" ဟူ၍သဘောထားနေကြောင်းပေါ် လွင်ပါသည်။ ဤသို့အကျင့် ပျက်ခြစားမှုနှင့် လာဘ်ပေးလာဘ်ယူမှုကို လက်ခံသင့်ဟု ထင်မြင်ယူဆခြင်းသည် လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့် ပျက်ခြစားမှုများကို အမှန်တကယ်ပို၍တိုးပွားစေမည်ဖြစ်၏။ ဤညွှန်ကိန်း၏အနှစ်ချုပ်သဘောတရားကိုပို၍သိရှိနားလည် သဘောပေါက်ပြီးမှသာလျှင် လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုများ အဆင့်မှန်ကို တိုင်းတာခြင်းက ဤညွှန်ကိန်းသည်ကောင်းကျိုးပြုရန်တိုင်းတာခြင်းဖြစ်ကြောင်း သဘောပေါက်မည်ဖြစ်သည် (Beck and Maher 1986)။

၆။ စစ်ဆေးရေးဝင်စဉ်လက်ဆောင်ပစ္စည်း/ ငွေကြေးပေးခဲ့ရသည် (သဘောတူသည့် %)

ဤညွှန်ကိန်းသည် စစ်ဆေးမှုပြုလုပ်စဉ် လက်ဆောင်တစ်ခု သို့မဟုတ် အပိုငွေပေးချေမှုပြုသည့် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ ဝေစုကိုတိုင်းတာသည်။ ၎င်းသည် တရားမဝင်ပေးကမ်းမှုများ ပျံ့နှံ့နေခြင်းကို (အစီရင်ခံမှုလျော့နည်းခြင်းကြောင့် အသိပေးချက် လျော့နည်းနေ သေးသော်လည်း) တိုက်ရိုက်တိုင်းတာသည်။ ဤအတိုင်း အတာ၏ အရေးပါမှုက သိသာပါသည်။ ပထမတစ်ခုက လာဘ်ပေးလာဘ်ယူမှုသည် တရားမဝင်ပါ။ ဒုတိယအချက် အနေဖြင့် ယခင်ကဖော်ပြခဲ့သည့်အတိုင်း လာဘ်ပေးမှုများ သည်အကျိုးဖြစ်ထွန်းသော လှုပ်ရှားမှုမဟုတ်ဘဲ အရင်းအမြစ် များကို မှားယွင်းစွာ ခွဲဝေချထားပေး၍ စစ်ဆေးသူများကို ငွေပေးချေခြင်းသည် လုပ်ငန်းစု၏ ထိရောက်မှုကိုလျော့ကျ စေခြင်း နှင့် အမြတ်နည်းခြင်းကို ဖြစ်ပေါ်စေပြီး အစိုးရအပေါ် ယုံကြည်မှုလျော့နည်းနေခြင်းကိုလည်း ပြသပါသည်။

၇။ စစ်ဆေးရေး လုပ်ခြင်းသည် ဝန်ထမ်းများအတွက် လက်ဆောင်မှတဆင့် ဝင်ငွေရစေသည့် အခွင့်အလမ်းဖြစ်စေသည်။ %

စစ်ဆေးမှုများသည် စည်းကမ်း ထိန်းသိမ်းသူများအနေဖြင့် လက်ဆောင်များမှတစ်ဆင့် ငွေရှာရန် အခွင့်အလမ်းများ ဖြစ်ပေါ်စေသည်ဟု ယုံကြည်ကြသည့် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ ဝေစုကို ဤညွှန်ကိန်းက တိုင်းတာသည်။ ဤအဆိုပြုချက်နှင့်ပတ်သက်၍ ယုံကြည်သူ လုပ်ငန်းစုများ ပို၍များလေ ပြည်နယ်/တိုင်း၏ တရားမဝင် ပေးဆောင်ရမှု ညွှန်ကိန်းရမှတ် နိမ့်ကျလေဖြစ်သည်။ အကယ်၍ လုပ်ငန်းစုများက ၎င်းတို့ကို စစ်ဆေးရာတွင် စစ်ဆေးသူများအနေဖြင့် မကောင်းသော အကြံအစည်ရှိ သည်ဟု ယုံကြည်ပါက ပြဿနာများစွာ ရှိ၏။ ပထမတစ်ချက် အနေဖြင့် သူတို့သည် ပူးပေါင်းဆောင်ရွက်ရန်နှင့် စည်းမျဉ်း စည်းကမ်းများကို ရိုးသားစွာ လိုက်နာမှု ရှိကြရန် အခက်အခဲ ဖြစ်မည်။ ဆိုလိုသည်မှာ ရိုးသားသော စည်းကြပ်သူများ ပင်လျှင် သူတို့ကို အကျင့်ပျက်ဟု ယူဆခံရလျှင် သူတို့၏အလုပ်ကို စနစ်တကျ လုပ်ကိုင်နိုင်တော့မည် မဟုတ်ပါ။ ထပ်မံဖြည့်စွက် ဖော်ပြရလျှင် စည်းမျဉ်းစည်းကမ်းများကို အကဲဖြတ်ရာ၌ တိကျမှု နည်းပါးပါက စားသုံးသူများ အတွက် အန္တရာယ်ဖြစ်စေ ပါသည်။ ထို့အပြင် ဤအဆိုကို သဘောတူသော လုပ်ငန်းစု များသည် စည်းမျဉ်းစည်းကမ်းရှိရန် ဦးဆောင်သည့် အေဂျင်စီများနှင့် အစိုးရအပေါ် ယုံကြည်ကိုးစားလိုစိတ် နည်းပါးမှုနှင့် ၎င်းကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံလိုစိတ် နည်းပါးမှုကို ပြသသည်။ ထိုမှတဆင့် တာဝန်ဝတ္တရားများ အတိုင်း ပြုမူဆောင်ရွက်ရသော အစိုးရနှင့် ဦးဆောင် အေဂျင်စီများ၏ စွမ်းရည်ကို ထိခိုက်လာစေနိုင်ပါမည်။

၈။ လူ ၁၀,၀၀၀ တွင် ရှိသော အဂတိ တိုင်ကြားမှု ပေါင်း(# ၂၀၁၉)

ဤညွှန်ကိန်းသည်ပြည်နယ်နှင့်တိုင်းများရှိမြို့နယ်တစ်ခုစီ၌ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ တင်သွင်း သော လုပ်ငန်းစုတစ်ခုစီက တိုင်းကြားသည့် ပျမ်းမျှအကျင့် ပျက်ခြစားမှုများ အရေအတွက်ကို တိုင်းတာခြင်းဖြစ်သည်။ ဖြစ်ပေါ်လာသည့် တိုင်ကြားမှုများအပေါ် နိုင်ငံသားလူဦးရေ ပမာဏ ၁၀၀၀၀ စံသတ်မှတ်ချက်ဖြင့် နှိုင်း၍ ဖြစ်နှုန်းကို တိုင်းတာပြ၏။ လုပ်ငန်းစုတစ်ခုစီ အနေဖြင့် အဂတိလိုက်စားမှု ပိုမို များပြားလာလျှင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အတွင်း အကျင့်ပျက်မှု ပို၍များပြားသည်ကို ပြဆိုသည်။ ဤတိုင်းတာမှုတွင် ဧရိယာတစ်ခုတွင် အကျင့်ပျက်ခြစားမှု တိုင်တန်းမှုများပြားလေ ထိုဧရိယာသည် အမှန်တကယ် အကျင့်ပျက်လေဖြစ်သည်ဟု ယူဆစေသည်။ သို့သော် ဤယူဆချက်သည် အမြဲတမ်းမမှန်နိုင်ပါ။ ဒေသခံများက အကျင့်ပျက်ခြစားမှုကို ACC အဂတိလိုက်စားမှုတိုက်ဖျက် ရေး ကော်မရှင် တိုင်ကြားမှုပြုနိုင်သော ပိုမိုပွင့်လင်းသည့် အခြေအနေများရှိသည် သို့မဟုတ် တွန့်ဆုတ်နေပြီး အကျင့်ပျက်ခြစားမှု ပြဿနာများနှင့်ပတ်သက်၍ မပြောရဲ ကြသူများ မဟုတ်ပါဟူ၍လည်း အဓိပ္ပာယ်ကောက်ယူ နိုင်သည်ဟု ဆိုလိုပါသည်။ သို့သော် ဤခက်ခဲသည့်အတိုင်း အတာရှိ အဂတိလိုက်စားမှုကို တိုင်းတာသော စစ်တမ်း

ကောက်ယူမှုများသည် အကျိုးရှိ အပြုသဘော ဆက်နွယ်နေကြောင်း ကျွန်ုပ်တို့တွေ့ရှိရပါသည်။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၁၀။ ချေးငွေရရှိရန်အတွက် လက်ဆောင်ပစ္စည်း/ငွေကြေးပေးရန်လိုသည်

ဤညွှန်ကိန်းသည် ချေးငွေရရှိရန်အတွက် လက်ဆောင်တစ်ခုပေးရန် သို့မဟုတ် ငွေပေးရန် လိုအပ်သည်ဟုယုံကြည်သောပြည်နယ်/တိုင်းတစ်ခုချင်းစီရှိ လုပ်ငန်းစုများ၏ဝေစုကို တိုင်းတာသည်။ ဤညွှန်ကိန်းသည် အခြား "လက်ဆောင်သို့မဟုတ် ငွေ" ညွှန်ကိန်းများနှင့် ဆင်တူသည်။ ဤဖော်ပြချက်ကို လုပ်ငန်းစုအများစုက သဘောတူပါက စီးပွားရေးလုပ်ငန်းများကို တရားဝင်လုပ်ကိုင်နိုင်သည့် အရင်းအမြစ်များ လျော့နည်းစေမည်။ အစိုးရအပေါ် ယုံကြည်မှု ကင်းမဲ့စေခြင်းနှင့် အကျင့်ပျက်ဗျူရိုကရက်များ ပိုရှိပေါများလာမည် ဖြစ်သည်။ ထို့အပြင် လက်ဆောင်တစ်ခုပေးခြင်း သို့မဟုတ် ချေးငွေအတွက် ငွေပေးခြင်းသည် ချေးငွေအတွက် ကုန်ကျစရိတ်ကို မြင့်တက်စေပြီး အစိုးရ၏ ချေးငွေလုပ်ငန်းအေဂျင်စီများ၏ အရည်အသွေး ညံ့ဖျင်းမှုကိုလည်း ပြသနေပါသည်။

ဇယား ၄.၄ ။

တရားမဝင်ပေးချေရမှုများ အညွှန်းကိန်းခွဲ နှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

ဤအဓိက ညွှန်ကိန်းများကို ၂၀၁၈ နှင့် ၂၀၂၀ MBEI မှတ်တမ်းများမှ စုဆောင်းထားသည်					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
တရားမဝင် ပေးဆောင်ရမှုများ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇.၆၀ ၈.၄၈ ၉.၃၄	၈.၀၀ ၈.၆၃ ၉.၂၁ ၀.၂၈	၇.၀၁ ၈.၄၉ ၉.၀၇ ၀.၈၇
စစ်တမ်းညွှန်ကိန်းများ	တိုင်းတာပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄.၆၂ ၅.၃၂ ၅.၅၃	၅.၁၃ ၅.၃၄ ၅.၈၅ -၀.၀၄	၅.၀၈ ၅.၃၈ ၅.၉၀ ၀.၈၅
အမာခံ ညွှန်ကိန်းများ	တိုင်းတာပြီး အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂.၇၅ ၃.၂၅ ၃.၈၆	၂.၇၇ ၃.၂၉ ၃.၄၅ ၀.၄၂	၁.၇၃ ၃.၁၆ ၃.၃၇ ၀.၉၁
၁။ စီးပွားရေး လုပ်ငန်းအနေဖြင့် လက်ဆောင်ပစ္စည်းကို ငွေကြေးအနေဖြင့် ပေးရသည်။ (သဘောမတူ %)	MBEI စစ်တမ်း မေးခွန်း - Q82	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆၀.၄% ၇၈.၅% ၈၄.၇%	၇၁.၃% ၈၇.၆% ၉၇.၇% -၀.၁၇	၃၉.၇% ၇၉.၃% ၁၀၀.၀% ၀.၁၄
၂။ ဝင်ငွေ၏ ၂% အောက်ပမာဏကို လာဘ်အနေဖြင့် ပေးရသည့် လုပ်ငန်း (%)	MBEI စစ်တမ်း မေးခွန်း - Q83	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆၂.၀% ၈၇.၆% ၁၀၀.၀%	၇၁.၅% ၉၆.၁% ၁၀၀.၀% -၀.၁၉	၇၄.၈% ၉၈.၉% ၉၉.၈% ၀.၈၇

၃။ ပေးရမည့် လာဘ်ငွေပမာဏ ကြိုသိသည် (သဘောတူ %)	MBEI စစ်တမ်း - မေးခွန်း Q84	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၉.၉% ၅၄.၈% ၉၄.၇%	၀.၀% ၃၈.၆% ၁၀၀.၀% -၀.၃၉	၁၅.၈% ၅၀.၃% ၇၆.၃% ၀.၅၄
၄။ ငွေကြေးကို လက်ဆောင်အနေဖြင့် ပေးလျှင်ဝန်ဆောင်မှု ပိုမိုကောင်းမွန်သည် (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း Q85	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆၈.၄% ၈၄.၉% ၉၃.၂%	၅၆.၅% ၈၁.၆% ၉၉.၂% -၀.၄၄	၅၀.၇% ၇၇.၉% ၉၆.၆% ၀.၇၅
၅။ တင်ဒါ အောင်မြင်မှု အခွင့်အရေးပိုများ လိုလျှင် ငွေကြေးကို လက်ဆောင်အနေဖြင့် ပေးခြင်းသည် လိုအပ်သည် (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - Q90	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၂.၁% ၁၀၀.၀% ၁၀၀.၀%	၁၅.၆% ၁၀၀.၀% ၁၀၀.၀% -၀.၀၃	၄၂.၂% ၉၄.၂% ၁၀၀.၀% ၀.၁၇
၆။ စစ်ဆေးရေးဝင်စည် လက်ဆောင်ပစ္စည်း/ ငွေကြေးပေးခဲ့ရသည် (သဘောတူ%)	MBEI စစ်တမ်း မေးခွန်း - t_Q78	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၄.၁% ၁၄.၂%	၀.၀% ၂.၈% ၁၃.၆% ၀.၃၆	၀.၇% ၂.၄% ၉.၂% ၀.၇၈
၇။ စစ်ဆေးရေး လုပ်ခြင်းသည် ဝန်ထမ်းများအတွက် လက်ဆောင်မှတဆင့် ဝင်ငွေ ရစေသည့် အခွင့်အလမ်းဖြစ်စေသည်။ (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - A_Q77_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၅.၄% ၁၆.၉%	၀.၀% ၁.၈% ၆.၃% ၀.၆၃	၀.၁% ၂.၂% ၈.၆% ၀.၈၃
၈။ လူ ၁၀,၀၀၀ တွင် ရှိသော အဂတိ တိုင်ကြားမှုပေါင်း (# ၂၀၁၉)	အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ တရားဝင် ထုတ်ပြန် ထားသော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၄၆ ၂.၆၂ ၄.၆၉	၂.၀၀ ၂.၄၄ ၄.၅၅ ၀.၆၄	၁.၉၁ ၂.၃၄ ၅.၀၀ ၀.၉၅

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်သွင်းသည့် ညွှန်ကိန်းအသစ်များ

ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၉။ ချေးငွေရရှိရန်အတွက် လက်ဆောင်ပစ္စည်း/ ငွေကြေးပေးရန်လိုသည် (%)	MBEI စစ်တမ်း မေးခွန်း - q110_8_wy1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၈.၁% ၂၄.၇%

၄.၅။ အခြေခံ အဆောက်အအုံ

စီးပွားရေးလုပ်ငန်းများသည် တည်ငြိမ်သော လျှပ်စစ်မီး၊ ဝယ်သူများထံ အလွယ်တကူ ပို့ဆောင်နိုင်သော လမ်းများ၊ စီးပွားရေးအတွက် အရေးကြီးသော သတင်းအချက်အလက်များကို စုဆောင်းပြီး ဖောက်သည်များအား အသိပေးရန် အင်တာနက် စသည်တို့ မရှိလျှင် ထိရောက်စွာ လည်ပတ်နိုင်မည် မဟုတ်ပါ။ သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံ ဟူသည်မှာ လမ်းများ၊ တံတားများ၊ လေဆိပ်များ၊ ရေနက်ဆိပ်ကမ်းများနှင့် အခြား အလားတူတို့ အကျုံးဝင်ပါသည်။ အရည်အသွေးမြင့်မားသော အခြေခံ အဆောက်အအုံများသည် သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းရောင်းဝယ်မှုဆိုင်ရာ ကုန်ကျစရိတ်များကို ကန့်သတ်ပေးခြင်း၊ အချိန်မီ စီမံခန့်ခွဲမှု လွယ်ကူချောမွေ့စေခြင်း၊ ကုန်ပစ္စည်းပို့ဆောင်ရေး လျင်မြန်စွာလုပ်ကိုင်နိုင်၍ ကုန်ပစ္စည်းပျက်စီးမှုကို ကာကွယ်ပေးခြင်းနှင့် ထုတ်ကုန်ပစ္စည်းများ ပျက်စီးနိုင်မည့် အန္တရာယ်ကို လျှော့ချပေးခြင်း၊ သိုလှောင်ခြင်းအတွက် မလိုအပ်သော နေရာများကို လျှော့ချခြင်းဖြင့် စီးပွားရေးကုန်ထုတ်စွမ်းအားကို တိုးတက်စေသည်။ (Démurger 2001, Fedderke et al. 2006)။ ဆက်သွယ်မှုသည်လည်း အရေးပါပါသည်။ အဝေးပြေးလမ်းမကြီး၊ ရထားလမ်းနှင့် ဆိပ်ကမ်းများအကြား ဆက်သွယ်မှုညံ့ဖျင်းခြင်းကြောင့် ရေကြောင်း ပို့ဆောင်ရေးကာလကို ကြာရှည်စေပြီး ကုန်ပစ္စည်းများကို ပျက်စီးစေနိုင်သည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်ပစ္စည်း ပေးသွင်းသူများနှင့် ဖောက်သည်များနှင့် ဆက်သွယ်နိုင်စေရန် လည်းကောင်း၊ အလားအလာရှိသော ဈေးကွက်များ တိုးချဲ့ရန် လည်းကောင်း၊ မိတ်ဖက်အသစ်နှင့် ဆက်သွယ်မှုအသစ်များ ရရှိရန်နှင့် ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များ ရှာဖွေရရှိရန်လည်းကောင်း ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွင် လုံလောက်သော တယ်လီဖုန်းကွန်ရက်နှင့် အင်တာနက် bandwidth တို့၏ ပါဝင် လွှမ်းခြုံမှု ကောင်းမွန်စွာဆက်လက် ရရှိနေစေရန် လိုအပ်ပါသည်။ (Roller and Waverman 2001)။ ထွန်းသစ်စ ဈေးကွက်များရှိ ကုန်စည်ထုတ်လုပ်သူများသည် လျင်မြန်စွာပြောင်းလဲနေသော ဈေးနှုန်းနှင့် ဈေးကွက်ရာသီဥတုကို မျက်ခြေမပြတ် လေ့လာပြီး အမြဲတမ်းရှေ့တန်းသို့ ရောက်ရှိနေစေရန် နည်းပညာကို များစွာအားကိုးနေရကြပါသည်။

ပုံ ၄.၅။
အခြေခံအဆောက်အအုံဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများအဆင့်၊ အညွှန်းကိန်းခွဲ-၅ ရမှတ်များ



Report 2019) အရ အခြေခံအဆောက်အအုံဆိုင်ရာ စွမ်းရည်ကို တိုင်းတာမှုတစ်ခုအဖြစ် လျှပ်စစ်ဓာတ်အား ရရှိမှုတွင် နိုင်ငံပေါင်း ၁၉၀ အနက် မြန်မာနိုင်ငံကို အဆင့် ၁၄၄ (၂၅ ရာခိုင်နှုန်း ဝန်းကျင်သာ လျှပ်စစ်မီးရရှိ) ၌ သတ်မှတ်သည်။

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း အများစုအတွက် အခြေခံအဆောက်အအုံ အရည်အသွေးသည် အရေးကြီးကိစ္စအဖြစ် ကျန်ရှိနေပါသည်။ သို့သော် အခြေခံအဆောက်အအုံ အမျိုးအစားအလိုက် ကွဲပြားသည်။ အထူးသဖြင့် အဓိကဆောက်လုပ်ရေး လိုအပ်သော ရုပ်ပိုင်းဆိုင်ရာအခြေခံ အဆောက်အအုံများ တိုးတက်မှုသည် လိုအပ်ဆဲဖြစ်သည်။ အလယ်ကိန်းတန်ဖိုးနှင့် တူညီသော ဒေသတွင်းရှိ ကုမ္ပဏီ ၆၄.၁% သာ လမ်းအရည်အသွေး ကောင်းသည် (သို့) အလွန်ကောင်းမွန်သည်ဟု ယုံကြည်ကြသည်။ ဤနှုန်းသည်

ဒေသတွင်းရှိ ကုမ္ပဏီ ၆၄.၁% သာ လမ်းအရည်အသွေး ကောင်းသည် (သို့) အလွန်ကောင်းမွန်သည်ဟု ယုံကြည်ကြသည်။ ဤနှုန်းသည်

မြန်မာနိုင်ငံသည် အခြေခံအဆောက်အအုံဆိုင်ရာ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပါသည်။ အာရှဖွံ့ဖြိုး တိုးတက်ရေးဘဏ်၏ အဆိုအရ မြန်မာနိုင်ငံ၏ အခြေခံ အဆောက်အအုံ ကွာဟမှု လိုအပ်ချက်ကို ၂၀၃၀ ပြည့်နှစ်အမီ ဖြည့်ဆည်းနိုင်ရန် လိုအပ်သော ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၀ ဘီလျံဖြစ်သည်။[၂၅] ဥပမာအားဖြင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ၂၀၁၉ (Doing Business

ရခိုင်တွင် ၃၁.၄% သို့ကျဆင်းသွားပါသည်။ အခြားတစ်ဖက်တွင်မူ ယေဘုယျအားဖြင့် လျှပ်စစ်ဓာတ်အားနှင့် အင်တာနက်ဝန်ဆောင်မှုတို့တွင် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်သည်။ ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လုပ်ငန်းစုအားလုံး၏ ထက်ဝက်ကျော်၏ အင်တာနက်အရည်အသွေးသည် ကောင်းမွန်သည်ဟု ယုံကြည်ကြသည်။[၂၆] အလယ်ကိန်းတိုင်းဒေသဒေသကြီးဖြစ်သော မကွေးတွင် လုပ်ငန်း ၇၉.၃ ရာခိုင်နှုန်းက အင်တာနက်အရည်အသွေး ကောင်းမွန်ကြောင်းနှင့် ၇၆.၅% က လျှပ်စစ်ဓာတ်အား ကောင်းသည်ဟု ဆိုကြသည်။

တိကျသော ညွှန်ကိန်းများအရ အခြေခံအဆောက်အဦးများ ရရှိမှုသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သိသိသာသာ ကွဲပြားသည်။

ခြောက်သွေ့ရာသီတွင် ရေရရှိသောအိမ်ထောင်စုများ၏ ရာခိုင်နှုန်းသည် ရခိုင်ပြည်နယ်တွင် ၁၇% မှ ကချင်ပြည်နယ်တွင် ၈၁% အထိ ရှိသည်။ အိမ်သုံး မီတာတစ်ခုအတွက် မှတ်ပုံတင်ခြင်းနှင့် လျှပ်စစ်ဝန်ဆောင်မှု ရရှိခြင်းအကြား ပျမ်းမျှကြာချိန်သည် တနင်္သာရီတိုင်းဒေသကြီးတွင်ရက်ပေါင်း ၃၀မှ ကရင်ပြည်နယ်တွင် ၁၀၂ ရက်အထိရှိသည်။ ပုံ (၄.၅) သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်အခြေခံအဆောက်အဦးအရည်အသွေး အဆင့်အတန်းကို ပျမ်းမျှဖော်ပြသည်။ အံ့အားသင့်စရာ မရှိသည့်အချက်မှာ ရန်ကုန် နှင့် မန္တလေးမြို့များရှိမြို့ပြဒေသများသည် စစ်တမ်းနှင့် ခိုင်မာသော အချက်အလက် နှစ်ခုလုံးတွင် အမြင့်ဆုံးရမှတ်များရကြသည်။ သို့ရာတွင် ရခိုင်နှင့် ချင်းပြည်နယ်တို့သည် အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် ဘက်စုံအားနည်းနေပါသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် အဓိက MBEI ညွှန်ကိန်းများ

ဤ အခြေခံအဆောက်အအုံ အညွှန်းကိန်းခွဲတွင် ၂၀၁၈-ခုနှစ် နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ တိုင်းတာခဲ့သည့် အဓိက ညွှန်ကိန်း ၁၃ ခု ပါဝင်သည်။

၁။ လွန်ခဲ့သည့်လအတွင်း တယ်လီဖုန်းနှင့် အခြား ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်ခြင်း။ (#)

ဆက်သွယ်ရေးဝန်ဆောင်မှု နာရီပေါင်းများစွာပျက်ခြင်းသည် သတင်းအချက်အလက် နှင့် နည်းပညာ ညံ့ဖျင်းသောကြောင့် ဖြစ်ရာ အခြေခံအဆောက်အအုံဝန်ဆောင်မှု၏ အရည်အသွေးပြည့်မှီကိန်းအဖြစ် သုံးသင့်ပါသည်။ အိုင်တီနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများသည် ပြည်နယ်အတွင်းရှိ ဝန်ဆောင်မှု အရည်အသွေးကိုဖော်ပြသော ကြားခံဖြစ်သည်။ ဆုံးရှုံးသွားသော နာရီများသည် ဤဝန်ဆောင်မှုများ (ဥပမာ အလွယ်တကူ မဖျက်ဆီးနိုင်သည့် တယ်လီဖုန်းလိုင်းများ) အတွက် လုံလောက်သော အခြေခံအဆောက်အအုံ မရှိသေးဟု ဆိုလိုနိုင်သည်။ တယ်လီဖုန်း၊ ဖက်စ်နှင့် အင်တာနက် ဝန်ဆောင်မှု နာရီပေါင်းများစွာ ဆုံးရှုံးခြင်းသည် လုပ်ငန်းစုတစ်ခုအပေါ် တိုက်ရိုက် အကျိုးသက်ရောက်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ၎င်း၏အစီအစဉ်နှင့် ဆုံးဖြတ်ချက်များကို ကုန်ပေးသွင်းသူများ၊ စားသုံးသူများ၊ ဝန်ထမ်းများ နှင့် တရားဝင်ထိန်းသိမ်းသူ အဖွဲ့အစည်းများသို့ ၎င်း၏ အစီအစဉ်များနှင့် ဆုံးဖြတ်ချက်များအား ဆက်သွယ်ပြောဆိုနိုင်စွမ်း မပြုနိုင်ခြင်းမှ ဝင်ငွေဆုံးရှုံးနိုင်ပါသည်။ (Démurgur 2001)

၂။ လွန်ခဲ့သည့်လက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု နာရီပေါင်း (#)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီတွင် လွန်ခဲ့သောလက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကို တိုင်းတာသည်။ လျှပ်စစ်မီးမရသည့် နာရီများလေ အခြေခံအဆောက်အအုံ ရမှတ်အဆင့် နိမ့်ကျလေဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်လျှင် လုပ်ငန်းစု၏ လုပ်ငန်းများ ရပ်ဆိုင်းခြင်းကြောင့် စီးပွားရေးဆုံးရှုံးမှု ဖြစ်စေသည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အရေအတွက်များလွန်းလျှင် လုပ်ငန်းစု၏ လုပ်ငန်းပုံမှန်လည်ပတ်မှုကာလ နှင့် ထုတ်လုပ်မှု လုပ်ငန်းစဉ်များတွင် မတည်ငြိမ်မှုများစွာ ဖြစ်စေလိမ့်မယ်။

၃။ တစ်နှစ်အတွင်း ရေကြီးခြင်း၊ ရွှံ့များ သို့မဟုတ် လမ်းအခြေအနေမကောင်းခြင်းများကြောင့် လမ်းများ ပိတ်ဆို့ခြင်း ခံရသည့် နေ့ရက်အရေအတွက် (#)

လမ်းပိတ်သွားသည့်ရက် အရေအတွက်သည် အခြေခံအဆောက်အဦးအရည်အသွေး နှင့် အခြေခံအဆောက်အအုံ နှင့် သက်ဆိုင်သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ပြည်နယ်/တိုင်း အစိုးရများ၏ စွမ်းရည်ကို ပြသသည်။ ထို့အပြင် မြေပြိုမှုကာကွယ်ရန်ကဲ့သို့သော အခြေခံအဆောက်အအုံများ ကာကွယ်ရန် ကိုယ်စားပြုခြင်း၌ လည်းကောင်း၊ ၎င်းတို့နှင့် သက်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် လည်းကောင်း နိုင်ငံတော်သည် မည်မျှထိရောက်မှု ရှိသည်ကို ညွှန်ပြသည်။ ဆိုလိုသည်မှာ ရက်ရှည်ကြာလျှင် ပြည်နယ် သည် ထိရောက်မှုနည်း၍ ရက်တိုမျှသာ ဖြစ်လျှင် ပြည်နယ်က စွမ်းဆောင်ရည် မြင့်သည်ဟု ဆိုလိုသည်။ ဥပမာအားဖြင့် ပြည်နယ်တွင် ရွှံ့ သို့မဟုတ် ရေ လွှမ်းမိုးခြင်း အပျက်အစီးများကို အလျင်အမြန် ဖယ်ရှားနိုင်ခဲ့လျှင်-ပြည်နယ်၏ အခြေခံအဆောက်အအုံအပေါ် သက်ရောက်စေနိုင်သော ကြိုတင်မမြင်နိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး (ဥပမာ-တိုင်ဖွန်းမုန်တိုင်း) တို့ကို ကိုင်တွယ်ဖြေရှင်းရန် အရင်းအမြစ်များနှင့် ဗဟုသုတ ရှိလိမ့်မည်ဟု မျှော်လင့်နိုင်ပါသည် (Calderón and Servén 2004)။

၄။ မမျှော်လင့်သော လျှပ်စစ်မီးပြတ်တောက်ခြင်း သို့မဟုတ် မတည်ငြိမ်သော လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုကြောင့် လုပ်ငန်းစု ပျက်စီးခဲ့ရသည် (သဘောတူ %)

ဤညွှန်ကိန်းသည် မမျှော်လင့်သော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု သို့မဟုတ် မတည်ငြိမ်သော လျှပ်စစ်ဓာတ်အား ပေးမှုကြောင့် ပျက်စီးဆုံးရှုံးမှုရှိခဲ့သည့် လုပ်ငန်းစုများ၏ ဝေစုကိုတိုင်းတာသည်။ ဤညွှန်ကိန်းသည် ရိုးရှင်းပါသည်။ လုပ်ငန်းစုများသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် ငွေကြေးဆုံးရှုံးကြသည်။ တည်ငြိမ်မှုမရှိသော စွမ်းအင်သည် စက်များကိုပျက်စီးစေနိုင်သည် သို့မဟုတ် ၎င်းတို့၏ ထုတ်လုပ်မှုကို ကျဆင်းစေနိုင်သည်။ အင်တာနက် အသုံးပြုနိုင်မှုကို တားဆီးနိုင်သည်။ နှစ်ခုလုံး၏ရလဒ်များက လုပ်ငန်းစု၏ စွမ်းဆောင်ရည်ကို သိသိသာသာ အကျိုးသက်ရောက်စေသည်။ ထို့ကြောင့် ဤညွှန်ကိန်းသည် အစိုးရ၏ အခြေခံသွင်းအားစုများ ထောက်ပံ့နိုင်စွမ်းကို တိုင်းတာသည်။

၅။ လွန်ခဲ့သည့်လက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အကြိမ်ပေါင်း(#)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီတွင် လွန်ခဲ့သည့်လက လုပ်ငန်းစုတစ်ခုလျှင် ပျမ်းမျှအားဖြင့် ပြတ်တောက်မှု အရေအတွက်ကို တိုင်းတာသည်။ ၎င်းသည် အထက်ပါ ညွှန်ကိန်းနှင့် အလွန်ဆင်တူသည် - လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် လုပ်ငန်း၏ လည်ပတ်မှုကို တားဆီးကာ စီးပွားရေးဆုံးရှုံးမှုကို ဖြစ်စေသည်။ ထို့အပြင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အရေအတွက် များလွန်းပါက လုပ်ငန်းတစ်ခုအနေဖြင့် ပုံမှန်လည်ပတ်ချိန်များကို ဆက်လက် မထားရှိနိုင်တော့ပါ။

၆။ လျှပ်စစ်ဝန်ဆောင်မှုရရှိရန် လျှောက်ထားခြင်းနှင့် ဝန်ဆောင်မှုရရှိခြင်း ကြားအချိန် (ပျမ်းမျှနေ့ရက်ပေါင်း #)

ဤညွှန်ကိန်းသည် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုအတွက် လျှောက်ထားခြင်းနှင့် ဝန်ဆောင်မှုရရှိခြင်း အကြားကြာသော ပျမ်းမျှနေ့ရက်ကို တိုင်းတာသည်။ မှတ်ပုံတင်ခြင်းနှင့် ရရှိခြင်းအကြား အချိန်တိုတောင်းလေ အခြေခံအဆောက်အအုံ ရမှတ်များလေ ဖြစ်သည်။ အချိန်ကြာလေ ရမှတ်နိမ့်လေဖြစ်သည်။ မှတ်ပုံတင်ခြင်းနှင့် ဆက်သွယ်မှုအကြား သိသာသော အချိန်ကွာဟမှုသည် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းများ စတင်လည်ပတ်ရန် နောက်ကျစေခြင်းအားဖြင့် ထိခိုက်နစ်နာစေသည်။ လက်တွေ့တွင် လုပ်ငန်းစုအားလုံးသည် လျှပ်စစ်ဓာတ်အားလိုအပ်ပါသည်။ အကယ်၍ ၎င်းတို့တွင် လျှပ်စစ်မီးရရှိရန် နောက်ကျနေလျှင် အမြတ်ဝင်ငွေမရရှိဘဲ ၄ားရမ်းခ ကဲ့သို့သော ပုံသေစရိတ်များကသာ ဆက်လက်ကုန်ကျနေမည်ဖြစ်ပြီး ငွေဆုံးရှုံးများဖြစ်သည်။ ထို့အပြင် မည်သည့်အချိန်တွင် လျှပ်စစ်စတင်ရရှိမည်ကို မသေချာမရေရာခြင်းသည် စီးပွားရေးလုပ်ငန်းများက ကြိုတင်စီစဉ်ခြင်းပြုလုပ်နိုင်မှုကို တားဆီးနှောက်ယှက်သည်။ အကယ်၍ လျှပ်စစ်မီးမရရှိသော လုပ်ငန်းစုသည် ကုန်ကြမ်းပစ္စည်း ပေးသွင်းရသူဖြစ်လျှင် မြစ်ဖျားခံ နောက်ဆက်တွဲရှိ အခြားလုပ်ငန်းစု များသည်လည်း ဆုံးရှုံးမှုများ ခံစားကြရလိမ့်မည်။

၂၀၁၈ နှင့် ၂၀၂၀ အကြိမ်များ အကြား စစ်တမ်းမေးခွန်းများကို ပြောင်းလဲခဲ့ရပါသည်။ ၂၀၁၈ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူ အားလုံးကို အချိန်ကာလဆိုင်ရာကိုသာ မေးခဲ့ပါသည်။ သို့သော် ၂၀၂၀ ခုနှစ်တွင် စည်းမျဉ်းဥပဒေ နှင့် ငွေပေးချေမှုကို ပိုမိုနားလည်ပေါ်လွင်စေရန် မည်သည့်မီတာ အမျိုးအစားကို ရရှိသုံးစွဲနေရကြောင်းကို မေးခွန်း-၁၅၂ ခုဖြင့် ထည့်သွင်း၍ မေးမြန်းခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကွဲပြားခြားနားသော မီတာအမျိုးအစားလေးမျိုးကို ထည့်သွင်းစဉ်းစားခဲ့သည်။ MBEI ဖြေဆိုသူများတွင် ၁၂%သည် ပုဂ္ဂလိက အိမ်မီတာများ၊ ၄၉% သည် အများပြည်သူသုံး အိမ်မီတာများကို အသုံးပြုကြပြီး ၇% သည် ပုဂ္ဂလိက စီးပွားရေး မီတာများကိုအသုံးပြုကြကာ ၃၃%သည် အများပိုင် စီးပွားရေးမီတာများကို အသုံးပြုကြသည်။ အိမ်သုံးမီတာများသည် ၃၀ kW အထိရှိပြီး စီးပွားရေးမီတာများသည် ၃၀-kW အထက်တွင်ရှိသည်။ အများသုံးမီတာများကို အစိုးရကပ့ံပိုးပေးပြီး ပုဂ္ဂလိကမီတာများကို အခြားပေးသွင်းသူများကပ့ံပိုးသည်။

နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ ညွှန်ကိန်းများကို ဖန်တီးရန်အတွက် ကျွန်ုပ်တို့သည် မေးခွန်း ၄၉ ခုမှ ရရှိသော စုစုပေါင်း အဖြေများကိုသာ အသုံးပြုသည်။ သို့သော် အသစ်ထည့်သွင်းထားသော MBEI ညွှန်ကိန်းများအတွက် မီတာအမျိုးစားအလိုက် သီးခြားကြာချိန်အတိုင်းအတာကို သတ်မှတ်သုံးစွဲထားသည်။ ဆက်လက်ဖော်ပြပါ ညွှန်ကိန်း ၁၆ မှ ၁၈ အထိ စာရင်းတွင် ပြုစုဖော်ပြထားပါသည်။

၇။ မြို့ပြလမ်းများသည် ကောင်းသည် (သို့) အလွန်ကောင်းသည် (%)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ မြို့တော်/မြို့နယ်အတွင်းရှိ မြို့ပြလမ်းများ၏ အရည်အသွေးသည် ကောင်းမွန်သည်ဟုထင်သော လုပ်ငန်းစုများ၏ ဝေစုကို ဖော်ပြသည်။ ၎င်းသည်အခြေခံအဆောက်အအုံအရည်အသွေးကို ညွှန်ပြသည့် ရိုးရှင်းအသုံးဝင်သော တိုင်းတာမှုဖြစ်သည်။ လမ်းများသည် စီးပွားရေးစွမ်းဆောင်မှုကို နည်းလမ်း အမျိုးမျိုးဖြင့် အကျိုးသက်ရောက်စေနိုင်ပါသည်။ ကောင်းမွန်စွာ သွားလာနိုင်သော လမ်းများသည် ကုန်ပစ္စည်းများကို ၎င်းတို့ကို ထုတ်လုပ်သည့် နေရာမှ ၎င်းတို့ကို ရောင်းချသည့် ဈေးသို့ပို့ဆောင်ရန် ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်သည်။ အစိုးရမှပေးစွမ်းနိုင်သည့် စီးပွားရေး လုပ်ငန်းများ လည်ပတ်မှုအတွက် လိုအပ်သော လမ်းကောင်းများသည် အများပြည်သူ

သုံးကုန်ပစ္စည်းများအဖြစ် အစိုးရ၏ ဖြည့်စည်း ပေးနိုင်သော စွမ်းရည်ကို ကိုယ်စားပြု၏ (Fan and Chan-Kang 2005, Gosh 2002)။

၈။ တယ်လီဖုန်းများသည်ကောင်းသည် (သို့) အလွန်ကောင်းသည် (%)

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ တယ်လီဖုန်းများသည်ကောင်းသည် (သို့) အလွန်ကောင်းသည်ဟု ဆိုသော လုပ်ငန်းစုများ၏ ဝေစုကိုကိုယ်စားပြုသည်။ လမ်းအရည်အသွေးနှင့် ဆင်တူသည်မှာ ၎င်းသည်လည်း အခြေခံအဆောက်အအုံ အရည်အသွေး၏ ရိုးရှင်းပြီးအသုံးဝင်သော အတိုင်းအတာ တစ်ခုဖြစ်သည်။ တယ်လီဖုန်းကွန်ရက်သည် စီးပွားရေးလုပ်ငန်းစုများအား ကုန်ပစ္စည်းပေးသွင်းသူများ၊ ဖောက်သည်များ၊ ဝန်ထမ်းများ နှင့် တရားဝင်ထိန်းသိမ်းသူ အဖွဲ့အစည်းများစသူတို့ အကြား အပြန်အလှန် ဆက်သွယ်နိုင်စေရန် လိုအပ်ချက်ကို ဖြည့်ဆည်းပေးပါသည်။ ဤအရေးပါသော ဆက်သွယ်ရေးလမ်းကြောင်း ညံ့ဖျင်းနေလျှင် ဆက်သွယ်မှုများမှားယွင်းခြင်း (ဥပမာ ကုန်ပစ္စည်းပေးသွင်းသူ ထံမှ ပစ္စည်းများကို တဆင့်မှာယူရာ၌ မှားခြင်း) သို့မဟုတ် စွမ်းဆောင်ရည်ကန့်သတ်ချက်များ (ဥပမာအားဖြင့် လုပ်ငန်းစု တစ်ခုသည် ပြောင်းလဲနေသော အခြေအနေများနှင့် လျင်မြန်စွာ အလုပ်လုပ်ရန် လိုအပ်ကြောင်း ဝန်ထမ်းများအား အသိပေးခြင်း၌) လျင်မြန်စွာ လိုက်လျောညီထွေမှု မရှိခြင်းကို ဖြစ်ပေါ်စေသည် (Démurgur 2001)။ တယ်လီဖုန်းဝန်ဆောင်မှုပေးသူများသည် တယ်လီဖုန်း ဆက်သွယ်ရေးဥပဒေ (၂၀၁၃) မှချမှတ်ထားသော စွမ်းဆောင်ရည်စံနှုန်းနှင့် ကိုက်ညီရမည် ဖြစ်သောကြောင့် ဤညွှန်ကိန်းသည် တည်ဆဲဥပဒေများနှင့် လည်း တိုက်ရိုက်ဆက်စပ်နေပါသည်။

၉။ လျှပ်စစ်မီးကောင်းသည်(သို့) အလွန်ကောင်းသည်(%)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ လျှပ်စစ်မီးကောင်းသည် (သို့) အလွန်ကောင်းသည်ဟု ယူဆသော လုပ်ငန်းစုများ၏ ဝေစုကိုကိုယ်စားပြုသည်။ စီးပွားရေး လုပ်ငန်းအများစုအတွက် လျှပ်စစ်သည် အခြေခံလိုအပ်ချက်ဖြစ်သည်။ လျှပ်စစ်မီးမရှိလျှင် စီးပွားရေးလုပ်ငန်းသည် လည်ပတ်နိုင်ခြင်း မရှိသောကြောင့် အရင်းအမြစ်များနှင့် ဝင်ငွေများ ဆုံးရှုံးသွားမည်။ လျှပ်စစ်ဓာတ်အားပေးသည့်တိုင် ကြိုတင်ကြေငြာခြင်းမရှိသော လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများက လုပ်ငန်းစုများအား အလားတူပုံစံမျိုးဖြင့် ထိခိုက်စေသည်။ လုပ်ငန်းစုများသည် ၎င်းတို့ကြိုတင်ခန့်မှန်း၍ မရနိုင်သော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအတွက် ကိုက်ညီသောစီစဉ်မှုများကို ကြိုတင်၍ ပြုလုပ်မထားနိုင်သောကြောင့် အလားအလာရှိသော ဝင်ငွေများ ဆုံးရှုံးကြရသည် (Shiu and Lam 2004).

၁၀။ အင်တာနက်ကောင်းသည် (သို့) အလွန်ကောင်းသည် (%)

အင်တာနက်အရည်အသွေးကောင်းကြောင်း တုန့်ပြန်သော လုပ်ငန်းစုများ၏ ဝေစုသည် အခြေခံအဆောက်အအုံ အရည်အသွေးကို ဖော်ပြနိုင်သော ညွှန်ကိန်းကောင်းတစ်ခု ဖြစ်ပါသည်။ အင်တာနက် အရည်အသွေးသည် ယေဘုယျ အားဖြင့် စျေးကွက်တွင် အာရုံစူးစိုက်သူများအတွက် ဝန်ဆောင်မှုအရည်အသွေး၏ကြားခံသို့မဟုတ်အင်တာနက် ဝန်ဆောင်မှု ကြားခံဖြစ်နိုင်သလို ညံ့ဖျင်းသော ဝန်ဆောင်မှုများသည် တစ်ဦး/တစ်ဖွဲ့၏ လက်ဝါးကြီးအုပ်မှု သို့မဟုတ် နှစ်ဦး/နှစ်ဖွဲ့၏ လက်ဝါးကြီးအုပ်မှုအောက်တွင်တည်ရှိသည်ကို ညွှန်ပြလိမ့်မည်ဖြစ်၏။ အင်တာနက် အရည်အသွေး ညံ့ဖျင်းသောကြောင့် လုပ်ငန်းစုများအပေါ် တိုက်ရိုက် အကျိုးသက်ရောက်သည်။ အဘယ်ကြောင့်ဆိုသော် အင်တာနက်ကို လုပ်ငန်း အများစုက သတင်းအချက်အလက်များကို စုဆောင်းပြီး ကုန်ပေးသွင်းသူများ၊ ဖောက်သည်များနှင့် ဆက်သွယ်ပြောဆိုသော နည်းလမ်းဖြစ်၍ဖြစ်သည်။ ထို့ကြောင့် ညံ့ဖျင်းသော အင်တာနက်သည် ထိရောက်မှုမရှိခြင်းနှင့် အမြတ်အစွန်းဝင်ငွေများ ဆုံးရှုံးမှုပြုသည်ဟု အဓိပ္ပာယ်ဆောင်ပါသည် (Calderón and Servén 2004).

၁၁။ ရေအရည်အသွေးကောင်းသည် (သို့) အလွန်ကောင်းသည် (%)

ဤညွှန်ကိန်းသည် ရေအရည်အသွေးသည်ကောင်းသည် (သို့) အလွန်ကောင်းမွန်သည်ဟု ဆိုသော လုပ်ငန်းများ၏ ဝေစုကို တိုင်းတာသည်။ လုပ်ငန်းအားလုံးနီးပါးအတွက် ရေအရည်အသွေးသည် အလွန် အရေးကြီးပါသည်။ ရှုပ်ထွေးသော နည်းပညာ အသုံးပြုရသည့် ထုတ်လုပ်သူများသည် ရေကို အအေးခံရန်နှင့် ထုတ်လုပ်မှု လုပ်ငန်းစဉ်များတွင် တိုက်ရိုက်အသုံးပြုသည်။ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းနှစ်မျိုးစလုံးတွင် ရှိသောအလုပ်သမားများသည် စက်ကိရိယာများနှင့် အလုပ်လုပ်သည့်အခါ သို့မဟုတ် ဖောက်သည်များနှင့် ဆက်ဆံသည့်အခါ လက်ကိုဆေးကြောရန် လိုအပ်သည်။ စက်နှင့်ပစ္စည်းများ၏ အခြေခံသန့်ရှင်းရေးအတွက်လည်းရေလိုအပ်သည်။ ဤအတိုင်းအတာသည် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု၏ ရုပ်ပိုင်းဆိုင်ရာပံ့ပိုးဖြည့်ဆည်းနိုင်သော အစိုးရ၏စွမ်းဆောင်နိုင်ရည်ကို ကိုယ်စားပြုခြင်းအဖြစ်လည်းအဓိပ္ပာယ်ကောက်နိုင်ပါသည်။

၁၂။ ဆေးရုံ/ဆေးခန်း အရည်အသွေးကောင်းသည် (သို့) အလွန်ကောင်းသည် (%)

ဤညွှန်ကိန်းသည် ဆေးရုံ/ဆေးခန်း အရည်အသွေးသည်ကောင်း၏ (သို့) အလွန်ကောင်းမွန်၏ဟုဆိုသော လုပ်ငန်းစုများ၏ ဝေစုကိုတိုင်းတာသည်။ ဆေးရုံများနှင့်ဆေးပေးခန်းများသည် ရုပ်ပိုင်း ဆိုင်ရာ အခြေခံအဆောက်အအုံများ၏

တိုက်ရိုက်ညွှန်ပြချက်ဖြစ်ပြီး ၎င်းတို့သည် အများပြည်သူ အတွက် အကျိုးအမြတ်ဖြစ်ကာ အစိုးရက အနည်းဆုံး တစ်စိတ်တစ်ပိုင်း ထောက်ပံ့သင့်သည်။ သို့ဖြစ်ရာ ဤအတိုင်း အတာသည် ပြည်နယ်/တိုင်း၏ ရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံ၏ အရည်အသွေးကိုတစ်နည်းအားဖြင့် ဖော်ပြသည်။ Covid-19 မှရရှိသော သင်ခန်းစာမှာ ပြည်သူ့ ကျန်းမာရေးသည် လုပ်သားအင်အား၏ အရည်အသွေး၊ တည်ငြိမ်မှု နှင့် ကုန်ထုတ်စွမ်းအားကို ထိန်းသိမ်းရန်အတွက် အမှန်တကယ်လိုအပ်သော အရေးကြီးကိစ္စ ဖြစ်ကြောင်းပင် ဖြစ်သည်။ တန်ဖိုးနည်းစိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုသည် လူ့အရင်းအမြစ် ထိန်းသိမ်းရန် အလွန်အရေးကြီးပါသည်။

၁၃။ လူဦးရေနှင့် မိုဘိုင်းဖုန်း သိပ်သည်းဆအချိုး

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း (၁၅)ခု လုံး၌ ပြည်နယ်/တိုင်း တစ်ခုချင်းစီရှိ မြို့နယ်အဆင့်၌ လက်ကိုင်ဖုန်း ရှိကြသည့် လူဦးရေ၏ ရာခိုင်နှုန်းဖြင့် ကောက်ယူထားသော ဝေစုကို တိုင်းတာထားပါသည်။ လုပ်ငန်းစု အများစုသည် ကုန်ပေးသွင်းသူများ နှင့် ဖောက်သည်များကို ဆက်သွယ်ရန် အတွက် ဖုန်းလိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ကိုင်ဖုန်းများသည် အခြားအခြေခံအဆောက်အဦ များဖြစ်သော - ဥပမာ၊ လျှပ်စစ်စနစ်ကို - မှီခိုနေရခြင်းကြောင့် ဤညွှန်ကိန်းသည် ပြည်နယ်မှပေးသော ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၏ အရည်အသွေးကို တိုင်းတာသည်။ စစ်တမ်းလှိုင်းများအကြား ဤညွှန်ကိန်းတွင် ကောက်ယူမှုပုံစံ၌ အနည်းငယ် ကွာခြားမှုရှိပါသည်။ ၂၀၁၈ MBEI စစ်တမ်းတွင် မိုဘိုင်းနှင့် ကြိုးဖုန်း အသုံးပြု သူများကို ခွဲခြားခြင်းမပြုသော်လည်း ၂၀၂၀ တွင် မိုဘိုင်း အသုံးပြုသူများကိုသာ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ မြန်မာ နိုင်ငံတွင် တယ်လီဖုန်းအသုံးပြုမှု အများစုသည် မိုဘိုင်း ဖုန်းများ အသုံးပြုကြသဖြင့် လှိုင်းနှစ်ခုကြားခြားနားချက်မှာ အနည်းငယ်သာရှိသည်။ စင်စစ်အားဖြင့် ၂၀၂၀ ညွှန်းကိန်း၌ မြေအောက်ကြိုးစနစ်ကို ဖယ်ထုတ်၍ တိုင်းတာသည့်တိုင် ဖုန်းပိုင်ဆိုင်မှုသည် အလယ်ကိန်း ပြည်နယ်/တိုင်းတွင် ၄၆% မှ ၉၀% အထိ တိုးတက်ခဲ့သည်။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ခုနှစ်တွင် ဤအခြေခံအဆောက်အဦ ဆိုင်ရာ အညွှန်း ကိန်းခွဲစပ်လျဉ်းသည့်အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန် ညွှန်ကိန်း အသစ် (၁၁)-ခုကို ထပ်မံ ထည့်သွင်းခဲ့သည်။ ယင်းတို့တွင် အောက်ဖော်ပြပါတို့ ပါဝင်သည် -

၁၄။ ကြိုတင်ကြေငြာခဲ့သည့် နောက်ဆုံး ပြတ်တောက်မှု ငါးခု (#)

ဤညွှန်ကိန်းသည် မြို့နယ်အာဏာပိုင်များအနေဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ပတ်သက်၍ လုပ်ငန်းစုများအား ကြိုတင်အကြောင်းကြားသည့် အကြိမ်

အရေအတွက်ကိုတိုင်းတာသည်။ စွမ်းအင် ပြတ်တောက်မှုများကို ကြိုတင်သတိပေးချက်ပိုမိုများပါက အခြေခံအဆောက်အအုံ အညွှန်းကိန်းတွင် အမှတ်များလေဖြစ်သည့် အလျောက် ဤအညွှန်းကိန်းများအရ အစိုးရ၏ အခြေခံအဆောက်အအုံက ချို့တဲ့မှုများကို လျော့ပါးအောင် စောင့်ရှောက်ပေးနေသည်ဟူသောသဘော သက်ရောက်ပါသည်။ အထူးသဖြင့် စွမ်းအင်အရင်းအမြစ်များ အကန့်အသတ်ရှိခြင်း သို့မဟုတ် မသေချာမရေရာသည့်အခါ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု နှင့် ဓါတ်အားကျဆင်းမှုများ ဖြစ်ပွားလေ့ရှိပါသည်။ လုပ်ငန်းစုများအနေဖြင့် ပြတ်လပ်မှုများကြောင့် အံ့အားသင့်ရသောအခါ ၎င်းတို့သည် ပျက်စီးခြင်း၊ စွန့်ပစ်ခြင်းနှင့် ပျက်စီးနိုင်သောကုန်ပစ္စည်းများကို ကာကွယ်ရန် ကြိုတင် ကာကွယ်မှုများ ပြုလုပ်ရန် အချိန်မရရှိနိုင်ပါ။ ခြောက်သွေ့ရာသီတွင် ငွေကုန်ကျမှုသက်သာလိုၿ၍ ဒေသအချို့တို့၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ရန်ရှိပါက ကြိုတင်အချိန်ဇယားရရှိရန် အရေးကြီးပါသည်။ သတင်းရရှိမှုသာ ဒေသခံလုပ်ငန်းစုများသည် သူတို့၏အရင်းအမြစ်များကို ခွဲဝေချထား၊ လုပ်ငန်းစီမံမှုများလုပ်၊ အစီအစဉ်ရေးဆွဲ၍ သူတို့၏ ကုန်ပစ္စည်းများ နှင့် ထုတ်လုပ်ရေးကို ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

၁၅။ ကျေးလက်လမ်းများကောင်းသည် (သို့) အလွန်ကောင်းသည် (%)

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်းတစ်ခုစီရှိ ကျေးလက်လမ်းများ၏ အရည်အသွေးသည် ကောင်းမွန်သည် (သို့) အလွန်ကောင်းမွန်သည် ဟုလက်ခံသော လုပ်ငန်းစုများ၏ ဝေစုကို တိုင်းတာသည်။ ဤညွှန်ကိန်းသည် လမ်း၏အရည်အသွေး ညွှန်းကိန်းနှင့် အလွန်ဆင်တူသော်လည်း မြို့၏အပြင်ဘက်ရှိ စီးပွားရေး လုပ်ငန်းများကိုအတွက် ပိုမိုရည်ရွယ်သည်။ လမ်းများသည် စီးပွားရေးစွမ်းဆောင်မှုကို နည်းလမ်းမျိုးစုံဖြင့် အကျိုးသက်ရောက်စေနိုင်ပါသည်။ လမ်းကောင်းများသည် ဈေးကွက်သို့ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်ကို လျှော့ချပေးသည်။ လမ်းအရည်အသွေးသည် အစိုးရ၏ စီးပွားရေးလုပ်ငန်းများ မှီခိုအားထားသည့် အများပြည်သူသုံး ကုန်ပစ္စည်းများကို ထောက်ပံ့နိုင်သည့် အစိုးရ၏ စွမ်းရည်ကိုလည်း ပြသသည် (Fan and Chan-Kang 2005, Gosh 2002)။ အရည်အသွေး မြင့်မားသော ကျေးလက်လမ်းများသည် စီးပွားရေးလုပ်ငန်းများကို သူတို့၏ ဒေသပြင်ပရှိ ဈေးကွက်များနှင့် ချိတ်ဆက်နိုင်သည်ဖြစ်၍ ဝယ်ယူသူ ပိုမိုရရှိနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိမည် ဖြစ်၏။ ကျေးလက်လုပ်ငန်းစုများသည်မြို့တွင်းရှိဖောက်သည်များ နှင့် ကုန်ပေးသွင်းသူများထံ ရောက်ရှိနိုင်ပြီး မြို့ပြလုပ်ငန်းစုများသည် ကျေးလက်ဝယ်ယူသူများနှင့် ကုန်ပေးသွင်းသူများ ထံ ရောက်ရှိနိုင်သည်။

၁၆။ အိမ်သုံး ရိုးရိုးမီတာစလျှောက်ပြီးနောက် လျှပ်စစ်မီး စတင်သုံးစွဲနိုင်သည့် ကာလရက်

၁၇။ အများပြည်သူအိမ်သုံးမီတာစလျှောက်ပြီးနောက် လျှပ်စစ်မီး စတင်သုံးစွဲနိုင်သည့် ကာလရက်

၁၈။ အိမ်သုံး ပါဝါမီတာစလျှောက်ပြီးနောက် လျှပ်စစ်မီး စတင်သုံးစွဲနိုင်သည့် ကာလရက်

၁၉။ အများပြည်သူဆိုင်ရာ စီးပွားရေး ပါဝါမီတာ စလျှောက်ပြီးနောက် လျှပ်စစ်မီး စတင်သုံးစွဲနိုင်သည့် ကာလရက်

ဤညွှန်ကိန်းလေးခုသည် လျှပ်စစ်ဝန်ဆောင်မှုအတွက် ပုဂ္ဂလိကအိမ်သုံးမီတာ၊ အများပိုင် အိမ်သုံးမီတာ၊ ပုဂ္ဂလိက စီးပွားရေးမီတာ နှင့် အများပြည်သူဆိုင်ရာ စီးပွားရေးမီတာ လျှောက်ထားပြီးချိန် နှင့် ထိုဝန်ဆောင်မှုကို အမှန်တကယ် ရရှိချိန်တို့အကြား ကြာသည့်ကာလကို နေ့ရက်ဖြင့် တိုင်းတာပါသည်။ အိမ်သုံးမီတာများသည် ၃၀ kW အထိလည်းကောင်း၊ စီးပွားရေးသုံးမီတာများသည် ၃၀ kW အထက် ဝန်ဆောင်မှုပေးသည်။ အများပြည်သူမီတာများကို အစိုးရကပေးသွင်းပေး၍ ပုဂ္ဂလိကမီတာကို အစိုးရမဟုတ်သောအဖွဲ့တို့ကပေးသွင်းသည်။ ဤအညွှန်းကိန်းလေးခုသည် ညွှန်ကိန်း ၆ တွင် တစ်စုတည်းဖြင့် ဖော်ပြသည်ထက် ပို၍တိကျသည့် တစ်စစီပိုင်းခြား၊ ပိုမိုလုပ်ဆောင်နိုင်သည့် အတိုင်းအတာကို ပြပေးသည်။ မှတ်ပုံတင်ခြင်း နှင့် ဝန်ဆောင်မှုရခြင်း အကြားအချိန်တိုတောင်းလေ အခြေခံအဆောက်အအုံရမှတ်များ လေဖြစ်သည်။ လုပ်ငန်းစုအားလုံးနီးပါးသည် ထိရောက်စွာ လည်ပတ် နိုင်ရန် လျှပ်စစ်လိုအပ်သည်။ မှတ်ပုံတင်ခြင်းနှင့် ဆက်သွယ်မှုကြား သိသိသာသာ ကွာဟမှုသည် လုပ်ငန်းစုများကို လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ရေးအား တားဆီးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအတွက် ထိုကာလအတွင်း ပုံသေစရိတ်များ အလဟသကုန်သွားစေခြင်းဖြင့် ထိခိုက်စေသည်။ လျှပ်စစ်ဝန်ဆောင်မှုကို စောင့်နေစဉ် ၎င်းတို့သည် သတ်မှတ်ထားသောကုန်ကျစရိတ်များမှ ငွေဆုံးရှုံးနိုင်သည်။ ကြိုတင်ကြေငြာထားခြင်းမရှိသော လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ သို့မဟုတ် လျှပ်စစ်ဓာတ်အားကျဆင်းမှုများ နည်းတူကဲ့သို့ပင် လျှပ်စစ်ဝန်ဆောင်မှုအတွက် မသေချာမရေရာသည့် နေ့ရက်များကြောင့် စီးပွားရေးလုပ်ငန်းများကို ကြိုတင်စီစဉ်စီမံနိုင်ခြင်းမှ တားဆီးနိုင်သည်။ ထိုမှတဆင့် လျှပ်စစ်ဓာတ်အား မရသည့်အတွက် ထိုလုပ်ငန်းစုအပေါ် မှီခိုနေသော အခြားစီးပွားရေး လုပ်ငန်းများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိသည်။

၂၀။ ခြောက်သွေ့ရာသီတွင် ရေရရှိသော အိမ်ထောင်စုများ (%)

ဤအုပ်ချုပ်ရေး ညွှန်ကိန်းသည် အစိုးရအေဂျင်စီက ထုတ်ဝေသည့် ခြောက်သွေ့ရာသီတွင် ရေ ရရှိနိုင်ပါသည် ဟုဆိုသော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ ၎င်းညွှန်ကိန်းသည် ရေအရည်အသွေးမေးခွန်းနှင့် ဆင်တူ

သော်လည်း ရေအရည်အသွေးထက်ပိုသော အခြေခံ အချက်အလက်ရယူခြင်း (လက်လှမ်းမီခြင်း သို့မဟုတ် လက်လှမ်းမမီခြင်း) ကိုတိုင်းတာသည်။ ရေရရှိမှုသည်အခြေခံအဆောက်အအုံ လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် ဤအတိုင်းအတာသည် အခြေခံကျသော အခြေခံအဆောက်အဦးများ အလွန်အမင်း မပြည့်စုံသောနေရာများကို ဖော်ထုတ်သည်။ အိမ်သုံးရေရရှိနိုင်မှုသည် လုပ်ငန်းစုများအတွက်ပါ အရေးပါသော ကိစ္စဖြစ်သည့်အတွက် ခိုင်မာသော အဆောက်အအုံအဖြစ် ကိုယ်စားပြုသည်။ သဘောတရားအရ ရေရရှိမှု နည်းပါးခြင်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် မြို့နယ်များသည် အများပြည်သူဝန်ဆောင်မှု ဆိုင်ရာများကို အခြေခံကျကျ မပေးနိုင်ခြင်းကိုပြသည်။ ရေရရှိနိုင်မှုသည် စီးပွားရေး လုပ်ငန်းအားလုံးအတွက် အလွန်လက်တွေ့ကျသော လိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေးနှင့်ဆိုင်သော စီးပွားရေး လုပ်ငန်းများသည် လက်ဆေးခြင်းနှင့် သန့်ရှင်းရေးအတွက် သန့်ရှင်းသောရေလိုအပ်သည်။ ကုန်ထုတ်လုပ်ရေး လုပ်ငန်းစုများသည် သူတို့၏စက်ကိရိယာများ သန့်ရှင်းရေးအတွက် ရေလိုအပ်သည်။ လုပ်ငန်းစုအားလုံးသည် သောက်သုံးရန်အတွက် သောက်သုံးရေ လိုအပ်သည်။

၂၁။ လွန်ခဲ့သော ၇ ရက်အတွင်း အသက် ၁၅ နှစ်နှင့် အထက် အင်တာနက် သုံးစွဲသူ %

ဤစီမံခန့်ခွဲမှုဆိုင်ရာ အမာခံဒေတာ အချက်အလက်များ ညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီအတွက် ပြီးခဲ့သည့်ခုနှစ်ရက်အတွင်း အသက် ၁၅-နှစ် နှင့် ၁၅-နှစ် အထက် လူတစ်ဦးချင်းစီ၏ အင်တာနက်ကို အသုံးပြုသော ဝေစုကို တိုင်းတာသည်။ ယခု ညွှန်ကိန်းတွင် ရမှတ်များလေ အင်တာနက် အရည်အသွေး ပိုမိုကောင်းမွန်သည်ဟု ဆိုနိုင်သည်။ လက်လှမ်းမမီမှုထက် ပိုမိုဆိုးရွားနေးကွေးသော အင်တာနက် ပြဿနာများသည် စိတ်အနှောက်အယှက် ကြီးစွာဖြစ်စေသည်။ အဆိုးဆုံးမှာ လက်လှမ်းမမီမှု လွန်လွန်းလျှင် ကုန်ထုတ်စွမ်းအား ဆုံးရှုံးမှုကြီးမားစွာ ဖြစ်ပေါ်စေလိမ့်မည်။ အကြောင်းမူကား ဖောက်သည်များနှင့် ရောင်းချသူများအကြား သတင်းအချက်အလက်များကို အသံ၊ စာသားများ၊ စကားဝှက်များ၊ အီးမေးလ်များဖြင့် ရိုးရှင်းလွယ်ကူစွာ အမြန်ဆုံးပြုလုပ်နိုင်သော အခွင့်အလမ်းများ ဆုံးရှုံး၍ လုပ်ငန်းအားလုံး လုံးဝနှေးကွေးသွားမည် ဖြစ်သောကြောင့် ဖြစ်သည်။

၂၂။ ရထားလမ်း သိပ်သည်းဆ (km / km2)

၂၃။ လမ်းအမျိုးအစားပေါ် မူတည်၍ လမ်းသိပ်သည်းဆ (km / km2)

ဤစီမံခန့်ခွဲမှုဆိုင်ရာ အမာခံ ဒေတာနှစ်ခု၏ သိပ်သည်းဆ တန်ဖိုးများကို ၎င်းလမ်းများနှင့်ရထားလမ်းများက လွှမ်းခြုံ ထားသော အကွာအဝေး အရှည် ကီလိုမီတာများကို မြို့နယ် ဧရိယာ စတုရန်းကီလို မီတာဖြင့် စား၍ရသော ရလဒ်ဖြင့် တွက်ချက်ပြထားပါသည်။ ကီလိုမီတာခွဲခြားထားသော အကွာအဝေးအဖြစ် အမျိုးအစားအလိုက်ခွဲခြား တွက်ချက်သည် (အဓိကလမ်းများသည် သာမည နှင့် အသေးစားလမ်းများထက် ရမှတ်ပိုမိုမြင့်မားစွာ ရရှိသည်)။ လမ်းသိပ်သည်းဆ များလေ မြို့နယ်၏ အခြေခံအဆောက်အအုံ အမှတ်ပိုရလေ ဖြစ်သည်။ လမ်းများသည် အများပြည်သူသုံး ကုန်ပစ္စည်းများ ဖြစ်ပြီး နိုင်ငံသားများကို တစ်ပြိုင်နက်တည်း အကျိုးပြုသည်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းစု များသည် အစိုးရ၏ ပံ့ပိုးမှု သို့မဟုတ် အများပြည်သူဆိုင်ရာ မိတ်ဖက်ပြုမှုများ မပါဘဲ အဓိကလမ်းများ ဖောက်လုပ်ခြင်းမပြုနိုင်ပါ။ အဓိက လမ်းများ ဖောက်လုပ်ခြင်းသည် အစိုးရအတွက် ချက်ချင်း လက်ငင်းအကျိုးအမြတ် မထွက်နိုင်သော်လည်း အများ ပြည်သူအတွက် အစိုးရများက လုပ်ပေးသင့်သည့် အခြေခံ အဆောက်အအုံ အမျိုးအစားဖြစ်သည်။ လမ်းများနှင့် ရထားလမ်းများသည် နည်းအမျိုးမျိုးဖြင့် ခိုင်မာသော လုပ်ငန်း ဖွံ့ဖြိုးမှုများကို ဖြစ်စေသည်။ ဈေးကွက်သို့ သွားလာရန် အချိန်တိုလာသည်။ စီးပွားရေးလုပ်ငန်းများအတွက် သယ်ယူ ပို့ဆောင်ရေးဆိုင်ရာ ရွေးချယ်နိုင်စရာပိုများလေ ကုန်ကျစရိတ် လျှော့ချနိုင်ရန်အတွက် အသင့်တော်ဆုံး ကားဆိပ်၊ လေဆိပ်၊ ရေဆိပ်ကို ရွေးချယ်သုံးစွဲနိုင်သည်။ ပို့ကုန်တင်ပို့မှုအတွက် လေဆိပ်နှင့်ဆက်သွယ်မှု ကုန်ကျစရိတ်ကိုလျှော့ချရန် ပိုများလေဖြစ်သည်။ လမ်းကောင်းနေလျှင် ဖောက်သည် များက ထုတ်ကုန်လုပ်ငန်းထံသွားပြီး ပစ္စည်းဝယ်ယူမှု ပြုလုပ်ရန် ပိုမိုလွယ်ကူစေသည်။ အချုပ်အနေဖြင့်ပြောရလျှင် လမ်းနှင့် ရထားလမ်းများများရှိခြင်းသည် စီးပွားရေးလုပ်ငန်း အသစ်များအား ၎င်းတို့နှင့်ပူးပေါင်းနိုင်သည့် အလားအလာ ရှိသော လက်ရှိလုပ်ငန်းစုများအနီးတွင် လုပ်ကိုင်ကြရန် တိုက်တွန်းနိုင်သောကြောင့် စီးပွားရေးဖွံ့ဖြိုးမှု၌ အလိုအပ်ဆုံး ဖြစ်သည်။

၂၄။ လူဦးရေနှင့် လျှပ်စစ်ဆက်သွယ်မှု အချိုး%

ဤစီမံခန့်ခွဲမှုဆိုင်ရာ အမာခံဒေတာ၏ အချက်အလက်များ အညွှန်းသည်ပြည်နယ်/တိုင်းဒေသကြီးရှိ အိမ်ထောင်စုများ၏ အများပြည်သူဆိုင်ရာ သို့မဟုတ်လူထုအသိုင်းအဝိုင်း လျှပ်စစ် ဓာတ်အားလိုင်းများကို အသုံးပြုခြင်းကိုတိုင်းတာသည်။ ဤညွှန်ကိန်းသည် စီးပွားရေးလုပ်ငန်းများအပေါ် အကျိုး သက်ရောက်စေသော အရာနှစ်ခုကိုဖော်ပြပါသည်။ ပထမ-မည်သည့် စီးပွားရေးလုပ်ငန်း မဆို ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ပြီး စိတ်ချရသော ဓာတ်အားပေးလိုင်းကို လက်လှမ်းမီခြင်းသည် လျှပ်စစ်ဓာတ်အား ရရှိခြင်းပင် ဖြစ်သည်။ ဒုတိယအချက် အနေဖြင့်-ဤညွှန်ကိန်းသည်အစိုးရ၏ပြည်တွင်းနေထိုင်သူ များကို အခြေခံအဆောက်အအုံများ ပံ့ပိုးပေးနိုင်သော စွမ်းရည်အတွက် ကိုယ်စားပြုခြင်း ဖြစ်သည်။

ဇယား ၄.၅ ။

အခြေခံအဆောက်အအုံဆိုင်ရာ အညွှန်းကိန်းခွဲများကို နှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

ဤအဓိက ညွှန်ကိန်းများကို ၂၀၁၈ နှင့် ၂၀၂၀ MBEI မှတ်တမ်းများမှ စုဆောင်းထားသည်					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
အခြေခံအဆောက်အအုံ ဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄.၈၅ ၅.၄၇ ၆.၀၉	၅.၈၈ ၇.၂၆ ၈.၅၃ ၀.၆၃	၄.၈၆ ၆.၁၅ ၇.၈၁ ၀.၉၆
စစ်တမ်းညွှန်ကိန်းများ	တိုင်းတာပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂.၅၅ ၂.၉၄ ၄.၅၆	3.၈၆ ၄.၅၇ ၄.၉၆ ၀.၅၅	၃.၈၇ ၄.၆၀ ၄.၈၈ ၀.၈၈
အမာခံ ညွှန်ကိန်းများ	တိုင်းတာပြီး အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၀၆ ၁.၄၆ ၁.၉၀	၁.၄၅ ၂.၆၁ ၄.၀၀ ၀.၆၀	၀.၅၇ ၁.၆၅ ၃.၄၆ ၀.၉၂
၁။ လွန်ခဲ့သည့်လအတွင်း တယ်လီဖုန်းနှင့် အခြားဆက်သွယ်ရေး ဝန်ဆောင်မှုများ ပြက်တောက်ခြင်း။ (#)	MBEI စစ်တမ်း မေးခွန်း - Q56	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂.၂၁ ၁၀.၉၈ ၄၅.၂၈	၂.၆၂ ၁၂.၈၉ ၂၃.၀၃ ၀.၅၅	၃.၄၉ ၉.၃၀ ၂၆.၀၈ ၀.၆၁
၂။ လွန်ခဲ့သည့်လက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု နာရီပေါင်း (#)	MBEI စစ်တမ်း မေးခွန်း - Q50	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၀.၄၄ ၂၉.၇၃ ၈၄.၇၃	၈.၅၆ ၁၆.၇၃ ၂၃.၃၃ ၀.၅၅	၈.၆၆ ၁၅.၇၃ ၂၈.၀၆ ၀.၇၇
၃။ တစ်နှစ်အတွင်း ရေကြီးခြင်း၊ ရွှံ့များ သို့မဟုတ် လမ်းအခြေအနေမကောင်းခြင်းများကြောင့် လမ်းများ ပိတ်ဆို့ခြင်းခံရသည့် နေ့ရက်အရေအတွက် (#)	MBEI စစ်တမ်း မေးခွန်း - Q47	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂.၂၅ ၁၄.၂၅ ၅၀.၂၃	၀.၇၈ ၂.၈၂ ၁၀.၁၀ ၀.၃၄	၀.၅၄ ၂.၄၂ ၆.၃၂ ၀.၈၁
၄။ မမျှော်လင့်သော လျှပ်စစ်မီး ပြတ်တောက်ခြင်း သို့မဟုတ် မတည်ငြိမ်သော လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုကြောင့် လုပ်ငန်းစု ပျက်စီးခဲ့ရသည် (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - Q54	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၂.၅% ၄၈.၆% ၇၀.၉%	၁၄.၀% ၃၇.၂% ၆၃.၄% .၀၇	၁၅.၅% ၃၁.၄% ၄၇.၉% ၀.၆၉

၅။ လွန်ခဲ့သည့်လက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အကြိမ်ပေါင်း(#)	MBEI စစ်တမ်း မေးခွန်း - Q51	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၇၁ ၇.၃၁ ၂၁.၆၈	၃.၇၇ ၆.၄၇ ၁၄.၇၀ ၀.၃၁	၃.၅၈ ၆.၅၀ ၁၂.၇၂ ၀.၉၁
၆။ လျှပ်စစ်ဝန်ဆောင်မှု အတွက် မှတ်ပုံတင်သွင်း ပြီးနောက် ဝန်ဆောင်မှုရရန် ကြားအချိန် (ပျမ်းမျှနေ့ရက် ပေါင်း #) (အဓိက အညွှန်း ကိန်း၌သာသုံးခဲ့သည်)	MBEI စစ်တမ်း မေးခွန်း - Q49	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၈.၄၉ ၄၅.၄၇ ၈၁.၁၁	၁၈.၄၀ ၅၀.၈၅ ၉၈.၀၀ -၀.၁၀	၂၉.၅၀ ၅၅.၄၀ ၈၉.၆၇ ၀.၆၇
၇။ မြို့ပြလမ်းများသည် ကောင်းသည် (သို့) အလွန်ကောင်းသည် (%)	MBEI စစ်တမ်း မေးခွန်း - _Q46_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၀.၇% ၅၀.၁% ၈၉.၁%	၂၄.၂% ၆၄.၄% ၉၀.၆% ၀.၅၉	၃၁.၅% ၆၄.၁% ၈၂.၃% ၀.၉၆
၈။ တယ်လီဖုန်းများသည် ကောင်းသည် (သို့) အလွန်ကောင်းသည် (%)	MBEI စစ်တမ်း မေးခွန်း - _Q46_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၉.၃% ၆၈.၉% ၈၃.၇%	၅၄.၁% ၈၁.၇% ၉၀.၆% ၀.၄၀	၆၆.၂% ၈၃.၅% ၉၄.၈% ၀.၇၀
၉။ လျှပ်စစ်မီးကောင်းသည် (သို့) အလွန်ကောင်းသည် (%)	MBEI စစ်တမ်း မေးခွန်း - _Q46_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၂.၉% ၅၃.၁% ၈၀.၉%	၂၆.၉% ၇၆.၈% ၈၈.၉% ၀.၄၈	၄၃.၃% ၇၆.၅% ၈၇.၈% ၀.၉၃
၁၀။ အင်တာနက် ကောင်းသည် (သို့) အလွန်ကောင်းသည် (%)	MBEI စစ်တမ်း မေးခွန်း - _Q46_7	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၈.၈% ၅၆.၇% ၇၉.၄%	၃၃.၀% ၇၉.၄% ၉၃.၃% ၀.၆၅	၅၆.၁% ၇၉.၃% ၉၁.၃% ၀.၇၇
၁၁။ ရေအရည်အသွေး ကောင်းသည် (သို့) အလွန်ကောင်းသည် (%)	MBEI စစ်တမ်း မေးခွန်း - _Q46_5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၂.၇% ၆၃.၇% ၈၁.၀%	၁၉.၃% ၇၂.၄% ၈၇.၃% ၀.၅၈	၂၁.၃% ၆၇.၄% ၈၇.၁% ၀.၉၄
၁၂။ ဆေးရုံ/ဆေးခန်း အရည်အသွေး ကောင်းသည် (သို့)အလွန်ကောင်းသည် (%)	MBEI စစ်တမ်း မေးခွန်း - _Q46_10	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၉.၈% ၄၁.၉% ၅၈.၇%	၃၁.၈% ၅၀.၉% ၇၄.၄% ၀.၄၄	၃၁.၀% ၅၀.၉% ၇၆.၂% ၀.၇၅
၁၃။ လူဦးရေနှင့် မိုဘိုင်းဖုန်း သိပ်သည်းဆ အချိုး	CSO စာရင်းအင်းနှစ်ချုပ် စာအုပ် ၂၀၁၉ မှ တရားဝင် ထုတ်ပြန် ထားသော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂၈.၅၇ ၄၄.၈၆ ၇၄.၆၀	၄၆.၀% ၉၀.၀% ၁၄၃.၀% ၀.၆၄	၄၆.၀% ၉၀.၀% ၁၄၃.၀% ၁.၀၀

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်သွင်းသည့် ညွှန်ကိန်းအသစ်များ					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၁၄။ ကြိုတင်ကြေငြာခဲ့သည့် လွန်ခဲ့သော ပြတ်တောက်မှု ငါးခု (#)	MBEI စစ်တမ်း မေးခွန်း - Q52	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၁၀ ၁.၁၁ ၂.၂၆
၁၅။ ကျေးလက်လမ်းများ ကောင်းသည် (သို့) အလွန်ကောင်းသည် (%)	MBEI စစ်တမ်း မေးခွန်း - _Q46_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၂၈.၂% ၅၃.၆% ၈၂.၄%
၁၆။ အိမ်သုံး ရိုးရိုးမီတာ စလျှောက်ပြီးနောက် လျှပ်စစ်မီး စတင် သုံးစွဲနိုင်သည့် ကာလရက်	MBEI စစ်တမ်း မေးခွန်း - 49 if Q152 == 1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၈.၀၃ ၄၀.၅၀ ၉၅.၉၂
၁၇။ အများပြည်သူ အိမ်သုံးမီတာစလျှောက် ပြီးနောက် လျှပ်စစ်မီး စတင်သုံးစွဲနိုင်သည့် ကာလရက်	MBEI စစ်တမ်း မေးခွန်း - 49 if Q152 == 2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၂၉.၈၂ ၄၀.၇၁ ၁၀၁.၅၆
၁၈။ အိမ်သုံး ပါဝါမီတာ စလျှောက်ပြီးနောက် လျှပ်စစ်မီး စတင် သုံးစွဲနိုင်သည့် ကာလရက်	MBEI စစ်တမ်း မေးခွန်း - 49 if Q152 == 3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၂.၈၃ ၄၃.၄၈ ၁၈၆.၀၀
၁၉။ အများပြည်သူဆိုင်ရာ စီးပွားရေး ပါဝါမီတာ စလျှောက်ပြီးနောက် လျှပ်စစ်မီး စတင် သုံးစွဲနိုင်သည့် ကာလရက်	MBEI စစ်တမ်း မေးခွန်း - 49 if Q152 == 4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၃.၁၃ ၆၀.၆၈ ၁၃၈.၁၇
၂၀။ ခြောက်သွေ့ရာသီတွင် ရေရရှိသော အိမ်ထောင်စုများ (%)	မြန်မာနိုင်ငံလူနေမှု အခြေအနေစစ်တမ်း ၂၀၁၇ ခုနှစ်မှ တရားဝင် ထုတ်ပြန် ထားသော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၇.၂% ၆၀.၉% ၈၁.၄%
၂၁။ လွန်ခဲ့သော ၇ ရက် အတွင်း အသက် ၁၅ နှစ်နှင့် အထက်အင်တာနက်သုံးစွဲသူ%	မြန်မာနိုင်ငံလူနေမှု အခြေအနေစစ်တမ်း ၂၀၁၇ ခုနှစ်မှ တရားဝင် ထုတ်ပြန် ထားသော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၄.၈% ၂၁.၃% ၄၂.၀%

၂၂။ ရထားလမ်း သိပ်သည်းဆ (km / km2)	မြို့နယ်ထွေ/အုပ် data အပေါ်အခြေခံ၍ MBEI မှ ခန့်မှန်းတွက်ချက်ထား သည့် တရားဝင်ထုတ်ပြန် ထားသော ဒေတာ data	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀၀ ၀.၀၅ ၀.၆၅
၂၃။ လမ်းအမျိုးအစားပေါ် မူတည်၍ လမ်းသိပ်သည်းဆ (km / km2)	TDI မှ တရားဝင် ထုတ်ပြန် ထားသော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၃၉ ၁.၄၁ ၁၀.၀၁
၂၄။ လူဦးရေ နှင့် လျှပ်စစ် ဆက်သွယ်မှု အချိုး%	မြန်မာနိုင်ငံလူနေမှုအခြေ အနေစစ်တမ်းမှ ၂၀၁၇ ခုနှစ် တရားဝင် ထုတ်ပြန် ထားသော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၉.၅% ၄၃.၁% ၈၁.၀%

၄.၆။ ပွင့်လင်းမြင်သာမှု

ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီခြင်းက စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိပါသည်။ စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းများ လည်ပတ်လုပ်ကိုင်နိုင်ရန် ဒေသဆိုင်ရာ ဘတ်ဂျက်များ၊ မြေအသုံးချမှုနှင့် အခြေခံအဆောက်အအုံ အစီအစဉ်များအား သိထားရန်နှင့် လိုအပ်သော တရားဝင် စာရွက်စာတမ်းများကို ရယူနိုင်ရန် လိုအပ်သည်။ ပွင့်လင်းမြင်သာမှုသည် ရင်းနှီးမြှုပ်နှံသူများအတွက် သူတို့၏စီးပွားရေးအပေါ် အကျိုးသက်ရောက်နိုင်သည့် ဥပဒေနှင့် မက်ခရိုစီးပွားရေးပြောင်းလဲမှုများကို ကြိုတင်ခန့်မှန်း သိရှိနိုင်စေခြင်းဖြင့် လည်းကောင်း၊ ရေရှည်စီမံကိန်းရေးဆွဲရာ၌ ထောက်ပံ့ခြင်းဖြင့်လည်းကောင်း ကြိုတင်ညှိနှိုင်းမှုများပြုလုပ်၍ ကုန်ကျစရိတ်များနှင့် ကိုယ်ပိုင်လိုအပ်ချက်ကို လျှော့ချခြင်းပြုနိုင်သောကြောင့် အန္တရာယ်နှင့် မသေချာမရေရာမှုများမှ ကာကွယ်ခြင်းဖြင့် ကြီးမားသော အကျိုးကျေးဇူးများ ရရှိစေသည်။ (Aizenmen and Marion 1993)။ ပွင့်လင်းမြင်သာမှုသည် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းလည်ပတ်မှုကို တိုးချဲ့ရန် ဆုံးဖြတ်ချက်များအပေါ် အလွန်အရေးပါသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သက်ရောက်မှုများ ရှိသည် (Drabek and Payne 2002)။ မြေယာအသုံးပြုမှုနှင့် ပြည်နယ်/တိုင်း စီမံကိန်းရေးဆွဲခြင်းနှင့် ဆိုင်သော သတင်းအချက်အလက်များကို လူတိုင်းအတွက် တရားဝင်ရရှိနိုင်သည်။ သို့သော် ထိုသတင်းအချက်အလက်ကို ရရှိနိုင်ရန်အတွက် အခက်အခဲ ရှိတတ်ပါသည်။ ၎င်းအခက်အခဲကြောင့် ထိုအစပျိုးအားပေးမှုများကို လုပ်ငန်းစုများ အနေဖြင့် အသုံးချ၍မရတော့လျှင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးမရှိဖြစ်သွားနိုင်ပါသည်။ ဥပဒေရေးရာ စနစ်ပြောင်းလဲမှုများကို အလွယ်တကူသိရှိနိုင်မည့် အခြေအနေမရှိ၍ လုပ်ငန်းစုတခုသည် နှစ်ပေါင်းများစွာ အောင်မြင်စွာ လုပ်ကိုင်နိုင်ပြီး နောက်မှသာ ဥပဒေအမှားကို သိလိုက်ရလျှင် ကြိုတင်မသိမှုကြောင့် ဥပဒေအရ မှားယွင်းသော အယူအဆကို ပြန်လည်ပြင်ဆင်ရပါမည်။ ကိစ္စရပ်အများစုတွင် ထိုကဲ့သို့သော ပြန်လည်ပြင်ဆင်ရခြင်း ကုန်ကျစရိတ်နည်းပါးသော်လည်း မရိုးသားသော အရာရှိများအတွက် ဥပဒေ ပုဒ်မများနှင့် ပတ်သက်သော သတင်းအချက်အလက်များကိုအသုံးချကာ အချိုးမညီမမျှတသော အကျိုးအမြတ်ထုတ်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းများ အမြဲတမ်းရှိနေပါသည်။ အပြန်အလှန်အားဖြင့် လုပ်ငန်းစုတစ်ခုသည် စုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ သို့မဟုတ် အခွန်ပြန်အမ်းငွေများ ရပိုင်ခွင့် ရှိနိုင်သော်လည်း ၎င်းအကျိုးကျေးဇူးများကို သတိမထားမိသောကြောင့် ယင်းတို့ကို ဘယ်သောအခါမျှ အသုံးချ၍ မရတော့ပါ။ (Malesky et al. 2015).

ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းသည် ကြိုတင်ခန့်မှန်းခြင်း အပေါ်အကျိုးသက်ရောက်ခြင်း (သို့) လုပ်ငန်းစုများ၏ ခန့်မှန်းနိုင်စွမ်းနှင့် ၎င်းတို့၏ စီးပွားရေးအစီအစဉ်များတွင် အလားအလာရှိသော တိုးတက်မှုများကို တည်ဆောက်ရန် ခက်ခဲစေသောကြောင့် ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေသည် (Hollyer et al. 2011)။ ထိုကဲ့သို့သော စီမံကိန်းရေးဆွဲခြင်းကို ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ

နှင့်အညီ ခွင့်ပြုသည့်နည်းဖြင့် အကောင်အထည်ဖော်နိုင်ခြင်း ရှိကောင်းရှိနိုင်သည်။ လုပ်ငန်းစုများသည် ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ကာ မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို နားလည်နိုင်ပြီး ရေရှည် မဟာဗျူဟာ၏ ဦးတည်ချက်နှင့် အန္တရာယ်များကိုပါ သုံးသပ်နိုင်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုနိုင်သည် (Gelos and Wei 2005)။ ပွင့်လင်းမြင်သာမှုသည် အရင်းအမြစ်များကို မမျှတစွာ သုံးစွဲခြင်းကို တားဆီးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုကို သွယ်ဝိုက်၍အကျိုးပြုပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး စီမံကိန်းရေးဆွဲခြင်းကို စဉ်းစားကြည့်ပါ။ အကယ်၍အတွင်းလူ အနည်းငယ်ကသာ အနာဂတ်အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် စက်မှုဇုန်များ တည်ရှိရာနေရာကို ကြိုတင်သိလျှင် ဤအတွင်းလူများနှင့် လုပ်ငန်းစုများသည်သာ မြေများကိုကြိုတင်ဝယ်ခြင်းဖြင့် အမြတ်အစွန်းရရှိနိုင်သည်။

ပုံ ၄.၆။
ပွင့်လင်းမြင်သာမှုဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အဆင့်၊ အညွှန်းကိန်းခွဲ-၆ ၏ ရမှတ်များ



ပွင့်လင်းမြင်သာမှုသည် မူဝါဒချမှတ်သူများအတွက် အလေးထားရမည့် အရာဖြစ်သလို မြန်မာနိုင်ငံတွင်လည်း ယင်းကိစ္စရပ်အပေါ် အာရုံစိုက်မှု ပိုမိုရရှိလာပါသည်။ ဥပမာ အားဖြင့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန(MCRB) သည် ဒေသဆိုင်ရာ ကော်ပိုရေးရှင်းများ၏ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သည့် နှစ်ပတ်လည် အစီရင်ခံစာများကို ထုတ်ဝေနေပါသည်။ ယခု စိစစ်လေ့လာမှုတွင်မူ အရေးကြီးသည့် ကိစ္စရပ်ဖြစ်သော အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ဒေသန္တရ အစိုးရများ၏ ပွင့်လင်းမြင်သာမှု အတိုင်းအတာကို လေ့လာ ထားပါသည်။။

ပုံ (၄.၆) တွင်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ ပြည်နယ်/ တိုင်း တို့၏ ပွင့်လင်းမြင်သာမှု အခြေအနေမှာ အားရဖွယ်ရာ မရှိလှပါ။

သာဓကအားဖြင့် ပွင့်လင်းမြင်သာမှု အရှိဆုံးပြည်နယ်/တိုင်း ဖြစ်သောမကွေးတိုင်းဒေသကြီးတွင် လုပ်ငန်းစုများ၏ ၁၈.၅% မျှသာ လေဆိပ်နှင့် အဝေးပြေးလမ်း စီမံကိန်းများ ကဲ့သို့ ပြည်သူ့လုပ်ငန်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်း အစီအစဉ်များကို လက်လှမ်းမီ သိရှိကြပါသည်။ ကယားပြည်နယ်တွင်မူ လုပ်ငန်းစုအားလုံး၏ ၁% မျှပင် ယင်းကဲ့သို့ အစီအစဉ် များကို လက်လှမ်းမမီပါ။ အစိုးရ စာရွက်စာတမ်းများတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းသည် အကြီးစား ဆောက်လုပ်ရေး စီမံကိန်းများအတွက် သာမဟုတ်ပါ။ အလယ်ကိန်းတန်ဖိုး တန်ဖိုးအား ကိုယ်စားပြုသော ပြည်နယ်တိုင်းတခုဖြစ်သော ရခိုင်ပြည်နယ်ရှိ လုပ်ငန်းစုများ၏ ၆.၉ ရာခိုင်နှုန်းမျှ သာလျှင် ပြည်နယ်ဘတ်ဂျက်ကို သိရှိနိုင်သည်။ ပွင့်လင်း မြင်သာမှု အရှိဆုံးဒေသဖြစ်သော မကွေးတွင် လုပ်ငန်းစု များ၏ ၁၉.၃% မျှသာ ယင်းစာရွက်စာတမ်းများကို ရယူနိုင်ကြသည်။ ၎င်းစာရွက်စာတမ်းများ ကိစ္စသည် အဘယ်ကြောင့် အထူးပြုပြုသနာ ဖြစ်ရပါသနည်းဟု ဆိုသော် မြို့နယ်အေဂျင်စီများရှိ အွန်လိုင်းပေါ်တယ်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ စာကြည့်တိုက်များမှ တစ်ဆင့် အလွယ်တကူ ဖြန့်နိုင်ပါလျက် လုပ်ငန်းစုများက ဤစာရွက် စာတမ်း မူရင်းများကို မရရှိနိုင်သောကြောင့် သို့မဟုတ် မသိလိုက်ရသောကြောင့်ဖြစ်ပါသည်။ သတင်းအချက်အလက် များကို လုပ်ငန်းစုများ ရရှိကြောင်းနှင့် အများပြည်သူသိစေမှု သေချာစေရန်မှာ မူဝါဒချမှတ်သူများက ကိုင်တွယ်ဖြေရှင်း ရမည့်အဓိကတာဝန်ရှိကြသူများဖြစ်ကြရာ ပွင့်လင်းမြင်သာမှု ပုံစံတစ်ခု ရှိစေရန် အဓိက လိုအပ်မည်ဖြစ်သည်။ ဤအချက် သည်အလွန်အရေးကြီးသည်။ သတင်းအချက်အလက်များကို အကန့်အသတ်မရှိမျှတစွာရရှိခြင်းသည် ဝန်ဆောင်မှုများကို မညီမျှမှုဖြစ်ခြင်းမှ တားဆီးပေးသောကြောင့်ဖြစ်သည်။

ဥပမာအားဖြင့် - အာရှဖောင်ဒေးရှင်း၏ Covid-19 အစီရင်ခံစာတွင် စီးပွားရေးအကြောင်းဖြေဆိုသူ ၆၇ ရာခိုင်နှုန်းသည် ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလ အတွင်း အစိုးရအထောက်အပံ့ ဝန်ဆောင်မှုများကို သတိမထားမိကြောင်း ဖြေကြသည်။ အကယ်၍သိခဲ့လျှင် အလုပ်ကိုင်အခွင့်အလမ်းများကိုအထောက်အကူပြုနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဆက်လက်ထိန်းသိမ်းထားရန် ကူညီနိုင်ခဲ့မည် ဖြစ်သည်။

ကျွန်ုပ်တို့၏သုတေသနအဖွဲ့မှ ကွင်းဆင်းလေ့လာမှုများသည် လုပ်ငန်းစုများနှင့် သက်ဆိုင်သော အခြားရှုထောင့်များတွင် ယေဘုယျအားဖြင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းကို အတည်ပြုသည်။

ဥပမာအားဖြင့် လယ်ယာမြေ စီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန (DALMS) တွင် လိုအပ်သော စာရွက်စာတမ်းများကို အလွယ်တကူ ပေးလေ့မရှိပါ။ ပျမ်းမျှအလယ်ကိန်းတန်ဖိုးအား ကိုယ်စားပြုသော ပြည်နယ်တိုင်းတခုဖြစ်သော ဖြစ်သည့် မွန်ပြည်နယ်တွင် ပျမ်းမျှအားဖြင့် သက်ဆိုင်ရာ DALMS စာရွက်စာတမ်းများ၏ ၂၂% ကိုသာ ရရှိနိုင်သည်။ ဤအချက်ကို ကြည့်ပါက အလွယ်တကူရရှိနိုင်သည့် သက်ဆိုင်ရာ စာရွက်စာတမ်း နမူနာများကို မြို့နယ် DALMS ရုံးအများစုတွင် ဖော်ပြထားခြင်းမရှိကြောင်း သိနိုင်ပါသည်။ သတင်းအချက်အလက်ရယူရန် အခြားနည်းလမ်းတစ်ခုမှာ အွန်လိုင်းတွင် ရှာဖွေခြင်းဖြစ်သည်။ ရခိုင်မှလွဲ၍ ပြည်နယ်/တိုင်း အားလုံးတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်ဝက်ဘ်ဆိုက်များ ရှိပါသည်။ ကျွန်ုပ်တို့၏သုတေသနအဖွဲ့သည် ပြည်နယ်/တိုင်း တစ်ခုချင်းစီအလိုက် ၎င်းတို့ ဝက်ဘ်ဆိုဒ်များ၏ ပွင့်လင်းမြင်သာမှုအပေါ် အကဲဖြတ်သည်။ အမြင့်ဆုံးပေးမှတ်သည် ၅၅ မှတ်ဖြစ်ခဲ့ရာ ရမှတ် ၁၅ သည်သာအများဆုံးဖြစ်သည်။ အများစုသော ပြည်နယ်/တိုင်းများ၏ ရမှတ်များမှာ အားနည်းလှပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ် နှင့် ပဲခူးတိုင်းဒေသကြီး (၃) ခုသာ အမှတ် (၁၀) အထက်ရရှိသည်။ အကောင်းမြင်နိုင်မည့် အချက်အနည်းငယ် ရှိပါသည်။ မူဝါဒချမှတ်သူများ အနေဖြင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို အွန်လိုင်းတွင် ရရှိနိုင်စေရန် လုပ်ဆောင်ပြီး ယင်းကို လုပ်ငန်းစုများထံ သတင်းပေးခြင်းဖြင့် ရမှတ်များ သိသိသာသာ တိုးတက်လာအောင် လုပ်ဆောင်နိုင်ပါသည်။

အဓိက ညွှန်ကိန်းများ

ဤ ပွင့်လင်းမြင်သာမှုဆိုင်ရာ အညွှန်းကိန်းခွဲတွင် ၂၀၁၈-ခုနှစ် နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ စုဆောင်းခဲ့သည် အဓိက ညွှန်ကိန်း ၁၄ ခု ပါဝင်သည်။

၁။ ပြည်နယ်/တိုင်းဒေသကြီးတို့၏ ဘတ်ဂျက် အချက်အလက်များအား လက်လှမ်းမီခြင်း (%)

၂။ ပြည်ထောင်စု ဥပဒေများ လက်လှမ်းမီခြင်း (%)

၃။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ အကောင်အထည် ဖော်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် စည်းမျဉ်း စည်းကမ်းများကို လက်လှမ်းမီခြင်း (%)

၄။ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ လက်လှမ်းမီခြင်း (%)

၅။ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းအသစ်များ သိရှိနိုင်မှု လက်လှမ်းမီခြင်း (%)

၆။ ရေအားလျှပ်စစ်စီမံကိန်းများ၊ လေဆိပ်များနှင့် အဝေးပြေးလမ်းမကြီးများ ကဲ့သို့သော အများပိုင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ သတင်းကို လက်လှမ်းမီခြင်း (%)

၇။ မြေယာအသုံးချမှု အစီအစဉ်နှင့် မြေပုံများရရှိနိုင်ရန် လက်လှမ်းမီခြင်း (%)

၈။ ပြည်နယ်/တိုင်းဒေသကြီးဆိုင်ရာ စက်မှုလုပ်ငန်းများ နှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်း စာရွက်စာတမ်းများ လက်လှမ်းမီခြင်း (%)

၉။ စည်းမျဉ်းစည်းကမ်း/လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုံစံဖြည့်ရန် အသင့်ရှိစာရွက်စာတမ်းများ လက်လှမ်းမီခြင်း (%)

ဤညွှန်ကိန်း (၉)ခုသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီတွင် ဒေသဆိုင်ရာစာရွက်စာတမ်းသို့မဟုတ် အချို့သော သတင်းအချက်အလက် ရရှိရန် လွယ်ကူသည် ဟုဆိုကြသည့် လုပ်ငန်းစုများ၏ အချိုးအစားကို တိုင်းတာသည်။ ညွှန်ကိန်းကိုးခုသည် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်၊ မြို့နယ် ဘတ်ဂျက်၊ ပြည်ထောင်စု ဥပဒေများနှင့် စည်းမျဉ်းများနှင့် ပြည်သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များဖြစ်သည်။ ဤစီမံကိန်းရေးဆွဲခြင်း နှင့် တရားဝင်စာရွက်စာတမ်းများကို လက်လှမ်းမီခြင်းသည် ပြည်နယ်/တိုင်း၏ ပွင့်လင်းမြင်သာမှု၏ တိုက်ရိုက်အတိုင်းအတာဖြစ်သည် - ပြည်နယ်/တိုင်းတို့သည် စာရွက်စာတမ်းနှင့် သတင်းဖြန့်ဝေမှု လုပ်လိုစိတ်ပို၍ ရှိကြသည်။ ပြည်နယ်တစ်ခုသည် စာရွက်စာတမ်းများကို ဖြန့်ဝေမှုပြုရန် ပို၍ လိုလားလျှင် ပွင့်လင်းမြင်သာမှု ပို၍ရှိသည်။ အစိုးရ စာရွက်စာတမ်းများကို လက်လှမ်းမီခြင်းအားဖြင့် လုပ်ငန်းစုများသည် ၎င်းတို့၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုများကို အန္တရာယ်ကင်းကင်းဖြင့် ပိုမိုကောင်းမွန်စွာ စီမံနိုင်စွမ်းရှိခြင်းကြောင့် အစိုးရ၏ပွင့်လင်းမြင်သာမှုသည် လုပ်ငန်းစုများကို အကျိုးပြုသည် (Broz 2002, Gelos and Wei 2005, Knight 2012, Stasavage 2003)။ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအရ စာရွက်စာတမ်းများ ပွင့်လင်းမြင်သာမှု ရှိရန်လိုအပ်သည်။

ဥပမာအားဖြင့်ပြည်ထောင်စု ဘတ်ဂျက်ဥပဒေ၊ ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရများတို့၏ ဘတ်ဂျက်တို့ကို ၎င်းတို့အနေဖြင့် နှစ်စဉ်နှစ်တိုင်း နိုင်ငံသားများ အလွယ်တကူ သိရှိနိုင်စေရန် အတွက် ထုတ်ပြန်ရန်လိုအပ်သည်။

၁၀။ ပြည်ထောင်စုအဆင့်တွင် ဥပဒေနှင့်စည်းမျဉ်းများ ပြောင်းလဲမှုများအတွက် ခန့်မှန်းနိုင်မှု (%)

၁၁။ ပြည်နယ်/တိုင်း အဆင့်တွင် စည်းမျဉ်းများ ပြောင်းလဲခြင်းကို ခန့်မှန်းနိုင်မှု (%)

၁၂။ ပြည်နယ်/တိုင်း အဆင့်တွင် အကောင်အထည် ဖော်မှုဆိုင်ရာ စည်းမျဉ်းများကို ခန့်မှန်းနိုင်မှု (%)

ဤညွှန်ကိန်းသုံးခုသည် ဥပဒေများ နှင့် စည်းမျဉ်းများအား ပြောင်းလဲခြင်းနှင့် အစိုးရအဆင့် အမျိုးမျိုးတွင် ၎င်းတို့၏ အကောင်အထည်ဖော်မှုများဆိုင်ရာ ကြိုတင်ခန့်မှန်းနိုင်မှုကို တိုင်းတာသည်။ ၎င်းကြိုတင်ခန့်မှန်းနိုင်မှုသည် ပွင့်လင်းမြင်သာမှုအတွက် အသုံးဝင်သော ကြားခံတစ်ခုဖြစ်သည်။ ပွင့်လင်းမြင်သာမှုရှိသော ပြည်နယ်များတွင် ပြည်နယ်စာရွက်စာတမ်းများကို အလွယ်တကူပေးကြ ရုံသာမက အစိုးရ၏အစီအစဉ်များကို မဲဆန္ဒရှင်များမှ ရှင်းလင်းစွာ နားလည်သဘောပေါက်နိုင်သည်။ ထိုသို့သော ရှင်းလင်းပြတ်သားမှုသည် လုပ်ငန်းစုများအတွက် အကျိုးရှိသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် မျှော်လင့်ထားသည့် ဥပဒေများနှင့်စည်းမျဉ်းအသစ်များနှင့် ကိုက်ညီစေရန် သူတို့၏လုပ်ငန်းများကိုကြိုတင်စီစဉ်နိုင်၍ ဖြစ်သည်။ ဥပဒေများနှင့်စည်းမျဉ်းများ ပြောင်းလဲခြင်းကို ကြိုတင်မခန့်မှန်းနိုင်ပါက လုပ်ငန်းစုများသည် မမျှော်လင့်ဘဲ ဥပဒေချိုးဖောက်မိနိုင်ပြီး အချိန်နှင့် အရင်းအမြစ်များကို ညှိနှိုင်းသုံးစွဲရမည်ဖြစ်သည်။ ထိုညှိနှိုင်းမှု လုပ်ငန်းစဉ်များသည် အများအားဖြင့် အချိန်မီ ကြိုတင်စီစဉ်ထားခြင်းထက် အကုန်အကျပိုမြင့်များပါသည် (Gelos and Wei 2005, Hollyer et al. 2011, Malesky et al. 2015)။

၁၃။ ထွေ/အုပ်ဆိုင်ရာ စာရွက်စာတမ်း အချက်အလက်များ အများပြည်သူသို့ အသိပေး အကြောင်းကြားမှု %

၁၄။ စည်ပင်မှ စာရွက်စာတမ်းအချက်အလက်များ အများပြည်သူသို့ အသိပေးအကြောင်းကြားမှု %

ဤညွှန်ကိန်းနှစ်ခုသည် မြို့နယ်တစ်ခုစီအတွက် ထွေ/အုပ်သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့ သတင်းအချက်အလက်များကို အများပြည်သူသို့အသိပေး (သို့) တောင်းဆိုချက်အရ ရရှိနိုင်သော ဝန်ဆောင်မှုများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ရရှိနိုင်ခြင်းကို တိုင်းတာသည်။ ဥပမာ- ထွေ/အုပ်အတွက် ကြိုတင် ရွေးချယ်ထားသော ဝန်ဆောင်မှုများနှင့် လုပ်ထုံးလုပ်နည်းများ နှင့် အလုပ်ချိန်များကို ဖော်ပြသည့် လမ်းညွှန်စာအုပ်ငယ်များ ပါဝင်သည်။ ၎င်းတို့တွင် စည်ပင်သာယာရေးအဖွဲ့အတွက် လိုင်စင်နမူနာများနှင့် နမူနာစာရွက်များပါဝင်သည်။ ပြည်နယ်/တိုင်း၏ ရမှတ်သည် ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်များအားလုံးအတွက် ပျမ်းမျှအမှတ်ဖြစ်သည်။ ညွှန်ကိန်းအမှတ်သည် ၀ နှင့် ၁ တို့၏ ရာခိုင်နှုန်း တန်ဖိုးဖြစ်ပြီး၊ (၁) သည်ကျယ်ပြန့်သော သတင်းအချက်အလက်ရရှိနိုင်ခြင်းနှင့် သက်ဆိုင်ပြီး (၀) သည် သတင်းအချက်အလက်မရရှိခြင်းနှင့် ညီပါသည်။ အများပြည်သူသိရှိစေရန်ထုတ်ပြန်ထားသည့်သတင်းအချက်အလက် ပမာဏသည် အစိုးရရုံးများ၏ ပွင့်လင်းမြင်သာမှုကို တိုက်ရိုက်ဖော်ပြနိုင်သည်။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ ခုနှစ်တွင် ဤပွင့်လင်းမြင်သာမှု အညွှန်းကိန်းခွဲနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ညွှန်ကိန်းအသစ် ၅ခုကို ထပ်မံထည့်သွင်းခဲ့သည်။ ယင်းတို့တွင် အောက်ဖော်ပြပါတို့ ပါဝင်သည် -

၁၅။ စည်ပင် မှ စာရွက်စာတမ်း နမူနာများဖြင့် အသိပေးမှု %

၁၆။ လယ်စီအင်း မှ စာရွက်စာတမ်း နမူနာများဖြင့် အသိပေးမှု %

ဤညွှန်ကိန်းနှစ်ခုသည် မြို့နယ်တစ်ခုချင်းစီအတွက် ဥပမာပေးခဲ့သည့် စည်ပင် DAO သို့မဟုတ် DALMS ပုံစံများနှင့် လိုအပ်သောစာရွက်စာတမ်းများ (ဥပမာ - လျှောက်လွှာပုံစံများ၊ အခြားအစိုးရရုံးများမှ ထောက်ခံစာများ)၏ တစ်မျိုးချင်းစီကိုတိုင်းတာသည်။ ရှင်းလင်းချက် ဥပမာများကို မည်သည့် အတိုင်းအတာအထိ ပေးသည်ကိုကြည့်၍ အစိုးရရုံးများ၏ ပွင့်လင်းမြင်သာမှုကို တိုက်ရိုက်သိနိုင်သည်။

၁၇။ လယ်စီအင်းမှ စာရွက်စာတမ်းအချက်အလက်များ အများပြည်သူသို့အသိပေးအကြောင်းကြားမှု %

ဤစူးစမ်းလေ့လာရေးညွှန်ကိန်းသည် မြို့နယ်တစ်ခုချင်းစီအတွက် သတင်းအချက်အလက်များကို အများပြည်သူအတွက် ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ ရရှိနိုင်သည့် ကြိုတင် ရွေးချယ်ထားသည့် DALMS စာရွက်စာတမ်းများ (ဥပမာ - ပုံစံ ၇) နှင့် လုပ်ထုံးလုပ်နည်းများ (ဥပမာ - မြေယာပိုင်ဆိုင်မှု ပြောင်းလဲခြင်း) ကိုတိုင်းတာသည်။ ပြည်နယ်/တိုင်း ရမှတ်သည် ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်အားလုံး၏ ပျမ်းမျှရမှတ်များဖြစ်သည်။ ဤညွှန်ကိန်းသည် အထက်ပါ ညွှန်ကိန်း ၁၃ နှင့် ၁၄ နှင့်အလွန်ဆင်တူသည်။ အများပြည်သူ

အတွက်ထုတ်ပြန်ထားသည့်သတင်းအချက်အလက်ပမာဏသည် အစိုးရရုံးများ၏ ပွင့်လင်းမြင်သာမှုကို တိုက်ရိုက်ညွှန်ပြနိုင်သည်။

၁၈။ စည်ပင်မှ ငွေပေးသွင်းမှုဆိုင်ရာ အချက်အလက်များ အလွယ်တကူ သိရှိနိုင်မှု (၁ မှတ်မှ ၃ မှတ်)

ဤစူးစမ်းလေ့လာမှု ညွှန်ကိန်းသည် DAO အခကြေးငွေ ဇယားများကို သိရှိနိုင်ရန် လွယ်ကူစေသည်။ ပြည်နယ်/တိုင်း ရမှတ်သည် ပြည်နယ်/တိုင်းရှိ မြို့နယ်အားလုံး၏ ပျမ်းမျှရမှတ်ဖြစ်သည်။ ဤအချက်အလက်များအလွယ်တကူ ရရှိနိုင်လေ ရမှတ်မြင့်လေဖြစ်၍ အလွယ်တကူမရရှိနိုင်လေ ရမှတ်နိမ့်လေဖြစ်သည်။ ၎င်းသည် ပွင့်လင်းမြင်သာမှုအတွက် သိသာသော ညွှန်ပြချက်ဖြစ်သည်။ DAO သည် ၎င်း၏အခကြေးငွေစာရင်းများကို အလွယ်တကူဖြင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ထားသင့်သည်။ ထိုအချက်အလက်များမရှိပါက လုပ်ငန်းပိုင်ရှင်များသည် လိုအပ်သော စာရွက်စာတမ်းများအတွက်နှင့် ငွေပေးချေရန် DAO ရုံးသို့ တစ်ကြိမ်ထက်ပို၍ သွားရောက်ရန်အချိန်နှင့် ငွေဖြုန်းတီးရမည်ဖြစ်သည်။ အခွင့်အလမ်း နည်းပါးသော စီးပွားရေးလုပ်ငန်းများသည် နှောင့်နှေးမှုအနည်းငယ်ဖြင့်ပင် သိသိသာသာဆုံးရှုံးမှုများ ခံစားရနိုင်သည်။ အခကြေးငွေ ကောက်ခံသည့် အချိန်ဇယားနှင့်ပတ်သက်သည့် သတင်းအချက်အလက်မရရှိခြင်းသည် ဒေသခံအာဏာပိုင်များက အကျင့်ပျက်ခြစားမှုနှင့် တရားဝင် မဟုတ်သော နည်းလမ်းများ သုံးနိုင်ရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးသည်။

၁၉။ အစိုးရ ဝက်ဘ်ဆိုက်များ၏ ပွင့်လင်းမြင်သာမှု စစ်တမ်းရမှတ်

ဤညွှန်ကိန်းသည် မြို့နယ်နှင့် ပြည်နယ်/တိုင်း ဝက်ဘ်ဆိုက်များ၏ ပွင့်လင်းမြင်သာမှု နှင့် အသုံးဝင်မှုကို တိုင်းတာ သည်။ ပွင့်လင်းမြင်သာမှု လုံးဝမရှိခြင်း =(၀) မှစ၍၊ အသုံးဝင်၊ သိကောင်းစရာပါဝင်မှု နှင့် ပွင့်လင်းမြင်သာမှုအလွန်ရှိခြင်း= (၁၅)မှတ်အထိ ရမှတ်များကို အမှတ်ပေးစနစ် အသုံးပြုကာ ဝက်ဘ်ဆိုဒ်များကို အကဲဖြတ်ခြင်းဖြင့်ဆုံးဖြတ်သည်။ ၎င်း အကဲဖြတ်ခြင်းတို့တွင် မြို့နယ်အဆင့်ထွေ/အုပ်၏ လုပ်ငန်းစဉ်များ နှင့် ဆောင်ရွက်ပုံ အချက်အလက်များ၊ ပြည်နယ်/တိုင်းတို့၏ စီးပွားရေး အစီရင်ခံစာများ ပါဝင်ခြင်းနှင့် ထိုဝက်ဘ်ဆိုဒ်များသည် သုံးစွဲသူများအတွက် အသုံးပြုရ လွယ်ကူခြင်း ကဲ့သို့သော ဝိသေသ လက္ခဏာများ ရှိ/မရှိတို့ကို ခွဲခြမ်းစိတ်ဖြာခြင်းမှစ၍ သတင်းအချက်အလက်များ ပြည့်စုံစွာ ရရှိနိုင်မှုတို့အထိ ပါဝင်သည်။ ဝက်ဘ်ဆိုက်များကို သုံးစွဲသူမည်မျှ အသုံးပြုနေသည်ကို ဆုံးဖြတ်ရန် အကဲဖြတ်မှုတွင် ဝက်ဘ်ဆိုက်အသွားအလာကို တိုင်းတာမှုများလည်း ပါဝင်ခဲ့ပါသည်။ မြို့နယ်တစ်ခုချင်းစီအတွက် ရမှတ်ပေါင်းများသည် ထို ပြည်နယ်/တိုင်း အတွက် ဝက်ဘ်ဆိုက် အကဲဖြတ်ရမှတ်ဖြစ်၏။ ပြည်နယ်/တိုင်း ဝက်ဘ်ဆိုက်အား အကဲဖြတ်ခြင်း (အများဆုံးရမှတ် ၄၄ မှတ်) နှင့် မြို့နယ်စည်ပင်၊ ထွေအုပ် သို့မဟုတ် စီမံကိန်းရုံး ဝက်ဘ်ဆိုက် သို့မဟုတ် ဖေ့စ်ဘွတ်စာမျက်နှာအတွက်ပေးမှတ် (အများဆုံး ၁၁ မှတ်) ကိုအကဲဖြတ်ခြင်းဖြစ်သည်။ အများဆုံးရရှိနိုင်သော ရမှတ်မှာ ၅၅ မှတ်ဖြစ်သည်။ သို့သော် အမှန်တကယ်ရမှတ်များမှာ ၀ မှ ၁၅ အထိသာရှိကြသည်။ သတင်းအချက်အလက် ပြည့်စုံပြီး အသုံးပြုရ လွယ်ကူသော ဝက်ဘ်ဆိုဒ်များသည် ပွင့်လင်းမြင်သာမှုအတွက် အလွန်အကျိုးရှိသည်။ စီးပွားရေး လုပ်ငန်းများသည် သူတို့၏ရုံးခန်းများမှ ထွက်ခွာရန်မလိုခြင်း၊ တစ်ဦးချင်းခရီးစရိတ် မကုန်ကျခြင်းကြောင့် အချိန်နှင့် ကုန်ကျစရိတ် သက်သာစေမည်ဖြစ်ရာ သတင်းအချက်အလက် ရှာဖွေခြင်းအတွက် ကုန်ကျစရိတ်ကို လျော့နည်းစေသည်။

ဇယား ၄.၆ ။

ပွင့်လင်းမြင်သာမှုဆိုင်ရာ အညွှန်းကိန်းခွဲနှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

၂၀၁၈ နှင့် ၂၀၂၀ MBEI တို့တွင် စုဆောင်းထားသည့် အဓိက ညွှန်ကိန်းများ					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
ပွင့်လင်းမြင်သာမှုဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး	၁.၀၆	၁.၇၀	၂.၂၄
		အလယ်ကိန်း	၁.၄၄	၂.၁၂	၂.၈၀
		အမြင့်ဆုံး	၂.၁၃	၃.၃၇	၃.၅၈
		ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း		၀.၇၁	၀.၇၃

စစ်တမ်း ညွှန်ကိန်းများ	တိုင်းတာပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၆၆ ၀.၉၄ ၁.၅၃	၀.၇၅ ၁.၃၄ ၁.၈၉ ၀.၀၁	၀.၈၅ ၁.၁၉ ၁.၆၈ ၀.၈၄
အမာခံ ညွှန်ကိန်းများ	တိုင်းတာပြီး အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၄၀ ၀.၄၀ ၁.၁၇	၀.၆၆ ၀.၈၆ ၂.၀၂ -၀.၁၇	၁.၁၁ ၁.၅၁ ၂.၂၄ ၀.၆၅
၁။ ပြည်နယ်/တိုင်းဒေသကြီးတို့၏ ဘတ်ဂျက် အချက်အလက်များအား လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၃.၁% ၉.၃%	၀.၀% ၄.၄% ၂၇.၁% ၀.၀၅	၁.၈% ၆.၉% ၁၉.၃% ၀.၈၀
၂။ ပြည်ထောင်စု ဥပဒေများ လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၅.၁% ၃၂.၃%	၀.၀% ၂၀.၄% ၄၄.၉% ၀.၀၁	၅.၀% ၁၈.၈% ၃၉.၂% ၀.၈၃
၃။ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ အကောင်အထည်ဖော်မှု ဆိုင်ရာ စာရွက်စာတမ်းများ နှင့် စည်းမျဉ်းစည်းကမ်း များကို လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၁.၄% ၆.၈%	၀.၀% ၈.၁% ၂၆.၇% ၀.၀၀	၁.၆% ၉.၁% ၁၈.၃% ၀.၆၆
၄။ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများ လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၀.၆% ၅.၅%	၀.၀% ၁၉.၀% ၄၁.၇% ၀.၂၇	၅.၁% ၁၄.၅% ၃၃.၄% ၀.၈၉
၅။ အခြေခံအဆောက်အအုံ ဆိုင်ရာ စီမံကိန်းအသစ်များ သိရှိနိုင်မှု လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၀.၄% ၈.၆%	၀.၀% ၁၄.၁% ၂၈.၇% ၀.၀၃	၅.၅% ၁၁.၀% ၂၀.၂% ၀.၆၀
၆။ ရေအားလျှပ်စစ် စီမံကိန်းများ၊ လေဆိပ်များနှင့် အဝေးပြေးလမ်းမကြီးများ ကဲ့သို့သော အများပိုင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ သတင်းကို လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၃.၂% ၉.၀%	၀.၀% ၈.၆% ၂၄.၆% -၀.၄၂	၀.၇% ၇.၅% ၁၈.၅% ၀.၆၂

၇။ မြေယာအသုံးချမှု အစီအစဉ်နှင့် မြေပုံများရရှိနိုင်ရန် လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_7	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၆.၉% ၁၃.၆%	၀.၀% ၁၂.၀% ၂၆.၅% -၀.၀၄	၄.၅% ၁၀.၆% ၁၉.၈% ၀.၇၄
၈။ ပြည်နယ်/တိုင်းဒေသကြီး ဆိုင်ရာ စက်မှုလုပ်ငန်းများနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ စီမံကိန်းစာရွက် စာတမ်းများ လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_8	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၁.၃% ၈.၃%	၀.၀% ၁၀.၁% ၁၉.၅% ၀.၀၇	၂.၇% ၈.၃% ၁၆.၁% ၀.၅၅
၉။ စည်းမျဉ်းစည်းကမ်း/ လုပ်ထုံးလုပ်နည်းများနှင့်ညီ ပုံစံဖြည့်ရန် အသင့်ရှိ စာရွက်စာတမ်းများ လက်လှမ်းမီခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q112_9	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၁၄.၅% ၄၆.၁%	၆.၇% ၂၉.၉% ၅၁.၆% ၀.၂၁	၆.၂% ၂၀.၄% ၅၁.၅% ၀.၈၉
၁၀။ ပြည်ထောင်စုအဆင့်တွင် ဥပဒေနှင့်စည်းမျဉ်းများ ပြောင်းလဲမှုများအတွက် ခန့်မှန်းနိုင်မှု (%)	MBEI စစ်တမ်း မေးခွန်း - T_Q113_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၉% ၆.၂% ၁၈.၀%	၀.၀% ၇.၃% ၂၀.၈% ၀.၀၆	၁.၅% ၅.၅% ၃၂.၂% ၀.၇၁
၁၁။ ပြည်နယ်/တိုင်း အဆင့်တွင် စည်းမျဉ်းများ ပြောင်းလဲခြင်းကို ခန့်မှန်းနိုင်မှု (%)	MBEI စစ်တမ်း မေးခွန်း - T_Q113_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂.၆% ၁၁.၃% ၃၀.၁%	၀.၀% ၆.၉% ၁၈.၈% ၀.၃၀	၁.၀% ၆.၃% ၃၁.၂% ၀.၆၄
၁၂။ ပြည်နယ်/တိုင်း အဆင့်တွင် အကောင်အထည် ဖော်မှုဆိုင်ရာ စည်းမျဉ်းများကို ခန့်မှန်းနိုင်မှု (%)	MBEI စစ်တမ်း မေးခွန်း - T_Q113_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၁၁.၂% ၃၀.၁%	၀.၀% ၇.၃% ၂၅.၉% -၀.၁၁	၃.၁% ၆.၅% ၃၁.၆% ၀.၇၀
၁၃။ ထွေအုပ်မှ စာရွက် စာတမ်း အချက်အလက်များ အများပြည်သူသို့ အသိပေး အကြောင်းကြားမှု %	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : ထွေအုပ် D1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၀.၀% ၁၇.၄%	၆.၇% ၁၂.၀% ၅၆.၀% -၀.၁၄	၆.၂% ၁၃.၄% ၅၁.၃၀% ၀.၉၈
၁၄။ စည်ပင်မှ စာရွက် စာတမ်းအချက်အလက်များ အများပြည်သူသို့ အသိပေး အကြောင်းကြားမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း: DAO D1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၀.၀% ၂၁.၆%	၆.၇% ၉.၃% ၃၈.၃% -၀.၀၆	၆.၂% ၈.၉% ၃၅.၆% ၀.၉၈

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်ထားသည့် ညွှန်ကိန်းအသစ်များ					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၁၅။ စည်ပင်မှ စာရွက်စာတမ်း နမူနာများဖြင့်အသိပေးမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DAO A4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂.၆% ၂၁.၉% ၇၉.၉%
၁၆။ လယ်စီအင်းမှ စာရွက်စာတမ်း နမူနာ များဖြင့်အသိပေးမှု(%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : Dalms A4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၂.၁% ၂၁.၆% ၈၇.၅%
၁၇။ လယ်စီအင်းမှ စာရွက်စာတမ်းအချက်အလက်များ အများပြည်သူသို့ အသိပေး အကြောင်းကြားမှု (%)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DALMS D1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၃.၆% ၄၆.၃% ၈၆.၅%
၁၈။ စည်ပင်မှ ငွေပေးသွင်းမှု ဆိုင်ရာ အချက်အလက်များ အလွယ်တကူ သိရှိနိုင်မှု (၁ မှတ်မှ ၃ မှတ်)	လေ့လာစောင့်ကြည့်မှု ဒေတာ မေးခွန်း : DAO C1, C2, C3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁.၁၀ ၂.၀၁ ၂.၉၉
၁၉။ အစိုးရ ဝက်ဘ်ဆိုက်များ၏ ပွင့်လင်းမြင်သာမှု စစ်တမ်းရမှတ်	လေ့လာစောင့်ကြည့်မှု ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀၆ ၄.၄၈ ၁၃.၄

၄.၇။ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

တရားမျှတစွာ နှင့် တန်းတူ ယှဉ်ပြိုင်နိုင်သော ဝန်းကျင်မျိုး အစိုးရက ဖန်တီးပေးနိုင်လျှင် စီးပွားရေး လုပ်ငန်းများအတွက် အကျိုးရှိမည် ဖြစ်သည်။ အရွယ်အစားကြီးမားသော သို့မဟုတ် နိုင်ငံရေးအရ အဆက်အသွယ်ရှိသော စီးပွားရေး လုပ်ငန်းများသို့ ဘက်လိုက်ခြင်းကြောင့် စားသုံးသူများ အနေဖြင့် အရည်အချင်းအလိုက် စီးပွားရေးယှဉ်ပြိုင်မှုမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ထိခိုက်သွားစေသည်။ သာမာန်အားဖြင့် ယှဉ်ပြိုင်မှုကြောင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းများကို လျော့ကျစေသည့်အတွက် စားသုံးသူများ အကျိုးခံစားကြရသည်။ အခြားတစ်ဖက်တွင်မူ ပုဂ္ဂိုလ်ရေးဆက်သွယ်မှုကို အခြေခံကာ ဈေးကွက်ပုံစံအမှန် မဟုတ်သော အကြောင်းပြချက်မျိုးစုံပေးပြီး စိတ်ကြိုက်

လုပ်ငန်းကြီးအချို့ကို မိတ်ဆက်ပေးခြင်းဖြင့် မူဝါဒဘက်လိုက်ရေးဆွဲကာ ယှဉ်ပြိုင်မှုအဖြစ် လုပ်နိုင်သော အခြေအနေမျိုးလည်း ရှိတတ်ပါသည်။ ထိုအခါမျက်နှာသာပေးခြင်း ခံရသော လုပ်ငန်းများသည် များစွာထိရောက်မှုမရှိဘဲ အရည်အသွေးနိမ့် ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြိုင်ဖက်လုပ်ငန်းများထက် မြင့်မားသည့် စျေးနှုန်းများ သတ်မှတ်ကာ ရောင်းချကြလိမ့်မည်။ ဤနည်းဖြင့် စားသုံးသူများနစ်နာကြလိမ့်မည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမွဲတေမှု လျော့ချရေးကိုပါ အတားအဆီးဖြစ်စေလိမ့်မည်။ အစိုးရများအနေဖြင့် ကြီးမားသော သို့မဟုတ် ခိုင်မာသောအဆက်အသွယ်ရှိ လုပ်ငန်းစုများအပေါ် ဘက်လိုက်မှုမရှိကြောင်း သေချာစေသင့်သည်။ ဆိုလိုသည်မှာ ဥပမာအားဖြင့် အစိုးရနှင့်ချုပ်ဆိုသည့် စာချုပ်များသည် အစိုးရနှင့် အဆက်အသွယ်ရှိသည့် လုပ်ငန်းစုဖြင့်မဟုတ်ဘဲ အကောင်းဆုံး အဆိုပြုချက်တင်ပြနိုင်သည့် လုပ်ငန်းစုဖြင့်သာ စာချုပ်ချုပ်ဆိုခြင်းဖြစ်ကြောင်း သေချာစေရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ-မြန်မာနိုင်ငံ၏ "၂၀၁၅ ယှဉ်ပြိုင်မှုဥပဒေ" နှင့်အညီ လက်ဝါးကြီးအုပ်မှုဆိုင်ရာ ဥပဒေများကို လိုက်နာမှုရှိစေရန် တိကျစွာ အကောင်အထည် ဖော်သင့်ပါသည်။

မထိန်းချုပ်နိုင် အဟန့်အတားမှုမရှိ ဖြစ်နေပါက အစိုးရ ဗျူရိုကရက်များ၏ မျက်နှာသာပေးမှုသည် စျေးကွက်ကို ပျက်ပြားစေပြီး ထုတ်လုပ်မှု ညံ့ဖျင်းလုပ်ငန်းစုများသာ အကျိုးဖြစ်ထွန်းစေ၍ မှန်ကန်စွာ ဆောင်ရွက်သော လုပ်ငန်းစုများကို ထိခိုက်စေပြီး နောက်ဆုံးတွင် မြန်မာနိုင်ငံ၏စီးပွားရေး လုံးဝထိခိုက်ပျက်စီးသွားစေမည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် စီးပွားရေးလုပ်ငန်းများအတွက် တန်းတူညီမျှမှု ဖြစ်ခြင်း၏အရေးပါမှုကို ကောင်းစွာသိရှိပြီး နိုင်ငံများစွာတွင် ယှဉ်ပြိုင်မှုဆိုင်ရာ ပုံပျက်မှုများကို လေ့လာထားသည်။ အထူးသဖြင့် မြန်မာနိုင်ငံသည် ဤအစီအမံများ၌အလွန်ပင် အားရဖွယ်မရှိသော အခြေအနေ၌သာ ရှိနေသေးသည်။ ဥပမာအားဖြင့် ကမ္ဘာ့ဘဏ်၏ Doing Business 2020 အစီရင်ခံစာအရ ကမ္ဘာ့ နိုင်ငံများရှိ လူနည်းစု ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်စောင့်ရှောက်မှုကို တိုင်းတာခဲ့ရာတွင် နိုင်ငံ (၁၉၀) အနက် မြန်မာနိုင်ငံသည် အဆင့် (၁၇၆) တွင် ရှိသည်။ ယခု ခွဲခြမ်းစိတ်ဖြာမှုတွင် မြန်မာနိုင်ငံ၏ ပြည်နယ် နှင့် တိုင်းဒေသကြီးများ အပေါ်တွင် အဓိကထားပြီး မည်သည့်ဒေသသည် ပိုမိုကောင်းမွန်ပြီး မည်သည့်ဒေသသည် ပိုမို ဆိုးရွားသည်ကို ဆန်းစစ်ပါသည်။ မျက်နှာသာပေးမှု မည်သည့် အတိုင်းအတာအထိ ရှိသည်ကို ဆုံးဖြတ်နိုင်ရန် ယှဉ်ပြိုင်မှု-မူဝါဒ ဘက်လိုက်မှု၏ရှုထောင့်အမျိုးမျိုးကိုလည်း ကျွန်ုပ်တို့က ထည့်သွင်းစဉ်းစားခဲ့ပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် ကြီးစွာသော စီးပွားယှဉ်ပြိုင်ရေး မူဝါဒဆိုင်ရာ ဘက်လိုက်မှုပြဿနာများ ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံတွင် အဓိကတွေ့ရှိနေရသော ပြဿနာမှာ နိုင်ငံရေး မူဝါဒ ချမှတ်သူများသည် နိုင်ငံရေး အဆက်သွယ်ရှိသော လုပ်ငန်းစုများအတွက် မြေယာကိစ္စနှင့် အစိုးရဝယ်ယူမှုကိစ္စတို့၌ လုပ်ထုံး လုပ်နည်းများမှတဆင့် ရရှိသော အထူးအကျိုးကျေးဇူးများ နှင့် ခံစားခွင့်များရရှိအောင် ဖန်တီးပေးခြင်းများ ဖြစ်သည်။ အများအားဖြင့် ထိုလုပ်ငန်းစုများသည် စီးပွားရေး လုပ်ငန်း များစွာကို ပူးပေါင်းတည်ထောင်ထားသော ကော်ပိုရေးရှင်ကြီးများကဲသို့ဖြစ်၍ ယခင်အရာရှိဟောင်းများနှင့် စစ်ခေါင်းဆောင်ဟောင်းများက ဦးဆောင်သည်။ အချို့သော လေ့လာသုံးသပ်သူများ၏ အဆိုအရ သူတို့သည် မူဝါဒ ချမှတ်ခြင်းကို ကိုယ်ကျိုးဖက်သော လူနည်းစု၏ချုပ်ကိုင်မှုဖြင့် စီးပွားရေးရာထူးများတွင် မြဲရန်အတွက် ၎င်းတို့၏ အဆက်အသွယ်များကို အသုံးချနိုင်ခဲ့သည်ဟု ဆိုကြ၏ (Ford et al. 2016)။

၂၀၂၀ MBEI ကဖော်ထုတ်ပြသည်မှာ လုပ်ငန်းစု အများစုသည် လုပ်ငန်းအမျိုးအစား ပေါ်မူတည်၍ မျက်နှာသာပေး ကွာဟမှု အချို့သာရှိပြီး ချိတ်ဆက်ထားသော လုပ်ငန်းကြီးများအတွက် စီးပွားရေးဘက်လိုက်မှု ကျယ်ပြန့်စွာမရှိဟု ယုံကြည်ကြသည်။

မှတ်ချက်။ ။ ဤညွှန်းကိန်း အတွက် သင့်တော်သည့် အမာခံ

ပုံ ၄.၇။

ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်းဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အညွှန်းကိန်းခွဲ-၇ ရမှတ်များ



ညွှန်ကိန်းများ မရှိသောကြောင့် စစ်တမ်းညွှန်းကိန်းများကိုသာ အသုံးပြုသည်။ ပျမ်းမျှအလယ်ကိန်းတွက်ချက်မှုများအရ ပြည်နယ်/တိုင်း ရှိ စီးပွားရေး ၉၁ ရာခိုင်နှုန်းကဒေသခံ အာဏာပိုင်များသည် ဆက်သွယ်မှုရှိသော စီးပွားရေးအတွက် မျက်နှာသာပေးမှု မရှိကြောင်း ယုံကြည်ကြသည်။ ဘက်လိုက်မှု ရှိ/မရှိ ဖြေကြားသည့် အလယ်ကိန်း ပြည်နယ်/တိုင်း လုပ်ငန်းစုများ၏ ၄ရာခိုင်နှုန်း ခန့်ကသာ ချေးငွေ နှင့် မြေယာ ပိုင်ဆိုင်မှုတွင် ချိတ်ဆက်ထားသော လုပ်ငန်းစုများအတွက် မျက်နှာသာပေးမှု ရှိသည်ဟု ဆိုကြသည်။ ရှမ်းပြည်နယ်သည် အမြင့်မားဆုံး မျက်နှာသာပေးမှု ကိုပြသသည်။ လုပ်ငန်းစု ၂၇ ရာခိုင်နှုန်း က ချေးငွေနှင့် လက်လှမ်းမီမှု ကိစ္စများတွင် မျက်နှာလိုက်သည်ဟုဆိုကြ၏။

ပုံ-၄.၇ တွင်မြင်တွေ့ရသည့်အတိုင်း စစ်ကိုင်းတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးတို့သည် ဤညွှန်ကိန်းခွဲရမှတ် အမြင့်ဆုံးရရှိသည်။ ယင်းတို့သည် ရမှတ် ၉.၉၆ နှင့် ၉.၉၅ အသီးသီးရရှိပြီး ရှမ်းပြည်နယ်က ရမှတ် ၇.၈၄ သာရရှိခဲ့သည်။ တိုင်းတာမှုအားလုံးတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် လိုက်လျောညီထွေ မျှတမှုခ္ခ ကောင်းမွန်ထိရောက်သော အကောင်းဆုံး စွမ်းဆောင်ရည်ကို ပြသနေပါသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် MBEI အဓိက ညွှန်ကိန်းများ

ဤယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း အညွှန်းကိန်းခွဲတွင် ၂၀၁၈-ခုနှစ် နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့ခ္ခ တိုင်းတာခဲ့သည့် အဓိကညွှန်ကိန်း ၇ ခု ပါဝင်သည်။

၁။ ဒေသအာဏာပိုင်များမှ ၎င်းတို့နှင့် အဆက်အသွယ်ရှိသော လုပ်ငန်းများကို ဘက်လိုက်မှု မရှိ (%)

အဆက်အသွယ်ကောင်းသော စီးပွားရေးလုပ်ငန်းများကို ဒေသအာဏာပိုင်များမှ မျက်နှာသာပေးခြင်းကြောင့် အခြားသော စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်တာများအပေါ် ထိခိုက်မှုရှိသည်ဟူသော အချက်ကို သဘောမတူသော လုပ်ငန်းပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက်ဤညွှန်ကိန်းတွင်တိုင်းတာထားပါသည်။ ၎င်းသဘောမတူမှုသည် စီးပွားရေးလုပ်ငန်းကြီးများကို မျက်နှာသာပေးခြင်း၊ ဘက်လိုက်မှုမရှိဟု ရှင်းလင်းစွာ ဖော်ပြသော ညွှန်ပြချက်ဖြစ်သည်။ ဥပမာအားဖြင့်- ဒေသအာဏာပိုင်များသည် ဆန်စက်တစ်ခုကို မျက်နှာသာပေးရန်အတွက် အခြားသော လုပ်ငန်းများအား ရုံးလုပ်ငန်းပိုင်းတွင် သာမက မြေနှင့် ငွေအရင်းအနှီးရရှိရေးတွင်ပါ ခက်ခဲအောင် ပြုလုပ်ခြင်းကြောင့် စီးပွားရေးပတ်ဝန်းကျင်တစ်ခုလုံးကိုပါ မရည်ရွယ်ဘဲဆိုးဝါးသွားစေနိုင်သည်။ အကယ်၍ မျက်နှာသာပေးမှုမှာ အလွန်အမင်းဆိုးဝါးလာပါက အရည်အသွေးပြည့်ဝသော စီးပွားရေးလုပ်ငန်းများကို ဈေးကွက်မှ ဖယ်ထုတ်မိသကဲ့သို့ ဖြစ်သွားစေနိုင်ပါသည်။ ထိုအခါ ပြိုင်ဆိုင်မှု လျော့နည်းစေပြီး ရလဒ်အားဖြင့် ဈေးနှုန်းများ မြင့်မားခြင်း၊ အရည်အသွေးများ ကျဆင်းခြင်း၊ နောက်ဆုံးခ္ခ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအား နစ်နာစေခြင်းတို့ ဖြစ်စေနိုင်ပါသည်။ ဥပမာမှာ ကြားခံကုန်ပစ္စည်းအတွက် ဆန်စက်များကို အားကိုးနေကြရသော သကြားလုံး ထုတ်လုပ်သူများကဲ့သို့ ဖြစ်သွားမည် (Stigler, 1957; Hellman et al., 1999)။

၂။ မြေယာပိုင်ဆိုင်ခွင့်ရယူခြင်းဆိုင်ရာ မျက်နှာသာပေး ဘက်လိုက်ခြင်း (%)

၃။ ချေးငွေရယူခြင်းခ္ခ မျက်နှာသာပေး ဘက်လိုက်ခြင်း (%)

၄။ ဓာတ်သတ္တုတူးဖော်ခွင့်လိုင်စင်ဆိုင်ရာ မျက်နှာသာပေး ဘက်လိုက်ခြင်း (%)

အဆက်အသွယ်ကောင်းသော စီးပွားရေး၏လုပ်ငန်းများသို့ အထူးအားပေးမှုများ (မြေရရှိရေးနှင့် ချေးငွေရရှိရေး)နှင့် မျက်နှာသာပေးခြင်းကြောင့် စီးပွားယှဉ်ပြိုင်မှုအပေါ် မကောင်းသော သက်ရောက်မှုများ ဖြစ်စေနိုင်သည်။ မြေသို့မဟုတ် ချေးငွေရရှိရေးအတွက် မျက်နှာသာပေးခြင်းခံရသည့် လုပ်ငန်းများမှာ အများအားဖြင့် အရည်အချင်းပေါ်မူတည်၍ ရွေးချယ်ခံရခြင်း မဟုတ်ဘဲ လုပ်ငန်းရှင်များသည် ဒေသတွင်းရှိ နိုင်ငံရေးသမားများနှင့် အဆက်အသွယ်ရှိခြင်းကြောင့်သာ ဖြစ်ကြသည် (Claessens et al., 2008)။ အရည်အချင်းကို အဆုံးစွန်သော သတ်မှတ်ချက်အနေဖြင့် မထားရှိသည့်အတွက် နိုင်ငံရေးအရ အဆက်အသွယ်ရှိပြီး မျက်နှာသာပေးခြင်းခံရသော လုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းသည်လည်း ညံ့ဖျင်းပြီး စားသုံးသူများကို ထိခိုက်စေသည်။ မျက်နှာသာပေးခံရသော လုပ်ငန်းများရှိသည့် စီးပွားရေးလောကများ၏ ဈေးကွက်ပုံစံပေါ်တွင်လည်း သွယ်ဝိုက်သောသက်ရောက်မှုများရှိနိုင်သည်။ အဆက်အသွယ်ကောင်းသော စီးပွားရေးလုပ်ငန်းသည် ဈေးကွက်ကို ထိန်းချုပ်ကာ တစ်ဦးတည်း လက်ဝါးကြီးအုပ်ခွင့်ရသွားပြီး အရည်အသွေးညံ့ပြီး ဈေးကြီးသော ကုန်ပစ္စည်းများ ထွက်ပေါ်လာနိုင်သည်။ စီးပွားရေးယှဉ်ပြိုင်မှုတွင် အကန့်အသတ်များ ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ယှဉ်ပြိုင်မှု ဥပဒေ (၂၀၁၅) တွင် တိကျစွာ ဖော်ပြထားပြီး တရားဥပဒေနှင့် မညီကြောင်း ကြေညာထားသည်။

၅။ အုပ်ချုပ်ရေးဆိုင်ရာ ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများဖြင့် ဘက်လိုက်ခြင်း (%)

အခွင့်ထူးများ နှင့် မျက်နှာသာပေးလိုမှု အတွက် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တိကျပြတ်သားစွာ သတ်မှတ်ပေး မထားခြင်းသည် ဘက်လိုက်မှု တစ်ခုတည်းကို

တိုက်ရိုက်တိုင်းတာ နိုင်ရုံမျှမက အခွင့်အရေးမရသော လုပ်ငန်းများကို ထိခိုက်စေခြင်းလည်း ဖြစ်စေသည်။ အဆက်အသွယ် မရှိသော စီးပွားရေးလုပ်ငန်းများသည် ဆိုးကျိုးအနေဖြင့် နှောင့်နှေးပြီး အချိန်ကြန့်ကြာသော ရုံးလုပ်ထုံးလုပ်နည်းများနှင့် တွေ့ကြုံကြရသည်။ ၎င်းတို့၏ အချိန်နှင့် အားစိုက်ထုတ်မှုအပြင် အရင်းမြစ်များကိုပါရုံးလုပ်ငန်းပိုင်းတွင် မတန်တဆ အသုံးပြုလိုက်ကြရသည့်အတွက် အမြတ်နည်းပါးပြီး ယှဉ်ပြိုင်ရန် အနေအထား မညီမမျှဖြစ်နေသည့် အခိုက် မျက်နှာသာပေးခံရသော လုပ်ငန်းများမှာမူ ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများအတွက် အချိန်ပိုမိုရရှိလာကြပြီး မမျှတမှု ဖြစ်စေသောကြောင့် တရားမျှတမှုမရှိသော စီးပွားရေး ကစားကွင်းသစ် တစ်ခုကို ဖန်တီးပေးသကဲ့သို့ ဖြစ်လာသည်။ (Fisman, 2001; Li et al., 2008)။

၆။ အစိုးရဌာန ပစ္စည်းဝယ်ယူရေးစာချုပ်များတွင် ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း (%)

အစိုးရ၏ပစ္စည်းဝယ်ယူရေးလုပ်ငန်း၌ အထူးအခွင့်အရေးများ ရရှိခြင်းနှင့် မျက်နှာလိုက်ခြင်းတို့သည် ယှဉ်ပြိုင်မှုမူဝါဒဆိုင်ရာ ဘက်လိုက်မှုအပေါ် တိုက်ရိုက်တိုင်းတာခြင်းတစ်ခုဖြစ်ပြီး စီးပွားရေးလောက တစ်ခု၏ဈေးကွက်ပုံစံအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သည် (Hellman, 1999; Stigler, 1957)။ မျက်နှာသာပေးခံရသည့် လုပ်ငန်းများထံ အစိုးရကန်ထရိုက်များ အလွယ်တကူရရှိပြီး ဖြစ်သွားပါက ယင်းကန်ထရိုက်များသည် ထိရောက်မှုနှင့် ဖန်တီးမှုစွမ်းအားမရှိသော လုပ်ငန်းများ လက်ထဲသို့သာ ရောက်ရှိသွားခြင်းဖြစ်၏။ ရလဒ်အနေဖြင့် အဆက်အသွယ်မရှိသော်လည်း ထိရောက်မှုပိုမိုအားကောင်းပြီး အကျိုးဖြစ်ထွန်းသည့် လုပ်ငန်းများနစ်နာရလေသည်။ ဤသို့ဖြင့် စီးပွားရေးလောက၏ အရည်အသွေးပေါ် ထိခိုက်မှုများဖြစ်စေပြီး အဆုံးတွင် စားသုံးသူများ၏ ဖူလုံရေးကို ထိခိုက်စေတော့သည်။

၇။ သတင်းအချက်အလက် ရယူခွင့်ဆိုင်ရာ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း (%)

အကယ်၍ အဆက်အသွယ်ကောင်းပြီး ဦးစားပေးခံရသော



လုပ်ငန်းစုများထံသာ သတင်းအချက်အလက်အများစု ရောက်ရှိနေပါက အဆိုပါ လုပ်ငန်းများသည် မျှတမှုမရှိစွာ စျေးကွက်အားသာချက် ရရှိနေခြင်း ဖြစ်ပြီး စျေးကွက်တွင်း အရည်အသွေးညံ့သော ထွက်ကုန်များသာ ပေါ်ထွက်လာနိုင်သည်။ အကျိုးဆက်အနေဖြင့် ဖန်တီးမှုအားကောင်းပြီး ကြီးထွားရန် အလားအလာရှိသည့် လုပ်ငန်းများ နေရာတွင် ထိရောက်မှု အားနည်းပြီး စျေးကစားမည့် လုပ်ငန်းများသာ ဆက်လက်နေရာယူထားကြလိမ့်မည် (Fisman, 2001; Xu et al., 2013)။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ ခုနှစ်တွင် ဤယှဉ်ပြိုင်မှုတွင်ဘက်လိုက်ခြင်း အညွှန်းကိန်းခွဲ နှင့်စပ်လျဉ်းသည့်အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန် ညွှန်ကိန်းအသစ် ၁ ခု ကို ထပ်မံထည့်သွင်းခဲ့ပါသည်။

၈ ။ အခြားအခွင့်ထူးများနှင့် ဘက်လိုက်ခြင်း (%)

ဤညွှန်ကိန်းသည် ခိုင်မာသော အဆက်အသွယ်ရှိ စီးပွားရေး လုပ်ငန်းများသည် အထက်တွင်ဖော်ပြခဲ့သည့် နည်းလမ်းများမဟုတ်ဘဲ အခြားနည်းလမ်းများဖြင့် မျက်နှာသာပေးသော အခွင့်အလမ်းများ ရရှိကြသည် ဟုယုံကြည်သော လုပ်ငန်းစုများ၏ ဝေစုကိုတိုင်းတာသည်။ ဤအကြောင်းကို သဘောတူသော လုပ်ငန်းစုများ၏ အချိုးအစားများလေ အညွှန်းကိန်းခွဲ ရမှတ်နိမ့်လေဖြစ်သည်။ ဤညွှန်ကိန်းသည် အချို့သော စီးပွားရေးလုပ်ငန်းများအတွက် အထက်ဖော်ပြပါ အမျိုးအစားများတွင် အကျုံးမဝင် ထူးကဲစွာဖြစ်နေသည့် အခွင့်ထူးခံအမျိုးအစားများအတွက် ထည့်သွင်းထားသည့် အကြောင်းအရာတစ်ခု အဖြစ် ပါဝင်သည်။ သဘောတရား အနက်ဖွင့်မှုမှာ အတူတူပင် ဖြစ်ပါသည်။ ပထမအချက် အနေဖြင့်-အရင်းအမြစ်များကို ထုတ်လုပ်မှုရှိသော လုပ်ငန်းစုများထံ မရောက်ဘဲ ရရာနည်းဖြင့် အမြတ်ရှာကြသူများ အတွက် လွဲမှားစွာခွဲဝေ ချထားခြင်းကို ဆိုလိုသည်။ ဒုတိယ အချက်အနေဖြင့်-လုပ်ငန်းစုများ၏ အချိန်နှင့်အားထုတ်မှုကို အကျိုးဖြစ်ထွန်းသော လှုပ်ရှားမှုမှ လမ်းကြောင်းပြောင်းလိုက်ပြီး သူ့အပေါ်ရှိနေသော ဘက်လိုက်မှုများကို ကျော်လွှားရန် ဦးတည်သည်။ တတိယအချက်မှာ- ပိုမိုကောင်းမွန်သော ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် လုပ်ငန်းစုများထံမှ သုံးစွဲသူများကဝယ်မရဘဲ ထုတ်လုပ်မှုအတွက် ကုန်ကြမ်း ငြင်းပယ်ခြင်းခံရပြီး ချိတ်ဆက်မှုရှိသော်လည်း အရည်အသွေး မရှိသော လုပ်ငန်းစုများထံမှ ဝယ်ယူရသောကြောင့် သုံးစွဲသူများကိုထိခိုက်စေသည်။

ဇယား ၄.၇ ။

ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်းဆိုင်ရာ အညွှန်းကိန်းခွဲနှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

၂၀၁၈ နှင့် ၂၀၂၀ MBEI တွင် စုဆောင်းထားသည့် အဓိက ညွှန်ကိန်းများ					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
ယှဉ်ပြိုင်မှုတွင်ဘက်လိုက်ခြင်း ဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇.၈၈ ၉.၁၄ ၉.၆၉	၈.၄၄ ၉.၅၀ ၉.၉၉ -၀.၁၆	၇.၈၄ ၉.၇၁ ၉.၉၆ ၀.၈၂
စစ်တမ်းညွှန်းကိန်းများ	တိုင်းတာပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇.၈၈ ၉.၁၄ ၉.၆၉	၈.၄၄ ၉.၅၀ ၉.၉၉ -၀.၁၆	၇.၈၄ ၉.၇၁ ၉.၉၆ ၀.၈၂
၁။ ဒေသအာဏာပိုင်များမှ ၎င်းတို့နှင့် အဆက်အသွယ်ရှိသော လုပ်ငန်းများကို ဘက်လိုက်မှု မရှိ (%)	MBEI စစ်တမ်း မေးခွန်း - Q142	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄၅.၄% ၇၄.၄% ၉၁.၄%	၇၅.၃% ၈၉.၄% ၉၉.၂% -၀.၁၇	၅၄.၃% ၉၀.၆% ၉၈.၂% ၀.၇၇

၂။ မြေယာပိုင်ဆိုင်ခွင့် ဆိုင်ရာ မျက်နှာသာပေး ဘက်လိုက်ခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q143_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၀% ၁၆.၉% ၃၃.၉%	၀.၀% ၅.၅% ၁၈.၇% ၀.၁၂	၀.၃% ၄.၁% ၂၇.၃% ၀.၆၂
၃။ ချေးငွေရယူခြင်းခံ့ မျက်နှာသာပေးဘက် လိုက်ခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q143_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၁၀.၅% ၂၇.၇%	၀.၀% ၈.၃% ၁၇.၆% -၀.၆၀	၀.၄% ၃.၉% ၂၇.၄% ၀.၇၂
၄။ ဓာတ်သတ္တုတူး ဖော်ခွင့်လိုင်စင်ဆိုင်ရာ မျက်နှာသာပေး ဘက်လိုက်ခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q143_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၁.၄% ၉.၀%	၀.၀% ၀.၅% ၁၄.၁% -၀.၀၅	၀.၀% ၁.၁% ၂၅.၀% ၀.၈၄
၅။ အုပ်ချုပ်ရေးဆိုင်ရာ ရိုးရှင်းသော လုပ်ထုံးလုပ်နည်း များဖြင့် ဘက်လိုက်ခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q143_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၄.၂% ၂၁.၅%	၀.၀% ၅.၅% ၁၉.၂% -၀.၁၁	၀.၃% ၃.၃% ၂၈.၄% ၀.၈၇
၆။ အစိုးရဌာန ပစ္စည်းဝယ်ယူရေး စာချုပ်များတွင် ဘက်လိုက်ခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q143_5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၂.၆% ၂၉.၅%	၀.၀% ၀.၅% ၁၅.၉% -၀.၁၀	၀.၀% ၁.၆% ၂၆.၇% ၀.၈၅
၇။ သတင်းအချက်အလက် ရယူခွင့်ဆိုင်ရာ ဘက်လိုက်ခြင်း (%)	MBEI စစ်တမ်း မေးခွန်း - T_Q143_6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၄% ၃.၄% ၁၃.၃%	၀.၀% ၃.၇% ၁၅.၈% ၀.၀၅	၀.၀% ၂.၅% ၂၆.၅% ၀.၈၄

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်သွင်းသည့် ညွှန်ကိန်းအသစ်များ

ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၈ ။ အခြား အခွင့်ထူးများနှင့် ဘက်လိုက်ခြင်း (%)	MBEI စစ်တမ်း မေးခွန်းလွှာ မေးခွန်း - T_Q143_7	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀% ၀.၀% ၁၁.၁%

၄.၈။ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း

သဘာဝပတ်ဝန်းကျင်အရည်အသွေးသည် စီးပွားကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်ရန်အတွက် သင့်မြတ်ကိုက်လျှင် စီးပွားရေး လုပ်ငန်းများအတွက်များစွာ အကျိုးပြုသည်။ ဤသန့်ရှင်းကျန်းမာပြီး ညစ်ညမ်းမှုကင်းသော ဝန်းကျင်လိုအပ်မှုကိစ္စသည် ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့အတွက် အရေးကြီးပါသည်။ စီးပွားရေးလုပ်ငန်းအားလုံးနှင့် နိုင်ငံသားအားလုံး မိမိတို့၌ တာဝန်ကိုယ်စီရှိရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက်သာမက နိုင်ငံသားများအတွက်ပါ မဖြစ်မနေ အရေးကြီးပါသည်။ သဘာဝပတ်ဝန်းကျင်၏ အရည်အသွေး မကောင်းမွန်ပါက လုပ်ငန်းရှိ အလုပ်သမားများနှင့် နိုင်ငံသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး လုပ်ငန်းခွင်ရှိ ထုတ်လုပ်မှုစွမ်းအားကိုလည်း လျော့နည်းစေပါသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှုသည်လည်း စိုက်ပျိုးရေး ထွက်ကုန်များ သို့မဟုတ် ခရီးသွားလာရေး ကဲ့သို့သော ဝန်ဆောင်မှုများ အစရှိသည့်လုပ်ငန်း၏ ထုတ်ကုန်များကို ထိခိုက်စေနိုင်ပါသည်။ အချို့သော စီးပွားရေးလုပ်ငန်းများမှာမူ ၎င်းတို့ဘာသာ လွတ်ထားပါက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သည့် မူဝါဒများဖြင့် လုပ်ဆောင်နိုင်ကြဖွယ် ရှိပေသည်။ သို့ဖြစ်ပါ၍ ဒေသန္တရ အစိုးရများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်းချက်ပါ စည်းမျဉ်းစည်းကမ်း အနေအထားများအတိုင်း လိုက်နာဆောင်ရွက်ကြရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစွာ ဆောင်ရွက်နိုင်ရေး ကိစ္စတွင် ကြီးစွာသော စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတစ်ခုအရ "အဖွဲ့အစည်း ယန္တရားနှင့် ဥပဒေရေးရာ ဖွဲ့စည်း ဆောင်ရွက်မှုများ၊ ကျွမ်းကျင်မှုများ၊ သဘာဝသယံဇာတ အရင်းမြစ် စီမံခန့်ခွဲမှုနှင့် ငွေကြေးထောက်ပံ့မှုအတွက် ပိုမိုကောင်းမွန်သော လုပ်ငန်းစွမ်းဆောင်ရည်ရှိရန်အလို့ငှာ ရှုထောင့်စုံလင်ပြီး ညှိနှိုင်းဆောင်ရွက်ရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဘောင်တစ်ရပ်မရှိခြင်း" သည် တိုင်းပြည်အတွက် ကြီးမားသော စိန်ခေါ်မှုများအနက်မှ တစ်ခုဖြစ်သည်ဟု ဖော်ပြထားသည် (Raitzer et al., 2015)။

ပုံ ၄.၈။
သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်းဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အညွှန်းကိန်းခွဲ-၈ ရမှတ်များ



လုပ်ငန်းစုများက ပတ်ဝန်းကျင် ညစ်ညမ်းမှုသည် သူတို့၏ စီးပွားရေးကို မထိခိုက်ကြောင်း ထင်မှတ် ယုံကြည်ကြသည်။ ထို့ပြင်လက်ရှိပတ်ဝန်းကျင်အခြေအနေသည်သာမန်အခြေအနေမျှသာရှိ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို အစိုးရက ပံ့ပိုးကူညီပေးရန် လိုအပ်နေသေးသည် ဟူ၍လည်း မှတ်ယူကြသည်။ လက်ရှိ ပတ်ဝန်းကျင်ညစ်ညမ်းမှု အခြေအနေသည် လုပ်ငန်းစုများ၏ စီးပွားရေးအလားအလာကို သိသိသာသာ ဆိုးကျိုးသက်ရောက်စေနိုင်သည်ဟု ပြည်နယ်တိုင်းအလိုက်ပျမ်းမျှအလယ်ကိန်းတွက်ချက်မှုအရ တိုင်းပြည်ရှိ လုပ်ငန်းစုအားလုံး၏ ၆% က ယုံကြည်ကြသည်။ သို့သော် ခြုံငုံကြည့်လျှင် သူတို့သည် ပတ်ဝန်းကျင် အရည်အသွေးနှင့် ပတ်သက်၍ ကောင်းလှသည်ဟူ၍ ထင်မြင်နေကြသည်လည်း မဟုတ်ပါ။ အလယ်အလတ်အဆင့် ပြည်နယ်/တိုင်းတွင် လုပ်ငန်းစုအားလုံး၏ ၅၇% ကသာ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးသည် ကောင်းမွန်သည်ဟု ယုံကြည်ကြသည်။ တနင်္သာရီတိုင်းဒေသကြီးသည် ဤညွှန်ကိန်းတွင် အဆိုးဆုံးဖြစ်သည်။ ထိုဒေသရှိ လုပ်ငန်းစုအားလုံး၏ ၇၀ ရာခိုင်နှုန်းကျော်သည်ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးသည်မကောင်းကြောင်း ယုံကြည်ကြသည်။ လုပ်ငန်းစု အများစုကလည်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးကို ထိခိုက်မှု မရှိစေသော ကုန်ထုတ်လုပ်မှုများနှင့် သန့်ရှင်းစိမ်းလန်းသော အရင်းအမြစ်များ မြဲမြံမှုအတွက် အစိုးရဖက်မှ အထောက်အပံ့ လိုအပ်နေသေးသည်ဟု ယုံကြည်ကြသည်။ အစိုးရသည် ပတ်ဝန်းကျင်ကို ကာကွယ်ရန် အတွက် ပုံမှန်စစ်ဆေးမှုများ ပြုလုပ်သည်ဟု မည်သည့် ပြည်နယ်/တိုင်း တစ်ခုမျှရှိ စီးပွားရေးလုပ်ငန်း ၅၀% ကျော်က ယုံကြည်ကြသည်ဟူ၍

မရှိပါ။ ထိုနည်းတူပင် စီးပွားရေး လုပ်ငန်းများကို အစိုးရက ရေချွေတာသုံးစွဲရေး လုပ်ဆောင်ရန်အတွက် ထောက်ပံ့သည်ဟု မည်သည့် ပြည်နယ်/တိုင်း တစ်ခု၏ လုပ်ငန်း ၃၀% ကမှ ယုံကြည်ကြသည်ဟူ၍ မရှိပါ။

ဤအညွှန်းကိန်းခွဲတွင်မွန်ပြည်နယ်သည် အမှတ်အမြင့်ဆုံး ရရှိပြီး ရခိုင်ပြည်နယ်သည် အနိမ့်ဆုံး ဖြစ်သည်။

ရခိုင်ပြည်နယ်သည်တိုင်းတာသည့် အညွှန်းကိန်းများအရ ညံ့ဖျင်းသည်။ လူ ၁၀၀၀၀ လျှင် အမှိုက်သိမ်းကား ၀.၁၇ စီးသာရှိပြီး၊ ပျမ်းမျှအားဖြင့် ပြည်နယ်/တိုင်း များတွင် ၀.၄၁ စီးရှိသည်။ အမှိုက်ပုံး များသည် အစိုးရ၏နယ်နိမိတ်အတွင်းရှိ စွန့်ပစ်ပစ္စည်းများနှင့် လေထုညစ်ညမ်းမှုကို စီမံခန့်ခွဲရန် အစိုးရ၏ စွမ်းရည်ကို ပြသသော ကြားခံများဖြစ်သည်။ ရခိုင်ပြည်နယ်မှ ဖြေကြားသူ ၁၁.၅% ကသာ ဒေသခံအာဏာပိုင်များသည် လေထုညစ်ညမ်းမှုကို အချိန်မီအရေးယူဆောင်ရွက်ကြောင်း ဖြေဆိုခြင်းဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံး၏ အနိမ့်ဆုံးရာခိုင်နှုန်း ဖြစ်လာသည်။ အခြားတစ်ဖက်တွင် မွန်ပြည်နယ်ရှိ လုပ်ငန်းစုများ၏ ၉၄.၄% သော အတိုင်းအတာက ဒေသန္တရအာဏာပိုင်များသည် ညစ်ညမ်းမှုကို အချိန်မီအရေးယူ လုပ်ဆောင်သည်ဟု ယုံကြည်ကြသည်။ မွန်ပြည်နယ်သည် ပြည်နယ်/တိုင်း အားလုံးတွင်ထိပ်ဆုံးမှရှိပြီး လုပ်ငန်းစု ၃၀.၃%တို့က ညစ်ညမ်းမှု လျှော့ချရေးအတွက် လုံလောက်သော ရေပံ့ပိုးမှုပေးသည်ဟုဆိုကြသည်။ (ဤအရေအတွက်သည်ပင် အကြွင်းမဲ့စံသတ်မှတ်ချက်အရ မြင့်မားခြင်းမရှိပါ)။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် အဓိက MBEI ညွှန်ကိန်းများ

ဤသဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိခြင်းအညွှန်းကိန်းခွဲတွင် ၂၀၁၈-ခုနှစ် နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ တိုင်းတာခဲ့သည့် အဓိက ညွှန်ကိန်း ၇ ခု ပါဝင်သည်။

၁။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုသည် လုပ်ငန်းစု၏ စီးပွားရေး အလားအလာအပေါ် အနည်းငယ် သို့မဟုတ် လုံးဝမထိခိုက်စေပါ (%)

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်းတစ်ခုချင်းစီတွင်လုပ်ငန်းစု၏ စီးပွားရေးအပေါ် အနည်းငယ် သို့မဟုတ် လုံးဝ မထိခိုက်ပါဟုဆိုသော လုပ်ငန်းစုများ၏ဝေစုကိုတိုင်းတာခြင်းဖြစ်ပါသည်။ ညစ်ညမ်းမှုနှင့် ညစ်ညမ်းသော ပတ်ဝန်းကျင်များသည် စီးပွားရေးလုပ်ငန်းများကို နည်းအမျိုးမျိုးဖြင့် ထိခိုက်စေနိုင်သည်။ ဥပမာ- အလုပ်သမားများအား ဖျားနာစေခြင်း သို့မဟုတ် ကုန်ထုတ်လုပ်မှုနည်းစေခြင်း၊ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို ဖယ်ထုတ်ခြင်း၊ အလုပ်သမားနှင့် အရင်းအနှီး ကဲ့သို့သော ကုန်ထုတ်လုပ်မှု သွင်းအားစုအမျိုးမျိုးအပေါ် အကျိုးသက်ရောက်ခြင်း ရှိစေပါသည် (Klassen နှင့် McLaughlin 1996)။

၂။ ယေဘုယျအားဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု အဆင့်က လက်ခံနိုင်သည့် အဆင့်တွင်ရှိ (%)

ပြည်နယ်တွင်းရှိ သဘာဝပတ်ဝန်းကျင်၏ အရည်အသွေးမှာ ပျမ်းမျှအားဖြင့် မြင့်မားသည်ဟု ယုံကြည်သည့် လုပ်ငန်းဦးရေ ပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် ဤအညွှန်းကိန်းငယ်တွင် တိုင်းတာထားပါသည်။ သဘာဝပတ်ဝန်းကျင်၏ အရည်အသွေးမှာ လူ့အဖွဲ့အစည်းအတွက် ကျယ်ကျယ်ပြန့်ပြန့် အရေးပါသလို စီးပွားရေးလုပ်ငန်းများ၏ အကျိုးအမြတ်ပေါ် တွင်လည်း သက်ရောက်မှု ရှိပါသည် (Dasgupta, 2000; Newlands, 2003)။ သဘာဝပတ်ဝန်းကျင်၏ အရည်အသွေးညံ့ဖျင်းပါက နိုင်ငံသားများ၏ လူနေမှုဘဝ အရည်အသွေးအပေါ် ဆိုးကျိုးဖြစ်စေမည့်အပြင် ကျန်းမာရေးကိုလည်း တိုက်ရိုက်ထိခိုက်စေနိုင်သည်။ အစိုးရ၏ စည်းကြပ်မှု မရှိပါက စီးပွားရေး လုပ်ငန်းများသည် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ညစ်ညမ်းမှုသည် စီးပွားရေး လုပ်ငန်းများကို တိုက်ရိုက်ထိခိုက်စေနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် အရည်အသွေးနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တို့တွင် အတိအကျ ဖော်ပြထားပါသည်။

၃။ ဒေသအာဏာပိုင်များအနေဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကိုင်တွယ်ရန် အချိန်မီ အရေးယူ ဆောင်ရွက်မှု ပြုသည် (%)

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်ပေါ်လာသည်နှင့် အာဏာပိုင်များမှ အချိန်မီအရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ကြသည်ဟု ယုံကြည်သည့် လုပ်ငန်းဦးရေပမာဏကို ပြည်နယ်/တိုင်းဒေသကြီးတစ်ခုချင်းစီအလိုက်ဤကိန်းရှင်တွင် တိုင်းတာ ထားပါသည်။ စည်းမျဉ်းစည်းကမ်းများ လက်တွေ့ အကောင်အထည်ဖော်ရာ၌ ပြည်နယ်၏ စွမ်းရည်မည်မျှ ရှိသည်ကို တိုင်းတာရာတွင် ဤအညွှန်းကိန်းငယ်မှာ လွန်စွာ အသုံးဝင်သည်။ ယင်းကဲ့သို့စွမ်းရည်သည် စီးပွားရေးလုပ်ငန်းများပေါ် ဘက်ပေါင်းစုံမှ အကျိုးသက်ရောက်စေသည်။ ဥပမာ စီးပွားရေးလုပ်ငန်းများမှ ပိုလျှံပစ္စည်းများကို စည်းကြပ်ဆောင်ရွက်နိုင်သည့် စွမ်းရည်မျိုး ပြည်နယ်တွင် ရှိပါက တစ်ဖက်သား ထိခိုက်ပျက်စီးစေတတ်သည့် လုပ်ငန်းများကို တားမြစ်နိုင်မည်ဖြစ်ပြီး စျေးကွက်တစ်ခုလုံး၏ ထုတ်လုပ်မှု စွမ်းရည်နှင့် ယှဉ်ပြိုင်မှုကို ကာကွယ်ပေးနိုင်မည် ဖြစ်သည် (Hawkins, 1984)။ ထို့အပြင်လည်းပြည်နယ်တွင်ပတ်ဝန်းကျင် ညစ်ညမ်းမှုကို စည်းကြပ်ဆောင်ရွက်နိုင်သည့် စွမ်းရည် ရှိပါက လုပ်ငန်းများအပေါ် ကောင်းကျိုးသက်ရောက်စေပြီး လုပ်သားများ၏ ထုတ်လုပ်မှု ကောင်းမွန်စေမည့်အပြင် ရင်းနှီးမြှုပ်နှံသူများကိုလည်း ဆွဲဆောင်နိုင်ပေလိမ့်မည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) ပါ အခန်း (၇) နှင့် အခန်း (၉) တို့တွင် အဆိုပါ ရည်ရွယ်ချက်ဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး

စနစ်ထားရှိ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားထားခြင်း ဖြစ်သည်။

၄။ ရေချွေတာရေးအတွက် အစိုးရက ထောက်ပံ့ကူညီမှုပေးသည် (%)

၅။ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချရေးအတွက် အစိုးရက ထောက်ပံ့ကူညီမှုပေးသည် (%)

ဤညွှန်ကိန်း ၂ ခုတွင် အစိုးရသည် ရေချွေတာရေးနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချရေးတို့အတွက် အထောက်အပံ့နှင့် အားပေးကူညီမှုများ ပြုသည်ဟုဆိုသည့် လုပ်ငန်းဦးရေပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခု ချင်းစီအလိုက် တိုင်းတာထားပါသည်။ ဤတိုင်းတာချက်မှ နေ၍လုပ်ငန်းများကို စည်းကြပ်နိုင်သည့်နောက်ကွယ်မှ အစိုးရ စွမ်းရည်နှင့် စပ်လျဉ်းသည့် ညွှန်ကိန်းတစ်ခု ရရှိလာပါသည်။ ထိုသို့ဆောင်ရွက်ခြင်းမှ ရရှိလာသည့် အကျိုးကျေးဇူး များကို ရှေ့တွင်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင်လည်း ရေချွေတာခြင်းဖြင့် လုပ်ငန်းများ၏ ကုန်ကျစရိတ်ကို လျော့ပါးစေပြီး အမြတ်အစွန်းပိုမိုရရှိစေပါသည် (Winter and May, 2001)။ အဆုံးသတ်အားဖြင့် ရေချွေတာခြင်းနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချခြင်း တို့ကြောင့် ပျမ်းမျှ သဘာဝပတ်ဝန်းကျင်အရည်အသွေးကို တိုးတက်ကောင်းမွန် စေပြီး နိုင်ငံသားများအတွက်လည်း အကျိုးဖြစ်ထွန်းစေ ပါသည်။

၆။ အစိုးရစစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန် ဖြစ်သည် (သဘောတူ%)

ဤညွှန်ကိန်းသည် စစ်ဆေးသူ၏ စည်းမျဉ်းစည်းကမ်းများ၌ ကျွမ်းကျင်မှုပေါ်လွင်ခြင်းနှင့်ရိုးသားမှုရှိခြင်းတို့နှင့်ပတ်သက်၍ လုပ်ငန်းစုများ၏ယုံကြည်မှုမည်သို့ရှိကြောင်းကို တိုင်းတာသည်။ စည်းမျဉ်းစည်းကမ်းများသည်အသက်မဝင်သို့သော်လာဘ်ယူ ရန်အကြောင်းပြုချက်မျှသာ ဖြစ်သည်ဟု လုပ်ငန်းအများစုက ယုံကြည်ကြသည် ဟု ဆိုကြပါသည်။ ဤတိုင်းတာချက်အရ လုပ်ငန်းစုများအနေဖြင့် ဒေသန္တရအာဏာပိုင်များက မြို့နယ် ပတ်ဝန်းကျင်ကို အမှန်တကယ် ထိန်းသိမ်းရန်အတွက် စစ်ဆေးမှုများကို လုပ်ဆောင်သည်ဟု မည်မျှယုံကြည်သည် ကို မှတ်တမ်းတင်သည်။

၇။ အိမ်သာသန့်ရှင်းမှု ကောင်းမွန်သည့် အိမ်ထောင်စုများ (%)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီ၏ အိမ်ထောင်စုကျန်းမာရေးသန့်ရှင်းမှုအတွက်အိမ်သာသန့်ရှင်းမှု ကောင်းမွန်သည့် အိမ်ထောင်စုများ၏ လူဦးရေးအချိုးကို တိုင်းတာသည်။ ပိုမိုကောင်းမွန်သည့်ကျန်းမာသန့်ရှင်းမှုသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု ပမာဏနှင့် တိုက်ရိုက်အချိုးကျ ဖော်ပြနိုင်သည်။ ပိုမိုကောင်းမွန်သော အိမ်သာသန့်ရှင်းမှု ရှိသည့် လူဦးရေ ရာခိုင်နှုန်း ပိုများလေ ပြည်နယ်/တိုင်း ၏ ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုရမှတ် များလေဖြစ်သည်။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ခုနှစ်တွင်ဤသဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိခြင်း အညွှန်းကိန်းခွဲနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန် ညွှန်ကိန်းအသစ် ၅ ခုကို ထပ်မံထည့်သွင်းခဲ့သည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

၈။ လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် အစိုးရမှပံ့ပိုးမှု (%)

၉။ ရေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် အစိုးရမှပံ့ပိုးမှု (%)

၁၀။ လျှပ်စစ်ဓာတ်အားချွေတာရန်အတွက် အစိုးရမှပံ့ပိုးမှု (%)

ဤညွှန်ကိန်း (၃) ခုသည်ပြည်နယ်/တိုင်းတစ်ခုစီရှိလုပ်ငန်းစု များအတွက်ပြည်နယ်/တိုင်းအစိုးရသည်ပတ်ဝန်းကျင်လေထု/ ရေထု ညစ်ညမ်းမှု နှင့် လျှပ်စစ်ဓာတ် အားချွေတာမှုများကို ထပ်မံထောက်ပံ့ ပံ့ပိုးမှုနှင့် အားပေးမှုများ ပေးသည်ဟု ဆိုသည့်ဝေစုကိုတိုင်းတာသည်။ အထောက်အပံ့ကို "လုပ်သား အင်အား၊ သတင်းအချက်အလက်၊ စည်းရုံးလှုံ့ဆော်ရေး၊ သို့မဟုတ် အခွန်မူဝါဒများ သင်တန်းပေးခြင်း၊ ဥပမာ- လုပ်ငန်းစုတစ်ခုအားအောက်ပါလုပ်ဆောင်မှုများတွင်ပါဝင်ရန် အားပေးသော ပံ့ပိုးမှုများ" ဟုကျွ နှ်ပ်တို့သတ်မှတ်ခဲ့သည်။ ဤအတိုင်းအတာသည် လုပ်ငန်းစုများကို ထိန်းညှိရန် ပြည်နယ်၏ အခြေခံစွမ်းရည်ကို အထောက်အကူပြုသော ညွှန်ကိန်းတစ်ခုပေးသည်။ စက်ရုံတစ်ခုမှ စွန့်ပစ်ပစ္စည်း များသည် ငါးမွေးမြူရေးလုပ်ငန်းများကို ပျက်စီးစေရန် အနိမ့် ပိုင်းသို့ စီးသွားသောအခါ သို့မဟုတ် ဤညစ်ညမ်းနေသော မြစ်သည် အနုံ့ဆိုးထွက်သွားသည့်အခါ ဒေသတွင်းခရီးသွား လုပ်ငန်းကို ထိခိုက်စေသကဲ့သို့ လုပ်ငန်းစုတစ်ခုမှ လေနှင့် ရေ ညစ်ညမ်းမှုသည် အခြားလုပ်ငန်းစုများအား ဆိုးကျိုး သက်ရောက်စေသည်။ လုပ်ငန်းစုတစ်ခုမှ ရေထု ညစ်ညမ်းမှု ကို လျှော့ချခြင်းသည် အခြားလုပ်ငန်းစုများအတွက် ဆိုးကျိုး များကိုပါ လျှော့ချခြင်း ဖြစ်စေနိုင်သည်။ လျှပ်စစ်ဓာတ် ချွေတာခြင်းသည် ကုန်ကျစရိတ်သက်သာခြင်းလည်း ဖြစ်လျှပ်စစ် ဝန်အား (power load) ကိုပါ လျှော့ချခြင်းဖြင့် လျှပ်စစ်ဓာတ်အား ဖြုန်းတီးမှု မဖြစ်ရုံမက မီးမလုံလောက် သော လုပ်ငန်းစုများအတွက် သွယ်ဝိုက်၍ အကျိုးပြုသည်။

၁၁။ လူတသောင်းအတွက် ရရှိနိုင်သည့် အမှိုက်ကား အရေအတွက် (#)

ဤစီမံခန့်ခွဲမှုညွှန်ကိန်းသည်မြို့နယ်တစ်ခုစီရှိလူတစ်သောင်းလျှင် ဝန်ဆောင်မှုရရှိသည့် အမှိုက်ကား အရေအတွက်ကို တိုင်းတာသည်။ ညွှန်ကိန်းကိုဖန်တီးရန် ပြည်နယ်နှင့်တိုင်းများရှိမြို့နယ်များ၏ပျမ်းမျှရမှတ်ကိုရယူသည်။ ထရပ်ကားများများပါက ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုအတွက် ပိုကောင်းသည်။ ထရပ်ကားနည်းသောကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် အချက်များကို မလိုက်နာနိုင်သဖြင့် ရမှတ်နိမ့်ကျစေသည်။ ဤညွှန်ကိန်း နောက်ကွယ်မှ ယုတ္တိဗေဒသည် ရိုးရှင်းပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်းညစ်ညမ်းမှုသည် အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်စေခြင်းနှင့် ရင်းနှီးမြှုပ်နှံလိုသူများကို ဖယ်ရှားခြင်း အားဖြင့် ဒေသဆိုင်ရာ လုပ်ငန်းစီးပွား ဖြစ်ထွန်းနိုင်မှု စွမ်းဆောင်ရည်ကို နိမ့်ကျစေသော အကျိုးသက်ရောက်ခြင်းကို ဖြစ်ပေါ်စေသည်။ အမှိုက်သရိုက် ကုန်တင်ကားများသည် အမှိုက်သရိုက်များကို သန့်ရှင်းစေခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျော့နည်းစေသည်။ လုပ်ငန်းတစ်ခုမှ ရေထု/လေထု ညစ်ညမ်းမှုသည် အခြားလုပ်ငန်းများနှင့် ရပ်ကွက်အတွင်းသို့ကူးဆက်မည်ဖြစ်သည်။ ယေဘုယျအားဖြင့် ဤညွှန်ကိန်းသည် ဒေသန္တရအစိုးရ၏ ညစ်ညမ်းမှု အမျိုးအစားတစ်ခုချင်းကို လျော့ချနိုင်သော စွမ်းဆောင်ရည်ကို တိုင်းတာသည်။

၁၂။ စီးပွားရေးအတွက် သယ်ယူပို့ဆောင်ရေးမှ ထွက်ရှိသော ကာဗွန်ပမာဏ

ဤအုပ်ချုပ်ရေးဆိုင်ရာညွှန်ကိန်းသည်မြို့နယ်တစ်ခုချင်းစီတွင် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုကို တိုက်ရိုက်တိုင်းတာသည်။ အညွှန်းကိန်းကို ထုတ်လုပ်နိုင်ရန် ပြည်နယ်/တိုင်းများရှိ မြို့နယ်အားလုံး၏ ပျမ်းမျှကို ယူထားပါသည်။ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကာဗွန်သိပ်သည်းမှုသည် GDP အချိုးအလိုက် ကာဗွန်ထုတ်လုပ်မှု (သို့) ကျပ်ထောင်ဂဏာန်းအလိုက် ကာဗွန်ပမာဏ ကီလိုဂရမ် ခန့်မှန်းချက်တစ်ခုဖြစ်ပါသည်။ ၎င်းကို မြို့နယ်တွင်း ဒီဇယ် နှင့် ရေနံ ရောင်းအားအပေါ် အခြေခံ၍ ခန့်မှန်းတွက်ချက်ခြင်းဖြစ်ပြီး ၂၀၀၆ IPCC လမ်းညွှန်ချက်ကို အခြေခံ၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပမာဏကို ပြောင်းလဲတွက်ချက်ပါသည် (Gómez et al., 2006)။ အများပြည်သူ သယ်ယူပို့ဆောင်ရေး အပါအဝင် ကောင်းမွန်စွာ စီစဉ်ထားပြီး ထိရောက်သည့် "စိမ်းလန်းသော" သယ်ယူပို့ဆောင်ရေး စနစ်ရှိသောမြို့နယ်တစ်ခုသည် အခြားသော မြို့နယ်များထက် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ပိုမိုလျော့ပါးနိုင်သည်။ စွမ်းအင်ထိရောက်သော မော်တော်ယာဉ်များရှိသောမြို့နယ်တစ်ခုသည် မော်တော်ယာဉ် အပေါ်ယံများရှိသည့် မြို့နယ် တစ်ခုထက် ကာဗွန်ထုတ်လွှတ်မှု ပိုမိုနိမ့်ကျလိမ့်မည်။ ပိုမိုမြင့်မားသော ကာဗွန်ထုတ်လွှတ်မှု ဆိုသည်မှာ လူနေမှုအဆင့်အတန်းနှင့် နှိုင်းယှဉ်ပါက ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ဆိုလိုသည်။

ဇယား ၄.၈ ။

သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်းဆိုင်ရာ အညွှန်းကိန်းခွဲနှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

၂၀၁၈ နှင့် ၂၀၂၀ MBEIs တွင် စုဆောင်းထားသည့် အဓိကညွှန်ကိန်းများ					
ညွှန်ကိန်းများ	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်းဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၃၃ ၄.၇၄ ၅.၉၉	၃.၀၇ ၅.၃၉ ၆.၂၂ ၀.၆၁	၃.၄၃ ၄.၄၄ ၅.၀၉ ၀.၈၈
စစ်တမ်းညွှန်းကိန်းများ	တိုင်းတာပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၅၀ ၁.၇၃ ၂.၂၈	၁.၆၈ ၁.၉၇ ၂.၆၀ ၀.၁၃	၁.၃၈ ၁.၇၄ ၂.၁၈ ၀.၆၅
အမာခံညွှန်းကိန်းများ	တိုင်းတာပြီး အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၈၀ ၂.၉၇ ၃.၇၉	၁.၂၂ ၃.၅၂ ၃.၈၈ ၀.၆၇	၁.၆၈ ၂.၇၈ ၃.၁၆ ၀.၉၅

၁။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုသည် လုပ်ငန်းစု၏ စီးပွားရေး အလားအလာအပေါ် အနည်းငယ် သို့မဟုတ် လုံးဝ မထိခိုက်စေပါ (%)	MBEI စစ်တမ်း မေးခွန်းများ Q116	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆၈.၂% ၈၃.၈% ၉၆.၀%	၇၈.၁% ၉၃.၀% ၁၀၀.၀% ၀.၁၃	၈၈.၀% ၉၅.၃% ၉၈.၈% ၀.၇၅
၂။ ယေဘုယျအားဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုအဆင့်က လက်ခံနိုင်သည့် အဆင့်တွင်ရှိ (%)	MBEI စစ်တမ်း မေးခွန်းများ Q114	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၉.၁% ၃၉.၃% ၈၁.၁%	၂၄.၉% ၅၂.၀% ၇၆.၁% ၀.၆၆	၂၉.၉% ၅၆.၇% ၇၆.၅% ၀.၈၄
၃။ ဒေသအာဏာပိုင်များ အနေဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကိုင်တွယ်ရန် အချိန်မီ အရေးယူ ဆောင်ရွက်မှု ပြုသည် (%)	MBEI စစ်တမ်း မေးခွန်းများ Q118	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၄၂.၁% ၁၀၀.၀%	၀.၀% ၅၁.၉% ၁၀၀.၀% ၀.၀၇	၁၁.၅% ၄၉.၃% ၉၄.၈% ၀.၇၈
၄။ ရေခြွေတာရေးအတွက် အစိုးရက ထောက်ပံ့ ကူညီမှုပေးသည် (%)	MBEI စစ်တမ်း မေးခွန်းများ 120_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၁၀.၂% ၃၇.၀%	၁.၆% ၉.၈% ၄၉.၁% ၀.၂၄	၄.၈% ၁၁.၆% ၂၉.၇% ၀.၈၁
၅။ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးချရေးအတွက် အစိုးရက ထောက်ပံ့ကူညီမှု ပေးသည် (%)	MBEI စစ်တမ်း မေးခွန်းများ 120_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၆.၉% ၂၄.၄%	၀.၈% ၁၇.၇% ၆၁.၇% ၀.၁၈	၅.၆% ၁၅.၀% ၅၇.၉% ၀.၈၅
၆။ အစိုးရစစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန် ဖြစ်သည် (သဘောတူ%)	MBEI စစ်တမ်း မေးခွန်းများ 77_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၄.၈% ၂၅.၇% ၄၄.၉%	၁၂.၀% ၂၂.၁% ၄၇.၃% -၀.၁၅	၁၁.၃% ၂၈.၅% ၄၆.၇% ၀.၆၉
၇။ အိမ်သာသန့်ရှင်းမှု ကောင်းမွန်သည့် အိမ်ထောင်စုများ (%)	အုပ်ချုပ်ရေး မှတ်တမ်း ၂၀၁၄ သန်းခေါင် စာရင်းနှင့် မြန်မာနိုင်ငံ နေထိုင်မှု အခြေ အနေများစစ်တမ်း ၂၀၁၇	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၆၁.၈% ၈၃.၆% ၉၆.၃%	၅၂.၄% ၉၃.၇% ၉၈.၀% ၀.၆၄	၅၂.၄% ၉၃.၇% ၉၈.၀% ၁.၀၀

၂၀၂၀ MBEI တွင် ထပ်မံ ထည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၈။ လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် အစိုးရမှပံ့ပိုးမှု (%)	MBEI စစ်တမ်း မေးခွန်းများ - Q120_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁.၂% ၈.၂% ၂၅.၂%

၉။ ရေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် အစိုးရမှပံ့ပိုးမှု(%)	MBEI စစ်တမ်း မေးခွန်းများ 120_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂.၅% ၁၀.၄% ၃၀.၄%
၁၀။ လျှပ်စစ်ဓာတ်အား ချေတာရန်အတွက် အစိုးရမှပံ့ပိုးမှု (%)	MBEI စစ်တမ်း မေးခွန်းများ 120_5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၄.၄% ၁၅.၁% ၄၄.၈%
၁၁။ လူတသောင်းလျှင် အမှိုက်သရိုက်ထရပ်ကား အရေအတွက် (#)	မြို့နယ်ထွေအုပ်အပေါ် အခြေခံသော တရားဝင် ထုတ်ပြန်ထားသော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၁၆ ၀.၄၁ ၁.၂၁
၁၂။ စီးပွားရေးအတွက် သယ်ယူပို့ဆောင်ရေးမှ ထုတ်လွှတ်သော ကာဗွန်ပမာဏ	MBEI မှ မြို့နယ် ထွေ/အုပ် တရားဝင် ထုတ်ပြန် ထားသော ဒေတာ အချက်အလက်များအပေါ် အခြေခံ၍ ခန့်မှန်းသည်	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀၂ ၀.၃၅ ၁.၄

၄.၉။ လုပ်သားခန့်ထားနိုင်ရေး

လုပ်သားလေ့ကျင့်ရေးနှင့် လုပ်သားခေါ်ယူစုဆောင်းရေး အစရှိသည့် အလုပ်သမားရေးရာ မူဝါဒများသည် စီးပွားရေး လုပ်ငန်းများအပေါ် အကျိုးပြုနိုင်ပါသည်။ စွမ်းရည်မြင့် လုပ်သားအင်အားစုကို အသုံးပြုနိုင်ခြင်းသည် လုပ်ငန်းကုန်ကျစရိတ်နှင့် လုပ်ငန်း၏ နောက်ဆုံးထွက်ကုန် အရည်အသွေးတို့အပေါ် သက်ရောက်မှုရှိသည်။ အလုပ်သမားရေးရာမူဝါဒများသည် စီးပွားရေးလုပ်ငန်း၏ လူသားအရင်းအနှီး အရည်အသွေးပေါ် အဆုံးစွန်၌ သက်ရောက်မှုရှိပြီး အလုပ်သမားများ၏ အရည်အချင်း မြင့်မားလေလေ၊ လုပ်ငန်း၏ထုတ်လုပ်နိုင်စွမ်း အားကောင်းလေလေဖြစ်သည်။ အလုပ်သမားများ၏ အရည်အသွေးမြင့်မားနေလျှင် လုပ်ငန်းရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက်အတွက်အကျိုးရှိသည်။ အလုပ်သမား ဈေးကွက်ကိုက်ညီမှု မရှိခြင်းက အလုပ်သမားများအတွက်ရော လုပ်ငန်းအတွက်ပါ ထိခိုက်စေသည်။ အလုပ်သမားများအနေဖြင့် ၎င်းတို့နှင့် မကိုက်ညီသည့် အလုပ်များ ရရှိသွားသည့်အခါ လုပ်အားခတိုးတက်အောင် ဆောင်ရွက်နိုင်ကြတော့မည် မဟုတ်ဘဲ လုပ်ငန်းအနေဖြင့်လည်း ထုတ်လုပ်မှုအား ကျဆင်းရုံသာမက၊ လုပ်သားလေ့ကျင့်ရေးတွင်လည်း ငွေကြေးပို၍ ကုန်ကျခံရတော့သည်။ သို့ဖြစ်ပါ၍ သင့်တင့်လျောက်ပတ်ပြီး ထိရောက်မှုရှိသော အလုပ်သမားရေးရာ မူဝါဒများသည် ကြံ့ခိုင်အားကောင်းသော စီးပွားရေး၀န်းကျင်တစ်ရပ်အတွက် အလွန်အရေးကြီးသော အစိတ်အပိုင်းဟု ဆိုနိုင်ပါသည်။ ထို့အပြင် Acemoglu နှင့် Dell (၂၀၁၀) စာတမ်းတွင် လက်တင်အမေရိကနေထိုင်သူတို့၏ တိုင်းပြည်အတွင်း လူတစ်ဦးချင်းစီ၏ ဂျီဒီပီပြောင်းလဲမှု၏ ထက်ဝက်ခန့်သည် ပညာရေးကြောင့်ဖြစ်သည် ဟုဖော်ပြထားသည်ကို ထပ်မံတွေ့ရှိရသည်။ သူတို့သည် ဤ၀င်ငွေ အကျိုးခံစားခွင့်များကို စီးပွားရေးလုပ်ငန်းများ အကြား (ပညာရေးအဆင့်အပါအ၀င်) ဘက်ပေါင်းစုံမှ တွက်ချက်ထားသော ကုန်ထုတ်လုပ်မှု (total-factor productivity - TFP) တိုးတက်မှုနှင့် ဆက်စပ်နေသည်ဟုဆိုကြ၏။

ပြိုင်ဆိုင်မှု အားကောင်းစေသော အလုပ်သမားရေးရာ မူဝါဒများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလည်ပတ်ဆောင်ရွက်နိုင်စေရန်အတွက် ချန်လှပ်ထား၍ မရသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ လုပ်သားခန့်ထားရာတွင် သက်သာလွယ်ကူမှုနှင့် အလုပ်သမားစရိတ် နည်းပါးမှုတို့ကြောင့် စီးပွားရေးလုပ်ငန်းများသည် အခြားသော အမြတ်

အစွန်းရရှိရေး လုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ကောင်းစွာပညာတတ်သော အလုပ်သမား အင်အားစုသည် စီးပွားရေးလုပ်ငန်း၏ ကုန်ထုတ်လုပ်မှုကို ပိုမိုအားကောင်းလာစေသည်။ အနည်းဆုံး အခကြေးငွေ ဥပဒေကိုမိတ်ဆက် ကျင့်သုံးလိုက်ခြင်းဖြင့် မြန်မာနိုင်ငံသည် အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှုများကို အလေးအနက်ထား ဆောင်ရွက်နေသည်ကို တွေ့နိုင်သည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၈)။ အောက်ဖော်ပြပါ စီစစ်လေ့လာမှုအရ အလုပ်သမားရေးရာ မူဝါဒပေါင်းစုံအနက် မည်သည့်ပြည်နယ်နှင့်တိုင်းများသည် မည်သည့်အပိုင်းတွင် အကောင်းဆုံး ဆောင်ရွက်နေသည်ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်နိုင်သည်။ MBEI တွင် လုပ်သားအင်အားစုဆောင်းမှုပြဿနာ အညွှန်းကိန်းခွဲသည် အရေးကြီးဆုံးကဏ္ဍတစ်ခုအဖြစ် အကျုံးဝင်သည်။

မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်စီးပွားရေးစနစ်ကို ကျင့်သုံးရာမှ ၂၀၁၁ မတိုင်ခင်အထိ စျေးကွက်စီးပွားရေးသို့ တရားဝင်အပြည့်အဝ ကူးပြောင်းရခြင်း မရှိသေးပါ။ သို့သော် ယနေ့ကမ္ဘာပေါ်တွင် အမြန်ဆုံးစီးပွားရေး တိုးတက်နေသော နိုင်ငံများအနက် နိုင်ငံတစ်ခုအနေဖြင့် ပါဝင်နေပြီးဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စျေးကွက်ထောက်ပံ့ရေး ပေါင်းစည်းမှုတွင်းသို့ အထူးသဖြင့် လုပ်သားအင်အား အခြေပြုသုံးသည့် ကုန်ထုတ်လုပ်ငန်းများ၊ (Labour Intensive Industry) ကဏ္ဍတွင် အဓိက ပါဝင်လာ၍၊ အခြားကဏ္ဍစုံ၌လည်း ထိုက်သင့်သရွေ့ ပါဝင်လာနိုင်ပြီးဖြစ်၏။ သို့သော်ကမ္ဘာလုံးဆိုင်ရာ စျေးကွက်ဖြန့်ချီရေး လုပ်ငန်းအတွင်းသို့ ပါဝင်လာနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ လက်ရှိအချိန်အနေအထားတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းလုပ်ကိုင်လိုသူများဝင်လာစေရန် သေချာစေမည့် လက်ခံနိုင်စွမ်းရည် မြှင့်တင်ပေးရန် လိုအပ်နေသေးသည်။ ထိုရင်းနှီးမြှုပ်နှံမှု အသစ်တို့ကို အကောင်းဆုံး အထိရောက်ဆုံးအသုံးပြုနိုင်ခြင်း ရှိစေရန်အတွက် ဘက်စုံ၊ ဒေသစုံမှ လူ့အရင်းအနှီးများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုကောင်းစေရန် ပြုလုပ်ဖြည့်စည်းရမည်ဖြစ်၏ (Keller 1996, Durham 2004)။ ပြည်တွင်းလုပ်ငန်းစုများသည် တိုင်းပြည်အတွင်းရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုများပေးရန် လိုအပ်သော အလုပ်သမား စွမ်းရည်ရရှိရန် ရုန်းကန်နေရဆဲ ဖြစ်သည်။ နည်းပညာနှင့် စီမံခန့်ခွဲမှု စွမ်းရည်ရှိသည့် လုပ်သားများကို ရှာဖွေရန်မှာလည်း ခက်ခဲပါသည်။

ပုံ ၄.၉။

လုပ်သားခန့်ထားရေးဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အညွှန်းကိန်းခွဲ-၉ ရမှတ်များ



မန္တလေးတိုင်းဒေသကြီးသည် အလုပ်သမားများစုဆောင်းမှုတွင် အကောင်းဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် အဆိုးရွားဆုံးဖြစ်သည်။ ဤကွာခြားချက်၏ သိသာထင်ရှားသော အပိုင်းတစ်ခုမှာ လူသား အရင်းအမြစ်၏ အရည်အသွေးကြောင့် ဖြစ်သည်။ မန္တလေးတွင်အမြင့်ဆုံး ကျောင်းအပ်နှံမှုနှုန်း သည် (၅၉) ရာခိုင်နှုန်းရှိပြီး ရှမ်းပြည်နယ်သည်အောက်ဆုံးအဆင့်တွင် ရှိပြီး (၂၉) ရာခိုင်နှုန်းသာ ရှိသည်။ တိကျသော ညွှန်းကိန်းများ အတွင်း သိသိသာသာ ကွဲပြားခြားနားမှုများလည်းရှိသည်။ ဥပမာအားဖြင့် အစိုးရ၏ အလုပ်အကိုင် ရှာဖွေရရှိရေး ဝန်ဆောင်မှုအဖွဲ့များက အလုပ်ရှာနေသူ လူ ၁၀၀၀၀ လျှင် နေရာချထားပေးနိုင်ခြင်းတွင် ပုဂ္ဂလိကကဏ္ဍ၌ အလုပ်သမား မည်မျှချပေးခြင်းရှိသည်ကို တိုင်းတာသည်။ နေပြည်တော်တွင် ၅-ယောက်နှုန်းမှ ရန်ကုန်တွင် ၃၇၃-ယောက်နှုန်းအထိ ရှိသည်။ ပုဂ္ဂလိကကဏ္ဍ၏ စီးပွားရေးလုပ်ဆောင်မှု ပမာဏသည် ဤကွဲပြားခြားနားမှုများတွင် အဓိကကျသည်။ သို့သော် အစိုးရအလုပ်အကိုင်ရရှိရေး ဝန်ဆောင်မှုအဖွဲ့၏ စွမ်းဆောင်ရည်နှင့်အရည်အချင်းသည်လည်းအရေးကြီးသည်။ ဒေသခံအလုပ်သမားများ၏ အရည်အသွေးနှင့် ပတ်သက်၍ အမြင်များ၌ မျှားစွာကွဲပြားမှုရှိသည်။ အနိမ့်ဆုံးဖြစ်သော ချင်းပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းများ၏ ၁၁.၆% ကသာ ဒေသခံလုပ်သားများသည် အရည်အသွေးမြင့်သည်ဟု ယုံကြည်ကြသည်။ အမြင့်ဆုံးဖြစ်သော ကချင်ပြည်နယ်ရှိ လုပ်ငန်းစုများ၏ ၅၄.၅% က ဒေသခံလုပ်အားသည် အရည်အသွေးမြင့်သည်ဟု ယုံကြည်ကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်သားအရည် အသွေးကွာခြားမှု

သည် အလုပ်သမားများ အလွယ်တကူ စုဆောင်းနိုင်မှုကို ကွဲပြားစေသည်။

စီးပွားရေးလုပ်ငန်းများသည် အရည်အချင်းရှိသော ဝန်ထမ်းများ ခန့်အပ်ရန် ခက်ခဲရှိသော်လည်း အလုပ်သမား အမျိုးအစားပေါ် မူတည်၍ ကွဲပြားခြားနားမှုများရှိသည်။ ဥပမာအားဖြင့် နည်းပညာပိုင်းကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို ခန့်အပ်နိုင်ရန် ခက်ခဲသည်။ အမြင့်ဆုံးစွမ်းဆောင်ရည်ရှိသည့် မကွေးတိုင်းဒေသကြီးတွင်ပင် လုပ်ငန်းစု ၄၇.၂% ကသာ ပညာရှင်များ စုဆောင်းရန် လွယ်ကူသည်ဟုဆိုသည်။ ပျမ်းမျှအလယ်ကိန်းတန်ဖိုး တွက်ချက်မှုများအရ မန္တလေးတိုင်းဒေသကြီးတွင် လုပ်ငန်းစု ၂၅.၁ ရာခိုင်နှုန်းကသာ နည်းပညာကျွမ်းကျင်သူများကို ခေါ်ယူရန်လွယ်ကူသည်ဟု ဆိုသည်။ ၎င်းက ပြည်နယ်/တိုင်း၏ ထက်ဝက်တွင် လုပ်ငန်းစုများ၏ လေးပုံသုံးပုံကျော်သည် ပညာရှင်များကို ရှာဖွေစုဆောင်းရန် အခက်အခဲရှိသည်ဟု ဖော်ပြသည်။ အံ့အားသင့်စရာကောင်းသည်မှာ စွမ်းရည်မြင့်သော အလုပ်နေရာများအတွက် လုပ်သားစုဆောင်းရန် ပျမ်းမျှအားဖြင့် လွယ်ကူနေပုံရ၏။ အလယ်ကိန်းတန်ဖိုး တွက်ချက်မှုနှင့် တူညီသော ပြည်နယ်/တိုင်း ရှိ လုပ်ငန်းစုများ၏ ၄၆.၇% သည် စာရင်းကိုင်များရှာဖွေရန် လွယ်ကူသော်လည်း ၄၈% တို့အတွက် ကြီးကြပ်သူများရှာဖွေရန် လုပ်ငန်းစုများ၏ ၄၄.၈% သာ လွယ်ကူသည်ဟု ဆိုကြခြင်းဖြစ်သည်။ ဤကိန်းဂဏန်းများသည် နည်းပညာကျွမ်းကျင်သူများကို ခန့်ထားခြင်း ထက်သာလွန်ကောင်းမွန်သော်လည်း စုဆောင်းမှုတွင် အခက်အခဲများစွာ ရှိသေးသည် ကိုသတိပြုသင့်ပါသည်။ ဖြစ်နိုင်ခြေရှိသော ရှင်းပြချက်မှာ လူများစု၏ ပညာရေးအဆင့် နိမ့်ကျနေခြင်းကြောင့် ဖြစ်နိုင်သည်။ အလယ်ကိန်းတန်ဖိုး တွက်ချက်မှုနှင့်တူညီသော ပြည်နယ်/တိုင်းရှိ ဒေသများ၌ မူလတန်းကျောင်း အပ်နှံမှုမှာ ၉၄.၉% ရှိသော်လည်း အထက်တန်းကျောင်း အပ်နှံမှု၏ ၄၁% မျှသို့ ကျဆင်းသွားသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် အဓိက MBEI ညွှန်ကိန်း

ဤလုပ်သားခန့်ထားရေးဆိုင်ရာ အညွှန်းကိန်းခွဲတွင် ၂၀၁၈-ခုနှစ်နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ တိုင်းတာခဲ့သည့် အဓိက ညွှန်ကိန်း ၇ ခု ပါဝင်သည်။

၁။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - အခြေခံကာယလုပ်သား (%)

၂။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - နည်းပညာရှင်များ (%)

၃။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - စာရင်းကိုင်များ (%)

၄။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - ကြီးကြပ်သူများ (%)

၅။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - မန်နေဂျာများ (%)

ဤညွှန်ကိန်း ၅ခုသည် ဝန်ထမ်းအမျိုးမျိုး (အခြေခံလုပ်သားများ၊ နည်းပညာရှင်များ၊ စာရင်းကိုင်များ၊ ကြီးကြပ်ရေးမှူးများနှင့် မန်နေဂျာများ) တို့ကို ခေါ်ယူရန် လွယ်ကူသည်ဟု ဖော်ပြသော ပြည်နယ်/တိုင်း တစ်ခုစီရှိလုပ်ငန်းစုများ၏ ရာခိုင်နှုန်းကို ပြသခြင်းဖြစ်သည်။ ဤသည်ကား လုပ်ငန်းစုများအတွက်လည်း တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် နည်းတူ ပြည်နယ်/တိုင်းတို့က ချမှတ်ထားသည့် အခြေခံအလုပ်သမားရေးရာ အစီအမံ၊ မူဝါဒများ၏ အကျိုးကျေးဇူးများကိုလည်း ပေါ်လွင်စေသည်။ အလုပ်သမားစုဆောင်းမှုတွင် အခက်အခဲများကြောင့် လုပ်ငန်းစုအတွက် ကုန်ကျစရိတ်များပြားလာခြင်းနှင့် အမြတ်အစွန်းကျဆင်းခြင်းဖြစ်ပေါ်စေရုံမျှမက လုပ်သားဈေးကွက်တွင် အလုပ်သမားများသည် ၎င်းတို့နှင့်မသင့်တော်သော အလုပ်များဖြင့် အဆုံးသတ်ရခြင်းဖြစ်သည့်အခါ လုပ်သားနှင့် လုပ်ငန်းရှင် အကြား ပြဿနာများဖြစ်ခြင်းနှင့် လုပ်ငန်းစုများအတွက် အမြတ်အစွန်း လျော့နည်းခြင်းလည်း ဖြစ်ပေါ်စေသည် (Blanchflower et al. 1996, Ponte 2000)။ အလုပ်သမားစုဆောင်းမှု အခက်အခဲရှိခြင်းသည် အလုပ်သမားမူဝါဒများကြောင့် ဈေးကွက်အတွင်း အားနည်းမှုများ ဖြစ်ပေါ်စေသည်ဟု ဆိုလိုနိုင်သည်။ ဥပမာအားဖြင့် ၄ားရမ်းခြင်းအပေါ် အလွန်အကျွံတင်းကြပ်သော စည်းမျဉ်းစည်းကမ်းများ (ခွဲတမ်း၊ အသက်ကန့်သတ်၊ အလုပ်သမား စာချုပ်များ အပေါ် တင်းကျပ်သော စည်းကမ်းချက်များ) ကို သတ်မှတ်ခြင်းကြောင့် လုပ်ငန်းရှင်များ၏ အလုပ်သမားများ ၄ားရမ်းခြင်း စွမ်းဆောင်ရည်ကို ထိခိုက်၍ လုပ်ငန်းစုများအတွက် အကောင်းဆုံး အလုပ်သမားများ ရွေးချယ်ခြင်း၌ အခက်အခဲ ဖြစ်စေရုံမက အဆင့်အတန်းရှိ ထုတ်ကုန်ပစ္စည်းများလည်း ထုတ်လုပ်နိုင်ခြင်းမရှိတော့ပါ။

၆။ မူလတန်းကျောင်းအပ်နှံမှု နှုန်း (%)

၇။ အလယ်တန်းကျောင်းအပ်နှံမှု နှုန်း (%)

ဤညွှန်ကိန်းနှစ်ခုသည် ပြည်နယ်/တိုင်း တစ်ခုစီရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများသို့ တက်ရောက်ကြသော မူလတန်းနှင့် အလယ်တန်း အရွယ်ကျောင်းသားများ လူဦးရေ အချိုးအသီးသီး ကိုတိုင်းတာပါသည်။ ဤညွှန်ကိန်းများသည် "ပညာရေးသည်လူ့အရင်းအနှီး၏ အရည်အသွေးကို ပြသသောကြားခံ တစ်ရပ်ဖြစ်သည်" ကို အသိအမှတ်ပြု၍ ပြည်နယ်အတွင်းရှိ လူသားအရင်းအနှီး၏ အရည်အသွေးကို တိုင်းတာခြင်းဖြစ်သည်။ ညွှန်ကိန်းနှစ်ခုစလုံး အပေါ် ရာခိုင်နှုန်း ပိုမိုမြင့်မားလေ၊ အလုပ်သမားစုဆောင်းမှု ကဏ္ဍခွဲတွင်

ပြည်နယ်/တိုင်း တစ်ခုစီ၏ ရမှတ် ပိုမို ကောင်းမွန်လေဖြစ်သည်။ ဤညွှန်ကိန်းများသည် ပညာရေးပေါ်လစီများကို အလုပ်သမားပေါ်လစီများ၏ ဖြည့်ဖက်အခြေခံတစ်ခုအဖြစ် ရှုမြင်သုံးသပ်သောကြောင့် ပညာရေးပေါ်လစီ၏အရည်အသွေး မြင့်မားလျှင် လူ့အရင်းအနှီးသို့ ဦးတည်သည့်အတွက် ဤအတိုင်းအတာကို တိုင်းတာသည်။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ ခုနှစ်တွင် ဤ လုပ်သားခန့်ထားရေး အညွှန်းကိန်းခွဲ နှင့်စပ်လျဉ်းသည့် အတွေ့အကြုံများ ကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန်ညွှန်ကိန်းအသစ်(၅)ခုကို ထပ်မံထည့်သွင်းခဲ့သည်။ ယင်းတို့မှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည် -

၈။ စီးပွားရေးလုပ်ငန်းများ လုပ်သားသစ်ကို လေ့ကျင့်သင်ကြားရန် လိုအပ်သည် (%)

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်းတစ်ခုစီရှိလုပ်ငန်းစုများ၏ ဝန်ထမ်းအသစ်များကို ၄ားရမ်းပြီးနောက် လေ့ကျင့်ပေးရန် လိုအပ်သည့် လုပ်ငန်းစုများ၏ဝေစုကို တိုင်းတာသည်။ ဝန်ထမ်းများကို လေ့ကျင့် သင်ကြားပေးရမည့် ပြည်နယ်/တိုင်း တစ်ခုစီအတွင်းရှိ လေ့ကျင့်ပေးရန် လိုအပ်သည့် လုပ်ငန်းစုများ ပို၍များလေ အလုပ်ခန့်အပ်မှုနှုန်း ညွှန်ကိန်းရမှတ်နိမ့်လေဖြစ်သည်။ ဝန်ထမ်းများကို လေ့ကျင့်ပေးရန် လိုအပ်သည်မှာ လုံလောက်သော ကျွမ်းကျင်လုပ်သားများ မရှိခြင်းကို ပြသခြင်းဖြစ်သည်။ အကောင်းဆုံးမှာ ဝန်ထမ်းတစ်ဦးသည် အလုပ်ဝင်ရောက်ပြီးလျှင် စိတ်ကျေနပ်ဖွယ်ကောင်းသော အဆင့်တွင် အလုပ်လုပ်နိုင်သည်။ လေ့ကျင့်ရေးတွင် အချိန်ပိုပေးရန် လိုအပ်ခြင်းက ဝန်ထမ်းအသစ်များသည် သူတို့၏ အလုပ်ကို လုပ်ရန်စွမ်းရည် လုံလောက်မှုမရှိသေးကြောင်း ပြသသည်။ အလုပ်ခွင်သင်တန်းသည် ကောင်းသည့်အရာတစ်ခုဖြစ်သည်။ ညံ့ဖျင်းသော အထွေထွေ ပညာရေးအတွက် အစားထိုးသည့်အနေဖြင့် လုပ်ငန်းခွင် လေ့ကျင့်ရေးအတွက် သုံးစွဲရသည့် အရင်းအမြစ်များကို ကျွန်ုပ်တို့အဓိကစိုးရိမ်သည်။ ကျောင်းများ၌ ပိုမိုကောင်းမွန်သော ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ရှိခြင်းအားဖြင့် ဤကိစ္စကို ဖြေရှင်းနိုင်သည်။ လုပ်ငန်းစုများ ရင်ဆိုင်ရဖွယ်ရှိသော အဓိကပြဿနာတစ်ခုမှာ သင်တန်းများတက်ပြီးနောက် အလုပ်သမားများသည် အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့ခြင်းများဖြစ်ပေါ်လာနိုင်၍ အစိုးရက ကြားဝင် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်မှု ဖြစ်ပေါ်နိုင်သည်။

၉။ ဒေသတွင်းလုပ်သားများ၏ အရည်အသွေးသည် လုပ်ငန်းစုလိုအပ်ချက်များကိုမီသည် (%)

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်းတစ်ခုစီရှိလုပ်ငန်းစုများက ဒေသခံအလုပ်သမားများ၏ အရည်အသွေးသည် လိုအပ်ချက်များနှင့် ကိုက်ညီသည်ဟုဆိုသော လုပ်ငန်းစုများ၏ ဝေစုကို တိုင်းတာသည်။ ၎င်းသည် လူ့အရင်းအမြစ်နှင့် လုပ်ငန်းစု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် လုပ်သားစွမ်းရည်ကို တိုက်ရိုက်တိုင်းတာသည်။ အကယ်၍ အလုပ်သမားများသည် အရည်အသွေးနိမ့်လျှင် သို့မဟုတ် လုပ်ငန်းစု၏ လိုအပ်ချက်များနှင့် မကိုက်ညီပါက လုပ်ငန်းစုများသည် ထိုလုပ်သားများကို ပိုမိုအကျိုးဖြစ်ထွန်းသော လုပ်ဆောင်မှုများမှ အရင်းအမြစ်များကိုရယူ၍ လေ့ကျင့်သင်ကြားပေးရခြင်း အတွက် ထုတ်ကုန်အတွက်သုံးရမည့် အချိန်နှင့်ငွေများ မျှဝေသုံးစွဲရန် လိုအပ်လာလိမ့်မည်။ ဤအချက်သည် အလုပ်သမားစျေးကွက်တွင် စွမ်းဆောင်ရည် နိမ့်ကျခြင်းကိုဆိုလိုသည်။ အလုပ်သမားများကို ၎င်း တို့၏ အရည်အချင်းနှင့် မသင့်လျော်သည့် လုပ်ငန်းစုများက ၄ားရမ်းခြင်း ခံရနိုင်သည်။ အစိုးရအနေဖြင့် ဤပြဿနာကို အလုပ်သမားများအား အလုပ်အကိုင်နှင့် ပိုမိုကိုက်ညီစေရန် အလုပ်အကိုင်ရရှိရေးဝန်ဆောင်မှုအဖွဲ့ကို အသုံးပြုခြင်းအားဖြင့် ဖြေရှင်းနိုင်သည်။

၁၀။ ဝန်ထမ်းများ ၄ားရမ်းပြီးနောက် အလုပ်မလုပ်မီ ကြာသောရက် အရေအတွက် (#)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုစီအတွက် ဝန်ထမ်းများကို ၄ားရမ်းပြီးနောက် အလုပ်ကိုအမှန်တကယ် ဝင်ရောက်မလုပ်ဆောင်မီ ကြာသောကြားကာလရက်ပေါင်းကို တိုင်းတာသည်။ ဝန်ထမ်းတစ်ဦးအနေဖြင့် အမှန်တကယ် အလုပ်ထဲဝင်လုပ်ရန် အချိန်ပိုမိုကြာလေ လုပ်ငန်းက သူတို့ အားလေ့ကျင့်ရေး အပေါ် သိသိသာသာ အားထုတ်နေရ၍ လုပ်ငန်းစု၏ အရင်းအမြစ်များကို ဖြုန်းတီးနေရသော အဖြစ်သို့ရောက်၏။ ထို့အပြင် ဤကျွမ်းကျင်မှုနိမ့်ဝန်ထမ်း အလုပ်သမားများ၏ ကုန်ချောထုတ်စွမ်းရည်နိမ့်ကျသည့် အလျောက် ထွက်ကုန်အရည်အသွေးသည်လည်း ကျဆင်းသွားစေမည်ဖြစ်ရာ လုပ်ငန်းစု၏ဂုဏ်သတင်းကို ပျက်စီးစေခြင်းဖြင့် အရည်အသွေးသင့်စျေးနှုန်းများ သို့မဟုတ် အရည်အသွေးနိမ့်ထုတ်ကုန်အနေဖြင့် ရောင်းချရန် အတင်းအကျပ်ဖန်တီးသွားစေနိုင်သည်။ ယခင်ကိစ္စရပ်များနည်းတူ ဤအချက်သည် အလုပ်သမားကို မှားယွင်းစွာ နေရာခွဲဝေချထားပေးခြင်းကြောင့်ဖြစ်လာသည့် အထွေထွေပြဿနာ ဟုဆိုနိုင်ပါသည်။ အလုပ်သမားများသည် သူတို့၏ကျွမ်းကျင်မှုနှင့် ကိုက်ညီသောနေရာအတွက် လုပ်ငန်းစုများထံမှ ၄ားရမ်းခြင်း မခံရသည့် အဖြစ်မျိုးဖြစ်သည်။ အစိုးရအနေဖြင့် အလုပ်သမားရှာဖွေရေးဌာနကို ပိုမိုကောင်းမွန်စွာ အသုံးချပြီး ပုဂ္ဂလိကကဏ္ဍ၏ မြင့်မားသော လိုအပ်ချက်များနှင့်အညီ ကျွမ်းကျင်မှုများအတွက်အထူးအစီအစဉ်များပြုလုပ်ပေးခြင်းဖြင့် ဤပြဿနာများကို ဖြေရှင်းနိုင်သည်။

၁၁။ အထက်တန်းကျောင်းများ၌ ကျောင်းအပ်နှံမှုနှုန်းထား (%)

ဤညွှန်ကိန်းသည်အထက်တန်းကျောင်းများ၌ကျောင်းတက်ရန် စာရင်းသွင်းထားသည့် ပြည်နယ်/တိုင်း များရှိအထက်တန်းကျောင်းသူကျောင်းသား လူဦးရေအချိုးကိုတိုင်းတာသည်။ ဤအညွှန်းကိန်းသည် "ပညာရေးသည် လူ့အရင်းအနှီး၏ ကြားခံဖြစ်သည်" ဟူသောအမြင်ဖြင့် တိုင်းတာသော ပြည်နယ်/ တိုင်း အတွင်းရှိ လူသားအရင်းအနှီး၏ အရည်အသွေးကို တိုင်းတာသည်။ ဤအညွှန်းကိန်းတွင် ရာခိုင်နှုန်းပိုမိုမြင့်မားလေလေ အလုပ်သမားစုဆောင်းမှု ကဏ္ဍာခွဲတွင် ပြည်နယ်/တိုင်းက ပိုမိုကောင်းမွန်မြင့်မားလေလေဖြစ်သည်။ ဤအညွှန်းကိန်းသည် ပညာရေးမူဝါဒအား အလုပ်သမားပေါ်လစီတစ်ခုအဖြစ် သတ်မှတ်ပြီး ပညာတတ်ပိုမိုများပြားခြင်းသည် အရည်အသွေးမြင့်မားသော လူသားအရင်းအနှီးကို ရရှိစေသည်ဟုယူဆသည်။

၁၂။ အလုပ်သမားရုံး၏ လူ ၁၀၀၀၀ လျှင် အလုပ်ပေးနိုင်သည့် ပမာဏ (#)

ဤညွှန်ကိန်းသည် မြို့နယ်တစ်ခုရှိ အလုပ်သမားနေရာချထားရေး ရုံးများမှ လူ ၁၀၀၀၀ လျှင် ပုဂ္ဂလိက ကဏ္ဍတွင် အလုပ်နေရာချထားပေးနိုင်သည့် အရေအတွက်ကိုတိုင်းတာသည်။ ပြည်နယ်/တိုင်း ရမှတ်သည် ပြည်နယ်/ တိုင်း များအတွင်းရှိမြို့နယ်အားလုံး၏ပျမ်းမျှရမှတ်ဖြစ်သည်။ အလုပ်အကိုင်ရရှိရေး ဝန်ဆောင်မှုအဖွဲ့ အလုပ်သမားရှာဖွေရေးရုံးများကို အသုံးပြုခြင်းအားဖြင့် လစ်လပ်နေသော အလုပ်နေရာများကို ကြော်ငြာနိုင်သည်။ အလုပ်အကိုင်ရှာဖွေသူများသည် ဤရုံးတွင် မှတ်ပုံတင်နိုင်သည်။ ထို့နောက်၎င်းသည် ၎င်းတို့ကို ဖြစ်နိုင်ချေရှိသော အလုပ်ရှင်များနှင့် ဆက်သွယ်ပေးနိုင်သည်။ ထိုရုံးများသည် အလုပ်ရှင်နှင့် ဝန်ထမ်းများအကြား ပဋိပက္ခများကိုလည်း ဖြေရှင်းရန် ကူညီနိုင်သည်။ ဤညွှန်ကိန်းသည် အစိုးရရုံးများက လူအများကို အလုပ်အကိုင်များ ပေးနိုင်ရန် စွမ်းရည်ကို တိုက်ရိုက်တိုင်းတာသည်။ ဤရုံး၏ (အလုပ်သမားရှာဖွေ နေရာချထားရေးရုံးကို ဆိုလိုသည်) အခြင်းပွားမှုများ ဖြေရှင်းနိုင်မှု စွမ်းရည်ကို (အလုပ်သမားရှာဖွေ နေရာချထားနိုင်စွမ်းကောင်းလျှင် ဖြေရှင်းနိုင်စွမ်းလည်း ကောင်းနိုင်အံ့ဟူသောသဘောဖြင့်) တိုင်းတာရန် သွယ်ဝိုက်၍ သုံးစွဲနိုင်သည်။

ဇယား ၄.၉ ။

လုပ်သားခန့်ထားနိုင်မှုဆိုင်ရာ အညွှန်းကိန်းခွဲနှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

၂၀၁၈ နှင့် ၂၀၂၀ MBEI က စုဆောင်းထားသော အဓိက ညွှန်ကိန်းများ					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
လုပ်သားခန့်ထားရေးဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄.၂၉ ၅.၂၂ ၆.၁၃	၅.၆၂ ၆.၂၃ ၇.၁၆ ၀.၃၆	၃.၀၇ ၄.၅၄ ၅.၉၇ ၀.၆၆
စစ်တမ်း ညွှန်ကိန်းများ	တိုင်းတာပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁.၅၀ ၂.၃၀ ၃.၂၈	၂.၂၀ ၂.၈၇ ၃.၇၁ ၀.၁၈	၂.၀၅ ၂.၅၄ ၃.၂၀ ၀.၃၆
အမာခံ ညွှန်ကိန်းများ	တိုင်းတာပြီး အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂.၁၈ ၂.၉၂ ၃.၄၃	၂.၈၀ ၃.၅၈ ၃.၉၇ ၀.၅၉	၀.၅၄ ၂.၁၂ ၃.၀၆ ၀.၉၈
၁။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - အခြေခံကာယလုပ်သား (%)	MBEI စစ်တမ်း မေးခွန်း - _ Q60_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၂၂.၉% ၃၇.၄% ၅၃.၄%	၂၉.၈% ၄၃.၀% ၆၀.၉% ၀.၅၁	၂၉.၆% ၄၈.၀% ၅၅.၃% ၀.၇၅

၂။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - နည်းပညာရှင်များ (%)	MBEI စစ်တမ်း မေးခွန်း - _ Q60_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅.၂% ၂၀.၃% ၃၄.၆%	၀.၀% ၂၆.၉% ၄၉.၄% -၀.၁၇	၆.၈% ၂၅.၁% ၄၇.၂% ၀.၆၀
၃။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - စာရင်းကိုင်များ (%)	MBEI စစ်တမ်း မေးခွန်း - _ Q60_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၇.၁% ၃၈.၃% ၆၂.၁%	၃၀.၁% ၄၇.၈% ၇၇.၈% ၀.၀၅	၂၆.၉% ၄၆.၇% ၆၈.၆% ၀.၅၀
၄။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - ကြီးကြပ်သူများ (%)	MBEI စစ်တမ်း မေးခွန်း - _ Q60_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၄.၇% ၃၂.၃% ၅၇.၂%	၀.၀% ၄၄.၈% ၆၁.၅% -၀.၁၇	၂၁.၃% ၄၄.၈% ၆၁.၀% ၀.၇၃
၅။ အလုပ်သမား ခေါ်ယူရလွယ်ကူမှု - မန်နေဂျာများ (%)	MBEI စစ်တမ်း မေးခွန်း - _ Q60_5	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၂၉.၉% ၅၂.၃%	၀.၀% ၄၀.၄% ၅၁.၉% ၀.၄၃	၁၉.၈% ၄၁.၃% ၅၄.၂% ၀.၄၆
၆။ မူလတန်းကျောင်း အပ်နှံမှု နှုန်း (%)	တရားဝင် ထုတ်ပြန် ထားသော ဒေတာ မြန်မာနေထိုင်မှု အခြေအနေများ စစ်တမ်း ၂၀၁၇	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇၆.၂% ၈၉.၇% ၉၅.၁%	၈၆.၀% ၉၄.၉% ၉၈.၁% ၀.၆၀	၈၆.၀% ၉၄.၉% ၉၈.၁% ၁.၀၀
၇။ အလယ်တန်းကျောင်း အပ်နှံမှု နှုန်း (%)	တရားဝင် ထုတ်ပြန် ထားသော ဒေတာ မြန်မာနေထိုင်မှု အခြေအနေများ စစ်တမ်း ၂၀၁၇	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄၁.၆% ၅၃.၄% ၇၃.၁%	၅၁.၆% ၇၂.၇% ၈၆.၃% ၀.၅၃	၅၁.၆% ၇၂.၇% ၈၆.၃% ၁.၀၀

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နှုန်းမှုနှာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နှုန်းမှုနှာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၈။ စီးပွားရေး လုပ်ငန်းများ လုပ်သားသစ်ကို လေ့ကျင့်သင်ကြားရန် လိုအပ်သည် (%)	MBEI စစ်တမ်း မေးခွန်း - _ Q61	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၃၅.၁% ၆၂.၇% ၈၇.၁%
၉။ ဒေသတွင်းလုပ်သားများ၏ အရည်အသွေးသည် လုပ်ငန်းစု လိုအပ်ချက် များကို မီသည် (%)	MBEI စစ်တမ်း မေးခွန်း - _ Q65	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၁၁.၆% ၂၇.၈% ၅၄.၅%

၁၀။ ဝန်ထမ်းများ ငှားရမ်းပြီးနောက် အလုပ်မလုပ်မီ ကြာသောရက် အရေအတွက် (#)	MBEI စစ်တမ်း မေးခွန်း - _ Q62	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂၉.၄၇ ၄၉.၁၂ ၉၁.၂၈
၁၁။ အထက်တန်းကျောင်း များ၌ ကျောင်းအပ်နှံမှု နှုန်းထား (%)	တရားဝင် ထုတ်ပြန် ထားသော ဒေတာ မြန်မာနေထိုင်မှု အခြေအနေများ စစ်တမ်း ၂၀၁၇	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၂၇.၃% ၄၁.၀% ၅၉.၁%
၁၂။ အလုပ်သမားရုံး၏ လူတသောင်းလျှင် အလုပ်ရှာပေးနိုင်သည့် ပမာဏ (#)	တရားဝင် ထုတ်ပြန် ထားသော ဒေတာ မြန်မာနေထိုင်မှု အခြေအနေများ စစ်တမ်း ၂၀၁၇	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၄.၇၇ ၂၉.၅၄ ၃၇၃.၀၇

၄.၁၀။ တရားဥပဒေစိုးမိုးမှု

တရားဥပဒေစိုးမိုးမှုသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဈေးကွက်နှင့်ထိတွေ့ဆောင်ရွက်မှုများ၊စီးပွားရေးဆောင်ရွက်မှုများ ပြုလုပ်နိုင်စေရေးအတွက် ဥပဒေ၊ နိုင်ငံရေးနှင့် အဖွဲ့အစည်း ယန္တရားပိုင်းမှ စီစဉ်ထားရှိမှုများကို ဆိုလိုပါသည်။ တရားဥပဒေစိုးမိုးမှု ဆိုရာ၌ ရုပ်ဝတ္ထုပိုင်း ထိခိုက်နာကျင်စေမှု သို့မဟုတ် ခိုးမှုကာကွယ်ပေးခြင်းမှသည် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအကြား စာချုပ်စာတမ်းများကို ဥပဒေအရ ကာကွယ်ပေးခြင်းနှင့် အသက်ဝင်စေခြင်းတို့အထိ ပါဝင်ပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ၎င်း တို့၏အခွင့်အရေးများကို ခုခံကာကွယ်ရန်ခွင့်ပြုသည့် လွတ်လပ်သောဥပဒေနစ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည် (Djankov et al. 2008)။ ကန်ထရိုက်အတည်ပြုနိုင်စွမ်းမရှိလျှင်ဝယ်ယူသူ/ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်သည် ကန်ထရိုက် ငြင်းဆန်သူ/ပျက်ကွက်သူ၏ အရှက်ခွဲရန် ထိုတဖက်သူ၏မိသားစု၊ သူငယ်ချင်းနှင့် ဒေသခံထင်ရှားသော သူတို့အပေါ်မှီခိုရှိ၍ လူမှုရေးနည်းများ သုံးစွဲရပါမည်။ စာချုပ်စာတမ်းများ ခိုင်မာမှုရှိစေရေးနှင့် အခြေခံပစ္စည်းပိုင်ဆိုင်ခွင့်ကို ကာကွယ် ပေးရေးတို့ကို ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေတစ်ရပ်ရှိမှသာ စီးပွားရေးလုပ်ငန်းများ အနေဖြင့် အကောင်းဆုံးလုပ်ကိုင်ဆောင်ရွက်နိုင်ကြပေမည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းများ၏ ငွေရှာနိုင်စွမ်းကို အလားအလာ အကောင်းဆုံးမြှင့်တင်ပေးနိုင်ရေးအတွက် တရားဥပဒေစိုးမိုးမှု ပဏာမလိုအပ်ချက် ဖြစ်သည်။ သာ၍ အရေးကြီးသည့်အချက်မှာ စာချုပ်စာတမ်းများ ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် မိသားစုနှင့် မိတ်ဆွေအသိုင်းအဝိုင်းပြင်ပကို ကျော်လွန်၍ကုန်စည်ဖလှယ်မှု ပြုလာ အောင် အားပေးရာရောက်သည်။ ဥပဒေ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စာပေများ၌ ၎င်းတို့၏ စီးပွားရေး အခွင့်အရေးများကို ခုခံကာကွယ်ရန် ခွင့်ပြုသည့် လွတ်လပ်သော ဥပဒေစနစ်ရှိလျှင် အကြွေးဈေးကွက်၌ပင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိစေကြောင်း ဖော်ပြထားကြသည်။ (Levin 1999)။ အဘယ်ကြောင့်ဆိုသော် စာချုပ်ချုပ်ဆိုထားသော အဖွဲ့အစည်းများသည် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ချထားခြင်းမရှိသဖြင့် လွတ်လပ်သော တရားရုံးများ လိုအပ်သောကြောင့်ဖြစ်၏။ ဤအချက်နှင့် ဒေသဆိုင်ရာ ကွဲပြားခြားနားမှုများသည် ဖွံ့ဖြိုးဆဲ ကမ္ဘာတွင် အတော်ရှားပါးသည်။

ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် စာချုပ်များ ချုပ်ဆိုခြင်းနှင့်အခြေခံပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအခွင့်အရေးများကို ကာကွယ်ရန်ခွင့်ပြုသည့် အခြေအနေတွင် စီးပွားရေးလုပ်ငန်းများသည်အကောင်းဆုံးဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍စီးပွားရေး လုပ်ငန်းများ၏ ငွေရှာနိုင်စွမ်းကို အလားအလာ အကောင်းဆုံး မြှင့်တင်ပေးနိုင်ရေးအတွက် ဥပဒေစိုးမိုးမှုသည် အဓိကနှင့် ပဏာမ လိုအပ်ချက်ဖြစ်သည်။ ပို၍အရေးကြီးသည့်အချက်မှာ

စာချုပ်စာတမ်းများ ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် မိသားစုနှင့် မိတ်ဆွေအသိုင်းအဝိုင်းပြင်ပကို ကျော်လွန်၍ ကုန်စည်ဖလှယ်မှုပြုလာအောင် အားပေးရာရောက်သည်။ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ အားကောင်းလာသည်နှင့်အမျှအဆိုပါ ကုန်စည်ဖလှယ်မှုများ တိုးပွားလာသည့်အတွက် လူမှုရေးအရ တွန်းအားပေးသည့်နည်းဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်မှာ ခက်ခဲသည်ထက် ခက်ခဲလာပါမည်။

ဥပဒေနှင့်အမိန့်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကြီးစွာသော ပြဿနာရပ်များ ရင်ဆိုင်နေရပါသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၁၉ ခုနှစ် Doing Business အစီရင်ခံစာပါ စာချုပ်စာတမ်းများ အသက်ဝင်စေခြင်း ညွှန်ကိန်းတွင် နိုင်ငံပေါင်း ၁၉၀ အနက် မြန်မာနိုင်ငံသည် အဆင့် ၁၈၇ ရရှိထားပါသည်။ ကွင်းဆင်းစစ်တမ်းကောက်ယူမှုအရ သိရှိရသည်မှာ စီးပွားရေး လုပ်ငန်းရှင်အများစုသည် တရားရုံးများ၏ စနစ်များအပေါ် ယုံကြည်မှုလုံးဝ မရှိပါ။ မယုံကြည်သည့်အတွက် အလွန်အရေးကြီးပြီးတန်ဖိုးကြီးသော ကိစ္စများနှင့်တကွ မိတ်ဖက်လုပ်ငန်းရှင်နှင့် ဖောက်သည် ကိစ္စများတို့၌ပင် တရားရုံးများကို တတ်နိုင်သမျှရှောင်ကြဉ်ကြောင်း သိရှိလာရပါသည်။ အဓိပ္ပါယ်မှာ မြန်မာနိုင်ငံတွင် ဥပဒေပိုင်း စာချုပ်စာတမ်းများ အသက်ဝင်စေရေးကိစ္စတွင် ဆောင်ရွက်မှုစွမ်းရည်အားနည်းခြင်း၏ အဟန့်အတားများ ရှိနေသည့် သဘောသက်ရောက်ပါသည်။

လုပ်ငန်းစုတို့၌ တရားဥပဒေစိုးမိုးမှုအပေါ် ကွဲပြားသော အမြင်များ ရှိကြသည်။ လုပ်ငန်းစုအများစုသည် အစိုးရအရာရှိများသည် ဥပဒေအထက်တွင်ရှိသည်ဟု ယုံကြည်ကြသည်။ မည်သည့် ပြည်နယ်/တိုင်းတွင်မျှ စီးပွားရေးလုပ်ငန်းများ၏ ၅၀% မျှအထိ စီးပွားရေးပြဿနာတို့ကို ဖြေရှင်းနိုင်ရေးအတွက် ပိုမိုမြင့်မားသော အစိုးရရုံးသို့အယူခံဝင်နိုင်မည်ဟူ၍ ယုံကြည်မှုမရှိပါ။ အစိုးရဝန်ထမ်းများ ဥပဒေချိုးဖောက်လျှင် အရေးယူခံရမည်ဟူသော အချက်ကို ယုံကြည်ကြသော လုပ်ငန်းစု မည်သည့် ပြည်နယ်/တိုင်းတွင်မျှ ၅၀% မျှအထိ မရှိပါ။ စာချုပ်များတွင် ပါဝင်ချုပ်ဆိုထားသော သဘောတူညီချက်များအတိုင်း အကောင်အထည်ပေါ် စေရန်အစိုးရသည် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နေပုံပေါ်သည်။ အဆိုပါစာချုပ်စာတမ်းများ ခိုင်မာမှုရှိစေရေးနှင့်အခြေခံ ပစ္စည်းပိုင်ဆိုင်ခွင့်ကာကွယ်ပေးရေးတို့ကို ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက်ပေးနိုင်မည်ဟု အလယ်ကိန်းတန်ဖိုးကို ကိုယ်စားပြုသော ပြည်နယ်/တိုင်း ရှိလုပ်ငန်းစု ၇၅.၈% က ယုံကြည်ကြ၍ လုပ်ငန်းစုအားလုံး၏ ၇၃% က အငြင်းပွားမှုကိစ္စများ ဖြစ်လာသောအခါ ပြည်နယ်ဥပဒေရေးရာ အကူအညီပေးရေး အေဂျင်စီများကစီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုသည်ဟု ယုံကြည်ကြ သည်။ ကံမကောင်းစွာဖြင့်ပင် အစိုးရအနေဖြင့် စီးပွားရေး လုပ်ငန်းများအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်ရန် ကောင်းမွန်စွာ အလုပ်မလုပ်နိုင်ပါ။ ပြည်နယ်/တိုင်းများ အနက် ပဲခူးတိုင်းဒေသကြီးတခုတည်းရှိ စီးပွားရေးလုပ်ငန်း ထက်ဝက် (၅၁.၂%) ကျော်က လုံခြုံရေးအခြေအနေ ကောင်းကြောင်း ပြောပါသည်။ အလယ်ကိန်း တန်ဖိုးကို ကိုယ်စားပြုသော ပြည်နယ်/တိုင်းများသည်ဤတိုင်းတာမှုတွင် အားနည်းပြီး ရမှတ် ၂၀.၆% မျှသာ ရှိ၏။ ယင်းမှာလုပ်ငန်းစုများသည် လုံခြုံရေးအခြေအနေ အလွန်အမင်းမတည်မငြိမ် ဖြစ်နေသည်ဟု ဆိုလိုသည်။

ဥပဒေစိုးမိုးရေး၌ ပဲခူးတိုင်းဒေသကြီးက အကောင်းဆုံးဖြစ်ပြီး ကယားပြည်နယ်က အနိမ့်ဆုံးဖြစ်၏။ ဤကွဲပြားခြားနားမှုများသည် ဒေသ၏ မူလရှိရင်း လုံခြုံရေးအခြေအနေကြောင့် လည်း တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပဲခူးတိုင်းဒေသကြီးမှ ဖြေဆိုသူ ထက်ဝက်ကျော်က လုံခြုံရေး အခြေအနေသည် ကောင်းမွန်သည်ဟု ဆိုကြသည်။ ကယားပြည်နယ်တွင် ၉.၆% ကသာ သူတို့သည် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိသည် ဟု ယုံကြည်ကြသည်။ ပဲခူးတိုင်းဒေသကြီးတွင် နိုင်ငံသား အယောက် ၁၀၀၀၀ တွင် ၁.၂၅ မျှသာ အမှုအခင်းရှိသည်။ ကယားပြည်နယ်တွင် ဤအရေအတွက်သည်အနည်းငယ်ပိုမိုမြင့်ကာ ၁.၄၈ ရှိသည်။

ပုံ ၄.၁၀။
တရားဥပဒေစိုးမိုးမှုဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ အညွှန်းကိန်းခွဲ-၁၀ ရမှတ်များ



ညွှန်ကိန်းများအတွင်း ပြည်နယ်/တိုင်း များတွင် သိသာစွာ ကွဲပြားခြားနားမှု များလည်း ရှိပါသည်။ ဥပမာ အားဖြင့် ကယားပြည်နယ်ရှိ လုပ်ငန်းများ၏ ၂၀.၈% မျှသာ တရားရုံး၏ စီရင်ချက် များသည် မျှတသည်ဟု ယုံကြည်ကြသည်။ ကရင်ပြည်နယ်အနေဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေပြီး လုပ်ငန်းများ၏ ၇၉.၀% က တရားရုံးများသည် မျှတသော ဆုံးဖြတ်ချက်ချသည်ဟု ဆိုသည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် အဓိက MBEI ညွှန်ကိန်းများ

ဤဥပဒေစိုးမိုးမှု ဆိုင်ရာ အညွှန်းကိန်းခွဲ ကဏ္ဍတွင် ၂၀၁၈-ခုနှစ် နှင့် ၂၀၂၀-ခုနှစ် နှစ်ကြိမ်စလုံးတို့၌ တိုင်းတာခဲ့သည့် အဓိက ညွှန်ကိန်း ၁၂ ခု ပါဝင်သည်။

၁။ အကယ်၍ ပြည်နယ်အစိုးရအရာရှိတစ်ဦး ဥပဒေချိုးဖောက်လျှင် စီရင်ချက်ပေးရန် အထက်အဆင့်မှအခွင့်အာဏာရှိသူ တစ်ဦးဦးထံ အယူခံဝင်နိုင်သည်ဟု ယုံကြည်သည် (%)

အကယ်၍ပြည်နယ်အစိုးရအရာရှိတစ်ဦးဥပဒေချိုးဖောက်လျှင် စီရင်ချက်ပေးရန်အတွက်အထက်အဆင့်မှအခွင့်အာဏာရှိသူ တစ်ဦးဦးထံ အယူခံဝင်နိုင်သည်ဟု ယုံကြည်သည့်လုပ်ငန်းဦးရေပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီ အလိုက် ဤညွှန်ကိန်းတွင် တိုင်းတာထားပါသည်။ ဤတိုင်းတာချက်သည် စီးပွားရေးလုပ်ငန်းများအတွက် သာမကပြည်နယ်၏တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းနိုင်စွမ်း အပေါ်တွင်ပါသက်ရောက်မှုများ ရှိသည်။ အကယ်၍အစိုးရ အရာရှိတစ်ဦးမှ ပြစ်မှုကျူးလွန်သည်ကို ပြည်နယ်မှစီရင်ဆုံးဖြတ်ပေးရန် တောင်းဆိုနိုင်သည်ဟု စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ယုံကြည်ပါက ပြည်နယ်အရာရှိများသည် ရာထူးလက်လွတ် ဆုံးရှုံးခံရမည်ကို စိုးကြောက်၍ လည်းကောင်း၊ အထက်အရာရှိများမှ ပြစ်တင်ဆုံးမခြင်း ခံရမည်ကို စိုးကြောက်၍ သော်လည်းကောင်း ထိုပြစ်မှုများ ကျူးလွန်ကြောင်းပေါ်လွင်ရန်အခွင့်အလမ်းနည်းပါးနိုင်ပါသည်။ ဤသို့ယုံကြည်သည့် သဘောမှာ ပြည်နယ်အနေဖြင့် တရားဥပဒေစိုးမိုးမှုချိုးဖောက်ကျူးလွန်ပါက တို့ပြန်ဆောင်ရွက်မှု ရှိချင်ရှိနိုင်သည့်အဓိပ္ပာယ်ဖြစ်ပြီး လုပ်ငန်းများအနေဖြင့် လုံခြုံပြီး ကြိုတင်ခန့်မှန်းနိုင်သည့် ပတ်ဝန်းကျင်တစ်ခုတွင် လည်ပတ်ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ ငြိမ်းချမ်းပြီး ဥပဒေနှင့်ညီသော ပတ်ဝန်းကျင်တစ်ရပ်သည် စီးပွားရေး လုပ်ငန်းအတွက် အဘက်ဘက်မှ အကျိုးဖြစ်ထွန်းစေပါသည် (Demirguc-Kunt and Maksimovic, 1998)။ ဥပမာ ဆိုရသော် ဥပဒေစိုးမိုးမှု အဆင့်နိမ့်ပါးသော ပြည်နယ်များ သည် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်စွမ်း နည်းပါးပေ လိမ့်မည် (Busse and Hefeker, 2007)။ တရားဥပဒေစိုးမိုးမှု ဥပဒေချိုးဖောက်မည့် အလားအလာရှိသော စီးပွားရေး လုပ်ငန်းများကို ဈေးကွက်တွင် တရားမမျှတသော အားသာချက် မရရှိစေရန် ဟန့်တားနိုင်စွမ်းလည်း ရှိသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ (၂၀၁၃) တွင် ဥပဒေချိုးဖောက်ပါက ပြစ်ဒဏ်ပေးရမည့် တရားရေး လုပ်ထုံးနည်းနာ တစ်ရပ်ကို ပြဋ္ဌာန်းထားပြီး ၎င်းဥပဒေအရ "နိုင်ငံရေးအရ တာဝန်ယူထားရသူမည်သူမဆို အဂတိ လိုက်စားမှုကို ကျူးလွန်ကြောင်းတွေ့ရှိရလျှင် ထိုသူကို ၁၅ နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဟု ဆိုထားသည်။

၂။ အကယ်၍ ပြည်နယ်အတွင်း ဥပဒေချိုးဖောက်ခံရလျှင် ယင်းချိုးဖောက်သူကို ဥပဒေအရ အရေးယူခံရလိမ့်မည်ဟု ယုံကြည်သည် (%)

ဤအညွှန်းကိန်းငယ်တွင် ပြည်နယ်/တိုင်းဒေသကြီးအတွင်း ဥပဒေချိုးဖောက်လျှင် ယင်းဥပဒေချိုးဖောက်သူသည် ပုံမှန်အားဖြင့် အရေးယူခြင်းခံရလေ့ရှိသည်ဟု ယုံကြည်ကြသည့်လုပ်ငန်းဦးရေပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက်တိုင်းတာထားပါသည်။ ဤတိုင်းတာချက်သည်အထက်ပါတိုင်းတာချက်ကဲ့သို့ပင် စီးပွားရေးလုပ်ငန်း၏ စွမ်းဆောင်ရည်ကိုသာမက ပြည်နယ်၏ဥပဒေနှင့် အမိန့်ကို ထိန်းသိမ်းနိုင်စွမ်းပေါ်၌ပါ သက်ရောက်မှုများရှိသည် (Busse and Hefeker, 2007; Demirguc-Kunt and Maksimovic, 1998)။

၃။ တရားစီရင်ရေးစနစ်သည် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းများကို ကာကွယ်ပေးသည် (သဘောတူ%)

တရားစီရင်ရေးစနစ်သည် ပုံမှန်အားဖြင့် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းများကို ကာကွယ်ပေးသည်ဟု ယုံကြည်ကြသည့်လုပ်ငန်းဦးရေပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် ဤအညွှန်းကိန်းငယ်တွင် တိုင်းတာထားပါသည်။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းများကို ကာကွယ်ပေးခြင်းသည်စီးပွားရေးလုပ်ငန်း၏ စွမ်းဆောင်ရည်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နောက်ဆုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တိုင်အောင် ကြီးစွာသော သက်ရောက်မှုများ ဖြစ်ပေါ်စေ ပါသည်။ လုံခြုံသော ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်း ချုပ်ဆိုမှု မရှိသ၍ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများမှ အသီးအပွင့်ကို ခံစားခွင့်ရမရ မသေချာတော့ပေ (De Soto, 2000; Demsetz, 1974)။ အကယ်၍ ပြည်နယ်မှ ၎င်းတို့၏ ပိုင်ဆိုင်မှုကို သိမ်းယူခြင်း သို့တည်းမဟုတ် ပစ္စည်းထောက်ပံ့သူမှ စာချုပ်လိမ်လည်ခြင်းများ ဖြစ်ပေါ်လာပါက ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ် တစ်စုံတစ်ရာ ထွက်ပေါ်လာတော့မည် မဟုတ်ပေ။ သေချာ ရေရာမှု မရှိပါက စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ဤသို့သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းမှ ရှောင်ရှားကြ လိမ့်မည် ဖြစ်သည်။ လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ကြတော့ပါက သက်ဆိုင်ရာ စီးပွားရေးကဏ္ဍတစ်ခုလုံး၏

ပျမ်းမျှထုတ်လုပ်မှုပါ ထိခိုက်ခံစားရမည်ဖြစ်ပြီး အလုပ်အကိုင် ရှားပါးခြင်း၊ ဖွံ့ဖြိုးမှုနိမ့်ပါးခြင်းတို့ပါ ဖြစ်လာနိုင်သည်။

၄။ ပြည်နယ်/တိုင်းအတွင်းရှိ အဆင့်အဆင့် တရားရုံးများမှ စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ကြားနာနိုင်သည် (% သဘောတူ)

၅။ ပြည်နယ်/တိုင်းအတွင်းရှိ တရားရုံးက စီးပွားရေး ကိစ္စများကို လျင်မြန်စွာ ကြားနာ/ဖြေရှင်းပေးသည် (% သဘောတူ)

၆။ ပြည်နယ်/တိုင်းအတွင်းရှိ တရားရုံးက စီးပွားရေး ကိစ္စများကို လျင်မြန်စွာအတည်ပြုပေးသည် (% သဘောတူ)

၇။ ပြည်နယ်/တိုင်းအတွင်းရှိ စီးပွားရေးနှင့် ဥပဒေရေးရာ အထောက်အပံ့ပြုအေဂျင်စီများသည် အငြင်းပွားမှုများ၌ ကူညီပေးသည် (% သဘောတူ)

၈။ တရားရုံး၏ စီရင်ချက်များသည် မျှတသည် (% သဘောတူ)

ဤဆွေးနွေးကိန်း ၅ ခုသည် တရားရုံးများ၏ မျှတမှု၊ ထိရောက်မှုနှင့် စီးပွားရေးစွမ်းဆောင်ရည်အပေါ် သူတို့၏အကျိုးသက်ရောက်မှုကို ဖော်ပြသည်။ ဤအဆွေးနွေးကိန်းများနှင့် ပတ်သက်၍ သဘောတူညီချက်သည် တရားဥပဒေစိုးမိုးမှုအပေါ် ရမှတ်တိုးပွားစေပြီး သဘောထားကွဲလွဲမှုများသည် တရားဥပဒေစိုးမိုးရေးအပေါ် ရမှတ်လျော့နည်းစေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘဏ်မလိုက်ထိရောက်သောတရားရုံးများလိုအပ်ကြောင်း အကြောင်းပြချက်များစွာ ရှိသည်။ စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို စဉ်းစားကြည့်ပါ။ အကယ်၍ အငြင်းပွားမှုများကို တရားရုံးများမှ ဖြေရှင်းပေးရန် ကြန့်ကြာနေပါက စီးပွားရေးစာချုပ်များ၏ စာချုပ်ပြဋ္ဌာန်းချက်များသည် တန်ဖိုးမရှိ၊ တန်ဖိုးလျော့သွားပြီး အရာမထင်ဖြစ်သွားပါမည်။ အကယ်၍ အမှုကိစ္စများကို လျင်မြန်စွာ ကြားနာ စစ်ဆေးပြီးလျှင် စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေး အငြင်းပွားမှုများနှင့်အတူ တရားဝင်ကုန်ကျစရိတ် သက်သာစေမည်။ စီးပွားရေးလုပ်ငန်းများကို အထောက်အပံ့ပေးသည့် ဥပဒေရေးရာ အကူအညီပေးရေး ဌာနများသည် စီးပွားရေးလုပ်ငန်းအားလုံးနှင့် ဥပဒေရေးရာ တန်းတူညီမျှမှုရှိစေရန်နှင့် ငွေဖြင့်ဆက်သွယ်မှု လွှမ်းမိုးလိုသူများကို မျက်နှာသာပေးမှု မရှိစေပဲ အားလုံးအတွက် တန်းတူအခွင့်အရေးပေးရမည် ဖြစ်သည်။ တရားမျှတသော တရားသူကြီးများကို တူညီသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်စေနိုင်၍ ငွေကြေးဖြင့်ဆက်နွယ်လွှမ်းမိုးလိုသော အကျိုးစီးပွားများသည် ဥပဒေကို ပျက်ပြားစေနိုင်လိမ့်မည်မဟုတ်ပါ။

၉။ စီးပွားရေး လုပ်ငန်းများအနေဖြင့် လုံခြုံရေး အခြေအနေ ကောင်းမွန်သည် (% သဘောတူ)

ဤအညွှန်းကိန်းငယ်တွင် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၏ လုံခြုံရေးအခြေအနေမှာ ကောင်းမွန်သည်ဟု ယုံကြည်သည့် လုပ်ငန်းစုဦးရေ ပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် တိုင်းတာထားပါသည်။ ပြည်နယ်၏ လုံခြုံရေးအခြေအနေ ကောင်းမွန်ပါက စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ပိုင်ဆိုင်မှုနှင့် ပစ္စည်းများ လုံခြုံမှုရှိသည်ဟု ပိုမိုခံစားရပါက (ဥပမာ ဖျက်ဆီးခံရခြင်း သို့မဟုတ် ခိုးယူခံရခြင်း နည်းပါးနိုင်စရာရှိ) ရုပ်ဝတ္ထုပိုင်း ရင်းနှီးမြှုပ်နှံမှုများ ဘေးကင်းကြောင်းသိရှိ၍ ရုပ်ပစ္စည်းပိုင်း ခြိမ်းခြောက်မှုဒဏ်မှ ကင်းဝေးသည့်ဟု ယုံကြည်ကြသည့်အတွက် လုံခြုံရေးအတွက် စရိတ်များစွာ မသုံးတော့ဘဲ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာကြပေမည်။ လုံခြုံရေး အခြေအနေ ပိုမိုကောင်းမွန်လာပါက လုပ်ငန်း၏ စွမ်းဆောင်ရည်သည်လည်း မြင့်မားလာလိမ့်မည် ဖြစ်သည် (Gaviria, 2002; Schnatterly, 2003)။

၁၀။ ယမန်နှစ်အတွင်း လုပ်ငန်းအနေဖြင့် အမှုအခင်း တွေ့ကြုံခံစားခဲ့ရသည် (% သဘောတူ)

ဤညွှန်ကိန်းတွင် ယခင်နှစ်အတွင်း ခိုးမှု သို့မဟုတ် ဖောက်ထွင်းမှုကဲ့သို့ပြစ်မှုတစ်ခုခု တွေ့ကြုံခံစားခဲ့ကြရသည့် လုပ်ငန်းအရေအတွက် ပမာဏကို ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီ အလိုက် တိုင်းတာထားပါသည်။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ပစ္စည်း အကြမ်းဖက်မှုတို့၌ အခြေခံကျပြီး လေ့လာနိုင်သည့် အကြမ်းဖက်မှု အမျိုးအစားများ ဖြစ်သည့် အတွက် ဤတွင် ဥပဒေစိုးမိုးမှုကို တိုက်ရိုက်တိုင်းတာထားခြင်းဖြစ်ပါသည်။ ပြည်နယ်/တိုင်း အနေဖြင့် ထို့သို့သော ရာဇဝတ်မှုများကို ကာကွယ်တားဆီးမှု မပြုနိုင်ခြင်းသည် တရားဥပဒေစိုးမိုးမှုဆိုင်ရာ အခြေခံအဆောက် အအုံတစ်ရပ် မရှိခြင်းနှင့် အခြားသောသိမြင်ရန်ခက်ခဲသော (ဥပမာ-အဂတိလိုက်စားမှု) မျက်နှာစာများတွင် အားနည်းခြင်းတို့ကြောင့် ဖြစ်သည်ဟု အဓိပ္ပာယ် သက်ရောက်ပါသည် (Gaviria, 2002; Schnatterly, 2003)။

၁၁။ ဒေသရဲ ထံသို့ တိုင်ကြားခဲ့ရပါသည် (%)

ဤညွှန်ကိန်းသည် ပြည်နယ်/တိုင်း တစ်ခုချင်းစီတွင် ယမန်နှစ်က ရာဇဝတ်မှု၏ သားကောင်ဖြစ်ခဲ့သည့် လုပ်ငန်းစုများမှ ဒေသခံရဲထံတိုင်ကြားခဲ့ရသည့် ဝေစုကို တိုင်းတာခြင်းဖြစ်သည်။ ရဲများထံတိုင်ကြား ခံရသော ရာဇဝတ်မှုများ ပိုမိုများပြားလျှင် တရားဥပဒေစိုးမိုးမှု ရမှတ်ပိုမြင့်၍ ရဲများထံ တိုင်ကြားခံရသော ရာဇဝတ်မှုများနည်းပါးလျှင် တရားဥပဒေ စိုးမိုးမှု ရမှတ်နိမ့်သည်။ ရဲတပ်ဖွဲ့သို့သတင်းပို့မှုများသည် တရားဥပဒေစိုးမိုးရေးအတွက် ကောင်းမွန်ပြီး ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ရဲစွမ်းရည်ကို ဖော်ပြနေသည်။ ရဲများကအစီရင်ခံသော ရာဇဝတ်မှုများအား

ဖြေရှင်းနိုင်လေ စီးပွားရေး လုပ်ငန်းများသည် ၎င်းတို့အား တိုင်ကြားရန် အားထုတ်မှုများလေဖြစ်သည်။ ထို့ကြောင့် ဤညွှန်ကိန်းသည် ရာဇဝတ်မှုများ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အပေါ်ဆိုးကျိုး သက်ရောက်စေသည် - ရင်းနှီးမြှုပ်နှံမှုနိမ့်ခြင်း၊ ပိုင်ဆိုင်မှုများပျက်စီးခြင်းနှင့် အလုပ်သမားများအတွက် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုကင်းမဲ့ခြင်း ကောင်း/မကောင်းကိုဖော်ပြသည်။

၁၂။ တစ်နှစ်အတွင်း နိုင်ငံသား ၁၀,၀၀၀ တွင် ဖြစ်ပေါ်သော ရာဇဝတ်မှု အရေအတွက် (# ၂၀၁၈)

ဤညွှန်ကိန်းတွင် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီ အလိုက် လူတစ်သောင်းလျှင် ကျူးလွန်သည့် ရာဇဝတ်မှု လုယက်မှု၊လူသတ်မှု၊ပြန်ပေးဆွဲမှုအစရှိသည့်ကျူးလွန်သည့် ရာဇဝတ်မှုအရေအတွက် တိုင်းတာထားပါသည်။ လူတစ်ဦး ချင်းစီအချိုးကျအလိုက်ရာဇဝတ်မှုအရေအတွက်မြင့်မားပါက တရားဥပဒေစိုးမိုးမှုတွင် ရမှတ်နည်းပါးမည်ဖြစ်ပြီး လူတစ်ဦး ချင်းစီအလိုက် ရာဇဝတ်မှု အရေအတွက်နိမ့်ပါးပါက ဥပဒေ စိုးမိုးမှုတွင် ရမှတ်မြင့်မားမည်ဖြစ်သည်။ ဤအညွှန်းကိန်း ငယ်သည် ပြည်နယ်အတွင်းရှိ လုံခြုံရေးအခြေအနေအပေါ် တိုက်ရိုက်တိုင်းတာချက် ဖြစ်သည်။ အလုပ်သမားများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ထိပါးနိုင်စရာရှိခြင်း၊ လုပ်ငန်းရှင်၏ ရင်းနှီးမြှုပ်နှံမှုမှ ထွက်ပေါ်လာမည့် အကျိုးအမြတ်ကို လျော့ပါးစေခြင်းတို့ကြောင့် ရာဇဝတ်မှုသည် ရင်းနှီးမြှုပ်နှံမှု အတွက် အဟန့်အတား ဖြစ်စေသည်။ ရာဇဝတ်မှုကြောင့် စီးပွားရေး လုပ်ငန်းများအပေါ် ဒေသ၏ဆွဲဆောင်မှုနည်းပါး လာသည့်အတွက် ရင်းနှီးမြှုပ်နှံမှုမှ အကျိုးခံစားနိုင်ရန် လျာထားချက်များသည်လည်း လျော့ပါးလာသည်။ စားသုံးသူ များ၏ ဝယ်လိုအားနိမ့်ပါးလာပြီး တစ်ချိန်တည်းမှာပင် ရင်းနှီးမြှုပ်နှံထားသည့်အရာများ ခိုးယူခြင်းခံရနိုင်ခြေ၊ ဖျက်ဆီး ခံရနိုင်ခြေလည်း မြင့်မားလာသော အခါ ကနဦးကတည်းက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်ပင် မသင့်တော်တော့ချေ။

၂၀၂၀ MBEI တွင် ထပ်မံဖြည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

၂၀၂၀ ခုနှစ်တွင် ဤ လုပ်သားခန့်ထားရေး အညွှန်းကိန်းခွဲ နှင့်စပ်လျဉ်းသည့် အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ လေ့လာနိုင်စေရန် ညွှန်ကိန်းအသစ် ၃ခု ကို ထပ်မံ ထည့်သွင်း ခဲ့သည်။ ၎င်းတို့မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်သည် -

၁၃။ တစ်နှစ်လျှင် နိုင်ငံသား ၁၀,၀၀၀ အတွက်ရှိသည့် တရားသူကြီးများ အရေအတွက် (# ၂၀၁၈)

ဤညွှန်ကိန်းသည်ပြည်နယ်/တိုင်းတစ်ခုစီအတွက် နိုင်ငံသား ၁၀,၀၀၀ လျှင် ရှိသည့်တရားသူကြီး အရေအတွက်ကို တိုင်းတာသည်။ တရားသူကြီး ပို၍များလျှင် တရားဥပဒေ စိုးမိုးရေးနှင့် ပတ်သက်၍ ရမှတ်ပိုမို မြင့်မားစွာရရှိပြီး တရား သူကြီးလျော့နည်းလျှင် ရမှတ် ပိုမိုနိမ့်ပါးစွာ ရရှိသည်။ တိုင်းပြည်၏ ဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်သည့် တရားသူကြီး ပို၍များလျှင် ဤညွှန်ကိန်းသည် တရားသူကြီး များ၏ ဥပဒေရေးရာ ပဋ္ဌိပက္ခများကို ကိုင်တွယ်ဖြေရှင်းရန် စွမ်းရည်ပိုမိုမြင့်မားခြင်းနှင့် တရားဥပဒေစိုးမိုးရေးကို ကောင်းသည့်ဖက်သို့ဦးတည်စေသည်။ ၎င်းသည်စီးပွားရေး လုပ်ငန်းများအတွက် နည်းလမ်းများစွာဖြင့် အရေးပါသည်။ အကယ်၍ အငြင်းပွားမှုများကို ဆုံးဖြတ်ရန် တရားသူကြီး များရှိသည်ကို လုပ်ငန်းပိုင်ရှင်များသိလျှင် ၎င်းတို့သည် တရားဝင်အစီအစဉ်များ ပြုလုပ်ရန်ပိုများသည်။ စာချုပ် များကိုပြဋ္ဌာန်းရန်နှင့် အငြင်းပွားမှုများကို ကြားနာရန် အတွက် တရားသူကြီးများမရှိခြင်းသည် စာချုပ်ပါတန်ဖိုးကို လျော့နည်းစေပြီး တရားသူကြီးများမပါဝင်ပါက တရားရေး ဆိုင်ရာ အငြင်းပွားမှုများသည် ရုံးတွင်းအမှားအယွင်းများ ပြုလုပ်မှုများစွာနှင့်အတူ အချိန်ကြာမြင့်စွာ တည်ရှိနေပြီး လုပ်ငန်း၏တရားဝင်ကုန်ကျစရိတ်တိုးမြင့်ခြင်းနှင့် စီးပွားရေး အနာဂတ်အတွက် မသေချာမရေရာမှုများကို ဖြစ်ပေါ်စေ သည်။

၁၄။ နိုင်ငံသား ၁၀,၀၀၀ လျှင် အဓိကရုဏ်းနှင့်ဆန္ဒပြမှု အရေအတွက် (#, ၂၀၁၄-၂၀၁၇)

ဤညွှန်ကိန်းသည် မြို့နယ်တစ်ခုစီအတွက် လေးနှစ်တာ ကာလအတွင်း နိုင်ငံသား ၁၀၀၀၀ လျှင်ဖြစ်သည့်အဓိကရုဏ်း များနှင့် ဆန္ဒပြမှုများကို တိုင်းတာသည်။ ပြည်နယ်/တိုင်း ရမှတ်သည် ၎င်းပြည်နယ်/တိုင်းရှိ မြို့နယ်များအားလုံး၏ ပျမ်းမျှရမှတ်ဖြစ်သည်။ အဓိကရုဏ်းများနှင့် ဆန္ဒပြမှု များသည် တရားဥပဒေ စိုးမိုးရေးအပေါ် ရမှတ်နိမ့်ကျစေပြီး အဓိကရုဏ်းများနှင့်ဆန္ဒပြမှုများ နည်းပါးလာပါက ရမှတ်မြင့် တက်စေသည်။ စနစ်တကျဖွဲ့စည်းထားသော ငြိမ်းချမ်းစွာ ဆန္ဒပြမှုများသည် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခြင်း အတွက် အပြုသဘောဆောင်သော ပုံစံများဖြစ်သော်လည်း အဓိကရုဏ်းများနှင့် အကြမ်းဖက် ဆန္ဒပြမှုများသည် စီးပွား ရေး လုပ်ငန်းများကို အနှောက်အယှက်ဖြစ်စေသည်။ အဓိကရုဏ်းများသည် အခြေခံအဆောက်အအုံများကို ဖျက်ဆီး၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာကောင်းကျိုးကို ခြိမ်းခြောက်နိုင်သည်။ စီးပွားရေးကိစ္စများနှင့် ဆက်စပ်သော အဓိကရုဏ်းများနှင့် ဆန္ဒပြမှုများသည် လုပ်ငန်းပိုင်ရှင်များ နှင့် အလုပ်သမားများ အကြား ပဋ္ဌိပက္ခဖြစ်စေနိုင်သည်။

၁၅။ တစ်နှစ်လျှင် နိုင်ငံသား ၁၀၀၀၀ လျှင်ဖြစ်သည့် လက်နက်ကိုင်တိုက်ပွဲ အရေအတွက် (#, 2018)

ဤညွှန်ကိန်းသည်မြို့နယ်တစ်ခုစီအတွက် နိုင်ငံသား ၁၀၀၀၀ လျှင် ဖြစ်ပေါ်သော လက်နက်ကိုင် တိုက်ပွဲများဖြစ်ပွားမှုကို တိုင်းတာသည်။ ပြည်နယ်/တိုင်း ရမှတ်သည်ပြည်နယ်/ တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အားလုံး၏ ပျမ်းမျှရမှတ်

ဖြစ်သည်။ MBEI လွှမ်းခြုံထားသော မြို့နယ်များသာ ပါဝင်သည်ကို သတိပြုပါ။ ပဋ္ဌိပက္ခ ဒဏ်ခံစားခဲ့ရသော မြို့နယ်များကို MBEI တွင် မပါဝင်သဖြင့် ဤ ပြည်နယ်/တိုင်း ပျမ်းမျှအားဖြင့် ဖယ်ထုတ်ထားခဲ့သည်။ လက်နက်ကိုင် တိုက်ပွဲများ ပိုမိုများပြားလာခြင်းကြောင့် တရားဥပဒေ စိုးမိုးရေးနှင့် ပတ်သက်ပြီး ရမှတ်များ ပိုမိုနိမ့်ကျမည်။ လက်နက်ကိုင် တိုက်ပွဲများ နည်းပါးခြင်းတို့ကြောင့် ပိုမိုမြင့်မားသော ရမှတ်များ ရရှိစေသည်။ လက်နက်ကိုင်တိုက်ပွဲများသည် တရားဥပဒေ စိုးမိုးရေးနှင့် စပ်လျဉ်းပြီး ရှင်းရှင်းလင်းလင်းမရှိပေ။ နည်းလမ်းများစွာတွင် လက်နက်ကိုင် တိုက်ပွဲများသည် သူတို့၏ဆိုးကျိုး သက်ရောက်မှုများက အဓိကရုဏ်းများနှင့် ဆန္ဒပြမှုများနှင့် ဆင်တူသည်။ လက်နက်ကိုင်တိုက်ပွဲများသည် ပိုမိုဆိုးဝါးသည်။ လုပ်ငန်း၏ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ သိသိသာသာယိုယွင်းပျက်စီးစေပြီး စီးပွားရေးပိုင်ရှင်များနှင့် အလုပ်သမားများ၏ ကျန်းမာရေး နှင့် အသက်ကိုပင်လျှင် ခြိမ်းခြောက်နိုင်သည်။ လက်နက်ကိုင် တိုက်ပွဲများသည် ပိုင်ဆိုင်မှုအခွင့်အရေးများနှင့် ပတ်သက်၍ မသေချာ မရေရာမှုကို ဖြစ်ပေါ်စေသည်။ ဤမသေချာမရေရာမှုများနှင့် ဤပဋ္ဌိပက္ခများကြောင့် အထွေထွေ စီးပွားရေးမျှော်မှန်းချက်များ လျှော့ကျခြင်းသည် လက်ရှိစီးပွားရေးလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုကို ဟန့်တားစေပြီး အခြားသူများကို စတင်ခြင်းမှပင် တားဆီးလိမ့်မည်။

ဇယား ၄.၁၀ ။

တရားဥပဒေစိုးမိုးမှုဆိုင်ရာ အညွှန်းကိန်းခွဲနှိုင်းယှဉ်ခြင်း (၂၀၁၈-၂၀၂၀)

၂၀၁၈ နှင့် ၂၀၂၀ MBEI က စုဆောင်းထားသည့် အဓိကညွှန်ကိန်းများ					
ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
တရားဥပဒေစိုးမိုးမှုဆိုင်ရာ အညွှန်းကိန်းခွဲ	(စစ်တမ်း ၀.၆) + (အမာခံ ၀.၄)	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၇.၃၂ ၇.၄၉ ၈.၄၃	၆.၀၇ ၇.၅၂ ၈.၇၆ ၀.၅၀	၅.၅၉ ၆.၂၈ ၇.၁၅ ၀.၈၄
စစ်တမ်းညွှန်ကိန်းများ	တိုင်းတာပြီး စစ်တမ်းဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၄၃ ၃.၇၂ ၄.၄၈	၂.၂၂ ၃.၆၃ ၄.၈၈ ၀.၅၂	၂.၅၂ ၃.၅၃ ၄.၂၉ ၀.၉၃
အမာခံ ညွှန်ကိန်းများ	တိုင်းတာပြီး အမာခံ ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃.၄၈ ၃.၉၄ ၄.၀၀	၃.၇၀ ၃.၈၅ ၃.၉၆ ၀.၂၂	၂.၃၉ ၂.၇၁ ၃.၁၀ ၀.၀၈
၁။ အကယ်၍ အစိုးရအရာရှိ တစ်ဦးကဥပဒေချိုးဖောက်လျှင် စီရင်ချက်ပေးရန် အထက်အဆင့်မှ အခွင့်အာဏာရှိသူ တစ်ဦးဦးထံ အယူခံဝင်နိုင်သည်ဟု ယုံကြည်သည် (%)	MBEI စစ်တမ်း မေးခွန်း - Q86	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၁.၀% ၅၁.၁% ၆၅.၉%	၆.၃% ၂၇.၁% ၅၂.၁% ၀.၀၄	၉.၁% ၂၅.၀% ၄၇.၆% ၀.၈၈

၂။ အကယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်း ဥပဒေချိုးဖောက်ခံရလျှင် ယင်းချိုးဖောက်သူကို ဥပဒေ အရ အရေးယူခံရလိမ့်မည်ဟု ယုံကြည်သည်(%)	MBEI စစ်တမ်း မေးခွန်း - Q87	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၁၃.၅% ၄၄.၁% ၆၅.၇%	၃.၅% ၁၉.၂% ၈၆.၇% ၀.၂၃	၅.၄% ၁၇.၈% ၄၉.၂% ၀.၈၁
၃။ တရားစီရင်ရေးစနစ်သည် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းများကို ကာကွယ်ပေးသည် (သဘောတူ %)	MBEI စစ်တမ်း မေးခွန်း - Q 124	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄၆.၆% ၇၁.၂% ၉၀.၆%	၆၄.၉% ၇၈.၆% ၉၄.၃% ၀.၁၆	၆၁.၅% ၇၅.၈% ၈၇.၈% ၀.၉၀
၄။ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ အဆင့်အဆင့် တရားရုံးများမှ စီးပွားရေး ဆိုင်ရာ အငြင်းပွားမှုများကို ကြားနာနိုင်သည် (% သဘောတူ)	MBEI စစ်တမ်း မေးခွန်း - Q 128_1	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၈.၇% ၈၄.၁% ၉၅.၂%	၃၃.၁% ၇၇.၀% ၉၈.၅% ၀.၃၇	၄၂.၅% ၇၅.၁% ၈၈.၄% ၀.၇၆
၅။ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ တရားရုံးက စီးပွားရေးကိစ္စများကို လျင်မြန်စွာ ကြားနာ/ဖြေရှင်း ပေးသည် (% သဘောတူ)	MBEI စစ်တမ်း မေးခွန်း - Q 128_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၉.၀% ၅၆.၆% ၈၆.၆%	၁၅.၆% ၄၉.၄% ၈၁.၀% ၀.၂၁	၃၀.၄% ၅၄.၆% ၇၃.၉% ၀.၉၀
၆။ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ တရားရုံးက စီးပွားရေးကိစ္စများကို လျင်မြန်စွာ အထည်ပြု ပေးသည် (% သဘောတူ)	MBEI စစ်တမ်း မေးခွန်း - Q 128_3	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၄၀.၃% ၇၄.၂% ၉၃.၀%	၁၆.၁% ၅၀.၉% ၇၇.၄% ၀.၂၈	၂၃.၂% ၅၅.၆% ၆၆.၅% ၀.၉၁
၇။ ပြည်နယ်/တိုင်းအတွင်းရှိ စီးပွားရေးနှင့် ဥပဒေရေးရာ အထောက်အပံ့ပြု အေဂျင်စီ များသည် အငြင်းပွားမှုများ၌ ကူညီပေးသည် (% သဘောတူ)	MBEI စစ်တမ်း မေးခွန်း - Q 128_4	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅၁.၅% ၇၆.၆% ၉၁.၉%	၁၀.၄% ၇၂.၇% ၁၀၀.၀% ၀.၁၅	၂၅.၁% ၇၃.၀% ၈၇.၅% ၀.၈၈
၈။ တရားရုံး၏ စီရင်ချက် များသည် မျှတသည် (% သဘောတူ)	MBEI စစ်တမ်း မေးခွန်း - Q 128_6	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၃၇.၉% ၆၆.၀% ၈၆.၃%	၁၅.၆% ၅၃.၀% ၉၃.၆% ၀.၅၈	၂၀.၈% ၅၂.၆% ၇၉.၀% ၀.၈၉
၉။ စီးပွားရေး လုပ်ငန်းများ အနေဖြင့် လုံခြုံရေး အခြေအနေ ကောင်းမွန်သည် (% သဘောတူ)	MBEI စစ်တမ်း မေးခွန်း - Q129	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၃၈.၈% ၈၁.၀%	၂.၁% ၂၈.၄% ၄၆.၈% -၀.၂၅	၅.၁% ၂၀.၆% ၅၁.၂% ၀.၉၃

၁၀။ ယမန်နှစ်အတွင်း လုပ်ငန်းအနေဖြင့် အမှုအခင်း တွေ့ကြုံခံစားခဲ့ရသည် (% သဘောတူ)	MBEI စစ်တမ်း မေးခွန်း - Q130	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၅.၆% ၁၁.၆% ၂၁.၂%	၀.၁% ၅.၈% ၁၇.၃% ၀.၁၄	၁.၉% ၇.၉% ၁၅.၃% ၀.၃၉
၁၁။ ဒေသခံရဲထံသို့ တိုင်ကြားခဲ့ရပါသည် (%)	MBEI စစ်တမ်း မေးခွန်း - Q130_2	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀% ၅၀.၀% ၈၄.၀%	၀.၀% ၂၉.၉% ၁၀၀.၀% ၀.၂၈	၂၀.၂% ၄၂.၂% ၆၅.၃% ၀.၄၁
၁၂။ တစ်နှစ် အတွင်းနိုင်ငံသား ၁၀,၀၀၀ လျှင် ဖြစ်ပေါ်သော ရာဇဝတ်မှု အရေအတွက် (# ၂၀၁၈	တရားဝင် ထုတ်ပြန်ထားသော ဒေတာ သန်းခေါင်စာရင်း 2014; CSO စာရင်းအင်းနှစ်ချုပ် စာအုပ် 2019:	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း	၀.၀၀ ၀.၅၀ ၈.၈၁	၀.၄၁ ၁.၄၈ ၂.၉၇ ၀.၁၉	၀.၄၄ ၁.၄၈ ၂.၉၅ ၁.၀၀

၂၀၂၀ MBEI တွင် ထပ်မံဖြည့် ထည့်သွင်းထားသည့် ညွှန်ကိန်းအသစ်များ

ညွှန်ကိန်း	ရင်းမြစ်	ပြည်နယ်/တိုင်း တိုင်းတာခြင်း	Dataset		
			နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၁၈	နှိုင်းယှဉ်နမူနာ အုပ်စု ၂၀၂၀	လုပ်ငန်းသစ်များ ၂၀၂၀
၁၃။ တစ်နှစ်လျှင် နိုင်ငံသား ၁၀,၀၀၀ လျှင် တရားသူကြီးများ အရေအတွက် (# ၂၀၁၈)	CSO မှ တရားဝင် ထုတ်ပြန်သော စာရင်းအင်း နှစ်ချုပ်စာအုပ် 2019	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၁၂ ၀.၂၄ ၁.၄၁
၁၄။ နိုင်ငံသား ၁၀,၀၀၀ လျှင် အဓိကရုဏ်းနှင့်ဆန္ဒပြမှု အရေအတွက် (#, ၂၀၁၄-၂၀၁၇)	TDI မှ တရားဝင် ထုတ်ပြန်သော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀၀ ၀.၂၀ ၀.၈၃
၁၅။ တစ်နှစ်လျှင် နိုင်ငံသား ၁၀၀၀၀ လျှင်ဖြစ်သည့် လက်နက်ကိုင်တိုက်ပွဲ အရေအတွက် (#, 2018)	TDI မှ တရားဝင် ထုတ်ပြန်သော ဒေတာ	အနိမ့်ဆုံး အလယ်ကိန်း အမြင့်ဆုံး ယခင်နှစ်နှင့် နှိုင်းယှဉ်ဆက်စပ်မှုကိန်း			၀.၀၀ ၀.၀၂ ၀.၄၃

၅

ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စီးပွားရေးအုပ်ချုပ်မှု

ဒေသန္တရ စီးပွားရေးအုပ်ချုပ်မှုကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းအားဖြင့် ပုဂ္ဂလိက စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ရှာဖွေရာတွင် အထောက်အကူဖြစ်စေရန်အတွက် MBEI ကို ဒီဇိုင်းပုံစံရေးဆွဲထားပါသည်။ အထူးသဖြင့် MBEI တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းမှ ဒေသန္တရ စီးပွားရေးအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ ပိုမိုကောင်းမွန်စွာ နားလည် သဘောပေါက်စေရန် တင်ပြထားပါသည်။ စီးပွားရေးလုပ်ငန်းအများစုသည် မြို့နယ်အဆင့် သက်ဆိုင်ရာအစိုးရဌာနဖြင့်သာ ဆက်ဆံဆောင်ရွက်နေရခြင်းဖြစ်သော်လည်း ဥပဒေ၊ အုပ်ချုပ်ရေးနှင့် မူဝါဒအပြောင်းအလဲဆိုင်ရာ ဆုံးဖြတ်ချက်သည် အစိုးရ အထက်လွှာများနှင့်သာ ပိုမိုသက်ဆိုင်လျက်ရှိသည်။ အဆိုပါကိစ္စအများစုမှာ ဗဟိုအစိုးရ လက်ထဲတွင်သာ ရှိနေသေးသော်လည်း များမကြာမီက ပြုလုပ်ပေးခဲ့သည် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့မှုများကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် ဒေသန္တရ စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်စေရေးတွင် ပိုမို၍ ပါဝင်ခွင့်ရရန် လမ်းစပေါ်လာခဲ့သည်။ ယင်းကို ထောက်ခံသည့်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် အုပ်ချုပ်ရေး လုပ်ငန်းကို ပိုမိုကောင်းမွန်စွာဆောင်ရွက်ရန် သို့မဟုတ် မူဝါဒသစ်များ ဖော်ဆောင်ရာတွင် အသုံးပြုနိုင်ရန်အတွက် MBEI တွင် မြောက်မြားစွာသော သတင်းအချက်အလက်များကို ထည့်သွင်းပေးထားပါသည်။ ဤအခန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် စီးပွားရေးအုပ်ချုပ်မှုမှ အားသာချက်၊ အားနည်းချက်များကို ဆန်းစစ်လေ့လာရန်အတွက် MBEI ကို ကျိုးကြောင်းဇစ်မြစ်ရှာဖွေရေး နည်းလမ်းတစ်ခုအဖြစ် မည်သို့ အသုံးပြုနိုင်သည်ကို တင်ပြထားပါသည်။

၅.၁။ ကျိုးကြောင်းဇစ်မြစ်ရှာဖွေရေး နည်းလမ်းများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုမှ တစ်ခုချင်းစီနှင့် နေပြည်တော်တို့၏ သီးသန့် စီးပွားရေး အုပ်ချုပ်မှု ကောက်ကြောင်းကို ထုတ်ယူရန်အတွက် MBEI ကို အသုံးပြုနိုင်ပါသည်။ MBEI ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ကျိုးကြောင်းဇစ်မြစ်သရုပ်ခွဲထုတ်မှုများသည် အုပ်ချုပ်ရေးနှင့် မူဝါဒအပြောင်းအလဲများ ဖော်ဆောင်ရန် စဉ်းစားနေသည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအတွက်လက်ငင်းအသုံးဝင်နိုင်ပါသည်။ ဤစိစစ်လေ့လာမှုမှ ထွက်ပေါ်လာသည့်ရှုထောင့်များသည် မူဝါဒချမှတ်သူများ အတွက် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန် လိုအပ်နေသည့် နယ်ပယ်များကိုသာမက စွမ်းဆောင်ရည် ကောင်းမွန်ပြီးဖြစ်သည့် စီးပွားရေးအုပ်ချုပ်မှု နယ်ပယ်များကိုလည်း စောင့်ကြည့်ရန်၊ ထိန်းသိမ်းရန် ညွှန်ပြနိုင်မည် ဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအတွက် ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရမည့် နယ်ပယ်များကို သိသာထင်ရှားစေရန်အတွက်လည်း အောက်ဖော်ပြပါ စိစစ်လေ့လာမှုတွင် အားသာချက်များနှင့် အားနည်းချက်များကို မီးမောင်းထိုးပြထားပါသည်။

ကြယ်ပုံသဏ္ဌာန် အစက်ချကားချပ် (Starburst Chart) များသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခု၏ အညွှန်းကိန်းခွဲ ပေါင်းစုံပေါ်မှ စွမ်းဆောင်ရည်ကို တစ်ပြိုင်နက် တည်း ဖော်ပြထားသည့်အတွက် ကျွန်ုပ်တို့အနေ ဖြင့် ၎င်း၏ အားသာချက်များနှင့် အားနည်းချက်များကို လွယ်ကူစွာ သိရှိနိုင်ပါသည်။ ထောင့်ဆယ်ထောင့်တစ်ခုချင်းစီ (ဝင်ရိုး)သည် အညွှန်းကိန်းခွဲတစ်ခုစီကို ကိုယ်စားပြုပါသည် (ပုံ ၅.၁ ကိုရှု)။ ဥပမာ ကနဦးကုန်ကျစရိတ်အတွက် ဝင်ရိုးသည် ပထမတွင် နာရီလက်တံလည်သက့ဲသို့ ဗဟိုမှ မြောက်ဘက်သို့ဦးတည် သွားသည်။ ပြည်နယ်/တိုင်းဒေသကြီး၏ ရရှိနိုင်သည့်

ရမှတ်ကို အညွှန်းကိန်းခွဲတစ်ခုစီပေါ်တွင် ဗဟိုတူ စက်ဝိုင်းဆယ်ခုဖြင့် ကိုယ်စားပြုပါသည်။ စက်ဝိုင်းတစ်ခုချင်းစီသည် အပြည့်ကိန်းရမှတ်တစ်ခုကို ကိုယ်စားပြုပါ သည်။ ဗဟိုမှ လာသော ပထမစက်ဝိုင်းသည် တစ်မှတ်နှင့် ချိတ်ဆက်နေပြီး၊ ဗဟိုမှ ဒုတိယစက်ဝိုင်းသည် နှစ်မှတ်နှင့် ချိတ်ဆက်ကာ ကျန်စက်ဝိုင်းများလည်း ဤအစဉ်အတိုင်း သွားပါသည်။ ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီး၏အညွှန်းကိန်းခွဲတစ်ခုစီ ပေါ်မှ ရမှတ်ကို ၎င်းမျဉ်းကြောင်း ဗဟိုမှ မည်မျှဝေးဝေး သွားသည်ဟူသော အချက်ဖြင့် ဆုံးဖြတ်ပါသည်။

အစက်ချကားချပ်များကို ဖတ်ရှုရာ၌ အညွှန်းကိန်းခွဲတစ်ခုစီမှ မျဉ်းကြောင်းရှည်လျားလေလေ ပျမ်းမျှ ရမှတ်ကောင်းလေလေဖြစ်သည်။ သာဓကအားဖြင့် အောက်ဖော်ပြပါ နမူနာ ပြည်နယ်/တိုင်းဒေသကြီး အတွက် ကနဦး ကုန်ကျစရိတ်ဆိုင်ရာ တိုင်းတာချက်ကို စဉ်းစားကြည့်ပါ (ပုံ ၅.၁)။ အပြာရောင်မျဉ်းသည် ဗဟိုမှ ဆန့်ထွက်လာရာ ကနဦး ကုန်ကျစရိတ်၏အမှတ် ၈ နှင့် ၉ စက်ဝိုင်းများကြား ရောက်ရှိလာသည် (ရမှတ်အတိအကျမှာ ၈.၆၁)။ မျဉ်းကြောင်းသည် အစက်ချကားချပ်၏ ထောင့်စွန်းနှင့် နီးကပ်လာလေလေ ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီး၏ရမှတ်မြင့်မားလေလေ ဖြစ်သည်။ အပြန်အလှန်အားဖြင့် စက်ဝိုင်းတစ်ခုခုနှင့် မျဉ်းဖြောင့်တို့ဖြတ်သန်းသည့် အမှတ်သည် ဗဟိုနှင့်နီးကပ်လေလေ အဆိုပါ အညွှန်းကိန်းခွဲပေါ်ရှိပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၏ ရမှတ်သည် နိမ့်ပါးလေလေ (၀ နှင့် နီးကပ်လေလေ) ဖြစ်သည်။ မျဉ်းကြောင်းနှင့် အကြီးဆုံး စက်ဝိုင်းထောင့်စွန်း ထိတွေ့သည့်အခါ အမြင့်ဆုံးရမှတ် ၁၀ မှတ် ရရှိပြီး၊ ဗဟိုမှ မည်သည့်မျဉ်းကြောင်းမှ ဆန့်ထွက်မလာသည့်အခါ အနိမ့်ဆုံးရမှတ် ၀ ကို ရရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး အခုစီတိုင်းသည် အညွှန်းကိန်းခွဲများ အားလုံးပေါ်တွင် ၀ နှင့် ၁၀ ကြားရမှတ်တစ်ခုခု ရရှိကြပါသည်။

အားသာချက်များနှင့် အားနည်းချက်များဆိုသည်မှာ ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီးတစ်ခုအနေဖြင့် စီးပွားရေးအုပ်ချုပ်မှု နယ်ပယ်များတွင် ၎င်း အားသန်ရာ သို့မဟုတ် အားနည်းရာ နေရာများကို ဆိုလိုပါသည်။ အထူးသဖြင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခု၏ အညွှန်းကိန်းခွဲများပေါ်မှ အားသာချက်များဟူသည် (အနက်ရောင်လိုင်းများဖြင့် ကိုယ်စားပြုထားသည့်) အလယ်ကိန်း ကိုယ်စားကပြု ပြည်နယ်/တိုင်းဒေသကြီးထက် သိသိသာသာ ရမှတ် (ပုံ ၅.၁ တွင် အရောင်ခြယ်မျဉ်းများဖြင့် ကိုယ်စားပြုထားသည်) များသော နေရာများ ဖြစ်ကြသည်။ သာဓကအားဖြင့် ပုံ ၅.၁ ပါ နမူနာ ပြည်နယ်/တိုင်းဒေသကြီးသည် ကနဦး ကုန်ကျစရိတ်၊ တရားမဝင်ပေးချေရမှုများနှင့် တရားဥပဒေ စိုးမိုးမှုတို့တွင် အလယ်ကိန်းပြည်နယ်/တိုင်းဒေသကြီးထက် သာလွန်ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည်။ အဆိုပါ နယ်ပယ်များအားယင်းပြည်နယ်/တိုင်းဒေသကြီး၏အားသာ ချက်များဟု ကျွန်ုပ်တို့ ယူဆပါသည်။ တစ်ဖက်တွင်မူ လုပ်သားခန့်ထားနိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်တို့တွင် အရောင်ခြယ်မျဉ်းသည် အနက်ရောင်လိုင်းအောက် သိသိသာသာ ရောက်နေသည်ကို တွေ့ရသည်။ ဤသည်တို့မှာ အားနည်းချက်များဖြစ်ကြပြီး ပြည်နယ်/တိုင်းဒေသကြီး အနေဖြင့် နောင်အနာဂတ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ၌ ယင်းနယ်ပယ်များကို ဦးစားပေးသင့်သည်။

တိုးတက်လာသော သို့မဟုတ် ဆုတ်ယုတ်လာသော လမ်းကြောင်းများမှာမူ ဤကြားကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီး ရမှတ်များ တက်လိုက်ကျလိုက်ဖြစ်နေသော နယ်ပယ်များ ဖြစ်ကြသည်။ ပြည်နယ်/တိုင်းဒေသကြီး အနေဖြင့် လက်ရှိတွင် ယင်းနယ်ပယ်များ၌ အထူးသာလွန်ကောင်းမွန်အောင် မဆောင်ရွက်နိုင်သေးသည့်တိုင် ဤကြားကာလအတွင်း ရမှတ်များ ကောင်းမွန်လာခြင်းသည် တိုးတက်လာမည့် အရိပ်အယောင် ဖြစ်သည်။ ၎င်းတို့သည် ပြည်နယ်/တိုင်းဒေသကြီး မူဝါဒများမှာ တိုးတက်ကောင်းမွန်လျက်ရှိနေပြီး ဆက်လက်ကြိုးပမ်းသွားရမည့် နယ်ပယ်များကို ညွှန်ပြလျက်ရှိသည်။ ဆုတ်ယုတ်မှုပြနေသော အညွှန်းကိန်းခွဲများသည် ခြိမ်းခြောက်မှု အန္တရာယ်ရှိနေသည့် သဘောဖြစ်ပြီး အကယ်၍ ဤအတိုင်းဆက်သွားပါက စီးပွားရေးအုပ်ချုပ်မှုကို ထိခိုက်လာစေနိုင်ပြီး သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၏ စီးပွားခွန်အားကို ကျဆင်းလာစေနိုင်သည်။ ဖြစ်တန်ရာသော အန္တရာယ်များ သို့မဟုတ် ခြိမ်းခြောက်မှုများဆိုသည်မှာမူ မူဝါဒ မအောင်မြင်သော သို့မဟုတ် ဖော်ဆောင်မှု အားနည်းသော နေရာများကို ရည်ညွှန်းသည်။ ပုံ ၅.၂ တွင် အညွှန်းကိန်းခွဲများပေါ်မှ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို မည်သို့သိရှိ နိုင်သည်ကို သရုပ်ပြထားပါသည်။ ၂၀၂၀ ခုနှစ် ပင်မ MBEI ကို ကိုယ်စားပြုသော အရောင်ခြယ်မျဉ်းများသည် ၂၀၁၈ ခုနှစ် ပင်မ MBEI ကို ကိုယ်စားပြုသော အနက်မျဉ်းထူများထက် ပိုမိုရှည်လျားနေပါက ယင်း အညွှန်းကိန်းခွဲများ တိုးတက်လာသည်ဟု အဓိပ္ပါယ်ရပါသည်။ ၂၀၂၀ ရမှတ် နည်းပါးနေပါက အညွှန်းကိန်းခွဲ ဆုတ်ယုတ်လာသည့် သဘောဖြစ်ပါသည်။

မှတ်ပုံတင်ခြင်း အလွန် စည်းမျဉ်း စည်းကမ်းများ၊ အခြေခံ အဆောက်အအုံ၊ ပွင့်လင်းမြင်သာမှုနှင့် လုပ်သားခန့်ထားနိုင်မှု တို့တွင် မြန်မာနိုင်ငံသည် အတော်အတန် ကြီးမားသော တိုးတက်မှုများ ရှိလာသည်ကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ အဆိုပါတိုးတက်လာသော လမ်းကြောင်းများသည် တစ်နိုင်ငံလုံးအတွက် အခွင့်အလမ်းများ ဖြစ်ကြပါသည်။ ပုံ ၅.၂ တွင် ခြိမ်းခြောက်မှုများကို ပြောင်းလဲမှုပမာဏ အနည်းငယ်ဖြင့် မြင်တွေ့ရပြီး၊ ရပ်တန့်နေမှုကို အခြားသော ညွှန်းကိန်းများ၏ အလယ်ကိန်း ရမှတ်များတွင်မြင်တွေ့ ရသည်။ နမူနာ ဂရပ်ပုံတွင် ဖော်ပြထားသည့် ခြိမ်းခြောက်မှု များသည် အခန်း ၂ ပါ ကျွန်ုပ်တို့၏ နှိုင်းယှဉ်နမူနာအုပ်စု စိစစ်လေ့လာမှုနှင့် တိုက်ဆိုင်တူညီလျက်ရှိသည်။ အောက်တွင် ပြည်နယ်/တိုင်းဒေသကြီးများ အားလုံးအတွက် အဆိုပါ စိစစ်လေ့လာမှုကို အကျယ်ချဲ့တင်ပြထားပါသည်။

အစက်ချကားချပ် (Starburst) ကို ဘယ်လိုဖတ်ကြမလဲ ?

အစက်ချကားချပ်သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုချင်းစီအား MBEI ၏ အညွှန်းကိန်းခွဲ ၁၀ ခုလုံးတွင် ၎င်း၏ရမှတ်ကို မြင်သာစေသည်။ အဆိုပါအစက်ချကားချပ်၏ အချွန်ဆယ်ခုမှ တခုစီသည် MBEI၏ အညွှန်းကိန်းခွဲ တခုချင်းစီကို ကိုယ်စားပြုသည်။ အညွှန်းကိန်းတစ်ခုချင်းစီတွင် ပြည်နယ် / တိုင်းဒေသကြီးတစ်ခုကလက်ခံရရှိသည့် MBEI ရမှတ် ၀ မှ ၁၀ ကို ထိုဝင်ရိုးရှိ ရောင်ချယ်အရှည်ဖြင့် ရည်ညွှန်းသည်။ ဗဟိုမှ အပြင်သို့ ရောင်ချယ်ရောက်လေလေ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးသည် အဆိုပါအညွှန်းကိန်းခွဲတွင် အားကောင်းလေလေ ဖြစ်ပါသည်။ ကားချပ် အချွန်အပြည့် ရောင်ချယ်သည် ရမှတ်အပြည့် ၁၀ ကို ဆိုလိုပါသည်။ အညွှန်းကိန်းခွဲတခုစီတွင် အနက်ရောင်လိုင်းမှာ စီးပွားရေးအုပ်ချုပ်မှုတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး၏ အလယ်ကိန်းရမှတ်ဖြစ်ပါသည်။ ပြည်နယ်တစ်ခု သို့မဟုတ်တိုင်းဒေသကြီးတစ်ခု၏ အစက်ချကားချပ်ကို အဓိပ္ပာယ်ဖွင့်ဆိုသည်မှာ ရောင်ချယ်တစ်ခုစီ၏ အတိုင်းအတာအရှည်နှင့် အလယ်ကိန်းမှ နှိုင်းဆအကွာအဝေးကို နှိုင်းယှဉ်ခြင်း ဖြစ်ပါသည်။ ရောင်ချယ်တခုသည် အလယ်ကိန်းထက်ကျော်နေလျှင် ပျမ်းမျှအထက် (ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး၏ ထက်ဝက်ထက်) အဆိုပါအညွှန်းကိန်းခွဲတွင် အပေါ်တွင် ရှိနေပြီး အလယ်ကိန်းအောက်ရောက်နေလျှင် ပျမ်းမျှ အောက်တွင် ဖြစ်သည်။



ပုံ ၅.၁။
အားသာချက်များနှင့် အားနည်းချက်များကို ဖော်ပြသည် နမူနာအစက်ချကားချပ် (Starbust Chart)



ပုံ ၅.၂။
တိုးတက်လာသော နယ်ပယ်များကို ဖော်ပြသည့် နမူနာအစက်ချကားချပ် (Starbust Chart)



၅.၂။ ပြည်နယ်နှင့် တိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်

ကချင်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်

အနှစ်ချုပ်

အလယ်ကိန်း အထက်

- အခြေခံအဆောက်အအုံ
- လုပ်သား ခန့်ထားနိုင်မှု
- သဘာဝပတ်ဝန်းကျင်
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

အလယ်ကိန်း အောက်

- ကနဦး ကုန်ကျစရိတ်
- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- တရားဥပဒေစိုးမိုးမှု

တိုးတက်မှု

- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- အခြေခံအဆောက်အအုံ
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

ဆုတ်ယုတ်မှု

- ကနဦး ကုန်ကျစရိတ်
- တရားမဝင် ပေးချေရမှုများဝင်
- တရားဥပဒေစိုးမိုးမှု

အပြောင်းအလဲမရှိ

- ပွင့်လင်းမြင်သာမှု

ကယားပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- အခြေခံအဆောက်အအုံ
- သဘာဝပတ်ဝန်းကျင်

အလယ်ကိန်း အောက်

- တရားဥပဒေစိုးမိုးမှု
- ပွင့်လင်းမြင်သာမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

တိုးတက်မှု

- မြေအသုံးပြုခွင့်နှင့် လုံခြုံမှု
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- လုပ်သားခန့်ထားနိုင်မှု

ဆုတ်ယုတ်မှု

- တရားဥပဒေစိုးမိုးမှု
- တရားမဝင် ပေးချေရမှုများ
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

အပြောင်းအလဲမရှိ

- သဘာဝပတ်ဝန်းကျင်
- ကနဦး ကုန်ကျစရိတ်
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ

ကရင်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု



အနှစ်ချုပ်

အလယ်ကိန်း အထက်

- ကနဦး ကုန်ကျစရိတ်
- တရားမဝင် ပေးချေရမှုများ
- တရားဥပဒေစိုးမိုးမှု

အလယ်ကိန်း အောက်

- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု

တိုးတက်မှု

- အခြေခံအဆောက်အအုံ
- လုပ်သား ခန့်ထားနိုင်မှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- ပွင့်လင်းမြင်သာမှု

ဆုတ်ယုတ်မှု

- ကနဦး ကုန်ကျစရိတ်
- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု

အပြောင်းအလဲမရှိ

- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- သဘာဝပတ်ဝန်းကျင်
- တရားဥပဒေစိုးမိုးမှု

ချင်းပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- ပွင့်လင်းမြင်သာမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- တရားဥပဒေစိုးမိုးမှု

အလယ်ကိန်း အောက်

- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- လုပ်သား ခန့်ထားနိုင်မှု

တိုးတက်မှု

- ကနဦး ကုန်ကျစရိတ်
- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- လုပ်သား ခန့်ထားနိုင်မှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

ဆုတ်ယုတ်မှု

- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- သဘာဝပတ်ဝန်းကျင်
- တရားဥပဒေစိုးမိုးမှု

အပြောင်းအလဲမရှိ

- မရှိ

စစ်ကိုင်းတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- လုပ်သား ခန့်ထားနိုင်မှု
- တရားဥပဒေစိုးမိုးမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

အလယ်ကိန်း အောက်

- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု

တိုးတက်မှု

- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု

ဆုတ်ယုတ်မှု

- မရှိ

အပြောင်းအလဲမရှိ

- ကနဦး ကုန်ကျစရိတ်
- တရားဥပဒေစိုးမိုးမှု

တနင်္သာရီ တိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- တရားမဝင်ပေးချေရမှု

အလယ်ကိန်း အောက်

- ကနဦး ကုန်ကျစရိတ်
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု
- တရားဥပဒေစိုးမိုးမှု

တိုးတက်မှု

- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- လုပ်သား ခန့်ထားနိုင်မှု

ဆုတ်ယုတ်မှု

- ကနဦး ကုန်ကျစရိတ်
- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- တရားမဝင် ပေးချေရမှုများ
- သဘာဝပတ်ဝန်းကျင်
- တရားဥပဒေစိုးမိုးမှု

အပြောင်းအလဲမရှိ

- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

ပဲခူးတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု



အနှစ်ချုပ်

အလယ်ကိန်း အထက်

- ကနဦး ကုန်ကျစရိတ်
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- တရားဥပဒေစိုးမိုးမှု

အလယ်ကိန်း အောက်

မရှိ

တိုးတက်မှု

- ကနဦး ကုန်ကျစရိတ်
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု
- တရားဥပဒေစိုးမိုးမှု

ဆုတ်ယုတ်မှု

- မြေအသုံးပြုခွင့်နှင့် လုံခြုံမှု

အပြောင်းအလဲမရှိ

မရှိ

မကွေးတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု
- တရားဥပဒေစိုးမိုးမှု

အလယ်ကိန်း အောက်

- ကနဦး ကုန်ကျစရိတ်
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

တိုးတက်မှု

- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု

ဆုတ်ယုတ်မှု

- ကနဦး ကုန်ကျစရိတ်

အပြောင်းအလဲမရှိ

- မြေအသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- တရားဥပဒေစိုးမိုးမှု

မန္တလေးတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်



အနှစ်ချုပ်

အလယ်ကိန်း အထက်

- အခြေခံအဆောက်အအုံ
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု

အလယ်ကိန်း အောက်

- မြေအသုံးပြုခွင့်
- တရားမဝင် ပေးချေရမှုများ
- ပွင့်လင်းမြင်သာမှု
- တရားဥပဒေစိုးမိုးမှု

တိုးတက်မှု

- ကနဦး ကုန်ကျစရိတ်
- မြေအသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- သဘာဝပတ်ဝန်းကျင်
- လုပ်သားခန့်ထားနိုင်မှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

ဆုတ်ယုတ်မှု

- တရားဥပဒေစိုးမိုးမှု

အပြောင်းအလဲမရှိ

- တရားမဝင် ပေးချေရမှုများ

မွန်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- အခြေခံအဆောက်အအုံ
- သဘာဝပတ်ဝန်းကျင်
- တရားဥပဒေစိုးမိုးမှု

အလယ်ကိန်း အောက်

- ကနဦး ကုန်ကျစရိတ်
- မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- ပွင့်လင်းမြင်သာမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- လုပ်သား ခန့်ထားနိုင်မှု

တိုးတက်မှု

- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- သဘာဝပတ်ဝန်းကျင်

ဆုတ်ယုတ်မှု

- မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

အပြောင်းအလဲမရှိ

- ကနဦး ကုန်ကျစရိတ်
- တရားမဝင် ပေးချေရမှုများ
- တရားဥပဒေစိုးမိုးမှု
- လုပ်သား ခန့်ထားနိုင်မှု

ရခိုင်ပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု



အနှစ်ချုပ်

အလယ်ကိန်း အထက်

- ကနဦး ကုန်ကျစရိတ်
- မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု

အလယ်ကိန်း အောက်

- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု

တိုးတက်မှု

- ကနဦး ကုန်ကျစရိတ်
- မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု
- အခြေခံအဆောက်အအုံ
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- လုပ်သား ခန့်ထားနိုင်မှု

ဆုတ်ယုတ်မှု

- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- သဘာဝပတ်ဝန်းကျင်

အပြောင်းအလဲမရှိ

- တရားမဝင် ပေးချေရမှုများ
- ပွင့်လင်းမြင်သာမှု
- တရားဥပဒေစိုးမိုးမှု

ရန်ကုန်တိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- အခြေခံအဆောက်အအုံ
- လုပ်သား ခန့်ထားနိုင်မှု
- ပွင့်လင်းမြင်သာမှု
- သဘာဝပတ်ဝန်းကျင်

အလယ်ကိန်း အောက်

- ကနဦး ကုန်ကျစရိတ်
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားဥပဒေစိုးမိုးမှု
- တရားမဝင် ပေးချေရမှုများ

တိုးတက်မှု

- ကနဦး ကုန်ကျစရိတ်
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု

ဆုတ်ယုတ်မှု

- မရှိ

အပြောင်းအလဲမရှိ

- မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု
- တရားဥပဒေစိုးမိုးမှု

ရှမ်းပြည်နယ်အပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း


၇.၅၅
၆.၂၄
၆.၈၁
၈.၅၃
၅.ဝ
၂.ဝ
ဝ.ဝ
ဝ.ဝ
ဝ

ရောဝတီတိုင်းဒေသကြီးအပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု

အနှစ်ချုပ်

အလယ်ကိန်း အထက်

- မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- ပွင့်လင်းမြင်သာမှု

အလယ်ကိန်း အောက်

- အခြေခံအဆောက်အအုံ
- သဘာဝပတ်ဝန်းကျင်
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

တိုးတက်မှု

- ကနဦး ကုန်ကျစရိတ်
- မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု

ဆုတ်ယုတ်မှု

- မရှိ

အပြောင်းအလဲမရှိ

- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- တရားဥပဒေစိုးမိုးမှု

နေပြည်တော်အပေါ် သရုပ်ခွဲလေ့လာချက်

၂၀၂၀ MBEI နှင့် အလယ်ကိန်း



MBEI ပင်မညွှန်းကိန်းအရကြားကာလပြောင်းလဲမှု



အနှစ်ချုပ်

အလယ်ကိန်း အထက်

- ကနဦး ကုန်ကျစရိတ်
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- သဘာဝပတ်ဝန်းကျင်

အလယ်ကိန်း အောက်

- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

တိုးတက်မှု

- ကနဦး ကုန်ကျစရိတ်
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးချေရမှုများ
- အခြေခံအဆောက်အအုံ
- သဘာဝပတ်ဝန်းကျင်
- လုပ်သား ခန့်ထားနိုင်မှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

ဆုတ်ယုတ်မှု

- တရားဥပဒေစိုးမိုးမှု

အပြောင်းအလဲမရှိ

- မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု
- ပွင့်လင်းမြင်သာမှု

C

သုတေသန နည်းလမ်း

နှစ်တစ်နှစ်ချင်းစီအလိုက် အညွှန်းကိန်းတည်ဆောက်ရာတွင် MBEI အဖွဲ့အနေဖြင့် “C သုံးလုံး” ဟု ခေါ်သော အဆင့်သုံးဆင့်ပါ လုပ်ငန်းစဉ်တစ်ရပ်ကိုအသုံးပြုပြီး ယင်းတို့မှာ (၁) ဒေတာကောက်ယူခြင်း (Collection of data)၊ (၂) အညွှန်း ကိန်းခွဲများ တည်ဆောက်ခြင်း (Construction of sub-indices)၊ (၃) ညွှန်ကိန်းများအား ညှိနှိုင်းပေါင်းစပ်ခြင်းနှင့် အရေးပါမှုအလေးတင်ကိန်းကို တွက်ချက်သတ်မှတ်ခြင်း (Calibration and weighting of final index) တို့ ဖြစ်ကြပါသည်။

၆.၁။ ကောက်ယူခြင်း

အညွှန်းကိန်းခွဲများ တည်ဆောက်ရာတွင် ယေဘုယျဒေတာ အမျိုးအစားသုံးရပ်ကို အသုံးပြုထားပါသည်။ ၎င်းတို့မှာ စစ်တမ်း၊ လေ့လာစောင့်ကြည့်မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဒေတာများဟူ၍ ဖြစ်ကြပါသည်။ လေ့လာစောင့်ကြည့်မှုနှင့် တရားဝင်ထုတ်ပြန်ထားသော ဒေတာများသည် စီးပွားရေး လုပ်ငန်းများ၏ ပုဂ္ဂလဓိဋ္ဌာန် ဆန်းစစ်လေ့လာမှုများအပေါ် အမှီမပြုသည့်အတွက် ၎င်းတို့ကို “hard data (သို့) အမာခံ ဒေတာ” ဟု သတ်မှတ်ထားပါသည်။ ပြန်လည်ဖြေကြားမှုများပါ ထင်မြင်ယူဆချက်များနှင့်သိမှတ်အခြေပြု ဘက်လိုက်မှုများ (anchoring biases) ကို ကိုင်တွယ်ရန်အတွက် hard data များကို အသုံးပြုပါသည် (King et al. ၂၀၀၄)။ အကြောင်းမှာ များစွာသော SME များအနေဖြင့် ၎င်းတို့တည်ရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီးကို ငါးမှတ်ဖိုး အမှတ်ပေးရာ၌ အခြားသော ပြည်နယ်/တိုင်းဒေသကြီးများအကြောင်း လုံလောက်စွာ သိနားချင်မှ နားလည်ကြပေလိမ့်မည်။ ဖွဲ့စည်းမှုပိုင်း ရှိရင်းစွဲ အားသာချက်များ (structural endowments) ၏အကျိုးဆက်ကို တွက်ချက်ရန်နှင့် နောက်ဆုံးထွက်ပေါ်လာသည့်အညွှန်းကိန်း ရမှတ်များကို အညွှန်းကိန်းခွဲနှင့် စီးပွားရေးဝန်းကျင်တို့၏ နှိုင်းရ အရေးပါမှုနှင့် ပြန်လည်ချိန်ညှိရန်အတွက်လည်း Hard data ကို အသုံးပြုပါသည်။

၆.၁.၁။ လေ့လာစောင့်ကြည့်မှုနှင့် တရားဝင်ထုတ်ပြန်ထားသောဒေတာ

MBEI အတွက် Hard data များကို စုဆောင်းရာ၌ စားပွဲတင် သုတေသနပြုခြင်း၊ ၂၀၁၉ နိုဝင်ဘာလမှ ၂၀၂၀ မတ်လ အထိ အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ဖြင့် ကောက်ယူ စုဆောင်းခဲ့ပါသည်။ MBEI ပါ hard data အရင်းမြစ်များတွင် ၂၀၁၉ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ ဒေသန္တရအဆင့် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးများနှင့် အာရှဖောင်ဒေးရှင်း၏ ကွင်းဆင်းသုတေသနအဖွဲ့တို့မှ တိုက်ရိုက် ကောက်ယူစုဆောင်းခဲ့ကြသည့် လေ့လာ စောင့်ကြည့်မှု ဒေတာများနှင့် ဒေသန္တရ အစိုးရလုပ်ငန်းစဉ် များ ပါဝင်ပါသည်။

ယခင်နှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးများဆိုင်ရာ အညွှန်း ကိန်းခွဲများနှင့် နှိုင်းယှဉ်ကြည့်ပါက လက်ရှိ MBEI ၏ ထူးခြားဆန်းသစ်မှုမှာ လေ့လာစောင့်ကြည့်မှု ဒေတာများ ပေါင်းစပ်ထည့်သွင်းထားခြင်းဖြစ်သည်။ ယင်းဒေတာများကို ကောက်ခံရန် သုတေသီများအနေဖြင့် ဒေသန္တရအုပ်ချုပ်ရေး

ရုံးသို့သွားရောက်ခဲ့ကြပြီး အဆိုပါရုံးများကိုလည်း စံသတ်မှတ်ချက်များ ပြုလုပ်၍ အဆင့်သတ်မှတ်ပေးခဲ့ပါသည်။ ယင်းစံသတ်မှတ်ချက်များတွင် အရေးကြီးသော သတင်းအချက်အလက်များကို အများပြည်သူမြင်သာအောင်ပြုလုပ်ပေးခြင်း၊ ဝန်ထမ်းများ၏ အကူအညီပေးနိုင်စွမ်း၊ တောင်းခံသော သတင်းအချက်အလက်ရရှိနိုင်စွမ်း အစရှိသည်တို့ပါဝင်ပါသည်။ သွားရောက်လေ့လာခဲ့သော ရုံးများတွင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး (GAD)၊ စည်ပင်သာယာရေးအဖွဲ့ (DAO)၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများ (DALMs) နှင့် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များလည်း ပါဝင်ပါသည်။

MBEI တွင် Hard data များကို အရေးကြီးသော နည်းလမ်းနှစ်သွယ်ဖြင့် အသုံးပြုထားပါသည်။ ပထမတစ်ခုမှာသိမှတ်အခြေပြု ဘက်လိုက်မှုများဟူ ခေါ်သည်။ စစ်တမ်းကောက်ယူခြင်းခံရသည့် စီးပွားရေးလုပ်ငန်းအား ဒေသန္တရစီးပွားရေး ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ အကဲဖြတ်ခိုင်းသောအခါ မျိုးတွင် ၎င်း၏ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှုများသည် ဒေသတွင်း၌သာ လုံးဝလည်ပတ်နေပြီး အခြား ပြည်နယ်/တိုင်းဒေသကြီးများနှင့် နိုင်းယှဉ်သည့် အနေအထားတွင် မရှိသည့်အတွက် ယင်းသို့သော ဘက်လိုက်မှုဖြစ်ပွားတတ်သည် (King et al . 2004)။ ဥပမာအားဖြင့် မွန်ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့်မှတ်ပုံတင်သည့်လုပ်ငန်းစဉ်များသည် ဒေသတွင်း စံချိန်စံညွှန်းများအရ အတော်အတန် လျင်မြန်ထိရောက်မှုရှိသည်ဟု ထင်မြင်နိုင်စရာရှိသော်လည်း၊ မြန်မာတစ်နိုင်ငံလုံးရှိ မှတ်ပုံတင် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး သိနားလည်ထားပြီး ဓမ္မမိဠာန်ကျကျလေ့လာ တတ်သူတစ်ဦးအတွက်မူ အဖြေမှာ တစ်မျိုးတစ်ဖုံ ဖြစ်နေ ပေလိမ့်မည်။ Hard data သည် ထင်မြင်ယူဆချက်ဘက်လိုက်မှုများမှ ကင်းလွတ်သည်ဖြစ်ရာ ယင်းကို စစ်တမ်းအဖြေများမှ ယင်းသို့သော သိမှတ်အခြေပြု ပြဿနာများကို တည့်မတ်ပေးရန်အတွက် အသုံးပြုနိုင်ပါသည်။

ပုံ ၆.၁ တွင် MBEI ပါ အညွှန်းကိန်းခွဲတစ်ခုချင်းစီအတွက် ပေါင်းစည်းထားသော ညွှန်ကိန်းအမာနှင့် အပျော့များကြားဆက်စပ်မှုကို သရုပ်ဖော်ထားပါသည်။ ဖြစ်စဉ်အများစုတွင် ဆက်နွယ်မှာ အပေါင်းလက္ခဏာ ဆောင်လျက်ရှိပြီး အခြေခံ အဆောက်အအုံ၊ လုပ်သားခန့်ထားနိုင်မှုတို့နှင့် စပ်လျဉ်းသည့် အညွှန်းများဆိုင်ရာ ကိစ္စရပ်တွင်မူ သိသာထင်ရှားစွာ အပေါင်းလက္ခဏာဆောင်လျက်ရှိသည်။ အညွှန်းကိန်းခွဲအချို့တွင် အဆိုပါဆက်နွယ်မှုမှာ အနုတ်သဘောဆောင်နေသည့် အတွက် ယင်းအညွှန်းကိန်းခွဲပါ စစ်တမ်းဒေတာများသည် အချို့သော ဒေသများတွင်ထင်မြင်ယူဆချက်ဘက်လိုက်မှုများ ပါနေသည့် သဘောသက်ရောက်သည်။

ဒုတိယအားဖြင့် ဖွဲ့စည်းမှုပိုင်း ရှိရင်းစွဲအားသာချက်များ သို့မဟုတ် ရေတိုအနေအထားတွင် အစိုးရထိန်းချုပ်မှုမှ ကင်းလွတ်လျက်ရှိသော စီးပွားရေးပတ်ဝန်းကျင် အစိတ်အပိုင်းများကို ရှင်းလင်းတင်ပြနိုင်ရန် hard data ကို အသုံးပြုပါသည်။ ရန်ကုန် စျေးကွက်နှင့် နီးကပ်မှု၊ ဒေသန္တရ စျေးကွက်အရွယ်အစား၊ လူသားအရင်းမြစ် လွယ်လင့်တကူ ရရှိနိုင်စွမ်း အစရှိသည့် ဒေသန္တရဖွဲ့စည်းမှုပိုင်း အားသာချက်များသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေသော်လည်း ခေါင်းဆောင်တစ်ဦးဦး၏ ရာထူး သက်တမ်းအတွင်း ပြောင်းလဲနိုင်စရာ သိပ်မရှိပေ။ ဥပမာ ရန်ကုန်ရှိ စာတတ်မြောက်မှုနှုန်းသည် စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်သည့် ဒေသန္တရအလုပ်သမားထု၏ အရည်အသွေးကို ထင်ဟပ်နေနိုင်စရာ ရှိသော်လည်း ဒေသန္တရ အစိုးရ၏ တို့ပြန်ဆောင်ရွက်မှုကြောင့် ရေတိုကာလအတွင်း များစွာပြောင်းလဲသွားနိုင်စရာ မရှိပေ။ အလားတူစွာပင် မူဆယ်ရှိစီးပွားရေးလုပ်ငန်းများအတွက်တရုတ်စျေးကွက်နှင့် နီးကပ်စွာ တည်ရှိနေမှုသည် ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှု ရှိသော်လည်း ဒေသန္တရ စီးပွားရေး အုပ်ချုပ်မှုနှင့် သက်ဆိုင်မှု မရှိသကဲ့သို့ ပြောင်းလဲသွားနိုင်စရာလည်း မရှိပေ။ သို့ဖြစ်ပါ၍ MBEI တွင် အဆိုပါ အကြောင်းတရားများ၏ သက်ရောက်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် လူသားအရင်းအနှီး၊ စျေးကွက်နှင့် နီးကပ်တည်ရှိမှုတို့အပေါ် စစ်တမ်းအရင်းမြစ်များမှ မဟုတ်သော နောက်တိုးဒေတာများဖြင့် ပေါင်းစပ်ပေးထားပါသည်။

၆.၁.၂။ နိုင်ငံလုံးကျွတ် စီးပွားရေး စစ်တမ်း

MBEI အတွက် “Soft” သို့မဟုတ် ထင်မြင်ယူဆချက် ဒေတာများကို နိုင်ငံလုံးကျွတ် စီးပွားရေး စစ်တမ်းတစ်ခုဖြင့် ကောက်ယူခဲ့ပါသည်။ ယင်းစစ်တမ်းသည် MBEI အတွက် အလွန်ထူးခြားပြီး အဘက်ဘက်မှ အကျိုးကျေးဇူးပြုပါသည်။ အဆိုပါ စစ်တမ်းသည် အညွှန်းကိန်းခွဲများပါ အဓိကကိစ္စရပ်များကို ထင်ဟပ်မှုရှိပြီး၊ စီးပွားရေး လုပ်ငန်းများ၊ မူဝါဒချမှတ်သူများနှင့် ဆွေးနွေးမှုများမှ ရလဒ်ကိုလည်း ပေါင်းစပ်ထည့်သွင်းထားပါသည်။ အထက်တွင် တင်ပြခဲ့သည့် အတိုင်း မေးခွန်းများအားလုံးသည် မြို့နယ်အရာရှိများနှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများအပေါ် အာရုံစူးစိုက်ထားပါသည်။

စစ်တမ်းတွင် အကြောင်းအရာအလိုက် စုစည်းထားသော အစိတ်အပိုင်း တစ်ဆယ့်နှစ်ခုပါရှိပြီး လူတွေ့မေးမြန်းမှု အခြေအနေများကို ဆန်းစစ်ရန် ထည့်သွင်းထားသည့် အဆုံးသတ် ထိန်းချုပ်မေးခွန်းတစ်စုံလည်း ထည့်သွင်းထားပါသည်။ ပထမအစိတ်အပိုင်းတွင် ဖြေကြားပေးသည့် စီးပွားရေးလုပ်ငန်းများ၏ အခြေခံသတင်းအချက်အလက်များကို စုဆောင်းပြီး နောက်ပိုင်း အစိတ်အပိုင်းပါ အကြောင်းအရာများမှာမူ အညွှန်းကိန်းခွဲမျိုးစုံနှင့် ဆက်စပ်လျက်ရှိပါသည်။ ဥပမာ ကနဦးကုန်ကျစရိတ်နှင့် သက်ဆိုင်သည့် အစိတ်အပိုင်းတွင် စီးပွားရေးလုပ်ငန်းတစ်ခု မှတ်ပုံတင်ရန် ကြာမြင့်သည့် ရက်ပေါင်းနှင့် ပြုဖွယ်ရှိသည့် လုပ်ငန်းကိစ္စအဝဝကိုပါ

ပုံ ၆.၁။

MBEI ပါ Soft Data နှင့် Hard Data များကြား ဆက်နွယ်ချက်



ဖော်ပြခိုင်းသည်။ ဒီဇိုင်းပုံစံအားဖြင့် MBEI ပါ မေးခွန်းများ၏ ၂၀%ခန့်သည့် (ဗီယက်နမ်နိုင်ငံပြည်နယ်အဆင့်ပြိုင်ဆိုင်မှု ညွှန်းကိန်း (PCI) သို့မဟုတ် ကမ္ဘာ့ဘဏ် စီးပွားရေး လုပ်ငန်းစစ်တမ်းကို အခြေခံထားသည့်အလျောက်အခြား နိုင်ငံများတွင်ရှိ EGI များနှင့် ထပ်တူနီးပါးဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှိုင်းယှဉ်မှုပြုနိုင်သည်။ နမူနာကောက်ယူသည့် စီးပွားရေးလုပ်ငန်းများအား တဲ့တိုးမေးမြန်းမှုများ အပြင် အကဲဆတ်သော မေးခွန်းများ မေးမြန်းရာ၌ဖြေဆိုသူကို ကွယ်ဝှက်မေးမြန်းနိုင်သည့် စမ်းသပ်စာရင်းများကဲ့သို့ ဆန်းသစ်မှုများကိုလည်း MBEI စစ်တမ်းတွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။

သုတေသန အဖွဲ့အနေဖြင့် MBEI စစ်တမ်းကို မြန်မာဘာသာသို့ လုံးစေ့ပတ်စေ့ ပြန်ဆိုခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများ ပြုလုပ်ပြီး စစ်တမ်းကိုစမ်းသပ်ခြင်း၊ ပြင်ဆင်ခြင်းတို့အပြင် နောက်ဆုံး စစ်တမ်း နမူနာ၏ အစိတ်အပိုင်းတစ်ရပ်ကိုလည်း ရှေ့ပြေးစမ်းသပ်မှုပြုလုပ်ခဲ့ပါသည်။ စစ်တမ်းအား မြန်မာဘာသာသို့ ပြန်ဆိုရာ၌ ကနဦးပြန်ဆိုထားသည့် မြန်မာဘာသာမူကို တတိယလူမှ အင်္ဂလိပ်ဘာသာသို့ ထပ်မံပြန်ဆိုခြင်းအားဖြင့် ဆိုလိုရင်းချွတ်ချော်တိမ်းပါးမှု မရှိရလေအောင် စိစစ်ပြီးနောက်ယင်းကို အခြေခံ၍ မြန်မာဘာသာမူကို ပြန်လည်ပြင်ဆင်ပါသည်။[၂၇] ယင်းနောက် အဆိုပါအင်္ဂလိပ်နှင့် မြန်မာမူနှစ်ရပ်ကို အာရှ ဖောင်ဒေးရှင်းနှင့် DaNa Facility မှ ဝန်ထမ်းများက စစ်ဆေးပြီး လိုအပ်သလို ပြင်ဆင်မှုများ ပြုလုပ်ကြပါသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်းတွင် စစ်တမ်းပါ အကြောင်းအရာ၊ စောင့်ကြည့်လေ့လာမှု ဒေတာ ကောက်ယူ စုဆောင်းခြင်းနှင့် ကွင်းဆင်းဆောင်ရွက်ရာ၌ တွေ့ကြုံရမည့် မျှော်မှန်းအခြေအနေတို့ကို စမ်းသပ်စစ်ဆေးရန် အလို့ငှာ MBEI စစ်တမ်းကို ရန်ကုန်တိုင်းဒေသကြီး (တောင်ဒဂုံ) နှင့် ဧရာဝတီတိုင်းဒေသကြီး (ဖျာပုံ) တို့၏ မြို့နယ်နှစ်ခုတွင် ရှိသော စီးပွားရေးလုပ်ငန်းသုံးဆယ်၌ ရှေ့ပြေးစီမံချက်အဖြစ် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက်တွင် စီးပွားရေး လုပ်ငန်းရှင်များပေးနိုင်သော အချိန်အကန့်အသတ်နှင့် ကိုက်ညီစေရန် အပြင် သဘောတရားများကို ရှင်းလင်းစေရန် အတွက် စစ်တမ်းကို အတော်အတန် ချုံ့ပစ်ခဲ့ရပါသည်။ အဆုံးသတ် MBEI စစ်တမ်းကို ဖြေဆိုရန်အတွက် အချိန် တစ်နာရီမှ နှစ်နာရီအထိ လိုအပ်ပါသည်။

၆.၁.၃။ နမူနာကောက်ယူသည့် မူဘောင်

၂၀၂၀ ခုနှစ် MBEI သုတေသန နည်းလမ်း၏ အရေးကြီးသော အပြောင်းအလဲတစ်ခုမှာ အသစ် နမူနာ ကောက်ယူသည့် စီးပွားရေး လုပ်ငန်း ၄,၄၀၅ ခုအတွက် နမူနာမူဘောင်သစ် တစ်ရပ် အသုံးပြုထားခြင်း ဖြစ်ပါသည်။ ဖြစ်တန်စွမ်း နမူနာ ကောက်ယူနည်းကို အသုံးပြုထားသည့် စစ်တမ်းအားလုံး သည် စိတ်ဝင်စားသည့် လူဦးရေအပေါ် ခြုံငုံမှုရှိသော အရည်အသွေးမြင့် နမူနာကောက်ယူသည့် မူဘောင်ပေါ် အားပြုထားပါသည်။ ယခုနှစ်တွင် ကျွန်ုပ်တို့အတွက် ကံကောင်းသည့် အချက်မှာ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ စီးပွားရေး လုပ်ငန်းများ မှတ်ပုံတင်အချက်အလက်စာရင်း အင်းကို အသုံးပြုခွင့်ရခြင်းပင် ဖြစ်ပါသည်။ ယင်းတွင် မြို့နယ်စည်ပင်ရုံး သို့မဟုတ် မြို့တော်စည်ပင် ကော်မတီ (CDC) မှ လုပ်ငန်းလိုင်စင် ရရှိထားသည့် စီးပွားရေးလုပ်ငန်း တစ်ခုစီတိုင်း သာမက ရင်နှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) သို့မဟုတ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (DISI) မှ မှတ်ပုံတင် စာရွက်ရရှိထား သည့် အရေအတွက် မြောက်မြားလှစွာသော စီးပွားရေး လုပ်ငန်းများကိုလည်း မှတ်တမ်းတင်ထားပါသည်။[၂၈] လက်ရှိ ဒေတာဘေ့စ်တွင် စီးပွားရေး လုပ်ငန်းပေါင်း ၂၂၇,၉၀၄ ခု၏ ဆက်သွယ်ရန် လိပ်စာနှင့်တကွ ဂဏန်းလေးလုံးပါ စီးပွားရေး လုပ်ငန်းများ အမျိုးအစားခွဲခြားခြင်းဆိုင်ရာ မြန်မာ့စံပြု သင်္ကေတများ (MSIC) ကို အသုံးပြု ခွဲခြားထားသည့် လုပ်ငန်းကဏ္ဍအမျိုးအစားပါ ပါဝင်ပါသည်။

MBEI သုတေသန အသင်းမှ ၂၀၁၉ ခုနှစ် MBEI အစီရင်ခံစာပါ မြို့နယ် ၆၇ မြို့နယ်မှ စီးပွားရေးလုပ်ငန်းများ စာရင်းကို ဦးစွာပထမ တောင်းခံပါသည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ဆယ့်လေးခုနှင့် နေပြည်တော်တို့မှ ကျန် မြို့နယ်များတွင်ရှိသော စီးပွားရေး လုပ်ငန်းများစွာ၏ စုပေါင်းဒေတာများကိုလည်း တောင်းခံခဲ့ပါသည်။ စုပေါင်း မြို့နယ်ဒေတာများမှနေ၍ အရွယ်အစားအလိုက် အချိုးတူ ဖြစ်တန်စွမ်း (PPS) နမူနာကောက်ယူမှုကို အသုံးပြုကာ ရခိုင်၊ ရန်ကုန်၊ ပဲခူး၊ တနင်္သာရီနှင့် ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့မှ မြို့နယ် တစ်ဆယ့်လေးခုကို ထပ်မံထည့်သွင်းပါသည်။ စစ်တမ်းကောက်ယူစဉ်အတွင်း အချို့သော မြို့နယ်များအားလုံးခြုံရေးအရသော်လည်းကောင်း၊ မျှော်မှန်းထားသော နမူနာအရွယ်အစားထက် သေးငယ်နေ၍ သော်လည်းကောင်း ဖယ်ရှားလိုက်ရသည်ဖြစ်၍ ချင်း၊ ကယား၊ ရခိုင်၊ ရှမ်း၊ တနင်္သာရီနှင့် ရန်ကုန်တို့မှ ထပ်တိုး မြို့နယ်စာရင်းများ တောင်းခံခဲ့ရပါသည်။ အဆုံးသတ်တွင် မြို့နယ်ပေါင်း ၈၅ ခုမှ လုပ်ငန်းပေါင်း ၁၀၀,၃၉၆ ပါရှိသည့် လုပ်ငန်းအဆင့် နမူနာမူဘောင်တစ်ရပ်ကို ရရှိခဲ့ပြီး ယင်းကို လုပ်ငန်းပေါင်း ၄၄၀၅ ပါရှိသည့် အလွှာလိုက်ကျပန်း နမူနာကောက်ယူမှုအတွက် အသုံးပြုခဲ့ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့မှ နမူနာကောက်ယူရရှိသည့် လုပ်ငန်း များအပြင် ၂၀၁၈ ခုနှစ် MBEI စစ်တမ်းပါ နဂိုမူလ ၆၇ မြို့နယ်မှ နမူနာကောက်ယူခဲ့သည့် လုပ်ငန်း ၁၂၀၀ မှ ဖြေကြားမှုများကိုလည်း ထည့်သွင်းထားပါသည်။ Panel စီးပွားရေးလုပ်ငန်းများအတွက် နမူနာကောက်ယူသည့် မူဘောင်မှာ ၂၀၁၈ ခုနှစ် MBEI တွင် ဖြေကြားသူ ၄၈၇၆ ဦး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် MBEI နမူနာကိုမူ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) မှ ပေးအပ်သည့် နမူနာမူဘောင်မှ ထုတ်ယူထားခြင်း

ဖြစ်ပြီး ၎င်းတွင် ဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် အလုပ်သမား စုံစမ်းရေးဒေတာဘေ့စ်မှ လုပ်ငန်းပေါင်း ၆၀,၀၀၀ ပါဝင်ပါသည်။ နှစ်နှစ်လုံးစာ စစ်တမ်းများ ဖြေဆိုပေးသည့်အပြင် အုပ်ချုပ်ရေးပိုင်းမှ အပြောင်းအလဲကို ဆန်းစစ်လေ့လာရန် ထူးခြားသော ရှုထောင့်တစ်ခုပါရှိသည့် စီးပွားရေးလုပ်ငန်း နှိုင်းယှဉ်နမူနာအုပ်စုဒေတာ တစ်ခုရွေးချယ်ရန် အဆိုပါ လုပ်ငန်း ၁၂၀၀ကို အသုံးပြုပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့မှ ရရှိသော ဒေတာများ၏ အားသာချက်များမှာ အခြားသော ဒေတာများထက် ပိုမိုရှိ၍ တစ်နိုင်ငံလုံးစာ ခြုံငုံနိုင်မှုရှိပြီး MBEI ပထမအကြိမ် အချိန်သတ်မှတ်ချက် အတွင်း ရရှိနိုင်ခြင်း ဖြစ်သည်။ သို့သော် အားနည်းချက်အချို့ လည်း ရှိနေပြန်ပါသည်။ အဆိုပါဒေတာ အစုအဝေးပါ များစွာသော စီးပွားရေးလုပ်ငန်းများမှာ အပြင်တွင် တကယ် မရှိခြင်း၊ နှစ်အတော်ကြာကပင် လုပ်ငန်းလည်ပတ်မှုမရှိတော့ ခြင်းတို့ကို ကြုံတွေ့ရပါသည်။ ဤအားနည်းချက်ကြောင့် ပင်လျှင် လိပ်စာမရှိ၊ တုံ့ပြန်ဖြေဆိုမှု မရှိသော နှုန်းထားမှာ တိုးပွားလာပြီး စိစစ်လေ့လာမှုပြုရာတွင်လည်း အမှားဖြစ်စေ နိုင်စရာ ရှိပါသည်။ အောက်တွင် ယင်းကိစ္စကို အသေးစိတ် ဆွေးနွေးထားပါသည်။

၆.၁.၄။ ကျပန်းနမူနာကောက်ယူသော လုပ်ငန်းစဉ်

နမူနာမူဘောင်များ ရွေးချယ်ပြီးသည်နှင့် နမူနာကောက်ယူ သည့် ဒီဇိုင်းပုံစံကို ဆက်လက်ဆောင်ရွက်ရပါသည်။ ၂၀၁၈ ခုနှစ် MBEI သုတေသနနည်းလမ်းကို ဖန်တီးရေးဆွဲစဉ်က သုတေသနအဖွဲ့အနေဖြင့် ကြီးစွာသော စိန်ခေါ်မှုနှင့်ရင်ဆိုင် ခဲ့ရပါသည်။ MBEI စီမံကိန်း ပန်းတိုင်များအရ မူဝါဒဆိုင်ရာ သုတေသန လိုအပ်ချက်အတိုင်း ဒေတာများကို တပေါင်းတည်း သော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ကြည့်ရှု၍ နိုင်မည့် ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအပြင် မြို့နယ်အဆင့်များအထိပါ ကိုယ်စားပြုမှုရှိသော ရလဒ်များ ထွက်ပေါ်ရန် လိုအပ်သည်။ ယင်းစိန်ခေါ်မှုကို ပိုမိုကြီးမား စေသည့် အချက်မှာ MBEI တွင် များစွာကွဲပြားခြားနားသော တုံ့ပြန်မှုမရှိလှသော ဖြေကြားသူအရေအတွက် အမြောက် အမြား ရှိလာနိုင်စရာရှိခြင်းပင် ဖြစ်သည်။ အကယ်၍ ဤစီမံကိန်းတွင် များစွာသော ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးမှု နည်းပါးသော ဒေသများမှ သာမန်စီးပွားရေးလုပ်ငန်းများ တွေ့ကြုံနေရသည့်အုပ်ချုပ်ရေးကိုတိုင်းတာရန်အမှန်တကယ် ကြိုးစားသည် ဆိုပါက လုံလောက်သော စာတတ်မြောက်မှု၊ ကွဲပြားခြားနားသောသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စများကို နားလည်ခြင်းတို့သာမက ပုံသေ စာပို့သင်္ကေတအမှတ်တို့ကို လျှော့တွက်၍ မရပေ။ ဤသို့ဖြင့် ကွဲပြားခြားနားသော အကြောင်းအရာများကို ရှင်းပြနိုင်ရန် အလို့ငှာ MBEI စစ်တမ်းကောက်ယူရာတွင် လူကိုယ်တိုင်ဆောင်ရွက်ရန် လိုအပ်ပြီး လူတွေ့မေးမြန်းသူဦးရေ မြောက်မြားစွာနှင့် ထောက်ပို့ကူညီမှု များစွာ စီစဉ်ပေးရန် လိုအပ်လာခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ဒီဇိုင်းပုံစံချသည့်အဆင့်ပါ အဆိုပါရှုပ်ထွေးမှု များကြောင့် သုတေသနအဖွဲ့အနေဖြင့် ကိုယ်စားပြုမှုရှိပြီး ကွင်းဆင်းလူတွေ့မေးမြန်းသူများ ခရီးထွက်ရသည့် အတိုင်း အတာကို သင့်တင့်လျောက်ပတ်သော အဆင့်တစ်ခုအထိ လျှော့ချပေးနိုင်မည့် အဆင့်များစွာပါဝင်သော နည်းဗျူဟာ တစ်ခုကို အသုံးပြုရမည်ဟု နားလည်သိရှိခဲ့သည်။ သုတေသီ များအနေဖြင့် ပထမအလွှာ နမူနာကောက်ယူရမည့် ယူနစ် (မြို့နယ်များကို ဆိုလို) အရေအတွက် အနည်းငယ်ပါဝင် သော်လည်း ဦးရေအဆင့် (ပြည်နယ်နှင့် တိုင်းဒေသကြီးကို ဆိုလို) ၌ ကိုယ်စားပြုမှုကို ထိန်းထားရန် လိုအပ်သည့် အဆင့်များစွာပါဝင်သော သုတေသန ပြဿနာရပ်မျိုးနှင့် ရင်ဆိုင်ရသည့်အခါမျိုးတွင် ရွေးချယ်သင့်သည့် နည်းလမ်းမှာ အရွယ်အစားအလိုက် အချိုးတူ ဖြစ်တန်စွမ်း (PPS) ဖြင့် နမူနာကောက်ယူခြင်းပင် ဖြစ်သည်။ PPS တွင် သုတေသီ အနေဖြင့် နမူနာကောက်ယူသည့် ယူနစ်တစ်ခုချင်းစီကို ဦးရေ အရွယ်အစားဖြင့် အလေးတင်ကိန်း ထိန်းညှိသည်။ ၎င်းကို

ပုံ ၆.၂။
အရွယ်အစားအလိုက် အချိုးတူ ဖြစ်တန်စွမ်း (PPS) ဖြင့် နမူနာကောက်ယူခြင်း သရုပ်ပြပုံ



အလွယ်ကူဆုံး စဉ်းစားနိုင်မည့် နည်းလမ်းမှာ ဝယ်ယူသည့် ထီလက်မှတ်အရေအတွက်အားအလေးထားသည်.ထီဆုစနစ် ပုံစံဖြစ်ပြီး ဤတွင် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုတွင်ရှိ စီးပွားရေး လုပ်ငန်းတစ်ခုစီကို ထီလက်မှတ်တစ်စောင်စီ ပေးဝေထားမည်။ စီးပွားရေး လုပ်ငန်းပေါင်း ၁၀,၀၀၀ ရှိသည့် မြို့နယ်သည် စီးပွားရေး လုပ်ငန်းပေါင်း ၁၀၀၀ ရှိသော မြို့နယ်ထက် ရွေးချယ်ခံရမှု ဖြစ်တန်ခြေ ၁၀ ဆ ပိုမိုများပြားပါသည်။ စီးပွားရေး လုပ်ငန်းပေါင်း ၁၀၀,၀၀၀ ရှိသော မြို့နယ်ဆိုပါက ရွေးချယ်ခံရမှု ဖြစ်တန်ခြေအဆ ၁၀၀ ပိုမိုများပြားမည် ဖြစ်သည်။

ပုံ ၆.၂ တွင် ချိန်ဆထားသည့် ထီ အလုပ်လုပ်ပုံကို သရုပ်ပြထားသည်။ ဥပမာ သုတေသီတစ်ဦး လေ့လာလျက်ရှိသည့် ပြည်နယ်တွင်စုစုပေါင်းစီးပွားရေးလုပ်ငန်းဦးရေအရွယ်အစား (P) ၁၀၅၀ ရှိသည့်မြို့နယ်လေးခုရှိသည် ဆိုပါစို့။ ခရီးစရိတ်နှင့် ကွင်းဆင်းလေ့လာစရိတ်မှာ မြို့နယ်နှစ်ခုစာသာရှိသော်လည်း ၎င်းတို့ကို ကျပန်း ရွေးချယ်မည် ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်အတွက် ကျယ်ပြန့်သည့် ကိုယ်စားပြုမှု ရှိစေမည် ဖြစ်သည်။ သုတေသီမှ မြို့နယ် "လက်မှတ်များ" ကို ပထမ မြို့နယ်အတွက် ၁ မှ ၁၅၀၊ ဒုတိယ မြို့နယ်အတွက် အမှတ်စဉ် ၅၁ မှ ၃၃၀၊ တတိယမြို့နယ်အတွက် ၃၃၁ မှ ၅၃၀၊ စတုတ္ထမြို့နယ်အတွက် ၅၃၁ မှ ၁၀၅၀ အထိ အမှတ်စဉ်မှတ်ပြီး ခွဲဝေလိုက်သည်။ ပြီးနောက် အမှတ်စဉ် ၁ မှ P/၂=၅၂ ကြား နံပါတ်တစ်ခုကို ကျပန်းရွေးချယ်လိုက်ပြီး ၎င်း အမှတ်စဉ်ကို ၅၂၆ ဖြင့် ပေါင်း၍ တွက်ချက်သည်။

အကယ်၍ ကျပန်းရွေးချယ်မိသည့် နံပါတ်မှာ ၂၀၀ ဖြစ်ပါက သုတေသီသည် မြို့နယ် ၂ နှင့် ၄ ရရှိထားသည့် လက်မှတ် အမှတ်စဉ် ၂၀၀ နှင့် ၇၂၅ ကို ယူမည်ဖြစ်သည်။ ဤနည်းဖြင့် လုပ်ငန်းဦးရေအထူထပ်ဆုံးသော မြို့နယ်ကို အလွယ်တကူ ရွေးချယ်ဖြစ်မည်ကို သတိပြုပါ။

သို့ဖြစ်ပါ၍ PPS ကို အသုံးပြုပါက ရွေးချယ်ရာတွင် ကျပန်းပြုလုပ်နိုင်သည့်အတွက် ကိုယ်စားပြုမှု ပိုမိုထွက်ပေါ်လာနိုင်စရာရှိသော်လည်း သိသာထင်ရှားသည့် ရလဒ် တစ်ခုမှာ လုပ်ငန်းဦးရေ ထူထပ်သည့် မြို့နယ်များမှာ ပိုမို ရွေးချယ်ခံရနိုင်ခြေရှိနေခြင်း ဖြစ်သည်။ အချို့အနေဖြင့် ဤသည်ကို ဘက်လိုက်မှုဟု ယူဆနိုင်သော်လည်း သုတေသန အဖွဲ့ငယ်အနေဖြင့်မူ ထိုသို့သော ဘက်လိုက်မှုမျိုးကို အလိုရှိသည်။ သတိပြုရန် အရေးကြီးသည်မှာ MBEI သည် စီးပွားရေး လုပ်ငန်းများ၏ အစိုးရအုပ်ချုပ်ရေးပိုင်း၊ အစိုးရ ဝန်ဆောင်မှု ရရှိသည့်အပိုင်းနှင့် စပ်လျဉ်းသည့် အတွေ့အကြုံကို တိုင်းတာ

ပုံ ၆.၃။
အဆင့်နှစ်ဆင့်ပါ MBEI နမူနာကောက်ယူခြင်း နည်းဗျူဟာ



နေခြင်းဖြစ်သည်။ သို့ဖြစ်ရာ သုတေသီများအနေဖြင့် ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီး တစ်ခုအတွင်းရှိ စီးပွားရေးလုပ်ငန်းအရေအတွက် အမြောက်အမြားပေါ် သက်ရောက်လျက်ရှိသည့် အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုများအကြောင်းကို သိရှိလိုသည်မှာ သဘာဝကျပေသည်။ PPS အသုံးပြုခြင်း၏ ကြီးစွာသော အကျိုးကျေးဇူးမှာ သုတေသနအဖွဲ့ငယ်များ၏ ကွင်းဆင်းစရိတ်ကို လျှော့ချနိုင်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတွေ့မေးမြန်းမှု တစ်ခု၊ နှစ်စုစာအတွက် မေးမြန်းမည့်သူများအား ကွာဝေးလွန်းလှသည့် နေရာဒေသများသို့စေလွှတ်ရန်မလိုတော့သောကြောင့်ဖြစ်သည်။ ရွေးချယ်ထားသည့် နေရာများတွင်သာ အာရုံထားပြီးအင်တိုက်အားတိုက် ဆောင်ရွက်၍ ရနိုင်သွားသည်။

ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုချင်းစီရှိမြို့တော်သတ်မှတ်ထားသည့် မြို့နယ်ကို "ဧကန် ယူနစ်" အဖြစ် အလိုလျောက် ရွေးချယ်ပြီး နောက်တိုးမြို့နယ်များစွာကိုမူ PPS နမူနာ ကောက်ယူနည်းဖြင့် ကျပန်း ရွေးချယ်သည်။ အရေးကြီးသည့် အစိုးရလုပ်ငန်းဆောင်တာများနှင့် ဝန်ဆောင်မှုများကို ပြည်နယ်၏ အချက်အချာကျသော မြို့နယ်များ၌သာ ဆောင်ရွက်လေ့ရှိကြသည့်အတွက် ဧကန်ယူနစ်ထားရှိရန် လိုအပ်သည်။

ဧကန်ယူနစ်အား ကျပန်းရွေးချယ်ထားခြင်း မဟုတ်သည့် ကိစ္စကို ကိုင်တွယ်သည့်အနေဖြင့် ဒေတာများ စိစစ်လေ့လာရာတွင် ပြောင်းပြန် ဖြစ်တန်ခြေ (Inverse probability) အလေးတင်ကိန်းများကို ကျွန်ုပ်တို့အသုံးပြုခဲ့ကြပါသည်။ နောက်တိုး မြို့နယ်များ၏ အရေအတွက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးတွင်ရှိမြို့နယ်အရေအတွက်နှင့် ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းများ၏ စုစုပေါင်းအရေအတွက်ပေါ် မူတည်၍ ကွာဟသွားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ ကြားတွင်ရှိပြန်လည်ဖြေကြားမှုမရှိသည့် နှုန်းထား ကွာဟချက်ကို တည့်မတ်ရန်နှင့် နမူနာသည် နောက်ကွယ်မှ တကယ့် ဦးရေကို ကောင်းစွာထင်ဟပ်မှုရှိစေရန်အတွက် အလွှာခွဲပြီးနောက် အလေးတင်ကိန်းကိုလည်း အသုံးပြုထားပါသည်။[JE]

အထက်ပါယုတ္တိဗေဒအတိုင်းလိုက်၍ သုတေသန အဖွဲ့ငယ်သည် အောက်တွင် ဖော်ပြထားသည့် ပုံ ၆.၂ ပါ အတိုင်း လုပ်ငန်းသစ် ၄၄၀၅ အတွက်ရော နှိုင်းယှဉ်နမူနာအုပ်စုမှ လုပ်ငန်းများ ၁၂၀၀ အတွက်ပါ နှစ်ဆင့်ခံ နမူနာကောက်ယူနည်းကို အသုံးပြုခဲ့ပါသည်။ ပထမအဆင့်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ဆယ့်ငါးခုရှိမြို့နယ်များကို အရွယ်အစား အလိုက် အချိုးတူ ဖြစ်တန်စွမ်းဖြင့် နမူနာကောက်ယူခြင်း (PPS) ကို အသုံးပြု၍ ရွေးချယ်လိုက်သည်။ သုတေသနဒီဇိုင်း ပုံစံတွင် မြို့နယ်အဆင့်အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိကျသော လူဦးရေ ခန့်မှန်းချက်ပါရှိသည်။ ဒုတိယအနေဖြင့် ဗဟိုစာရင်းအင်းအဖွဲ့ နမူနာမူဘောင်တွင် တင်ပြထားသည့်အတိုင်း စီးပွားရေးလုပ်ငန်းများ၏ အလွှာလိုက် ကျပန်းနမူနာ (ပြည်နယ်/တိုင်းဒေသကြီးများ) ကို ရွေးချယ်ထားသည့် မြို့နယ်တစ်ခုချင်းစီမှနေ၍ ကဏ္ဍ အမျိုးအစား (ဝန်ဆောင်မှု၊ လက်ကား / လက်လီ၊ ကုန်ထုတ်လုပ်ရေး / ဆောက်လုပ်ရေး) အလိုက် ကောက်ယူသည်။ အလွှာလိုက် နမူနာကောက်ယူခြင်း၏ အားသာချက်များ

ပုံ ၆.၄။
MBEI အလွှာဖြင့် အမျိုးအစားခွဲထားသော နမူနာမြို့နယ်များပြမြေပုံ



အနက် တစ်ခုမှာ ဦးရေခန့်မှန်းချက်များ ပိုမိုကောင်းမွန်ပြီး နမူနာကောက်ယူရာတွင် အမှားအယွင်း လျော့ပါးစေခြင်း ဖြစ်သည်။ အားနည်းချက်အနေဖြင့်မူ ကောင်းမွန်ပြည့်စုံမှု မရှိသော နမူနာမူဘောင်တစ်ရပ်တွင်လည်း အလွှာအဆင့်များကို ထိန်းသိမ်းနေရခြင်းဖြစ်သည်။ ပုံ ၆.၃တွင်ပြည်နယ်နှင့် တိုင်းဒေသကြီးမှသည် မြို့နယ်အထိ MBEI ရွေးချယ်ကောက်ယူရေး နည်းဗျူဟာ အပြည့်အစုံကို တင်ပြထားပြီး ပုံ ၆.၄၌မူ တစ်နိုင်ငံလုံးရှိ နမူနာကောက်ယူခဲ့သည့် မြို့နယ်များ၏ မြေပုံကို ဖော်ပြထားပါသည်။

ဤအဆင့်နှစ်ဆင့်ပါ ပုံစံတွင် စိတ်ဝင်စားစရာကောင်းသည့် အချက်သုံးပိုင်းရှိပါသည်။ ရှေ့ဖော်ပြပါအခန်း ၁တွင် ကျွန်ုပ်တို့ ပြုလုပ်ခဲ့ကြသည့် အုပ်ချုပ်ရေးနှင့် လူမှုဖူလုံရေးကြားဆက်နွယ်ချက်ဆိုင်ရာ စိစစ်လေ့လာမှုအတိုင်းပင် ဒေသန္တရ စီးပွားရေးအုပ်ချုပ်မှုကို အများဆုံးဆောင်ရွက်လေ့ရှိရာ မြို့နယ်အဆင့်မှ ကွာဟချက်ကို တစ်ဖက်တွင် ထောက်လှမ်းနိုင်ပါလိမ့်မည်။ ထို့အပြင် မြန်မာနိုင်ငံအဝှမ်းမှ လုပ်ငန်းဆောင်ရွက်မှုပိုမိုကောင်းမွန်သည့် မြို့နယ်များကို ရှာဖွေဖော်ထုတ်ပြီးမည်သို့သောကိုင်တွယ်ဆောင်ရွက်မှုများကြောင့် ဤသို့ ကောင်းမွန်ရသည်ကို မီးမောင်းထိုးပြနိုင်သည်။ အခြားတစ်ဖက်တွင်မူ နမူနာ ကောက်ယူသည့် ပုံစံကြောင့် MBEI တွင် မြို့နယ်အဆင့် တွေ့ရှိချက်များကို ပေါင်းစပ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တွေ့ရှိချက်များကိုပါ တင်ပြ၍ ရနိုင်စေသည်။ ထိုအခါအစိုးရနှင့် သက်ဆိုင်ရာ အကျိုးစီးပွားဆက်နွယ်သူများသို့ ပိုမိုအားကောင်းသည့် တင်ပြချက် ပြုလုပ်နိုင်ပြီး မြန်မာ့စီးပွားရေးအုပ်ချုပ်မှု ပိုမိုကောင်းမွန်အောင်အရေးဆိုရာတွင်ပိုမိုအလားအလာကောင်းသည့် အခွင့်အလမ်းများ ရရှိစေသည်။ အဆင့်နှစ်ဆင့်ပါ လုပ်ငန်းစဉ်၏ နောက်ထပ် အကျိုးကျေးဇူးတစ်ခုမှာ ၎င်းနည်းလမ်းသည် စီးပွားရေးအရ အကျုံးဝင်မှု အရှိဆုံး ယူနစ်များကို ရွေးချယ်နိုင်ခြေ မြင့်မားစေသည့်အတွက် သာမန်ရိုးရိုး ကျပန်းရွေးချယ်နည်းထက်စာလျှင် စရိတ်ကျဉ်းပြီး ထောက်ပို့ကူညီမှုပိုင်းတွင်လည်း ပိုမိုရှိ လွယ်ကူစေသည်။ တစ်ချိန်တည်းမှာပင် ကျပန်းဖြစ်သည့်အတွက် အထိရောက်ဆုံးနှင့် ဘက်လိုက်မှု အနည်းဆုံးသော လုပ်ငန်းဦးရေ ခန့်မှန်းအရေအတွက်ကို ထွက်ပေါ်စေသည်။

ဤဒီဇိုင်းပုံစံ၏ အားနည်းချက်တစ်ခုမှာ စစ်တမ်းအတွက် ရွေးချယ်သည့် မြို့နယ်များသည် နေရာဒေသ အားလုံးမှ မျှတစုံလင်စွာ ပါဝင်လိမ့်မည်ဟု အာမခံချက် မပေးနိုင်သည့်အတွက် လေ့လာလိုသော လူဦးရေ အုပ်စုခွဲများစွာ (ဥပမာ တိုင်းရင်းသား လူနည်းစုများ၊ ပဋ္ဌိပက္ခ သက်ရောက်မှုဒဏ်ခံရသော လူများ) ကို လွတ်သွားနိုင်စရာရှိသည်။

ထို့အပြင်လည်း ကျပန်း နမူနာအတွက် MBEI အဖွဲ့မှနေ၍ ပြန်လည်ဖြေကြားပေးသူများအား ကွင်းဆင်း စိစစ်မှုတချို့ ပြုလုပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ကောက်ယူသည့် နမူနာသည် အစိုးရအရာရှိများနှင့် ထိတွေ့ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသည်ဆိုသော အချက်ကို သေချာစေရန် သုတေသနအဖွဲ့အနေဖြင့် အလုပ်ရှင် အပါအဝင် (လခစား အလုပ်သမား အနည်းဆုံး တစ်ဦးပါဝင်သည့်) အလုပ်သမား လေးဦးထက်မနည်းရှိသော လုပ်ငန်းများကို ဦးစားပေးလေ့လာပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့၏ မူဘောင်တွင် ထိုကဲ့သို့လုပ်ငန်းများအတွက် တရားဝင်ကုဒ်အမှတ်အသား (ပါရှိပါက အလွန်တရာ အဆင်ပြေလိမ့်မည်ဖြစ်သော်ငြားလည်း) တစ်စုံတစ်ရာ မပါရှိသည့်အတွက် အင်ယေစားစီးပွားရေးလုပ်ငန်းများကို စိစစ်မှုပြုလုပ်ခြင်းသည် တရားဝင်စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှုများကို ဖော်ထုတ်နိုင်ရာ၌ ဖြစ်နိုင်ခြေ ပိုမိုတိုးပွားလာသည်။ အလုပ်သမား ၄ဦးထက် လျော့နည်းသည့် လုပ်ငန်းများ အားလုံးကို MBEI ပါ စီးပွားရေး လုပ်ငန်းများ စာရင်းသစ်မှ ဖယ်ထုတ်လိုက်ပါသည်။ ရှေ့နောက် ညီညွတ်မှုရှိစေရေးအတွက် အချို့သော အသေးစားစီးပွားရေး လုပ်ငန်းများကို နှိုင်းယှဉ်နမူနာအုပ်စု သရုပ်ခွဲလေ့လာမှုတွင် ဆက်လက်ထားရှိပါသည်။ မှတ်ပုံတင်ထားသည့် လုပ်ငန်း အနေဖြင့်လုပ်ငန်းအမျိုးအစားဆိုင်ရာ သက်ဆိုင်တမှန်ကန်ခြင်း၊ သို့မဟုတ် ပိုင်ရှင်အမည်သည် မှတ်ပုံတင်အမည်ပေါက် ပိုင်ရှင်အမည်နှင့် ကွာခြားနေခြင်းတို့ရှိပါက အဆိုပါက လုပ်ငန်းများကို ချန်လှပ်ထားခဲ့ပါသည်။

၆.၁.၅။ နမူနာ အရွယ်အစား

စစ်တမ်းဒေတာများကို နောက်ဆုံး သန့်စင်ခြင်း၊ တွက်ချက်အသုံးပြုခြင်းတို့မပြုလုပ်ရသေးခင်တွင် MBEI စစ်တမ်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ဆယ့်လေးခုနှင့် နေပြည်တော်တို့ရှိ မြို့နယ်ပေါင်း ၈၅ ခုမှ လုပ်ငန်းပေါင်း ၅၆၀၅ ခု နီးပါးမျှ ပါဝင်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ မတ်လအတွင်း လုပ်ငန်းပေါင်း ၃၀,၀၀၀ ကျော် တစ်နည်းအားဖြင့် CSO ဒေတာစာရင်းပါ မြန်မာ့ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအားလုံး၏ ၁၃.၆%နီးပါးကို လေ့လာရန် ဆောင်ရွက်ခဲ့သည့် နိုင်ငံလုံးကျွတ် အင်တိုက်အားတိုက် ကွင်းဆင်း ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြင့် ယင်းဒေတာများအား ကောက်ယူစုဆောင်းခဲ့ခြင်း ဖြစ်ပါသည်။

ကိုးစားလောက်သော ခန့်မှန်းချက်များ[၃၀] ထွက်ပေါ်ရန် လိုအပ်သည့်မြို့နယ်နှင့် စီးပွားရေးလုပ်ငန်းအရေအတွက်ကို အခြေခံ၍ MBEI အတွက် နမူနာအရွယ်အစား လျာထားချက်ကို တွက်ချက်ပြီး ကွင်းဆင်းလုပ်ငန်းစဉ် ဆောင်ရွက်စဉ်အတွင်း အလိုက်သင့် ပြုပြင်ပြောင်းလဲခဲ့သည်။[၃၁] အသုံးပြုသည့် နမူနာ ကောက်ယူသည့် လုပ်ငန်းစဉ်အရ နမူနာမြို့နယ် တစ်ခုချင်းစီအတွင်းရှိ နမူနာအရွယ်အစားတွက်ချက်မှုများပေါ် မူတည်၍ စီးပွားရေး လုပ်ငန်းအရေအတွက် စုစုပေါင်း ထွက်ပေါ်လာသည် ဖြစ်ရာ လူဦးရေ နည်းပါးသည့်မြို့နယ် အတွက် နမူနာအနည်းငယ်သာ လိုအပ်သည်။ MBEI အတွက် လိုအပ်သော နမူနာအရွယ်အစားဆိုင်ရာ ကနဦး ခန့်မှန်းချက်များကို လူဦးရေ အရွယ်အစား၊ အဖြေများမှ ကြိုတင် ခန့်မှန်းထားသည့် ကွာဟချက်နှင့် ၂၀၁၈ ခုနှစ်မှ

ရရှိသည့် ပြန်လည်ဖြေကြားခြင်း မပြုသည့်အတိုင်းအတာ တို့အပေါ် အခြေခံသော်လည်း၊ အဆုံးသတ်နမူနာ အရွယ် အစားများမှာမူ စစ်တမ်းဒေတာများ ကောက်ယူစုဆောင်းမှု၏ သာမန်တွေ့ကြုံနေကျ စိန်ခေါ်မှုများနှင့်တကွ မြန်မာနိုင်ငံ စီးပွားရေးဦးရေ၏ ပကတိ အရွယ်အစားနှင့် သဘောသဘာဝ ဆိုင်ရာ တွေ့ရှိချက်များတို့ကို ထင်ဟပ်လျက်ရှိပါသည်။

ဇယား ၆.၂ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီမှ ရွေးချယ်ခဲ့သည့်မြို့နယ်များ၊ လုပ်ငန်းအသစ်နှင့် နှိုင်းယှဉ်နမူနာ အုပ်စုနှစ်မျိုးလုံးအတွက် သတ်မှတ်ထားသည့် နမူနာအပြင် အခြေခံ နမူနာကောက်ယူရေး ယူနစ်တစ်ခုချင်းစီအတွက် ထည့်သွင်းပေးထားသည့် အဆုံးသတ် နမူနာစီးပွားရေး လုပ်ငန်းများကို စာရင်းပြုစုထားပါသည်။ ထို့အပြင်လုပ်ငန်း အသစ်များနှင့် နှိုင်းယှဉ်နမူနာအုပ်စု လုပ်ငန်းများအတွက် ကိစ္စသုံးရပ်ဆိုင်ရာ ဒေတာများကို ပေးထားပါသည်။

၁) **သတ်မှတ်နှုန်းထား။** အလုပ်သမား လေးဦးထက် မနည်း ရှိသည့် စီးပွားရေးလုပ်ငန်းများကို စစ်ထုတ်ပြီးနောက် ကျွန်ုပ်တို့ရရှိခဲ့သည့် သတ်မှတ်အရေအတွက် ဖြစ်သည်။ ပြည်ထောင်စုအဆင့် သတ်မှတ်အရေအတွက် ၁၀၀% ရရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးနီးပါးအတွက် အစားထိုးဖြည့်စွက်မှု ပြုလုပ်ကာ မြို့နယ်တိုင်းအတွက် ပျမ်းမျှ ၈၄% သတ်မှတ်အရေအတွက် ပြည့်မီအောင် ကျွန်ုပ်တို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော်လည်း အချို့သော မြို့နယ်များ၌ ကျွန်ုပ်တို့အနေဖြင့်သတ်မှတ် အချိုးအစား ပမာဏကို ပြည့်မီအောင် မပြုလုပ်နိုင်ခဲ့၍ ပြည်နယ် တိုင်းဒေသကြီးအဆင့် သတ်မှတ်ပမာဏ ပြည့်မီစေရန် မြို့နယ်အသစ်များ ဖြည့်စွက်ခဲ့ရပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခုကို အစားထိုးမည်ဆိုပါက ၂၀၁၈ ခုနှစ် MBEI တွင် စစ်တမ်း ကောက်ယူခဲ့ဖူးသည့် လုပ်ငန်းဖြင့်သာ အစားထိုး၍ ရနိုင်သည့်အတွက် Panel စီးပွားရေး လုပ်ငန်းများအတွက် သတ်မှတ်လျာထား ချက်ပြုလုပ်ရာ၌ သာ၍ပင် ခက်ခဲပါသည်။ ဤသို့သော အခြေအနေတွင် ကျွန်ုပ်တို့အနေဖြင့် တူညီသော ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ အခြားသော မြို့နယ် များမှ နမူနာ ပိုမိုကောက်ယူခြင်းဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းပါသည်။

၂) **ဆက်သွယ်ခဲ့သည့်နှုန်းထား။** အလုပ်သမား လေးဦးထက် မနည်းရှိပြီး စိစစ်ညှိနှိုင်းမှု မပြုရသေးသည့် စီးပွားရေး လုပ်ငန်းအရေအတွက်ကို ဆိုလိုပြီး ၎င်းတို့ကို ရှာဖွေ ဖော်ထုတ်ပြီးနောက်ဆုံး၌ စစ်တမ်းကောက်ယူခဲ့ပါသည်။ ပြန်လည်ဖြေကြားခြင်းမခံရသည့်အဓိက အကြောင်းရင်း များမှာ လုပ်ငန်းရပ်စဲသွားခြင်း၊ အခြားမြို့နယ်သို့ ပြောင်းရွှေ့သွားခြင်း၊ နမူနာမူဘောင်တွင် ဖော်ပြထား သည့် လုပ်ငန်းကဏ္ဍအမျိုးအစားနှင့် ကွဲပြားနေခြင်း၊ စာရွက်ပေါ်တွင်သာရှိသည့် တံလျှပ်စီးပွားရေးလုပ်ငန်း ဖြစ်နေခြင်း၊ လိပ်စာမှားယွင်းခြင်း သို့မဟုတ်ထပ်နေခြင်း၊ ပိုင်ရှင်ပြောင်းသွားခြင်း၊ လုံခြုံရေးအခြေအနေသို့မဟုတ် လမ်းပန်းဆက်သွယ်ရေးအရ သွားရောက်ရန်ခက်ခဲခြင်း၊ လုပ်ငန်းရှင်ကို ဆက်သွယ်၍ မရခြင်း၊ အခကြေးငွေ ပေးထားသည့်ဝန်ထမ်းမရှိခြင်း၊ သို့မဟုတ်အစိုးရမသက် ဆိုင်သူ တစ်ဦးဦး လုပ်ကိုင်လျက်ရှိသည့် အကျိုးအမြတ် မယူသော လုပ်ငန်းဖြစ်နေခြင်းတို့ ဖြစ်ကြပါသည်။ ပြည်ထောင်စုအဆင့် စိစစ်ညှိနှိုင်းမှု မပြုရသေးသော ဆက်သွယ်ခဲ့သည့် နှုန်းထားမှာ လုပ်ငန်းသစ်များအတွက် ၁၈% ဖြစ်ပြီး နှိုင်းယှဉ်နမူနာအုပ်စု လုပ်ငန်းများအတွက် ၄၆% ဖြစ်ပါသည်။ ယခင်စစ်တမ်းမှ လွန်စွာတိကျသော ဆက်သွယ်ရန် အချက်အလက်များနှင့် ဂျီပီအက်စ် ကိုညြွှဒိနိတ်များ ရရှိခဲ့ခြင်းကြောင့် panel လုပ်ငန်းများသို့ ဆက်သွယ်နိုင်သည့် နှုန်းထားမှာ ပိုမိုမြင့်မားခဲ့ပါသည်။

၃) **ငြင်းဆိုခဲ့သည့်နှုန်းထား။** ပိုင်ရှင်အမှန်ရှိပြီး တိုက်ဆိုင် စစ်ဆေးသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော် လည်း စစ်တမ်းဖြေဆိုရန် ငြင်းဆန်ခဲ့ကြသည့် ကျွန်ုပ်တို့ အောင်မြင်စွာ ဆက်သွယ်နိုင်ခဲ့သော စီးပွားရေး လုပ်ငန်းများ အရေအတွက်ကို ပြုစုထားသည့်စာရင်း ဖြစ်ပါသည်။ ငြင်းပယ်သည့် နှုန်းထားမှာ ပြည်ထောင်စု အဆင့်အားဖြင့် အောင်မြင်စွာ ဆက်သွယ်မှုပြုလုပ်နိုင်ခဲ့ သည့် လုပ်ငန်းသစ်များ အနက် ၄၃% ရှိပြီး နှင့် panel လုပ်ငန်းများအတွက် ၃၅% ရှိပါသည်။

နည်းဗျူဟာနှင့် မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများအရ အလုပ်များသည့် စီးပွားရေးလုပ်ငန်း မန်နေဂျာများနှင့် ဒါရိုက်တာများကို စစ်တမ်းကောက်ယူရာ၌ ၃၀% ဟူသည် လက်ခံနိုင်လောက်သည့် ငြင်းပယ်နှုန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အနေဖြင့် ငြင်းပယ်နှုန်းနိမ့်ပါးသည့်အပေါ် အလွန်တရာမှ စိတ်ကျေနပ်မိပါသည်။ ကျွန်ုပ်တို့၏တင်းကြပ် လှသော စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် မှန်ကန်သော စီးပွားရေးလုပ်ငန်းများကို ဖော်ထုတ်ရာ၌ အခက်အခဲများစွာကို ကျော်လွှားပြီးသည့်နောက်ယင်းလုပ်ငန်းများ၏ အများစုသော ပမာဏကြီးမှာ စစ်တမ်းဖြေဆိုရန် လက်ခံခဲ့ကြသည်။

အရေးပါသည့် အချက်တစ်ချက်မှာ ဖြေဆိုမှုအသစ်များ အနက် ၈၇% ကို လုပ်ငန်းသစ်များ၏ အမှုဆောင် အရာရှိ များ သို့မဟုတ် အထွေထွေ ညွှန်ကြားရေးမှူးများမှ စစ်တမ်း မေးခွန်းများကို ရေးသားဖြေဆိုပေးခဲ့ကြပြီး၊ ၇၆% သော panel လုပ်ငန်းရှင်များမှ တိုက်ရိုက်ဖြေဆိုပေးခဲ့ကြပါသည်။ လုပ်ငန်းပိုင်ရှင်ကိုယ်တိုင် အချိန်မပေးနိုင်ပါက ၎င်းအောက် ရာထူးအကြီးဆုံးဖြစ်သည့် မန်နေဂျာမှ ဖြေဆိုပေးသည့် နှုန်းထားမှာ လုပ်ငန်းသစ်များအနက် ၉% ရှိပြီး panel လုပ်ငန်းများအနက် ၁၆% ရှိပါသည်။ ထိပ်ဆုံးရှိဆုံးဖြတ်ချက် ချမှတ်နိုင်သူများမှ စစ်တမ်းဖြေကြားပေးခဲ့ခြင်းကြောင့် စစ်တမ်းမေးခွန်းများနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတ များ တိကျကောင်းမွန်စွာရှိသည့် အချက်ကို အာမခံချက် ပေးနိုင်ပါသည်။

ဇယား ၆.၁။

အဆုံးသတ် နမူနာအရွယ်အစားနှင့် မြို့နယ်အလိုက် ဖြေကြားခြင်းမပြုသည့်နှုန်း

ပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်	CSO နမူနာဘောင်အရလုပ်ငန်းအသစ်များ					၂၀၁၈ နမူနာဘောင်မှ ရွေးချယ်ထားသော လုပ်ငန်းတူများ				
	စာရင်း ကောက်ယူရန် သတ်မှတ်ချက်	ကောက်ယူ ရရှိမှု	ကောက်ယူ ရရှိမှု နှုန်း	ဆက်သွယ် ခွဲသည့် နှုန်းထား	ငြင်းဆို ခွဲသည့် နှုန်းထား	စာရင်း ကောက်ယူရန် သတ်မှတ်ချက်	ကောက်ယူ ရရှိမှု	ကောက်ယူ ရရှိမှု နှုန်း	ဆက်သွယ် ခွဲသည့် နှုန်းထား	ငြင်းဆို ခွဲသည့် နှုန်းထား
ကချင်ပြည်နယ်	**၂၁၀**	**၂၁၀**	**၁၀၀%**	**၃၀%**	**၁၅%**	၆၆	၆၆	၁၀၀%	၇၂%	၁၃%
မြစ်ကြီးနား	၁၀၈	၁၀၈	၁၀၀%	၃၃%	၁၆%	၄၀	၄၀	၁၀၀%	၇၄%	၁၅%
မိုးညှင်း	၅၁	၅၁	၁၀၀%	၄၀%	၀%	၁၃	၁၃	၁၀၀%	၉၃%	၀%
ဗန်းမော်	၅၁	၅၁	၁၀၀%	၂၁%	၂၄%	၁၃	၁၃	၁၀၀%	၅၄%	၁၉%
ကယားပြည်နယ်	**၁၉၈**	**၁၇၁**	**၈၆%**	**၁၄%**	**၃၉%**	**၄၁**	**၄၁**	**၁၀၀%**	**၄၂%**	**၄၈%**
ဒီမောဆိုး	၅၃	၁၉	၃၆%	၁၇%	၅၃%	၂	၂	၁၀၀%	၁၀၀%	၀%
ဖရူဆိုး	၀	၀	-	၀%	၁၀၀%	၂	၂	၁၀၀%	၁၀၀%	၀%
လွိုင်ကော်	၁၄၅	၁၄၅	၁၀၀%	၁၄%	၃၆%	၃၇	၃၇	၁၀၀%	၄၀%	၅၁%
ဖားဆောင်း		၇	-	၁၈%	၂၂%	၀	၀	-	-	-
ကရင်ပြည်နယ်	၂၀၅	၂၀၅	၁၀၀%	၂၃%	၂၃%	၅၈	၅၅	၉၅%	၆၆%	၁၈%
ဘားအံ	၉၉	၉၉	၁၀၀%	၂၄%	၃၀%	၁၉	၁၉	၁၀၀%	၇၆%	၁၇%
ဖာပွန်	၁၁	၁၁	၁၀၀%	၂၄%	၁၅%	၁၄	၁၁	၇၉%	၄၈%	၃၅%
မြဝတီ	၉၅	၉၅	၁၀၀%	၂၂%	၁၄%	၂၅	၂၅	၁၀၀%	၇၁%	၇%
ချင်းပြည်နယ်	၁၉၃	၁၆၂	၈၄%	၂၅%	၁၆%	၄၂	၃၀	၇၁%	၇၁%	၁၄%
တီးတိန်	၂၈	၂၈	၁၀၀%	၇၈%	၀%	၇	၅	၇၁%	၇၁%	၁၇%
မတူပီ	၄၅	၄၇	၁၀၄%	၃၂%	၂၅%	၀	၀	-	-	-
ဟားခါး	၇၂	၇၄	၁၀၃%	၂၁%	၁၁%	၂၀	၁၇	၈၅%	၈၅%	၆%
ဖလမ်း	၄၈	၁၃	၂၇%	၁၁%	၃၅%	၁၅	၈	၅၃%	၅၃%	၂၇%
စစ်ကိုင်းတိုင်း	၄၆၈	၄၄၅	၉၅%	၂၆%	၄၃%	၁၁၆	၁၁၆	၁၀၀%	၅၂%	၃၆%
သာစည်	၉၈	၃၆	၃၇%	၁၈%	၆၀%	၁၂	၁၂	၁၀၀%	၅၀%	၃၃%
ဒီပဲရင်း	၉၂	၄၇	၅၁%	၁၈%	၂၅%	၁	၁	၁၀၀%	၁၃%	၇၅%
မုံရွာ	၁၄၁	၁၈၁	၁၂၈%	၃၀%	၄၈%	၄၈	၄၈	၁၀၀%	၅၇%	၃၇%
ရွှေဘို	၁၃၇	၁၈၁	၁၃၂%	၂၉%	၃၅%	၅၅	၅၅	၁၀၀%	၅၁%	၃၄%
တနင်္သာရီတိုင်း	၂၈၉	၁၃၁	၄၅%	၄%	၄၀%	၇၂	၄၉	၆၈%	၄၀%	၂၉%
လောင်းလုံ	၃၄	၁၄	၄၁%	၃၃%	၄၂%	၀	၀			-
ထားဝယ်	၅၅	၄၀	၇၃%	၁၁%	၃၄%	၃၈	၂၇	၇၁%	၅၀%	၁၆%
ဘုတ်ပြင်း	၃၄	၁၇	၅၀%	၅၃%	၂၉%	၀	၀			-
ကော့သောင်း	၅၀	၃၁	၆၂%	၉%	၄၈%	၃၂	၂၀	၆၃%	၃၁%	၄၃%
မြိတ်	၁၁၆	၂၂	၁၉%	၁%	၄၁%	၂	၂	၁၀၀%	၅၀%	၀%
ပုလော		၇	-	၇%	၄၂%	၀	၀	-	-	-
ပဲခူးတိုင်း	၅၈၄	၅၆၇	၉၇%	၃၄%	၃၃%	၅၉	၅၉	၁၀၀%	၅၀%	၃၇%
ဖြူး	၉၂	၇၅	၈၂%	၃၃%	၄၁%	၁၇	၁၇	၁၀၀%	၃၉%	၅၁%
အုတ်တွင်း	၂၃	၂၃	၁၀၀%	၂၀%	၅၀%	၁၄	၁၄	၁၀၀%	၆၁%	၁၃%
ပဲခူး	၁၁၉	၁၁၉	၁၀၀%	၃၅%	၃၅%	၂၈	၂၈	၁၀၀%	၅၄%	၃၃%
ပေါင်းတည်	၇၆	၇၆	၁၀၀%	၃၅%	၃၄%	၀	၀	-	-	-
မကွေး	၂၁၁	၂၁၁	၁၀၀%	၃၃%	၃၁%	၅၃	၅၃	၁၀၀%	၆၁%	၁၃%
တောင်တွင်းကြီး	၆၃	၆၃	၁၀၀%	၄၅%	၆%	၃	၃	၁၀၀%	၁၀၀%	၀%
မကွေး	၈၅	၈၅	၁၀၀%	၃၁%	၄၀%	၂၅	၂၅	၁၀၀%	၅၂%	၁၄%
ပခုက္ကူ	၆၃	၆၃	၁၀၀%	၂၉%	၃၆%	၂၅	၂၅	၁၀၀%	၆၉%	၁၄%
မန္တလေးတိုင်း	၄၇၄	၄၇၄	၁၀၀%	၁၉%	၅၉%	၁၁၈	၁၁၈	၁၀၀%	၅၀%	၄၃%
ချမ်းအေးသာဇံ	၉၄	၉၄	၁၀၀%	၁၃%	၇၆%	၀	၀	-	-	-
မြင်းခြံ	၅၃	၅၃	၁၀၀%	၂၉%	၁၂%	၂၇	၂၇	၁၀၀%	၆၆%	၂၉%
ကျောက်ပန်းတောင်း	၅၁	၅၁	၁၀၀%	၄၆%	၇%	၇	၇	၁၀၀%	၆၄%	၃၆%
ချမ်းမြသာစည်	၈၉	၈၉	၁၀၀%	၁၆%	၆၁%	၄၉	၄၉	၁၀၀%	၄၄%	၄၈%
ပုသိမ်ကြီး	၅၀	၅၀	၁၀၀%	၂၉%	၄၃%	၀	၀	-	-	-
ပြင်ဦးလွင်	၅၁	၅၁	၁၀၀%	၂၀%	၅၉%	၃၅	၃၅	၁၀၀%	၄၇%	၄၅%
မဟာအောင်မြေ	၈၆	၈၆	၁၀၀%	၁၆%	၅၈%	၀	၀	-	-	-
မွန်ပြည်နယ်	၂၉၉	၂၉၉	၁၀၀%	၃၁%	၃၅%	၇၅	၇၁	၉၅%	၅၆%	၂၀%
မော်လမြိုင်	၁၅၈	၁၅၈	၁၀၀%	၂၈%	၃၄%	၄၃	၄၃	၁၀၀%	၄၉%	၂၆%

ပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်	CSO နမူနာဘောင်အရလုပ်ငန်းအသစ်များ					၂၀၁၈ နမူနာဘောင်မှ ရွေးချယ်ထားသော လုပ်ငန်းတူများ				
	စာရင်း ကောက်ယူရန် သတ်မှတ်ချက်	ကောက်ယူ ရရှိမှု	ကောက်ယူ ရရှိမှု နှုန်း	ဆက်သွယ် ခဲ့သည့် နှုန်းထား	ငြင်းဆို ခဲ့သည့် နှုန်းထား	စာရင်း ကောက်ယူရန် သတ်မှတ်ချက်	ကောက်ယူ ရရှိမှု	ကောက်ယူ ရရှိမှု နှုန်း	ဆက်သွယ် ခဲ့သည့် နှုန်းထား	ငြင်းဆို ခဲ့သည့် နှုန်းထား
ပေါင်	၁၀၁	၁၀၁	၁၀၀%	၃၁%	၃၈%	၂၂	၂၂	၁၀၀%	၇၃%	၄%
ရေး	၄၀	၄၀	၁၀၀%	၄၅%	၂၉%	၁၀	၆	၆၀%	၆၀%	၂၅%
ရခိုင်ပြည်နယ်	၆၇၁	၄၃၆	၆၅%	၃၇%	၂၈%	၇၃	၄၉	၆၇%	၆၆%	၁၃%
စစ်တွေ	၁၄၈	၁၅၆	၁၀၅%	၃၂%	၄၅%	၂၇	၂၇	၁၀၀%	၅၂%	၂၁%
ကျောက်တော်	၀	၀	-	-	-	၆	၀	၀%	-	-
တောင်ကုတ်	၁၃၆	၉၀	၆၆%	၃၃%	၁၇%	၂၂	၂၂	၁၀၀%	၁၀၀%	၀%
မြောက်ဦး	၀	၀	-	-	-	၁၈	၀	၀%	-	-
ဓ	၃၄၉	၃၈	၁၁%	၃၀%	၁၄%	၀	၀	-	-	-
ရန်ကုန်တိုင်း	၄၇၆	၄၇၆	၁၀၀%	၁၅%	၅၀%	၁၂၇	၁၃၃	၁၀၅%	၆၅%	၂၀%
လသာ	၃၇	၃၇	၁၀၀%	၁၅%	၅၈%	၁၀	၁၁	၁၁၀%	၈၅%	၀%
လမ်းမတော်	၃၆	၃၆	၁၀၀%	၁၂%	၆၅%	၉	၉	၁၀၀%	၆၉%	၁၀%
ပုဇွန်တောင်	၃၇	၃၇	၁၀၀%	၁၆%	၄၀%	၁၃	၁၅	၁၁၅%	၇၁%	၆%
လှိုင်သာယာ	၅၀	၅၀	၁၀၀%	၁၄%	၅၅%	၁၈	၂၀	၁၁၁%	၅၃%	၄၁%
ရန်ကင်း	၂၇	၂၇	၁၀၀%	၁၉%	၃၃%	၀	၀	-	-	-
ဒဂုံမြို့သစ်(ဆိပ်ကမ်း)	၂၇	၂၇	၁၀၀%	၁၅%	၄၀%	၁၆	၁၆	၁၀၀%	၄၆%	၃၃%
မရမ်းကုန်း	၅၀	၅၀	၁၀၀%	၁၂%	၄၉%	၁၆	၁၇	၁၀၆%	၉၄%	၀%
ဗဟန်း	၃၇	၃၇	၁၀၀%	၁၃%	၆၃%	၁၅	၁၅	၁၀၀%	၆၃%	၂၁%
မြောက်ဥက္ကလာပ	၅၀	၅၀	၁၀၀%	၂၀%	၄၁%	၁၄	၁၄	၁၀၀%	၇၈%	၁၈%
တိုက်ကြီး	၂၇	၂၇	၁၀၀%	၂၃%	၃၁%	၇	၆	၈၆%	၅၀%	၁၄%
ဒဂုံမြို့သစ်(တောင်)	၇၁	၇၁	၁၀၀%	၁၆%	၄၂%	၉	၁၀	၁၁၁%	၇၇%	၁၇%
အလုံ	၂၇	၂၇	၁၀၀%	၁၄%	၅၈%	၀	၀	-	-	-
ရှမ်းပြည်နယ်	၈၆၂	၅၄၀	၆၃%	၉%	၅၄%	၂၂၇	၂၁၃	၉၄%	၂၉%	၅၄%
မိုးမိတ်	၅၆	၁၇	၃၀%	၁၀%	၆၇%	၄၇	၂၅	၅၃%	၄၂%	၄၄%
ကျိုင်းတုံ	၇၂	၈	၁၁%	၂%	၈၈%	၇	၁၀	၁၄၃%	၂၉%	၆၃%
မိုင်းယောင်း	၄၈	၁	၂%	၂%	၈၀%	၀	၀	-	-	-
နောင်ချို	၆၂	၄၀	၆၅%	၆%	၅၅%	၁	၃၄	၃၄၀၀%	၅၄%	၂၁%
ကွမ်းလုံ	၇	၈	၁၁၄%	၃၅%	၁၁%	၀	၀	-	-	-
လွိုင်လင်	၈၁	၁၅	၁၉%	၆%	၆၆%	၀	၀	-	-	-
တာချီလိတ်	၆၂	၆၂	၁၀၀%	၁၆%	၅၆%	၆၃	၁၅	၂၄%	၄၂%	၄၈%
မိုင်းခတ်	၀	၀	-	၀%	-	၀	၀	-	-	-
မူဆယ်	၈၄	၂	၂%	၀%	၉၃%	၀	၀	-	၀%	၁၀၀%
တန့်ယန်း	၉	၉	၁၀၀%	၅%	၁၀%	၁၅	၁၅	၁၀၀%	၃၄%	၆၁%
သီပေါ	၅၈	၂၁	၃၆%	၉%	၄၆%	၀	၀	-	-	-
မိုင်းဖျဉ်း	၅၃	၁	၂%	၁%	၇၅%	၀	၀	-	-	-
လားရှိုး	၆၁	၆၆	၁၀၈%	၁၁%	၅၈%	၆၅	၇၇	၁၁၈%	၁၈%	၆၅%
တောင်ကြီး	၉၀	၉၁	၁၀၁%	၁၄%	၆၀%	၂၁	၃၄	၁၆၂%	၅၈%	၃၇%
ဟိုပန်	၇	၇	၁၀၀%	၂၆%	၃၀%	၀	၀	-	-	-
ကွတ်ခိုင်	၅၆	၀	၀%	၀%	-	၀	၀	-	-	-
ပင်းတယ	၅၃	၁၂	၂၃%	၈%	၅၀%	၀	၀	-	-	-
ပင်လောင်း	၃	၃	၁၀၀%	၄%	၇၃%	၀	၀	-	-	-
ဟိုပုန်း		၂၇	-	၃၄%	၂၅%	၀	၀	-	-	-
ကလော		၄၈	-	၁၀%	၅၇%	၀	၀	-	-	-
ရပ်စောက်		၅၀	-	၂၇%	၂၂%	၀	၀	-	-	-
ညောင်ရွှေ		၅၂	-	၃၃%	၁၅%	၀	၀	-	-	-
သိန္နီ	၀	၀	.			၈	၃	၃၈%	၃၈%	၅၀%
ဧရာဝတီတိုင်း	၂၁၂	၂၁၂	၁၀၀%	၃၀%	၁၃%	၅၄	၅၄	၁၀၀%	၆၃%	၁၁%
ဖျာပုံ	၃၃	၃၃	၁၀၀%	၂၈%	၆%	၉	၉	၁၀၀%	၅၃%	၀%
မအူပင်	၃၂	၃၂	၁၀၀%	၂၆%	၁၀%	၇	၇	၁၀၀%	၅၀%	၁၃%
ဝါးခယ်မ	၃၂	၃၂	၁၀၀%	၃၃%	၁၆%	၈	၈	၁၀၀%	၆၇%	၀%
ဟသံတ	၄၂	၄၂	၁၀၀%	၂၅%	၁၅%	၁၀	၁၀	၁၀၀%	၈၃%	၉%
ပန်းတနော်	၃၀	၃၀	၁၀၀%	၃၇%	၁၂%	၈	၈	၁၀၀%	၆၇%	၂၀%
ပုသိမ်	၄၃	၄၃	၁၀၀%	၃၅%	၁၆%	၁၂	၁၂	၁၀၀%	၆၃%	၂၀%

ပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်	CSO နမူနာဘောင်အရလုပ်ငန်းအသစ်များ					၂၀၁၈ နမူနာဘောင်မှ ရွေးချယ်ထားသော လုပ်ငန်းတူများ				
	စာရင်း ကောက်ယူရန် သတ်မှတ်ချက်	ကောက်ယူ ရရှိမှု	ကောက်ယူ ရရှိမှု နှုန်း	ဆက်သွယ် ခဲ့သည့် နှုန်းထား	ငြင်းဆို ခဲ့သည့် နှုန်းထား	စာရင်း ကောက်ယူရန် သတ်မှတ်ချက်	ကောက်ယူ ရရှိမှု	ကောက်ယူ ရရှိမှု နှုန်း	ဆက်သွယ် ခဲ့သည့် နှုန်းထား	ငြင်းဆို ခဲ့သည့် နှုန်းထား
နေပြည်တော်	၂၈၂	၂၉၃	၁၀၄%	၁၉%	၁၂%	၇၀	၉၃	၁၃၃%	၃၇%	၃၂%
လယ်ဝေး	၁၀၂	၁၀၃	၁၀၁%	၂၁%	၁၀%	၂၄	၂၆	၁၀၈%	၄၆%	၁၉%
ပျဉ်းမနား	၁၁၂	၁၅၆	၁၃၉%	၁၉%	၁၁%	၁၈	၄၈	၂၆၇%	၃၁%	၃၉%
ပုဗ္ဗသီရိ	၆၈	၃၄	၅၀%	၁၅%	၉%	၂၈	၁၉	၆၈%	၄၉%	၂၄%
စုစုပေါင်း			**၈၄%**	**၁၈%**	**၄၃%**			**၉၆%**	**၄၆%**	**၃၅%**

၆.၂။ အညွှန်းကိန်းခွဲများ တည်ဆောက်ခြင်း

၆.၂.၁။ ညွှန်ကိန်းများကိုပြန်လည်စကေးကိုက်ခြင်း

MBEI ၏ အရေးကြီးသော အားသာချက်တစ်ရပ်မှာ စီးပွားရေးအုပ်ချုပ်မှုကို နှိုင်းယှဉ်ရာတွင် အခြားစံထားသော အဆင့်များဖြင့် နှိုင်းယှဉ်ခြင်းမပြုဘဲ မြန်မာနိုင်ငံတွင် ရှိနှင့်ပြီးသား အကောင်းဆုံး ကျင့်ထုံးများနှင့်သာ နှိုင်းယှဉ်ခြင်းဖြစ်သည်။ အဆိုပါ အကြောင်းပြချက်ကြောင့် အညွှန်းကိန်းငယ်တစ်ခုချင်းစီကို ဆယ်မှတ်ဖိုး သတ်မှတ်ပြီး ဖြေကြားသူတစ်ဦးချင်း စီအလိုက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရမှတ်များကို အကောင်းဆုံးနှင့် အညံ့ဆုံးကို ၁၀ မှတ်နှင့် ၁ မှတ် အသီးသီးပေးထားကာ ဖြေဆိုသူများ၏ အခြားအကဲဖြတ်ဆန်းစစ်ချက်များကို ၁၀ မှတ် နှင့် ၁ မှတ် အကြားတွင် အမှတ်ပေးထားသည်။

အောက်ဖော်ပြပါ ညီမျှခြင်းတွင် r သည် ဖြေကြားသူတစ်ဦးချင်းစီအတွက် ညွှန်းကိန်းကို ကိုယ်စားပြုပြီး min နှင့် max တို့မှာ စစ်တမ်းတွင် ပေးထားသည့် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရမှတ်အသီးသီးကို ကိုယ်စားပြုသည်။ အကယ်၍ အနုတ်လက္ခဏာပြနေသော အုပ်ချုပ်ရေးကို မြင့်မားသော တန်ဖိုးတစ်ရပ်ဖြင့် ကိုယ်စားပြုလာပါက ပြန်ပြောင်းတွက်ချက်နိုင်ရန် ၁၁ မှ ပြန်လည်ချိန်ဆထားသည့် အညွှန်းကိန်းခွဲတန်ဖိုးကို နုတ်ပါသည်။

$$Indicator\ Score = 9 * \left(\frac{Score_r - Score_{min}}{Score_{max} - Score_{min}} \right) + 1$$

MBEI သုတေသနအဖွဲ့သည် စစ်တမ်းဖြေဆိုပေးသော လုပ်ငန်းတစ်ခုစီတိုင်း အတွက် ပြန်လည်ချိန်ဆထားသည့် တန်ဖိုးများ၊ အညွှန်းကိန်းခွဲများ နှင့် MBEI ရမှတ်များကို တွက်ချက်မှု စတင်ပြုလုပ်ပါသည်။[၃၂] ဖြေဆိုသူများ၏ အဆင့်အလိုက် အုပ်ချုပ်မှုညွှန်းကိန်းများကို ဖန်တီးခြင်းဖြင့် ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးနှင့် မြို့နယ်တိုင်းတွင်ရှိသော အုပ်ချုပ်ရေးမညီမျှမှုကို တွက်ချက်လာနိုင်သည်။

စီးပွားရေး ကဏ္ဍအလိုက်၊ ပိုင်ရှင်၏ ကျား၊မ ဖြစ်ခြင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် သို့မဟုတ် အရွယ်အစားအလိုက် အုပ်ချုပ်မှုရေးရာကိုလည်း ခွဲခြမ်းစိတ်ဖြာ တွက်ချက်လာနိုင်စေပါသည်။[၃၃]

၆.၂.၂။ အညွှန်းကိန်းခွဲများဖန်တီးခြင်း

စီးပွားရေး ဝန်းကျင်ဆိုင်ရာ စာအုပ်စာတမ်းများကို လမ်းညွှန်ချက်အနေဖြင့်အသုံးပြုပြီးမူဝါဒချမှတ်သူများ၊ မြန်မာ့စီးပွားရေး စိစစ်လေ့လာသူ ပညာရှင်များနှင့် ဆွေးနွေးချက်များကိုပါ ပေါင်းစပ်ထည့်သွင်း၍ အထက်ဖော်ပြပါအတိုင်း ညွှန်ကိန်းများကို အညွှန်းကိန်းခွဲဆယ်ခုအဖြစ် အုပ်စုဖွဲ့ထားပါသည်။ ပုဂ္ဂလိကကဏ္ဍ မှတ်ပုံတင်ခြင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာ အခက်အခဲများကို လေ့လာထားသည့် ယခင် သုတေသနပြုလုပ်ချက်နှင့် ၎င်းအညွှန်းကိန်းခွဲများကြား ချိတ်ဆက်မှုရှိစေရန်လည်း များစွာ အားထုတ်ထားပါသည်။ (ညွှန်ကိန်းတစ်ခုချင်းစီအား ရွေးချယ်ပုံနှင့် စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံ ဆွေးနွေးထားချက်ကို အခန်း ၃ တွင် ကြည့်ပါ)။

ညွှန်ကိန်းများကို စံသတ်မှတ်ပြီးသည်နှင့် ဖြေကြားသူအဆင့် အညွှန်းကိန်းခွဲ ဖန်တီးရန်အတွက် ညွှန်ကိန်းများ အားလုံး၏ အလေးတင်ပျမ်းမျှတန်ဖိုးကို ယူပါသည်။ အဆိုပါ ချိန်ဆထားသော ပျမ်းမျှအလေးတင်ကိန်းကို hard data ရရှိသော အခါ ပိုမိုကောင်းမွန်စွာ ပေါင်းစပ်နိုင်ရန် အသုံးပြုပါသည်။ ထင်မြင်ချက်ဘက်လိုက်မှုများ နည်းပါးစေရန်အတွက် အညွှန်းကိန်းခွဲများတွင် ထည့်သွင်းရာ၌ စစ်တမ်းဒေတာများမှာ အလေးတင်ကိန်း ၆၀% ရရှိပြီး hard data များမှာ အလေးတင်ကိန်း ၄၀% ထားရှိပေးထားပါသည်။

၆.၃။ အညွှန်းကိန်းခွဲများအား ညှိနှိုင်းပေါင်းစပ်ခြင်းနှင့် အရေးပါမှု အလေးတင်ကိန်းကို တွက်ချက်သတ်မှတ်ခြင်း

အညွှန်းကိန်းခွဲ ဆယ်ခုကို ပေါင်းစည်းလိုက်ရုံဖြင့် အမှတ် အများဆုံး ၁၀၀ အထိ ဖြစ်နိုင်ခြေရှိသည့် မချိန်ဆထားသော ညွှန်းကိန်းထွက်ပေါ်လာသည်။ ဤနည်းမှာ အဆုံးသတ် MBEI တွက်ချက်ရန် အလွယ်ကူဆုံးနှင့်အရိုးရှင်းနည်းဖြစ်သည်။ သို့သော်လည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြရာတွင် အချို့သော အညွှန်းကိန်းခွဲများသော အခြား အညွှန်းကိန်းခွဲများထက် ပိုမိုအရေးကြီးသည်ဖြစ်ရာ မူဝါဒကိရိယာတစ်ခုဖြစ်သော MBEI အတွက် ယင်းတွက်ချက်နည်းမှာ လျော်ညီမှု မရှိပေ။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများမှ အုပ်ချုပ်ရေးပေါ် စိတ်ကျေနပ်မှုကို အမှန်တကယ် တိုင်းတာဖော်ပြနိုင်မှုများအပြင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေကဲ့သို့သော အခြားတိုင်းတာမှု ရလဒ်များကို အခြေခံကာအညွှန်းကိန်းခွဲများကို ပြန်လည်ချိန်ဆရန် အရေးကြီးပါသည်။ ဤသို့ပြုလုပ်ရန်အတွက် သုတေသနအဖွဲ့ငယ်သည် မီကိန်းရှင်စုံများအား ကျိုးကြောင်းဆက်စပ်မှုကို တွက်ချက်တိုင်းတာခြင်းဖြင့် စိစစ်လေ့လာချက် (multivariate regression analysis) ကို အသုံးပြုသည်။ အဆိုပါနည်းအရ မြန်မာနိုင်ငံရှိ သုတေသီများနှင့် လက်တွေ့ လုပ်ကိုင်နေကြသူများမှ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးကြီးသော တိုင်းတာချက်များဟု ယူဆထားကြသည့် အဓိကစီးပွားရေး လည်ပတ်ဆောင်ရွက်ပုံကိန်းရှင်များအပေါ် အညွှန်းကိန်းခွဲတစ်ခုချင်းစီသည် မည်သို့လွှမ်းမိုးမှုရှိသည်ကို သတ်မှတ်ဆုံးဖြတ်သည်။ အထူးသဖြင့် MBEI နှင့် ရပ်ရွာခေါင်းဆောင်များ၏ စီးပွားရေးယုံကြည်စိတ်ချမှုကြား ဆက်နွယ်မှု၊ ယခင်နှစ်အတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်လိုစိတ်တို့ကို ကျွန်ုပ်တို့လေ့လာခဲ့ကြပါသည်။

အဓိကကျသော ဘောဂဗေဒဆိုင်ရာ ရလဒ်များတွင် အညွှန်းကိန်းခွဲတစ်ခုစီတိုင်းမှ တိုင်းတာချက်များ အနည်းနှင့်အများ ပါဝင်စေရန် အလေးချိန်များကို ထည့်သွင်းထားရခြင်းဖြစ်ပါသည်။

ဘောဂဗေဒတွက်ချက်မှု လုပ်ငန်းစဉ်များကို အသုံးပြု၍ အစဉ်အဆက်ရှိနှင့်ပြီးသား ကြွယ်ဝမှု (နောက်ကျသော တစ်ဦးချင်း ဂျီဒီပီဖြင့် တိုင်းတာထားသည့်)၊ လူဦးရေ သိပ်သည်းဆဖြင့် တိုင်းတာသည့် စျေးကွက်အရွယ်အစား၊ မျက်နှာပြင် ဧရိယာဖြင့် တိုင်းတာသည့် ပထဝီ အနေအထား ပြန့်နှံ့တည်ရှိမှုနှင့် အချို့သော လုပ်ငန်းများ၏ ဝိသေသ ထူးခြားမှုများ (ဂဏန်းနှစ်လုံးပါ ကဏ္ဍဆိုင်ရာ ကိန်းသေ သက်ရောက်မှု) တို့ အပါအဝင် ကိန်းရှင်များကို ထိန်းချုပ်ကိန်းရှင်အဖြစ် အသုံးပြုထားပါသည်။ အချုပ်အားဖြင့် စီးပွားရေးလုပ်ငန်းများအား လုပ်ငန်းအရွယ်အစား ချဲ့ထွင်ရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးရန် မည်သည့်အညွှန်းကိန်းခွဲများမှ တွန်းအားဖြစ်စေသည်ကို ကျွန်ုပ်တို့လေ့လာနိုင်ပါသည်။ ဒေသခံအရာရှိများ၏ အန္တိမပန်းတိုင်သည် ဒေသခံပြည်သူများ၏ စီးပွားဖူလုံမှုကို မြှင့်တင်ပေးရန် ဖြစ်သည့် အလျောက် အဆိုပါ ရလဒ်ကိန်းရှင်ကို ကျွန်ုပ်တို့ နှစ်သက်ပါသည်။

ရီဂရက်ရှင်း(ကျိုးကြောင်းဆက်နွယ်မှု) ရလဒ် အပြည့်အစုံကို အောက်ဖော်ပြပါ ဇယား ၆.၂ တွင် လေ့လာနိုင်ပါသည်။ အလုပ်အကိုင် တိုးပွားမှုကို အညွှန်းကိန်းခွဲများ အားလုံးတွင် တပြိုင်တည်း ရီဂရက်ပြုလုပ်ခြင်းဖြင့် အလေးချိန်များ ထုတ်လုပ်ရာ၌ ပုံစံ၁၂ ကို အသုံးပြုပါသည်။[ဇ] ထွက်ပေါ်လာသော ရလဒ်များမှာမူ အညွှန်းကိန်းခွဲတစ်ခုစီ၌ အလုပ်သမား အင်အားကို သီးခြားရီဂရက် ကျိုးကြောင်းဆက်နွယ်မှုပြုလုပ်ခြင်းနှင့် ကိုက်ညီမှုရှိနေပါသည်။

ပုံ ၆.၅ ၏ ဘယ်ဘက်အခြမ်းတွင် အစဉ်လိုက် ကျိုးကြောင်းဆက်စပ်ခြင်းကို ရှုပ်ပုံနှင့်တကွ သရုပ်ပြထားပြီး အညွှန်းကိန်းခွဲ ဆယ်ခုနှင့် တည်ဆောက်မှုပိုင်း ထိန်းချုပ်ကိန်းရှင်များတို့တွင် နှစ်စဉ်ပျမ်းမျှ အလုပ်သမား အင်အားတိုးပွားမှုကို ကျိုးကြောင်းဆက်စပ်မှု ပြုလုပ်ထားပါသည်။ ခရမ်းရောင် စိန်ပွင့်သည် ညွှန်းကိန်းနှင့် အလုပ်သမား အင်အားတိုးပွားမှုကြားရှိ ကျိုးကြောင်းဆက်စပ်မှု မြှောက်ဖော်ကိန်း သို့မဟုတ် စာရင်းအင်း ကိန်းဂဏန်း ဆက်စပ်မှုကို ညွှန်းဆိုပါသည်။ ဥပမာ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆) ၏ မြှောက်ဖော်ကိန်းသည် ၀.၁၇၇ ဖြစ်၍ အဆိုပါ အညွှန်းကိန်းခွဲ၌ အမှတ်တစ်ခုသည် လုပ်ငန်းစတင်ထူထောင်သည့် အချိန်ကစတင်၍ နှစ်စဉ် တိုးပွားလာသော အလုပ်သမား အင်အား၏ ၀.၁၇၇ ရာခိုင်နှုန်းနှင့် ဆက်စပ်နေသည်ဟု ဆိုလိုသည်။

ခရမ်းရောင် စိန်ပွင့်သည် သုညမျဉ်း၏ ညာဘက်သို့ရောက်နေပါက ယင်းအညွှန်းကိန်းခွဲနှင့် အလုပ်သမားအင်အား တိုးပွားမှုကြား အပေါင်းလက္ခဏာဆောင်သော ဆက်စပ်မှု ရှိသည့် သဘောဖြစ်သည်။ ဘယ်ဘက်အခြမ်းတွင်ရှိသော စိန်ပွင့်မှာမူ အနုတ်လက္ခဏာ ဆောင်သော သက်ရောက်မှုကို ဆိုလိုသည်။ အပြာရင့်ရောင် ကန့်လတ်ဖြတ်မျဉ်းတိုများသည် စိတ်ချကွက်လပ် ၉၅%ကို ကိုယ်စားပြုပြီး နောက်ခံလူဦးရေမှ အကြိမ်ရေထပ်ပါလာသော လုပ်ငန်းနမူနာများအတွက် ဖြစ်နိုင်သည့် ရီဂရက်ရှင်း မြှောက်ကိန်းများ၏ ဖြစ်တန်ရာသော အကွာအဝေးကို ရည်ညွှန်းပါသည်။ အပြာရင့်ရောင်မျဉ်းသည် သုညမျဉ်းနှင့် ဖြတ်သန်းမိပါက ခန့်မှန်းချက်သည် စာရင်းအင်း ကိန်းဂဏန်းအရ သိသာမှုမရှိဟုကျွန်ုပ်တို့ ဆိုရပေမည်။

ဆိုလိုသည်မှာအကြိမ်ထပ်သော နမူနာများတွင်သက်ရောက်မှု သည် သုညမှတ်မှ ကွာဟမှုရှိသည်ဟု ကျွန်ုပ်တို့အနေဖြင့် တပ်အပ်သေချာ မပြောနိုင်တော့ချေ။ ဖြတ်ခြင်းထပ်ခြင်း မရှိသော မျဉ်းများမှာမူ စာရင်းအင်း ကိန်းဂဏန်းအရ ထူခြားမှု ရှိပြီး အခြားသော အပြိုင်နမူနာများတွင် ကျွန်ုပ်တို့ လေ့လာနေသော ဆက်စပ်မှုကို တွေ့နိုင်ဖွယ်ရှိသည်ဟု ယုံကြည်၍ ရနိုင်သော အဓိပ္ပာယ်ဖြစ်ပါသည်။

အညွှန်းကိန်းခွဲဆယ်ခုအတွက်အလေးချိန်များထုတ်လုပ်ရန် ကျိုးကြောင်းဆက်စပ်မှုမော်ဒယ်ပုံစံကို အသုံးပြုထားပါသည်။ အခြေခံအလေးတင်ကိန်း အတန်းအစားများကို ရရှိရန်အတွက် ဇယား (၆.၂) နှင့်ပုံ (၆.၅) ရဲ့ညာဘက်တွင်ဖော်ပြ ထားသည့်အတိုင်း အကျိုးဆက်စပ်မှုရလဒ် (Regression) များကို အနီးစပ်ဆုံးတွက်ချက်ထားပါသည်။ လုပ်သား တိုးတက်မှုနှုန်းနှင့်သိသာမှုရှိသည့်အပေါင်းဆက်စပ်မှုရှိသော အညွှန်းကိန်းခွဲများဖြစ်သည့် မြေယာ အသုံးပြုခွင့်နှင့် လုံခြုံမှု (အညွှန်းကိန်းခွဲ ၂)၊ ပွင့်လင်းမြင်သာမှု (အညွှန်းကိန်းခွဲ ၆)၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း (အညွှန်းကိန်းခွဲ ၈) နှင့် လုပ်သားခန့်ထားနိုင်မှု (အညွှန်းကိန်းခွဲ ၉)တို့အား ၁၅%နှင့် ညီမျှသော အမြင့်ဆုံး အလေးတင်ကိန်း အတန်းအစားဖြင့် သတ်မှတ်ပါသည်။ တစ်ဆက်တည်းမှာပင် ပုဂ္ဂလိကဏ္ဍဖွံ့ဖြိုးမှု ရလဒ်နှင့် အနုတ်လက္ခဏာဆက်စပ်နေသော အညွှန်းကိန်းခွဲများ ဖြစ်သည့် မှတ်ပုံတင်ခြင်း အလွန် စည်းမျဉ်းစည်းကမ်းများ (အညွှန်းကိန်းခွဲ ၃)၊ တရားမဝင် ပေးချေရမှု (အညွှန်းကိန်းခွဲ ၄) နှင့် အခြေခံအဆောက်အအုံ (အညွှန်းကိန်းခွဲ ၅) တို့အား ၅%နှင့် ညီမျှသော အနိမ့်ဆုံးအလေးတင်ကိန်းအတန်းအစား ဖြင့် သတ်မှတ်ပါသည်။ စားရင်းအင်းသဘောအရ သိသာ ထင်ရှားမှု မရှိသော်လည်း အပေါင်းလက္ခဏာဆက်စပ်မှုရှိသည့် အညွှန်းကိန်းခွဲများအား ၁၀%နှင့် ညီမျှသော အလယ်အလတ် အလေးတင်ကိန်း အတန်းအစားဖြင့် သတ်မှတ်ပါသည်။ ၎င်းအမျိုးအစားတွင် ကနဦးကုန်ကျစရိတ် (အညွှန်းကိန်းခွဲ ၁)နှင့် တရားဥပဒေ စိုးမိုးရေး (အညွှန်းကိန်းခွဲ ၁၀) တို့ပါဝင် ပါသည်။

ဇယား ၆.၂ တွင် ပြထားသည့်အတိုင်း Column ပုံစံ ၁ ပါ အလေးကိန်းဖြင့်တွက်မထားသော ညွှန်းကိန်းနှင့်အလုပ်သမား

ပုံ ၆.၅။

အညွှန်းကိန်းခွဲများနှင့် လုပ်သားအင်အားတိုးပွားမှုကြား ဆက်နွယ်ချက် (အစဉ်လိုက် ရီဂရက်ရှင်း ပုံစံ)



ကြောင်းကျိုးဆက်စပ်မှုအတွက်ထိန်းချုပ်ထားခြင်း-၁၀၀၀ စတုရန်းမီတာတွင် ရှိသည့်လူဦးရေသိပ်ညည်းမှု၊ လုပ်ငန်း၏သက်တမ်း၊ အလင်းအား၁၀၀၀ လူမင်(lumens) ဖုံးလွှမ်းနေသည်၊ မျက်နှာပြင်ဧရိယာ တစ်ဦးချင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု(log scale)၊ လုပ်ငန်းစတင်စဉ် ဝန်ထမ်းအင်အား(log scale)ISector/SR အလိုက် ပုံသေထိရောက်မှု ကန့်သတ်ချက်

ဇယား ၆.၂။

အလေးတင်ကိန်းများ ဖန်တီးရန် ရီဂရက်ရှင်း ရလဒ်များ

မှီကိန်းရှင် = အလုပ်ခန့်အပ်မှု တိုးမှားနှုန်း (ယျမ်းမျှ၊ နှစ်စဉ်)	အလေးတင်ကိန်းမည့် မှီ MBEI	အညွှန်းကိန်းခွဲ ၁	အညွှန်းကိန်းခွဲ ၂	အညွှန်းကိန်းခွဲ ၃	အညွှန်းကိန်းခွဲ ၄	အညွှန်းကိန်းခွဲ ၅	အညွှန်းကိန်းခွဲ ၆	အညွှန်းကိန်းခွဲ ၇	အညွှန်းကိန်းခွဲ ၈	အညွှန်းကိန်းခွဲ ၉	အညွှန်းကိန်းခွဲ ၁၀	အလေးတင်ကိန်း ဖန်တီးခြင်း	အလေးတင်ကိန်းညီ ပြီး MBEI
	(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)
အလေးတင်ကိန်းမည့် မှီ MBEI	-၀.၀၁၅												
	(၀.၀၂၉)												
အလေးတင်ကိန်းညီ ပြီး MBEI													၀.၀၄၆^
													(၀.၀၂၇)
ကနဦး ကုန်ကျစရိတ်		-၀.၂၃၉										-၀.၁၁၃	
		(၀.၁၇၁)										(၀.၁၆၃)	
မြေယာအသုံးပြုခွင့်နှင့် လုံခြုံမှု			၀.၃၀၃*									၀.၃၄၃*	
			(၀.၁၄၉)									(၀.၁၄၇)	
မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ				-၀.၂၉၆*								-၀.၃၂၈*	
				(၀.၁၃၄)								(၀.၁၄၄)	
တရားမဝင် ပေးချေရမှု					-၀.၂၈၉*							-၀.၂၂၄	
					(၀.၁၃၈)							(၀.၁၄၇)	
အခြေခံအဆောက်အအုံ						-၀.၂၄၂^						-၀.၃၃၈*	
						(၀.၁၃၄)						(၀.၁၄၅)	
ပွင့်လင်းမြင်သာမှု							၀.၂၄၅^					၀.၁၇၇	
							(၀.၁၃၃)					(၀.၁၃၀)	
ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း								-၀.၁၆၈				-၀.၁၃၆	
								(၀.၁၀၅)				(၀.၁၀၆)	
သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း									၀.၂၆၉^			၀.၂၁၉	
									(၀.၁၄၇)			(၀.၁၆၃)	
လုပ်သားခန့်ထားနိုင်မှု										၀.၁၇၇^		၀.၁၉၉*	
										(၀.၀၉၀)		(၀.၀၉၃)	
တရားဥပဒေဈေးမိုးမှု											-၀.၀၀၅	၀.၀၇၅	
											(၀.၀၉၈)	(၀.၁၁၂)	
အလုပ်တည်ထောင်ချိန်	-၅.၀၈၀***	-၅.၀၉၃***	-၅.၀၉၉***	-၅.၁၀၁***	-၅.၀၉၃***	-၄.၉၈၇***	-၅.၀၈၄***	-၅.၀၈၈***	-၅.၀၇၉***	-၅.၀၉၂***	-၅.၀၇၈***	-၅.၁၇၆***	-၅.၀၈၁***
	(၀.၃၇၉)	(၀.၃၈၂)	(၀.၃၇၈)	(၀.၃၈၁)	(၀.၃၇၉)	(၀.၃၉၅)	(၀.၃၇၉)	(၀.၃၇၉)	(၀.၃၇၈)	(၀.၃၇၉)	(၀.၃၇၉)	(၀.၃၇၉)	(၀.၃၇၉)
လုပ်သားအင်းအား (Log စကေး)	-၀.၂၁၂***	-၀.၂၁၂***	-၀.၂၁၃***	-၀.၂၁၁***	-၀.၂၁၂***		-၀.၂၁၁***	-၀.၂၁၂***	-၀.၂၁၂***	-၀.၂၁၂***	-၀.၂၁၂***	-၀.၂၁၄***	-၀.၂၁၂***
	(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)		(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)	(၀.၀၁၄)
တစ်ဦးချင်းပြည်တွင်းအသားတင် ထုတ်လုပ်မှု(log scale)	၀.၄၇၇*	၀.၄၃၉*	၀.၄၅၃*	၀.၄၇၂*	၀.၄၆၇*	၀.၃၇၂	၀.၄၁၁	၀.၄၃၃*	၀.၄၇၃*	၀.၃၉၀^	၀.၄၆၄*	၀.၄၀၂^	၀.၄၁၇^
	(၀.၂၁၈)	(၀.၂၁၈)	(၀.၂၁၉)	(၀.၂၁၇)	(၀.၂၁၉)	(၀.၂၃၄)	(၀.၂၁၂)	(၀.၂၂၀)	(၀.၂၂၀)	(၀.၂၂၄)	(၀.၂၁၈)	(၀.၂၂၆)	(၀.၂၁၄)
လူဦးရေ သိပ်သည်းမှု (၁၀၀၀s)	၀.၁၀၉***	၀.၁၀၅***	၀.၁၁၄***	၀.၁၀၂***	၀.၀၉၄***	၀.၁၂၉***	၀.၁၀၆***	၀.၁၁၀***	၀.၁၀၃***	၀.၁၀၃***	၀.၁၀၉***	၀.၁၀၂***	၀.၁၀၈***
	(၀.၀၂၆)	(၀.၀၂၆)	(၀.၀၂၇)	(၀.၀၂၆)	(၀.၀၂၇)	(၀.၀၃၂)	(၀.၀၂၆)	(၀.၀၂၆)	(၀.၀၂၆)	(၀.၀၂၇)	(၀.၀၂၇)	(၀.၀၂၉)	(၀.၀၂၇)
အလင်းအား ပြန့်နှံ့သော ရေယာ (၁၀၀၀s km)	၀.၁၉၅*	၀.၁၈၁^	၀.၂၁၄*	၀.၁၉၂^	၀.၂၀၀*	၀.၂၁၄*	၀.၁၉၁^	၀.၁၉၆*	၀.၂၄၂*	၀.၂၂၀*	၀.၂၀၂*	၀.၁၆၆^	၀.၂၂၆*
	(၀.၀၉၅)	(၀.၀၉၆)	(၀.၀၉၆)	(၀.၀၉၆)	(၀.၀၉၅)	(၀.၁၀၂)	(၀.၀၉၅)	(၀.၀၉၂)	(၀.၀၉၇)	(၀.၀၉၆)	(၀.၀၉၆)	(၀.၀၉၄)	(၀.၀၉၈)
Sector/SR အလိုက် ပုံသေ ထိရောက်မှု ထိန်းချုပ်ချက်	Yes	Yes	Yes	Yes	Yes	Yes	Yes	Yes	Yes	Yes	Yes	Yes	Yes
ကိန်းသေ	၇.၅၅၁*	၈.၉၄၃*	၄.၉၉၂	၈.၉၃၀**	၉.၁၀၀**	၅.၅၅၂^	၆.၈၄၃*	၈.၄၀၈**	၅.၄၃၆^	၇.၀၀၁*	6.843*	၁၁.၂၉၈**	၄.၈၀၃
	(၃.၄၅၇)	(၃.၄၃၉)	(၃.၁၆၉)	(၃.၀၆၃)	(၃.၁၉၈)	(၃.၁၃၃)	(၂.၉၇၂)	(၃.၀၅၆)	(၃.၁၅၅)	(၂.၉၇၆)	(၃.၀၉၅)	(၃.၉၂၄)	(၃.၃၅၄)
တိုက်ရိုက်တွေ့ရှိချက်	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅	၅,၆၀၅
R-squared	၀.၃၁၃	၀.၃၁၃	၀.၃၁၄	၀.၃၁၄	၀.၃၁၄	၀.၂၄၂	၀.၃၁၄	၀.၃၁၄	၀.၃၁၄	၀.၃၁၃	၀.၃၁၃	၀.၃၂၀	၀.၃၁၃

စစ်တမ်းအလေးတင်ကိန်းနှင့် ကဏ္ဍအလိုက်ထိန်းချုပ်ထားချက်ပါဝင်သော အဖြောင့်စီစစ်ချက် ပုံစံ၊ ကွင်းထဲတွင် ဖော်ပြထားသော စံမှားယွင်းချက်များ (*** p<0.001, ** p<0.01, * p<0.05, ^ p<0.1)

အင်အားတိုးပွားမှုကြား ဆက်စပ်မှုနှင့် Column ပုံစံ ၁၃ ပါ အလေးတင်ကိန်းဖြင့် တွက်ထားသော ညွှန်းကိန်းနှင့် ၎င်းတိုးပွားမှုကြား ဆက်စပ်မှုတို့ကို နှိုင်းယှဉ်ခြင်းဖြင့် အလေးတင်ကိန်းညှိသည့် စနစ်၏ အောင်မြင်မှုကို တွေ့မြင်နိုင်ပါသည်။ အမြောက်ကိန်း အရွယ်အစား -၀၁၅ မှ .၀၄၆ ထိ မည်သို့ကြီးထွားလာသည်နှင့် စာရင်းအင်းကိန်းဂဏန်းအရ ထူးခြားမှုရှိပါသည်။[၃၅] ဤသို့ဖြစ်ရခြင်းမှာ အလေးတင်ကိန်းဖြင့်တွက်ထားသော MBEI သည်လုပ်ငန်းအဆင့်အလုပ်အကိုင်တိုးပွားမှုနှင့် ပိုမိုကောင်းစွာ ချိတ်ဆက်နေသောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပုံ ၆.၆ တွင် သရုပ်ပြထားသည့်အတိုင်း အဆင့်သတ်မှတ်မှုများကို ပြောင်းလဲသည့်နေရာ၌ အလေးတင်ကိန်း သတ်မှတ်ခြင်းသည် များစွာဝင်ရောက် စွက်ဖက်ရာ မရောက်ပေ။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှင့် မြို့နယ်အဆင့် MBEI နှစ်ခုလုံးအတွက် အလေးတင်ကိန်းညှိထားသော ညွှန်းကိန်းများနှင့် မညှိထားသော ညွှန်းကိန်းများကြား ဆက်စပ်မှုသည် .၉၆ ကျော်ပြီး စာရင်းအင်းကိန်းဂဏန်းအရ လွန်စွာထင်ရှားသည့်အလျောက်ပျမ်းမျှအဆင့်သတ်မှတ်ချက်များသည် အလေးတင်ကိန်း မပါသည့်တိုင် လွန်စွာဆင်တူလိမ့်မည်ဟူသော သဘောသက်ရောက်သည်။

ဇယား ၆.၃။

အညွှန်းကိန်းခွဲ အတိုင်းအတာများနှင့် အလေးတင်ကိန်း တွက်ချက်မှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်

အညွှန်းကိန်းခွဲ	အဓိက ညွှန်ကိန်းများ	ညွှန်ကိန်းသစ်များ	မျက်နှာစာများ (အညွှန်းကိန်းခွဲအတွင်းမှ အလေးတင်ကိန်းများ)	MBEI ပါ အလေးချိန်များ(%)
ကနဦး ကုန်ကျစရိတ်များ	၇	၁၀	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၁၀
မြေယာအသုံးချနိုင်မှုနှင့် လုံခြုံမှု	၆	၁၃	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၁၅
မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်း စည်းကမ်းများ	၁၁	၇	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၅
တရားမဝင် ပေးချေရမှုများ	၈	၁	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၅
အခြေခံ အဆောက်အအုံ	၁၃	၁၁	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၅
ပွင့်လင်းမြင်သာမှု	၁၄	၅	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၁၅
ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း	၇	၁	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၅
သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း	၇	၅	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၁၅

လုပ်သားခန့်ထားနိုင်မှု	၇	၅	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၁၅
တရားဥပဒေစိုးမိုးမှု	၁၂	၃	စစ်တမ်းဒေတာ (60%) အမာခံဒေတာနှင့် လေ့လာစောင့်ကြည့်မှု ဒေတာ (40%)	၁၀

ပုံ ၆ ၆ ။

အလေးတင်ကိန်းနှင့် တွက်ထားသော MBEI နှင့် အလေးတင်ကိန်းနှင့် မတွက်ထားသော MBEI



ကျမ်းကိုးစာရင်း

Acemoglu, D., and S. Johnson. 2005. "Unbundling Institutions." *Journal of Political Economy* 113(5): 949–995.

Acemoglu, D., and M. Dell. 2010. "Productivity Differences between and within Countries." *American Economic Journal: Macroeconomics* 2(1): 169–188.

Ackerman, S. R. 1978. *Corruption: A Study in Political Economy.* New York, NY: Academic Press.

Afonso, A., L. Schuknecht, and V. Tanzi. 2005. "Public Sector Efficiency: An International Comparison." *Public Choice* 123(3-4): 321–347.

Aizenman, J., and N. P. Marion. 1993. "Policy Uncertainty, Persistence and Growth." *Review of International Economics* 1(2): 145–163.

Amin, M. 2009. "Labor Regulation and Employment in India's Retail Stores." *Journal of Comparative Economics* 37(1): 47–61.

Arnold, M., Y. T. Aung, S. Kempel, and K.P.C. Saw. 2015. *Municipal Governance in Myanmar.* Yangon: The Asia Foundation.

Asia Foundation. 2020a. "Township Development Indicators (TDI)."

Asia Foundation. 2020b. *Myanmar Business Environment Index–Covid-19 Impact on Businesses: A Survey*. Yangon: The Asia Foundation.

Aterido, R., Hallward-Driemeier, M. and Pagés, C., 2009. "Big constraints to small firms' growth? Business environment and employment growth across firms," The World Bank: WPS5032 <https://core.ac.uk/reader/6266866>

Banerjee, A.V., and E. Duflo. 2005. "Growth Theory through the Lens of Development Economics." *Handbook of Economic Growth* 1: 473–552.

Bardhan, P. 1997. "Corruption and Development: A Review of Issues." *Journal of Economic Literature* 35(3): 1320–1346.

Batcheler, R. 2018. *States and Regions of Myanmar*. Yangon: The Asia Foundation.

Beck, P.J., and M. W. Maher. 1986. "A Comparison of Bribery and Bidding in Thin Markets." *Economics Letters* 20(1): 1–5.

Beck, T., A. S. L. I. Demirgüç Kunt, and V. Maksimovic. 2005. "Financial and Legal Constraints to Growth: Does Firm Size Matter?" *The Journal of Finance* 60(1): 137–177.

Berger, F., 1982. "The concept of absorptive capacity: Origins, content and practical relevance." *Intereconomics*, 17(3), pp.133-137.

Bickenbach, F. 2016. "Night Lights and Regional GDP." *Review of World Economics* 152(6): 425–447.

Bissinger, J. 2016. *Local Economic Governance in Myanmar.* Yangon: The Asia Foundation.

Bissinger, J. 2019. *Good Practices in Economic Governance.* Yangon: The Asia Foundation.

Blanchflower, D. G., A. J. Oswald, and P. Sanfey. 1996. "Wages, Profits, and Rent-Sharing." *The Quarterly Journal of Economics* 111(1): 227–251.

Broz, J. L. 2002. "Political System Transparency and Monetary Commitment Regimes." *International Organization* 56(4): 861–887.

Busse, M., and C. Hefeker. 2007. "Political Risk, Institutions and Foreign Direct Investment." *European Journal of Political Economy* 23(2): 397–415.

Calderón, C., and L. Servén. 2004. *The Effects of Infrastructure Development on Growth and Income Distribution*. Washington, D.C.: The World Bank.

Campos, J. E., D. Lien, and S. Pradhan. 1999. "The Impact of Corruption on Investment: Predictability Matters." *World Development* 27(6): 1059–1067.

Central Statistical Organization (CSO). 2019. *2019 Myanmar Statistical Yearbook*. CSO.

Central Statistical Organization (CSO), UNDP, and World Bank. 2018. *Myanmar Living Conditions Survey 2017: Key Indicators Report*. Nay Pyi Taw and Yangon: Ministry of Planning and Finance, UNDP, and World Bank.

Chen, X., and W.D. Nordhaus. 2011. "Using Luminosity Data as a Proxy for Economic Statistics." *Proceedings of the National Academy of Sciences* 108(21): 8589–8594.

Ciccone, A., and E. Papaioannou. 2007. "Red Tape and Delayed Entry." *Journal of the European Economic Association* 5(2-3): 444–458.

Claessens, S., E. Feijen, and L. Laeven. 2008. "Political Connections and Preferential Access to Finance: The Role of Campaign Contributions." *Journal of Financial Economics* 88(3): 554–580.

Cruces, G., Perez-Truglia, R. and Tetaz, M., 2013. "Biased perceptions of income distribution and preferences for redistribution: Evidence from a survey experiment." *Journal of Public Economics*, 98, pp.100-112.

Dasgupta, Laplante, Benoit, Wang, Hua, et al., 2002. "Confronting the environmental Kuznets curve." *Journal of Economic Perspectives* 16:147–168.

Dasgupta, S., H. Hettige, and D. Wheeler. 2008. "What Improves Environmental Compliance? Evidence from Mexican Industry." *Journal of Environmental Economics and Management* 39(1): 39–66.

Deininger, K. and Jin, S., 2005. "The potential of land rental markets in the process of economic development: Evidence from China." *Journal of Development Economics*, 78(1), pp.241-270.

De Soto, H. 2000. *The Mystery of Capital: Why Capitalism Triumphs in the West and Fails Everywhere Else*. New York: Basic Civitas Books.

Demirgüç-Kunt, A., and V. Maksimovic. 1998. "Law, Finance, and Firm growth." *The Journal of Finance* 53(6): 2107–2137.

Demsetz, H. 1974. "Toward a Theory of Property Rights." *Classic Papers in Natural Resource Economics*, 163–177. London: Palgrave Macmillan.

Démurger, S. 2001. "Infrastructure Development and Economic Growth: An Explanation for Regional Disparities in China?" *Journal of Comparative Economics* 29(1): 95–117.

Dixit, A. 2009. "Governance Institutions and Economic Activity." *American Economic Review* 99(1): 3–24.

Djankov, S., R. La Porta, F. Lopez-de-Silanes, and A. Shleifer. 2002. "The Regulation of Entry." *Quarterly Journal of Economics* 117(1): 1–37.

Djankov, S., R. La Porta, F. Lopez-de-Silanes, and A. Shleifer. 2008. "The Law and Economics of Self-Dealing." *Journal of Financial Economics* 88(3): 430–465.

Drabek, Z., and W. Payne. 2002. "The Impact of Transparency on Foreign Direct Investment." *Journal of Economic Integration* 17(4): 777–810.

Durham, J.B., 2004. "Absorptive capacity and the effects of foreign direct investment and equity foreign portfolio investment on economic growth." *European Economic Review*, 48(2), pp.285-306.

Fan, S., and C. Chan-Kang. 2005. *Road Development, Economic Growth, and Poverty Reduction in China*. Washington, D.C.: International Food Policy Research Institute.

Feder, G., and D. Feeny. 1991. "Land Tenure and Property Rights: Theory and Implications for Development Policy." *The World Bank Economic Review* 5(1): 13–153.

Fedderke, J. W., P. Perkins, and J. M. Luiz. 2006. "Infrastructural Investment in Long-Run Economic Growth: South Africa 1875–2001." *World Development* 34(6): 1037–1059.

Field, E.. 2007. "Entitled to Work: Urban Tenure Security and Labor Supply in Peru." *Quarterly Journal of Economics* 122 (4): 1561–1602.

Fisman, Raymond. 2001. "Estimating the Value of Political Connections." *American Economic Review* 91(4): 1095–1102.

Ford, M., M. Gillan, and H. H. Thein. 2016. "From Cronyism to Oligarchy? Privatisation and Business Elites in Myanmar." *Journal of Contemporary Asia* 46(1): 18–41.

Gambetta, Diego. 1996. *The Sicilian Mafia: The Business of Private Protection*. Cambridge, Mass.: Harvard University Press.

Gaviria, Alejandro. 2002. "Assessing the Effects of Corruption and Crime on Firm Performance: Evidence from Latin America." *Emerging Markets Review* 3(3): 245–268.

Gelos, R. G., and S. J. Wei. 2005. "Transparency and International Portfolio Holdings." *Journal of Finance* 60(6): 2987–3020.

Ghosh, S. 2002. "Electricity Consumption and Economic Growth in India." *Energy Policy* 30(2): 125–129.

Gómez, D. R., J. D. Watterson, B. B. Americano, C. Ha, G. Marland, E. Matsika, L. Nenge Namayanga, B. Osman-Elasha, J. D. Kalenga Saka, and K. Treanton. 2006. "Chapter 2: Stationary Combustion." In 2006 IPCC Guidelines for National Greenhouse Gas Inventories, edited by S. Egglestion, L. Buendia, K. Miwa, T. Ngara, and K. Tanabe. Hayama: Intergovernmental Panel on Climate Change.

Guyitt, W. 2014. "This Land Isn't Your Land." *Myanmar Times*, November 10. https://www.mmtimes.com/special-features/200-property-2014/12252-this-land-isn-t-your-land.html.

Hawkins, K. 1984. "Environment and Enforcement: Regulation and the Social Definition of Pollution." In *Environment and Enforcement: Regulation and the Social Definition of Pollution*. Washington, D.C.: United States Department of Energy.

Hainmueller, J., D. J. Hopkins, and T. Yamamoto. 2014. "Causal Inference in Conjoint Analysis: Understanding Multidimensional Choices via Stated Preference Experiments." *Political Analysis* 22(1): 1–30.

Hellman, J. S., G. Jones, M. Schankerman, and D. Kaufmann. 1999. *Measuring Governance, Corruption, and State Capture: How Firms and Bureaucrats Shape the Business Environment in Transit.* World Bank.

Henderson, J. V., A. Storeygard, and D. N. Weil. 2012. "Measuring Economic Growth from Outer Space." *American Economic Review* 102(2): 994–1028.

Hollyer, J. R., B. P. Rosendorff, and J. R. Vreeland. 2011. "Democracy and Transparency." *Journal of Politics* 73(4): 1191–1205.

Hsieh, C.-T., Olken, B.A., 2014. The missing "missing middle." *Journal of Economic Perspectives* 28 (3), 89–108. doi: 10.1257/jep.28.3.89 .

Jaggi, B., and M. Freedman. 1992. "An Examination of the Impact of Pollution Performance on Economic and Market Performance: Pulp and Paper Firms." *Journal of Business Finance & Accounting* 19(5): 697–713.

Johnson, S., J. McMillan, and C. Woodruff (2002). "Property Rights and Finance." American Economic Review 92(5): 1335–1356.

Keller, W., 1996. "Absorptive capacity: On the creation and acquisition of technology in development." *Journal of Development Economics*, 49(1), pp.199-227.

King, G., C. J. Murray, J. A. Salomon, and A. Tandon. 2004. "Enhancing the Validity and Cross-Cultural Comparability of Measurement in Survey Research." *American Political Science Review* 98(1): 191–207.

Klassen, R. D., and C. P. McLaughlin. 1996. "The Impact of Environmental Management on Firm Performance." *Management Science* 42(8): 1199–1214.

Knight, F. H. 2012. *Risk, Uncertainty and Profit*. New York: Dover Publications Incorporated.

La Porta, R., and A. Shleifer. 2008. "The Unofficial Economy and Economic Development." *Brookings Papers on Economic Activity.* Fall: 358–363.

Lambert, R. A., C. Leuz, and R. E. Verrecchia. 2011. "Information Asymmetry, Information Precision, and the Cost of Capital." *Review of Finance* 16(1): 1–29.

Le, D. A., N. V. Phu, and T. K. C. Pham. 2016. "Public Expenditure, Growth and Productivity of Vietnam's Provinces." *Working Papers of BETA 2016–17, Bureau d'Economie Théorique et Appliquée*. Strasbourg: Université de Strasbourg.

Lederman, D., N. V. Loayza, and R. R. Soares. 2005. "Accountability and Corruption: Political Institutions Matter." *Economics & Politics* 17(1): 1–35.

Leckie, S., and E. Simperingham. 2009. *Housing, Land And Property Rights in Burma.* Geneva: Displacement Solutions and the HLP Institute.

Levine, R. 1999. "Law, Finance, and Economic Growth." J*ournal of Financial Intermediation* 8(1): 8–35.

Li, G., Rozelle, S. and Brandt, L., 1998. "Tenure, land rights, and farmer investment incentives in China." *Agricultural Economics*, 19(1-2), pp.63-71.

Li, H., L. Meng, Q. Wang, and L. A. Zhou. 2008. "Political Connections, Financing and Firm Performance: Evidence from Chinese Private Firms." *Journal of Development Economics* 87(2): 283–299.

Malesky, E.J., D. Dulay, J. Keesecker. (2019). *The Myanmar Business Environment Index 2019: Measuring Economic Governance for Private Sector Development*. 2nd edition. The Asia Foundation, Yangon, MY.

Malesky, E. J., T. Pham, and T. N. Phan. 2018. *The Vietnam Provincial Competitiveness Index: Measuring Economic Governance for Private Sector Development*. 2017 Final Report, Vietnam Chamber of Commerce and Industry and United States Agency for International Development: Ha Noi, Vietnam.

Malesky, E. J. and T. Pham. 2020. *The Vietnam Provincial Competitiveness Index: Measuring Economic Governance for Private Sector Development*. 20119 Final Report, Vietnam Chamber of Commerce and Industry and United States Agency for International Development: Ha Noi, Vietnam.

Malesky, E. J., N. McCulloch, and N. D. Nhat. 2015. "The Impact of Governance and Transparency on Firm Investment in Myanmar." *Economics of Transition* 23(4): 677–715.

Malesky, E. J., and K. Samphantharak. 2008. "Predictable Corruption and Firm Investment: Evidence from a Natural Experiment and Survey of Cambodian Entrepreneurs." *Quarterly Journal of Political Science* 3: 227–267.

Malesky, E. J., D. D. Gueorguiev, and N. M. Jensen. 2015. "Monopoly Money: Foreign Investment and Bribery in Vietnam, A Survey Experiment." *American Journal of Political Science* 59(2): 419–439.

Malesky, E. J, and M. Taussig. 2017. "The Danger of Not Listening to Firms: Government Responsiveness and the Goal of Regulatory Compliance." *Academy of Management Journal* 60(5): 1741–1770.

Malesky, E. J., and M. Taussig. 2018. "Participation, Government Legitimacy, and Regulatory Compliance in Emerging Economies: A Firm-Level Experiment in Vietnam." *American Political Science Review* 113(2): 530–551. https://doi.org/10.1017/S0003055418000849.

Malesky, E. J. 2019. "Decentralization and Business Performance." In *Decentralized Governance and Accountability*, edited by Jonathan Rodden and Erik Wibbels, 144–177. Cambridge University Press.

McMullen, J. S., and D. A. Shepherd. 2006. "Entrepreneurial Action and the Role of Uncertainty in the Theory of the Entrepreneur." *Academy of Management Review* 31(1): 132–152.

Mincer, J. 1962. "On-the-Job Training: Costs, Returns, and Some Implications." *Journal of Political Economy* 70(5, Part 2): 50–79.

Myanmar Centre for Responsible Business. 2017. *Pwint Thit Sa: Transparency in Myanmar Enterprises.* https://www.myanmar-responsiblebusiness.org/resources/cost.html.

Myanmar Centre for Responsible Business. 2018. *Briefing Paper: Land Rights and Business in Myanmar* (May).

Myanmar Ministry of Labor Immigration and Department of Population. 2019. *2019 Population Census*. Nay Pyi Taw. https://www.dop.gov.mm/en/publication-category/census.

Newlands, D. 2003. "Competition and Cooperation in Industrial Clusters: The Implications for Public Policy." *European Planning Studies* 11(5): 521–532.

North, D. 1991. "Institutions." *Journal of Economic Perspectives* 5, 1:97–112.

Ninh, K. N. B., and M. Arnold. 2016. "Decentralization in Myanmar: A Nascent and Evolving Process." *Journal of Southeast Asian Economies* (JSEAE) 33(2): 224–241.

Olken, B. A., and R. Pande. 2012. "Corruption in Developing Countries." *Annual Review of Economics* 4(1): 479–509.

Ponte, S. 2000. "From Social Negotiation to Contract: Shifting Strategies of Farm Labor Recruitment in Tanzania under Market Liberalization." *World Development* 28(6): 1017–1030.

Posner, R. A. 1974. "Theories of Economic Regulation." *National Bureau of Economic Research Working Paper 41*.

Pronin, E., Lin, D.Y. and Ross, L., 2002. "The bias blind spot: Perceptions of bias in self versus others." *Personality and Social Psychology Bulletin*, 28(3), pp.369-381.

Raitzer, D., J. N. Samson, and K-Y. Nam. 2015. *Achieving Environmental Sustainability in Myanmar*. Asian Development Bank Economics Working Paper Series, No. 467. December. http://dx.doi.org/10.2139/ssrn.2709328.

Röller, L. H., and L. Waverman. 2001. "Telecommunications Infrastructure and Economic Development: A Simultaneous Approach." *American Economic Review* 91(4): 909–923.

Schnatterly, K. 2003. "Increasing Firm Value through Detection and Prevention of White Collar Crime." *Strategic Management Journal* 24(7): 587–614.

Shiu, A., and P-L. Lam. 2004. "Electricity Consumption and Economic Growth in China." *Energy Policy* 32(1): 47–54.

Shleifer, A., and R. W. Vishny. 1993. "Corruption." *Quarterly Journal of Economics* 108(3): 599–617.

Stasavage, D. 2003. "Transparency, Democratic Accountability, and the Economic Consequences of Monetary Institutions." *American Journal of Political Science* 47(3): 389–402.

Stigler, G. J. 1957. "Perfect Competition, Historically Contemplated." *Journal of Political Economy* 65(1): 1–17.

Thien, K. O. M., P. P Aung, M. Biddington, and J. Gardner. 2019. *Developing a Statistical Business Register (SBR) in Myanmar: Documentation of Process and Results.* Industry, Mine, and Energy Section, Economic Statistics Division, Central Statistical Organization, Ministry of Planning and Finance. Nay Pyi Taw. https://www.unescap.org/sites/default/files/SBR_2019_report_Myanmar_english.pdf.

Transparency International. 2018. *Corruption Perceptions Index 2017*. https://www.transparency.org/news/feature/corruption_perceptions_index_2017.

Transparency International. 2020. *Corruption Perceptions Index 2019*. https://www.transparency.org/en/cpi/2019/results.

Trautwein, C. 2014. "Starting Up in Myanmar: It's Hard, but It's Happening." *Myanmar Times*, November 24. https://www.mmtimes.com/business/technology/12365-starting-up-in-myanmar-it-s-hard-but-it-s-happening.html.

UN Habitat, United Nations Commission on Refugees, and Norwegian Ministry of Foreign Affairs. 2019. *Guidance Note on Land Issues in Myanmar.* Yangon. https://www.burmalibrary.org/docs12/Guidance_Note_on_Land_Issues-Myanmar.pdf.

Varese, F. 2001. *The Russian Mafia: Private Protection in a New Market Economy*. Oxford, UK: Oxford University Press.

Winter, S. C., and P. J. May. 2001. "Motivation for Compliance with Environmental Regulations," *Journal of Policy Analysis and Management* 20(4): 675–698.

World Bank. 2016. "Myanmar Investment Climate Assessment Sustaining reforms in a time of transition," Yangon, MY: World Bank Group (Report No. 93848-MM)

World Bank. 2018. *Doing Business 2018: Reforming to Create Jobs*. Washington, D.C.: World Bank Publications.

World Bank. 2019. Economic profile of Myanmar. In *Doing Business 2019: Training for Reform.* Washington, D.C.: World Bank Publications.

World Bank. 2020a. *Doing Business 2020: Comparing Business Regulation in 190 Countries*. Washington, D.C.: World Bank.

World Bank. 2020b. Doing Business 2020: Paying Taxes. Washington, D.C.: World Bank. <https://www.doingbusiness.org/content/dam/doingBusiness/pdf/db2020/PayingTaxes2020.pdf>

Xu, N., X. Xu, and Q. Yuan. 2013. "Political Connections, Financing Friction, and Corporate Investment: Evidence from Chinese Listed Family Firms." *European Financial Management* 19(4): 675–

အခန်းဆုံးမှတ်စု

၁။ ဒေတာများ ကောက်ယူခဲ့သည့် အချိန်ကာလကို ထင်ရှားစေရန် ၎င်းကို ၂၀၁၈ ခုနှစ် အကြိမ်ဟူ၍ ဤအစီရင်ခံစာတွင် မကြာခဏရည်ညွှန်းခေါ်ဝေါ်ပါမည်။

၂။ အစိုးရ၏မူဝါဒဆုံးဖြတ်ချက်၁၉-၂၀၁၈ / NQ-CP၊၁၅/၅/၂၀၁၈ ရက်စွဲပါ“၂၀၁၈ခုနှစ်တွင် စီးပွားရေးဝန်းကျင်နှင့် နိုင်ငံတော်အဆင့် ယှဉ်ပြိုင်မှုစွမ်းရည်များ တိုးတက်လာစေရန် အဓိကလုပ်ငန်းများနှင့်ဖြေရှင်းမည့် နည်းလမ်းများကို ဆက်လက်အကောင်အထည် ဖော်ခြင်း”နှင့် နောက်လာမည်နှစ်များ၊ အစိုးရမူဝါဒဆုံးဖြတ်ချက် ၃၅ / NQ-CP၊ /၅/၂၀၁၆၊၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အပံ့ခြင်း။

၃။ ဤလေ့လာမှု၏ အကောင်းဆုံးပြန်လည်သုံးသပ်မှုအတွက် Le et al တခြားသော လေ့လာမှုများကိုလည်း ကြည့်ပါ။ ၂၀၁၆

၄။ ဤကိစ္စတစ်ခုချင်းစီ၏ ပိုမိုနက်ရှိုင်းသော ဆွေးနွေးမှုများအတွက် Edmund Malesky ရေးသားထားပြီး Jonathan Rodden and Erik Wibbels, တို့ တည်းဖြတ်ထားသော ဗဟိုချုပ်ကိုင်မှု မရှိသော အုပ်ချုပ်မှုနှင့် တာဝန်ခံမှု စာအုပ်ပါ “ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ရည်ကိုင်ရည်” အခန်းကို ကြည့်ပါ 144–177. Cambridge University။

၅။ ထိုသို့ပြုလုပ်ရာတွင် ၎င်းကိန်းရှင်များကို ထိန်းချုပ်ကိန်းရှင်များအဖြစ် အသုံးပြုခြင်းအားဖြင့် ဖွဲ့စည်းထားသော ကိန်းရှင်များ၏ လွှမ်းမိုးမှုကို ဖယ်ရှားပေးခြင်း -သမိုင်းဆိုင်ရာကြွယ်ဝမှု (တစ်ဦးချင်းပြည်တွင်းအသားတင် ထုတ်လုပ်မှု(log scale)ကို တိုင်းတာခြင်း)၊ စျေးကွက်အရွယ်အစား (လူဦးရေသိပ်သည်းမှုဖြင့် တိုင်းတာသည်)၊ ဒေသပျံ့နှံ့မှု(မျက်နာပြင်ဧရိယာ)၊ အထူးသဖြင့် စက်မှုလုပ်ငန်းများ (ဂဏန်းနှစ်လုံးပါသော ပုံသေသက်ရောက်မှု)၊တို့ ပါဝင်ကြပါသည်။

၆။ အဆိုပါ တိုင်းတာချက်များတွင် စာရင်းအင်း သုတေသီများ အသုံးပြုသည့် ယေဘုယျ ကွဲလွဲမှု တိုင်းတာချက်တစ်ရပ်ဖြစ်သော စံတိမ်းချက်များ (SDs) အများဆုံး ရှိနေသည်။ အကြောင်းမှာ စံနှုန်းကိုက် သာမန်ပြန့်ချက်တစ်ခုကို စဉ်းစားကြည့်ပါက ၆၈.၂% သော လေ့လာချက်များကို တစ်ဝက်ကိန်း၏ စံတိမ်းချက်တစ်ခုတည်းတွင် တွေ့ရှိရသည်။ စံတိမ်းချက်ကြီးလေလေ တစ်ဝက်ကိန်းမှသည် ၆၈.၂% သော လေ့လာချက်များသို့ ရောက်အောင် တိုင်းတာရသည့် အကွာအဝေး အလှမ်းကျယ်လေလေ ဖြစ်သည်။ အလုပ်သမားခေါ်ယူစုဆောင်းမှု (၀.၉၂) နှင့် အခြေခံအဆောက်အအုံ (၀.၈၃) တို့၏ စံတိမ်းချက်များမှာ အညွှန်းကိန်းတွင် အမှတ် ၁ မှတ်နှင့် ကောင်းစွာ နီးကပ်လျက်ရှိသည်။

၇။ ပွင့်လင်းမြင်သာမှု (SD=.39)၊ မြေအသုံးချနိုင်မှု (SD=.42)၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိခြင်း (SD=.46) နှင့် တရားမဝင် ပေးချေရမှုများ (SD=.49)။

၈။ လုပ်ငန်းဦးရေစုစုပေါင်း ၁၀အောက်လျော့နည်းသော မြို့နယ်ကိုးခုကို နောက်ဆုံးရမှတ်များတွက်ချက်ရာတွင် ချန်လှပ်ထားခဲ့ပါသည်။

၉။ STATA ၏ loneway command ကို အသုံးပြုပြီး ၅,၆၀၅ လုပ်ငန်းအဆင့် MBEI ရမှတ်များ၏ ကွဲလွဲချက် စိစစ်လေ့လာမှုကို အသုံးပြုပြီး တွက်ချက်ထားပါသည်။

၁၀။ ပြန့်ချက်များတွင်သဘာဝမကျခြင်းကို ဖြေရှင်းရန်အတွက် natural log ကို ယူရာ၌ ညမီးရောင် ဒေတာများကို အသုံးပြုပါသည်။

၁၁။ ၂၀၁၈ ဒေတာသည် ၂၀၁၄ သန်းခေါင်စာရင်းမှ လာသည်ဖြစ်၍ ကြိုးဖုန်း သာမက မိုဘိုင်းဖုန်းများပါ ပါဝင်သည်ကို သတိပြုပါ။

၁၂။ ၂၀၂၀ မေးခွန်း၏ စကားလုံးအသုံးအနှုန်းများမှာ ပိုမိုပြည့်စုံသည့်အတွက် ဟုတ်/မှန် ဟူသော အဖြေများ ပိုရနိုင်စရာရှိသည်။

၁၃။ မူလတန်းကျောင်းတက်ရောက်မှု တိုင်းတာချက်မှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် တစ်နိုင်ငံလုံးစာ လူဦးရေကို တိုင်းတာရာမှ ၂၀၁၇ ခုနှစ် မြန်မာ့လူနေမှု အခြေအနေ စစ်တမ်းတွင် ကျောင်းနေအရွယ် တိုင်းတာချက်သို့ ပြောင်းလဲသွားသည်။

၁၄။ အလယ်တန်းကျောင်းတက်ရောက်မှု တိုင်းတာချက်မှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် တစ်နိုင်ငံလုံးစာ လူဦးရေကို တိုင်းတာရာမှ ၂၀၁၇ ခုနှစ် မြန်မာ့လူနေမှု အခြေအနေ စစ်တမ်းတွင် ကျောင်းနေအရွယ် တိုင်းတာချက်သို့ ပြောင်းလဲသွားသည်။

၁၅။ Myanmar Companies Online – MyCo ဟု အတိုကောက် ခေါ်သည် (https://www.myco.dica.gov.mm/index.aspx)

၁၆။ ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းများအား ယေဘုယျ မြေအမည်ပေါက် အမျိုးအစားကိုသာ မေးမြန်းဖြစ်ခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် မြို့ပြရှိ မြေကွက်များအတွက် မြေဂရန်၊ ကျေးလက်မြေကွက်များအတွက် ပုံစံ ၇ ဟူ၍ ပိုမိုတိကျစွာ မေးခွန်းထုတ်ခဲ့ပါသည်။

၁၇။ စိတ်ဝင်စားစရာကောင်းသည်မှာ တစ်ဝက်ကိန်း ပြည်နယ်/တိုင်းဒေသကြီးသည် ဤကြားကာလအတွင်း ဥပဒေနှင့် အမိန့်ရမှတ်များ အတန်ငယ် မြင့်မားလာခဲ့သည်။ ဤသို့ရှေ့နောက်မညီ ဖြစ်ရခြင်းမှာ ပြည်နယ်/တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များကြား အညွှန်းကိန်းခွဲ ၁၀ တွင် ကွာဟချက်အဆင့်များ ကြီးမားလွန်းသည့် အကျိုးဆက်ဖြစ်သည်။

၁၈။ Malesky, Edmund, Dimitar Gueorguiev နှင့် Nathan Jensen (၂၀၁၅)။ လက်ဝါးကြီးအုပ်ထားသော ငွေကြေး-ဗီယက်နမ်နိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် လာဘ်ပေးလာဘ်ယူမှု စစ်တမ်းဆန်းစစ်မှုတစ်ခု" အမေရိကန်နိုင်ငံရေးသိပ္ပံဂျာနယ် ၅၉ (၂) - ၄၁၉-၄၃၉။

၁၉။ ကုန်ကျစရိတ်ကိစ္စ မပြောကြားခဲ့သူများအတွက် ၀ တန်ဖိုး ထည့်သွင်းရာ၌ ရလဒ်ပြောင်းလဲမှု ကြီးကြီးမားမားမရှိပေ။

၂၀။ စည်ပင်ကော်မတီ (CDC) အောက်ရှိ မြို့နယ်များရှိ စီးပွားရေးလုပ်ငန်းများကို CDC စီးပွားရေးလိုင်စင်ရှိမရှိ မေးမြန်းခဲ့သည်။ သက်ဆိုင်ရာအခြားမြို့နယ်များရှိစီးပွားရေးလုပ်ငန်းများကို DAO လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရှိသလားဟု မေးမြန်းခဲ့သည်။ CDC မေးခွန်းကိုဖြေဆိုသူများ၏ ၉၈ ရာခိုင်နှုန်းက ၎င်းတို့တွင် လိုင်စင်ရှိသည် (စီးပွားရေးလုပ်ငန်းသစ် ၉၉% နှင့် နှိုင်းယှဉ်နမူနာအုပ်စုမှ စီးပွားရေးလုပ်ငန်း ၉၆%) ရှိသည်။ DAO မှဖြေဆိုသူများ၏ ၉၇% သည် လိုင်စင်ရှိသည် (စီးပွားရေးလုပ်ငန်းသစ် ၉၈%)နှင့် နှိုင်းယှဉ်နမူနာအုပ်စုမှ စီးပွားရေးလုပ်ငန်းများ၏ ၉၂%) ။

၂၁။ အောက်ဖော်ပြပါအချက်များအရ အစားအသောက်ဝန်ဆောင်မှုနှင့် စားသောက်ကုန်ထုတ်လုပ်မှုများအကြား ခွဲခြားရန်ခက်ခဲသောကြောင့် ဖြစ်သည်။

၂၂။ ကျွန်ုပ်တို့၏ကုဒ်များကို တရားဝင်ဖြစ်စေရန်အတွက် “မြန်မာနိုင်ငံ မြေယာပြဿနာများ ဆိုင်ရာလမ်းညွှန်” ကို ကျေးဇူးပြု၍ ကြည့်ပါ (UN-Habitat et al ။2019)

၂၃။ ၁၉၅၃ ခုနှစ် မြေယာပြည်သူပိုင်သိမ်းဆည်းရေး အက်ဥပဒေ၊ ပုဒ်မ၃၉အရ“ လယ်ယာစိုက်ပျိုးရေးမြေ”မှ“လယ်ယာစိုက်ပျိုးမြေ မဟုတ်သော အခြားနည်းလမ်းသုံး”သို့ပြောင်းလဲရန် ပြည်နယ် /တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံမှ ခွင့်ပြုချက်ရယူရန်ရမည်။

၂၄။ http://www.myanmarinfrastructuresummit.com/

၂၅။ ပြီးခဲ့သည့်နှစ်တွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် အင်တာနက်ပိတ်ပစ်ခဲ့သော်လည်း ဤဖြစ်ရပ်များသည်ကျွန်ုပ်တို့၏ တွက်ချက်မှုများအပေါ်တွင် သက်ရောက်မှုမရှိခဲ့ပါ။ ၎င်းပြည်နယ်၊ တိုင်းဒေသကြီးမှ ကျွန်တော်တို့၏ နမူနာမြို့နယ်များ မပါဝင်ခဲ့ကြပါ။

၂၆။ မူလတန်းနှင့် အလယ်တန်းကျောင်းအပ်နှံမှုကို တိုင်းတာသည့် ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းကောက်ယူမှုအရ လူဦးရေအားလုံး၏ ကျောင်းတက်ပြီးအချိုးအစားတိုင်းတာမှုနှင့် ၂၀၁၇ ခုနှစ်မြန်မာနိုင်ငံနေထိုင်မှု အခြေအနေကောက်ယူမှုအရ ကျောင်းနေအရွယ် လူဦးရေ၏ ကျောင်းအပ်နှံမှုအချိုးအစားတိုင်းတာမှု စစ်တမ်းနှစ်ကြားပြောင်းခဲ့မှု ရှိသည်။ ၎င်းတို့သည် မတူညီသောတိုင်းတာမှုများဖြစ်သော်လည်း ၎င်းတို့သည်နှိုင်းယှဉ်နမူနအုပ်စု အတိုင်းအတာကို အသုံးပြုရန် နီးကပ်စွာဆက်နွယ်နေကြသည်။

၂၇။ ၂၀၁၈ ခုနှစ် နဂိုမူလ စစ်တမ်းတွင် သုတေသနအဖွဲ့အနေဖြင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများနှင့် အသေးစိတ် လူတွေ့မေးမြန်းမှုများ (IDIs) ကို အမျိုးသမီးများနှင့် တိုင်းရင်းသား လူနည်းစုများ ပိုင်ဆိုင်သည့် လုပ်ငန်းအစုအဖွဲ့များ အပါအဝင် ရန်ကုန်နှင့်မန္တလေး တိုင်းဒေသကြီးများရှိ စီးပွားရေး လုပ်ငန်းများနှင့် ပြုလုပ်ခဲ့ကြပါသည်။ လုပ်ငန်းအရွယ်အစား၊ လိင်အုပ်စုနှင့် တိုင်းရင်းသားအုပ်စုတို့နှင့် စပ်လျဉ်း၍ အကဲဆတ်မှုကို စမ်းသပ်ရန် ယင်းတို့ကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ အုပ်စုခွဲများဆီမှ ဒေတာများကို အတိကျဆုံး ကောက်ယူစုဆောင်းနိုင်ရန် အလို့ငှာစကားလုံးအသုံးအနှုန်းနှင့် သုတေသနစစ်တမ်း၏ ပုံစံတို့ကိုပါ ပြောင်းလဲခဲ့ရပါသည်။

၂၈။ စီးပွားရေး လုပ်ငန်း မှတ်ပုံတင်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက See Thien နှင့် အခြား ၂၀၁၉ တွင်ရှု

၂၉။ စစ်တမ်းအလေးချိန်များမှာ ဒေတာစာရင်းတွင် ပါရှိပြီးဖြစ်သည်။ အကယ်၍ ယင်းအလေးချိန်များကို အသေးစိတ် စိစစ်လေ့လာခြင်း၊ ကိုယ်ပိုင်သုတေသနတွင် အသုံးပြုခြင်းတို့ ပြုလုပ်လိုပါက သုတေသီများကို ဆက်သွယ်နိုင်ပါသည်။ သုတေသီများမှနေ၍ ၎င်းတို့အား မည်သို့တည်ဆောက်ရမည်၊ မည်သို့ စိစစ်လေ့လာရမည်နှင့် စပ်လျဉ်း၍ အကြံပြုနိုင်ပါသည်။

၃၀။ ခန့်မှန်းချက်များတွင် စိတ်ချစည်း ၉၅% နှင့် အမှားဖြစ်နိုင်ခြေ ၃% ယူဆထားပါသည်။

၃၁။ ဌပမာ ရှမ်းနှင့် ရခိုင်ပြည်နယ်များရှိ မြို့နယ်ပေါင်း မြောက်မြားစွာကို ကွင်းဆင်းအဖွဲ့၏ လုံခြုံရေးအတွက် နမူနာကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ ပြန်လည်ဖြေကြားခြင်း မပြုသော၊ မျှော်မှန်းထားသည်ထက် သေးငယ်နေသော စီးပွားရေး ဦးရေတို့ကို ဖြည့်စွက်ပေးရန်အတွက် အခြားသော မြို့နယ်များကို အသစ်ဖြည့်သွင်းခဲ့ရပါသည်။

၃၂။ Panel သည် ၂၀၁၈ နှင့် ၂၀၂၀ နှစ်နှစ်လုံးစာအတွက် အများဆုံး/အနည်းဆုံးကို ကိုယ်စားပြုပါသည်။

၃၃။ ဖြေကြားသူများ၏ ရမှတ်များကြားရှိ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရမှတ် သွေဖီမှုများကို ကြည့်ခြင်းဖြင့် မရိုးမသား ပြုလုပ်ထားသည်များကို ဖော်ထုတ်ရာတွင် ပို၍လွယ်ကူစေပါသည်။

၃၄။ Model နံပါတ်များကိုဇယား ၆.၂ ရှိကော်လံတစ်ခုစီ၏ထိပ်တွင် တွေ့နိုင်သည်။

၃၅။ စံများကိုဇယား ၆.၂ ရှိကော်လံ၏ ထိပ်တွင်တွေ့နိုင်သည်။

The Asia Foundation

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ် မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသနေပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် လုပ်ဆောင်နေပြီး ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေသည့် စိတ်ခေါ်မှုများကို ရင်ဆိုင်ရာတွင် စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ စီးပွားရေးအခွင့်အလမ်းများ ကျယ်ပြန့်စေရေး၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခံနိုင်ရည် မြှင့်တင်ရေး၊ အမျိုးသမီးစွမ်းဆောင်ရည် မြင့်မားရေးနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်ဖွင့်လှစ်ထားသော အာရှဖောင်ဒေးရှင်းသည် အာရှနိုင်ငံ ၁၈ နိုင်ငံနှင့် ဝါရှင်တန်ဒီစီ ရုံးခန်းများမှတဆင့် ဆောက်ရွက်လျက်ရှိပါသည်။

ယခုသုတေသနစာတမ်းကို ရယူလိုပါက country.myanmar.general@asiafoundation.org သို့ ဆက်သွယ်နိုင်ပါသည်။ အကြံပြုသဘောထား မှတ်ချက်များကိုလည်း လှိုက်လှဲစွာကြိုဆိုပါသည်။